


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ရာဇာ့ရာဇာ

အထောက်တော်လှအောင်
(ဘာသာပြန်သည်)

## THE INHERITORS
BY
## HAROLD ROBBINS

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း။
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၈၇၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၀၆၀၆၀၇

❒

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - စက်တင်ဘာလ၊ ၁၉၈၇ ခုနှစ်၊
(သန္တာအောင်စာပေ)
ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၂၀၀၇ ခုနှစ်၊
(ကံ့ကော်ဝတ်ရည်စာပေ)
အုပ်ရေ - ၅၀၀

❒

**မျက်နှာဖုံးပုံနှိပ်ခြင်း**

ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

❒

**အတွင်းပုံနှိပ်ခြင်း**

စွယ်တော်ပုံနှိပ်တိုက်၊
အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❒

**မျက်နှာဖုံးဒီဇိုင်း**

ဝင်းမြင့်ဦး

❒

**တန်ဖိုး**

၂၈၀၀ ကျပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြန်သူ၏ အမှာစာ

BURMESE CLASSIC .com

စာရေးဆရာ ဟာရိုးရော့ဘင်က-

'အမေရိကန် ရုပ်ရှင်လောကနှင့် ပတ်သက်၍ ဝတ္ထုသုံးအုပ်ရေးကြောင်း၊ ပထမအုပ်မှာ (**THE DREAM MERCHANTS**) ဖြစ်ပြီး၊ ဒုတိယအုပ်မှာ (**THE CARPET BAGGERS**) ဖြစ်၍ တတိယ နောက်ဆုံးဝတ္ထုမှာ (**THE INHERITORS**) ဖြစ်ကြောင်း၊ ပထမအုပ်သည် ရုပ်ရှင်ပေါ်ဦးစခေတ်ကို ရေးဖွဲ့ပြီး၊ ဒုတိယအုပ်သည် ရုပ်ရှင်အလယ်ခေတ်ကို ဖော်ကျူးခြင်းဖြစ်ကြောင်း။ ယခု တတိယနောက်ဆုံးအုပ်သည် ရုပ်မြင်သံကြား ပေါ်ဦးစခေတ်ဖြစ်ကြောင်း' ဖြင့် သူ၏ **'ရာဇာ့ရာဇာ'** အမှာစာတွင် ရေးသားဖော်ပြထားပါသည်။

ပထမအုပ်ကို မောင်မိုးသူက **'အိပ်မက်ကုန်သည်'**ဟူသော ခေါင်းစဉ်ဖြင့် မြန်မာပြန်ခဲ့ပါသည်။

ဒုတိယအုပ်ကိုမူ **'ရွှစ်စပ်က ဂျင်ခြေလည်သူ'** အမည်ဖြင့် ကျွန်တော် မြန်မာပြန်ခဲ့ပါသည်။

အခု တတိယအုပ် **'ရာဇာ့ရာဇာ'**သည် ပထမနှစ်အုပ်၏ အဆက်ဟုဆိုသော်လည်း ဇာတ်လမ်းအဆက်အစပ် မရှိပါ။ ဇာတ်ကောင်များ မတူပါ။ သီးခြားဇာတ်အိမ်နှင့် သီးခြားဇာတ်ကောင်များကို တည်ဆောက်ဖန်တီးထားပါသည်။

ထို့ကြောင့် သီးခြားအရသာခံနိုင်သော ဝတ္ထုဖြစ်ပါကြောင်း။

**အထောက်တော်လှအောင်**

www.burmeseclassic.com

www.burmeseclassic.com

# "လွန်ခဲ့သည့် နွေဦးရာသီတစ်နေ့"

## မနက်ပိုင်း

BURMESE CLASSIC .com

တတိယမြောက် ကော်ဖီတစ်ပန်းကန်ကို ကျွန်တော်သောက်နေခိုက် တယ်လီဖုန်းခေါ်သံ ထမြည်သည်။ မြည်စမ်းပါစေ။ သည်အတိုင်း ထိုင်ကြည့်နေလိုက်သည်။ သည်တယ်လီဖုန်းကို သုံးနှစ်လုံးလုံး ကျွန်တော် ထိုင်စောင့်နေခဲ့ရသည်။ သည်တော့ ဒင်း အနေဖြင့် စက္ကန့်သုံးဆယ်လောက်တော့ စောင့်ရပေမပေါ့။

ကျွန်တော် ကော်ဖီထပ်ဖြည့်သည်။

ကျွန်တော့်အိမ်၏အောက်ဘက် တောင်ခါးပန်းရှိ ရွှေရောင်ဆံပင်နှင့် အမျိုးသမီးကလေး နေထိုင်ရာ အိမ်ပြတင်းပေါက်အပေါ် ထိုးကျတတ်သော နေရောင်ကို ကျွန်တော် လှမ်းကြည့်သည်။

သူ့ပြတင်းပေါက်ပေါ် သို့ နေရောင်မထိုးသေးပါ။ တောင်နှင့် ကွယ်နေသေးသည်။

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးကလေးသည် အိပ်ရာမှ မထသေးပါ။သူ့ ပြတင်းပေါက်မှ ခန်းဆီးများ ချထားဆဲဖြစ်သည်။

တယ်လီဖုန်းကို ကျွန်တော် လှမ်းဆွဲယူလိုက်သည်။

"ဂွဒ်မောနင်း ဆမ်" ဟု ကျွန်တော်က ပြောသည်။

တစ်ဘက်က ခဏကြာအောင် ငြိမ်နေသည်။ အသက်ရှူသံ ခပ်ပြင်းပြင်းကို တယ်လီဖုန်းထဲမှာ ကြားနေရသည်။

"ဖုန်းဆက်တာ ငါဖြစ်ကြောင်း မင်းဘယ်လိုလုပ် သိသလဲ"

"ဒီမြို့က နေမြင့်မှ အလုပ်လုပ်တဲ့မြို့လေ၊ ဆယ်နာရီမထိုးမချင်း ဘယ်သူမှ အိပ်ရာထလေ့မရှိဘူး" ဟု ကျွန်တော်က ပြန်ပြောသည်။

"ငါ အိပ်လို့မပျော်ဘူးကွာ၊ မနေ့ညက ဒီမြို့ကို ရောက်လာတယ်၊ ဘာလုပ်ရမှန်း မသိဘူး၊ နယူးယောက်စံတော်ချိန်နဲ့ပဲ လှုပ်ရှားနေမိတယ်" ဟု သူက မကျေနပ်သောလေသံဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်"

"မင်း အခု ဘာလုပ်နေသလဲ" ဟု သူကမေးသည်။

"ထိုင်နေတယ်၊ ကော်ဖီသောက်နေတယ်"

"ငါ့ဆီလာပြီး မနက်စာ အတူတူစားပါလား"

"ကျွန်တော် မနက်စာ စားလေ့စားထမရှိဘဲ ဆမ်၊ ခင်ဗျား သိသားပဲ"

"ငါလည်း စားလေ့စားထ မရှိပါဘူးကွာ၊ ဒါလည်း မင်းသိတာပါပဲ၊ ဒါပေမယ့် ငါ အိပ်လို့မပျော်လို့ပါ၊ မင်းနဲ့ စကားပြောချင်တယ်"

"တယ်လီဖုန်းနဲ့ အခု ကျွန်တော် စကားပြောနေပြီလေဗျာ"

BURMESE CLASSIC .com

"ငါ့ဘဝသက်တမ်း တစ်ဝက်လုံးလုံး တယ်လီဖုန်းနဲ့ပဲ အချိန်ဖြုန်းခဲ့ရတာပါ၊ မင်း မျက်နှာကိုကြည့်ပြီး စကားပြောချင်တယ်"

သူ စကားဖြတ်ထားသည်။ သူ၏ ခပ်ပြင်းပြင်း အသက်ရှူသံကို ဖုန်းထဲမှာ ကြားလာရပြန်သည်။

"ငါ့ဆီကို လာခဲ့ပါကွာ၊ တစ်နေရာရာကို ကားမောင်းသွားလို့ရအောင်ပါ၊ တစ်နာရီကို မိုင်နှစ်ရာနှစ်ဆယ် မောင်းလို့ရတဲ့ကား မင်းဝယ်ထားကြောင်း သတင်းစာထဲမှာ ဖတ်လိုက်ရတယ်၊ အဲဒီကားသစ်ကို အရဲစွန့်ပြီး စီးကြည့်ချင်လို့ပါ"

"ကိုယ့်ကားနဲ့ကိုယ် မောင်းသွားပါလားဗျာ"

"အကြောင်းနှစ်ခုရှိတယ်၊ ပထမအကြောင်းက မင်းတို့ကာလီဖိုးနီးယားပြည်နယ်က ကားမောင်းတဲ့ လူတွေအားလုံး အရူးချည်းပဲ၊ ဒါကြောင့် ကြောက်တယ်၊ ဒုတိယအကြောင်းက အခုနပြောသလိုပဲ မင်းနဲ့ငါ တွေ့ချင်လို့ပါ"

ခဏကြာအောင် ကျွန်တော် တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။

"ကောင်းပြီလေ၊ ခင်ဗျားဟိုတယ်ရှေ့ကို ကျွန်တော် လာခေါ်မယ်"

"ဆယ့်ငါးမိနစ်လောက်တော့ အချိန်ပေးပါ၊ နယူးယောက်မြို့ကို ဖုန်းတစ်ချက်လောက် လှမ်းဆက်စရာရှိနေလို့"

တယ်လီဖုန်းပြန်ချပြီး အိပ်ခန်းရှိရာအပေါ်ထပ်သို့ ကျွန်တော် တက်လာခဲ့သည်။ တံခါးကို ခပ်ဖြည်းဖြည်း ဖွင့်ဝင်ခဲ့သည်။ ခန်းဆီးများချထားသဖြင့် အခန်းတွင်းမှာ အလင်းရောင် အားနည်းနေသော်လည်း အိပ်ရာပေါ်မှာ အိပ်ပျော်နေဆဲဖြစ်သည့် မိန်းကလေး၏ အနေအထားကိုမူ ကောင်းစွာမြင်တွေ့နေရပါသည်။

မှောက်လျက်အိပ်နေသဖြင့် ရှည်လျားသည့် ဆံပင်များက သူ့ကျောပေါ်မှာ ပြန့်ကျဲနေသည်။ ရေကန်ထဲသို့ ဒိုင်ဗင်ထိုးချမည့်သူလို လက်နှစ်ဖက်ကို ခေါင်းဘက်မှာ ဆန့်တန်းထားသည်။

ရေချိုးခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ဆယ့်ငါးမိနစ်ခန့်အကြာ ပြန်ထွက်လာသောအခါ မိန်းကလေး အိပ်ရာမှနိုးပြီး ကုတင်ပေါ်မှာ ထိုင်နေသည်ကို တွေ့ရသည်။

"ရှင်က အဝတ်အစားတောင် လဲပြီးနေပြီလား၊ ကျွန်မက ရှင့်ကို စောင့်နေတာ" ဟု ဆီးပြောသည်။

"ဝမ်းနည်းပါတယ်ကွာ၊ ကိုယ့်မှာ ချိန်းထားတာတစ်ခု ရှိနေလို့"

"နည်းနည်းပါးပါး နောက်ကျသွားတော့ရော ဘာဖြစ်မှာလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် ဘာမှပြန်မပြောတော့ပါ။ အဝတ်အစားဗီရိုရှိရာသို့ လျှောက်သွားပြီး ဆွယ်တာတစ်ထည် ထုတ်ဝတ်သည်။

"ကျွန်မလဲ သွားတော့မှပဲ ထင်တယ်"

ကျွန်တော်က တိတ်မြတိတ်နေလိုက်သည်။

"ရှင် ဘယ်လောက်ကြာမလဲ" ဟု မေးပြန်သည်။

"မပြောတတ်သေးဘူး၊ နှစ်နာရီလောက် ကြာချင်ကြာမယ်"

"အဲဒီလောက်ကြာယင်တော့ ကျွန်မ ဒီမှာရှိတော့မှာ မဟုတ်ဘူး"

သူ့ကို ကျွန်တော် လှမ်းကြည့်သည်။

"မင်းမှာ ပိုက်ဆံလုံလုံလောက်လောက် ရှိရဲ့လား"

"ရှိပါတယ်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆိုလည်း ပြီးတာပဲ၊ ကဲ. . . ကိုယ်သွားတော့မယ်နော်"

တံခါးပိတ်ပေးခဲ့ပြီး အောက်ထပ်သို့ ကျွန်တော် ဆင်းခဲ့သည်။

နေလုံးက တောင်ကိုကျော်ပြီး တက်လာချေပြီ၊ တောက်ပြောင်သည့် အလင်းရောင်ကြောင့် မျက်လုံးကို ဖွင့်ချည်မှိတ်ချည် လုပ်မိသည်။ ခန်းဆီးများချခဲ့ပြီး ကားထားရာ အိမ်နောက်ဘက်သို့ ထွက်ခဲ့သည်။

ကျွန်တော်၏ အိုက်စိုအမျိုးအစား ကားသစ်သည် ကာတာယေး ရတနာဆိုင်ထဲမှ ပုလဲနက်တစ်လုံးလို နေရောင်ထဲမှာ တောက်နေသည်။ မိန်းကလေး၏ ဗောက်စ်ဝက်ဂွန်ကားလေးက ကျွန်တော့်ကားဘေးမှာ ရပ်ထားသည်။ ကျွန်တော့်ကားနှင့် ယှဉ်လိုက်တော့ သူ့ကားလေးမှာ ရယ်စရာလို ဖြစ်သွားသည်။

အိမ်ထဲသို့ ကျွန်တော် ပြန်ဝင်ခဲ့သည်။ မီးဖိုချောင်ထဲက တိပ်ပြားတစ်ခုယူပြီး ပြန်ထွက်ခဲ့သည်။ ဒေါ်လာတစ်ရာတန် ငွေစက္ကူနှစ်ရွက်ကို မိန်းကလေး၏ကားဒက်ရှ်ဘုတ်တွင် တိပ်ပြားနှင့် ကပ်လိုက်သည်။ ဒါဆိုလျှင် သူ မျက်စိမှောက်စရာအကြောင်း လုံးဝမရှိနိုင်။

မိနစ်သုံးဆယ်နောက်ကျပြီး ဟိုတယ်ရှေ့သို့ ကျွန်တော် ရောက်သွားသည်။ သို့သော်လည်း အောက်ထပ်သို့ သူရောက်မလာသေးချေ။

ကားထဲမှာ ကျွန်တော် ထိုင်စောင့်နေသည်။ ဘာမဆိုင်ညာမဆိုင် အရှုံးထပြီး ရောက်လာမိသည့်အတွက် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ကျိန်ဆဲနေမိသည်။

နောက်ဆယ့်ငါးမိနစ်လောက်ကြာတော့မှ သူထွက်လာသည်။ ဟိုတယ်တံခါးစောင့်က ကျွန်တော့်ကားတံခါးကို ဖွင့်ပေးသည်။ သူဝင်ထိုင်သည်။ ဒိုင်းခနဲ တံခါးပြန်ပိတ်သံကြားရသည်။

ကျွန်တော်တို့ အပြန်အလှန် ကြည့်နေမိကြသည်။ အတော်ကြီးကြာအောင် ကြည့်နေမိကြသည်။ ပြီးတော့မှ သူက ကျွန်တော့်ပါးကိုနမ်းပြီး နှုတ်ဆက်သည်။

"မင်းကို ငါ အမြဲတမ်း သတိရနေတာပါကွာ" ဟု သူကပြောသည်။

ဂီယာထိုးပြီး ကျွန်တော် ကားမောင်းထွက်လာခဲ့သည်။ တစ်လျှောက်လုံး စကားမပြောဘဲ မီးပွိုင့်တွင် မီးနီသဖြင့် ကားရပ်လိုက်တော့မှပင် သူ့ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောမိသည်။

"ကျွန်တော်နဲ့ ကွဲနေရတဲ့အတွက် ခင်ဗျား ဒါလောက်ကြီး စိတ်ထိခိုက်မယ် မထင်ပါဘူးဗျာ"

ထိုစကားကို ကျွန်တော် အမှတ်မထင် ပြောလိုက်သော်လည်း သူ အတော်ခံစားသွားရပုံ ပေါ်သည်။

"ငါ ဘယ်လိုခံစားနေရတယ်ဆိုတာ မင်းသိပါတယ်ကွာ၊ ငါ့အပြစ်နဲ့ငါဆိုတော့လည်း ခံရတော့မှာပေါ့လေ"

မီးစိမ်းသဖြင့် ဆန်းဆက်ဘူလဗား လမ်းမကြီးအတိုင်းမောင်းကာ စန်တာမော်နီကာဘက်သို့ ဦးတည်လိုက်သည်။

"ထားလိုက်ပါတော့လေ၊ ဒါတွေက အရေးလည်းမကြီးတော့ပါဘူး၊ သုံးနှစ်တောင်ကြာခဲ့ပြီပဲ၊ ဒါထက် ခင်ဗျားက ဘယ်နေရာကို သွားချင်တာလဲ" ဟု သူ့ဘက်သို့ တစ်ချက်လှည့်ကြည့်ရင်း ကျွန်တော်က မေးသည်။

BURMESE CLASSIC .com

သူက ပခုံးတွန့်သည်။

"မင်းကြိုက်တဲ့နေရာကိုသာ မောင်းပါ၊ ဒါက မင်းအရပ်ပဲ"

ကျွန်တော်က ဆက်မောင်းမြဲ မောင်းနေသည်။

"ဘာဖြစ်လို့ မင်းကို ငါလှမ်းခေါ်သလဲဆိုတာ မင်းကတော့ စဉ်းစားနေမှာပဲ" ဟု သူက စကားဆက်ပြန်သည်။

ကျွန်တော်က ဘာမှပြန်မဖြေ။

"မင်းအပေါ်မှာ ကစီပတ်ကြွေးတွေ တင်နေတယ်လို့ ငါ့စိတ်ထဲမှာ ခံစားနေရတယ်ကွာ"

"ဘာကြွေးမှ မတင်ပါဘူးဗျာ၊ ကျွန်တော့်မှာ အစုရှယ်ယာတွေ ရှိနေတာပဲ၊ ခင်ဗျားကုမ္ပဏီထဲမှာရော၊ စင်ကလဲယားကုမ္ပဏီထဲမှာရော ကျွန်တော်ပိုင်တဲ့ အစုတွေ ရှိနေတာပဲ" ဟု ကျွန်တော်က ခပ်မြန်မြန် ပြန်ပြောလိုက်မိသည်။

"မင်း. . . သိပ်ချမ်းသာတယ်ဆိုတာ ငါ့ကိုထုတ်ပြောဖို့ မလိုပါဘူး၊ လူတိုင်းသိပါတယ်၊ ဒါပေမယ့် ပိုက်ဆံဆိုတာ အရာရာကို ဖန်တီးလို့ရနိုင်တာ မဟုတ်ဘူး"

ကျွန်တော်က သူ့ကိုလှည့်ကြည့်ပြီး ပြုံးမိသည်။

"ဟောဗျာ. . . သူက ဒီစကားပြောဖြီကိုး၊ ဒီလိုဆိုယင် ဘာဖြစ်လို့ ခင်ဗျား နှစ်ပေါက်တစ်ပေါက် ရိုက်ခဲ့ရတာလဲ"

သူ့မျက်လုံးများ အရောင်တောက်လာသည်။

"အကျပ်အတည်းတွေကြောင့်ပါကွာ၊ ဘေးကျပ်နံကျပ်တွေဖြစ်ပြီး အားလုံးရေစုန်မျောတော့မှာပဲလို့ ငါ အကြီးအကျယ် စိုးရိမ်မိခဲ့လို့ပါ"

ကျွန်တော်က နာကျည်းစွာ အော်ရယ်လိုက်မိသည်။

"ဟား. . . ဟား. . . ခင်ဗျား ဘေးကျပ်နံကျပ် ဖြစ်နေတဲ့အချိန်မှာ အဲဒီထဲက လွတ်မြောက်ဖို့အတွက် ကျွန်တော့်ကို ကောင်းကောင်းကြီး အချဉ်ဖမ်းလိုက်တာပေါ့လေ၊ တော်ပါပေရဲ့ဗျာ"

"အဲဒီတုန်းက မင်းကို ငါပြောခဲ့တာ မှတ်မိသေးတယ်မဟုတ်လား၊ ဒီကိစ္စအတွက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကျယင် ငါ့ကို မင်း ကျေးဇူးတင်ရလိမ့်မယ် ဆိုတာလေ"

ကျွန်တော်က လမ်းကိုဂရုစိုက်ကြည့်ပြီး နှုတ်ပိတ်ထားလိုက်သည်။ သူ့ကို ကျေးဇူးတင်စရာတွေ အမြောက်အမြား ရှိပါသည်။ သို့သော် ထိုအထဲမှာ တစ်ခုတော့ မှားသွားသည်။ ကျွန်တော် မလိုချင်ဘဲ ဝယ်လိုက်ရသည့် ရှယ်ယာများပဲ ဖြစ်သည်။ ကျွန်တော်မလုပ်ချင်ဘဲ လုပ်လိုက်ရသည့် အလုပ်ပဲဖြစ်သည်။

"သီချင်းဟောင်းတစ်ပုဒ် မင်းရတယ်မဟုတ်လား၊ မင်းချစ်တဲ့လူတစ်ယောက် နစ်နာအောင် အမြဲတမ်းလုပ်တယ် ဆိုတာလေ"

"သီချင်း ထ,မဆိုလိုက်စမ်းပါနဲ့ဗျာ၊ အစောကြီး ရှိသေးတယ်"

"ငါ အမှန်ပြောတာပါ၊ မင်းလို လူတစ်ယောက်ကတော့ ဒီအကြောင်းသိထားဖို့ လိုအပ်တယ်ထင်လို့"

"ဟုတ်ပါပြီလေ၊ ခင်ဗျား ကျွန်တော့်ကို ပြောခဲ့တယ်မဟုတ်လား၊ အခု ကောင်းကောင်းသိသွားပါပြီ"

BURMESE CLASSIC .com

သူ ချက်ချင်း ဒေါသဖြစ်သွားလေသည်။

"မသိဘူး၊ မင်းဘာမှမသိဘူး၊ မင်းချမ်းသာအောင် ငါကူညီခဲ့တယ်၊ ဒါကို ဘယ်တော့မှ မမေ့ပါနဲ့"

"သေနတ်ပြောင်းဝ လှည့်သွားပြန်ပြီလား ဆမ်၊ ပိုက်ဆံဆိုတာ အရာရာကို ဖန်တီးလို့ရနိုင်တာ မဟုတ်ဘူးလို့ အခုနလေးတင် ကျွန်တော့်ကို ခင်ဗျားပြောခဲ့သေးတယ် လေဗျာ" ဟု ကျွန်တော်က ခြောက်ကပ်ကပ် ပြန်ပြောမိသည်။

သူ ခဏကြာအောင် ငြိမ်နေသည်။

"ငါ့ကို စီးကရက်တစ်လိပ်လောက် ပေးစမ်းကွာ"

ကျွန်တော်က သူ့ကို ပြုံးကြည့်သည်။

"ဘာလုပ်မလို့လဲ၊ ခင်ဗျားမှ ဆေးလိပ်မသောက်တတ်တာ၊ နောက်ပြီးတော့ ခင်ဗျား ဒီလိုကလိန်ကကျစ်လုပ်တာတွေ ဟိုတုန်းကတည်းက ကျွန်တော် တွေ့ခဲ့ကြုံခဲ့ ဖူးပါတယ်၊ အကြိမ်တစ်ထောင်လောက်တောင် ရှိချင်ရှိလိမ့်မယ်"

ကျွန်တော် ဘာဆိုလိုကြောင်း သူ ကောင်းကောင်းသိပါသည်။

"ငါ စီးကရက်တစ်လိပ် လိုချင်တယ်"

ကျွန်တော်တို့ ထိုင်ခုံနှစ်ခုကြားရှိ ဂီယာအုံဘေးမှ အံဖုံးကလေးကို ကျွန်တော် ဖွင့်ပေးလိုက်သည်။

"အဲဒီမှာ ယူသောက်"

နေအတော်မြင့်လာလေပြီ။ ကမ်းရိုးတန်းလမ်းမဆီသို့ ကားကို ကျွန်တော် ဦးတည်လိုက်သည်။

"ရက်ပေါင်းတစ်ရာလောက် မိုးမရွာဘဲ အားလုံးခြောက်သယောင်းနေတဲ့ တိုင်း ပြည်၊ မိုးရွာပြန်တော့လည်း ရေတွေလျှံပြီး အားလုံးကို တိုက်ယူသွားတော့တာပဲ၊ သိပ် စိတ်ပျက် စရာကောင်းတယ်"

သူ့စကားကြောင့် ကျွန်တော် ပြုံးမိလိုက်သည်။

"အားလုံးကိုတော့ ခင်ဗျား မရနိုင်ပါဘူးဗျာ၊ ကဲ. . . ဘယ်လောက်ဝေးဝေး အထိ

www.burmeseclassic.com

www.burmeseclassic.com


သွားချင်တာလဲ"

"အဲဒီအနားမှာပဲရပ်တော့၊ အညောင်းလေးဘာလေး ဖြေရအောင်"

ကားရပ်ရန် သတ်မှတ်ထားသည့် နေရာတွင် ကျွန်တော်ရပ်သည်။ ပြီးတော့ ကားထဲမှ ဆင်းခဲ့ကြကာ ကမ်းခြေဆီသို့ လျှောက်သွားပြီး သမုဒ္ဒရာရေပြင်ကို ငေးကြည့်မိသည်။

သောင်ပြင်ပေါ်တွင် အမျိုးသမီးများ ရှိနေကြသည်။ သူတို့ရေကူးဝတ်စုံများမှာ ရေစိုနေဆဲဖြစ်သည်။

"ဒီအချိန်ကြီးမှာ ရေကူးရတယ်လို့ကွာ၊ အတော်ရူးတဲ့ ကလေးတွေ"

ကျွန်တော်က ပြုံးနေလိုက်သည်။ စီးကရက်ထုတ်ပြီး မီးညှိသည်။ ထိုအချိန်မှာပင် ကျွန်တော့်ပခုံးကို သူလာတို့ရာ သူ့ဘက်လှည့်လိုက်သဖြင့် မီးငြိမ်းသွားသည်။

"ငါ့အသက် ဘယ်လောက်ရှိပြီဆိုတာ မင်းသိသလား"

"သိသားပဲ၊ ခြောက်ဆယ့်နှစ်နှစ်"

"မဟုတ်ဘူး၊ ခြောက်ဆယ့်ခုနှစ်နှစ်ရှိပြီ" ဟု ပြောရင်း ကျွန်တော့်ကို သူစိုက်ကြည့်နေသည်။

"အင်းလေ. . . ဒါဖြင့်လည်း ခြောက်ဆယ့်ခုနှစ်နှစ်ပေါ့ဗျာ"

"ငါ့အသက်နဲ့ပတ်သက်ပြီး လိမ်လာရတာ ကြာပြီ၊ ဟိုတုန်းကတည်းက ငါ သိပ်အသက်ကြီးနေခဲ့တယ်၊ ဒါကြောင့် ငါးနှစ်လောက် သက္ကရာဇ်ဖျိုထားတာ"

ကျွန်တော်က ပခုံးတွန့်လိုက်သည်။

"အဲဒီလို သက္ကရာဇ်ဖျိုတော့ ဘာထူးသွားသလဲ"

"ငါ သိပ်စိတ်ပျက်နေပြီ"

"ခင်ဗျားမပြောယင် ဘယ်သူမှ သတိထားမိမှာ မဟုတ်ပါဘူးဗျာ"

"ငါ့အသည်းနှလုံးကတော့ သတိထားမိနေတယ်ကွ"

သူ့ကို ကျွန်တော် လှမ်းကြည့်သည်။

"အလျှင်အကျင့်တွေအတိုင်း ငါနေလို့မရတော့ဘူး"

"သိပ်သောင်းသောင်းကျန်းကျန်းတွေလည်း မလုပ်နဲ့တော့ပေါ့ဗျာ၊ အသက်ကြီးပြီပဲ"

ထိုအခါ သူကပြုံးသည်။

"မသောင်းကျန်းတော့ပါဘူးကွာ၊ တတ်နိုင်သလောက် ရှောင်ပါတယ်"

"ခင်ဗျား သေတော့မယ်ဆိုတာများ ပြောပြချင်နေတယ်ဆိုယင် လေကုန်ခံ မနေပါနဲ့ဗျာ၊ ခင်ဗျားဟာ မသေတတ်တဲ့ လူစားမျိုးလို့ ဘယ်တုန်းကမှ ကျွန်တော် မထင်ခဲ့ဖူးဘူး"

"ငါ အားလုံးကို စွန့်လွှတ်ရတော့မယ် စတီဖင်၊ မင်းကို ပထမဆုံးလူအဖြစ်နဲ့ ဒီအကြောင်း အသိပေးချင်လို့"

"ဘာဖြစ်လို့ ကျွန်တော့်ကိုမှ အသိပေးချင်ရတာလဲ"

"အခုအခြေအနေဟာ အလျှင်သုံးနှစ်လောက်က အခြေအနေတွေနဲ့ ပြန်တူနေပြန်ပြီ၊ ငါ့ပတ်လည်ကို လှည့်ကြည့်လိုက်တဲ့အခါမှာ မင်းတစ်ယောက်ကိုပဲ မြင်မိတယ်၊ ဒီတစ်ခါတော့ အခြေအနေတွေက သူများလက်ထဲ ရောက်သွားတယ်၊ ဒါကြောင့် မင်း ထိခိုက်နစ်နာအောင် ငါဘာမှမလုပ်နိုင်တော့ဘူး၊ မင်းကသာ ငါ ထိခိုက်နစ်နာအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်တော့မယ်"

"ခင်ဗျားပြောနေတာတွေ ကျွန်တော်နားမလည်ဘူး"

"မင်း ပြန်လာစေချင်တယ်ကွာ"

"မလာဘူး၊ ဘယ်တော့မှ ပြန်လာရိုးထုံးစံမရှိဘူး"

ကျွန်တော်က ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

ကျွန်တော့်လက်မောင်းကို သူလာကိုင်သည်။

"ငါပြောတာကို မင်း နားထောင်ကြည့်ဖို့တော့ ကောင်းသေးတယ်၊ ငါပြောစရာရှိနေတာတွေကို မင်းအလျင်နားထောင်သင့်တယ်"

ကျွန်တော်က ဘာမှပြန်မဖြေ။

"ငါ့ကုမ္ပဏီရဲ့ ရှယ်ယာအတွက် ပါလိုမာပလိတ်ကုမ္ပဏီက ဒေါ်လာသုံးဆယ့်နှစ်သန်း ငါရနိုင်တယ်"

"ဒီလိုဆိုလဲ ယူပြီးလစ်တော့ပေါ့ဗျ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ဖြစ်နိုင်ယင်တော့ လစ်ပြီပေါ့ကွာ၊ ဒါပေမယ့် ဘယ်လိုမှ လစ်လို့မဖြစ်ဘူး၊ ကုမ္ပဏီဆက်လည်ပတ်စေရမယ်ဆိုတဲ့ အာမခံချက် သူတို့က လိုချင်တယ်၊ ငါကလဲ အာမခံမခံနိုင်ဘူး၊ ဒါပေမယ့် ငါ့အစား မင်းကိုရမယ်ဆိုယင် လက်ခံမယ်လို့ သူတို့ကပြောတယ်"

သူ့ကို ကျွန်တော် အကြာကြီး စိုက်ကြည့်နေမိသည်။

"ကျွန်တော် စိတ်မဝင်စားဘူး"

"မင်းပြန်လာဖို့ကောင်းတယ်၊ ပြန်လာမှလည်း ဖြစ်တော့မယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လုံးလုံး ဖောဒီတောင်ကုန်းပေါ်က အိမ်ထဲမှာ မင်းထိုင်ပြီး မင်းပိုက်ဆံတွေကို ရေကြည့်နေတဲ့အချိန်မှာ ငါ ဘာတွေဖြစ်ခဲ့တယ်ထင်သလဲ၊ မင်းသိပါတယ်ကွာ၊ ငါ အကြီးအကျယ် ဒုက္ခရောက်ခဲ့တယ်၊ လုပ်လိုက်သမျှ တလွဲချည်းပဲ၊ ကြည့်နေရင်း ငါ့မျက်စိ အောက်မှာပဲ အားလုံးပျက်စီးတုန်တယ်၊ အားလုံး ပြာဖြစ်ကုန်တယ်၊ ကံကလေးထောက် လို့ ဒီတစ်ချီတော့ ပွပေါက်တိုးဖို့ ကြုံလာတယ်၊ ဒါပေမယ့်လည်း ငါလုပ်လို့မရနိုင်ဘူး၊ မင်းလုပ်မှပဲ ရနိုင်မယ့်အခွင့်အရေးဖြစ်နေတယ်၊ သူတို့ကလည်း မင်းကိုပဲ အားကိုးတယ်၊ ယုံကြည်တယ်၊ မင်းလက်ထဲကိုပဲ ထိုးအပ်နေချင်ကြတယ်၊ တကယ်ဆိုတော့လည်း ဒီ အလုပ်ကြီးကို ငါဘယ်နည်းနဲ့မှ မလုပ်နိုင်ပါဘူးကွာ"

ဆမ်ဘင်ဂျမင်က ချွင်းဂမ်းထုတ်ပြီး ကျွန်တော့်ကို ကမ်းပေးသည်။ ကျွန်တော်သည် ခေါင်းယမ်းပြလိုက်သည်။ သူက တစ်ခုခွာစားသည်။

"ငါမျှော်လင့်တာတွေ ဘာတစ်ခုမှ ဖြစ်မလာဘူး၊ တစ်ချိန်တုန်းက ကလေးတွေအပေါ် မျှော်လင့်ချက် အများကြီးထားခဲ့မိတယ်၊ ဒါပေမယ့် တို့ဖြစ်စေချင်သလို ဘာတစ်ခုမှ ဖြစ်မလာဘူး၊ အခု ဂျူနီယာ ဘယ်ရောက်နေတယ်ဆိုတာ မင်းသိသလား"

ကျွန်တော့်အဖြေကို သူမစောင့်ပါ။ သူ့စကားကို သူဆက်ပြောသည်။

"စူပေါင်းဂေဟာကို ရောက်နေတယ်လေ၊ မနေ့က ဒီကိုထွက်မလာခင် တစ်နေ့တုန်းက သူ့အမေနဲ့ငါ သူနဲ့တွေ့ဖို့ သွားကြသေးတယ်၊ ဒင်းနိစ် . . . မင်း ဒီဟိုတယ်က စောင့်၊ သူ့ကို ငါ သွားခေါ်လာခဲ့မယ်၊ မိုးတွေလည်း ရွာနေတယ်မဟုတ်လားလို့ ငါက

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊

ဒါနဲ့ ကားတစ်စီးငှားပြီး တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ စုပေါင်းဂေဟာကို လိုက်ရှာတယ်၊ ရောက်သွားတော့ ကလေးတွေအများကြီး တွေ့ရတယ်၊ ငါ့တစ်သက်မှာ ဒါလောက်ကလေးများများကို တစ်နေရာတည်းမှာစုပြီး မတွေ့ဖူးဘူး၊ ဘယ်လိုရှာရမှန်းမသိတဲ့ အဆုံးမှာ ရဲသားတစ်ယောက်ကို အကူအညီတောင်းရတယ်၊ လေးထပ်တိုက်ပေါ်ကို ငါတက်လာခဲ့တယ်၊ စိုစိုထိုင်းထိုင်းနဲ့ကွာ၊ အေးစိမ့်နေတာပဲ၊

တခြားကလေး တစ်ဒါဇင်လောက်နဲ့ အတူတူ ဂျူနီယာ အဲဒီမှာရှိနေတယ်၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေ အရှည်ကြီးနဲ့၊ စီးထားတဲ့ဖိနပ်က အပေါက်အပြဲတွေနဲ့၊ အထဲက စက္ကူတွေတောင် ပေါ်နေပြီ၊ ကြမ်းပေါ်မှာ ဖင်ချထိုင်ပြီး နံရံကို ကျောမှီထားတယ်၊ ငါဝင်လာတော့ မော့ကြည့်ရုံကြည့်ပြီး ဘာစကားမှမပြောဘူး၊

'မင်းမချမ်းဘူးလား'လို့ ငါကမေးတယ်၊

'မချမ်းပါဘူး'တဲ့၊

'မင်းကိုကြည့်ရတာ ချမ်းလွန်းလို့ အသားတွေတောင် ပြာနေပြီထင်ရတယ်၊ မင်းအမေ ဟိုတယ်မှာ စောင့်နေတယ်၊ ငါနဲ့အတူလိုက်ပြီး မင်းအမေကို တွေ့လိုက်ပါဦး'လို့ ငါကပြောတယ်၊

'မလိုက်ဘူး' လို့ သူကဖြေတယ်၊

'ဘာဖြစ်လို့ မလိုက်ရမှာလဲ' လို့ဆိုတော့၊

သူ ဘာမှပြန်မဖြေဘဲ ငြိမ်နေတယ်၊

'ရဲကိုသွားခေါ်ပြီး မင်းကို ဒီအထဲက ငါဆွဲထုတ်သွားနိုင်တယ်၊ မင်းအသက် (၁၉) နှစ်ပဲရှိသေးတယ်၊ ငါပြောတဲ့စကားအားလုံး မင်းနားထောင်ရမယ်၊ နားလည်လား' လို့ ငါကမေးတယ်၊

သူက 'အဲဒီလုပ်လို့ ရရင်ရမှာပေါ့၊ ဒါပေမယ့် ကျွန်တော့်ကို တစ်ချိန်လုံး ပါပါ ထိုင်ကြည့်ပြီး စောင့်နေနိုင်တာမှ မဟုတ်ဘဲ၊ ကျွန်တော် ဘယ်နည်းနဲ့မှ ပါပါတို့အိမ်မှာ မနေဘူး' လို့ ပြန်ပြောတယ်၊

'မင်း ဒီမှာဘာလုပ်နေတာလဲ၊ မင်းမှာ နွေးနွေးထွေးထွေးနဲ့ အဆင့်အတန်းမြင့်မြင့် နေနိုင်တဲ့အိမ်ရှိလျက်သားနဲ့ ဒီလောက်စွတ်စိုထိုင်းမှိုင်းပြီး အေးစိမ့်နေတဲ့နေရာမှာ လာနေရသလား' လို့ ငါကဆက်ပြောတယ်၊

သူက ငါ့ကို စိုက်ကြည့်နေတယ်၊ ခဏကြာတော့ 'ဂျင်နီ. . . ' လို့ လှမ်းအော်ခေါ်တယ်၊

မိန်းကလေးတစ်ယောက် ဘေးခန်းထဲက ထွက်လာတယ်၊ သူ့ကိုမြင်လိုက်ရတော့ ငါလန့်သွားတယ်၊ ကိုယ်ဝန်ကြီးနဲ့ကွ၊ ဆံပင်ရှည်ကြီးတွေကလည်း ရှုပ်ပွနေတာပဲ၊ မျက်နှာက ဖြူဖြူ မျက်လုံးကြီးတွေက ဝိုင်းဝိုင်းစက်စက်၊

'ဘာလဲ ဆင်မြူရယ်' လို့ သူကမေးတယ်၊

'ဒီနေ့ ဘယ်လိုလှုပ်ရှားသေးသလဲ' လို့ ငါ့သားဂျူနီယာက မေးတယ်၊

ကောင်မလေးက အားပါးတရပြုံးလိုက်ပြီး "ဒီနေ့ နည်းနည်းပိုဆိုးလာတယ်၊ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



က ကလေးက တစ်ချိန်လုံး ဗိုက်ကိုလှိမ့်တန်နေတာပဲ' လို့ ပြန်ဖြေတယ်၊

'ဟော့. . . ဒါဟာ လောကကြီးမှာ ရှေးရိုးအကျဆုံး လိမ်ဆင်ကြီးကွ၊ မင်း ဒါလောက် တုံးလိမ့်မယ်လို့ ငါမထင်မိဘူး၊ ဒီကလေးဟာ မင်းကလေး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒီနေရာကို မင်းရောက်လာတာ ဘယ်လောက်ကြာသေးလို့လဲ' လို့ ငါက ဒေါသတကြီး ပြောမိတယ်၊

ဂျူနီယာက ငါ့ကို အတော်ကြာအောင် စိုက်ကြည့်နေတယ်၊ ပြီးတော့မှ ဝမ်းနည်း ပက်လက်ပုံမျိုးနဲ့ ခေါင်းယမ်းပြီး 'ပါပါ အခုထက်ထိ နားမလည်သေးဘူးနော်' လို့ ညည်းတယ်၊

'ဘာကိုနားလည်ရမှာလဲ' လို့ငါက ပြန်မေးတယ်၊

'ကိုယ့်သားသမီးမဟုတ်တဲ့အတွက် ဘာထူးခြားသွားသလဲ၊ ကလေးဟာ ကလေးပဲမဟုတ်လား၊ ကမ္ဘာပေါ်မှာ မိနစ်တိုင်း စက္ကန့်တိုင်း ကလေးတွေမွေးနေတာပဲ၊ ဘယ်သူကပဲမွေးမွေး၊ အဲဒီကလေးတွေအားလုံးဟာ ကမ္ဘာလောကကြီးရဲ့ ကလေးပဲမဟုတ်လား၊ ကမ္ဘာလောကကြီးရဲ့ ကလေးမှန်သမျှကို ကျွန်တော်တို့ချစ်ရမယ်၊ ဒါကြောင့် အခုကလေးဟာလည်း ကျွန်တော်တို့ကလေးပဲ၊ ဒီမှာရှိနေတဲ့ ကျွန်တော်တို့အားလုံးရဲ့ ကလေးပဲ၊ သူ့ကို ကျွန်တော်တို့ အားလုံးကလည်း ချစ်နေကြတယ်' လို့ ပြန်ပြောတယ်၊

ငါက အိတ်ထဲက တစ်ရာတန်နှစ်ရွက်ထုတ်ပြီး သူ့ရှေ့မှာ ချပေးတယ်။ တခြားကလေးတွေဝိုင်းလာပြီး ပိုက်ဆံကို စိုက်ကြည့်နေကြတယ်၊ ဘာမှတော့ မပြောကြဘူး၊

နောက်ဆုံးမှ ဂျူနီယာက ထိုင်ရာကထ,လာပြီး ပိုက်ဆံကို ကောက်ယူတယ်၊ ငါ့ဆီကိုကမ်းပေးပြီး 'ငါးဆယ်တန်နှစ်ရွက်နဲ့ လဲမပေးနိုင်ဘူးလား' လို့ ပြောတယ်၊

ငါက ခေါင်းခါပြလိုက်ပြီး 'အသေးဆုံးရာတန်ပဲ ငါကိုင်တာ မင်းအသိသားပဲ' လို့ ပြောလိုက်တယ်၊

'ဒါဆိုရင် ပါပါပြန်ယူသွားတော့၊ ဒါမျိုး ကျွန်တော်တို့ အသုံးမလိုဘူးတဲ့'

ရုတ်တရက် ဘေးမှာ အသံတွေညံလာတယ်၊ ဝိုင်းကြည့်နေကြတဲ့ ကလေးတွေက ပိုက်ဆံအကြောင်း တစ်ယောက်တစ်ပေါက် ပြောနေကြတယ်၊ တချို့က ယူထားသင့်တဲ့အကြောင်း၊ တချို့ကည်း မယူတာမှန်တဲ့အကြောင်း အငြင်းအခုံ ဖြစ်နေကြတယ်၊

ဂျူနီယာက သူတို့ကို အော်ထုတ်လိုက်တယ်၊ အသံတွေ ချက်ချင်းတိတ်သွားပြီး အားလုံး ကိုယ့်နေရာကိုယ် အသီးသီး ပြန်သွားကြတယ်၊ အခန်းကြီးတစ်ခုလုံး ပြန်တိတ်သွားပြန်တယ်၊

သူက ငါ့ဆီကိုလျှောက်လာပြီး ငါ့လက်ထဲကို ပိုက်ဆံပြန်ထိုးထည့်ပေးတယ်၊ သူ့လက်တွေတုန်နေတာ ငါသတိထားမိတယ်၊

'ပါပါ ပြန်တော့၊ ကျွန်တော့်ဆီ နောက်ဘယ်တော့မှ မလာနဲ့၊ အဆိပ်နဲ့တူတဲ့ပိုက်ဆံကို ထုတ်ပေးတဲ့အတွက် ကျွန်တော်တို့ချင်း စိတ်ဝမ်းဘယ်လောက် ကွဲကုန်ကြတယ်ဆိုတာ ပါပါ မြင်ပြီမဟုတ်လား၊ ဒါလောက်ဆိုရင် ကျေနပ်ပါတော့၊ ကျွန်တော်တို့ဘာသာ အေးအေးချမ်းချမ်း နေပါရစေတဲ့'ကွာ၊

ခါးပတ်ချွတ်ပြီး ရိုက်ပစ်လိုက်ရ ကောင်းမလားလို့တောင် ငါစဉ်းစားနေသေးတယ်၊ အဲဒီနောက် သူ့ကိုလှမ်းကြည့်လိုက်တော့ မျက်ရည်တွေပြည့်နေပြီ၊ ဒါနဲ့ပဲ ငါ ပိုက်ဆံပြန်ယူလိုက်တယ်၊ ကောင်းပြီ၊ ဒရိုင်ဘာနဲ့ ငါးဆယ်တန်နှစ်ရွက် ပို့ခိုင်းလိုက်မယ်လို့ ငါကပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းကို ပြန်မကြည့်တော့ဘဲ ငါ ထွက်လာခဲ့တယ်၊ ဒရိုင်ဘာကို ငါးဆယ်တန်နှစ်ရွက်လဲခိုင်းပြီး ပြန်ပို့ခိုင်းလိုက်တယ်၊ ငါကတော့ ကားထဲက ထိုင်စောင့်နေတယ်၊ ဟိုတယ်ကိုပြန်လာတဲ့ လမ်းတစ်လျှောက်လုံး ဒင်းနိစ်ကို ဘယ်လိုပြန်ပြောရပါ့မလဲဆိုတာပဲ စဉ်းစားလာခဲ့တယ်"

ကျွန်တော်က သူ့ကို မော့ကြည့်လိုက်မိသည်။

"ဟိုတယ်ရောက်တော့ ဒင်းနိစ်ကို ဘယ်လိုပြန်ပြောသလဲ" ဟုလည်း မေးကြည့်မိသည်။

"တစ်ခုပဲ ငါတတ်နိုင်တာ ရှိတော့တာပေါ့ကွာ၊ ဂျူနီယာနဲ့ မတွေ့ခဲ့ဘူးလို့ပဲ ပြန်ပြောရတော့တာပေါ့"

ချွင်းဂမ်းတစ်ခုကို ပါးစပ်ထဲသို့ သူပစ်ထည့်လိုက်ပြန်သည်။ ပြီးတော့ ကျွန်တော့်ကို စိုက်ကြည့်နေပြန်သည်။

"မင်းကိုလည်း ငါရှာမတွေ့ခဲ့ဘူးလို့ ဒင်းနိစ်ကို ပြန်မလိမ်ပါရစေနဲ့တော့ကွာ" ဟု ပြောသည်။

ကျွန်တော်က သူနှင့်မျက်နှာလွှဲလိုက်ပြီး သမုဒ္ဒရာဘက်ဆီသို့ ငေးမျှော်ကြည့်နေလိုက်သည်။ ကျွန်တော် ဘာတွေစဉ်းစားနေမိကြောင်း ကျွန်တော်ကိုယ်တိုင် ပြန်သိချင်ပါသည်။ သို့သော်လည်း ကျွန်တော့်ခေါင်းထဲမှာ ရှုပ်ထွေးနေသည်။

"မဖြစ်နိုင်ဘူး၊ သိပ်ကြီးလွန်းတယ်" ဟူသောစကားလုံးများ ကျွန်တော့်ပါးစပ်မှ ထွက်သွားသည်။

"ဘာ သိပ်ကြီးလွန်းတာလဲ" ဟု ဆမ်ဘင်ဂျမင်က မေးသည်။

ကျွန်တော်က သမုဒ္ဒရာပြင်ကျယ်ကြီးဆီသို့ မေးငေါ့ပြလိုက်သည်။

"ဒီရေတွေကိုစိစ်ယူဖို့ သမုဒ္ဒရာကြီးက သိပ်ကြီးလွန်းနေတယ်၊ ရေနွေးဖြစ်သွားအောင် ကျိုဖို့ကလည်း သိပ်ကိုစရိတ်ကြီးလွန်းတယ်၊ ဒီရေတွေ ကျွန်တော့်ရေကူးကန်ထဲထည့်ဖို့ကလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အဲဒါတွေဖြစ်အောင် ကျွန်တော် လုပ်နိုင်တယ်ထားဦး၊ ဒီရေတွေရဲ့ အရသာဟာ ရေတွင်းထဲက ရေအရသာနဲ့တော့ ဘယ်နည်းနဲ့မှ တူနိုင်မှာ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး ဆမ်၊ ဒီတစ်ကြိမ်တော့ ခင်ဗျားရဲ့ကမ်းလှမ်းချက်ကို ကျွန်တော် ပယ်ချပစ်လိုက်ပြီ"

ကားရပ်ထားရာသို့ ကျွန်တော်တို့ ပြန်လျှောက်လာကြသည်။ သူနားလည်အောင် ရှင်းပြဖို့ ကျွန်တော် နှစ်ကြိမ်တိုင်တိုင် ကြိုးစားသေးသည်။ သို့သော် သူ့ကို လှည့်ကြည့်လိုက်သည့်အခါတိုင်း ငိုနေသည်ကိုသာ မြင်တွေ့ရသဖြင့် ကျွန်တော် လက်လျှော့လိုက်သည်။

သူတည်းနေသည့်ဟိုတယ်သို့ ပြန်ရောက်လာသည်။ ကားပေါ်မှ သူဆင်းသည်။

"လေကောင်းလေသန့်ကလေး ရှူလိုက်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ၊ တို့နှစ်ယောက် ထပ်ပြောကြသေးတာပေါ့"

"သဘောပဲလေဗျာ"

ဟိုတယ်လော်ဘီခန်းထဲသို့ ဝင်သွားသည့် ဆမ်ဘင်ဂျမင်ကို ကျွန်တော် လှမ်းကြည့်နေမိသည်။ သူ့ကိုယ်လုံးက ဝ,လွန်းသဖြင့် လမ်းလျှောက်ပုံ အချိုးမပြေ ဖြစ်နေသည်။

ကားမောင်းပြီး ကျွန်တော် အိမ်ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗောက်စ်ဝက်ဂွန်ကားကလေး မရှိတော့ပါ။ အိမ်ထဲရောက်သောအခါ တယ်လီဖုန်းခေါင်းလောင်း မြည်နေသည်။ တယ်လီဖုန်းတွင် ကပ်ထားသည့် ဗောက်စ်ဝက်ဂွန်ကားပိုင်ရှင်စာလေး ရေးသွားသော နှုတ်ဆက်စာကလေးကို ကျွန်တော် ဖတ်ကြည့်နေလိုက်မိသည်။

ပြီးမှ ဖုန်းကိုကောက်ကိုင်သည်။ ကျွန်တော့်အိမ်အောက်ဘက်မှ ရွှေရောင်ဆံပင်နှင့် မိန်းကလေးနေသည့် အိမ်ပြတင်းပေါက်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ သူ့အခန်းမှ ခန်းဆီးများ ဖွင့်ထားသည်ကို မြင်ရသည်။

"ဟယ်လို. . ." ဟု ကျွန်တော်က ပြန်ထူးသည်။

တစ်ဖက်မှ မိန်းကလေးတစ်ယောက်၏ အသံကို ကြားရသည်။

"စတီဖင်လား"

"ဟုတ်ပါတယ်"

ပြန်သာဖြေလိုက်ရသော်လည်း ထိုအသံကို ကျွန်တော် မကြားဖူးပါ။ မှတ်မိနေသောအသံမျိုး မဟုတ်ပါ။

ကျွန်တော် လှမ်းကြည့်နေဆဲမှာပင် ရွှေရောင်ဆံပင်နှင့် မိန်းကလေးသည် သူ့အိမ်ပြတင်းပေါက်မှာ ပေါ်လာသည်။ သူ့လက်ထဲမှာ တယ်လီဖုန်း စကားပြောခွက်ကို ကိုင်ထားသည်။ ကျွန်တော့်ဆီသို့ လှမ်းကြည့်နေသည်။

"ကျွန်မ အိပ်ရာကနိုးလို့ အပြင်လှမ်းကြည့်လိုက်တော့ ဗောက်စ်ဝက်ဂွန်ကားကလေး မောင်းထွက်သွားတာကို မြင်လိုက်ရတယ်"

"အဲဒီတော့. . ."

"အဲဒီတော့. . . ရှင့်အိမ်နီးချင်း မိန်းကလေးတစ်ယောက်ဆီကို အလည်လာပြီး ကော်ဖီနည်းနည်းလောက် မသောက်နိုင်ဘူးလားရှင်၊ ရှင့်အိမ်နီးနားချင်း မိန်းကလေးကို နှစ်သိမ့်တဲ့အနေနဲ့ပေါ့"

"ကိုယ် အခုချက်ချင်း အဲဒီကိုရောက်လာမယ်"

ထိုမျှပြောပြီး ဖုန်းကို ကျွန်တော်ပစ်ချလိုက်သည်။

လွန်ခဲ့သော နွေဦးရာသီတစ်ရက်၏ မနက်ပိုင်း အဖြစ်အပျက်များကား ထိုမျှသာဖြစ်ပါသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

နယူးယောက်မြို့ (၁၉၅၅-၁၉၆၀)

စာအုပ်- တစ်

စတီဖင်ဂေါက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ဗဟိုပန်းခြံ အနောက်ဘက်ခြမ်းမှ မက်ဒီဆင်ရိပ်သာသို့ တက္ကဆီခမှာ (၆၅) ပြားပဲ ကျသည်။ ခရီးတိုတိုကလေးဖြစ်သည်။ သို့သော်လည်း အလင်းနှစ်တစ်ထောင်လောက်ကို သွားနေရသည်ဟု ကျွန်တော် မှတ်ထင်လာမိသည်။ အဆောက်အအုံကြီးထဲသို့ ဝင်သွားရင်း ထိုအတိုင်း ကျွန်တော် ခံစားလိုက်မိလေသည်။

အဝင်ဧည့်ကြိုဌာနမှာ သားနားသပ်ရပ်လွန်းလှသည်။ ကျယ်ကျယ်လွင့်လွင့်နှင့် အသက်ရှူချောင်သည်။ ကောင်တာနောက်တွင် အမျိုးသမီးကလေးနှစ်ယောက်နှင့် ယူနီဖောင်းဝတ် အစောင့်နှစ်ယောက်ကို တွေ့ရသည်။ သူတို့နောက်ကျောဘက် နံရံပေါ်တွင်-

'စင်ကလဲယား အသံလွှင့်ကုမ္ပဏီ'

ဟူသော ရွှေစာလုံးကြီးက ထင်းထင်းကြီး ပေါ်နေကာ ခန့်ညားလွန်းလှလေသည်။

ပထမဆုံးတွေ့ရသည့် မိန်းကလေးဆီသို့ ကျွန်တော် လျှောက်သွားသည်။

"စပင်ဇာစင်ကလဲယားနဲ့ တွေ့ချင်လို့ပါ"

မိန်းကလေးက မော့ကြည့်သည်။

"ကျေးဇူးပြုပြီး နာမည်သိပါရစေရှင်"

"စတီဖင်ဂေါက်"

သူ့ရှေ့မှာရှိနေသည့် စာအုပ်တစ်အုပ်ကိုဖွင့်ကာ နာမည်စာရင်းများ လိုက်ရှာနေသည်။

"မစ္စတာဂေါက် . . . မှန်ပါတယ်၊ ရှင်နဲ့ ဆယ်နာရီခွဲမှာတွေ့ဖို့ ချိန်းထားပါတယ်ရှင်"

သူတို့နောက်က နံရံမှာရှိသော နာရီဆီသို့ ကျွန်တော့်မျက်လုံးများက အလိုလို ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နာရီ နှစ်ဆယ့်ငါးမိနစ်။

မိန်းကလေးက ယူနီဖောင်းဝတ် အစောင့်တစ်ယောက်ကို လှမ်းပြောသည်။

"မစ္စတာဂျွန်ဆင်. . . မစ္စတာဂေါက်ကို မစ္စတာစင်ကလဲယားရုံးခန်း လိုက်ပို့ပေးပါနော်"

အစောင့်က ခေါင်းညိတ်ပြသည်။ ကျေကျေနပ်နပ်လည်း ပြုံးလိုက်သည်။ အေးစက်သည့် သူ့မျက်လုံးများကတော့ ကျွန်တော့်ကို အကဲခတ်ကြည့်နေသည်။ သူ့ကို စောင့်မနေတော့ဘဲ ဓာတ်လှေကားများ တန်းစီထားသည့်ဘက်သို့ ကျွန်တော်က ဦးတည်လျှောက်သွားသည်။

"မစ္စတာဂေါက်"

ကျွန်တော်က ခြေလှမ်းများကိုရပ်လိုက်ပြီး သူ့ဘက်လှည့်ကြည့်သည်။

သူပြုံးနေဆဲပင် ဖြစ်ပါသည်။

"ဒီဘက်ကို ကြွပါခင်ဗျာ"

စကြံကိုဖြတ်ပြီး သူ့နောက်မှ ကျွန်တော်လိုက်သွားသည်။ နံရံ၏နောက်ဘက်တွင် ဓာတ်လှေကားအနည်းငယ်ကို တွေ့ရပြန်ပါသည်။ သူက အိတ်ထဲမှသော့ နှိုက်ယူပြီး တံခါးတစ်ခုကို ဖွင့်သည်။ တံခါးပွင့်သွားသည်။

ကျွန်တော့်ကို ဓာတ်လှေကားထဲသို့ သူ့ရှေ့မှ အလျင်ဝင်စေသည်။ ပြီးတော့ သော့ပေါက်ထဲမှ သော့ပြန်ထုတ်ယူကာ အထဲသို့ဝင်လိုက်သည်။ တံခါးပိတ်လိုက်သည်နှင့် တစ်ပြိုင်တည်း ခေါင်းလောင်းတစ်ခု ထမြည်သည်။

သူ့အသံသည် ယခုတိုင် ရွှင်ရွှင်ပျပျ ရှိနေဆဲပင်။

"အိတ်ထဲမှာ သတ္တုပစ္စည်းတစ်ခုခုများ ရှိပါသလားခင်ဗျာ"

"ပိုက်ဆံအကြွေ နည်းနည်းပါးပါးပဲ ရှိတယ်"

ဓာတ်လှေကားကို သူ စတင်မမောင်းသေး။

"အကြွေအပြင် တခြားတစ်ခုခုများ ရှိပါသေးသလားခင်ဗျာ"

ကျွန်တော့်မျက်နှာပေါ်တွင် ပေါ်သွားသည့် နားမလည်နိုင်သော အမူအရာမျိုးကို သူမြင်သွားသည်။

"အခု မစ္စတာဂေါက် ကြားနေရတဲ့ ခေါင်းလောင်းသံကို အလက်ထရွန်နစ်စနစ်နဲ့ ထိန်းချုပ်ထားပါတယ်ခင်ဗျာ၊ ပိုက်ဆံအကြွေဆိုရင် ဒီခေါင်းလောင်းက မမြည်ပါဘူး။ မစ္စတာဂေါက် မေ့နေတဲ့ တခြားသတ္တုပစ္စည်းတစ်ခုခု ရှိနေသေးတယ်နဲ့ တူပါတယ်"

သည်တော့မှပင် ကျွန်တော် သတိရတော့သည်။

"ဟောဒါတစ်ခုတော့ရှိတယ်၊ မိတ်ဆွေ အမျိုးသမီးတစ်ယောက်က လက်ဆောင်ပေးထားတဲ့ ငွေစီးကရက်ဘူး"

ပြောပြောဆိုဆို ကျွန်တော်က အိတ်ထဲမှ နှိုက်ပေးလိုက်သည်။

သူက ခဏကြာအောင် ငေးကြည့်နေသည်။ ပြီးတော့မှ ကျွန်တော့်လက်ထဲမှ လှမ်းယူသည်။ ခလုတ်များရှိသည့် နံရံမှ အပေါက်သေးသေးကလေးကို ဖွင့်သည်။ ထိုအပေါက်ကလေးထဲသို့ ငွေစီးကရက်ဘူးကလေးကို ထည့်သည်။ ခေါင်းလောင်းသံမှာ ချက်ချင်းရပ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ဘူးကလေးကို သူက ပြန်ထုတ်ယူပြီး ကျွန်တော့်ကို ကမ်းပေးသည်။ တောင်းပန်သည့် အပြုံးကလေးတစ်ခုလည်း ပြုံးပြလိုက်သေးသည်။

သူက ခလုတ်များရှိသည့်ဘက်သို့ ပြန်လှည့်သွားသည်။ ခလုတ်တစ်ခုကို နှိပ်သည်။ ဓာတ်လှေကားက လျှင်မြန်စွာ တက်သွားသည်။ တံခါးအပေါ်မှာရှိသည့် မှိတ်တုတ်မှိတ်တုတ် မီးပွင့်ကလေးကို ငေးကြည့်နေမိသည်။ အထပ်နံပါတ်များ ပေါ်လာရမည့်အစား 'အီပ်ခ်စ်'စာလုံး တစ်ခုတည်းသာ ထပ်ပြန်တလဲလဲ ပေါ်နေသည်။

"သူ ဘယ်အထပ်မှာ ရုံးထိုင်တယ်ဆိုတာ မစ္စတာစင်ကလဲယား ဘယ်လိုလုပ်သိနိုင်မလဲ"

အစောင့်၏အမူအရာက တည်တည်ကြီး ဖြစ်သွားသည်။

"သူမှာလည်း သော့တစ်ချောင်း ရှိနေပါတယ်" ဟူသော အဖြေကိုသာ ပြန်ပေးသည်။

ဓာတ်လှေကား အရှိန်လျော့သွားပြီး ရပ်သွားသည်။ တံခါးပွင့်သွားသဖြင့် ကျွန်တော် ထွက်လိုက်သောအခါ အဖြူရောင် ဧည့်ကြိုခန်းထဲသို့ ရောက်သွားသည်။ အမျိုးသမီးငယ်တစ်ယောက် ကျွန်တော့်ဆီ ဦးတည်လာနေခိုက်မှာပင် နောက်ဘက်ကတံခါး ပြန်ပိတ်သွားသည်။

ထိုအမျိုးသမီးမှာ အနက်ခံဝတ်စုံကို ဝတ်ဆင်ထားသည်။ အမူအရာက တည်တည်ငြိမ်ငြိမ် ရှိနေသည်။ ဆံပင်များကလည်း ရွှေရောင်ပင်။

"ဒီဘက်ကိုကြွပါ မစ္စတာဂေါက်"

ဧည့်သည်စောင့်ရန် အခန်းကျဉ်းကလေးတစ်ခုအတွင်းသို့ ကျွန်တော် ဝင်လိုက်သွားသည်။

"ခဏလေးကြာရင် မစ္စတာစင်ကလဲယားက တွေ့ပါလိမ့်မယ်၊ ဟောဒီမှာ သတင်းစာနဲ့ မဂ္ဂဇင်းတွေ ဖတ်ပါဦးနော်၊ ကော်ဖီလေး တစ်ခွက်လောက်များ သုံးဆောင်လိုပါသလားရှင်"

"ကျေးဇူးတင်ပါတယ်၊ ဘလက်ကော်ဖီပဲ ပေးပါ၊ သကြားတစ်ခဲ"

အမျိုးသမီး ထွက်သွားသည်။ ကုလားထိုင်မှာ ကျွန်တော်ထိုင်သည်။ ဝေါလမ်းဂျာနယ်ကို ကောက်ယူပြီး မနေ့က ပွဲစားတန်းပိတ်ချိန် ဖြစ်ပေါ်ခဲ့သည့် ကုမ္ပဏီများ၏ နောက်ဆုံးအခြေအနေသတင်းကို လှန်ဖတ်မိသည်။ ဂရိတ်တားဝါး အသံလွှင့် ကော်ပိုရေးရှင်းနှင့် စင်ကလဲယား အသံလွှင့်ကုမ္ပဏီတို့၏ အခြေအနေများကို သတိထားကြည့်သည်။

စင်ကလဲယား အသံလွှင့်ကုမ္ပဏီတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ပေးသည့် ဌာန (၃) ခုရှိသည်။ မနေ့က ပွဲစားတန်းပိတ်ချိန်အထိ ကုမ္ပဏီ၏ ကာလပေါက်တန်ဖိုးမှာ ဒေါ်လာ သန်းငါးရာ ဖြစ်သည်။

ကော်ဖီပန်းကန်ယူပြီး အမျိုးသမီး ပြန်ရောက်လာသည်။ အပူမဟုတ်ဘဲ အအေးဖြစ်နေသည်။ ပထမတန်းစား ပန်းကန်ထဲမှာ ထည့်ပေးသည်။

"ခဏလေးတော့ စောင့်ပါဦးနော်" ဟု သူက ပြုံးပြုံးကလေး ပြောသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော့်မှာ အချိန်တွေရှိပါတယ်" ဟု ကျွန်တော်က အလိုက်သင့် ပြန်ဖြေလိုက်ရသည်။

သူ ပြန်ထွက်သွားသည်ကို ငေးကြည့်နေမိသည်။ လမ်းလျှောက်ပုံကတော့ အလွန်လှပါသည်။ မျက်နှာအမူအရာ၊ ပြောပုံဆိုပုံများကို လေ့ကျင့်ထားသည်မှာ ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com


အသားကျနေသည်။ သူ့တင်ပါးကြီးကို တစ်ချက်လောက် လှမ်းပုတ်လိုက်လျှင် ဘာများပြန်ပြောမည်နည်းဟု ကျွန်တော် စဉ်းစားကြည့်နေမိသည်။

ကျွန်တော် ကော်ဖီသောက်ပြီးချိန်မှာပင် သူ ပြန်ရောက်လာပြန်သည်။

"မစ္စတာစင်ကလဲယားက အခုပဲ တွေ့ပါတော့မယ်ရှင်"

ညှော်သည်စောင့်သည့် အခန်းကလေးထဲမှထွက်ပြီး သူ့နောက်သို့ လိုက်သွားရပြန်သည်။ ဧည့်ကြိုဌာနကိုဖြတ်ပြီး တံခါးတစ်ခုဆီသို့ လျှောက်သွားရသည်။ အပေါက်ဝတွင် ဘာအမှတ်အသားမှ မရှိပါ။ 'ကိုယ်ပိုင်ခန်း'ဟူသော စာတန်းမျိုးပင် ချိတ်မထားပါ။ အမျိုးသမီးက တံခါးဖွင့်ပေးသည်။ ကျွန်တော်က ဝင်သွားသည်။

စပင်ဇာစင်ကလဲယားသည် သတင်းစာများထဲမှာ ကျွန်တော်တွေ့ဖူးသည့် ဓာတ်ပုံအတိုင်းဖြစ်သည်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်၊ နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းပါးပါး၊ လေးထောင့်ပုံသဏ္ဌာန် မေးစေ့၊ တည်ငြိမ်သော အမူအရာ၊ ပညာရှိသည့်ရုပ်မျိုး၊ မျက်လုံးညိုညိုနှင့် ဖြစ်သည်။ အရွယ်အတော်တင်ပုံရသည်။

"မစ္စတာဂေါက်"

စားပွဲနောက်တွင် ထိုင်နေရာမှ သူ ထ,သည်။ ကျွန်တော့်ကို လက်ကမ်းပေးသည်။ တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ပြီး ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်သည်။ သည်ထက် ပိုလည်းမပို၊ လိုလည်းမလိုပါ။

"ကျေးဇူးပြုပြီး ထိုင်ပါ"

သူ့စားပွဲရှေ့က ကုလားထိုင်တစ်လုံးမှာ ကျွန်တော် ဝင်ထိုင်သည်။ သူက ရုံးတွင်းစကားပြောခွက်ခလုတ်ကို နှိပ်သည်။

"တယ်လီဖုန်းလာရင် ဒီထဲကို လိုင်းပြောင်းမပေးပါနဲ့ဦး မစ္စကက်စီဒီ"

သူ့ကုလားထိုင်သို့ ပြန်သွားပြီးထိုင်သည်။ ခဏကြာအောင် ကျွန်တော်တို့ အပြန်အလှန် ငေးကြည့်နေမိကြသည်။ နောက်ဆုံးတွင်မှ သူက စကားစ,ပြောသည်။

"အခုမှပဲ ကျုပ်တို့ချင်း တွေ့ကြရတော့တယ်၊ မောင့်သတင်းတွေ ကြားထားရတာတော့ အများကြီးပါပဲ၊ မောင့်အကြောင်းကို လူတွေ တပြောတည်း ပြောနေကြရအောင် လုပ်နိုင်တဲ့အစွမ်း မောင့်မှာ တော်တော်ကြီးကြီးမားမား ရှိပုံရတယ်"

ကျွန်တော်က တစ်စုံတစ်ရာပြန်မပြောဘဲ စောင့်နေသည်။

"မောင်နဲ့ပတ်သက်လို့ လူတွေ ဘာပြောနေကြတယ်ဆိုတာများ မသိချင်ဘူးလား"

"မသိချင်ပါဘူး ခင်ဗျာ၊ ကျွန်တော့်အကြောင်း လူတွေပြောနေကြတယ်ဆိုရင်ပဲ လုံလောက်သွားပါပြီ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ကျုပ်တို့မိသားစုထဲကို မောင်ရောက်လာနိုင်စရာအကြောင်း ရှိပါတယ်"

ထိုစကားကိုကြားရတော့ ကျွန်တော် ပြုံးရုံသာ ပြုံးနေလိုက်မိသည်။ သူပြောသည့်စကား ဘယ်လောက်မှန်သည်ကို သူသိချင်လည်း သိပေလိမ့်မည်။ နေ့လယ်စာ စားပြီးသည်နှင့် တစ်ပြိုင်တည်း သူ့သမီးဘာဘရာကို ဆရာဝန်ထံပို့ပြီး ကလေးဖျက်ပေးဖို့ အချိန်းအချက်များအားလုံး ကျွန်တော် ပြုလုပ်ထားပြီး ဖြစ်ပါသည်။

စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို သူကောက်ယူပြီး တစ်ချက်ကြည့်သည်။

"မောင် ဘယ်လိုမှ မအောက်မေ့စေချင်ဘူး၊ မောင်နဲ့ပတ်သက်လို့ လိုက်ပတာလေး

www.burmeseclassic.com

www.burmeseclassic.com



တွေ ကျုပ် စုံစမ်းထားတယ်"

ကျွန်တော်က ပခုံးတွန့်ပြလိုက်သည်။

"တရားမျှတမှု ရှိပါတယ်ခင်ဗျာ၊ ဦးနဲ့ပတ်သက်ပြီးတော့ ကျွန်တော် စုံစမ်းထားတာလေးတွေလည်း ရှိပါတယ်၊ ကျွန်တော်ကတော့ နယူးယောက်တိုင်းမ် သတင်းစာထဲမှာ လေ့လာထားတာ ဖြစ်ပါတယ်"

"စတီဖင်ဂေါက်၊ အသက် (၂၈) နှစ်၊ မက်ဆာချူးဆက်ပြည်နယ်၊ နယူးဘက်ဖို့မြို့တွင် မွေးဖွားသည်။ ဖခင်၊ ဘဏ်ဥက္ကဋ္ဌ ဂျွန်ဂေါက်၊ မိခင်- ယခင် အင်န်ရလေး၊ နှစ်ဦးလုံး ကွယ်လွန်၊ နယူးအင်္ဂလန်နယ်ရှိ ထိပ်တန်းကျောင်းကောင်းများတွင် ပညာသင်ကြားခဲ့သည်။ ဟင်ယွန်နှင့် အက်ဟတ်တွင် ကြော်ငြာတာဝန်ခံအဖြစ် တစ်နှစ်၊ အမ်-ဂျီ-အမ် ရုပ်ရှင်ကုမ္ပဏီတွင် အုပ်ချုပ်ရေးနှင့် ကြော်ငြာဆိုင်ရာ နှစ်နှစ်၊ လွန်ခဲ့သည့် သုံးနှစ်မှစ၍ ဂရိတ်တာဝါ အသံလွှင့် ကော်ပိုရေးရှင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ ဟာရီမော်စကိုဝစ်၏ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်နေသည်။ အိမ်ထောင်မရှိ။ လူပျို။ အပေါင်းအသင်းများသည်"

သူဖတ်နေသည့်စာရွက်ကို ပြန်ချပြီး ကျွန်တော့်ကို လှမ်းကြည့်သည်။

"ကျုပ်နားမလည်တာ တစ်ခုပဲရှိတယ်"

"ဘာများပါလိမ့်ခင်ဗျာ၊ ကျွန်တော် ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်" ဟု ကျွန်တော်က ပြန်မေးသည်။

"မောင့်လို ဂျူးလူမျိုးမဟုတ်တဲ့ လူတော်ကလေးတစ်ယောက်က ဘာဖြစ်လို့များ သူတို့ဆီမှာ အလုပ်လုပ်နေသလဲဆိုတာပါပဲ"

သူဘာဆိုလိုကြောင်း ကျွန်တော် ချက်ချင်း သဘောပေါက်လိုက်ပါသည်။

"ဒါကတော့ ရိုးရိုးကလေးပါခင်ဗျာ၊ ကျွန်တော်ဟာ သူတို့အတွက် ဥပုသ်နေ့မှာ အစားထိုးပေးနိုင်လို့ပါပဲ"

ကျွန်တော်ပြောသည်ကို သူ သဘောပေါက် နားလည်ပုံမရပါ။ ထို့ကြောင့် သူ သဘောပေါက်သွားအောင် ကျွန်တော်က ရိုးရိုးကလေးပဲ ရှင်းပြလိုက်ပါသည်။

"စနေနေ့ဟာ ဂျူးလူမျိုးတွေရဲ့ ဥပုသ်နေ့ဖြစ်ပါတယ်၊ အဲဒီနေ့မှာ သူတို့ ဘာအလုပ်မှ မလုပ်ကြပါဘူး၊ ဒါကြောင့် အဲဒီနေ့ တာဝန်တွေအားလုံး ကျွန်တော့်ပခုံးပေါ် ကိုပဲ စုပြုံတင်ပေးကြပါတယ်၊ နယ်လ်ဆင်ကုမ္ပဏီရဲ့ လေ့လာထားချက်အရဆိုရင် ဦးတို့လည်း ဒီအတိုင်း လုပ်နေကြတာမပါ၊ စီဘီအက်စ်တို့၊ အင်ဘီစီတို့၊ အေဘီစီတို့လည်း ဒီအတိုင်းပါပဲ၊ ပခုံးလွှဲပေးနိုင်တဲ့လူကို ရှာနေကြတာပါပဲ"

"မောင်ဟာ နည်းနည်းတော့ စွာကျယ်ကျယ်နိုင်တယ် ထင်တယ်၊ ဟုတ်သလား"

"ဟုတ်ပါတယ်"

ကျွန်တော်ကလည်း လေသံပြတ်ပြတ်ဖြင့် ပြန်ဖြေလိုက်မိသည်။

"မောင်အခုလုပ်နေတဲ့ ကုမ္ပဏီကို ကျုပ်တို့ကကျော်သွားအောင် လုပ်ချင်သပ,ဆိုရင် မဖြစ်နိုင်ဘူးလို့ မောင်က ဘာကြောင့်ထင်နေရတာလဲ"

ကျွန်တော်က ပြုံးသည်။

"ဦးခင်ဗျာ-ကျွန်တော်လုပ်နေတဲ့ ကုမ္ပဏီကိုကျော်အောင် ဦးတို့ကြိုးစားခဲ့တာ တစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခွဲရှိသွားပါပြီ၊ ဒါပေမယ့် အားလုံး သဲထဲရေသွန်ချည်း ဖြစ်ကုန်တာပါပဲ၊ ကျွန်တော်တို့ရဲ့ ဈေးကွက်က ဆယ့်တစ်ခုတည်းရှိနေတာ ဦးတို့ သိပ်ကောင်းနေပါတယ်၊ ဒီ့ထက်များ ဈေးကွက်ပိုရှိမယ်ဆိုရင် ဦးရဲ့ကုမ္ပဏီကို ဒီနယ်ပယ်ထဲကနေ ဖယ်ထုတ်ပစ်လိုက်နိုင်တာ ကြာပါပြီ"

ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။

"မောင့်ကို ကျုပ်သဘောကျသလား၊ မကျဘူးလားဆိုတာတောင် မသိနိုင်အောင် ဖြစ်သွားပြီ"

ကျွန်တော်က ထိုင်ရာမှ ထ,သည်။

"ဦးက အလုပ်များပါတယ်၊ ဒါကြောင့် ဦးရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို ကျွန်တော် မဖြုန်းလိုပါဘူး၊ ကျွန်တော် အလုပ်ရပါသလားခင်ဗျာ၊ ဒါမှမဟုတ် မရဘူးလား"

"ဘာအလုပ်လဲ၊ ကျုပ်မသိ. . ."

သူ့စကားကို အဆုံးအထိ ကျွန်တော် နားမထောင်ပါ။

"မစ္စတာစင်ကလဲယားခင်ဗျာ၊ ဦးရဲ့သမီးကို ညဘက်မှာ နှုတ်ဆက်အနမ်းကလေး နမ်းတတ်တဲ့ လူတစ်ယောက်ကို ကြည့်ချင်မြင်ချင်လို့ ကျွန်တော့်ကို ခေါ်တွေ့တာဆိုရင်တော့ ဦးဟာ ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ အချိန်တွေကို အကြောင်းမဲ့ ဖြုန်းတီးပစ်နေတာနဲ့ အတူတူပါပဲ၊ ကျွန်တော့်မှာလည်း အလုပ်တွေ အများကြီးရှိနေပါသေးတယ်"

"ထိုင်ပါ မစ္စတာဂေါက်" ဟု သူက ခပ်ဆတ်ဆတ် ပြောသည်။

ကျွန်တော်က ရပ်မြဲရပ်နေသည်။

"မောင့်ကို အစီအစဉ်ဌာနမှာ ဒုတိယဥက္ကဋ္ဌရာထူး ပေးရရင် ကောင်းမလားလို့ ကျုပ်စဉ်းစားခဲ့ပါတယ်၊ ဒါပေမယ့် အခုတော့ မောင့်ကို အဲဒီရာထူး ပေးရေး မပေးရေးဆိုတာ တောင် ကျုပ် မသေချာတော့ပါဘူး"

ကျွန်တော်က သူ့ကို ပြုံးပြလိုက်သည်။

"ဒုက္ခမခံပါနဲ့ခင်ဗျာ၊ ကျွန်တော် စိတ်မဝင်စားပါဘူး၊ အခုဆိုရင် ဟိုမှာ ကျွန်တော် အလုပ်လုပ်နေတာ သုံးနှစ်တောင်ပြည့်သွားပါပြီ"

ကျွန်တော့်ကို မျက်တောင်မခတ် သူ စိုက်ကြည့်နေပြန်သည်။

"မောင် တကယ်စိတ်ဝင်စားနေတာက ဘယ်အလုပ်လဲ၊ ကျုပ်နေရာကို လိုချင်နေတာလား"

ကျွန်တော်က ပြုံးသည်။

"ဒီလိုလည်း မဟုတ်ပါဘူးခင်ဗျာ၊ စင်ကလဲယား ရုပ်မြင်သံကြားဌာနရဲ့ ဥက္ကဋ္ဌရာထူး ကို လိုချင်တာပါ"

သူ တုန်လှုပ်သွားပုံရသည်။

"မောင် နောက်တီးနောက်တောက် ပြောနေတာလား"

"ကျွန်တော့်တစ်သက်မှာ အလုပ်နဲ့ပတ်သက်လာရင် ဘယ်တော့မှ နောက်တီးနောက် တောက် မလုပ်ပါဘူး"

"စင်ကလဲယား ရုပ်မြင်သံကြားဌာနရဲ့ ဥက္ကဋ္ဌအဖြစ် ဒင်ရစ်ချီ တာဝန်ယူလာတာ ဆယ်နှစ်ပြည့်သွားပြီ၊ အဲဒီမတိုင်ခင်တုန်းက စင်ကလဲယား အသံလွှင့်ဌာနမှာ ဆယ့်ငါးနှစ်လုံး လုံး တာဝန်ယူခဲ့တယ်၊ ကျုပ်တို့ကုမ္ပဏီရဲ့ အတော်ဆုံး အုပ်ချုပ်ရေးမှူးတွေထဲမှာ သူလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အပါအဝင်ပဲ၊ အဲဒီပုဂ္ဂိုလ်မျိုးရဲ့ ဖိနပ်ကို မောင် စီးနိုင်မယ်ထင်နေသလား"

"မစီးချင်ပါဘူးခင်ဗျာ၊ သူတို့က ဖိနပ်အဟောင်းကြီးတွေပါ။ မကြာခင် ပေါက်တော့ပြဲတော့မှာပါ။ ကျွန်တော်က ဖိနပ်အသစ်ပဲစီးမယ့် လူစားမျိုးပါ။ သူတို့က အသံလွှင့်လုပ်ငန်းကိုပဲ ဖောက်ချလုပ်ခဲ့တယ်၊ ရုပ်မြင်သံကြားလုပ်ငန်းကို လုပ်ခဲ့ကြတာ မဟုတ်ပါဘူး၊ ဦးဆီမှာရှိနေတဲ့ အုပ်ချုပ်ရေးမှူးမှန်သမျှ အသက် ငါးဆယ့်နှစ်နှစ်အောက် တစ်ယောက်မှမရှိပါဘူး၊ ဒါပေမယ့် ဦးတို့ကုမ္ပဏီရဲ့ ပရိသတ်တွေဟာ အသက်သုံးဆယ်အောက် လူငယ်တွေချည်းဖြစ်ပါတယ်၊ ပရိသတ်ရဲ့အသက်ဟာ တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီး ငယ်လာနေပါတယ်၊ ရှေးဟောင်းကြီးတွေကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက နားမထောင်ကြတော့တဲ့ လူငယ်တွေကို ဘယ်လိုလုပ်ပြီး စည်းရုံးဆွဲဆောင်ယူမယ်လို့ ဦး စိတ်ကူးထားပါသလဲ၊ ကျွန်တော်ကတော့ ဦးနောက်အခြောက်ခံပြီး လူကြီးတွေကို ဆွဲဆောင်မနေဘူး၊ ရှေးဟောင်းကြီးတွေနဲ့ ဖမ်းစားမနေဘူး ကျွန်တော်လိုချင်တာ အခွင့်အာဏာပါပဲ၊ အခွင့်အာဏာကလွဲပြီး ဘာကိုမှ ကျွန်တော် စိတ်မဝင်စားပါဘူး"

အတော်ကလေးကြာအောင် သူ ငြိမ်နေသည်။

"ကျုပ်သြဇာကို မောင် နာခံမယ်ဆိုတာ ကျုပ် ဘယ်လိုလုပ်သိနိုင်မလဲ"

ကျွန်တော် ပြုံးမိပြန်သည်။

"ဦးရဲ့သြဇာကို ကျွန်တော် မနာခံနိုင်ပါဘူးခင်ဗျာ၊ ဒါပေမယ့် တစ်စုံတစ်ယောက်ရဲ့ သြဇာကို ကျွန်တော်ခံမယ်ဆိုတာတော့ ဦးယုံကြည်စိတ်ချပါ"

"ဘယ်သူ့သြဇာလဲ"

"နယ်လ်ဆင်ဖြစ်ပါတယ်၊ ဦးစဉ်းစားကြည့်ပါ။ နယ်လ်ဆင်ကုမ္ပဏီရဲ့ စစ်တမ်းထုတ်ချက်အရဆိုရင် ဦးရဲ့ စင်ကလဲယား ရုပ်မြင်သံကြားဟာ တခြားသုံးခုနဲ့ယှဉ်လိုက်ရင် ဘိတ်ချီးကို ရောက်နေပါတယ်၊ ကျွန်တော်သာ တာဝန်ယူရရင် နှစ်နှစ်အတွင်း နံပါတ်တစ် ဖြစ်စေရမယ်၊ တစ်မဖြစ်ရင်တောင် တစ်နားမှာ ကပ်နေရမယ်"

"တကယ်လို့ မဖြစ်ဘူးဆိုရင်ကော. . ."

"ကျွန်တော့်ကို အဲဒီစည်းကမ်းချက်နဲ့ ချည်တုပ်ထားနိုင်တာပဲ ခင်ဗျာ၊ ဖြစ်မလာရင် ဆုတ်ပစ်လိုက်ရုံပဲပေါ့၊ တစ်ခုသေချာတာက အခုလို ဘိတ်ချီးထက်တော့ ဘယ်နည်းနဲ့မှ ပိုဆင်းမသွားနိုင်တော့ဘူး၊ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့က နံပါတ်လေး၊ ကျွန်တော်တို့အောက်မှာ နံပါတ်ငါးမရှိတဲ့အတွက် သူ့အောက်ကို ဘယ်နည်းနဲ့မှ မရောက်နိုင်တော့ဘူး၊ ဦးတို့မှာ ဘာနစ်နာစရာရှိသလဲ"

စပင်ဇာစင်ကလဲယားသည် စားပွဲပေါ် ရှိ စာရွက်တစ်ရွက်ကို အကြာကြီး ငုံ့ကြည့်နေသည်၊ သူ စကားပြန်ပြောသောအခါ စောစောကလေသံမျိုး မဟုတ်တော့ချေ။ သူသည် ဘာဘရာ၏အဖေ ပြန်ဖြစ်သွားလေသည်။

"ကျုပ်သမီးကို မောင် လက်ထပ်ယူမှာလား"

"ကျွန်တော် အလုပ်ရဖို့အတွက် အဲဒါဟာ စည်းကမ်းချက်တစ်ခုများလား ခင်ဗျာ"

သူ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

"မဟုတ်ပါဘူး"

ကျွန်တော်ကတော့ တစ်ချက်ကလေးမှ မတုံ့ဆိုင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဆိုရင် ဦးသမီးကို ကျွန်တော် လက်ထပ်မယူနိုင်ပါဘူးခင်ဗျာ" ဟု တောက်လျှောက်ပြောချလိုက်သည်။

သူ စကားဆက်ပြောသောအခါ အလွန်စိတ်ထိခိုက်နေကြောင်း သိသာထင်ရှားလှလေသည်။

"ဒီလိုဆိုရင် သူ့ကိစ္စ ဘယ်လိုဖြေရှင်းမလဲ"

သူ့ကို ကျွန်တော် လှမ်းကြည့်သည်။ ကျွန်တော့်စာရွက်ပေါ်က အမှတ်စဉ်တစ်ဆယ်ကို သူကြည့်နေသည်။

"ဒီနေ့ညနေမှာပဲ ကျွန်တော်တို့ အစီအစဉ်လုပ်ထားပြီးပါပြီ"

"ဆရာဝန်က တော်ရဲ့လား"

"အတော်ဆုံးဆရာဝန် ဖြစ်ပါတယ်၊ အထူးသီးသန့်ဆေးခန်းမှာ အစီအစဉ် လုပ်ထားပါတယ်"

"ကိစ္စပြီးပြီးချင်း ကျုပ်ဆီကို ဖုန်းဆက်မလား"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် ချက်ချင်းဆက်ပါ့မယ်"

"သမီးလေး ဘာဘရာ သိပ်သနားစရာကောင်းတယ်၊ တကယ်ကတော့ အင်မတန် စိတ်ကောင်းရှိတဲ့ကလေး"

ဘာဘရာသည် ဘယ်လိုမိန်းကလေးဖြစ်ကြောင်း သူ့အဖေအရင်းခေါက်ခေါက်ကြီးကို ကျွန်တော် မည်သို့ပြောပြနိုင်ပါမည်နည်း။

"အခုဖျက်ရမယ့်ကလေးက မောင့်ကလေးလား"

သူ့မျက်လုံးများကို ကျွန်တော် တည့်တည့်စိုက်ကြည့်သည်။

"ကျွန်တော်တို့ နှစ်ယောက်စလုံး မသိပါဘူးခင်ဗျာ"

သူ မျက်လွှာချသွားသည်။

"ပြဿနာတစ်ခုခုဖြစ်နိုင်တယ်လို့ ဆရာဝန်ကထင်ရင် မောင်မလုပ်ခိုင်းဘူးမဟုတ်လား"

"မလုပ်ခိုင်းပါဘူး ခင်ဗျာ၊ အမှန်အတိုင်း ကျွန်တော်ပြောရမယ်ဆိုရင် ဦးအဖို့ နားကြား ဆန်းကောင်းဆန်းနေပါလိမ့်မယ်၊ ဒါပေမယ့် ဘာဘရာ့အပေါ်မှာ ကျွန်တော်ထားတဲ့ သဘောထားက တစ်မျိုးပါ၊ သူ့ဒုက္ခရောက်တာကို ဘယ်လိုနည်းနဲ့မှ ကျွန်တော် မကြည့်ရက်ပါဘူး"

သက်ပြင်းကို သူ အားပါးတရ ရှိုက်သွင်းလိုက်သည်။ ပြီးတော့ ထိုင်ရာမှထ,သည်။ ကျွန်တော့်ဆီကို လက်ကမ်းပေးသည်။

"မောင့်ကို အလုပ်ခန့်လိုက်ပြီ၊ ဘယ်တော့လောက် အလုပ်စ,ဝင်နိုင်မလဲ"

"ဦးဘက်မှာ ဘာပြဿနာမှမရှိဘူးဆိုရင် မနက်ဖြန် အလုပ်စ,ဝင်ပါ့မယ်၊ ဟိုကုမ္ပဏီကနေ လွှန်ခဲ့တဲ့အပတ်ထဲကပဲ ကျွန်တော် အလုပ်ထွက်ခဲ့ပြီးပါပြီ၊ ဒီနေ့မနက်ပဲ ကျွန်တော့် ပစ္စည်းတွေကို သိမ်းဆည်းလို့ ပြီးသွားပါတယ်"

ပထမဦးဆုံးအကြိမ်အဖြစ်နှင့် သူပြုံးလေသည်။

"မနက်ဖြန်ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ ပြီးတော့ တံခါးပေါက်ဘက်ဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။ တံခါးကို တစ်ဝက်ဖွင့်ပြီးမှ ကျွန်တော်ရပ်ပြီး နောက်ပြန်လှည့်ကြည့်သည်။

"စကားမစပ်ခင်ဗျာ. . . ဒီအထပ်က နံပါတ်ဘယ်လောက်ပါလဲ"

"ငါးဆယ့်တစ်"

"ဒင်ရစ်ချီရဲ့ရုံးခန်းက ဘယ်အထပ်မှာ ရှိပါသလဲ"

"လေးဆယ့်ကိုး"

"ကျွန်တော့်ရုံးခန်းကို အထပ်ငါးဆယ်မှာ ဖွင့်ချင်ပါတယ်"

စကားဆုံးသည်နှင့် အပြင်ထွက်ခဲ့ကာ.တံခါးပြန်ပိတ်ပေးထားခဲ့လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

တံခါးခေါင်းလောင်းကို ကျွန်တော်နှိပ်သည်။ ခဏစက်ဖွင့်သံကို ကျွန်တော် ကြားနေရသည်။ တံခါးကို သူလာဖွင့်မပေးပါ။

တံခါးကို ကျွန်တော် ဖွင့်ကြည့်သည်။ သော့ခတ်မထားသဖြင့် ပွင့်သွားသည်။ အခန်းထဲမှာ ဆေးလိပ်မီးခိုးများ မွန်နေသည်။ ထို့ကြောင့် ပြတင်းပေါက်များကို ဖွင့်ပစ်လိုက်ရသည်။

"ဘာဘရာ. . ."

ကျွန်တော် ခေါ်ကြည့်သည်။ ပြန်မထူးပါ။ အိပ်ခန်းထဲ ဝင်သွားသောအခါ ကြမ်းပြင်ပေါ်မှာထိုင်ပြီး စီးကရက်ဖွာနေသည့် ဘာဘရာကို တွေ့ရသည်။

"အဝတ်အစား လဲလေကွာ၊ ကိုယ်တို့ချိန်းထားတယ် မဟုတ်လား"

သူ ဘာမှပြန်မပြောဘဲ ငိုတော့သည်။ ကုတင်ပေါ် သို့ပြေးကာ ခေါင်းအုံးမှာ မျက်နှာအပ်ပြီး ဆက်ငိုနေသည်။

ကျွန်တော်က ကုတင်စွန်းမှာ သွားထိုင်သည်။ သူ့ခေါင်းကလေးကို ပွေ့ယူပြီး ကျွန်တော့်ပခုံးစွန်းနှင့် အပ်ထားလိုက်မိသည်။ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။

"ကျွန်မ အရမ်းကြောက်တယ် စတီဖင်၊ ရူးသွားမတတ်ကို ကြောက်နေတယ်၊ နာသာနာရင်တော့ ကျွန်မသေမှာပဲ၊ နည်းနည်းကလေးမှ အနာမခံရဲဘူး" ဟု လေသံကလေးနှင့် ပြောသည်။

"မင်းနာအောင် ဘယ်သူကမှ မလုပ်ပါဘူး ကလေးရယ်" ဟု ကျွန်တော်က ကြင်နာသည့်လေသံဖြင့် ချော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို ကုတင်ပေါ်မှဆွဲထူပြီး ရေချိုးခန်းဆီသို့ ခေါ်ခဲ့သည်။

"ရေချိုးပြီး အဝတ်အစားလဲလိုက်နော်၊ ကိုယ် ကော်ဖီဖျော်ထားမယ်၊ မင်းထွက်လာတဲ့အချိန်မှာ အဆင်သင့်ဖြစ်နေရမယ်"

ကျွန်တော် ပြန်လှည့်ထွက်ခါနီးတွင် သူက ဖမ်းဆွဲထားလိုက်သည်။

"မောင် အလုပ်ရခဲ့ရဲ့လားဟင်"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"ကျွန်မ ဝမ်းသာလိုက်တာ" ဟု သူကပြောသည်။

□

ကမ္ဘာပေါ်တွင် ရှိရှိသမျှသော ဆေးရုံများ၏ လူနာရှင်စောင့်သည့် အခန်းသည် အတူတူချည်း ဖြစ်သည်။

အခန်းထဲသို့ ဆရာဝန် ဝင်လာသည်။ ခွဲစိတ်ခန်းတွင်းဝတ်သည့် ဝတ်စုံကို သူ့ကိုယ်ပေါ်မှာ ဝတ်ထားဆဲဖြစ်သည်။ အခြားလူများကို ခေါင်းညိတ်နှုတ်ဆက်ပြီး ကျွန်တော့်ဆီသို့ တန်းလာသည်။

"စတီဖင် . . . လာကွာ၊ ငါ့ရုံးခန်းထဲသွားရအောင်"

သူ့ရုံးခန်းထဲသို့ သူ့နောက်မှ ကျွန်တော်လိုက်သွားသည်။ အခန်းတံခါးကို ဂရုတစိုက် ပြန်ပိတ်သည်။ စိတ်ချရတော့မှ ကျွန်တော့်ဘက် ပြန်လှည့်လာသည်။

"ဒါလောက် ပူမနေပါနဲ့ကွ၊ ကောင်းသွားပါပြီ" ဟု ပြောသည်။

ကျွန်တော့်ရင်ထဲက အလုံးကြီးကျသွားသည်။

"ဘာပြဿနာမှ မရှိပါဘူးနော်"

သူက စီးကရက် မီးညှိသည်။

"ဘာပြဿနာမှ မရှိပါဘူး၊ ဒီအင်စီလုပ်တာ ရိုးရိုးကလေးပါ၊ သားအိမ်ခြစ်တာပေါ့ကွာ၊ သူ့ကို ဆေးရုံမှာ ဒီတစ်ညပဲထားမှာပါ၊ မနက်ဖြန်မနက်ဆိုရင် အိမ်ပြန်ခေါ်သွားနိုင်ပါပြီ"

"မင်းတယ်လီဖုန်း ခဏသုံးလို့ရမလား"

သူက ခေါင်းညိတ်ပြသဖြင့် ကတိပေးထားသည့်အတိုင်း စပင်ဇာစင်ကလဲယားထံ ဖုန်းလှမ်းဆက်ကာ အကျိုးအကြောင်း ပြောပြလိုက်သည်။

ကျွန်တော် ဖုန်းပြန်ချသောအခါ ဆရာဝန်က ကျွန်တော့်ကို ကြည့်နေသည်။

"အမျိုးသမီးရဲ့ အဖေလား"

ကျွန်တော် ခေါင်းညိတ်ပြရုံပဲ ပြုလိုက်သည်။

"သူ့အဖေကို အရမ်းလန့်နေတယ်၊ သတ္တိတော့ တော်တော်နည်းတဲ့ မိန်းကလေးကွ၊ သူ ယုံကြည်စိတ်ချတာ မင်းတစ်ယောက်တည်းပဲ ရှိပုံရတယ်"

"သူ့ကို ငါ သွားတွေ့နိုင်မလား"

"ရတာပေါ့၊ ဒုတိယထပ် အခန်းနံပါတ် (၂၀) ထဲမှာရှိတယ်၊ ဒါပေမယ့် ကြာကြာတော့ မနေနဲ့နော်၊ သူ အနားယူဖို့လိုတယ်"

www.burmeseclassic.com

www.burmeseclassic.com


"မနေပါဘူး"

"ဒါထက် စကားမစပ် ငွေတောင်းခံလွှာ ဘယ်သူ့ဆီ ပို့လိုက်ရမှာလဲ"

ကျွန်တော် အားပါးတရ ရယ်မိသည်။

"ငါ့ဆီသာပို့လိုက်ပါ သူငယ်ချင်းရာ၊ ကျသင့်သမျှအားလုံး ငါပဲ ရှင်းပေးလိုက်ပါ့မယ်"

သူကလည်း ရယ်သည်။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း"

ထိုမျှပြောခဲ့ပြီး အပေါ်ထပ်သို့ ကျွန်တော် တက်လာခဲ့သည်။

ခပ်မှောင်မှောင်အခန်းတွင်းသို့ ကျွန်တော် ဝင်သွားသောအခါ ဘာဘာရာ အိပ်ပျော်နေသည်ဟု ထင်မှတ်ရသည်။ နက်မှောင်သည့် ဆံပင်များသည် သွေးရောင်အားနည်းပြီး ဖြူဖတ်ဖြူရော်ဖြစ်ကာ ချောင်ကျနေသည့် မျက်နှာကလေးကို ဘောင်ခတ်ပေးထားသလို ဖြစ်နေသည်။ မှိတ်ထားသည့် မျက်လုံးများအောက်တွင် အညိုရောင်သမ်းနေသည်ကို တွေ့ရသည်။ မျက်နှာကလေးက ကလေးလေးနှင့် တူလွန်းလှသည်။ ကုတင်ဘေးမှာရပ်ပြီး သူ့ကို ကျွန်တော် ငုံ့ကြည့်နေမိသည်။

သူ့မျက်လုံးများ ပွင့်လာသည်။ မျက်နှာဖြူဖြူကလေးပေါ်မှ အပြာရောင် မျက်လုံးများသည် ထိတ်လန့်နေပုံရသည်။ သူ့လက်တစ်ဖက်ကို ကျွန်တော့်ဆီသို့ အသာအယာ ကမ်းပေးသည်။

"ဟယ်လို. . . စတီဖင်. . . မောင် စောင့်နေတယ်နော်၊ ဝမ်းသာလိုက်တာကွယ်"

ကျွန်တော်က သူ့လက်ကလေးကို ဖမ်းဆွဲယူသည်။ အေးစက်ပြီး အားနည်းနေပုံရသည်။

"စောင့်မယ်လို့ မောင်ပြောထားသားပဲကွယ်၊ အခု ဘယ်လိုနေသေးသလဲ"

ကုတင်ဘေးကခုံမှာ ကျွန်တော် ဝင်ထိုင်သည်။

"နည်းနည်းပဲနာတယ်၊ အဆိုးကြီးမဟုတ်ပါဘူး၊ မခံနိုင်လောက်အောင် မဟုတ်ဘူးလေ၊ သူတို့ ဆေးထိုးပေးပြီးတဲ့နောက်မှာ စိတ်တွေ တည်ငြိမ်လာတယ်"

ကျွန်တော့်လက်တစ်ဖက်ကို သူက စုပ်နမ်းသည်။ ထိုသို့နမ်းနေရင်း ကျွန်တော့်လက်ပေါ်သို့ မျက်ရည်ပူများ စီးကျလာကြောင်း သတိပြုလိုက်မိလေသည်။

"ကျွန်မကို လက်ထပ်နိုင်မလား မောင်၊ ကျွန်မ လိမ်လိမ်မာမာနေပါ့မယ်၊ ဇနီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်၊ မောင့်ကို ကတိပေးပါတယ်"

ရှိုက်သံတစ်ဝက်နှောပြီး သူကပြောသည်။

ကျွန်တော်က သူ့မျက်နှာကလေးကို လက်နှစ်ဖက်နှင့်ကိုင်ပြီး ကျွန်တော့်ဘက်သို့ ဆွဲယူသည်။ သူ့မျက်လုံးကြီးများ ဝိုင်းစက်နေသည်။ ကြောက်နေပုံလည်း ရသည်။

"အဲဒီအကြောင်းတွေ ပြောရမယ့်အချိန် မဟုတ်သေးဘူးလေကွယ်၊ ဝေဒနာကြီးတစ်ခုကို အခုပဲ မင်းခံစားခဲ့ရတာ မဟုတ်လား၊ မင်းနေကောင်းသွားတော့မှ ဒီအကြောင်းကို ပြောကြတာပေါ့နော်" ဟု ကျွန်တော်က နူးညံ့သိမ်မွေ့စွာ ပြောသည်။

ကျွန်တော့်အမူအရာကို သူကြိုးစားပြီး အကဲခတ်နေသည်။

"ကျွန်မ သဘောထားကို မပြောင်းလဲတော့ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com


သူ့ကို ကျွန်တော် ပြုံးပြလိုက်သည်။

"ကိုယ်လည်း မထင်ပါဘူးကွယ်၊ ကဲ. . . နားလိုက်ဦးနော်"

သူ့နှုတ်ခမ်းကလေးများကို ကျွန်တော်ငုံ့ပြီး နမ်းလိုက်မိပါသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

(၂၁) ဟိုတယ်တွင်းသို့ ကျွန်တော် ဝင်သွားသောအခါ ချပ်က အပေါက်ဝမှ စောင့်နေသည်။ ကျွန်တော့်ပခုံးကို ဆီးကြိုဖက်ပြီး နှုတ်ဆက်သည်။

"ဘားခန်းထောင့်မှာ ခင်ဗျားအတွက် စားပွဲတစ်လုံး သီးသန့်ပြင်ထားပါတယ်၊ ဂျက်ဆာဗစ် ရောက်နှင့်နေပြီ၊ မာတီနီနှစ်ခွက်တောင် သောက်ပြီးနေပြီ" ဟုလည်း ပြောသည်။

"ကျေးဇူးတင်ပါတယ် ချပ်"

"အချိန်မရွေး လိုတာပြောပါဗျာ"

သူက ပြုံးရင်းပြောသည်။ သို့သော်လည်း သူ့မျက်လုံးများက ကျွန်တော့်ပခုံးကိုကျော်ပြီး နောက်ရောက်လာသည့် ဖောက်သည်သစ်များဆီသို့ ရောက်နေနှင့်ချေပြီ။

ဘားခန်းကို ကျွန်တော် ဖြတ်လျှောက်လာခဲ့သည်။ စားပွဲထိုးချပ်မှာ ပျာယာခတ်နေသည်။

ဂျက်က မော့ကြည့်သည်။ သူ့ဆံပင်ဖြူများကို ခပ်တိုတိုညှပ်ထားသည်။ သူ့ကိုယ်ပေါ်က အဝတ်အစားနှင့် လိုက်ဖက်နေသည်။

"ဘယ်လိုလဲ" ဟု သူကဆီးမေးသည်။

ကုလားထိုင်မှာ ကျွန်တော် ဝင်ထိုင်သည်။

"စိတ်အေးအေးထားပါဗျာ၊ ကျွန်တော်တို့ အလုပ်ဖြစ်သွားပါပြီ"

"အားလုံး ဖြစ်သွားတာလား၊ ကျုပ်တို့ပြောထားတဲ့အတိုင်း အားလုံးဖြစ်တာလား"

သူ့လေသံက နူးညံ့လှသည်။ အံ့ဩသည့် အရိပ်အယောင်လည်း ထိုလေသံထဲမှာ အထင်အရှား ပါဝင်နေသည်။

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"စင်ကလဲယား ရုပ်မြင်သံကြားဌာနရဲ့ ဥက္ကဋ္ဌအဖြစ် ခန့်လိုက်ပြီ"

"ဘုရားသခင်. . . အဲဒီလိုဖြစ်သွားတာလား" သူက အလန့်တကြား ပုံစံမျိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အောင်သည်။

စားပွဲထိုးရောက်လာပြီး မာတီနီနှစ်ခွက် ချပေးသည်။ ဂျက်က စားပွဲထိုးကို လက်လှမ်းပြသည်။

"နှစ်ခွက်ပူး တစ်ခါတည်း ယူခဲ့ကွာ" ဟုပြောရင်း ကျွန်တော့်ဘက်သို့လည်း လှည့်ကာ "သူ့ကို ဘယ်လိုကိုင်တွယ်ရမယ်လို့ ကျုပ်ပြောခဲ့တာတွေ မှန်တယ်မဟုတ်လား" ဟုလည်း တဆက်တည်း မေးသည်။

ကျွန်တော်က မာတီနီခွက်ကို သူ့ဘက်သို့ မြှောက်ပြလိုက်သည်။

"ခင်ဗျားမှန်ပါတယ်"

သူစိတ်ချမ်းသာပါစေတော့ဟူသော သဘောဖြင့် ထိုစကားကို ပြောလိုက်ရသည်။ ကျွန်တော့်တွင် ဝှက်ဖဲတစ်ချပ်ကိုင်ထားသည့်အကြောင်း သူ့ကိုပြောပြနေဖို့ မလိုတော့ပါ။

အမှန်တော့ ယခုအလုပ်ကို ဘာဘရာကြောင့် ကျွန်တော်ရလိုက်ခြင်းသာ ဖြစ်ပါသည်။ တခြားအကြောင်း ဘာမျှမရှိပါ။

မာတီနီကို တစ်ကျိုက်ကျိုက်လိုက်သည်။ ရင်ထဲမှာ ပူဆင်းသွားပြီး နေသာထိုင်သာရှိသွားသည်။

"လခတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတို့ အကြောင်းရော ပြီးပြတ်အောင် ပြောခဲ့ရဲ့လား"

ကျွန်တော် ခေါင်းယမ်းပြသည်။

"ဘာလုပ်မှာလဲ. . . အဲဒါတွေက ခင်ဗျားလုပ်ရမယ့် အလုပ်တွေပဲ"

"မောင်ရင်တော်တယ်၊ ဘာမှမပူနဲ့၊ မောင်ရင့်အတွက် အကောင်းဆုံးဖြစ်အောင် အဲဒီကိစ္စတွေ ကျုပ်တို့ တာဝန်ယူဆောင်ရွက်ပေးပါ့မယ်" ဟုပြောရင်း သူ့မျက်နှာ ပြုံးသွားလေသည်။

"ခင်ဗျား သေသေချာချာ ကိုင်တွယ်ပေးနိုင်မယ်ဆိုတာ ယုံကြည်ပြီးသားပါခင်ဗျာ"

ကျွန်တော်ကလည်း သူ့ကို ပြန်ပြုံးပြရင်း ပြောလိုက်ရသည်။ သူလည်း တခြားအေးဂျင့်များနှင့် ဘာမှမထူး။ လူတစ်ယောက် အလုပ်ဖြစ်သွားပြီဆိုလျှင် သူတို့က ကော်မရှင်ကို အချိုးကျ ထိုင်ယူနေရုံပဲ ဖြစ်သည်။

"ဒါထက် တစ်နေ့ခင်းလုံး မောင်ရင် ဘယ်ပျောက်နေတာလဲ၊ ဒီညနေ ဒီမှာတွေ့ဖို့ ချိန်းမလို့ဟာ ဘယ်လိုမှ ရှာလို့မရဘူး၊ ဒီအချိန်ဟာ ဂေါင်မတစ်ကောင်ကောင်နဲ့ သွားရှုပ်နေရမယ့် အချိန်မဟုတ်ဘူးနော်၊ ကျုပ် အစာအိမ်ရောဂါက ချက်ချင်းပိုဆိုးလာတယ်"

ကျွန်တော်က ရယ်သည်။

"ဘယ်ကောင်မနဲ့မှ မရှုပ်ပါဘူးဗျာ၊ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတစ်ခုရှိလို့ သွားလုပ်နေတာပါ၊ မလုပ်လို့ မဖြစ်ဘူးလေ"

မျက်လှည့်ပြလိုက်သလို မာတီနီတစ်ခွက် ကျွန်တော့်ရှေ့သို့ ရောက်လာပြန်သည်။ ကျွန်တော်က ဖန်ခွက်ကို ကောက်ယူလိုက်ရင်း သူ့ကို စိုက်ကြည့်နေမိသည်။

"ခင်ဗျားတပည့်တွေကို တခြားတာဝန်တွေ မပေးတော့ဘဲ ကျွန်တော့်ကိစ္စဆောင်ရွက်ဖို့ အမိန့်ပေးလိုက်ပေတော့၊ ရသင့်ရထိုက်တဲ့ သတင်းတွေအားလုံး လိုချင်တယ်၊ ကုမ္ပဏီအားလုံးရဲ့ အစီအစဉ်တွေ၊ သူတို့ရဲ့ အရောင်းစံချိန်၊ ပေါက်ဈေး၊ သုတေသနလုပ်ငန်း၊ ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာလုပ်ငန်း၊ သူတို့အားလုံးရဲ့ လက်ရှိအဆင့်အတန်းအားလုံး လိုချင်တယ်၊ အရှေ့ဘက်ကမ်းခြေရော အနောက်ဘက်ကမ်းခြေမှာပါ ရှိနေတဲ့ ကုမ္ပဏီအားလုံးနော်၊ နောက်ပြီးတော့ တစ်ပြည်လုံးမှာရှိနေတဲ့ ရုပ်မြင်သံကြားဌာနအားလုံးရဲ့ လက်ရှိအခြေအနေ၊ သူတို့ရဲ့ ထုတ်လုပ်နိုင်စွမ်းအား၊ စင်ကလဲယား ရုပ်မြင်သံကြားဌာနနဲ့ ပတ်သက်လို့လည်း အသေးစိတ်သိချင်တယ်"

သည်တစ်ခါ အမှတ်ယူဖို့မှာ သူ့အလှည့်ဖြစ်သွားလေသည်။ သူ့ဘေးကုလားထိုင်ပေါ်မှာ တင်ထားသည့် ဖိုင်တွဲကြီးကို ကောက်ယူလိုက်သည်။ သားရေအနက်ဖုံးဖိုင်တွဲဖြစ်ပြီး သုံးလက်မခန့်ထူသည်။ ဖိုင်တွဲကြီးကို ကျွန်တော် ငုံ့ကြည့်သည်။ အဖုံးပေါ်တွင် ရွှေစာလုံးများ ရေးထားသည်။ ကျွန်တော့်နာမည်နှင့် ရာထူးကို ပထမဆုံး မြင်တွေ့လိုက်ရခြင်း ဖြစ်လေသည်။

စင်ကလဲယား ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ

မစ္စတာ စတီဖင်ဂေါက်အတွက် လျှို့ဝှက်ဖိုင်တွဲ

"ကျုပ်က မောင်ရင့်ထက် နှာတစ်ဖျားမက ခေါင်းတစ်လုံးသာပါတယ် မောင်ရာ၊ မောင်ရင်မေးတာတွေအားလုံး ဟောဒီထဲမှာရှိတယ်၊ သိချင်တာတွေအားလုံး ဟောဒီထဲမှာပါတယ်၊ ဒါတွေဟာ ကမ္ဘာ့အနုပညာသည်များ အုပ်ချုပ်ရေးအဖွဲ့ရဲ့ စွမ်းဆောင်ချက်တွေပါပဲ၊ ကျုပ်တို့အဖွဲ့ကို အားကိုးစမ်းပါ၊ မစ္စတာ စင်ကလဲယားနဲ့တွေ့ဖို့ ချိန်းထားကြောင်း၊ လွန်ခဲ့တဲ့အပတ်က မောင်ရင် ပြောတယ်မဟုတ်လား၊ အဲဒီအချိန်ကစပြီး ကျုပ်လူတွေကို ဒါတွေ စုဆောင်းခိုင်းထားတာ၊ ဒါတွင်မကသေးဘူး၊ ဒီနေ့တစ်ညလုံး မောင်ရင်မေးတာဖြေဖို့ သိချင်တာပြောပြဖို့ ကျုပ်လူတွေ အဆင်သင့် စောင့်နေကြတယ်၊ ကျုပ်ရဲ့ ကမ္ဘာ့အနုပညာသည်များ အုပ်ချုပ်ရေးအဖွဲ့က လုပ်လိုက်ပြီဆိုရင် ဘယ်တော့မှ ဟာကွက်မရှိစေရဘူး စိတ်သာချ"

သူ့ကို ကျွန်တော် ပြုံးကြည့်နေမိသည်။

"ခင်ဗျားဟာ ဒါလောက်တော်တဲ့လူ မဟုတ်ဘူးလို့ ထင်ခဲ့မိတာ မှားလေခြင်းဗျာ"

"ဒါတွင်မကသေးဘူးမောင်၊ နောက်နှစ်မှာ အအောင်မြင်ဆုံးဖြစ်ရမယ်လို့ ကျုပ်ထင်ထားတဲ့ အစီအစဉ်တွေကို အလံနီ ထိုးပြထားသေးတယ်၊ မောင်ရင် အသာကလေး လှန်ကြည့်လိုက်ရုံပဲ"

"ကောင်းတယ်၊ ဒါပေမယ့် အခုနှစ်အတွက် အောင်မြင်နိုင်တာတွေကရော ဘာတွေလဲ"

ကျွန်တော့်အမေးကို စိတ်ကြီးဝင်သော လေသံကြီးဖြင့် သူက ပြန်ဖြေသည်။

"လုပ်မနေနဲ့လေ၊ အခုပဲ အောက်တိုဘာလ ရောက်နေပြီ၊ နှစ်မကုန်ခင် ပြင်ဆင်ဖို့ အချိန်မရှိတော့ဘူး၊ ဒီလောက် အချိန်တိုတိုကလေးအတွင်းမှာ မောင်ရင် ဘာမှလုပ်လို့မရနိုင်တော့ဘူး"

"ဘာကြောင့် မရ,ရမှာလဲ"

"မောင်ရင် သိပါတယ်လေ၊ ဒီလောက်တိုတောင်းတဲ့ အချိန်ကလေးအတွင်းမှာ ကြီးကြီးကျယ်ကျယ်တွေ ပြောင်းလဲလို့ ဘယ်ဖြစ်နိုင်တော့မှာလဲ"

"ဒီလို မဟုတ်သေးဘူးလေ၊ စင်ကလဲယား ရုပ်မြင်သံကြားမှာ ဥက္ကဋ္ဌဖြစ်လာပြီဆိုတာနဲ့ တစ်မြို့လုံးက လူတွေအားလုံးက ကျွန်တော့်ကို မျက်စိဒေါက်ထောက် ကြည့်နေကြတော့မှာ၊ ကျွန်တော်ညံ့ရင် ဝိုင်းဆော်ကြလိမ့်မယ်၊ စင်ကလဲယားအကြောင်းကို ခင်ဗျားက ကျွန်-

www.burmeseclassic.com

www.burmeseclassic.com



တော့်ထက် ပိုသိပါတယ်၊ တစ်ခုခုတော့ ကျွန်တော် လုပ်ပြတော့မှာပဲလို့ သူမျှော်လင့်ထားမှာ သေချာတယ်"

"အံ့ဖွယ်သူရဲတွေ လုပ်ပြလိမ့်မယ်လို့တော့ သူမျှော်လင့်ထားမှာ မဟုတ်ပါဘူး"

"ခင်ဗျားနဲ့ကျွန်တော် လောင်းမလား"

သူ ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

"ကျွန်တော် ဘာ့ကြောင့် ဒီအလုပ်ရတယ်လို့ ခင်ဗျားထင်သလဲ၊ အံ့ဖွယ်သူရဲတွေ ဖြစ်အောင် လုပ်ပြတတ်တဲ့လူမို့လို့ ရတာ၊ ဂရိတ်တာဝါ ရုပ်မြင်သံကြားဌာနမှာ ကျွန်တော် ဘာတွေလုပ်ပြခဲ့တယ်ဆိုတာ ပြန်ကြည့်စမ်း"

သူက မာတီနီသောက်ပြီး ငြိမ်မြဲငြိမ်နေသည်။

"အခုလောလောဆယ် ဘယ်ရုပ်ရှင်ကုမ္ပဏီ ဒုက္ခရောက်နေသလဲ" ဟု ကျွန်တော်က မေးသည်။

အရက်ခွက်ကို မှုန်တေတေဖြင့် သူ စိုက်ကြည့်နေသည်။

"ရုပ်ရှင်ကုမ္ပဏီတိုင်း ဒုက္ခရောက်နေကြတာပဲ၊ ဒီနှစ်ထဲမှာ ဘယ်ကုမ္ပဏီမှ အမြတ် ခရနိုင်ဘူး၊ သူတို့ အခြေအနေ မဆိုးကြောင်း အစုရှင်တွေ ယုံကြည်သွားအောင် တစ်နည်းနည်း မျက်လှည့်ပြဖို့ ကုမ္ပဏီတိုင်း အရူးအမူး ကြိုးစားနေကြတာ"

"ကောင်းပြီ၊ မနက်ဖြန် မနက်ကစပြီး ကျွန်တော့်အတွက် ထိပ်တန်းရုပ်ရှင်ကားတွေ ရနိုင်သလောက် သိမ်းကျုံးဝယ်ပေးပါ၊ စည်းကမ်းချက် တစ်ခုပဲထားပါ၊ ဝယ်တဲ့ကားအားလုံး (၁၉၄၈) ခုနှစ် ဒီဘက်ပိုင်းရိုက်တာတွေ ဖြစ်ပါစေ"

"မနောက်နဲ့လေ"

သူက လေသံပြတ်ပြတ်ဖြင့် ပြောသည်။

သူ ဘာဆိုလိုကြောင်း ကျွန်တော်သိပါသည်။ ရုပ်မြင်သံကြားများ ပေါ်လာသည့် အချိန်မှစ၍ ရုပ်ရှင်ကုမ္ပဏီများ အကြီးအကျယ် ဒုက္ခရောက်ကုန်ကြသည်။ ထို့ကြောင့် သူတို့ ကုမ္ပဏီချင်း ညှိနှိုင်းကာ ရုပ်မြင်သံကြား ကုမ္ပဏီများအား (၁၉၄၈) ခုနှစ်နောက်ပိုင်း ရိုက်ကူးသည့်ကားများ မရောင်းရေး ဆုံးဖြတ်ထားကြသည်။

ကျွန်တော်က လေသံကို အအေးစက်နိုင်ဆုံးဖြစ်အောင် ကြိုးစားလိုက်သည်။ မည်သူ အာဏာပိုင်ဖြစ်ကြောင်း ထုတ်ဖော်ပြသရတော့မည့်အချိန် ရောက်လာပေပြီ။

"ကျွန်တော်မနောက်တာ တစ်ခုပဲရှိတယ်၊ အဲဒါ အလုပ်နဲ့ပတ်သက်လာရင်ပဲ"

ထိုစကားကိုပင် စပင်ဇာစင်ကလဲယားအား ပြောပြခဲ့ဖူးသည်။ အောင်မြင်သည်။ ယခုလည်း သူ့အမူအရာ ချက်ချင်းပြောင်းလဲသွားသည်။ လေသံပါ ပြောင်းသွားသည်။

"အရင်းအနှီး သိပ်များမယ်"

"ဒါ အရေးမကြီးပါဘူးဗျာ၊ စင်ကလဲယားရုပ်မြင်သံကြားဌာနရဲ့ နောက်ဆုံး ငွေစာရင်း ရှင်းတမ်းကို ခင်ဗျားမြင်ပြီးပြီလား၊ ငွေသားချည်းပဲ ဒေါ်လာသန်းတစ်ရာကျော် ရှိတယ်"

"ဒီလိုဆိုရင် အဲဒီရုပ်ရှင်ကားတွေ ဝယ်လို့ရတဲ့အခါမှာ မောင်ရင် ဘယ်လိုအသုံးချမှာ လဲ"

"စနေနေ့ညတိုင်း ကိုးနာရီကနေ ဆယ့်တစ်နာရီအထိ အဲဒီကားတွေ ထုတ်လွှင့်ပြ မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



သူက 'ဝယ်လို့ရခဲ့ရင်' ဟူသော စကားလုံးကိုမသုံးဘဲ 'ဝယ်လို့ရတဲ့အခါ' ဟု သုံးသည်ကို ကျွန်တော် သတိပြုလိုက်မိလေသည်။

"ဒါပေမယ့် အခု ရုပ်မြင်သံကြားကုမ္ပဏီတွေ လုပ်နေပုံမျိုးနဲ့ဆိုရင် မောင်ရင့်နည်းကြီးက ခေတ်နောက်ပြန်ဆွဲသွားသလို ဖြစ်နေတော့မှာပေါ့၊ ရုပ်မြင်သံကြား ကုမ္ပဏီတွေအားလုံးက ကိုယ်ပိုင်ဇာတ်လမ်းတွေရိုက်ပြီး ထုတ်လွှင့်နေကြတာပဲ" ဟု သူက ပြန်ပြောသည်။ သူ့လေသံမှာ အတော်တုန်လှုပ်ချောက်ချားနေသည်။

"တခြားကုမ္ပဏီတွေမှာရှိတာ ခင်ဗျားပြောနေတာပါ၊ စင်ကလဲယားမှာ ဘာမှမရှိဘူး၊ ပိုက်ဆံတစ်ခုပဲရှိတယ်၊ ဒါကြောင့် ဒီပိုက်ဆံကိုသုံးပြီး လိုချင်တာ ဝယ်ယူရမယ်"

"ဒါပေမယ့် အခုပြောတဲ့ အစီအစဉ်ကြီးကတော့ မှားနေပြီထင်တယ်၊ ဖြစ်သင့်တာက ကျုပ်တို့ ကိုယ်ပိုင်ဇာတ်လမ်းတွေ ရိုက်နိုင်အောင် ထူထောင်ယူရမယ်" ဟုပြောကာ သူက အကျောက်အကန် ကန့်ကွက်နေသည်။

သူ ဘာကြောင့်ခေါင်းမာနေကြောင်း ကျွန်တော်သိပါသည်။ ရုပ်ရှင်ဇာတ်လမ်းများကို ကျွန်တော်တို့က ထုတ်လွှင့်ပေးမည်ဆိုလျှင် သူ့အတွက် ကော်မရှင် အရနည်းသွားမည်။ အပိုင်ဝယ်ယူခြင်းဖြစ်သဖြင့် ရုပ်ရှင်ကုမ္ပဏီများက သူ့ကို ကော်မရှင်ပေးတော့မည် မဟုတ်။

"ခင်ဗျားပြောတာ မှန်ပါတယ်၊ အဲဒီအစီအစဉ်ကို နောက်နှစ်မှာလုပ်မယ်၊ ဒီနှစ်အတွက် ကြီးကြီးကျယ်ကျယ် စီစဉ်ဖို့ အချိန်မရှိတော့ဘူးလို့ ခင်ဗျားပဲ စောစောတုန်းက ပြောခဲ့တာမဟုတ်လား"

"မောင်ရင့်ရဲ့ ကုမ္ပဏီကြီးတစ်ခုလုံးက မောင်ရင့်ကို ဝိုင်းဟားကြတော့မှာပေါ့"

"ဟားစမ်းပါစေဗျာ၊ သောက်ရေးလုပ်လို့ အရေးအကြီးဆုံးက ကျုပ်တို့ကုမ္ပဏီရဲ့ အဆင့်အတန်းကို မြှင့်တင်လိုက်နိုင်ဖို့ပဲ၊ နယ်လ်ဆင်ကုမ္ပဏီရဲ့ သုတေသနစစ်တမ်း ထွက်လာရင် ဘယ်ကောင်ဟားနိုင်တော့မှာလဲ"

"အဲဒီကားတွေကို ဘယ်တော့ ထုတ်လွှင့်ပြချင်တာလဲ" ဟု သူကမေးသည်။

သူ့စိတ်ထဲမှာ ကျိတ်ပြီးတွက်နေပြီဖြစ်ကြောင်း ကျွန်တော် အကဲခတ်၍ ရနေသည်။ ကိုယ်က ငမ်းငမ်းတက်ဖြစ်ပြလျှင် တစ်ဖက်က ဈေးကိုင်စမြဲဖြစ်သည်။ အခြားတစ်ဖက်မှာလည်း သူသွားလိုးဦးမည်။ မတတ်နိုင်တော့။ ကျွန်တော်လုပ်ချင်သည်ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ဖို့သာ အရေးအကြီးဆုံးဖြစ်သည်။

"ဇန်နဝါရီလက စ,ပြမယ်"

"ဒါလည်း အချိန်ဘယ်လောက်မှ မရှိတော့ဘူး၊ ရေးကြီးသုတ်ပြာဝယ်ရင် ဈေးတွေ သိပ်ကြီးကုန်လိမ့်မယ်"

ကျွန်တော်က မာတီနီခွက်ကို ကောက်ကိုင်လိုက်သည်။

"စောစောကလည်း ဒီစကားကို ခင်ဗျားပြောပြီးပြီလေ၊ ရုပ်ရှင်ကုမ္ပဏီရဲ့ ကြွေးကြော်သံကို ခင်ဗျားကြားဖူးတယ်မဟုတ်လား၊ 'ရုပ်ရှင်သာလျှင် သင့်အတွက် အကောင်းဆုံး ဖျော်ဖြေမှုဖြစ်သည်' ဆိုတာလေ၊ ကျုပ် အဲဒါကိုယုံတယ်"

"အင်း. . . မောင်ရင်ပြောတာလည်း မှန်ပါလိမ့်မယ်" ဟုပြောရင်း မာတီနီကို ဖြည်းဖြည်းချင်း သူသောက်နေသည်။

"ကျွန်တော်မှန်တယ်ဆိုတာ ကျွန်တော်သိပါတယ်ဗျာ၊ ကဲ. . . ညစာမှာလိုက်ကြရ

www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ကျွန်တော့်အခန်းမှာ ဆယ့်တစ်နာရီလာတွေ့ဖို့ ခင်ဗျားလူတွေကို ဖုန်းဆက်ပြောလိုက်ဦး"

စားပွဲပေါ်တွင် အသင့်ရှိနေသည့်ဖုန်းကို သူ လှမ်းဆွဲသည်။

"မောင်ရင့်လိပ်စာ ပြန်ပြောပါဦး၊ အနောက်ဗဟိုပန်းခြံ၊ (၂၅) လား"

"မဟုတ်ဘူး၊ ဝါးဒေါ့ဟိုတယ်၊ မိုးပျံအခန်း အမှတ်ခခွေး"

အကြီးအကျယ် အံ့အားသင့်သွားသည့် သူ့မျက်နှာကို မြင်လိုက်ရသဖြင့် ကျွန်တော် အော်ကြီးဟစ်ကျယ် ရယ်လိုက်မိတော့မည်လို ဖြစ်သွားလေသည်။

"မောင်ရင် အဲဒီကိုပြောင်းသွားတာ ကျုပ် မသိလိုက်ရပါလား" ဟုလည်း ပြောသည်။

"ဒီနေ့ နေ့ခင်းတုန်းက ကျုပ်လုပ်နေတယ်ဆိုတဲ့ အလုပ်တွေထဲမှာ အဲဒါလည်း တစ်ခုအပါအဝင်ပေါ့ဗျာ၊ ကျုပ်အလုပ်ရှိတဲ့နေရာကို လမ်းလျှောက်သွားလို့ရတဲ့ နေရာမျိုးမှာပဲ နေချင်တယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

လော်ဘီခန်းထဲသို့ ယခုတစ်ကြိမ် ကျွန်တော်ဝင်သွားသောအခါ သူတို့အားလုံး ကျွန်တော့်ကို သိနေကြချေပြီ။ စားပွဲမှာထိုင်နေသည့် မိန်းကလေးနှစ်ယောက်က မော့ကြည့်ပြီး ပြုံးပြသည်။

"ဂွဒ်မောနင်း မစ္စတာဂေါက်" ဟူ၍လည်း ပြိုင်တူနှုတ်ဆက်ကြသည်။

"ဂွဒ်မောနင်း" ဟု ကျွန်တော်ကလည်း ပြန်နှုတ်ဆက်ရသည်။

မနေ့တုန်းက ကျွန်တော့်ကို အပေါ်ထပ်လိုက်ပို့ပေးသည့် ယူနီဖောင်းဝတ် လုံခြုံရေးတာဝန်ခံက စားပွဲနောက်မှ ထွက်လာသည်။

"ဂွဒ်မောနင်း မစ္စတာဂေါက်၊ ဆရာ့ရဲ့ ဓာတ်လှေကားသော့ ကျွန်တော့်မှာရှိပါတယ်၊ ဘယ်လို အသုံးချရမယ်ဆိုတာ ကျွန်တော် လိုက်ပြပါရစေခင်ဗျာ" ဟု သူကပြောသည်။

"ကျေးဇူးတင်ပါတယ် မစ္စတာဂျွန်ဆင်"

သူပြုံးသွားသည်။ သူ့နာမည်ကို ကျွန်တော် မှတ်မိနေသည့်အတွက် အတော်ပီတိဖြစ်သွားပုံရသည်။

သူ့နောက်မှ ကျွန်တော်လိုက်သွားသည်။ မနေ့တုန်းက သူသုံးခဲ့သည့် စင်ကလဲယား၏ ဓာတ်လှေကားဘေးတွင် အခြားဓာတ်လှေကားတစ်ခု ရှိသည်။ ဂျွန်ဆင်က အိတ်ထဲမှ သော့ထုတ်ပြီး တံခါးဖွင့်သည်။ ကျွန်တော်က သူ့နောက်မှ အတွင်းသို့ ဝင်လိုက်သည်။

"အပေါ်ကိုတက်ဖို့ ဟောဒီခလုတ်ကလေးကို နှိပ်ရုံပါပဲခင်ဗျာ၊ ဆရာ့ရုံးခန်းရှိတဲ့ အထပ်နဲ့ ကျွန်တော်တို့ လော်ဘီကြားမှာ လုံးဝမရပ်ပါဘူး။ ပြန်အဆင်းကျတော့ 'အဆင်း'လို့တဲ့ ခလုတ်ကလေးကို နှိပ်လိုက်ရုံပါပဲ"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က ခေါင်းညိတ်ပြသည်။ ပြီးတော့ ပြုံးပြီးမေးမိသည်။

"ဒီဓာတ်လှေကားမှာတော့ ခေါင်းလောင်းမရှိဘူးလား"

သူ့မျက်နှာ ချက်ချင်းပြန်တည်သွားသည်။

"မရှိပါဘူးခင်ဗျာ၊ မစ္စတာစင်ကလဲယားရဲ့ ဓာတ်လှေကားမှာပဲ ခေါင်းလောင်း တပ်ဆင်ထားပါတယ်၊ မနှစ်တုန်းက သေနတ်သမားတစ်ယောက် တက်သွားပြီး သူ့ကိုလုပ်ကြံဖို့ ကြိုးစားတာနဲ့ ခေါင်းလောင်းတပ်လိုက်ရတာပါ"

ကျွန်တော်က ဘာမှမပြောဘဲ စောင့်နားထောင်နေသည်။ သို့သော်လည်း သူက စကားမဆက်တော့ချေ။ စင်ကလဲယားက ဘာတွေလုပ်သဖြင့် လုပ်ကြံခံရလုနီးနီး ကြုံလိုက်ရသနည်းဟု ကျွန်တော် စဉ်းစားကြည့်နေမိသည်။

ဂွါန်ဆင်က ကျွန်တော့်ကို သော့လှမ်းပေးသည်။

"ဆရာ့ဧည့်သည်တွေကိုတော့ ဧည့်ကြိုဌာနရှိတဲ့ (၄၇) ထပ်ကို ပို့ပေးမှာဖြစ်ပါတယ်၊ အဲဒီကတစ်ဆင့် တခြားဓာတ်လှေကားနဲ့ ဆရာ့ရုံးခန်းကို အစီအစဉ်အတိုင်း လာကြဖို့ဖြစ်ပါတယ်၊ တခြားဓာတ်လှေကားတွေ အားလုံးမှာ ဓာတ်လှေကားမောင်းသူ ရှိပါတယ်၊ ဒီဓာတ်လှေကားမှာ သော့သုံးချောင်းရှိပါတယ်၊ တစ်ချောင်းက ဆရာ့ဆီမှာ၊ တစ်ချောင်းက ဆရာ့ရဲ့ အတွင်းရေးမှူး မစ္စဖော်ဂါတီဆီမှာ၊ ကျန်တစ်ချောင်းက ကျွန်တော်တို့ လော်ဘီဧည့်ကြိုဌာနမှာ အမြဲတမ်း ရှိနေပါတယ်"

သူက ခလုတ်နှိပ်ပြီး တံခါးဖွင့်ပေးသည်။

"တခြားသိချင်တာ ဘာရှိပါသေးသလဲ ခင်ဗျာ"

"တစ်ခုပဲ သိချင်ပါတယ်၊ ကျုပ်ရုံးခန်းက ဘယ်အထပ်မှာလဲ"

သူ့မျက်နှာပေါ်တွင် အံ့ဩသည့်အမူအရာ ချက်ချင်းပေါ်လာသည်။

"အထပ်ငါးဆယ်မှာပါ ဆရာ"

"ကျေးဇူးတင်ပါတယ် မစ္စတာဂွါန်ဆင်"

အပေါ်တက်သည့်ခလုတ်ကို ကျွန်တော်နှိပ်လိုက်သည်။

ဓာတ်လှေကားတံခါး ပွင့်သွားသည့်အချိန်မှာပင် မစ္စဖော်ဂါတီ အဆင်သင့်စောင့်နေသည်ကို တွေ့ရသည်။

သူ့အသက် သုံးဆယ်တွင်းလောက် ဖြစ်မည်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်၊ အညိုရောင် မျက်လုံးများနှင့် ဆံပင်ကို ဖဲကြိုးအနက်နှင့် နောက်မှာစုချည်ထားသည်။ စင်ကလဲယားကုမ္ပဏီ၏ ယူနီဖောင်းဖြစ်သော အနက်ခံဂါဝန်ကို ဝတ်ဆင်ထားသည်။

"ဂွဒ်မောနင်း မစ္စတာဂေါက်၊ ကျွန်မနာမည် ရှီလာဖော်ဂါတီပါ၊ ရှင့်ရဲ့နံပါတ်တစ် ဖြစ်ပါတယ်"

ကျွန်တော်က လက်ဆန့်တန်းပေးလိုက်သည်။

"ဂွဒ်မောနင်း မစ္စဖော်ဂါတီ"

သူ့လက်မှာ အေးစက်နေပြီး အနည်းငယ် စိုထိုင်းထိုင်းဖြစ်နေသည်။ သူလည်း ကျွန်တော့်လိုပင် စိတ်လှုပ်ရှားရမည်ဖြစ်ကြောင်း ချက်ချင်း သဘောပေါက်လိုက်မိသည်။ ထို့နောက်တော့မှပင် စိတ်တည်ငြိမ်မှု ရ‌စပြုလာသည်။ သူ့ကို ကျွန်တော် ပြုံးပြလိုက်သည်။ သူကလည်း ပြန်ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေရာထိုင်ခင်းတွေကို ကျွန်မ လိုက်ပြပေးပါရစေရှင်"

နောက်ဘက်သို့ သူလှည့်သွားသည်။ သူတင်ပါးများ ဖွံ့ကားထွားကျိုင်းကြောင်းနှင့် သူ့ခြေတံများလှပကြောင်း ကျွန်တော် သတိပြုလိုက်မိသည်။

"ဒီအထပ်တစ်ထပ်လုံးမှာ ပြင်ဆင်ထားပုံအားလုံးဟာ အပေါ်ထပ်မှာရှိတဲ့ မစ္စတာစင်ကလဲယားရုံးခန်းနဲ့ တစ်ပုံစံတည်းဖြစ်ပါတယ်၊ နောက်ပြီးတော့ အိပ်ခန်းရှိတဲ့အထပ်ကတော့ ရှင့်ရဲ့အထပ်တစ်ခုတည်းပဲ ဖြစ်ပါတယ်"

စင်္ကြံအတိုင်း သူ့နောက်မှ ကျွန်တော်လိုက်သွားသည်။ အရာရာသည် ဖြူဖွေးနေသည်။ ပန်းချီကားများကိုလည်း တွေ့ရသည်။ မီရိုနှင့် ပီကာဆိုတို့၏ လက်ရာအစစ်များဖြစ်ပြီး အလွန်ဈေးကြီးမည်ဖြစ်ကြောင်း မည်သူမျှမပြောဘဲ သိနိုင်သည်။

ပန်းချီကားများကို ကျွန်တော်ကြည့်နေကြောင်း ဖော်ဂါတီ သတိပြုမိသွားသည်။

"မစ္စတာစင်ကလဲယား စုဆောင်းထားတဲ့ ပန်းချီကားတွေဖြစ်ပါတယ်"

ကျွန်တော့်ကိုရှင်းပြရင်း တံခါးတစ်ခုကို ဖွင့်သည်။

"ဒါကတော့ ရုပ်ရှင်ပြခန်းဖြစ်ပါတယ်"

အတွင်းသို့ ကျွန်တော် တစ်ချက်လှမ်းကြည့်လိုက်သည်။ သပ်ရပ်ပြီး သက်တောင့်သက်သာ နေနိုင်အောင် စီမံထားသည်။ လက်တန်းပါသည့် ကုလားထိုင် နှစ်ဆယ့်နှစ်လုံး ချထားသည်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်တွင် သူက တံခါးပိတ်ခဲ့ပြီး နောက်တစ်ခန်းဆီသို့ ဦးဆောင်ခေါ်သွားသည်။

"ဒါကတော့ အစည်းအဝေးခန်းမကြီး ဖြစ်ပါတယ်"

အတွင်းမှာ စားပွဲကြီးနှင့် ကုလားထိုင်အလုံးနှစ်ဆယ် ချထားသည်။

"ဒီအခန်းနဲ့ အစည်းအဝေး ခန်းမလေးကြားမှာ မီးဖိုခန်းရှိပါတယ်၊ စားဖိုမှူးတစ်ယောက်ကို အချိန်ပြည့် တာဝန်ချထားပါတယ်၊ နေ့လယ်စာ စားလိုတဲ့အခါမှာ သူ့ကို အမိန့်ပေးလိုက်ရုံပါပဲ"

အစည်းအဝေး ခန်းမကလေးထဲတွင်မူ ကုလားထိုင် ဆယ်လုံးသာရှိသည်။ အစည်းအဝေး ခန်းမကြီးနှင့် တစ်ပုံစံတည်းဖြစ်သည်။

ခါတ်လှေကားဘက်သို့ ပြန်လျှောက်လာခဲ့ကြသည်။

"ဒါကတော့ ဧည့်ကြိုဌာနဖြစ်ပါတယ်၊ ဧည့်သည်စောင့်ဖို့ အခန်းသုံးခန်းရှိပါတယ်၊ ရှင့်ဆီကိုလာတဲ့ ဧည့်သည်တွေဟာ သူတို့ချင်း ဒီမှာဆုံဖို့အကြောင်း လုံးဝမရှိပါဘူး၊ နောက်ပြီးတော့ အခန်းအားလုံးဟာ တစ်ပုံစံတည်းချည်း ဖြစ်ပါတယ်"

မစ္စဖော်ဂါတီက တစ်ခန်းချင်း၏ တံခါးများကို ဖွင့်ပြသည်။ မနေ့တုန်းက အပေါ်ထပ် စင်ကလဲယားရုံးခန်းသို့အသွား ကျွန်တော် ထိုင်စောင့်ခဲ့ရသည့် အခန်းများနှင့်လည်း တစ်ပုံစံတည်းဖြစ်နေသည်ကို တွေ့ရသည်။

ဧည့်ကြိုဌာနက စားပွဲတစ်လုံးတွင်ထိုင်နေသည့် ရွှေရောင်ဆံပင်နှင့် အမျိုးသမီးကလေးက ကျွန်တော်တို့ကို မြင်သောအခါ ထိုင်ရာမှ ထ,သည်။

"သူက မစ္စဆွင်ဆန်. . . ဧည့်ကြိုတာဝန်ခံပါ၊ မစ္စဆွင်ဆန်. . . ဒါက မစ္စတာဂေါက်"

ရွှေရောင်ဆံပင်ပိုင်ရှင်ကလေးက ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာဝမ်းသာပါတယ် မစ္စတာဂေါက်"

ကျွန်တော်ကလည်း ပြန်ပြုံးပြသည်။ သူသည်လည်း စင်ကလဲယား ကုမ္ပဏီကြီး တစ်ခုလုံးတွင်ရှိနေသည့် အခြားမိန်းကလေးများနှင့် တစ်ပုံစံတည်းပင် ဖြစ်ချေသည်။

"ဝမ်းသာပါတယ် မစ္စဆွင်ဆန်"

ဧည့်ကြိုဌာနကို ဖြတ်လျှောက်လာခဲ့ကြသည်။ မစ္စဖော်ဂါတီက တံခါးတစ်ခုကို ဖွင့်ပြန်သည်။

"ဒါက ကျွန်မရဲ့ရုံးခန်းဖြစ်ပါတယ်"

ရုံးခန်းထဲတွင် အခြားမိန်းကလေးတစ်ယောက် ထိုင်နေသည်။ ကျွန်တော်တို့ ဝင်သွားသောအခါ မော့ကြည့်သည်။ ကျွန်တော်တို့မှန်းသိသည်တွင် ထိုင်ရာမှထ,သည်။

"သူက ဂျင်နီပါ၊ ကျွန်မရဲ့ လက်ထောက်ပါ၊ ရှင့်ရဲ့ နံပါတ်နှစ်ပေါ့"

"မစ္စတာဂေါက် . . . အခုလိုတွေ့ရတာ ပျော်လိုက်တာရှင်"

ဂျင်နီက ရှင်ရှင်ကလေးပြုံးကာ ပြောသည်။ သူကတော့ ရွှေရောင်ဆံပင်မဟုတ်ဘဲ ဆံပင်အနက်နှင့် ဖြစ်နေသည်။ သို့သော် အခြားအမျိုးသမီးများကဲ့သို့ပင် တစ်ပုံစံတည်းချော သူဖြစ်သည်။ စင်ကလဲယားကုမ္ပဏီသည် ယခုလို အချောအလှများကို ဘယ်လိုများ ရှာဖွေစုဆောင်းထားနိုင်ပါလိမ့်ဟု တွေးကြည့်လိုက်မိလေသည်။

"ဝမ်းသာပါတယ် ဂျင်နီ"

ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။ သူ့လက်များကမူ မစ္စဖော်ဂါတီ၏ လက်လောက် စိုထိုင်းထိုင်း ဖြစ်မနေ။ သူက နံပါတ်နှစ်ဆိုတော့ ဆုံးရှုံးစရာရှိလျှင် ကြီးကြီးကျယ်ကျယ် မဖြစ်နိုင်သဖြင့် ဖော်ဂါတီလောက် စိုထိုင်းစရာမလို။

"ရှင့်ရုံးခန်းထဲကို ဝင်တဲ့အပေါက် နှစ်ခုရှိပါတယ်၊ ဟောဟိုစားပွဲအလွန်က အပေါက်က ကျွန်မတို့ရုံးခန်းကတစ်ဆင့် ဝင်တာပါ၊ တစ်ခုကတော့ ဧည့်ကြိုဌာနကနေ တိုက်ရိုက်ဝင်တဲ့တံခါး ဖြစ်ပါတယ်၊ ရှင့်ရဲ့ သီးခြားညွှန်ကြားချက်မရဘဲနဲ့တော့ ဧည့်သည်အားလုံးကို ဧည့်ကြိုဌာန အဝင်ပေါက်ကနေပြီး ဝင်ခွင့်ပြုပါ့မယ်"

ကျွန်တော်က ဘာမှပြန်မပြောပါ။

ကျွန်တော့်ရုံးခန်းသို့ ဝင်ပေါက်တံခါးကို သူဖွင့်သည်။ ကျွန်တော့်ကို အလျင်ဝင်စေသည်။ အပေါက်ဝမှာ ကျွန်တော် ခဏရပ်နေမိသည်။ စင်ကလဲယား၏ ရုံးခန်းနှင့် တစ်ပုံစံတည်း ဖြစ်နေပြန်သည်။ နံရံတစ်ဖက်စီတွင် ပြတင်းပေါက်ဆယ်ခုစီ ရှိသည်မှာလည်း အတူတူ၊ မြင်ကွင်းလည်း အတူတူ။

မတူတာ တစ်ခုပဲရှိသည်။ ကျွန်တော့်ရုံးခန်းက အလွန်တရာ သစ်လွင်နေသည်။ မည်သူတစ်စုံတစ်ယောက်မှ မထိမတို့ မကိုင်မတွယ်ရသေးသည့်ပုံမျိုး ဖြစ်သည်။

"အလျင်တုန်းက ဒီရုံးခန်းမှာ ဘယ်သူထိုင်ခဲ့သလဲ" ဟု ကျွန်တော်ကမေးသည်။

မည်သူပဲဖြစ်စေကာမူ သူ၏ခြေရာလက်ရာကလေးမျှ ချန်မထားခဲ့သည်မှာတော့ အံ့သြစရာ ဖြစ်နေသည်။

"ဘယ်သူမှ မထိုင်ခဲ့ပါဘူးရှင်၊ အကြောင်းတစ်ခုခု ရှိပါလိမ့်မယ်၊ ဘာအကြောင်းလဲဆိုတာတော့ ကျွန်မ မသိပါဘူး၊ ကျွန်မတို့ ဒီကိုပြောင်းလာတာ လေးနှစ်ရှိပါပြီ၊ ပြောင်းလာတဲ့ အချိန်တစပြီး ဒီရုံးခန်းမှာ ဘယ်သူ့ကိုမှ မထိုင်ခိုင်းခဲ့သေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က သူ့ကို အမှတ်မထင် တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ စားပွဲဆီသို့သွားကာ စားပွဲနောက်က ကုလားထိုင်မှာ ဝင်ထိုင်သည်။

စပင်ဇာစင်ကလဲယားသည် လူထူးလူဆန်းတစ်ယောက် ဖြစ်ပုံရသည်။ အခြားဘယ်လိုလူမျိုးမှ ဒါလောက်ကြီးကျယ်သည့် ရုံးခန်းကြီးကို အသုံးမပြုဘဲ အလဟဿထားမည် မဟုတ်ပေ။

"အလယ်အံဆွဲထဲမှာ ဖိုင်တွဲနှစ်ခု တွေ့ရပါလိမ့်မယ်၊ တစ်ခုက မစ္စဆွင်ဆန်ရယ်၊ မစ္စဂျင်နီရယ်၊ ကျွန်မရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း ဖြစ်ပါတယ်၊ ကျွန်မတို့ကို လုပ်ငန်းသဘောအရ ရှင့်ရုံးမှာ တာဝန်ချထားပေးတာဖြစ်ကြောင်း သဘောပေါက်ပါလိမ့်မယ်၊ တကယ်လို့ရှင် ကြိုက်နှစ်သက်ကဲ့လူများ ရှိနေမယ်ဆိုရင်၊ ဒါမှမဟုတ် ခန့်ထားဖို့ ရည်စူးထားတဲ့လူများ ရှိနေမယ်ဆိုရင် ကျွန်မတို့ သဘောပေါက် နားလည်ပါတယ်"

"ပြဿနာမရှိပါဘူးကွာ၊ အခုအထိ အားလုံး အဆင်ပြေနေပါတယ်၊ ကျုပ်မှာ ရည်စူးထားတဲ့ တခြားလူလည်း မရှိပါဘူး"

သူ ပြုံးပြန်သည်။

"ဒုတိယဖိုင်တွဲထဲမှာတော့ ဌာနအကြီးအကဲတွေရဲ့နာမည်တွေနဲ့ သူတို့ရဲ့တာဝန်တွေကို ဖော်ပြထားပါတယ်၊ အဲဒီစာရင်းတွေကို သေသေချာချာ လေ့လာထားဖို့ မစ္စတာစင်ကလဲယားက ကျွန်မကို သတိပေးခိုင်းပါတယ်၊ ဆယ်နာရီခွဲကျရင် သူ့အစည်းအဝေးခန်းမထဲမှာ သူတို့ကို ရှင်နဲ့ မိတ်ဆက်ပေးပါ့မယ်တဲ့"

"ကျေးဇူးတင်ပါတယ်"

ဖော်ဂါတီမှာ ဘယ်လောက် လိမ္မာပါးနပ်ကြောင်း သိသာလှသည်။ "ကျွန်တော့်ကို သူတို့နဲ့ မိတ်ဆက်ပေးမယ်" မပြော၊ "သူတို့ကိုသာ ကျွန်တော်နှင့် မိတ်ဆက်ပေးမည်" ဟု စကားလုံး ရွေးချယ်သုံးနှုန်းသည်။

"ဒီရုံးထဲမှာရှိတဲ့ပစ္စည်းတွေ အသုံးချပုံချနည်းကလေး ရှင်းပြပါရစေဦးနော်"

ထိုသို့ပြောပြီး စားပွဲကိုပတ်ကာ ကျွန်တော်ထိုင်နေသည့် အနားသို့ ကပ်လာသည်။ ကိုယ်လုံးချင်း နီးကပ်နေသောအခါ သူ့ကိုယ်မှ သင်းပျံ့သည့်ရနံ့ကလေးကို ကျွန်တော် ရှူရှိုက်နေရလေသည်။

"ဟောဟိုမျက်နှာချင်းဆိုင်က နံရံမှာ ရုပ်မြင်သံကြားမြင်ကွင်း သုံးခုရှိပါတယ်၊ တစ်ခုက ကျွန်မတို့ စင်ကလဲယားရုပ်မြင်သံကြားလိုင်းကို အသေဖမ်းထားပါတယ်၊ ကျန်တဲ့နှစ်ခုကတော့ ကြိုက်ရာဖမ်းယူဖို့ပါပဲ၊ ခလုတ်တွေအားလုံး အဲဒီတယ်လီဖုန်းဘေးနားမှာ ရှိပါတယ်၊ ဒီမှာထိုင်နေရင်း ကိုယ်ကြိုက်ရာလိုင်းကို ဖမ်းရုံပါပဲ"

"ဟိုဘက်ဘေးက နံရံမှာတော့ နံရံတွင်းဘားရှိပါတယ်၊ ဟောဒီခလုတ်ကိုနှိပ်လိုက်ရင် ဘားပွင့်သွားပါလိမ့်မယ်"

တယ်လီဖုန်းခေါင်းလောင်းမြည်ရာ ဖော်ဂါတီက ကောက်ကိုင်သည်။

"မစ္စတာဂေါက်ရဲ့ ရုံးခန်းကပါရှင်"

ခဏနားထောင်ပြီး ကျွန်တော့်ကို လှမ်းကြည့်ကာ ဖုန်းပြောင်းပေးသည်။

"မစ္စတာစင်ကလဲယားက စကားပြောချင်လို့ပါတဲ့ရှင်"

သူ့လက်ထဲမှ ဖုန်းကိုယူပြီး ကုလားထိုင်မှာ ကျွန်တော်ဝင်ထိုင်သည်။ ဖော်ဂါတီက

www.burmeseclassic.com

www.burmeseclassic.com



အမြင်သို့ ထွက်သွားသည်။

"မစ္စတာစင်ကလဲယား"

"ခဏလေးစောင့်ပါရှင်၊ သူနဲ့ လိုင်းဆက်ပေးပါ့မယ်"

သူ့အတွင်းရေးမှူး၏အသံကို ကြားရသည်။ ဆက်တိုက်ဆိုသလိုပင် ကလစ်ဟူသော အသံ ကြားရသည်။

"သက်တောင့်သက်သာရှိရဲ့လား မစ္စတာဂေါက်"

"ရှိပါတယ်ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

သူက တစ်ချက်ရယ်သည်။

"ဒီစကားကို သေသေချာချာ မှတ်ထားနော်၊ မောင့်ရုံးရဲ့ဘေးမှာရှိနေတဲ့ အဆောက်အအုံအပေါ်ထပ်တွေက ဆူညံတာများကြားရရင် မညည်းနဲ့၊ အဲဒီအခန်းကို လိုချင်တယ်လို့ မောင်ကိုယ်တိုင်ကတောင်းတာ၊ တစ်ခုခု အနှောင့်အယှက်ပေါ်ရင် ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲ"

ထိုစကားကြောင့် ကျွန်တော်ကလည်း ရယ်မိသည်။

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် အမြဲသတိရနေပါ့မယ်"

"ဆယ်နာရီခွဲ အစည်းအဝေးမစခင် အချိန်နည်းနည်းစောပြီး ကျုပ်ရုံးကို မောင်လာနိုင်ရင် ကောင်းမယ်ထင်တယ်၊ အစည်းအဝေးခန်းမထဲမဝင်ခင် ဒင်ရစ်ချီနဲ့ မောင့်ကို တွေ့ပေးချင်တယ်" ဟု သူကပြောသည်။

"ဆယ်နာရီနဲ့ မိနစ်နှစ်ဆယ်တိတိမှာ ကျွန်တော် ရောက်လာပါ့မယ်"

□

ဒင်ရစ်ချီသည် အသံလွှင့်နှင့် ရုပ်မြင်သံကြားလုပ်ငန်းတွင် အပျော်တမ်း အလုပ်သမားဖြစ်ခဲ့သော်ဘဲ ကြေးစားတစ်ယောက်ဖြစ်သည်။ အောက်ခြေမှာ လုံးဝမလုပ်ခဲ့ဘဲ ထိပ်ဆုံးနေရာများသို့ တန်းရောက်လာသူဖြစ်သည်။

သူက ကျွန်တော့်လက်ကို တင်းတင်းကိုင်ပြီး နှုတ်ဆက်သည်။

"တွေ့ရတာဝမ်းသာပါတယ် စတီဖင်"

ကျွန်တော့်ကို အတော်ကလေးကြာအောင် စိုက်ကြည့်ပြီး အကဲခတ်နေသည်။ ပြီးတော့ သူ့မျက်နှာပေါ်တွင် အံ့ဩသည့်အမူအရာ ပေါ်လာသည်။ စင်ကလဲယားဘက်သို့ လှည့်သွားသည်။

"သူ့ကို အသက်တော်တော်ငယ်လိမ့်ဦးမယ်လို့ ကျွန်တော်က ထင်နေတာ" ဟု ပြောသည်။

စင်ကလဲယား၏ မျက်နှာပေါ်တွင်လည်း အလားတူ အံ့ဩသည့်အမူအရာ ရှိနေသည်၊ သူတို့နှစ်ယောက်စလုံးကို ကျွန်တော်က ပြုံးပြသည်။

"ဒီလိုလုပ်ငန်းမျိုးထဲမှာ လူတွေဟာ အိုရုပ်အပေါ်မြန်ကြပါတယ်ခင်ဗျာ"

စင်ကလဲယားက ချက်ချင်း သဘောပေါက်သွားပုံရသည်။ သူ့မျက်လုံးများ ပြုံးသွားသည်၊ ကျွန်တော့်ကိုလည်း ပိုမိုလေးစားသွားပုံ ပေါ်သည်။

"တစ်ခါတစ်လေကျတော့ တစ်ညတည်းနဲ့ အိုစာသွားတာတွေလည်း ရှိတယ်" ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

အမှန်တော့ အတန်ငယ် .အိုရှပ်ပေါက်အောင် ယခုမနက်ပင် ကျွန်တော် ပြင်ဆင်ခဲ့သည်ကို သူ မသိပါ။

□

ကျွန်တော့်တွေးထင်ချက်တစ်ခု မှားသွားပါသည်။ ရုံးခန်းများသည် တစ်ပုံစံတည်း မဟုတ်ပါ။ စင်ကလဲယား၏ အစည်းအဝေးခန်းက ကျွန်တော့်အစည်းအဝေးခန်းထက် ပိုကျယ်သည်။ ကုလားထိုင်များပေါ်တွင် လူပေါင်းနှစ်ဆယ့်ရှစ်ယောက် ထိုင်နေကြသည်။

ကျွန်တော်က စားပွဲကို ခပ်ဖြည်းဖြည်းပတ်သွားရင်း တစ်ဦးချင်းကို လက်ဆွဲနှုတ်ဆက်သည်။ မနေ့ညတုန်းက လေ့လာထားခဲ့သည့်အတိုင်း လူနှင့် နာမည်ကိုတွဲလျက် မှတ်မိအောင် ကြိုးစားနှုတ်ဆက်သည်။ ကျွန်တော့်မှတ်ဉာဏ်သည် ကျွန်တော်ထင်ထားသည်ထက်ပင် ပိုကောင်းနေသည်ကို တွေ့ရသည်။

သူတို့အားလုံးသည် အပျော်တမ်းသမားများ ဟုတ်ပုံမရကြပါ။ ကျွန်တော့်ကို အကဲခတ်နေကြကြောင်း သတိထားမိသည်။ ကျွန်တော့်ကို အကူအညီပေးလိုသည့်ပုံစံမျိုး မပေါ်ပါ။ ကူညီရိုင်းပင်းလိုသည့် အရိပ်အယောင်ကို မမြင်ရပါ။

ဆယ်မိနစ်လောက်ကြာတော့ စင်ကလဲယားက နှုတ်ဆက်ပြီး ထွက်သွားသည်။ ဒင်ရစ်ချီလည်း သူနှင့်အတူ ပါသွားသည်။

အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျွန်တော်တစ်ယောက်တည်း စားပွဲထိပ်မှာ ထိုင်နေသည်။ တစ်ယောက်ထီးတည်း ဖြစ်ပါသည်။

စားပွဲပတ်လည်ကို ကျွန်တော် လှည့်ကြည့်လိုက်သည်။ ကျွန်တော့်ခေါင်းမှ ဆံပင်ဖြူ အနည်းငယ်သည် အလုပ်ဖြစ်သွားကြောင်း တွေ့ရသည်။ ကျွန်တော်က အသံကို တမင်တိုးတိုး ပြောသည်။ သို့မှသာ ကျွန်တော့်စကားကို သူတို့ အထူးအာရုံစိုက်ပြီး နားထောင်ကြရမည် ဖြစ်သည်။

"ကျွန်တော့်အကြောင်းကို ခင်ဗျားတို့ကတော့ စဉ်းစားနေကြမှာပဲ၊ ကျွန်တော်က လည်း ခင်ဗျားတို့အကြောင်းကို တွေးကြည့်နေမိပါတယ်၊ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် သိမှမသိကြသေးဘဲကိုး၊

ဒါပေမယ့် နောက်လအနည်းငယ်ကြာရင်ပဲ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် သိသွားကြတော့မှာပါ၊ တချို့က ကျွန်တော့်ကို သဘောကျလိမ့်မယ်၊ တချို့က သဘောကျမှာမဟုတ်ဘူး၊ ဒါ အရေးမကြီးပါဘူး၊

အရေးကြီးတာက စင်ကလဲယား ရုပ်မြင်သံကြားလုပ်ငန်းကို အသံလွှင့်လုပ်ငန်း သက်သက် လောင်းရိပ်အောက်ကနေ ဆွဲထုတ်ပြီး ထိပ်ဆုံးရောက်အောင် မြှင့်တင်ပေးဖို့သာ ဖြစ်ပါတယ်၊ အရေးကြီးတာက အဆင့်အတန်း မြင့်တက်လာဖို့သာ ဖြစ်ပါတယ်၊ အဲဒီအဆင့် အတန်းနဲ့ပဲ ကျွန်တော်တို့ အချင်းချင်း တိုင်းတာကြရမှာ ဖြစ်ပါတယ်၊ တစ်ယောက်ရဲ့ အရည်အချင်းကို တစ်ယောက်က အကဲဖြတ်ကြရမှာ ဖြစ်ပါတယ်"

ကျွန်တော်က စကားကို ခေတ္တဖြတ်ထားလိုက်သည်။ သူတို့အားလုံးက ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကို စိုက်ကြည့်နေကြသည်။ အကဲခတ်နေကြသည်။

"ဝါရှင်တန်မှာဆိုရင် သမ္မတအသစ်တစ်ယောက် တက်လာတဲ့အခါ သူကြိုက်ရာ အကြီးအဖွဲ့ကို စိတ်တိုင်းကျ ဖွဲ့စည်းခွင့်ရပါတယ်၊ ဒီစနစ်ကို ကျွန်တော် သဘောကျပါတယ်၊ အဲဒါမှ တကယ့်ဒီမိုကရေစီ ဖြစ်ပါတယ်"

သူတို့အားလုံး ခေါင်းထောင်သွားကြသည်ကို ကျွန်တော် သတိပြုမိသည်။ အခြေခံကို ကျွန်တော် ခင်းပြလိုက်ခြင်းလည်း ဖြစ်ပါသည်။

"လာမယ့် ဇန်နဝါရီလ သုံးဆယ့်တစ်ရက်နေ့ကစပြီး အလုပ်နှုတ်ထွက်ကြောင်း ခင်ဗျားတို့တစ်ဦးချင်းရဲ့ အလုပ်နှုတ်ထွက်လွှာကို လိုချင်ပါတယ်၊ မနက်ဖြန်မနက်ကစပြီး ကျွန်တော့်ရုံးခန်းမှာ ကိုယ်တိုင်လာတင်ကြပါ"

တစ်ပြိုင်တည်း သက်ပြင်းချသံကြီးတစ်ခု ပေါ်ထွက်လာသည်။ သူတို့ သေသေချာချာ သဘောပေါက်သွားနိုင်အောင် ကျွန်တော် ခဏစောင့်နေသည်။ ပြီးတော့ သူတို့အတွက် အသက်ကယ်ကြိုးတစ်ချောင်း ကျွန်တော် ပစ်ပေးလိုက်သည်။

"ခင်ဗျားတို့တစ်ဦးချင်း ကျွန်တော်နဲ့တွေ့ဖို့ ကျွန်တော့်အတွင်းရေးမှူးက အစီအစဉ် ဆွဲပေးပါလိမ့်မယ်၊ နောက်ရက်အနည်းငယ်ကြာရင် ခင်ဗျားတို့နဲ့တွေ့ပြီး ဌာနတစ်ခုချင်းရဲ့ အခြေအနေတွေကို ပြန်လည်သုံးသပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ခင်ဗျားတို့ ကြုံတွေ့နေရတဲ့ ပြဿနာတွေကို ဖလှယ်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ လူကြီးမင်းများခင်ဗျား အားလုံးကို ကျေးဇူးတင်ပါတယ်"

အောက်ထပ်မှာရှိသည့် ကျွန်တော့်ရုံးခန်းသို့ ဆင်းလာခဲ့သည်။ ဆယ်မိနစ်အတွင်းမှာပင် ကုမ္ပဏီတစ်ခုလုံး ဝုန်းဒိုင်းကြဲကာ ပြောင်းဆန်ကုန်တော့သည်။

စင်ကလဲယားကိုယ်တိုင် ဒေါသတကြီးဖြင့် ကျွန်တော့်ရုံးခန်းသို့ ဆင်းလာသည်။ သူ့တစ်ကိုယ်လုံး ဒေါသကြောင့် တုန်ယင်နေသည်။

"မင်း အကုန်လုံးကို အလုပ်ထုတ်ပစ်လိုက်ပြီပေါ့လေ၊ ဒီလုပ်ငန်းကြီးတစ်ခုလုံးကို ဘယ်လိုလုပ်ပြီး လည်ပတ်အောင် လုပ်နိုင်မှာလဲ၊ မင်းတစ်ယောက်တည်း လုပ်နိုင်မယ် ထင်သလားတွ၊ ဘယ်တော့မှ မလုပ်နိုင်ဘူးမှတ်"

ကျွန်တော်က သူ့ကိုမော့ကြည့်ပြီး ပြုံးပြလိုက်သည်။

"အိုလံပတ်တောင်ထိပ်ပေါ်က နတ်မင်းကြီးတွေ ဆင်းလာပြီကိုး"

သူ တုံ့ခနဲ ရပ်ပစ်လိုက်သည်။ ကျွန်တော့်ကို ငုံ့ကြည့်သည်။

"မင်း ဘာစကားတွေ ပြောနေတာလဲ"

"ဦးဟာ ဘယ်တုန်းကမှ အောက်ထပ်တွေကို ဆင်းမလာဖူးဘူးလို့ ဒီမှာရှိတဲ့လူတွေက ကျွန်တော့်ကို ပြောပြထားဖူးလို့ပါ"

ကျွန်တော့်စကားကြောင့် သူပြုံးလာသည်။ ကျွန်တော်က စကားကို ကုန်အောင် ဆက်ပြောသည်။

"ကျွန်တော့်အလုပ်ကို ကျွန်တော် လွတ်လွတ်လပ်လပ် လုပ်ပါရစေ၊ သူတို့ကို ကျွန်တော် အလုပ်ထုတ်ပစ်တာ မဟုတ်ပါဘူး၊ ဇန်နဝါရီလကုန်ကစပြီး အလုပ်ထွက်ကြောင်း ချက်ချင်းတောင်းတာသာ ဖြစ်ပါတယ်၊ သူတို့တင်လာမယ့် ထွက်စာကို လက်ခံမယ်လို့လည်း ကျွန်တော် မပြောခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သူ ရယ်နိုင်တော့သည်။

"သူတို့အားလုံး အကြီးအကျယ် တုန်လှုပ်ကုန်ကြပြီ" ဟုလည်း ပြောသည်။

"ကျွန်တော်တလည်း အဲဒီလို တုန်လှုပ်ချောက်ချားသွားအောင် တမင်ရည်ရွယ်ပြီး လုပ်လိုက်တာပါ"

"မောင့်နည်းက အတော်ကလေးကြမ်းတယ်"

"ဒီအလုပ်က တို့ရှိုကလေးတို့လို မရနိုင်ပါဘူးခင်ဗျာ၊ ခပ်ကြမ်းကြမ်းပဲ ကိုင်တွယ်ရပါတယ်၊ ဒီလုပ်ငန်းကြီး အရှိန်အဟုန်ပြင်းပြင်းနဲ့ ဆက်ပြီးလည်ပတ်နိုင်အောင် ဒီလိုပဲလုပ်ပေးဖို့ လိုအပ်ပါတယ်"

"ကောင်းပြီလေ၊ ဒါက မင်းအလုပ်ပဲ"

သူလက်ပတ်နာရီကို မြှောက်ကြည့်သည်။

"(၂၁) ဟိုတယ်မှာ နေ့လယ်စာစားဖို့ သီးသန့်အခန်းတစ်ခန်း ကျုပ် ကြိုတင်စီစဉ်ထားတယ်၊ ဒါရိုက်တာအဖွဲ့ဝင် လူကြီးတွေနဲ့ မောင့်ကိုတွေ့ပေးဖို့၊ နောက်ပြီးတော့ သောကြာနေ့မှာ မောင် သတင်းစာကွန်ဖရင့် လုပ်နိုင်အောင်လည်း ပြည်သူ့ဆက်ဆံရေးဌာနကို စီစဉ်ခိုင်းထားတယ်"

"နေ့လယ်စာစားဖို့ကိစ္စကတော့ ဖြစ်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် သောကြာနေ့ သတင်းစာရှင်းလင်းပွဲကတော့ မဖြစ်နိုင်ပါဘူး၊ အဲဒီနေ့ကျရင် ကျွန်တော် ဒီမြို့မှာ ရှိနေမှာ မဟုတ်ပါဘူး"

နားမလည်နိုင်သလို ကျွန်တော့်ကို သူကြည့်နေသည်။

"ကျွန်တော့်ဘက်က ရှင်းပြစရာ အလုံအလောက်ရှိမှ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ ကောင်းပါတယ်၊ အဲဒီတော့မှလည်း အချိန်ကျပြီလို့ ဆိုနိုင်ပါတယ်၊ အခုလောလောဆယ်မှာတော့ သူတို့ကိုပြောပြစရာ ကျွန်တော့်မှာ ဘာတစ်ခုမှ မရှိပါဘူး"

"မောင်က ဘယ်ကိုသွားမလို့တုံး"

"လော့စ်အိန်ဂျလိစ်မြို့"

"ဟာ. . . ဒီမှာ မောင်ကိုယ်တိုင်ရှိနေဖို့ သိပ်အရေးကြီးနေတဲ့အချိန်မျိုးမှာ လော့စ်အိန်ဂျလိစ်မြို့ကို မောင်က ဘာသွားလုပ်မှာလဲ"

သူ့မျက်လုံးများကို ကျွန်တော့်က တည့်တည့်စိုက်ကြည့်လိုက်သည်။

"စနေနေ့ညကို ကျွန်တော်တို့လက်ထဲ ပြန်ရောက်လာအောင် ကြိုးစားပြီး ခိုးကြည့်မလားလို့ပါခင်ဗျာ"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"ကျွန်မအဖေ ရှင်နဲ့အတူတူပါလာသလား" ဟု အခန်းထဲသို့ ကျွန်တော်ဝင်သွား င်သွားချင်း ဘာဘာရာက ဆီးမေးသည်။

ကျွန်တော်က ခေါင်းယမ်းပြလိုက်သည်။

"ဒါပေမယ့် ရှင်စီးလာတာ သူ့မော်တော်ကားပဲ"

သူ့ကို ကျွန်တော်လှမ်းကြည့်သည်။ အဝတ်အစား အဆင်သင့်လဲပြီးသား ဖြစ်နေ ည်၊ သူ့အဝတ်အစားသေတ္တာကလေးလည်း အခန်းလယ်မှာ အဆင်သင့်ရှိနေသည်။ တ္တာကိုသွားယူဖို့ သူခြေလှမ်းမပြင်။

"သူ့မော်တော်ကားကို ငှားလိုက်တာပါ။ တက္ကစီထက်ပိုပြီး မင်း သက်တောင့်သက်သာ နိုင်အောင်လို့တဲ့"

"သူသိသလား"

"သိတယ်"

ဘာဘာရာ၏ အမူအရာမှာ လေထိုးထားသည့်ပူဖောင်း လေလျော့သွားသလားဟု င်လိုက်ရသည်။

"သူ ဘယ်လိုလုပ်သိသွားတာလဲ၊ ရှင်ပြောပြလိုက်တာလား"

"မင်း ဒီ့ထက်ပိုပြီး အကင်းပါးပါတယ် ဘာဘာရာ၊ ဒီအကြောင်းကို သူသိထားပြီး ပါ မင်းကို ဆေးရုံတင်ပေးဖို့ ကိုယ်စီစဉ်ထားတာကိုတောင် သူ ကြိုတင်သိနှင့်နေတာပါ"

ကျွန်တော့်ကို သူမော့ကြည့်သည်။

"သေတော့မှာပဲ၊ ဘယ်တော့မှ သူ အလစ်မပေးဘူး၊ အိမ်ဖော်မိန်းမစုတ်ကို အလုပ် စ်ရမယ်၊ ဒီကောင်မ ပြန်ပြောတာပဲဖြစ်ရမယ်၊ ဟုတ်တယ်၊ သိပ်သေချာတယ်၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို တခြားလူဆိုလို့ ဒီမိန်းမတစ်ယောက်ပဲသိတာ၊ အမြဲတမ်း ချောင်းနားထောင်နေတဲ့ မိန်းမ"

"သူဟာ မင်းအဖေလေ၊ မင်းကို ဂရုစိုက်တာဟာ ပုံမှန်. . ."

"ရှင် ဘာသိလို့လဲ"

သူက ကျွန်တော့်စကားကိုဖြတ်ပြီး လှမ်းအော်သည်။ သူ့လေသံမှာ ကြမ်းတမ်းခက်ထန်လာသည်။

"ကျွန်မကိုလည်း ဂရုမစိုက်ဘူး၊ ဘယ်သူ့ကိုမှ သူ ဂရုစိုက်တာမဟုတ်ဘူး၊ အရာရာကို သူတစ်ယောက်တည်းပဲ ထိန်းချုပ်ထားချင်တယ်၊ ဒါကြောင့် ကျွန်မအမေ ထွက်ပြေးသွားတာ၊ ဒါတောင် သူ့အကျင့်ကို သူမဖျောက်ဘူး၊ အမေ့ကို မြေလှန်ပြီး လိုက်ရှာနေတယ်၊ ဒါကြောင့် အမေ သူ့ကိုယ်သူ သတ်သေသွားရတာ၊ သူက ကျွန်မကိုလည်း အဲဒီလို ဖြစ်စေချင်နေတာ"

"စိတ်အေးအေးထား ကလေးမ. . . စိတ်အေးအေးထား" ဟု ကျွန်တော်က ပြောသည်။

ဘာဘရာက နာကြည်းစွာရယ်သည်။

"ရှင် ဘာမှမသိပါဘူးလေ၊ ဒါပေမယ့် စောင့်ကြည့်ပါ၊ ရှင့်ကို အလုံးစုံ သူချုပ်ကိုင်ပြီးတဲ့ အချိန်အထိ စောင့်ကြည့်ပါ၊ ရှင့်ကို သူပိုင်သွားလိမ့်မယ်၊ အဲဒီတော့မှ ရှင်နားလည်မယ်၊ ကျွန်မအမေကို သူပြောတာ မှတ်မိသေးတယ်၊ စင်ကလဲယားကိုယ်တိုင်က ကန်မထုတ်သေးသမျှ ဘယ်ကောင်မှ ခွာထွက်သွားလို့ မရဘူးကွတဲ့"

ဘာဘရာသည် ဒေါသတကြီးဖြင့် စီးကရက်ကို ပြာခွက်ထဲမှာ ထိုးခြေသည်။

"ကျွန်မအခန်းကို ကျွန်မ ပြန်မသွားချင်ဘူး"

"ဒါကတော့ မင်းသဘောပဲလေ၊ မင်း ကလေးလေးမှမဟုတ်တော့ဘဲ၊ ကိုယ်ကတော့ မင်းကို ဒီဆေးရုံပေါ်က ဆင်းပေးဖို့လာခဲ့တာပဲ"

ကျွန်တော့်ဆီသို့ သူတိုးကပ်လာသည်။ သူ့မျက်လုံးများ ဝိုင်းစက်နေသည်။

"မောင်နဲ့ အတူတူလိုက်နေပါရစေ မောင်ရယ်"

"ဒီကိစ္စ မေ့ပစ်လိုက်စမ်းပါကွာ"

ကျွန်တော့်လက်ကို သူဖမ်းဆွဲသည်။

"လုပ်ပါ မောင်ရယ်၊ ကျွန်မ စိတ်တည်ငြိမ်သွားအောင် သုံးလေးရက်ပဲနေမှာပါ၊ ကျွန်မအိမ်ထဲမှာ တစ်ယောက်တည်း မနေချင်လို့ပါ"

"မင်းရူးနေပြီ၊ နောက်တစ်ရက်နှစ်ရက်ဆိုရင် ကိုယ့်အခန်းက ဗဟိုဘူတာရုံကြီးထက်တောင် လူတွေ ပိုများလာတော့မှာ"

"ကျွန်မ လိမ်လိမ်မာမာနေပါ့မယ် မောင်ရယ်၊ မောင့်ကို ဘာတစ်ခုမှ အနှောင့်အယှက် မဖြစ်စေရပါဘူး"

"ဘာဖြစ်လို့ ကိုယ်နဲ့လိုက်နေချင်ရတာလဲ၊ မင်းမှာ တခြားသူငယ်ချင်းတွေ ရှိနေတာပဲ"

ကျွန်တော့်ကို သူမော့ကြည့်ပြန်သည်။ သူ့မျက်လုံးထဲမှာ စိတ်ထိခိုက်သွားသည့် အမူအရာများ ပေါ်နေသည်။ ကျွန်တော့်လက်ကို လွှတ်လိုက်သည်။ ပြီးတော့ သူ့သေတ္တာကလေးဆီသို့ လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီစတီဖင်၊ ကျွန်မသွားလို့ရပါပြီ" ဟုလည်း တည်ငြိမ်သည့်လေသံဖြင့် ပြောသည်။

သူ့သေတ္တာကို ကျွန်တော်ကကောက်ပြီး မော်တော်ကားရှိရာသို့ ဆင်းလာခဲ့သည်။ ခရီးစဉ်လျှောက်လုံး စကားတစ်ခွန်းနှစ်ခွန်းထက် ပိုပြောဖြစ်သည်ဟု ကျွန်တော်မထင်။ သူကလည်း ဘာဘာရာကို စူးစမ်းသလို မှန်ထဲမှနေ၍ မကြာခဏ ကြည့်နေသည်။ ဘာဘာရာကတော့ သူ့ကို အရေးလုပ်မနေပါ။

ပန်းခြံရိပ်သာလမ်းရှိ သူနေသည့် တိုက်ခန်းရှေ့တွင် ကားရပ်လိုက်သောအခါ တံခါးစောင့်တပြေးလာပြီး သူ့သေတ္တာကိုသယ်သည်။ ကျွန်တော်ကလည်း သူနှင့်အတူတူ ကားပေါ်မှဆင်းသည်။

"မင်း အခုနေကောင်းတယ် မဟုတ်လား" ဟု မေးကြည့်သည်။

သူက ခေါင်းညိတ်ရုံပဲ ညိတ်ပြသည်။

"ကျန်းမာအောင် ဂရုစိုက်ပြီးနေပါကွာ၊ ကောင်းကောင်း အနားယူလိုက်ပါ၊ မင်းနေကောင်းရဲ့လားဆိုတာ ကိုယ်ဖုန်းဆက်မေးပါဦးမယ်"

"ဟုတ်ပါပြီ"

သူက ဒါပဲပြောသည်။ ကျွန်တော်က သူ့ပါးကိုနမ်းပြီး နှုတ်ဆက်သည်။ အဆောက်အအုံထဲသို့ သူဝင်သွားသည်။

ကျွန်တော် ရုံးပြန်ရောက်တော့ ငါးနာရီထိုးနေပြီ။ အမှာစာများ၊ စာရွက်စာတမ်းများ တယ်လီဖုန်းဆက်သည့်သူ စာရင်းများမှာ တောင်တစ်လုံးစာလောက် မြင့်မောက်နေသည်ကို တွေ့ရသည်။ ကျွန်တော် သတိထားချိန်မရလိုက်မီမှာပင် အလုပ်များက ကျွန်တော့်ကို ထပ်တတ်နှောင်ဖွဲ့နေတြချေပြီ။

ရှစ်နာရီထိုးတော့ ဂျက်ဆာဗစ်က ဖုန်းဆက်သည်။

"အခုအချိန်အထိ အလုပ်စားပွဲမှာ ထိုင်နေရတုန်းလား၊ ဟား. . . ဟား. . . ကောင်းတဲ့အစဉ်အလာဆိုးတွေ ချမှတ်နေပြီကိုး" ဟု သူကပြောသည်။

ဆက်လုပ်စရာ ကျန်နေသေးသည့် စာရွက်ထပ်ကြီးကို ကျွန်တော် တစ်ချက်လှမ်းကြည့်လိုက်မိသည်။

"ဟုတ်တယ်ဗျာ" ဟုပဲ ကျွန်တော် ပြန်ပြောနိုင်သည်။

"မောင်ရင်ပြောထားတာတွေ အတော်စုဆောင်းမိနေပြီ၊ အကုန်လုံး စုစုစည်းစည်း ပေးနိုင်လိမ့်မယ်ထင်တယ်"

"ကောင်းပါတယ်"

"အဲဒီရုံးကို ကျုပ်လာပြီး အကျိုးအကြောင်း ပြောပြရမလား"

နာရီကို ကျွန်တော် လှမ်းကြည့်သည်။

"မလာနဲ့၊ ဒုတိယရိပ်သာလမ်းက မက်ကာသီရဲ့ဆိုင်မှာ နောက်ဆယ့်ငါးမိနစ်ကြာရင် တွေ့မယ်"

"ကျုပ် အဲဒီက စောင့်နေမယ်"

တယ်လီဖုန်းချပြီး လူခေါ်ခေါင်းလောင်းနှိပ်သည်။ ဖော်ဂါတီဝင်လာသည်။

"ကျန်နေတဲ့ အဲဒီစာရွက်တွေ စုချည်လိုက်ပါ၊ ကိုယ် အိမ်ယူသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းညိတ်ပြသည်။ ရေချိုးခန်းထဲသို့ ကျွန်တော်ဝင်ခဲ့သည်။ မှန်ထဲမှာ ကိုယ့်မျက်နှာ ကိုယ်ပြန်ကြည့်မိသည်။ မနက်တုန်းက လန်းဆန်းခဲ့သလောက် ယခုအခါတွင် ပင်ပန်းနွမ်းနယ်သည့် အရိပ်အယောင်များကို အထင်းသား မြင်နေရသည်။ ကိုယ့်မျက်နှာကိုယ် ကြည့်ပြီး ပြုံးမိသည်။ ဆံပင်ဖြူ ကျိုးတိုးကျဲတဲနှင့်တော့ လိုက်ဖက်နေသည်။

ဆေးဝါးအကူအညီမပါဘဲ ဘယ်လောက်ကြာအောင် သည်ဒုက္ခများကို ဆက်လက်ခံစားနေရဦးမည်နည်းဟု စဉ်းစားကြည့်မိသည်။

ဖော်ဂါတီက လက်ကိုင်အိတ်တစ်လုံး အဆင်သင့်ပြင်ပေးထားသည်။ ကျွန်တော် လှမ်းကြည့်သည်။ အသစ်ကျပ်ချွတ် ဖြစ်သည်။ ဘေးတွင် ကျွန်တော့်နာမည်ကို သပ်သပ်ရပ်ရပ် ရေးထိုးထားသည်။ စာရွက်စာတမ်းများကို ထိုအထဲထည့်ကာ သော့ပိတ်ပြီး ကျွန်တော့်ကို လှမ်းပေးသည်။

"အားလုံး ဒီထဲမှာပါပါတယ်၊ အလျင်လိုတာနဲ့ အရေးကြီးတာတွေကို အလံနီထိုးပေးထားတယ်"

မက်ကာသီဆိုင်သို့ ကျွန်တော်ရောက်သွားသောအခါ ဆိုင်ရှင်ဂျိုးဘာဂျာက အဝမှ နေ၍ ကျွန်တော့်ကို စောင့်ကြိုနေသည်။

"ထိုက်ထိုက်တန်တန် အလုပ်ကြီးအကိုင်ကြီး ရတဲ့အတွက် ဝမ်းသာပါတယ်စတီဖင်"

"ကျေးဇူးတင်ပါတယ် ဂျိုး"

ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။ ကျွန်တော်တို့အတွက် ဖယ်ထားသော အခန်းရှိသည့်နေရာသို့ နံရံဘေးမှကပ်ပြီး သူနောက်က လိုက်သွားသည်။

သူ၏ ချောမောလှပသော ဇနီးကလဲယားကလည်း ငွေသိမ်းကောင်တာမှနေ၍ ကျွန်တော့်ကို ဝမ်းသာစကား လှမ်းအော်ပြောသည်။ ကျွန်တော်ကလည်း လက်ပြန်ပြကာ ကျေးဇူးတင်စကား ပြောခဲ့ရသည်။

"ဘာတွေပြင်ပေးရမလဲ" ဟု ဂျိုးကမေးသည်။

"ဂျက်ဆာဗစ် လာလိမ့်မယ်"

"ကျွန်တော်သိပါတယ်၊ သူ ငါးမိနစ်လောက် နောက်ကျမယ့်အကြောင်း ဖုန်းဆက်ပြောထားတယ်"

ဒါကတော့ ဂျက်၏အကျင့်ဖြစ်သည်။ ချိန်းလိုက်ပြီဆိုလျှင် သူမှာ တစ်နေရာ နှစ်နေရာသို့ ဖုန်းဆက်စရာက ရှိနေတတ်သည်။

"မာတီနီလေးပက်ပေး၊ ညစာအတွက်ကတော့ ထုံးစံအတိုင်းပေါ့ဗျာ၊ ကျွန်တော် စားနေကျတွေပဲ ပြင်ပါ"

**ဂျက်သည် ထုံးစံအတိုင်း နှစ်နေရာသို့** ဖုန်းဆက်ပြီးမှ ရောက်လာသည်။ ကျွန်တော်က သုံးခွက်မြောက် မာတီနီကို သောက်နေပြီ။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ စားပွဲပေါ်ကို ကြည့်သည်။

"အဲဒါ ဘယ်နှစ်ခွက်မြောက်လဲ" ဟု မေးသည်။

"သုံးခွက်မြောက်"

စားပွဲထိုးကို သူမော့ကြည့်သည်။

"နှစ်ခွက်ပူး မြန်မြန်ယူခဲ့ကွာ၊ ကျုပ်ထက် မောင်ရင် ကျော်သွားလို့မဖြစ်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



သူသည်း ကျွန်တော့်ကို လှမ်းကြည့်ပြီး တစ်ဆက်တည်းပြောသည်။

ကျွန်တော်က ပြုံးနေလိုက်သည်။

စားပွဲထိုး ပြန်လာသည်။ ကျွန်တော် စကားပြောဖို့ ဟန်ပြင်လိုက်သည်။ ဂျက်က လက်မြှောက်ပြီး တားသည်။ သူ့အရက်ကို ခပ်မြန်မြန်သောက်သည်။ ဒုတိယခွက် အကုန်သောက်ပြီးတော့မှ လှမ်းပြောသည်။

"အိုကေ. . . မောင်ရင်ပြောချင်တာ စ,ပြောပေတော့"

"ကျွန်တော့်ရုပ်ရှင်ကိစ္စ ဘယ်လိုလဲ"

"အဲဒါ သိပ်မလွယ်ဘူး မောင်ရာ" ဟု ညည်းညည်းညူညူ ပြောသည်။

ကျွန်တော်က ငြိမ်နေလိုက်သည်။ ဘာမှအမိပ္ပာယ်မရှိကြောင်း ကျွန်တော်သိသည်။ ထုံးစံအတိုင်း အေးဂျင့်တစ်ယောက်အနေဖြင့် ဈေးကိုင်ခြင်းသာဖြစ်ကြောင်း ကျွန်တော်က လည်း နောကျေနေအောင် သိသည်။

"မောင်ရင့်အတွက် ရုပ်ရှင်ကား သုံးဆယ့်ခြောက်ကား ကျူပ် ရထားတယ်၊ ငါးကား က ထိပ်တန်းကုမ္ပဏီကြီးငါးခုက၊ ကျန်တာတွေကတော့ ပုဂ္ဂလိက ထုတ်လုပ်သူတွေဆီကပဲ"

"ကောင်းတာတွေ ဘယ်လောက်များများ ပါသလဲ"

"ပျမ်းမျှခြင်း ခြောက်ကားမှာ လေးကားလောက်တော့ ကောင်းတာတွေပါပါတယ်၊ ကျန်တဲ့နှစ်ကားကလည်း သိပ်တော့အဆိုးကြီး မဟုတ်ပါဘူး၊ ကျူပ်က တစ်ကားချင်း စိတ်ကြိုက်ရွေးဝယ်ဖို့ ပြောကြည့်သေးတယ်၊ သူတို့က လက်မခံဘူး"

သူ၏ တတိယမြောက်ခွက်ကို လက်စ,သိမ်းလိုက်သည်။

ကျွန်တော်က ခေါင်းညိတ်နေမိသည်။ သူ့အလုပ်ကိုသူ အကောင်းဆုံးလုပ်လိုက်ခြင်း ဖြစ်သည်။ ထုံးစံအတိုင်းဆိုလျှင် ရုပ်ရှင်ကုမ္ပဏီများသည် လေးကားတွင် ကောင်းသည့်ကား တစ်ကားနှုန်းလောက်ထည့်ပြီး အချဉ်ဖမ်းစမြဲဖြစ်သည်။

"ကဲ. . . စိတ်ငြိမ်ငြိမ်ထားနော်၊ အဲဒီတစ်ကားကို ဒေါ်လာလေးသိန်းကျတယ်၊ ဝယ်မယ် မဝယ်ဘူးပြောဖို့ နှစ်ဆယ့်လေးနာရီပဲ အချိန်ရမယ်၊ ကျော်သွားရင် အရောင်းအဝယ် မဖြစ်တော့ဘူး၊ သူတို့က ဒီနှစ်အတွက် စာရင်းပိတ်တော့မှာဆိုတော့ ငွေကို အခုလိုချင်နေ တယ်၊ ဒါမှ ဒီနှစ်ဝင်ငွေစာရင်းထဲမှာ အဲဒါတွေ ထည့်ပြနိုင်မှာ မဟုတ်လား"

သူ့ကို ကျွန်တော် စိုက်ကြည့်နေမိသည်။ လေးသိန်းဆိုသောဈေးမှာ သာမန်ပေါက် ဈေးထက် တစ်ဆတိတိ ပိုများနေသည်။ သို့သော်လည်း ကိုယ်က လိုချင်နေပြီဆိုတော့ သူတို့ ဈေးကိုင်တော့မည်ဖြစ်ကြောင်း ကျွန်တော် နားလည်နိုင်ပါသည်။

သူတို့ဘက်ကလည်း အကျပ်အတည်းတွေ ပေါ်နေသည်။ ယခုနှစ် ဝင်ငွေကောင်း ကြောင်းပြနိုင်မှ အစုရှယ်ယာဝင်များ ကျေနပ်မည်။ သို့မဟုတ်လျှင် သူတို့ထမင်းအိုးပင် ကွဲနိုင် သည့် အခြေအနေ ရှိနေသည်။

ရုပ်မြင်သံကြားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရုပ်ရှင်ရုံများ ဝင်ငွေကျဆင်း လာကြသည်။ ထို့ကြောင့် ရုပ်ရှင်ရုံပိုင်ရှင်များက (၁၉၄၈) ခုနှစ် နောက်ပိုင်းရိုက်သည့် ကားများ ကို အသေကိုင်ထားစေချင်ကြသည်။ ရုပ်မြင်သံကြားကုမ္ပဏီများအား ထုတ်မရောင်းဖို့ တောင်း ဆိုနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပြီ၊ ဝယ်လိုက်"

ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။

"မောင်ရင် ဘာတွေလုပ်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုရော ပြန်သိရဲ့လား။ အဲဒါတွေအတွက် ဒေါ်လာဆယ့်လေးသန်းကျော်ကျော်ကျတယ်"

"ဝယ်လိုက်လို့ ကျွန်တော်ပြောနေတယ်လေဗျာ"

"ဘယ်လိုရုပ်ရှင်အမျိုးအစားတွေလဲ ဆိုတာရော မသိချင်တော့ဘူးလား၊ ယုတ်စွအဆုံး ဘယ်ဇာတ်ကောင်တွေ ခေါင်းဆောင်ပါဝင်ထားတယ် ဆိုတာတောင်မှ. . ."

သူ့စကားကိုဆုံးအောင် ကျွန်တော် နားမထောင်တော့ပါ။

"ခင်ဗျားဟာ ဒီကိစ္စမှာ ကျွမ်းကျင်တဲ့သူပဲ၊ ခင်ဗျားရဲ့ဆုံးဖြတ်ချက်ကို ကျွန်တော် ယုံကြည်ပါတယ်၊ ကျွန်တော်ကျောသွားတာ မခံနိုင်ဘူးလို့ စောစောကလေးကပဲ ခင်ဗျားပြောခဲ့သေးတယ် မဟုတ်လား"

"ဒါပေမယ့် အခုဟာက မောင်ရင့်အလုပ်နော်၊ ကျုပ်ဝယ်လိုက်တဲ့ ရုပ်ရှင်တွေက မကောင်းဘူးဆိုရင်. . ."

သူ့စကားကို ကျွန်တော် ဖြတ်ပစ်လိုက်ပြန်သည်။ ယခုတစ်ကြိမ်တွင်မူ ကျွန်တော်၏လေသံက ပို၍အေးစက်မာကျောသွားသည်။

"ဒီနေရာကျတော့ ခင်ဗျားမှားသွားပြီ ဂျက်၊ ဒီအလုပ်ဟာ ကျွန်တော့်အလုပ်မဟုတ်ဘူး။ ဝယ်လိုက်တဲ့ ရုပ်ရှင်ကားတွေ မကောင်းဘူးဆိုရင် ခင်ဗျားရဲ့အေဂျင်စီ နာမည်ပျက်မှာပဲ၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားရဲ့ ကမ္ဘာ့အနုပညာသည်များ အုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူပြီး ဝယ်ပေးတာလေဗျာ၊ ကျွန်တော့်အလုပ်မှာ ကျွန်တော် မှားသွားနိုင်ခွင့်ရှိတယ်၊ ကျွန်တော့်ကို ခင်ဗျားက အပါးနှပ်ပြီဆိုရင်တော့ စင်ကလဲယား ရုပ်မြင်သံကြားကို နောက်ဘယ်တော့မှ ခင်ဗျား ရုပ်ရှင်ကားရောင်းလို့ရတော့မှာ မဟုတ်ဘူး၊ စင်ကလဲယား ရုပ်မြင်သံကြားနဲ့ ပတ်သက်လို့ ခင်ဗျား ဘာမှလုပ်စရာမလိုတော့ဘူး၊ စင်ကလဲယားက ခင်ဗျားနဲ့ လုံးဝမဆက်ဆံတော့ဘူးဆိုတဲ့သတင်း ထွက်သွားတာနဲ့တစ်ပြိုင်တည်း တခြားစီးပွားရေး လုပ်ငန်းရှင်တွေ အားလုံးကပါ ခင်ဗျားကို လက်ရှောင်ကုန်ကြတော့မယ်၊ အဲဒီအခါကျရင် ခင်ဗျားရဲ့ ကမ္ဘာ့အနုပညာသည်များ အုပ်ချုပ်ရေးအဖွဲ့ဆိုတဲ့ အေဂျင်စီကြီး ဘယ်ဘဝ ရောက်သွားမယ်ထင်သလဲ"

သူ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ နဖူးပေါ်မှာ ချွေးသီးချွေးပေါက်ကြီးများ ပေါ်လာသည်။ အရက်ကို ဖြည်းဖြည်းချင်းသောက်ကာ ကျွန်တော်နှင့် မျက်နှာလွှဲသွားသည်။ အတော်ကလေးကြာတော့မှ သူ စကားပြောသည်။

"ကားတွေကတော့ ကားကောင်းတွေချည်းပါပဲ မောင်ရာ"

"ဒီလိုဆိုရင် ဘာကြောင့် ခင်ဗျားက စိတ်သောကရောက်နေရတာလဲ၊ စိတ်အေးအေးထားစမ်းပါဗျာ၊ ကဲ. . . ညစာစားလိုက်ကြရအောင်၊ ကျွန်တော် သိပ်ဆာနေပြီ" ဟု ကျွန်တော်က ပြုံးပြရင်းပြောသည်။

သို့သော်လည်း ထိုညက သူခံတွင်းတွေ့ပုံမရပါ။

❑

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အခန်းသို့ပြန်ရောက်တော့ ဆယ့်တစ်နာရီထိုးနေပြီ။ သို့သော်လည်း ကျွန်တော် ပင်ပန်းမနေပါ။ လက်ကိုင်အိတ်ကိုဖွင့်ပြီး စာရွက်စာတမ်းများကို ထမင်းစားစားပွဲပေါ်တွင် ဖြန့်ကြဲလိုက်သည်။

အားလုံးပြီး၍ အိပ်ရာဝင်ခဲ့တော့ သန်းခေါင်ကျော် တစ်နာရီ ထိုးနေချေပြီ။ မျက်လုံးများ ကျိန်းစပ်နေသည်။ သို့သော်လည်း မျက်လုံးမှိတ်လိုက်သည်နှင့် တစ်ပြိုင်တည်း အိပ်ပျော်သွားတော့သည်။

အိပ်ချိန် နာရီဝက်လောက် အကြာမှာပင် တံခါးခေါင်းလောင်းတီးသံ ကြားရသည်။ အစပိုင်းတွင် ခပ်ဝေးဝေးမှ လွင့်မျောလာသည့် ပဲ့တင်သံဟု ထင်မိသည်။ ဆက်တိုက်ကြားနေရသဖြင့် မျက်လုံးဖွင့်ရတော့သည်။ ခေါင်းလောင်းသံက ပိုကျယ်လာသည်။ ကုတင်ပေါ်မှဆင်းခဲ့ပြီး တံခါးသွားဖွင့်ပေးသည်။

ဘာဘရာ။

သားမွေးကုတ်အင်္ကျီကို ဝတ်ထားသည်။ ပိုက်ဆံအိတ်ကလေးတစ်လုံး ကိုင်ထားသည်။ ကျွန်တော့်ကို မျက်လုံးပြာကြီးများဖြင့် မော့ကြည့်နေသည်။ သူ့မျက်လုံးထဲမှာ ထိတ်လန့်ခြင်းရိပ်သည့် အရိပ်အယောင်များ ပေါ်နေသည်။

တံခါးဝမှာပိတ်ပြီး ခဏကြာအောင် ကျွန်တော် ရပ်နေမိသေးသည်။ ပြီးတော့မှ နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်။ ကျွန်တော့်ရင်ခွင်ထဲသို့ သူပြေးဝင်လာသည်။ သူ့တစ်ကိုယ်လုံး တုန်နေသည်။ သူငိုနေသည်။ ကျွန်တော်က တံခါးပိတ်လိုက်သည်။

"မောင်အိမ်ပြောင်းသွားတာ ကျွန်မကို မပြောဘူး" ဟုလည်း ရှိုက်ရင်းပြောသည်။

သူ့ကို ကျွန်တော်ဖက်ထားသည်။

"မောင် အလျှင်အခန်းကို ကျွန်မသွားတယ်၊ မောင် ဘယ်ပြောင်းသွားတယ်ဆိုတာ အိမ်စောင့် ပြောလိုက်လို့"

ကျွန်တော့်မျက်နှာကို သူမော့ကြည့်သည်။ သူ့တစ်မျက်နှာလုံး မျက်ရည်တွေ ရွှဲနစ်နေသည်။

"ကျွန်မကို အရမ်းစိတ်ဆိုးသလား မောင်"

ကျွန်တော် ခေါင်းရမ်းပြလိုက်သည်။

ကန်ဘောင်ကျိုးကျသလို ဒလဟော သွန်ပြောတော့သည်။

"ကျွန်မ ဘယ်လိုမှ နေလို့မရတော့ဘူး၊ ကျွန်မတစ်ယောက်တည်း ဖြစ်နေတယ်၊ တကယ့်ကို တစ်ယောက်တည်း ဖြစ်နေတယ်၊ မင်းမှာ တခြားသူငယ်ချင်းတွေ ရှိသေးတာပဲလို့ မောင်ပြောခဲ့တဲ့စကားကို ပြန်စဉ်းစားကြည့်မိတယ်၊ ကျွန်မမှာ တခြားသူငယ်ချင်းတစ်ယောက်မှ မရှိတာကို ပထမဆုံးအနေနဲ့ သဘောပေါက်လိုက်မိတယ်၊ တကယ့်ကို သူငယ်ချင်းစစ်စစ် တစ်ယောက်မှမရှိဘူး၊ အပျော်ပေါင်း ပေါင်းနေတဲ့ လူတွေပဲရှိတယ်၊ တကယ်ပါ၊

ဒါနဲ့ ကျွန်မ ဝီစကီသောက်တယ်၊ တစ်ပုလင်းသာကုန်သွားရော ဘာအရသာမှ မရှိဘူး စိတ်လည်း တည်ငြိမ်မလာဘူး၊ ဆေးလိပ်တွေ ဆက်ဖွာကြည့်တယ်၊ အကြောင်းမထူးဘူး အိပ်ဆေးသောက်ပြီးအိပ်ဖို့ ဆုံးဖြတ်လိုက်တယ်၊ တစ်လုံးသောက်လည်း ဘာမှမဖြစ်ဘူး၊ နှစ်လုံးသောက်လည်း မဖြစ်ဘူး၊ သုံးလုံးသောက်လည်း ဒီအတိုင်းပဲ၊ လေးလုံးမြောက်သောက်ဖို့ ရေချိုးခန်းထဲကို ဝင်ခဲ့တယ်၊ မှန်ထဲမှာ ကျွန်မကိုယ်ကျွန်မ ပြန်ကြည့်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲမှာ အမေ့မျက်နှာကို မြင်နေရတယ်၊ လေးလုံးမြောက်သာ ဆက်သောက်မယ်ဆိုရင် အမေ့လိုပဲ ဘဝဇာတ်သိမ်းသွားရမှာ သေချာတယ်၊ နောက်တစ်နေ့မနက်မှာ တခြားလူတွေ ကျွန်မအခန်းထဲကို ဝင်လာယင် အလောင်းကိုတွေ့ရမှာ သေချာတယ်၊ ကျွန်မ အရမ်းကြောက်သွားတယ်၊

မောင့်ဆီကို ဖုန်းဆက်ကြည့်တယ်၊ ဒါပေမယ့် လိုင်းဖြတ်ထားတယ်လို့ပဲ ပြန်ပြောနေကြတယ်၊ အဲဒီအချိန်မှာ ကျွန်မ အရမ်းကြောက်နေပြီ၊ ကျွန်မသွားစရာ တခြားဘယ်နေရာမှလည်း မရှိတော့ဘူး၊ ဒါနဲ့ပဲ မောင့်အလျင်အိမ်ကို ကျွန်မ ထွက်လာခဲ့တာ"

မျက်ရည်များကို သူ့လက်ခုံဖြင့် သုတ်ပစ်လိုက်သည်။ သူ့ကုတ်အင်္ကျီရင်ပတ် ပွင့်သွားသည်။ ညဝတ်အင်္ကျီခံဝတ်ထားကြောင်း တွေ့ရသည်။

"ဒီနေ့တစ်ညတည်းပဲ ဒီမှာနေပါရစေ မောင်ရယ်၊ မနက်ဖြန် မနက်ကျတော့ ကျွန်မပြန်ပါ့မယ်၊ နော်. . . မောင်. . . နေပါရစေ"

"မင်း ဒီကိုတောင် ရောက်နေပြီပဲကွာ၊ ကဲ. . . အိပ်ကြစို့၊ ညဉ့်နက်လှပြီ"

သူ့ကို အိပ်ခန်းထဲသို့ ခေါ်လာခဲ့သည်။

"မျက်နှာသွားသစ်လိုက်ဦး၊ မျက်ခွံဆိုးဆေးတွေက တစ်မျက်နှာလုံး မြင်မကောင်းအောင် ပေကျံနေပြီ"

ကျိုးနွံစွာဖြင့် ရေချိုးခန်းထဲသို့ သူဝင်သွားသည်။ မျက်နှာသစ်နေသည့်အသံ ကြားရသည်။ ခဏကြာတော့ သူပြန်ထွက်လာသည်။ ရေချိုးခန်းထဲမှ မီးရောင်က အိပ်ခန်းထဲသို့ ထိုးကျလာသည်။

"ကျွန်မမျက်နှာ အခုကြည့်လို့ ကောင်းသွားပြီလားဟင်"

ကျွန်တော် လှမ်းကြည့်သည်။ မှောင်နေသဖြင့် ဘာမှမမြင်ရပါ။ သို့သော်လည်း ကြည့်ကောင်းပါသည်ဟု ပြောလိုက်ရသည်။

ကျွန်တော့်ဘေးမှာ သူဝင်အိပ်သည်။ သူ အိပ်ပျော်သွားသော်လည်း ကျွန်တော် အိပ်မပျော်ပါ။ ထို့ကြောင့် ဧည့်ခန်းသို့ထွက်လာပြီး ဖြစ်သလို အိပ်လိုက်ရတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

ကျွန်တော့်မိဘများ ကွယ်လွန်သည့်အချိန်က ကျွန်တော်သည် အသက်ဆယ့်ခြောက် နှစ်အရွယ် အလယ်တန်းကျောင်းသားဘဝမှာပင် ရှိသေးသည်။

အဖေနှင့် အမေ သေဆုံးရသည်မှာ စစ်အတွင်းက ထုတ်ပြန်သော အဓိပ္ပာယ်မရှိ သည့် စည်းကမ်းများကြောင့် ဖြစ်သည်။ လေယာဉ်ပျံပေါ်မှ မီးရောင်ကို မမြင်ရစေရန်ဟူသော အကြောင်းပြချက်ဖြင့် မော်တော်ကားအားလုံး၏ ရှေ့မီးကြီးအပေါ်ခြမ်းကို ဆေးအနက်သုတ်ရ မည်ဟု အမိန့်ထုတ်သည်။

ကျွန်တော့်အဖေနှင့် အမေသည် ညဘက်ကားမောင်းလာရင်း ရှေ့ကကားနှင့် ထောင်တွေ့မှာ ပက်ပင်းတွေ့သည်။ တစ်ဖက်ကားမီးရောင်ကို အပြန်အလှန် မမြင်နိုင်ကြသော ကြောင့် ထိုသို့အသက်ဆုံးရှုံးရခြင်း ဖြစ်လေသည်။

"မင်း သတ္တိရှိဖို့တော့လိုတယ်၊ စိတ်ကိုတင်းထား"

ရှေ့နေ မစ္စတာဘာလိတ်က ကျွန်တော့်ကို လှမ်းပြောသည်။ အသုဘအခမ်းအနား ပြီးတွင် သူ့ရုံးထဲမှာ ကျွန်တော်ထိုင်နေသည်။ ကျွန်တော့်မျက်လုံးများတွင် မျက်ရည်မရှိပါ။

"မင်းရဲ့မိဘနှစ်ပါးဟာ ဘာဝေဒနာမှ မခံစားလိုက်ကြရပါဘူး၊ ဘာဖြစ်သွားတယ်ဆို တာတောင် သူတို့သိလိုက်ကြမှာ မဟုတ်ဘူး" ဟု မစ္စတာဘာလိတ်က ဆက်ပြောသည်။

တစ်ဖက်ထောင့်တွင် ထိုင်နေသည့် ကျွန်တော့်အဒေါ် ပန်းဒင့်ကို ကျွန်တော်လှမ်း ကြည့်သည်။ သူ့နာမည်သည် 'အမြော်အမြင်ရှိသူ' ဟု အဓိပ္ပာယ်ရသော်လည်း သူကိုယ်တိုင်က မူ ဘာအမြော်အမြင်မှ မရှိပါ။

ကျွန်တော်တို့၏ ဇာတိမြို့ဖြစ်သော နယူးဘက်ဖို့မှ ကိပ်အန်းသို့ သူပြောင်းသွား သည်။ ကျွန်တော့်အဖေသည် သူ့ညီမအကြောင်းကို သိပ်ပြောလေ့ပြောထ မရှိပါ။ သို့သော် လည်း အဒေါ်၏သတင်းများကိုတော့ ကျွန်တော် ကြားနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ပန်းချီဆရာတစ်ယောက်နှင့်ကြိုက်ပြီး ပါရီမြို့သို့လိုက်သွားသည့်အကြောင်း၊ ဟို ရောက်တော့ ပန်းချီဆရာက သူ့ကိုထားခဲ့ကာ မယားကြီးဆီ ပြန်သွားသည့်အကြောင်းအပြင် အခြားအကြောင်းများကိုလည်း ကြားနေရပါသည်။

တစ်နေ့တွင်တော့ နယူးဘက်ဖို့မြို့သို့ သူပြန်ရောက်လာပါသည်။ သူပြန်ရောက်လာ ကြောင်း ကျွန်တော့်အဖေ မသိပါ။ အဖေ ရုံးထိုင်နေသည့်ဘဏ်တိုက်သို့ ငါးနှစ်သားလေး တစ်ယောက်ကို လက်ဆွဲပြီး ရောက်လာတော့မှ အဖေသိရခြင်းဖြစ်သည်။ ငါးနှစ်သားလေးက ကြောက်ကြောက်ရွံ့ရွံ့နှင့် အဒေါ်၏ဂါဝန်စကို ဆွဲထားသည်။

"ဟယ်လို. . . ဂျွန်" ဟု အဒေါ်က အဖေ့ကို နှုတ်ဆက်သည်။

"ပရူးဒင့်"

ကျွန်တော့်အဖေကတော့ ဝတ်ကျေတမ်းကျေပဲ နှုတ်ဆက်သည်။

အဒေါ်က ငါးနှစ်သားကလေးကို ငုံ့ကြည့်ပြီး ပြင်သစ်ဘာသာဖြင့် တစ်စုံတစ်ရာ ပြောသည်။ ငါးနှစ်သားလေးက အဖေ့ကို ပြင်သစ်ဘာသာဖြင့် နှုတ်ဆက်သည်။

"သူက ပြင်သစ်ဘာသာတစ်မျိုးပဲ တတ်တယ်လေ" ဟု အဒေါ်ကပြောသည်။

"သူက ဘယ်သူလဲ" ဟု ကျွန်တော့်အဖေက ကလေးကိုစိုက်ကြည့်ရင်း မေးသည်။

"ကျွန်မသားလေ. . . သူ့ကို ကျွန်မ မွေးစားလိုက်တယ်"

"မင်းပြောတာ ငါယုံမယ်ထင်လို့လား"

"ရှင်ယုံချင်ယုံ မယုံချင်နေ၊ ကျွန်မ ဂရုမစိုက်ပါဘူး၊ ကျွန်မ ပိုက်ဆံလိုချင်လို့လာတာ"

သူဘာပြောနေကြောင်း အဖေက သိသည်။ နယူးအင်္ဂလန်နယ်တွင် မိန်းမများကို ယုံကြည်စိတ်ချမှု နည်းပါးသည်။ သူတို့ ရပိုင်ခွင့်ရှိသည့် အမွေကိစ္စများမှာ တင်းကျပ်သော ဥပဒေများကို ပြဋ္ဌာန်းထားလေသည်။

"မင်းရသင့်တဲ့ပိုက်ဆံကို မင်းအသက် သုံးဆယ်ပြည့်တဲ့နေ့အထိ ဘဏ်တိုက်မှာပဲ ထားရမယ်၊ အဖေ့ရဲ့ သေတမ်းစာထဲမှာ အဲဒီအတိုင်း အတိအကျ ရေးသွားတယ်"

"လွန်ခဲ့တဲ့လ,ကပဲ ကျွန်မအသက် သုံးဆယ်ပြည့်သွားပြီနော်"

"ဩ. . . သုံးဆယ်ပြည့်သွားပြီကိုး. . . သုံးဆယ်ပြည့်သွားပြီကိုး"

အဖေ့မှာ ဒါပဲပြောနိုင်သည်။ ဖုန်းကောက်ကိုင်ပြီး လိုအပ်သည့်စာရင်းများ ရှင်းလင်း ပေးရန် ပြောရတော့သည်။

"ဒီပိုက်ဆံတွေကို မင်းဘာသုံးမှာလဲ၊ ဘဏ်မှာ ဒီအတိုင်းထားရင် ဘဏ်တိုးနဲ့တင် မင်း လုံလုံလောက်လောက် နေနိုင်တယ်"

"ကျွန်မ သုံးပြီးပြီ၊ ကိပ်အန်းမြို့မှာ တည်းခိုခန်းသေးသေးကလေးတစ်ခု ဝယ်လိုက် တယ်၊ အဲဒီကဝင်ငွေနဲ့ ကျွန်မနေလို့ရပါတယ်၊ ကျွန်မ အေးအေးဆေးဆေး ပန်းချီဆွဲမယ်၊ အရေးကြီးတာက ဒီကလေးအတွက် အိမ်နဲ့ရာနဲ့ဖြစ်အောင် ဖန်တီးပေးဖို့ပဲ"

အဖေ ဘာမှပြောခွင့်မရတော့ပါ။ ထိုပြင်သစ်ပေါက်စကလေးကို လက်ဆွဲပြီး ကိပ်- အန်းမြို့သို့ အဒေါ်ပရူးဒင့် ပြန်သွားသည်။ နှစ်အနည်းငယ်ကြာတော့ ထိုကလေးရေး ကွယ် လွန်သွားကြောင်း မိတ်ဆွေများပြောသဖြင့် သိရသည်။

"တစ်နည်းအားဖြင့် ကောင်းတယ်လို့ ဆိုရမှာပဲ၊ဒီကလေးက ပြင်သစ်ဘာသာ လွဲပြီး တခြားဘာမှမတတ်တာ" ဟု ကျွန်တော့်အဖေက ပြောခဲ့သည်။

www.burmeseclassic.com

"သူက ကျွန်တော်နဲ့ ညီအစ်ကိုဝမ်းကွဲ တော်သလားဟင်" ဟု ကျွန်တော် မေးကြည့်သည်။ ထိုအချိန်တုန်းက ကျွန်တော့်အသက်မှာ ခြောက်နှစ်သာရှိသေးသည်။

"မတော်ဘူး" ဟု အဖေက လေသံပြတ်ပြတ်ဖြင့် ပြန်ပြောသည်။

"ဒါပေမယ့် သူက အန်တီပရူးဒင့်ရဲ့သား မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဒီကလေးမှာ မိဘနဲ့ နေစရာအိမ်မရှိလို့ သနားပြီး သူ့ကိုမွေးစားလိုက်တာ" ဟု အဖေကပြန်ပြောသည်။

ထိုသို့ပြောခဲ့သည်များကို ကျွန်တော် ပြန်လည်ကြားယောင်နေမိသည်။ ထို့ကြောင့် စားပွဲတစ်ဖက်ထိပ်မှာ ထိုင်နေသည့် အန်တီပရူးဒင့်ကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ သူ့အလှည့်သည် ကျွန်တော့်အလှည့်ဖြစ်သည်။ ကျွန်တော့်ကိုရော သူ သနားနိုင်ပါ့မလားဟု တွေးကြည့်မိသည်။

"စတီဖင်"

မစ္စတာဘာလိတ်က လှမ်းခေါ်သဖြင့် သူ့ကို ကျွန်တော်လှည့်ကြည့်သည်။

"ဟုတ်ကဲ့ခင်ဗျာ"

"မင်းဟာ ကလေးမဟုတ်တော့တာတော့ မှန်တယ်၊ ဒါပေမယ့် အသက်မပြည့်သေးသို့ တရားဥပဒေအရဆိုရင် လူကြီးလည်း မဟုတ်သေးဘူး၊ မင်းအဖေဟာ လူချမ်းသာကြီးတစ်ယောက်တော့ မဟုတ်ဘူး၊ ဒါပေမယ့် မင်းပညာဆုံးခန်းတိုင် သင်နိုင်အောင်တော့ ငွေအလုံအလောက် ထားရစ်ခဲ့တယ်၊ မင်းခြေထောက်ပေါ်မှာ ကိုယ်ပိုင်ရပ်နိုင်တဲ့အထိ မပူမပင် နေသွားနိုင်အောင် ထားရစ်ခဲ့တယ်၊ လောလောဆယ်ပေါ်နေတဲ့ ပြဿနာက မင်းအသက်မပြည့်သေးခင်စပ်ကြား မင်းရဲ့အုပ်ချုပ်သူအဖြစ် ဘယ်သူ့ကိုထားမယ်ဆိုတာပဲ၊

မင်းမိဘတွေက သူတို့ပိုင်တဲ့ ပစ္စည်းဥစ္စာတွေကို ထိန်းသိမ်းဖို့အတွက် ငါ့ကို တရားဝင် ခန့်ထားခဲ့တာတော့ မှန်တယ်၊ ဒါပေမယ့် မင်းကို ထိန်းသိမ်းဖို့တော့ ငါ့ကို တာဝန်မပေးခဲ့ဘူး ဒါကြောင့် မင်းအသက်ပြည့်တဲ့အထိ မင်းအတွက် တရားဝင် အုပ်ချုပ်ထိန်းသိမ်းသူကို မင်းကိုယ်တိုင်ပဲ ရွေးချယ်ရလိမ့်မယ်"

အဒေါ်ပရူးဒင့်နှင့် ကျွန်တော်သည် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လှမ်းကြည့်လိုက်မိကြလေသည်။ ကျွန်တော့်ကို အဒေါ်က ဆွဲဆောင်ထားလိုက်သလို ဖြစ်သွားသည်။ သူ့ရင်ထဲမှာ မည်သို့ခံစားနေရကြောင်း ထုတ်ဖော်ပြောဖို့မလိုပါ။ ကျွန်တော် အလိုလို သိနေပါသည်။

"မစ္စတာဘာလိတ်ခင်ဗျာ. . . ကျွန်တော့်အဒေါ်ဟာ ကျွန်တော့်အတွက်. . . ဟို . . . ကျွန်တော်တို့. . ."

ကျွန်တော်တို့ တူဝရီးနှစ်ယောက် အပြန်အလှန် ကြည့်နေရင်းက ကျွန်တော် ထစ်ထစ်ငေါ့ငေါ့ ပြောသည်။ စကားကိုဆုံးအောင် ကျွန်တော် ဆက်မပြောနိုင်ပါ။

စကားမဆက်နိုင်တော့သောကြောင့် အခန်းထဲမှာ တိတ်ဆိတ်သွားသည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်စလုံးက မစ္စတာဘာလိတ်ကို ပြိုင်တူလှည့်ကြည့်လိုက်မိကြပြန်သည်။ သူ့မျက်နှာ ပြုံးနေပါသည်။

"ဒီစကားကိုပဲ မင်းပြောလိမ့်မယ်လို့ ငါမျှော်လင့်ထားပါတယ် စတီဖင်၊ ဒါဆိုရင် အခြားဘာပြဿနာမှ မရှိနိုင်တော့ပါဘူး၊ မင်းအဒေါ်ဟာ မင်းရဲ့ သွေးအနီးဆုံးအမျိုးဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com


တယ်" ဟု မစ္စတာဘလိတ်က ပြောသည်။

အဒေါ်က ထိုင်ရာမှထပြီး ကျွန်တော့်ဆီလာသည်။ ကျွန်တော့်လက်တစ်ဖက်ကို ဆွဲယူသည်။ သူ့မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်နေကြောင်း မြင်တွေ့ရသည်။

"အဒေါ်ကလည်း မင်းဒီစကားပဲ ပြောလိမ့်မယ်လို့ မျှော်လင့်နေတာပါကွယ်" ဟု ပြောသည်။

ပြီးတော့ ချက်ချင်းလိုပင် သူ့ရင်ခွင်ထဲသို့ ကျွန်တော် ရောက်သွားတော့သည်။ ကျွန်တော် ရှိုက်ကြီးတငင် ငိုမိပါသည်။ အဒေါ်က ကျွန်တော့်ဆံပင်များကို ပွတ်သပ်ပေးနေသည်။

"တိတ်ပါတော့ သားရယ် . . . တိတ်ပါတော့၊ အားလုံး အဆင်ပြေသွားပါပြီ" ဟုလည်း ကျွန်တော့်ကိုနှစ်သိမ့်သည်။

နောက်တစ်လအကြာတွင် နွေရာသီအတွက် ကျောင်းရက်ရှည်ပိတ်သည်။ ကျောင်းပိတ်သည်နှင့် တစ်ပြိုင်တည်း အဒေါ်ပစ္စူဒင့်ရှိရာ ကိပ်အန်းမြို့သို့ ကျွန်တော် တန်းသွားသည်။

ဘူတာရုံသို့ ရထားဝင်သွားသောအခါ နေအတော်စောင်းနေပြီ။ သို့သော်လည်း သစ်သားနှင့်ဆောက်ထားသည့် ဘူတာရုံကလေးအတွင်းမှာ အတော်ကြီး ပူအိုက်နေသေးသည်။

အခြားခရီးသည်အချို့လည်း ဆင်းသည်။ သို့သော် ချက်ချင်းပင် ဘူတာရုံတွင်းမှ ထွက်ကာ သက်ဆိုင်ရာခရီးများကို ဆက်ကြသည်။ ဘူတာရုံတွင်းမှာ ကျွန်တော်တစ်ယောက်တည်း ကျန်တော့သည်။ သေတ္တာကလေးကိုဆွဲပြီး အပြင်ထွက်ခဲ့သည်။ ကျွန်တော်ရိုက်လိုက်သည့် ကြေးနန်းကို အဒေါ် ရမှရပါရဲ့လားဟု တွေးကြည့်နေမိသည်။

ဘူတာရုံအပြင်သို့ ရောက်သည့်အချိန်မှာပင် အပိန်အချိုင့် ဗရပွဖြစ်နေသော ပလိုင်းမောက်ကားကြီးတစ်စီး ထိုးဆိုက်လာသည်။ ခပ်ငယ်ငယ် အမျိုးသမီးတစ်ယောက် ကားထဲမှ ဆင်းလာသည်။ ကျွန်တော့်ကို မော့ကြည့်သည်။ ဇဝေဇဝါ ဖြစ်နေပုံရသည်။ ပြီးတော့မှ မေးသည်။

"စတီဖင်ဂေါက်ဆိုတာလား"

ကျွန်တော်က သူ့ကိုငုံ့ကြည့်သည်။ သူ့မျက်နှာတွင် မင်ခြောင်စုံတွေ စွန်းပေနေသည်။ ဝတ်ထားသည့် အဝတ်အစားများတွင်လည်း ပေကျံနေသည်။ ရှည်လျားသည့် ဆံပင်များက ပခုံးပေါ်မှာ လျှောကျနေသည်။

"ဟုတ်ပါတယ်" ဟု ကျွန်တော်က ပြန်ဖြေသည်။

သည်တော့မှ စိတ်သက်သာရာ ရသွားသည့်ပုံမျိုးဖြင့် ပြုံးသည်။

"ကျွန်မနာမည် နန်စီပါ၊ ရှင့်အဒေါ်က အကြိုခိုင်းလိုက်လို့၊ အမှန်က သူကိုယ်တိုင်လာကြိုဖို့ပါပဲ၊ ဒါပေမယ့် သင်တန်းချိန်ကြီးဖြစ်နေလို့၊ ရှင့်သေတ္တာကို ကားနောက်ထဲ တင်လိုက်လေ"

သူ ကားပေါ်ပြန်တက်သည်။ ကျွန်တော်လည်း သူ့ဘေးမှာ ဝင်ထိုင်သည်။ ကားကို ကျင်လည်စွာ မောင်းထွက်လာသည်။ ကားမောင်းနေရင်း ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ပြုံးပြန်သည်။

"ရှင့်ကိုတွေ့ရတော့ ကျွန်မ အံ့သြသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ငါ့တူလေးကို ဘူတာရုံမှာ သွားကြိုပေးစမ်းပါလို့ ရှင့်အဒေါ်ကပြောတယ်၊ ဒါကြောင့် ကျွန်မ ထင်ထားတာက ကလေးလေးတစ်ယောက်လို့ ထင်နေတာ"

ကျွန်တော် ရယ်လိုက်သည်။ အနည်းငယ်လည်း စိတ်ကြီးဝင်သွားမိသည်။

ကျွန်တော်က စီးကရက်ဘူးထုတ်ပြီး သူ့ဘက်သို့ ကမ်းပေးသည်။ သူက တစ်လိပ်ယူသည်၊ ထို့ကြောင့် သူ့ကို အလျင်မီးညှိပေးလိုက်သည်။ ပြီးမှ ကျွန်တော့် ဆေးလိပ်ကို မီးညှိသည်။

"ခင်ဗျား ကျွန်တော့်အဒေါ်ဆီမှာ အလုပ်လုပ်တာလား"

သူက ခေါင်းခါသည်။ စီးကရက်မီးခိုးငွေ့များက သူ့မျက်နှာတစ်ဝိုက်တွင် ဝဲလွင့်နေသည်။

"မဟုတ်ဘူး၊ သူ့ကျောင်းသူတစ်ယောက်ပါ၊ ကိုယ်ဟန်ပြတဲ့အလုပ်လည်း လုပ်တယ်"

"အို. . ."

ကျွန်တော် အံ့သြသွားသည်။ အဒေါ်ပချူးဒင့် အနုပညာကျောင်း ဖွင့်ထားသည်ကို ကျွန်တော် မသိခဲ့ချေ။

"ဆိုးတော့မဆိုးပါဘူး၊ ကိုယ်ဟန်ပြတဲ့အတွက် သင်တန်းကြေး အထိုက်အလျောက် သွားတာပေါ့"

"ခင်ဗျားက ဘာသင်တာလဲ"

"အဓိကကတော့ ပန်းချီပါပဲ၊ ဒါပေမယ့် တစ်ပတ်မှာ နှစ်ရက် ပန်းပုထုတာ လေ့လာတယ်၊ ပန်းပုထုမှ ကိုယ်လုံးကိုယ်ပေါက်အကြောင်း ပိုသိမယ်တဲ့"

ကျွန်တော်က သူ့ကိုယ်လုံးကိုယ်ပေါက်ကို အကဲခတ်ကြည့်လိုက်သည်။ ပြီးတော့မှရင်း ပြန်ပြောမိသည်။

"ခင်ဗျားကိုယ်လုံးကိုယ်ပေါက်နဲ့ဆိုရင် တခြားမှာ လေ့လာဖို့တောင်မလိုဘူး ထင်ပါတယ်"

ကျွန်တော့်အကြည့်ကို သူမြင်သွားသည်။ ထို့ကြောင့် ရယ်သည်။

"ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

"(၁၇) နှစ်"

ကျွန်တော်က တစ်နှစ်ပိုပြောလိုက်သည်။

"ရှင့်ကိုကြည့်ရတာ အဲဒီထက်ပိုကြီးသလိုပဲ၊ ထွားတယ်နော်၊ ကျွန်မက (၁၉) နှစ်ပဲ ရှိသေးတယ်၊ သိပ်မကွာပါဘူး"

မြို့ကလေး၏ အပြင်ဘက်သို့ ကျွန်တော်တို့ကား ရောက်လာသည်။ ပင်လယ်ကမ်းခြေဘက်သို့ သွားဟန်တူသည့် ဘယ်ဘက်လမ်းအတိုင်း ကားချိုးဝင်သွားသည်။

အိမ်မှာ တောင်ကုန်းကလေးပေါ်တွင် တည်ရှိသည်။ ပင်လယ်ပြင်ကို စီးမြင်နေရသည်။ လမ်းဘက်တွင် ထင်းရှူးပင်များ တန်းစိုက်ထားသဖြင့် အိမ်ကိုကွယ်နေသည်။ အိမ်ရှေ့မှာ အားရပ်သည်။

"ဒီအိမ်ပဲ" ဟု နန်စီကပြောသည်။

ကျွန်တော်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိသည်။ ပန်းချီပန်းပုသင်တန်း

www.burmeseclassic.com

 www.burmeseclassic.com 

ဆိုင်းဘုတ်တစ်ခုနှင့် တည်းခိုခန်းဆိုင်းဘုတ်တစ်ခု ရှိသည်။

နန်စီက ကျွန်တော့်ရင်ပတ်ကိုကျော်ပြီး ကားတံခါးဖွင့်ပေးသည်။ သူ့ရင်ပတ်က ကျွန်တော့်ကိုယ်ပေါ် သို့ အိကျလာသည်။ ထိုအချိန်ကလေးမှာပင် ကျွန်တော့်ကို သူမော့ကြည့်လိုက်သေးသည်။

**"ရှင် အိမ်မကြီးမှာ နေရမယ်၊ ရှင့်အဒေါ်က သေတ္တာဆွဲပြီး အိမ်ထဲသာ တန်းဝင်ခဲ့ပါလို့ မှာထားတယ်"**

သူ့ကိုယ်ကိုပြန်မတ်ရင်း ပြောသည်။ ကျွန်တော်က သေတ္တာဆွဲပြီး ကားပေါ်မှဆင်းသည်။

"ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး"

ကားကို ဂီယာထိုးသည်။ မောင်းထွက်မည်လုပ်ပြီးမှ မမောင်းသေးဘဲ ကျွန်တော့်ကို လှမ်းကြည့်သည်။

"ကျောင်းသူတွေက အိမ်မကြီးရဲ့ နောက်ဘက်က တိုက်ကလေးတွေမှာ နေရတယ်၊ ကျွန်မ တိုက်နံပါတ်က ငါး၊ အကြောင်းရှိရင် ပြောလေ" ဟု လှမ်းပြောပြီးမှ ကားမောင်းထွက်သွားသည်။

မော်တော်ကား ပျောက်သွားသည်အထိ လှမ်းကြည့်နေပြီးမှ အိမ်ထဲသို့ဝင်ခဲ့သည်။ အရှေ့ခန်းတွင် လူတစ်ယောက်မှ မရှိပါ။ ဘယ်ဆက်သွားရမည်ကို မသိနိုင်အောင် ဖြစ်နေမိသည်။ တံခါးတစ်ခု၏နောက်ကွယ်မှ လူသံများကို ကြားနေရသည်။ ထို့ကြောင့် ထိုတံခါးကို ဖွင့်ပြီး အခန်းတွင်းသို့ ဝင်လိုက်သည်။

အသံအားလုံး ရပ်သွားသည်။ ကျွန်တော်လည်း တံခါးဝမှာ ကြက်သေ,သေပြီး ရပ်နေမိသည်။ အမျိုးသမီး လေးငါးယောက်သည် ပန်းချီဆွဲနေသည့် ဒေါက်များရှေ့တွင် ရပ်နေကြသည်။ အားလုံးက ကျွန်တော့်ကို လှည့်ကြည့်နေကြသည်။ သူတို့ကို ကျွန်တော်မြင်သည်ဟု မထင်မိပါ။

စင်ကလေးပေါ်တွင် ရပ်နေသည့် အဝတ်မပါသောဟန်ပြမယ်ကိုသာ ကျွန်တော် စူးစိုက်ကြည့်နေမိသည်။ ကျွန်တော့်တစ်သက်တွင် ပထမဦးဆုံး မြင်ဖူးခြင်းဖြစ်သည်။

သည်နေရာမှာ ဆက်ရပ်နေရမည်လော၊ ရှေ့ဆက်သွားရမည်လော၊ နောက်ပြန်ဆုတ်ရမည်လော ကျွန်တော် မဝေခွဲတတ်တော့ပါ။

"တံခါးပိတ်ပြီး ဒီမှာလာထိုင် စတီဖင်၊ ခဏကြာရင် ဒီလေ့ကျင့်ခန်း ပြီးတော့မှာပါ"

ကိုယ်ဟန်ပြမယ်အနီးမှ ကျွန်တော့်အဒေါ် ပရူးဒင့်၏အသံကို ကြားလိုက်ရလေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ညက အနည်းငယ် အိုက်စပ်စပ်ဖြစ်နေသည်။ ကုတင်ခေါင်းရင်းဘက်တွင် ထိုင်နေသည့် နန်စီက ကျွန်တော့်နှုတ်ခမ်းကြားမှ စီးကရက်ကိုဆွဲယူပြီး အားပါးတရ ဖွာနေသည်။

"မနက်ဖြန်ကျရင် ပင်စာကိုလာကို ကိုယ်ပြန်တော့မယ်" ဟု နန်စီကပြောသည်။

"ဘယ်တော့ပြန်လာမှာလဲ"

"ပြန်မလာတော့ဘူး၊ အပြီးပြန်မှာ"

"အိုး. . ."

ကျွန်တော် ဒီတစ်ခွန်းပဲ ပြောနိုင်သည်။

"အမှန်တော့ မင်းကို ဘာမှပြောမနေတော့ဘဲ ဒီအတိုင်းပြန်သွားဖို့ကောင်းတယ်၊ [illegible]သည့် မင်းစိတ်ဆင်းရဲသွားမှာစိုးလို့၊ စောစောက ကြိုမပြောတာကတော့ မင်းစိတ်ချမ်းသာ[illegible]လေးတွေ ပျက်စီးသွားမှာစိုးလို့"

ကျွန်တော် ဘာမှမပြောတော့ပါ။ သူ့ပါးစပ်ထဲမှ စီးကရက်ကို ပြန်ဆွဲယူပြီး ဖွာရှိုက်[illegible]သည်။ အားနည်းသော အလင်းရောင်ထဲတွင် သူ၏ခန္ဓာကိုယ် ကောက်ကြောင်းများကို [illegible]နေရသည်။

"ကိုယ်စိတ်မကောင်းပါဘူး စတီဖင်"

ပြောပြောဆိုဆို ကျွန်တော့်ရင်ခွင်ထဲသို့ သူဝင်လာသည်။ တင်းကျပ်စွာ ကျွန်တော် [illegible]ဖက်ထားမိသည်။

□

www.burmeseclassic.com

www.burmeseclassic.com


အိမ်ပြန်ချိန် ကျွန်တော် ပြန်လာသောအခါ အဒေါ်၏အခန်းထဲတွင် မီးရောင်ရှိနေသေးသည်ကို တွေ့ရသည်။ နာရီကို ကြည့်လိုက်တော့ သန်းခေါင်ကျော်နေပြီဖြစ်ကြောင်း တွေ့ရသည်။

[illegible] ခြေသံမကြားအောင် တက်လာခဲ့သည်။

မိနစ်အနည်းငယ်ကြာတော့ ကျွန်တော့်အခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်နေသည်။

"ဘယ်သူလဲ"

"အဒေါ်ပါ ဝင်လာခဲ့လို့ရမလား"

"ဝင်ခဲ့ပါ အဒေါ်၊ တံခါးဖွင့်ထားပါတယ်"

"မင်းကို ပြောစရာရှိနေတာ၊ ဘာကစပြီး ပြောရမှန်းတောင် မသိပါဘူးကွယ်" ဟု ပြောရင်း အဒေါ်က ကျွန်တော့်ကိုယ်လုံးကို စိုက်ကြည့်နေသည်။

ကျွန်တော့်ရင်ပတ်နှင့် ပခုံးစွန်းများတွင် နန်စီ၏ လက်သည်းခြစ်ရာများ ရှိနေသည်။ ထို့ကြောင့် ကုလားထိုင်ပေါ်မှာ တင်ထားသော ရှပ်အင်္ကျီကို သွားယူကာ ထပ်ဝတ်လိုက်ရတော့သည်။

အဒေါ်က ကျွန်တော့်ကုတင်စောင်းမှာ လာထိုင်သည်။

"ကျောင်းပိတ်ရက်အတွင်း ဒီမှာလာနေဖို့ ခေါ်မိတာ မမှားတန်ဘူးလို့ပဲ တွက်ရတော့တယ်"

ကျွန်တော်က ဘာမှမပြောဘဲ ငြိမ်ထိုင်နေမိသည်။

"ကျောင်းပိတ်ထားတုန်း မင်း အလုပ်တစ်ခုခု ဝင်လုပ်ရင် ကောင်းမယ်ထင်တယ်၊ ဘာအလုပ်မှမရှိဘဲ နေ့တိုင်း လတ်လျားလတ်လျား လုပ်နေရတော့ စိတ်လည်းလေတာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အဒေါ်"

နန်စီမရှိတော့သည့်နောက်ပိုင်း ပင်လယ်ကမ်းစပ်မှာ တစ်ယောက်တည်း အချိန်ဖြုန်းရတော့မည့် အလုပ်သည် အလွန်တရာ ငြီးငွေ့စရာကောင်းမည်ဖြစ်ကြောင်း ကျွန်တော် တွေးလိုက်မိပါသည်။

"မစ္စတာလက်ဖတ်နဲ့ တိုင်ပင်ကြည့်ပြီးပြီ၊ သူ့အသံလွှင့်ဌာနမှာ ညနေဘက် အလုပ်ခိုင်းပေးမယ်တဲ့၊ ပိုက်ဆံတော့ များများစားစားရမှာ မဟုတ်ဘူး၊ ဒါပေမယ့် မင်းစိတ်ငြိမ်သွားတာပေါ့"

ထိုနည်းဖြင့် အသံလွှင့်လုပ်ငန်းတွင် ကျွန်တော့်ဘဝ စ,ခဲ့ခြင်းဖြစ်သည်။ နွေရာသီကျောင်းပိတ်ထားတုန်း မစ္စတာလက်ဖတ်အတွက် အသံလွှင့်အစီအစဉ်များ ရေးဆွဲပေးခြင်း၊ ကြော်ငြာများ လက်ခံပေးခြင်းများ ပြုလုပ်ရသည်။

ကျောင်းများပြန်ဖွင့်သဖြင့် ကျောင်းသို့ပြန်လာချိန်တွင် ကျွန်တော်ဝါသနာပါသော အလုပ်သည် ဘာဖြစ်ကြောင်း ကောင်းကောင်းသိခဲ့ရပါပြီ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ရုပ်မြင်သံကြားမှ ကျယ်လောင်သည့် အသံများကြောင့် ကျွန်တော် အိပ်ရာက လန့်နိုးသွားသည်။ ညက ခလုတ်မပိတ်မိဘဲ အိပ်ပျော်သွားခြင်းဖြစ်သည်။

အောက်ထပ်သို့သွားပြီး လိမ္မော်ရည်နှင့် ကော်ဖီမှာပြီး ရေဝင်ချိုးသည်။ အကြော အခြင်များ လျော့သွားသည်။ ရေချိုးခန်းထဲမှ ပြန်ထွက်လာသောအခါ ယနေ့ထုတ် သတင်းစာများနှင့်အတူ လိမ္မော်ရည်၊ ကော်ဖီများ ရောက်နေပြီ။

ကျွန်တော် ရုံးသို့ ထွက်လာသည့်အချိန်အထိ အိပ်ခန်းထဲမှာ ဘာဘာရာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲဖြစ်သည်။ မနေ့ညတုန်းက သူသောက်ခဲ့သည့် အိပ်ဆေးသုံးလုံးက အခုမှ ကောင်းကောင်း အစွမ်းပြနေတော့သည်။

ရုံးသို့ ကျွန်တော် အစောကြီးရောက်လာသည်။ သို့သော် ဖော်ဂါတီက ကျွန်တော့် ဆတ်စောပြီး ရောက်နှင့်နေသည်။ မနေ့ညက အိမ်သို့ယူသွားပြီး အလုပ်လုပ်ခဲ့သည့် စာရွက်စာတမ်းများကို သူ့စားပွဲပေါ် တင်ပေးလိုက်သည်။

ယနေ့ ကျွန်တော်လုပ်ရမည့် အစီအစဉ်များ၊ ကျွန်တော်တွေ့ရမည့် လူများစာရင်းကို ဖော်ဂါတီက ပေးသည်။ အင်ဂျင်နီယာဌာနတာဝန်ခံ မစ္စတာဝင်းနန့်ကို မနက်ကိုးနာရီတွင် ဆေးဆုံးတွေ့ဖို့တစ်ခုသာ ကျွန်တော်ပြင်သည်။ ကျန်အစီအစဉ်များအားလုံးကို ဖော်ဂါတီ ရေးဆွဲပေးထားသည့်အတိုင်း လက်ခံလိုက်သည်။

မစ္စတာဝင်းနန့်သည် အရပ်ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ ဆေးတံခဲထားသည်၊ စတီးကိုင်းမျက်မှန် တပ်သည်။

"ဂွဒ်မောနင်း မစ္စတာဂေါက်"

သူကနှုတ်ဆက်ရင်း စာရွက်တစ်ရွက် ကျွန်တော့်စားပွဲပေါ် တင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


စာရွက်ကို ကျွန်တော်ကောက်ယူသည်။ မနေ့တုန်းက ကျွန်တော်တောင်းထားသည့် သူ၏နှုတ်ထွက်စာဖြစ်သည်။ သူ့ကို ကျွန်တော် လှမ်းကြည့်သည်။

"ကျွန်တော့်နှုတ်ထွက်စာကို ကိုယ်တိုင်ပေးရင် ကောင်းမယ်လို့ ဒီလာရင်း စဉ်းစားမိလို့ပါ" ဟု သူကပြောသည်။

ကျွန်တော်က ပြုံးသည်။

"ရုပ်မြင်သံကြားကို ဆေးရောင်စုံနဲ့လွှင့်ဖို့ အခြေအနေ ဘယ်လိုရှိသလဲ"

"လေ့လာမှုတွေအားလုံး ကျွန်တော်တို့ လုပ်ထားပြီးပါပြီ"

"အဲဒီတော့"

"ကျွန်တော်တို့ စောင့်နေပါတယ်ခင်ဗျာ"

"ဘာကိုစောင့်နေတာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။

"အခြေအနေ ဘယ်လိုနေမလဲဆိုတာကိုပါ၊ အင်ဘီစီအနေနဲ့"

"အင်ဘီစီကို ကျုပ်စိတ်မဝင်စားဘူး၊ စင်ကလဲယားကိုပဲ ကျုပ်စိတ်ဝင်စားတယ်၊ ဘာကြောင့် ကျုပ်တို့က စောင့်နေရတာလဲ"

သူ့စကားကို အဆုံးအထိ နားမထောင်ဘဲ ကျွန်တော်က လေသံခပ်ဆတ်ဆတ်ဖြင့် လှမ်းငေါက်လိုက်သည်။

"ကျွန်တော်က အင်ဂျင်နီယာပါခင်ဗျာ၊ မူဝါဒကို ကျွန်တော်ချမှတ်လို့ မရပါဘူး"

ကျွန်တော်က သူ့ကို ပြုံးကြည့်လိုက်ပြန်သည်။

"အင်း. . . ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် အခု နားလည်သွားကြပြီ"

သူအတော်စိတ်ရှုပ်ထွေးသွားပုံရသည်။ ထို့ကြောင့် သူနားရှင်းအောင် ဆက်ပြောလိုက်ရသည်။

"ဆေးရောင်စုံလွှင့်ရမယ်ဆိုတဲ့ မူဝါဒကို ကျွန်တော် အခုချမှတ်ပေးမယ်ဆိုရင် ဘယ်လောက်မြန်မြန် စ,လွှင့်လို့ရမလဲ"

သူ အတော်စိတ်ဝင်စားလာပုံ ရသည်။

"စင်ကလဲယား ရုပ်မြင်သံကြား အားလုံးအတွက်ဆိုရင် နောက်နှစ်စက်တင်ဘာလမှာ လွှင့်နိုင်အောင် လုပ်လို့ရပါတယ်"

"နယူးယောက်၊ ရှီကာဂိုနဲ့ လော့စ်အိန်ဂျလိစ် သုံးမြို့တည်းကို အခုနှစ်ဆန်း တစ်ရက်နေ့မှာ စ,ပြီးလွှင့်နိုင်အောင် လုပ်လို့မရဘူးလား"

"အချိန်ကတော့ သိပ်မရှိတော့ဘူးဗျာ"

"ကျွန်တော်သိပါတယ်"

ခဏကြာအောင် သူစဉ်းစားနေသည်။ သူ့ဆေးတံကို လက်နှင့်ခေါက်နေသည်။ ပြီးတော့မှ ကျွန်တော့်ကို လှမ်းကြည့်သည်။

"လုပ်တော့လို့ အခုအမိန့်ပေးရင် ကျွန်တော် ဖြစ်အောင်လုပ်နိုင်ပါတယ်"

"ကောင်းပြီ၊ လုပ်တော့၊ ကျုပ် အခု အမိန့်ပေးတယ်"

ထိုင်ရာမှ သူထ,သည်။ စိတ်သက်သာရာ ရသွားပုံပေါ်သည်။

"ခင်ဗျားက ဆေးရောင်စုံနဲ့ လွှင့်ချင်တယ်၊ ဒါပေမယ့် အဲဒီအတွက် ငွေဘယ်လောက်ကုန်မယ်ဆိုတာရော မသိချင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သိချင်မှတော့ စောစောကတည်းက မေးမှာပေါ့ဗျ။ ကုန်ကျမယ့် ခန့်မှန်းခြေငွေ စာရင်း ကျွန်တော့်ဆီ တင်ပေးလိုက်၊ ကျွန်တော် ခွင့်ပြုမယ်"

တံခါးဆီသို့ သူလျှောက်သွားသည်။ ကျွန်တော်က သူ့ကို လှမ်းခေါ်သည်။ လက်ထဲ မှာ သူ့ထွက်စာကို ကိုင်ထားသည်။

"တစ်ခုကျန်သေးတယ် မစ္စတာဝင်းနန့်"

"ဘာများပါလိမ့် မစ္စတာဂေါက်"

"နှစ်ဆန်းတစ်ရက်နေ့ကစပြီး ဆေးရောင်စုံနဲ့ ကျွန်တော် လွှင့်ထုတ်နိုင်တော့မယ် လို့ ခင်ဗျားပြောတယ်နော်"

"နယူးယောက်မြို့ရယ်၊ ရှီကာဂိုမြို့ရယ်၊ လော့စ်အိန်ဂျလိစ်မြို့ရယ် သုံးမြို့မှာ လွှင့် နိုင်မယ်လို့ ကျွန်တော်ပြောပါတယ်"

"ကောင်းပြီ၊ ဒီထွက်စာကို ခင်ဗျားလာတင်တယ်၊ ကျုပ် ဆွဲဆုတ်ပစ်လိုက်ပြီ"

တံခါးနားမှာ ခဏကြာအောင် သူရပ်နေသည်။ ပြီးတော့မှ သူမျက်နှာပြုံးသွားသည်။

ပိတ်သွားသောတံခါးကို ကျွန်တော် လှမ်းကြည့်နေသည်။ ပြီးတော့ ဝင်းနန့်၏ နုတ်ထွက်စာကို ထက်ခြမ်းဆွဲဆုတ်လိုက်သည်။ စာအိတ်တစ်လုံးထဲမှာ ထည့်သည်။ စာအိတ် ပေါ်တွင် သူ့နာမည်ရေးသည်။ ဖော်ဂါတီကိုခေါ်ပြီး သူ့ထံသို့ ပြန်ပို့ခိုင်းလိုက်သည်။

ကျွန်တော်၏ ကိုယ်ပိုင်လုပ်ငန်းအဖွဲ့ကို စတင်ဖွဲ့စည်းဖို့ အချိန်ဖြစ်သည်။ မစ္စတာဝင်းနန့် သည် စတင်စည်းရုံးရန် အကောင်းဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေသည်။

တစ်နာရီထိုးခါနီးတွင် ဂျက် ဖုန်းလှမ်းဆက်သည်။

"လော့စ်အိန်ဂျလိစ်မှာရှိတဲ့ ကျုပ်ရုံးခွဲနဲ့ အခုပဲ ဖုန်းဆက်ပြီးတယ်၊ ရုပ်ရှင်ကားတွေ အဖို့ စာချုပ်စာတမ်းအားလုံး အဆင်သင့်ဖြစ်နေပြီတဲ့၊ မောင်ရင် ဘယ်တော့လောက်သွားပြီး လက်မှတ်ထိုးနိုင်မလဲ" ဟု ဂျက်က မေးသည်။

"မနက်ဖြန်"

"ဟား. . . ဟား. . . ကောင်းလိုက်တာဗျာ၊ ကျုပ်တို့ တာဝန်ထမ်းဆောင်ပုံကို သဘောကျရဲ့လား၊ ကမ္ဘာ့အနုပညာသည်များ အုပ်ချုပ်ရေးအဖွဲ့လေ"

"မဆိုးပါဘူး၊ ဒီမှာဂျက်၊ နာမည်ကြီး ရုပ်ရှင်မင်းသား မင်းသမီးထဲက တစ်ပတ်ကို တစ်နာရီလောက် ရုပ်မြင်သံကြား လွှင့်ပေးချင်တဲ့လူများ မရှိဘူးလား"

"ကိုယ့်လူ စိတ်မှမှန်သေးရဲ့လား၊ နာမည်ကြီးတွေမှန်သမျှအားလုံး စာချုပ်တွေနဲ့ ချည်းပဲလေဗျာ"

"ကမ္ဘာ့အနုပညာသည်များ အုပ်ချုပ်ရေးအဖွဲ့ဆိုဗျ၊ ကျုပ်အတွက် တစ်ယောက် လောက် ရှာပေးပါ"

ကျွန်တော်က တယ်လီဖုန်းကို ပစ်ချလိုက်သည်။ ချက်ချင်းပင် ဖုန်းခေါင်းလောင်း မြည်လာပြန်သည်။

"မစ္စစင်ကလဲယား ဖုန်းဆက်နေပါတယ်ရှင်" ဟု ဖော်ဂါတီက ပြောသည်။

ခလုတ်ကလေးကို ကျွန်တော်နှိပ်လိုက်သည်။

"ဘာဘရာ. . ."

"မောင့်ကိုချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . အရှူးမ"

ကျွန်တော် အားပါးတရ ရယ်မိသည်။

"တကယ်ပြောနေတာ၊ မောင့်ကို ကျွန်မချစ်တယ်"

"မင်း နေကောင်းတယ်မဟုတ်လား"

"အရမ်းကို နေကောင်းနေတယ်"

"ဘာတွေလုပ်နေသလဲ"

"အခု မောင့်အိပ်ခန်းထဲမှာ မနက်စာစားနေတယ်၊ အခန်းပွနေရင် စိတ်မဆိုးနဲ့နော်၊ နောက်ပြီးတော့ ရုပ်မြင်သံကြားလည်း ထိုင်ကြည့်နေယ်"

"ဘာကိုများ ကြည့်နေတာလဲ"

ကျွန်တော် စိတ်ဝင်စားလာသည်။

"ဂျာနာရေးနိုးရဲ့ ရုပ်ရှင်ကားဟောင်း၊ သူ့ အရမ်းအဆိုကောင်းတာပဲ မောင်၊ မယုံ ကြည့်နိုင်စရာပဲ"

"အင်း. . ."

စိတ်မှတ်မထင်ပင် စားပွဲပေါ်ရှိ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ စင်ကလဲယား ရုပ်မြင်သံကြားအစီအစဉ် မြင်ကွင်းမှာ ပေါ်လာသည်။ ပဟေဠိခန်းတစ်ခုကို ထုတ်လွှင့်နေ သည်။ တခြားခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အခြားမြင်ကွင်းပေါ်လာသည်။ ဂျာနာရေးနိုး မဟုတ်သေး။

"ဘယ်လိုင်းမှာလဲ" ဟု ကျွန်တော်ကမေးသည်။

"ဟီး. . ဟီး. . . ဒယ်ဒီ့ကို သွားမပြောနဲ့နော်. . အေဘီစီမှာ"

အေဘီစီလိုင်းကို ကျွန်တော် ပြောင်းဖမ်းသည်။ မြင်ကွင်းပေါ်တွင် ဂျာနာရေးနိုး ပေါ်လာသည်။ သို့သော်လည်း ထိုအချိန်ကလေးမှာပင် ဖြတ်ပြီး ကြော်ငြာခန်းလွှင့်ချိန်နှင့် တိုးနေတော့သည်။ ထို့ကြောင့် အသံခလုတ်ကို ပိတ်ထားလိုက်ရသည်။

"ကျွန်မ ဒီမှာနေရတာ သိပ်သဘောကျနေပြီ၊ စားပွဲထိုးတစ်ယောက်ကဆိုရင် ကျွန်မ ကို မစ္စက်ဂေါက်လို့ ခေါ်တယ်သိလား၊ ဟီး. . . ဟီး. . . ကျွန်မ ဘယ်တော့မှ အိမ်ကိုပြန်ဖြစ် မှာ မဟုတ်တော့ဘူးနဲ့ တူတယ်"

"ဟုတ်တာပေါ့"

ရုပ်မြင်သံကြားမြင်ကွင်းကိုသာ မျက်တောင်မခတ် ကျွန်တော် စိုက်ကြည့်နေမိသည်။ ဘာဘာရာကို စိတ်မဝင်စားတော့။

"မောင် ဘယ်အချိန်ပြန်လာမလဲဟင်"

"ဘာဖြစ်လို့လဲ"

"ကျွန်မတို့နှစ်ယောက်ဖို့ အထူးညစာမှာထားတယ်၊ အားလုံး အကောင်းစားတွေ ချည်းပဲ၊ ဒွန်ပီရီနွန်ရှန်ပိန်လည်း ပါတယ်၊ မောင့်အခန်းထဲမှာ ဖယောင်းတိုင်ထွန်းပြီး စားမှာ နောက်ပြီးတော့ ဟိုတယ်မှာရှိတဲ့ အထည်ဆိုင်က ကျွန်မဖို့ ဂါဝန်တစ်ထည်ပါ အပို့ခိုင်းလိုက် တယ်"

"မဆိုးပါဘူး"

ကျွန်တော့်မျက်လုံးများကတော့ ရုပ်မြင်သံကြားပေါ်မှာသာ ရှိနေသည်။ ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com



-- ခင်းနိုင်သေး။ တစ်သက်လုံး ကြော်ငြာပဲ လွှင့်နေတော့မည့်ပုံမျိုးဖြစ်သည်။

"ဒီဟိုတယ်မှာ မောင့်ရဲ့ဂုဏ်သိက္ခာ အမြင့်ဆုံးဖြစ်အောင် ကျွန်မ လုပ်ပေးရမယ် --"

"အခန်းထဲမှာ ညစာလာကျွေးရတဲ့ စရိုက်နဲ့တင် ကိုယ်တော့ မွဲတော့မှာပဲ"

"မောင့်ဧည့်ခံစရိတ်ထဲကို ထည့်လိုက်ပေါ့၊ ဒယ်ဒီ့ကို ပြောလိုက်ပါ၊ ကုမ္ပဏီရဲ့ အရေး --ကြီးဆုံး ပုဂ္ဂိုလ်တစ်ယောက်ကို ဧည့်ခံရတာပါလို့၊ ရှယ်ယာအများဆုံး ပိုင်ရှင်တစ်ယောက်ကို --ပြုတာပါလို့၊ စင်ကလဲယားကုမ္ပဏီက အစုရှယ်ယာ ဆယ့်ငါးရာခိုင်နှုန်း ကျွန်မအမေက --ပေးထားခဲ့တယ်လေ"

"ကိုယ့်ကို မင်း ချောက်ချနေပြီ ကဲ. . . ဖုန်းချလိုက်တော့၊ ကိုယ် အလုပ်လုပ်ရဦး --မယ်"

"မောင့်ကိုချစ်တယ်"ဟုပြောပြီး ဖုန်းချသွားသည်။

ကျွန်တော် ဖုန်းချလိုက်သည့် အချိန်မှာပင် ကြော်ငြာအစီအစဉ်ပြီးသွားပြီး ဂျာနာ --ရေးနိုး ပြန်ပေါ်လာသည်။ ထို့ကြောင့် စောစောက ပိတ်ထားသည့် အသံခလုတ်ကို ပြန်ဖွင့် --လိုက်သည်။

လွန်ခဲ့သည့် ဆယ့်ငါးနှစ်က ရုပ်ရှင်ဖြစ်သည်။ ထိုအချိန်က ဂျာနာရေးနိုးမှာ အစိတ် --တောက်ပဲရှိသေးပြီး အအောင်မြင်ဆုံးအချိန်လည်း ဖြစ်သည်။ ယခုရုပ်ရှင်ထဲမှာတော့ သူ့ကို --ဆယ့်ကိုးနှစ်သမီးလေးလားဟု ထင်မှတ်ရသည်။

သို့သော်လည်း ဆယ့်ကိုးနှစ်သမီးကလေးလို သူ့အောင်မြင်ကျော်ကြားမှုကို --တောက်လျှောက်ထိန်းသိမ်းမထားနိုင်သည်ကတော့ အလွန်ဆိုးပါသည်။

သူ့ဘဝက ကြမ်းတမ်းလွန်းလှပါသည်။ အိမ်ထောင်သုံးဆက်ကျသည်။ အားလုံး --ကွဲပြားသွားရသည်။ အရက်နှင့် မူးယစ်ဆေးစွဲပြီး သူ့ကိုယ်သူ သေကြောင်းကြံစည်မှုနီးနီး --ဖြစ်ခဲ့ရသည်။ သူ့မှာ အနုပညာဉာဏ် အပြည့်ရှိသည်။ သို့သော်လည်း သူ့ကိုယ်သူ မထိန်း --နိုင်သဖြင့် အားလုံးပျက်စီးကုန်ရတော့သည်။

ရုပ်မြင်သံကြားပေါ်လာသဖြင့် ရုပ်ရှင်လုပ်ငန်းများ ထိခိုက်လာသည်။ စည်းကမ်းမရှိ --သည့် ဂျာနာရေးနိုးကို မည်သည့်ကုမ္ပဏီကမှ လက်မခံတော့။ သူ့အစား အခြားဆယ့်ကိုးနှစ် --သမီးကလေးများကို ရှာကြသည်။ လူသစ်များဖြင့် အစားထိုးကြသည်။

ဂျာနာရေးနိုးမှာ တဖြည်းဖြည်း အသက်ကြီးလာသည်။ ယခုဆိုလျှင် လေးဆယ် --ကျော် ရှိနေပြီ။ သို့သော်လည်း သူ့အသံကောင်းတုန်းဖြစ်သည်။ သူ့အမူအရာ ကောင်း --တုန်းဖြစ်သည်။ ပရိသတ်က သူ့ကိုချစ်နေဆဲဖြစ်သည်။

သတင်းစာများကလည်း သူ့ကို အလစ်မပေး။ ဂျာနာရေးနိုး ဘာလုပ်လုပ်၊ မျက်နှာ --သတင်း ဖြစ်နေဆဲပင်။

သူ့ကို သုံးမည့်သူပင်မရှိတော့။ သတင်းစာ မျက်နှာဖုံးများမှတစ်ပါး ဘယ်ရုပ်ရှင်၊ --ဘယ်စာတမ်းခုံပေါ်မှာမှ သူ့ကို မမြင်တွေ့ရတော့။

သို့သော် ယနေ့တိုင် သူ စတားဖြစ်နေဆဲပင်။ ကျော်ကြားနေဆဲပင်။ သူ့ကိုသာ --ထင်ယ်တိုင် ကြည့်ရမြင်ရမည်ဆိုလျှင် တွန်းထိုးပြီး အုယားဖားယား ပြေးလာကြပေဦးမည်။

ရုပ်မြင်သံကြားမြင်ကွင်းကို မျက်တောင်မခတ် ကျွန်တော် စိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com


ယခုအချိန်တိုင်အောင် စတားဖြစ်နေသေးသည်မှာ သေချာသည်။

ကျွန်တော့်ခေါင်းထဲမှာ အတွေးတစ်ခု ပီပီပြင်ပြင် မပေါ်သေးမီမှာပင် ဖုန်းကို လှမ်းဆွဲယူလိုက်မိသည်။

စတား. . .

ကျော်ကြားနေဆဲဖြစ်သော စတား. . .

သူ့ကို တွေ့အောင်ရှာပေးဖို့ ဂျက်ထံ ဖုန်းဆက်ပြောလိုက်သည်။

"မောင်ရင်ရှူးနေပြီဆိုတာ အခုမှပဲ ကျုပ် သေသေချာချာ သိရတော့တယ်"

ဂျက်က အသံကုန် ပြန်အော်သည်။

"သူ့အေးဂျင့်က ဘယ်သူလဲဗျ"

"ဘာအေးဂျင့်မှ မရှိဘူး၊ တစ်ကောင်တစ်မြီးမှ မရှိဘူး၊ သူ့အနားကပ်မယ့်လူတောင် မရှိဘူး၊ ဘယ်သူကမှ သူ့ကို မတို့ရဲ မထိရဲဘူး၊ သူနဲ့ ပတ်သက်ဖူးသူတိုင်းနဲ့ တရားတပေါင် ဖြစ်ကြရတာချည်းပဲ၊ အမှုတွေ ရင်ဆိုင်နေရတာနဲ့ သူ့တစ်ဘဝလုံး အချိန်ကုန်လာတာ"

"တစ်ပတ်ကို တစ်သိန်းတန် ဖျော်ဖြေမှုတစ်ခု တင်ဆက်မယ်ဆိုရင် အေးဂျင့်တစ်ယောက်အနေနဲ့ အဲဒီအပေါ်က ကော်မရှင် ဘယ်လောက်ရမလဲ"

"တစ်ပတ်ကို တစ်သောင်းရမယ်"

ဒါကိုတော့ မဆိုင်းမတွ သူ့ဖြေသည်။

"တစ်ပတ်ကို တစ်သောင်းရမယ်ဆိုရင် သူ့ရဲ့အေးဂျင့်အဖြစ် ခင်ဗျား လုပ်မပေးနိုင်ဘူးလား"

တစ်ဖက်က အသံတိတ်သွားသည်။ ပြီးမှ သူ့အသံ ပြန်ပေါ်လာသည်။

"ကျုပ်ဟာ မောင်ရင်ရဲ့ တပည့်သားမြေးလေးပါဗျာ၊ တစ်ပတ်ကို တစ်သောင်းရလို့ များတော့ ဟစ်တလာရဲ့ အေးဂျင့်တောင် လုပ်ပေးပါသေးတယ်"

အတွေးအခေါ်နှင့် ပြောပုံဆိုပုံကအစ အေးဂျင့်တစ်ယောက် ပီသပါပေသည်။ ဘာပဲဖြစ်ဖြစ် အလွန်အားကိုးလောက်သူ ဖြစ်သည်ကား အမှန်ပင်။

ထိုညက ဘာဘရာ ပြင်ဆင်ထားသည့် အထူးညစာစားပွဲကြီးသို့ ကျွန်တော် မသွားနိုင်တော့ပါ။

ဘာဘရာစောင့်နေမည့်အိမ်သို့ ပြန်ရမည့်အစား လော့စ်အိန်ဂျလိစ်မြို့သို့ ပျံသန်းသွားသည့် လေယာဉ်ပျံပေါ်မှာ ကျွန်တော် ပါသွားလေတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

နောက်သုံးလအကြာ ညနေပိုင်းတွင်ဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့ ဗိုင်းလမ်းရှိ ဇာတ်ရုံအနောက်ဘက်သို့ ကျွန်တော် ဝင်လာခဲ့သည်။ ဖြေဖျော်မှုတစ်ခုကို တိုက်ရိုက် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်ဖို့ အသင့်ပြင်ဆင်နေကြသည်။

ယခု ငါးနာရီထိုးဖို့ ငါးမိနစ်ပဲ လိုတော့သည်။ နယူးယောက်မြို့တွင် ရှစ်နာရီထိုးဖို့ ငါးမိနစ် လိုပေလိမ့်ဦးမည်။ နယူးယောက်စံတော်ချိန် ရှစ်နာရီတိတိတွင် ကျွန်တော်တို့ ဖျော်ဖြေခန်း စတင်ထုတ်လွှင့်မည် ဖြစ်သည်။

ဇာတ်ရုံမှာ အရှုံးထောင်နှင့် တူနေသည်။ အားလုံး ရင်တမမဖြင့် စိတ်လှုပ်ရှားနေကြသည်။ လူပေါင်းများစွာကိုကျော်ပြီး ဇာတ်စင်ရှေ့ဘက်သို့ ကျွန်တော် လျှောက်လာခဲ့သည်။ တင်မရာများ၊ မိုက်ခွက်များ၊ ဝိုင်ယာကြိုးများမှာ နေရာတကာတွင် ရှိနေသည်။ လူအားလုံး ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်။

ဇာတ်ခုံမန်နေဂျာက အပေါ်က ရုံကလေးထဲတွင်ရှိနေသည့် ဒါရိုက်တာကို သူ့ရင်ဘတ်တွင် ချိတ်ထားသည့် မိုက်ခွက်နှင့် စကားလှမ်းပြောနေသည်။

ဇာတ်ခုံပေါ်သို့ ကျွန်တော် ချောင်းကြည့်သည်။ လူတွေကြပ်နေသည်။ ကန့်လန့်ကာ ချထားသည်။ သို့သော်လည်း ရုံထဲမှာရှိနေသည့် ပရိသတ်ကြီးကမူ ဇာတ်ခုံကိုသာ မျှော်လင့်ချက်ကြီးဖြင့် မျက်တောင်မခတ် စူးစိုက်ကြည့်နေကြသည်။

ကျွန်တော် ချောင်းကြည့်နေဆဲမှာပင် အသံချဲ့စက်မှ အသံပေါ်လာသည်။

"ထုတ်လွှင့်ဖို့အချိန် သုံးမိနစ်ပဲ လိုပါတော့တယ်၊ အားလုံး ကိုယ့်နေရာမှာ ကိုယ်နေကြပါ"

ကျွန်တော် နောက်ပြန်လှည့်လာခဲ့သည်။ ဇာတ်ခုံပေါ်မှ အလုပ်သမားများ ပြေး

www.burmeseclassic.com

www.burmeseclassic.com



လွှားနေကြသည်။ ကင်မရာများကလည်း သတ်မှတ်ထားသည့် နေရာများမှာ အသင့်ပြင်ကြသည်။

ဒါရိုက်တာက နောက်ဆုံးစစ်ဆေးမှုပြုလုပ်ရန် သူ့ရုံကလေးထဲမှ ဆင်းလာသည်။ ကျေနပ်သည့်အလား ခေါင်းညိတ်သည်။ ကျွန်တော့်ကို သူ မြင်ပုံမရပါ။

ပြီးတော့မှ ဖြုန်းခနဲ သူရပ်လိုက်သည်။

"ဂျာနာ ဘယ်မှာလဲ"

ဇာတ်ခုံမန်နေဂျာက သူ့ကို စိုက်ကြည့်နေသည်။ တစ်ဖက်ကို လှည့်ကြည့်သည်။ ပြီးတော့ သူ့ဘက်သို့ ပြန်လှည့်လာပြန်သည်။

"အခုလေးတင် ဒီနားမှာ ရှိနေသေးတာပဲ" ဟု ပြောသည်။

"မင်းအရူးလား၊ ဒီကောင်မ ဒီနေရာမှာ အခု ရှိမနေဘူး၊ သွားခေါ်ချေ"

ဒါရိုက်တာက သူ့ကို ဒေါသတကြီးအော်သည်။

ဇာတ်ခုံအလုပ်သမားကလေးတစ်ယောက် ပြေးလာသည်။

"သူ့အဝတ်အစားလဲခန်းထဲကို ပြန်ဝင်သွားတာ အခုပဲ ကျွန်တော်တွေ့ခဲ့တယ်" ဟု ပြောသည်။

"အခုသွားခေါ် . . . အခုသွားခေါ်"

ဒါရိုက်တာက သံကုန်အော်နေသည်။ အရူးတစ်ယောက်သဖွယ်လည်း ဖြစ်နေသည်။

ဇာတ်ခုံမန်နေဂျာသည် သူ့ခေါင်းမှာချိတ်ထားသည့် နားကြပ်ကိုဖြုတ်ကာ အဝတ်အစားလဲခန်းဆီသို့ တန်းပြေးတော့သည်။ လူအတော်များများ သူ့နောက်လိုက်သွားကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း သူ့နောက်က ကပ်ပါသွားသည်။

ဇာတ်ခုံမန်နေဂျာက တံခါးခေါက်သည်။

"လွှင့်ဖို့အချိန် နှစ်မိနစ်ပဲလိုတော့တယ် မစ္စရေးနီး"

အတွင်းမှ အဖြေပြန်မရ။

သူ တံခါးထပ်ခေါက်ပြန်သည်။

"နှစ်မိနစ် . . ."

လူအုပ်ကြီးကိုတိုးပြီး တံခါးရှေ့မှာ ကျွန်တော်သွားရပ်သည်။

"ဖွင့်" ဟုလည်း သူ့ကို ခပ်ဆတ်ဆတ် ပြောလိုက်သည်။

ဇာတ်ခုံမန်နေဂျာက ကြိုးစားဖွင့်သည်။ ပြီးတော့ ကျွန်တော့်ကို ပြန်လှည့်ကြည့်သည်။ သူ့မျက်နှာ အကြီးအကျယ် ပျက်နေသည်။

"ကျွန်တော် ဖွင့်လို့မရ . . . မရ . . ."

သူ့ကို ဘေးဘက်သို့ ကျွန်တော် တွန်းထုတ်လိုက်သည်။ တံခါးကို ခြေထောက်နှင့် ဆောင့်ကန်ပစ်လိုက်သည်။ တံခါးပွင့်သွားရာ ကျွန်တော်လည်း အရှိန်မထိန်းနိုင်တော့ဘဲ အခန်းထဲသို့ တံခါးနှင့်အတူ ပါသွားသည်။

အခန်းလယ်မှာ ဂျာနာရေးနီး ရပ်နေသည်။ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ လက်တစ်ဖက်တွင် အရက်ပုလင်းကိုင်ပြီး ကျန်လက်တစ်ဖက်က အရက်ထည့်ထားသည့် ဖန်ခွက်ကို ကိုင်ထားသည်။

"ထွက်သွား . . . ငါမလွှင့်တော့ဘူး" ဟုလည်း ကျွန်တော့်ကို အသံကုန်အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်ရန် ဖန်ခွက်ကို မြှောက်လိုက်ချိန်မှာပင် ကျွန်တော် ပုတ်ချလိုက်သည်။ ပုလင်းကို သူ့ကိုယ်လုံးနောက်ကွယ်သို့ ဝှက်သည်။ ထိုပုလင်းကိုလည်း ကျွန်တော် ရိုက်ချပစ်လိုက်သည်။

ကျွန်တော့်မျက်နှာကို လက်သည်းနှင့်ကုတ်ဖို့ သူကြိုးစားသည်။ ထိုလက်ကို ကျွန်တော် ဆောင့်ဆွဲယူလိုက်သည်။ ကျွန်တော့်ဘက်သို့ ယိမ်းယိုင်ပြီး ပါလာသည်။

"လွှတ်. . . လွှတ်စမ်း. . . ခွေးသား။ ငါ အရက်သောက်မယ်"

ကျွန်တော့်လက်ထဲမှ ရုန်းရင်း ခြေထောက်နှင့်လည်း အဆက်မပြတ်ကန်ကာ အော်သည်။ ကျွန်တော်က သူ့ကို ချုပ်မြဲချုပ်ထားသည်။

"အရက်မသောက်ရဘူး၊ ဒါဟာ ကျုပ်တို့ သဘောတူညီထားတဲ့အချက်၊ ခင်ဗျား လွှင့်ကိုလွှင့်ရမယ်"

ကျွန်တော့်မျက်နှာကို တံတွေးနှင့် အဆက်မပြတ် ထွေးသည်။

"မလွှင့်ဘူး. . . ခွေးသား. . . မလွှင့်ဘူး။ အပြင်ကို ငါ ထွက်ကိုမထွက်ဘူး။ နင်တို့ အားလုံး ငါ့ကိုလိမ်တယ်၊ သက်သက် တစ်ပတ်ရိုက်ကြတာ၊ ငါသီချင်းဆိုတာကို နားထောင်ဖို့ ရောက်လာတာမဟုတ်ဘူး၊ ငါ့ကို အရှင်လတ်လတ် ကိုက်စားဖို့လာကြတာ၊ ပျက်စီးနေတဲ့ ငါ့ဘဝကို ကြည့်ချင်မြင်ချင်လို့ လာကြတာ"

သူ့မျက်နှာကို ကျွန်တော် လက်ဝါးဖြင့် ဖြတ်ရိုက်ပစ်လိုက်သည်။ အခန်းကျဉ်းက လေးအတွင်း၌ ဗုံးခပ်သေးသေးတစ်လုံး ပေါက်ကွဲသွားသလား ထင်လိုက်ရသည်။ နံရံနားက ကုတင်ပေါ်သို့ သူ တစောင်းလဲကျသွားသည်။

ခေါင်းပေါ်ရှိ အသံချဲ့စက်မှ ကြေညာသံ ပေါ်လာပြန်သည်။

"ထုတ်လွှင့်ဖို့အချိန် တစ်မိနစ်ပဲ လိုပါတော့တယ်"

အခန်းကို ဖြတ်လျှောက်သွားပြီး ကုတင်ပေါ်မှ သူ့ကိုဆွဲထူလိုက်သည်။ ကျွန်တော့်ကို သူစိုက်ကြည့်နေသည်။ ကြောက်ရွံ့သည့်အမူအရာများ သူ့မျက်လုံးထဲမှာ ပေါ်နေသည်။

"ခွေးသူခိုးမကြီး. . . ခင်ဗျား လွှင့်ကိုလွှင့်ရမယ်၊ ခင်ဗျားကို လမ်းဘေးရေမြောင်းထဲက ကျုပ် ဆွဲထုတ်လာတာ၊ အတိအလင်း ကြေညာထားပြီးမှ ကျုပ်အစီအစဉ်တွေကို ဖျက်ဆီးခံနိုင်ဘူး၊ ကျုပ်က သူများလို ရုံးတင်တရားစွဲနေမယ့် အကောင်မဟုတ်ဘူး၊ ဒီနေရာမှာတင် အသေသတ်ပစ်လိုက်မယ်"

ပြောပြောဆိုဆိုပင် သူ့မျက်နှာကို တစ်ချက်ဖြတ်ရိုက်ပစ်လိုက်ပြန်သည်။ ခြိမ်းခြောက်နေခြင်း မဟုတ်ကြောင်း သိအောင် တမင်ထပ်ရိုက်ခြင်းဖြစ်သည်။

ပြီးတော့ သူ့ကို ဇာတ်ခုံဆီသို့ တရကြမ်း ဆွဲခေါ်ခဲ့သည်။ တံခါးဝတွင် ပိတ်ဆို့နေသည့် လူအုပ်ကြီးက တိတ်ဆိတ်စွာဖြင့် ကျွန်တော်တို့နှစ်ယောက်ကို လမ်းဖယ်ပေးကြသည်။

ကျွန်တော်တို့ ဇာတ်ခုံထောင့်သို့ ရောက်သောအခါ အစီအစဉ် ကြေညာသူသည် စင်ရှေ့မှာ အသင့်ရောက်နေချေပြီ။ တစ်ဆက်တည်းမှာပင် သူ၏ကြေညာသံကိုပါ ကြားလိုက်ရလေတော့သည်။

"စင်ကလဲယား ရုပ်မြင်သံကြားအစ ဂုဏ်ယူစွာ တင်ဆက်ဖျော်ဖြေလိုက်တာကတော့ ဂျာနာရေနီးရဲ့ လူကိုယ်တိုင် ဖျော်ဖြေခန်းပါပဲရှင်"

ကျွန်တော့်ဘက်သို့ ဂျာနာရေနီး လှည့်ကြည့်သည်။ သူ့အသံမှာ တုန်လှုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မဖြစ်နိုင်ဘူးထင်တယ်. . . ဆိုလို့ရမှာမဟုတ်ဘူး၊ ငါ အရမ်းကြောက်နေတယ်" ဟု ချောက်ချားစွာ ပြောသည်။

"ကျုပ်တို့နှစ်ယောက်တည်းနဲ့သာ ဆိုင်တာပါဗျာ"

သူ့ကို ဇာတ်ခုံဘက်သို့ မျက်နှာပြန်မူစေသည်။ ပြီးတော့ သူ့တင်ပါးပေါ် သို့ ခြေတစ်ဖက်တင်ကာ ကျွန်တော် ဆောင့်ကန်လွှတ်လိုက်လေတော့သည်။

သူမှောက်ထိုးလဲကျမသွားသည်မှာ အလွန်တရာ အံ့ဩဖွယ်ကောင်းလှချေသည်။ ဒယီးဒယိုင်ဖြင့် မိုက်ကရိုဖုန်းရှေ့မှာ သူရပ်သည်။ ကိုယ်ကို မတ်လိုက်သည်။ ကျွန်တော့်ကို ပြန်ကြည့်သည်။

ကျွန်တော်က ပြုံးရင်း လက်မတစ်ချောင်း ထောင်ပြလိုက်သည်။ ကန့်လန့်ကာဖွင့်လိုက်သည့် အချိန်မှာပင် ပရိသတ်ကြီးဘက်သို့ သူ မျက်နှာမူလိုက်လေသည်။

သံစုံတီးဝိုင်းကြီးက ဂျာနာရေးနိုး၏ ကျော်ကြားလှသော သီချင်းကို တီးမှုတ်ပေးသည်။ သို့သော်လည်း ပရိသတ်ကြီး၏ မိုးချုန်းသလို မြည်ဟည်းနေသော ဩဘာသံများကြောင့် ဂျာနာ၏အသံကို တစ်မိနစ်ကျော်ကျော်လောက် လုံးဝမကြားရပါ။ သူဆိုသည့်သီချင်းကို ပရိသတ်ကလည်း ရပြီးသားဖြစ်သည်။ ထို့ကြောင့် ဩဘာပေးရင်း ပရိသတ်ကပါ ဝိုင်းပြီး လိုက်ဆိုနေကြရာ သူ့အသံမှာ လုံးဝ နစ်မြုပ်နေလေတော့သည်။

ဇာတ်ခုံထောင့်မှာရပ်ပြီး သူ့ကို ကျွန်တော် ကြည့်နေမိသည်။ ယုံကြည်နိုင်စရာအကြောင်း လုံးဝမရှိပါ။ သူ့ရင်ထဲမှာ ဘာတွေပဲရှိနေနေ၊ ယခုထွက်လာသည့် အသံကတော့ သူ့အသံအစစ် ဖြစ်ပါသည်။

ငယ်ငယ်တုန်းက အသံမျိုးတော့ မဟုတ်ပါ။ ငယ်ငယ်တုန်းကလောက် မကောင်းတော့ပါ။ သို့သော်လည်း ယခုကြားနေရသည့်အသံသည် ဂျာနာရေးနိုး၏ အသံအစစ် ဖြစ်လေသည်။ ထိုအသံထဲမှာ အံ့ဩဘနန်း ထူးဆန်းမှုတွေ ပါဝင်နေသည်။ လှပခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ နာကျင်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းများအားလုံး စုပေါင်းပါဝင်နေသည်။

ပထမဆုံး ကြော်ငြာဇာတ်လမ်းတို ပေါ်မလာမီ ဆယ့်လေးမိနစ်လုံးလုံး ထိုနေရာမှာ သူရပ်ပြီး သီချင်းသီဆိုဖျော်ဖြေခဲ့သည်။

အချိန်ပြည့်သောအခါ သူ့တစ်ကိုယ်လုံး ချွေးများနစ်နေသည်။ ကျွန်တော့်ရင်ခွင်ထဲသို့ လဲပြိုကျလာသည်။ သူ့တစ်ကိုယ်လုံး တုန်ယင်နေသည်ကို ကျွန်တော် သိရှိခံစားလိုက်ရသည်။ ဇာတ်စင်ရှေ့ရှိ ပရိသတ်မှာ အော်ဟစ်ဩဘာပေးနေကြဆဲ ဖြစ်သည်။ မိုးချုန်းသံသဖွယ် ဆူညံနေဆဲဖြစ်သည်။

"ငါ့ကို သူတို့ သဘောကျကြတယ်" ဟု လေသံကလေးနှင့် ပြောသည်။ ယခုအဖြစ်ကိုလည်း မယုံကြည်နိုင်သည့် လေသံမျိုး ရောစွက်နေသည်။

"ခင်ဗျားကို သူတို့ ချစ်ပါတယ်ဗျာ"

သူ့ကို ဇာတ်ခုံအလယ်ဆီသို့ မျက်နှာပြန်မူပေးလိုက်သည်။

"ပြန်သွားပြီး ပရိသတ်ကြီးကို ဦးညွှတ်နှုတ်ဆက်လိုက်ပါဦး"

ကျွန်တော့်ကို သူမော့ကြည့်သည်။

"ဒါပေမယ့် ရုပ်မြင်သံကြား ချိန်ကိုက်ထားတာတွေ လွဲကုန်မှာပေါ့" ဟု ပြောသည်။

"လွဲစမ်းပါစေဗျာ၊ ဒီအခန်းကိုက ဂျာနာရေးနိုးကိုယ်တိုင် သီဆိုဖျော်ဖြေမည့် အခန်း

www.burmeseclassic.com

www.burmeseclassic.com



ဒု" ဟုပြောရင်း သူ့ကို ကျွန်တော် တွန်းလွှတ်လိုက်သည်။ သည်တစ်ခါတွင်တော့ သူ့ဖင်ကို ကျွန်တော် ကန်မလွှတ်တော့ပါ။

ဇာတ်ခုံအလယ်သို့ သူ ပြန်ပြေးသွားသည်။ အောက်က ပရိသတ်ကို ဦးညွှတ်အလေး ပြုသည်။ ပြီးမှ ကျွန်တော့်ဆီ ပြန်လာသည်။ သူ အလွန်အမင်း ရွှင်လန်းနေတော့သည်။

"ကဲ. . . ခင်ဗျားအခန်းကိုပြန်ပြီး အဝတ်အစား လဲလိုက်ပေတော့"

ကျွန်တော့်ပါးကို သူ ကသုတ်ကရက်နမ်းကာ ကသုတ်ကရက်ပင် ပြေးထွက်သွား သည်။ ပရိသတ်ကို သူပြန်ပြီး ဦးညွှတ်အလေးပြုသည့်အကွက်သည် ရုပ်မြင်သံကြားတွင် ကျွန်တော်တို့ ထည့်သွင်းထုတ်လွှင့်ခြင်း မပြုကြောင်းကိုတော့ သူ့အား ဘယ်တော့မှ ပြောပြ ည်မဟုတ်ပါ။

ရုပ်မြင်သံကြားဟူသည်မှာ သတင်းများ၊ ဖျော်ဖြေခန်းများ၊ ဇာတ်လမ်းများ၊ ရုပ်ရှင် များကိုသာ ကြားဖြတ်ပြီး ကြော်ငြာပြလေ့ရှိသည်။ ကြော်ငြာကိုတော့ ဘာနှင့်မှ ကြားဖြတ် နှောင့်ယှက်လေ့မရှိပါ။

ထို့နောက်တွင် ဂျာနာရေးနီးအား မျက်ခြေမပြတ် စောင့်ကြည့်ရန် ငှားထားသည့် အမျိုးသားနှင့် အမျိုးသမီးကို ကျွန်တော်လိုက်ရှာသည်။

သိပ်ကြာကြာ မရှာလိုက်ရပါ။ ဇာတ်ခုံနောက်က အခန်းကျဉ်းကလေးတစ်ခုထဲတွင် နှစ်ယောက်စလုံးကို သွားတွေ့သည်။ သူတို့က သည်အထဲမှာလာပြီး အကြည်ဆိုက်ချင်တိုင်း ဆိုက်နေကြသည်။ အမျိုးသမီးက ကျွန်တော့်ကို ကျောခိုင်းထားသည်။ ကျွန်တော်က သူတို့ အနားသို့ကပ်သွားပြီး အမျိုးသမီးကို ကျိုင်းနှစ်ဖက်အောက်မှ မ,မြှောက်လိုက်သည်။

"ဟော့. . . ဘာလုပ်. . ."

အမျိုးသားက အော်သည်။ အမျိုးသမီးက ခြေထောက်နှင့် ကြမ်းပြင်လွတ်ပြီး ကျွန်တော့်လက်ထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေသည်။

"မီးတွေမှိတ်လိုက်တုန်းက မင်းတို့ ဘယ်ရောက်နေသလဲ" ဟု ကျွန်တော်က မေး သည်။

**"ဂျာနာရေးနီးကို ဇာတ်ရုံထဲရောက်အောင် ကျွန်တော်တို့ ခေါ်လာပေးတာပဲ"** ဟု အမျိုးသားက ပြောသည်။

ကောင်မလေးကို ကြမ်းပြင်ပေါ်သို့ ကျွန်တော် ပြန်ချပေးလိုက်သည်။

"သူ့အနားက မခွာရဘူးလို့ ငါပြောထားတယ် မဟုတ်လား၊ တစ်မိနစ်တောင် မခွာ ရဘူးလို့ ပြောထားတယ်မဟုတ်လား"

"အဝတ်အစားလဲခန်းထဲကို ကျွန်မတို့ လိုက်ပို့တဲ့အချိန်တုန်းက သူ့အခြေအနေ ကောင်းနေပါတယ်" ဟု အမျိုးသမီးကပြောသည်။

"မင်းတို့ သူ့အနားက မခွာရဘူးလို့ စည်းကမ်းသတ်မှတ်ပေးထားတယ် မဟုတ်လား၊ မင်းတို့နှစ်ယောက်ကို အလုပ်ထုတ်ပစ်လိုက်ပြီ"

နောက်မိနစ်နှစ်ဆယ်မျှ ကြာသောအခါ ဂျာနာရေးနီးအတွက် အစောင့်သစ်အဖြစ် အတွဲတစ်တွဲကို ကျွန်တော် တွေ့သည်။ သူတို့ဆောင်ရွက်ရမည့် တာဝန်များကို ကျွန်တော် အသေးစိတ်ပြောပြသည်။ သူတို့ ခေါင်းညိတ်ကြသည်။ စည်းကမ်းအတိုင်း ဆောင်ရွက်ပေးလျှင် ကောင်းသည့်အကျိုး ခံစားရမည်ဖြစ်ပြီး စည်းကမ်းဖောက်လျှင် မည်သို့ဆိုးကျိုးခံရမည်ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com


သူတို့သဘောပေါက်သည်။ ဤနေရာသည် ဟောလီးဝုဒ်ဖြစ်သည်။ ယခုအလုပ်လည်း သူတို့အတွက် ပထမဆုံးအလုပ် မဟုတ်ချေ။

"ဒုတိယအကြိမ် ဖျော်ဖြေပြီးရင် သူ့ကို ဟိုတယ်ပြန်ပို့လိုက်" ဟု ကျွန်တော်က ပြောသည်။

ပထမအစီအစဉ်မှာ အမေရိကန်ပြည် အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများသို့ ထုတ်လွှင့်ပေးသည့် အစီအစဉ်ဖြစ်သည်။ ဒုတိယအစီအစဉ်ကို အနောက်ဘက် ကမ်းခြေဒေသအတွက် ထုတ်လွှင့်ပေးမည်။

"အင်္ဂါနေ့ကျရင် ဇာတ်တိုက်ဖို့ သူ့ကို ဒီပြန်ခေါ်လာခဲ့၊ မင်းတို့ အမြဲတမ်း သူ့အနားမှာ နေရမယ်၊ ဘာတစ်ခုမှ သူတစ်ယောက်တည်း မလုပ်စေရဘူး၊ စားတာ၊ သောက်တာ၊ အိပ်တာ ယုတ်စွအဆုံး ယောက်ျားတစ်ကောင်ကောင်နဲ့ မဟုတ်တာလုပ်တာကအစ သူနဲ့အတူတူ မင်းတို့တစ်ယောက်ယောက် ရှိနေရမယ်၊ နားလည်ပြီလား"

သူတို့ ခေါင်းညိတ်ကြသည်။

နာရီ ငုံ့ကြည့်မိသည်။ ခြောက်နာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်။ ခုနှစ်နာရီထွက်မည့် လေယာဉ်ပျံဖြင့် နယူးယောက်မြို့သို့ ပြန်ဖို့ဆိုလျှင် ယခုသွားမှဖြစ်မည်။

ဇာတ်ရုံအပြင်ဘက်သို့ ထွက်လာရင်း အစီအစဉ်ကြေငြာသူကို လှမ်းကြည့်သည်။ ပြီးတော့ ဇာတ်ခုံပေါ်သို့ မျှော်ကြည့်သည်။ ဂျာနာရေးနီးသည် ဒုတိယအစီအစဉ်ကို စတင်ဖျော်ဖြေနေလေသည်။ အလွန့်အလွန်ကိုလှသော အမျိုးသမီးဖြစ်ပါသည်။

ချက်ချင်းပင် ကျွန်တော် ပင်ပန်းနွမ်းနယ်သွားတော့သည်။ သည်လို ဆိုးဆိုးရွားရွား ပြဿနာများကို ဘယ်လောက်များများ ကျွန်တော် ဝင်ရောက်ဖြေရှင်းပေးနေရဦးမည် ဆိုသည်ကို မသိနိုင်ပါ။

တစ်ပတ်လောက်တော့ မထတမ်း အိပ်ပစ်လိုက်ချင်သည်။ သို့သော်လည်း ကျွန်တော့်မှာ အချိန်မရှိပါ။

နယ်လ်ဆင်ကုမ္ပဏီ၏ သုတေသနပြုချက်ကို သိရှိနိုင်ရန် နယူးယောက်မြို့သို့ မနက်ဖြန် ကျွန်တော် ပြန်ရောက်ချင်နေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

အိပ်ဆေးတစ်လုံးသောက်ပြီး လေယာဉ်ပျံပေါ်မှာအိပ်ဖို့ ကျွန်တော်ကြိုးစားသည်။ သို့သော်လည်း အိပ်ဆေးက မစွမ်းပါ။ ခေါင်းထဲမှာ ရှုပ်ထွေးနေသည်များကို ထုတ်ပစ်၍ ရနိုင်အောင် ဖြစ်နေသည်။

လုပ်စရာအလုပ်တွေ အများကြီး ရှိနေသေးသည်။ ဖျော်ဖြေရေး အစီအစဉ်အတစ်ခု တစ်ညတည်း အောင်မြင်ရုံဖြင့် လုပ်ငန်းကြီးတစ်ခုလုံးကို ချောချောမောမော လည်ပတ်နိုင်ပြီဟု ဆိုသာပါ။

နောက်ရာသီအတွက် ကျွန်တော် ပြင်ဆင်ထားသည့် အစီအစဉ်များမှာ စင်ကလဲ ... ရုပ်မြင်သံကြားကုမ္ပဏီ တင်ဆက်ခဲ့ဖူးသမျှများအနက် အကောင်းဆုံးဖြစ်လေသည်။ အစီအစဉ်အားလုံး၏ (၇၀) ရာခိုင်နှုန်းသည် တင်ဆက်မှု အသစ်များချည်းဖြစ်သည်။

ရုပ်မြင်သံကြားဌာနကြီး တစ်ခုလုံးမှာရှိနေသည့် ဌာနကြီးမှူးများနှင့် ပတ်သက်ပြီး ...ကြည့်သည်။ ကျွန်တော့်အဖွဲ့ကို ကျွန်တော့်စိတ်တိုင်းကျ ရွေးချယ်ရပေတော့မည်။ ယခု သူတို့နှင့်အတူ သုံးလအလုပ်လုပ်ခဲ့ပြီးပြီ။ ကျွန်တော် မကြိုက်နိုင်သူတွေ တစ်ဝက်ကျော် ကျော် ရောပါနေသည်။

ကိုယ့်စိတ်တိုင်းကျ လုပ်ကိုင်လိုသပ,ဆိုလျှင် ထိုသူများကိုထုတ်ပစ်ပြီး ကျွန်တော် ...နိုင်သည့် အရည်အချင်းရှိသူများနှင့် အစားထိုးခန့်အပ်ရမည်။ သည်အတွက်လည်း ...ခဲ့ပါ။ သူတို့၏နှုတ်ထွက်စာများ ကျွန်တော့်အံဆွဲထဲမှာ အသင့်ရှိပြီးသားဖြစ်နေသည်။

ကျွန်တော်တို့ ရုပ်မြင်သံကြားဌာနကို 'ပီးဘော်ဒီ'ဆု ပေးတော့မလိုလို သတင်းများ ...လည်း ထွက်နေသည်။ ကျွန်တော့်လက်ထဲမှာလည်း ရုပ်ရှင်ကားတွေ တပုံကြီးရှိနေသည်။ ...တောင်းသည့်ဈေးကို မဆစ်ဘဲ ဝယ်ထားခဲ့သဖြင့် နိုင်ဖဲက ကျွန်တော့်လက်ဝယ် အပိုင် ...သည့် သဘောဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လာမည့် ဖေဖော်ဝါရီလသည် ကြော်ငြာရှင်များ၏လ,ဖြစ်သည်။ ကျွန်တော်တို့၏ အစီအစဉ်များကို ထုတ်ဖော်ကြေညာလိုက်လျှင် ကြော်ငြာရှင်များ ဝိုင်းလာမည်မှာ သေချာသည်။

ဖေဖော်ဝါရီလဆန်းသည်နှင့် တစ်ပြိုင်တည်း ရုပ်မြင်သံကြားဌာနအချင်းချင်း အပြင်းအထန် ပညာပြိုင်ကြရစမြဲဖြစ်သည်။ လာမည့် ရုပ်မြင်သံကြားရာသီအတွက် ပြင်ဆင်ထားသည့် အစီအစဉ်များကို မက်လုံးပေးကာ အပြိုင်ကြေညာကြရသည်။ ကုမ္ပဏီပေါင်းများစွာနှင့် ကြော်ငြာကုမ္ပဏီများကလည်း ထိုအစီအစဉ်များကိုကြည့်ကာ လူကြိုက်များမည့် ရုပ်မြင်သံကြားဌာနတွင် အပြိုင်ကြော်ငြာနိုင်ရန် ကြိုးစားကြသည်။

ယခင်အစီအစဉ်အတိုင်းဆိုလျှင် စင်ကလဲယား ရုပ်ရှင်ကုမ္ပဏီသည် မိမိအစီအစဉ်ကို နောက်ဆုံးမှ ထုတ်ဖော်ကြေညာစမြဲ ဖြစ်သည်။

ယခုတော့ ထိုအစဉ်အလာကို ဖျက်ရတော့မည်။ ဇန်နဝါရီလကုန်လောက်တွင် သူများထက်ဦးအောင် ကျွန်တော်တို့ ပထမဆုံး ထုတ်ပြန်ကြေညာရတော့မည်။ ထိုအချိန်တွင် အခြားရုပ်မြင်သံကြား ကုမ္ပဏီများက သူတို့အစီအစဉ်ကို ပြင်ဆင်နေတုန်းပင် ဖြစ်မည်။ ထို့ကြောင့် ကျွန်တော်တို့နောက်က လိုက်ရမည့်သဘော ဖြစ်သွားမည်။

ကျွန်တော် အတွက်မှားလျှင် ဒေါ်လာသန်းသုံးဆယ်ကို ရေထဲလွှင့်ပစ်လိုက်သည်နှင့် အတူတူဖြစ်တော့မည်။ နောက်ပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း အလုပ်ပြုတ်မည်။ အလုပ်ပြုတ်လျှင် ကိပ်အန်းမှ မစ္စတာလက်ဖတ်၏ အသံလွှင့်ရုံကလေးသို့ ပြန်ပြီးအလုပ်လုပ်ဖို့သာ ရှိတော့သည်။ ထိုသို့သော တောအသံလွှင့်ရုံကလေးကပင် ကျွန်တော့်ကို အလုပ်ပေးချင်မှ ပေးပေတော့မည်။

နယူးယောက်မြို့တွင် လေယာဉ်ပျံ ဆင်းသက်လိုက်သည့်အချိန်အထိ ကျွန်တော် အိပ်၍မပျော်နိုင်တော့ပါ။

ကျွန်တော် လေယာဉ်ပျံပေါ်မှ ဆင်းလာသောအခါ ဂိတ်ဝတွင် ဂျက်ဆာဗစ် စောင့်ကြိုနေသည်ကို တွေ့ရသည်။

"ကျုပ်တို့တော့ ဒုက္ခတွေ့ကုန်ကြပြီ" ဟု ကျွန်တော်တို့နှစ်ယောက် လက်ချင်းဆွဲမနှုတ်ဆက်ရသေးမီမှာပင် ဂျက်က ဆီးကြိုပြောသည်။

သူ့ကို ကျွန်တော် မော့ကြည့်လိုက်မိသည်။ ဒုက္ခတွေ့နေရသည့်အကြောင်း သူထုတ်ဖော်ပြောဖို့ မလိုပါ။ ယခုလို မနက်ခြောက်နာရီအချိန်ကြီးမှာပင် အိပ်ရာမှထပြီး ကျွန်တော့်ကို လေဆိပ်မှာ လာကြိုနေသည်ဆိုကတည်းက ဒုက္ခဖြစ်ပြီဆိုသည်ကို ကျွန်တော် ခန့်မှန်းလိုက်မိပြီး ဖြစ်ပါသည်။

နောက်ပြီးတော့ မနက်လင်းအားကြီး အချိန်သာမက ယနေ့သည် တနင်္ဂနွေနေ့လည်း ဖြစ်နေသေးသည်။

ကျွန်တော့်ကို ဒုက္ခဖြစ်အောင်လုပ်သူမှာ ဒင်ရစ်ချီဖြစ်သည်။ အလွန်ဆိုးရွားသည့် အမှားတစ်ခုကို ကျွန်တော် ကျူးလွန်ခဲ့မိသည်။ ထိုအမှားက ဒင်ရစ်ချီကို သူ့လူများနှင့် သည်အတိုင်းပူးပေါင်းခွင့် ပေးထားခဲ့မိခြင်းဖြစ်သည်။ အလုပ်လက်ခံလိုက်သည့် နေ့မှစ၍ သူတို့အုပ်စုကို ဖြိုပစ်ရမည်။ ကျွန်တော့်စိတ်ကြိုက်လူများနှင့် အစားထိုးရမည်။

ယခုတော့ အလုပ်သင့်ဆုံးအလုပ်ကို ကျွန်တော် မလုပ်ခဲ့မိသဖြင့် ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



...ခြင်း ဖြစ်သည်။ နောင်တွင် သည်လိုအမှားမျိုးကို ထပ်မံမကျူးလွန်မိဖို့ စိတ်ထဲမှာကျိတ် ...ဆိုလိုက်မိလေသည်။

"ဘယ်တုန်းက စဖြစ်တာလဲ" ဟု ကျွန်တော်က ဂျက်ကို လှမ်းမေးသည်။

"ဗုဒ္ဓဟူးနေ့မနက်က မောင်ရင် လော့စ်အိန်ဂျလိစ်ကို ထွက်လည်းသွားရော ဒီမှာ ...ပေါ်တာပဲ၊ ဂျိုးဒွိုင်းက ဖုန်းလှမ်းဆက်ပြီး အစီအစဉ်တွေအားလုံး ရပ်ထားဖို့ပြောတယ်၊ ...နဲ့ သဘောတူညီချက်မပါဘဲနဲ့ ဘာစာချုပ်မှ မချုပ်ပါနဲ့တဲ့"

ဂျိုးဒွိုင်းသည် ကျွန်တော်တို့ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ...သည်။ သူ့ကို လူတော်တစ်ယောက်အဖြစ် ကျွန်တော်သတ်မှတ်ပြီး ဆက်လက်ခန့်ထားဖို့ ...ချည်ဆုံးထားသည်။

"ခင်ဗျား ကျွန်တော့်ကို ဘာဖြစ်လို့ ဖုန်းဆက်မပြောတာလဲ" ဟု ကျွန်တော်ကမေး ...သည်။

"စ,စချင်းတော့ ဖုန်းဆက်မလို့ စဉ်းစားသေးတယ်၊ ဒါပေမယ့် ဒီကိစ္စကို မောင်ရင် ...သိပြီး ဒီကိစ္စထဲကို မောင်ရင်ကပဲ ဒင်ရစ်ချီကို ဆွဲသွင်းတယ်ထင်နေတာ၊ သောကြာ ... သူ့ကိုဖုန်းဆက်ပြီး ကျုပ်တို့အစီအစဉ်တွေကို ရှင်းပြလိုက်တယ်"

"သူက ဘာပြောသလဲ"

"ထုံးစံအတိုင်း ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေတာပေါ့၊ စီးပွားရေးနဲ့ ...ပြီး မောင်ရင်လုပ်မယ့် အစီအစဉ်တွေအားလုံး ဒါရိုက်တာအဖွဲ့ကို ကြိုတင်တင်ပြရ ... ဒါမှ ဒါရိုက်တာအဖွဲ့အနေနဲ့ ကြိုတင်လေ့လာနိုင်မယ်တဲ့"

"အဓိပ္ပာယ်မရှိတာဗျာ၊ ဒါရိုက်တာအဖွဲ့ဆိုတာ စင်ကလဲယားခိုင်းတာပဲ၊ တစ်သက် ...လာရတာ မဟုတ်လား" ဟု ကျွန်တော်က ဒေါသတကြီး ပြောမိသည်။

"ဒါကိုတော့ မောင်ရင်ရော ကျုပ်ရော သိကြတာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်က ...အတိုက်အခံလုပ်နေလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ စင်ကလဲယားကို သူ အယုံသွင်းချင် ...မှာမဟုတ်လား"

ကျွန်တော် ဘာမှပြန်မပြောဘဲ ငြိမ်နေမိသည်။ သည်ကိစ္စကို ကျွန်တော် စဉ်းစား၍ ... စင်ကလဲယားက ကျွန်တော့်ကို ချောက်ချချင်သပဆိုလျှင် သည်လောက်အထိ ...စရာ အကြောင်းမရှိပါ။ ယခု ကျွန်တော်သုံးပစ်လိုက်သည့် ငွေများသည် အလွန့် ...များပြားနေသည်။ သူအဆုံးအရှုံးမခံနိုင်လျှင် စောစောတည်းက ကြိုတင်ဟန့်တား ...ခဲ့သည်။

ဟိုတယ်မှာရှိသည့် ကျွန်တော့်အခန်းထဲသို့ ဝင်လာသောအခါ မနက်ရှစ်နာရီထိုးနေ ...ကောင်းမြည်နေသည့် တယ်လီဖုန်းက အသင့်စောင့်ကြိုနေသည်။ ဖုန်းဆက်သူမှာ ...သည်၊ သူ့အသံမှာ ဒေါသကြောင့် တုန်လှုပ်နေသည်။

"ခင်ဗျားအတွက် ကျွန်တော် အလုပ်လုပ်ပေးနေတယ်လို့ ထင်ခဲ့မိတယ်" ဟု သူက ...သည်။

"ဟုတ်တယ်လေဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

စင်ကလဲယား ရုပ်မြင်သံကြားက နယူးယောက်မြို့၊ ရှီကာဂိုမြို့နှင့် လော့စ်အိန်ဂျလိစ် ... နေ့ညကစပြီး ဆေးရောင်စုံအဖြစ် စတင်လွှင့်ထုတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆိုရင် သော်ကြာနေ့ညက ကျုပ်ကို ဘာဖြစ်လို့ အလုပ်ထုတ်ပစ်လိုက်ရတာလဲ" ဟု ဝင်းနန္ဒက မေးသည်။

"ဘာ . . ."

အံ့သြတကြီးဖြစ်သွားသည့် အသံကို ကျွန်တော် အချိန်မီ ထိန်းသိမ်းနိုင်စွမ်းပင် မရှိလိုက်တော့ပါ။

"ကျွန်တော့်ကို အလုပ်ထုတ်ပစ်လိုက်ပြီ၊ ဒင်ရစ်ချီက ကျွန်တော့်ကိုခေါ်ပြီး အလုပ်ထုတ်လိုက်ကြောင်း ပြောတယ်၊ ကျွန်တော် တာဝန်ထမ်းဆောင်ပုံတွေဟာ စည်းကမ်းနည်းလမ်း မကျဘူးတဲ့၊ ဆေးရောင်စုံနဲ့ ထုတ်လွှင့်ဖို့ကိစ္စ ခွင့်ပြုချက်မရဘဲ ကျွန်တော်လုပ်တယ်တဲ့၊ ခင်ဗျားက ခွင့်ပြုတဲ့အကြောင်း ကျွန်တော်က ပြောပြတယ်၊ ဒါလောက်နဲ့ မလုံလောက်သေးဘူးလို့ သူက ပြောတယ်၊ ငွေလုံးငွေရင်း အရင်းအနှီး စိုက်ထုတ်ရမယ့်ကိစ္စတိုင်း ဒါရိုက်တာအဖွဲ့ရဲ့ ခွင့်ပြုချက်ရယူဖို့ လိုတယ်ဆိုတာ ဒီကုမ္ပဏီမှာ ဒါလောက်ကြာကြာ တာဝန်ထမ်းဆောင်လာခဲ့တဲ့ ကျွန်တော့်အနေနဲ့ နားလည်ရမယ်တဲ့"

"ဟုတ်တာပေါ့"

"အဲဒီတော့ ကျွန်တော် အခုဘာလုပ်ရမလဲ" ဟု သူကမေးသည်။

"ဘာမှမလုပ်နဲ့၊ မနက်ဖြန်ကျတော့ ခင်ဗျားရုံး ခင်ဗျားပြန်သွားပြီး ထုံးစံအတိုင်း ကိုယ့်အလုပ်ကိုယ်လုပ်ပါ၊ ကျုပ် အားလုံးတာဝန်ယူတယ်"

ကျွန်တော်က တယ်လီဖုန်းကို ပြန်ချလိုက်ပြီး ဂျက်ကို လှမ်းကြည့်သည်။

"ခင်ဗျားကြားတယ်မဟုတ်လား"

သူက ခေါင်းညိတ်ပြသည်။ ပို၍စိတ်ပူလာကြောင်း သူ့မျက်နှာပေါ်မှာ မြင်တွေ့နေရသည်။

"မောင်ရင် ဘာလုပ်မလဲ"

သူ့ကို အဖြေပေးသည့်အနေဖြင့် ကျွန်တော်က ဖုန်းကောက်ကိုင်သည်။ ဖော်ဂါတီ၏ အိမ်ဖုန်းကို ဆက်သည်။

"မင်းလက်ထောက် အမျိုးသမီးကလေးတွေကိုစုပြီး အခုတစ်နာရီအတွင်း ကိုယ့်ရုံးမှာ လာတွေ့နိုင်မလား"

"ဖြစ်ပါတယ် မစ္စတာဂေါက်"

ယနေ့ တနင်္ဂနွေနေ့ပင် ဖြစ်သော်လည်း သာမန်ရုံးတက်ရက်အတိုင်း ရုံးတက်မည်ဟုပြောသည့် လေသံမျိုးဖြင့် ပြန်ပြောသည်။

"ကောင်းတယ်"

"မစ္စတာဂေါက် . . ."

သူ့လေသံက တက်ကြွသည့်လေသံမျိုး ဖြစ်နေပြန်သည်။

"ပြောပါ"

"ညတုန်းက ဂျာနာရေးနိုးရဲ့ ဖျော်ဖြေခန်း ကျွန်မ ကြည့်လိုက်တယ်၊ အရမ်းကောင်းတာပဲ၊ ရှင့်ကို ချီးကျူးပါတယ်၊ အဲဒီအစီအစဉ်အပြီးမှာပြတဲ့ ကလပ်ဂေဘယ်လ်ရဲ့ ရုပ်ရှင်ကားကလည်း သိပ်ကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်၊ တစ်နာရီအတွင်း မင်းတို့နဲ့ တွေ့မယ်နော်"

ရေချိုးပြီး အဝတ်အစားအသစ်များ လဲသည်။ ကျွန်တော် ပြန်ထွက်လာသော ဂျက်က ကော်ဖီနှင့် ဘရန်ဒီကို ရောသောက်နေသည်။

"လာ. . . သွားစို့"

"အစီအစဉ်က ဘယ်လိုလဲ"

ကျွန်တော်နှင့်အတူလိုက်လာရင်း ဂျက်ကမေးသည်။

"မီးလောင်ရင် မီးကိုသတ်တဲ့နည်းလမ်းဟာ တစ်ခုတည်းပဲရှိတယ် မဟုတ်လားဗျာ"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

အိပ်ဆေးသောက်ပြီး ကျွန်တော် အိပ်သည်။ တနင်္လာနေ့တွင် နေအတော်မြင့်မှ အိပ်ရာကထသည်။ (၁၁) နာရီမထိုးမချင်း ရုံးသို့မသွား။ သည်အချိန်လောက်ဆိုလျှင် ဖြောင်းဆန်ကုန်လောက်ပြီ။

ဖော်ဂါတီက ပြက်လုံးမထုတ်စဖူး ပြက်လုံးဆီးထုတ်သည်။

"ပေါက်ကွဲမှုကြီးကတော့ ရစ်ချ်တာစကေး နံပါတ်ရှစ်ရောက်သွားပြီ"

ထို့နောက် ကော်ဖီနှင့် စာရွက်စာတမ်းများကို ကျွန်တော့်ရုံးခန်းတွင်းသို့ ယူလာသည်။

"မစ္စတာစင်ကလဲယားက သူ့ကိုဖုန်းဆက်ပါလို့ မှာထားပါတယ်"

ကျွန်တော်က ပြတင်းပေါက်အပြင်သို့ လှမ်းကြည့်သည်။

"ဆီးနှင်းတွေကျနေတဲ့ အတိုင်းပဲနော်"

ကျွန်တော် ဘာဆိုလိုကြောင်း ဖော်ဂါတီသိသည်။

"နောက်တစ်ခါ သူဆက်ရင် ရှင်မအားသေးဘူးလို့ ကျွန်မ ပြောလိုက်မယ်နော်"

"နယ်လ်ဆင်စစ်တမ်းတွေ လာပြီလား" ဟု ကျွန်တော်က မေးသည်။

"အခု အချိန်မရွေး ရောက်လာတော့မှာပါ၊ အေအိုင်အာ သတင်းတွေတော့ ရောက်နေပြီ၊ အခြေအနေ ကောင်းပါတယ်"

အေအိုင်အာသတင်းများကို အပေါ်ဆုံးတွင် တင်ထားပေးသည်။ ကျွန်တော် ယူကြည့်သည်။ အခြေအနေ ကောင်းသည်ဆိုခြင်းထက်ပင် ပိုကောင်းနေပါသည်။

ဂျာနာရေးနိုး ဖျော်ဖြေခန်းတစ်ခုတည်းဖြင့်ပင် ပရိသတ် (၄၄) ရာခိုင်နှုန်းကို ကျွန်တော်တို့ ရယူနိုင်လိုက်ကြသည်။ တလပ်ဂေဘယ်လ်၏ ရုပ်ရှင်ကားဖြင့် (၄၁) ရာခိုင်နှုန်း လိုက်သည်။ ယခု စင်ကလဲယား ရုပ်မြင်သံကြား စံချိန်အားလုံးကို ချိုးပစ်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီ စတင်တည်ထောင်သည့် အချိန်မှစ၍ ပရိ-သတ် (၁၇) ရာခိုင်နှုန်းထက် ပိုမရဖူးသေးချေ။

ကျွန်တော် အတော်ကလေး အသက်ရှူချောင်သွားသည်။ သို့သော်လည်း သတင်းပြည့်အစုံ မရသေး။ စောင့်ကြည့်စရာတွေ ရှိနေသေးသည်။

ထိပ်တန်းကြော်ငြာကုမ္ပဏီကြီး လေးခုတို့၏ ဥက္ကဋ္ဌများကို မနေ့တုန်းက ကျွန်တော် ဖုန်းဆက်ခဲ့သည်။

"အခုလာမယ့် ရာသီအတွက် ကျွန်တော်တို့ ရုပ်မြင်သံကြားအစီအစဉ်တွေ ခင်ဗျားကြည့်ပို့ပေးလိုက်ပါမယ်၊ သတင်းစာတွေထက် ဆယ့်နှစ်နာရီစောပြီး ကြိုပို့ပေးတာပါ၊ တခြားကုမ္ပဏီကြီးသုံးခုကိုလည်း ကျွန်တော် ဒီအတိုင်း ဖုန်းဆက်ပြောပြီး ကမ်းလှမ်းပါမယ်၊ ကျွန်တော့်ဆီမှာ ကြော်ငြာမယ်ဆိုရင် ခင်ဗျားတို့ကုမ္ပဏီလေးခုကို ဆယ်ရာခိုင်နှုန်း လျှော့ပေးမယ်၊ ပြန် ညနေလေးနာရီအထိ စောင့်ပါ့မယ်၊ လေးနာရီကျော်သွားရင်တော့ ထုံးစံဈေးပဲရမယ်၊ အစီအစဉ်တွေကို သေသေချာချာ လေ့လာကြည့်စေလိုပါတယ်၊ နောက်ရာသီမှာ စင်ကလဲယား အကောင်းဆုံးဖြစ်တာ တွေ့ရပါလိမ့်မယ်"

ကြော်ငြာကုမ္ပဏီကြီး လေးခုစလုံးက တစ်ခုတည်းသော မေးခွန်းကိုပင် မေးကြသည်။

"ဘာကြောင့် ခင်ဗျား အပိုင်ပြောနိုင်နေတာလဲ"

လေးယောက်စလုံးကို ကျွန်တော်ကလည်း တစ်ခုတည်းသော အဖြေကိုပင် ပြန်ပေးသည်။

"တနင်္လာနေ့ကျရင် နယ်လ်ဆင်ကုမ္ပဏီကထုတ်တဲ့ စစ်တမ်းကို စောင့်ကြည့်ပါ၊ မနေ့ညတုန်းက ပရိသတ်အများစုကို ကျွန်တော်တို့ ရုပ်မြင်သံကြားအစီအစဉ်က ဆွဲဆောင်ထားနိုင်ဘူးဆိုရင် ကျွန်တော့်ကမ်းလှမ်းချက်ကို မေ့ပစ်လိုက်ပါ၊ စင်ကလဲယား ရုပ်မြင်သံကြားက ကြော်ငြာကဏ္ဍကို ခင်ဗျားတို့ မဝယ်ဖြစ်လိုက်ဘူးဆိုရင် ခင်ဗျားတို့ရဲ့ ကြော်ငြာရှင်တွေကို ဆုံးရှုံးရပါလိမ့်မယ်"

ယခုတော့ သူတို့၏ အကြောင်းပြန်ကြားချက်ကို ကျွန်တော် စောင့်ရချေပြီ။

အေအိုင်အာ သတင်းများကိုဖတ်၍ မပြီးသေးမီမှာပင် ပထမဆုံး အကြောင်းပြန်ကြားချက် ရောက်ရှိလာသည်။ ဆက်သူမှာ စတင်းဒတ်ကက်ဆယ် ကြော်ငြာကုမ္ပဏီကြီး၏ ဥက္ကဋ္ဌ ဂျွန်ဘတ္တလက်ဖြစ်သည်။ မနေ့တုန်းက ကျွန်တော် ဖုန်းဆက်ကမ်းလှမ်းထားသည့် လူလေးဦးထဲမှ တစ်ဦးဖြစ်သည်။

"စတီဖင်. . . နယ်လ်ဆင်စစ်တမ်းကို မစောင့်တော့ဘူးလို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ ခင်ဗျားကို ကျွန်တော် ယုံကြည်သွားပြီ"

ဖြစ်နိုင်ပါသည်။ သူလည်း အေအိုင်အာသတင်းများကိုဖတ်ပြီး ယုံကြည်စိတ်ချသွားခြင်းသာ ဖြစ်ရပါမည်။

"ကျေးဇူးတင်ပါတယ် ဂျွန်"

"တစ်ခုတော့ တောင်းဆိုချင်တယ်၊ ကျွန်တော့်ကုမ္ပဏီရဲ့ ကြော်ငြာတွေကို အစီအစဉ်ရှေ့ဆုံးက ပေးပါ"

"ကောင်းပြီ၊ ရမယ်"

www.burmeseclassic.com

www.burmeseclassic.com


"အခုလောလောဆယ်တော့ ဂျာနာရေးနိုး ဖျော်ဖြေမှုနဲ့ ရုပ်ရှင်ကြားထဲမှာ ထည့်ကြော်ငြာပေးနိုင်မလား"

"လောလောဆယ်တော့ ဂျာနာရေးနိုးအပြီးမှာ ထည့်ပေးနိုင်မယ်၊ နောက်ပြီးတော့ ဒုတိယ ရုပ်ရှင်မလွှင့်ခင် ထည့်ပေးနိုင်မယ်၊ နောက်လဆိုရင် ခင်ဗျားကြိုက်သလို လုပ်ပေးမယ်၊ သဘောကျသလား"

"ကျပြီ၊ ခင်ဗျားကမ်းလှမ်းချက်ကို ကျွန်တော် လက်ခံလိုက်ပါပြီ"

"ကျေးဇူးတင်ပါတယ် ဂျွန်၊ လိုအပ်တဲ့ အစီအစဉ်တွေလုပ်ဖို့ ကျွန်တော့်ကြော်ငြာဌာနကလူတွေကို ညွှန်ကြားလိုက်ပါ့မယ်"

ကျွန်တော်က ထိုမျှပြောပြီး ဖုန်းကိုပြန်ချသည်။ ကျွန်တော့်လက်များ တဆတ်ဆတ်တုန်နေသည်ကို သတိထားမိသည်။ ကျွန်တော့်တစ်သက်တွင် ရုပ်မြင်သံကြားကြော်ငြာအတွက် တစ်ထိုင်တည်းနှင့် သန်းသုံးဆယ် တစ်ကြိမ်တစ်ခါမှ မရခဲ့ဖူးချေ။ ယခု ဂျွန်ဘတ္တလက် တစ်ယောက်တည်းနှင့် သန်းသုံးဆယ် ကျွန်တော် ပိုက်မိချေပြီ။

ဖုန်းခေါင်းလောင်း မြည်ပြန်သည်။

"မစ္စတာစင်ကလဲယားက ရှင်နဲ့တွေ့ချင်လို့တဲ့" ဟု ဖော်ဂါတီက ခြောက်ကပ်ကပ်ပြောသည်။

"ကိုယ် အစည်းအဝေးလုပ်နေတယ်လို့ ပြောလိုက်၊ ကြော်ငြာဌာနက ဂီလီယန်ကို အခုချက်ချင်း လွှတ်လိုက်စမ်း"

ကျွန်တော် ဖုန်းပြန်ချသည့်အချိန်မှာပင် ထပ်မြည်ပြန်သည်။

"နှစ်နာရီခွဲမှာလုပ်မယ့် ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးကို ရှင်တက်နိုင်လိမ့်မယ် ထင်ပါတယ်လို့ မစ္စတာစင်ကလဲယားက ပြောပါတယ်ရှင်" ဟု ဖော်ဂါတီက ပြောပြန်သည်။

"တက်မယ်လို့ပြောလိုက်"

ဂီလီယန်ဝင်လာသည်။

"ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ဟုတ်တယ်၊ ဒီနားလာပြီး အပြင်ကိုကြည့်စမ်း"

ပြတင်းပေါက်နားရှိ ကျွန်တော့်ဘေးမှာ သူလာရပ်သည်။

"ဟောဟိုအောက်ကို ကြည့်လိုက်စမ်း၊ လူတွေပေါ်ကို ဆီးနှင်းတွေ ကျနေတယ်မဟုတ်လား၊ ဒီအပေါ်ကနေကြည့်ရင် လူတွေကို ကျွန်တော်တို့ မမြင်ရဘူးလေ"

အံ့ဩသည့်အမူအရာ သူ့မျက်နှာပေါ်တွင် ပေါ်လာသည်။

"တစ်နေ့ကျရင် ခင်ဗျားလည်း ဆီးနှင်းတွေအပေါ်မှာ ရောက်နေလိမ့်မယ်လို့ ထင်သလား၊ ဆီးနှင်းတွေက ခင်ဗျားအောက်မှာကျနေပြီး ခင်ဗျားကိုတော့ ဆီးနှင်းပွင့်တစ်ပွင့်ကလေးမှ လာမထိနိုင်လောက်အောင် မြင့်တဲ့နေရာမျိုးလေ"

သူ့ကို ကျွန်တော် လှည့်ကြည့်သည်။ ကျွန်တော် ဘာတွေပြောနေသည်ကို သူနားမလည်ပါ။ သို့သော်လည်း အပေါ်ထပ်မှာရှိနေသည့် စင်ကလဲယားကတော့ ကျွန်တော် ဘာဆိုလိုကြောင်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာစင်ကလဲယားသည် သူ့ကိုယ်ပေါ်သို့ ဆီးနှင်းများမကျနိုင်ကြောင်း သူ သိသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံးကို သူ့အောက်မှာထားခြင်းဖြစ်သည်။

ထိုနည်းအားဖြင့် သူ့ကို ဘယ်လိုမှ မထိခိုက်နိုင်တော့။ သူ့အောက်မှာရှိနေသော ကျွန်တော်တို့ကမူ အချင်းချင်း တိုက်ကြခိုက်ကြရသည်။ သတ်ကြဖြတ်ကြရသည်။ ကုတ်ကြခြစ်ကြရသည်။

ကျွန်တော်တို့တိုက်ပွဲ ပြီးဆုံးသွားသောအချိန်တွင် စင်ကလဲယားကမူ အောင်ပွဲခံသူ တစ်ယောက်အလား ထွက်ခွာသွားပေလိမ့်မည်။

အခန်းထဲသို့ ဖော်ဂါတီ ဝင်လာသည်။ သူ့မျက်နှာ ပြုံးနေသည်။ နောက်ဆုံးသတင်း ကျွန်တော့်ကိုပေးသည်။ ကျွန်တော် ငုံ့ကြည့်သည်။

စနေနေ့ည ရုပ်မြင်သံကြားကြည့်သည့် ပရိသတ်ကို ကျွန်တော်တို့ ပိုင်သွားပါပြီ။ ကျွန်တော်တို့သည် အခြားရုပ်မြင်သံကြား ကုမ္ပဏီအားလုံးထက် ရှစ်မှတ်တိတိ ပိုမြင့်သွားပြီ ဖြစ်ကြောင်း နယ်လ်ဆင်ကုမ္ပဏီ၏ စစ်တမ်းတွင် ဖော်ပြထားချေသည်။

ဘာစကားမှမပြောဘဲ စာတမ်းစာရွက်ကို ဂီလီယန်၏လက်ထဲသို့ ထိုးပေးပြီး ကျွန်တော့်စားပွဲသို့ ပြန်လာခဲ့သည်။

ကုလားထိုင်မှာ ကျွန်တော် ဝင်မထိုင်ရသေးမီမှာပင် တယ်လီဖုန်းများ ဆူညံစွာ မြည်ကြလေတော့သည်။

ထိုနေ့က နေ့လယ်စာ အပြင်ထွက်မစားနိုင်တော့ပါ။

ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးကျင်းပရာ အခန်းတွင်းသို့ ကျွန်တော်ဝင်သွားသည့်အချိန်တွင် အကြီးဆုံး ကြော်ငြာကုမ္ပဏီကြီးလေးခုက ကျွန်တော်တို့၏ ကြော်ငြာကဏ္ဍအားလုံးကို ဝယ်ယူပြီး ဖြစ်နေချေပြီ။

□

မိနစ်အနည်းငယ်နောက်ကျပြီး အစည်းအဝေးသို့ ကျွန်တော်ရောက်သွားသည်။ ဒင်ရစ်ချီသည် ကျွန်တော်ထိုင်နေကျ ကုလားထိုင်ဖြစ်သော စင်ကလဲယား၏ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်နှင့်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် တစ်ဖက်ထိပ်သို့ ကျွန်တော် သွားထိုင်ရသည်။

"နောက်ကျသွားတဲ့အတွက် ဝမ်းနည်းပါတယ် လူကြီးမင်းများခင်ဗျား။ ဒါပေမယ့် ကျွန်တော် ခေါင်းမဖော်နိုင်လောက်အောင် အလုပ်များသွားပါတယ်" ဟု ကျွန်တော်က တောင်းပန်စကား ပြောသည်။

"အခုအချိန်ကစပြီး အစည်းအဝေး စပါပြီ" ဟု စင်ကလဲယားက ပြောသည်။ သူ့မျက်နှာပေါ်တွင် ဘာအမူအရာမှ မရှိချေ။

ဒင်ရစ်ချီက နည်းနည်းကလေးမှ အချိန်ဆွဲမနေပါ။

"ခင်ဗျားရှေ့မှာချထားပေးတဲ့ သတင်းထုတ်ပြန်ချက်ကို မှတ်မိရဲ့လား" ဟု ကျွန်တော့်ကို လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ငုံ့ကြည့်သည်။ ပြီးတော့ သူ့ကို လှမ်းကြည့်သည်။

"မှတ်မိရမှာပေါ့ဗျာ၊ ကျွန်တော်ကိုယ်တိုင် ထုတ်ပေးလိုက်တဲ့ သတင်းထုတ်ပြန်ချက်ပဲ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ဒါရိုက်တာအဖွဲ့နဲ့ ကြိုတင်ညှိနှိုင်းပြီး သဘောတူညီချက်မယူဘဲနဲ့ အဲဒီ သတင်းထုတ်ပြန်ချက်ကို ထုတ်ပေးလိုက်တယ် ဆိုတာကိုလည်း ခင်ဗျား သဘောပေါက်မှာပေါ့နော်"

သူ့လေသံက အလွန်တရာခြောက်ကပ်ပြီး အေးစက်မာကျောနေသည်။

ကျွန်တော်က စင်ကလဲယားကို တစ်ချက်လှမ်းကြည့်သည်။

"မစ္စတာစင်ကလဲယားနဲ့ ကျွန်တော် နားလည်ထားတာကတော့ ကျွန်တော်ဟာ စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီဥက္ကဋ္ဌအနေနဲ့ ကုမ္ပဏီအတွက် အကောင်းဆုံးဖြစ်မယ်လို့ ထင်တာမှန်သမျှကို လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ ရှိနေတယ်ဆိုတာပါပဲ"

"ဒါပေမယ့် ဒီနေ့အထိ ခင်ဗျားလုပ်ကိုင်ခဲ့တာတွေအားလုံးကို ဒါရိုက်တာအဖွဲ့က ခွင့်ပြုခဲ့ရတယ်ဆိုတာကိုပါ ခင်ဗျား သိတယ်မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"သိပါတယ်၊ ဒါပေမယ့် ကျွန်တော်လုပ်တဲ့ အစီအစဉ်တွေကို တစ်ခုမှ အပြောင်းအလဲ မလုပ်ခိုင်းခဲ့ပါဘူး။ နောက်ပြီးတော့ ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်တိုင်းကိုလည်း ကျွန်တော် ဆောင်ရွက်ပြီးတော့မှသာ ဒါရိုက်တာအဖွဲ့က သဘောတူခဲ့ရတာချည်းပါပဲ၊ ဘာတစ်ခုကိုမှ ကြိုတင်သဘောတူညီချက် မယူခဲ့ဖူးပါဘူး၊ နောက်နောင် ကျွန်တော်ဆက်လုပ်မယ့် အလုပ်တွေအားလုံးဟာလည်း အဲဒီသဘောသာဖြစ်ရမယ်လို့ ကျွန်တော် နားလည်ထားပါတယ်"

ဒင်ရစ်ချီသည် ခဏကြာအောင် တိတ်သွားသည်။ သူ့ရှေ့မှာရှိနေသည့် စာရွက်အချို့ကို ကောက်ယူကာ ဖတ်ကြည့်နေသည်။ စင်ကလဲယားကို ကျွန်တော် လှမ်းကြည့်သည်။ သူ့မျက်နှာအမူအရာကို ဘယ်လိုမှ အကဲခတ်၍ မရနိုင်ချေ။ ကျောက်ပုံကြီးတစ်ခုကို ကြည့်နေရသကဲ့သို့ ဖြစ်နေသည်။

"ခင်ဗျားရေးဆွဲထားတဲ့ အစီအစဉ်သစ်တွေအရ ကုန်ကျငွေဟာ ဒေါ်လာသန်းပေါင်း လေးဆယ်ကျော်နေတယ်ဆိုတာရော သိရဲ့လား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဆေးရောင်စုံနဲ့ ထုတ်လွှင့်တဲ့အတွက် နောက်ထပ်ဆယ့်တစ်သန်း ကုန်သွားတာကိုရော သိတယ်မဟုတ်လား"

"သိပါတယ်"

"ဒါလောက်တောင်များတဲ့ ငွေတွေကို သုံးနေတာဟာ ကုမ္ပဏီအတွက် အကျိုးကျေးဇူးရှိမယ်လို့ ထင်သလား"

"ထင်ပါတယ်၊ အကျိုးကျေးဇူးရှိမယ်မထင်ရင် ကျွန်တော် ဒီအလုပ်တွေကို ဘယ်လုပ်ပါ့မလဲ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ကုမ္ပဏီက အရေးကြီးတဲ့ တာဝန်ရှိသူတွေကို သူတို့နဲ့မတိုင်ပင်ဘဲ အလုပ်က ထုတ်ပစ်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်တာကရော စည်းကမ်းနည်းလမ်းများနဲ့အညီ လုပ်တာဖြစ်တယ်လို့ ထင်သလား"

"ထင်ပါတယ်၊ ကျွန်တော် ဒီကုမ္ပဏီမှာ အလုပ်စဝင်တဲ့နေ့ကပဲ သူတို့အားလုံးရဲ့

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ထွက်စာတွေ ကျွန်တော် တောင်းထားခဲ့တာပဲ၊ အခုအချိန်အထိ ကျွန်တော့်အံဆွဲထဲမှာ အဲဒီနှုတ်ထွက်စာတွေ ရှိနေတယ်"

"ခင်ဗျားဆီမှာ ကျုပ်ရဲ့နှုတ်ထွက်စာ မရှိပါဘူး၊ ဒါပေမယ့် ခင်ဗျား အလုပ်ထုတ်ပစ်လိုက်တဲ့ လူတွေစာရင်းထဲမှာ ကျုပ်နာမည်ပါ ပါနေတယ်"

"ဒါကတော့ ဖြစ်လာမည့် အခြေအနေကိုကြိုမြင်ပြီး စာရင်းထဲမှာ ကျွန်တော် ထည့်လိုက်တာပါ"

"ကြိုမြင်တယ်ဆိုတာက ဘာကိုဆိုလိုတာလဲ"

သူ အကြီးအကျယ် ဒေါသဖြစ်နေသည်။ ကျွန်တော်က သူ့ကိုလှမ်းကြည့်သည်။ ပြီးတော့ လေသံခပ်တိုးတိုးဖြင့် ပြောသည်။

"ဒီအစည်းအဝေး မပြီးခင်မှာပဲ ခင်ဗျားရဲ့ နှုတ်ထွက်စာကို ကျွန်တော် လက်ခံရရှိတော့မယ်ဆိုတာ သိပ်ကိုသေချာနေတယ်လို့ ဆိုလိုတာပါ"

သူ့မျက်နှာ ရဲခနဲဖြစ်သွားသည်။ သို့သော်လည်း သူ့ကို စကားပြောခွင့် ကျွန်တော် မပေးတော့ပါ။ စားပွဲပတ်လည်ကို ကျွန်တော် လှည့်ကြည့်လိုက်သည်။

"လူကြီးမင်းများခင်ဗျား၊ အားလုံး အလုပ်များကြတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါကြောင့် အကျယ်ချဲ့မနေတော့ဘဲ လိုရင်းကို တိုတိုပဲပြောပါ့မယ်၊ အခုမကုန်ဆုံးသေးတဲ့ ရာသီအတွက် ကျွန်တော်တို့ရလိုက်တဲ့ ကြော်ငြာဝင်ငွေဟာ သန်းတစ်ရာ့ခြောက်ဆယ် ရှိတယ်၊ ကြိုတင်ပေးငွေအဖြစ် လေးဆယ့်ရှစ်သန်း ရထားပါပြီ၊ ရာခိုင်နှုန်းအားဖြင့် သုံးဆယ် ရာခိုင်နှုန်းဖြစ်ပါတယ်၊ နောက်လာမယ့် ရာသီအတွက် ကြော်ငြာဝင်ငွေ သန်းပေါင်းနှစ်ရာ့ ဆယ် ရှိပါတယ်၊ အခု သန်းတစ်ရာ့နှစ်ဆယ် ရထားပါပြီ၊ ရာခိုင်နှုန်းငါးဆယ် ဖြစ်ပါတယ်၊ ကြော်ငြာဝင်ငွေဟာ အလျင်နှစ်တွေနဲ့စာရင် အဆပေါင်းများစွာ တိုးတက်လာတာကို တွေ့ရပါလိမ့်မယ်၊ ဘာကြောင့် ဒီလို မတန်တဆ တိုးတက်လာရသလဲဆိုရင် လွန်ခဲ့တဲ့ စနေနေ့က ထုတ်လွှင့်လိုက်တဲ့ ရုပ်ရှင်ကားနဲ့ ဂျာနာရေးနိုး ဖျော်ဖြေမှု အစီအစဉ်အရ နှစ်ရက်အတွင်း အောင်မြင်သွားတာ ဖြစ်ပါတယ်၊

ဆေးရောင်စုံနဲ့ ထုတ်လွှင့်တာကတော့ ကျွန်တော်တို့ မလုပ်မဖြစ် လုပ်ကြရမှာပါပဲ၊ ဘာကြောင့်လဲဆိုတော့ နောက်ငါးနှစ်ကြာမှ ဆေးရောင်စုံနဲ့လွှင့်ဖို့ စီစဉ်မယ်ဆိုရင် ကုန်ကျစရိတ်က ငါးဆယ်ရာခိုင်နှုန်း တက်သွားမှာဖြစ်ပါတယ်၊ အခုအချိန်မှာ လုပ်လိုက်တဲ့အတွက် ကျွန်တော်တို့ရဲ့ အစုရှယ်ယာဈေးနှုန်းတွေပါ ရာခိုင်နှုန်းနှစ်ဆယ် တိုးလာပါတယ်"

ကျွန်တော်က စကားကို ခဏဖြတ်ပြီး ဒါရိုက်တာအဖွဲ့ဝင်များအား လှည့်ကြည့်နေ၍ အကဲခတ်နေသည်။ ပြီးမှ ဆက်ပြောသည်။

"အသုံးစရိတ်ငွေ များတဲ့အတွက် ဝင်ငွေတွေ မတန်တဆ များလာပါတယ်၊ ဒီလို ဝင်ငွေတွေ မတန်တဆများလာတာဟာ ကုမ္ပဏီရဲ့ အကျိုးစီးပွားကို ထိခိုက်ပါသလား၊ ဌာနအကြီးအကဲတွေကို အလုပ်ထုတ်ပစ်လိုက်တာကတော့ သူတို့ဟာ ကျွန်တော်တို့ကုမ္ပဏီအတွက် အခု အသုံးမဝင်တော့လို့ပါပဲ၊ ကျွန်တော်တို့ကုမ္ပဏီအတွက် သူတို့အားလုံး လူပိုတွေဖြစ်နေတဲ့ အချိန်ကြာမြင့်လှပါပြီ"

အခန်းထဲမှာ တိတ်ဆိတ်နေသည်။

စင်ကလဲယားက လေသံခပ်တိုးတိုးဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဂေါက်ရဲ့ ဆောင်ရွက်ချက်တွေအပေါ် အယုံအကြည်ရှိ၊မရှိ မဲခွဲမယ်"

မဲနှစ်မဲမှအပ ကျွန်တော့်ကိုယုံကြည်ကြောင်း ဒါရိုက်တာအဖွဲ့ဝင်အားလုံးက တစ်ညီတညွတ်တည်း ဆန္ဒမဲပေးကြလေသည်။

မပေးသောမဲနှစ်မဲမှာ ဒင်ရစ်ချီနှင့် ကျွန်တော်၏မဲဖြစ်လေသည်။

"ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေး ရုပ်သိမ်းကြောင်း ကြေညာပါတယ်" ဟု စင်ကလဲယားက ပြောသည်။

လူနှစ်ယောက်မှအပ ကျန်လူအားလုံး အခန်းပြင်သို့ ထွက်သွားကြသည်။ ကျန်နေသူနှစ်ယောက်မှာ ဒင်ရစ်ချီနှင့် ကျွန်တော် ဖြစ်လေသည်။

စာရွက်စာတမ်းများကို စုဆောင်းသိမ်းဆည်းရင်း စားပွဲတစ်ဖက်ထိပ်သို့ ကျွန်တော် လှမ်းကြည့်လိုက်မိသည်။ ဒင်ရစ်ချီသည် ဒဏ်ရာအပြင်းအထန်ရသွားသူ တစ်ယောက်လို စားပွဲပေါ်မှာ ကိုယ်ကိုကိုင်းပြီး ငိုင်နေသည်။

သူ့ဆီသို့ ကျွန်တော်လျှောက်သွားသည်။ သူ့ဘေးမှာ ရပ်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူး ဒင်"

ကျွန်တော့်ကို သူမော့ကြည့်သည်။ သူ့မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

"ဟိုခွေးသားကြီးက နှုတ်ဆက်စကားလေးတောင် ပြောသွားဖော်မရဘူး" ဟု အသံလေးလေးကြီးဖြင့် ပြောသည်။

ကျွန်တော်က ဘာမှပြန်မပြော။

"ကျုပ် အခုလိုဖြစ်အောင် သူအကွက်ဆင်ထားတာ"

"ကျွန်တော်တို့ နှစ်ယောက်စလုံးကို အကွက်ဆင်ထားတာပါဗျာ"

သူ ခေါင်းညိတ်သည်။ မျက်တောင်ကို ခပ်မြန်မြန်ခတ်နေသည်။

"ကျုပ်ကို အလုပ်ထွက်ပါတော့လို့ သူပြောဖို့ကောင်းတယ်၊ အခုလို သောက်ရှက်ခွဲဖို့မကောင်းဘူး၊ အေးအေးဆေးဆေး သူပြောရင် အခုလိုလည်း ကျုပ်လုပ်မိမှာ မဟုတ်ဘူး"

ပြတင်းပေါက်ဆီသို့ သူထသွားပြီး အပြင်သို့ လှမ်းမျှော်ကြည့်နေသည်။ ခဏကြာတော့ ကျွန်တော့်ဘက် လှည့်လာသည်။

သူ ခြောက်ကပ်ကပ်ပြုံးသည်။ သို့သော်လည်း သူ့မျက်လုံးများက မပြုံးပါ။ ကျွန်တော့်ဆီသို့ လက်ကမ်းပေးသည်။

"ကံကောင်းပါစေ စတီဖင်"

သူ လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်ခြင်း ဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ဒင်"

"သူတို့ ပြောလေ့ရှိသလိုပဲ ခင်ဗျားကိုယ်ခင်ဗျား လုံခြုံအောင် အမြဲတမ်း ကာကွယ်ထားပေတော့၊ နောက်ပြီးတော့ ဒိုင်လူကြီးကို မလွတ်တမ်းကြည့်ထား"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

တစ်နေ့ခင်းလုံး ကော်ဖီနှင့် ဘရန်ဒီကိုရောပြီး ကျွန်တော် သောက်နေမိသည်။ ထိုသို့သောက်နေရသဖြင့် ကျွန်တော် သိပ်မတွေးဖြစ်တော့။

ကျွန်တော့်အကြောင်း၊ ဒင်ရစ်ချီအကြောင်း၊ စင်ကလဲယားအကြောင်းများကို သိပ်မတွေးဖြစ်တော့။ အလုပ်များကို ဇောက်ချလုပ်နိုင်နေသည်။ ညကိုးနာရီထိုးတော့မှ အလုပ်ပြတ်သည်။

"အင်း. . . အခုမှပဲ ပြတ်တော့တယ်" ဟု ပြောရင်း ရှေ့မှာရှိနေသည့် ဇော်ဂါတီကို လှမ်းကြည့်မိသည်။

"ဇော်ဂါတီ. . . ကိုယ့်ဖို့ အရက်တစ်ခွက်လောက် စပ်ပေးစမ်းပါ"

ဘားရှိရာသို့ သူလျှောက်သွားသည်။ ခဏကြာတော့ ပြန်လာပေးသည်။ အလွန်အစပ်တည့်သည်။

"မင်းလည်းသောက်လေ၊ ဒီနေ့ ပင်ပန်းနေပြီ၊ အမောပြေသွားအောင် သောက်လိုက်ဦး"

"မသောက်တော့ပါဘူးရှင်၊ သိမ်းစရာရှိတာတွေ သိမ်းပြီး ကျွန်မပြန်မယ်၊ ဆီးနှင်းတွေ ဒါလောက်ကျနေတာ ရထားက နောက်ကျဦးမှာ" ဟု ခေါင်းခါရင်း ပြောသည်။

သူမြို့ပြင်မှာနေသည်ကို ကျွန်တော် မေ့သွားသည်။ အိမ်ပြန်ရောက်အောင် အချိန်အတော်ကြာဦးမည်။ ညဥ့်နက်သွားဖို့ သေချာသည်။

"ဇော်ဂါတီ ပြန်ဖို့အခက်အခဲရှိတယ်ဆိုရင် ဟိုတယ်မှာ သွားတည်းပါ၊ ကုန်ကျစရိတ်ကို ကုမ္ပဏီက ရှင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မစ္စတာဂေါက်၊ ကျွန်မကို ခိုင်းစရာရှိပါသေးသလား"

"ရှိတယ်၊ မင်းမပြန်ခင် စောစောကလို မာတီနီကောင်းကောင်းလေး စပ်ပေးခဲ့ပါဦး"

သူ စပ်ပြီးယူလာပေးသည့် မာတီနီကို ကျွန်တော်မြှုံ့သည်။

"ဖော်ဂါတီ ဒါလောက်ကောင်းအောင် စပ်ပေးတတ်တဲ့အတွက် မင်းကို လခတိုးပေးဖို့အကြောင်း လုံလောက်သွားပြီ၊ တစ်ပတ်ကို နှစ်ဆယ့်ငါးဒေါ်လာတိုးဖို့ လစာဌာနကို မနက်ဖြန် အကြောင်းကြားလိုက်"

"ကျေးဇူးတင်ပါတယ် မစ္စတာဂေါက်"

"မင်း မနက်ဖြန် အကြောင်းကြားမှာ မဟုတ်ပါဘူး၊ ကိုယ် တကယ်ပြောနေတာလို့ မင်းမထင်ဘူးမဟုတ်လား၊ ကိုယ်မူးနေပြီလို့ မင်းထင်နေပြီလေ"

"ဒီလိုမထင်ပါဘူး မစ္စတာဂေါက်"

"အရေးကြီးတာကို ပြောကြစို့ ကိုယ်ဟာ စင်ကလဲယား ရုပ်မြင်သံကြား လုပ်ငန်းကြီး တစ်ခုလုံးရဲ့ ဥက္ကဋ္ဌမဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒါဆိုရင် အားလုံးရှင်းသွားပြီ၊ ကဲ. . မင်း ကိုယ့်ရင်ခွင်ထဲကို လာ"

ကျွန်တော်က မာတီနီသောက်ရင်း ပြောသည်။

"ကျွန်မ ပြန်မှကောင်းတော့မယ် ထင်တယ်" ဟု သူကပြောသည်။ သူ့လေသံမှာ အတော်ကြီး ထူးဆန်းနေသည်။

"မင်း ကိုယ့်တောင်းဆိုချက်ကို ငြင်းပယ်လိုက်တာလား"

သူ ဘာမှမဖြေဘဲ ငြိမ်နေသည်။

"မင်းကို အလုပ်ထုတ်ပစ်လိုက်ပြီ၊ ကုမ္ပဏီရဲ့ဥက္ကဋ္ဌအလိုကို မလိုက်လျောတဲ့အတွက် တာဝန်မကျေပွန်မှုနဲ့ မင်းကို အလုပ်ထုတ်ပစ်လိုက်ပြီ"

သူက ကျွန်တော့်ကို ကြည့်နေသည်။ ဘာစကားမှမပြော။

ကုလားထိုင်မှာ ကျွန်တော်ဝင်ထိုင်သည်။ ချက်ချင်း အမူးပြေသွားသည်။

"မင်းကို အလုပ်မထုတ်တော့ဘူး၊ ဆောရီး"

"ရပါတယ် မစ္စတာဂေါက်၊ ကျွန်မ နားလည်ပါတယ်၊ ဂွဒ်နိုက်နော်" သူ ပြုံးပြီးပြောသည်။

"ဂွဒ်နိုက် ဖော်ဂါတီ"

❑

နယူးယောက်မြို့တွင် ပထမဦးဆုံးအကြိမ် ဆီးနှင်းများ စ,ကျခြင်းသည် ကျွန်တော် မြင်ခဲ့ဖူးသမျှထဲတွင် အလှဆုံးဖြစ်သည်။

ဆီးနှင်းပွင့်များကိုနင်းပြီး အိမ်သို့ ကျွန်တော် လမ်းလျှောက်ပြန်လာခဲ့သည်။

အခန်းပြင်ရောက်တော့ ဖယောင်းတိုင်မီးများ ထိန်ထိန်လင်းနေသည်ကို ပထမဦး သတိထားမိသည်။ အခန်းများဝင်မိသည်ထင်ပြီး ခြေစုံရပ်လိုက်မိသည်။ စားပွဲပေါ်တွင် ဒွန်ပီရီနွန်

www.burmeseclassic.com

www.burmeseclassic.com



...လင်းကို ရေခဲစိမ်ထားသည်။ အစားအသောက်တွေ ပြင်ဆင်ထားသည်။

"ဘာဘရာ. . ."

ကျွန်တော် အော်ခေါ်ကြည့်သည်။ အိပ်ခန်းထဲမှ သူထွက်လာသည်။ နှင်းဆီပန်း...နှင့် ထိုးထားသည့် ဖန်ပန်းအိုးကလေးတစ်လုံးကို ကိုင်လာသည်။ ကျွန်တော့်ကို တစ်ချက်...ကြည့်ပြီး စားပွဲအလယ်မှာ ပန်းအိုးတင်သည်။

"အခုမှ ပိုလှသွားတယ်နော်" ဟု သူကပြောသည်။

"ဘာအထိမ်းအမှတ်လဲ" ဟု ကျွန်တော်ကမေးသည်။

"ဆီးနှင်းတွေ စ,ကျတဲ့ အထိမ်းအမှတ်လေ"

"ဒါတော့ သိတာပေါ့"

"နှစ်ဆန်းမှာ ဆီးနှင်းတွေ စ,ကျတဲ့အတွက် အထိမ်းအမှတ်ကလေးတစ်ခုတော့...သင့်တယ်ထင်လို့"

"ကောင်းတာပေါ့ကွာ"

ဦးထုပ်နှင့် ကုတ်အင်္ကျီများကိုချွတ်ပြီး ဗီရိုထဲမှာ သွားချိတ်သည်။ ကျွန်တော့်ဘေးနား...သူလာရပ်နေသည်။

"ဘာဖြစ်လို့လဲဟင်. . . မောင့်ကိုကြည့်ရတာ တစ်မျိုးပဲ"

"ဘာမှမဖြစ်ပါဘူးကွာ၊ ပင်ပန်းလွန်းလို့ပါ။ အရက်တစ်ခွက်လောက် သောက်လိုက်...ချင်တယ်"

"ဗော့ဒ်ကာတစ်ပုလင်း ရေခဲစိမ်ထားတာရှိတယ်"

သူနှင့်အတူ ဘားရှိရာသို့ ကျွန်တော် လိုက်သွားသည်။ သူက ပုလင်းထုတ်ပြီး...ခွက်ထဲထည့်ပေးသည်။ ကျွန်တော်က မသောက်သေးဘဲ သူ့ကိုစောင့်နေသည်။ ဘာဘရာ...က ခေါင်းခါပြသည်။

"မောင် သောက်နှင့်"

ကျွန်တော် သောက်သည်။ တစ်ကိုယ်လုံး နွေးသွားသည်။ လျော့သွားသည့် အရက်...ကို ဘာဘရာက ထပ်ဖြည့်ပေးသည်။ ပြီးတော့ ကျွန်တော့်ကို သူကြည့်နေသည်။

"မောင် အလုပ်ဝင်တာ သုံးလရှိသွားပြီနော်"

ကျွန်တော်က ခေါင်းညိတ်ရုံ ညိတ်ပြသည်။

"မောင် အရမ်းအလုပ်များတာ ကျွန်မသိတယ်၊ ဒါကြောင့် မောင့်ကို အနှောင့်အယှက်ပေးသလို ဖြစ်မှာစိုးလို့ ဒီကိုတောင် သိပ်မလာတာ၊ အခုညတော့ မောင်အံ့သြသွားအောင် လုပ်သင့်တယ်ထင်လို့"

"အံ့သြသွားပါတယ်ကွာ"

သူ့မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်လာသည်။

"ကျွန်မ ပြန်တော့မှပဲထင်တယ်"

"မပြန်ပါနဲ့၊ ဒီဟာတွေ ကိုယ်တစ်ယောက်တည်း ဘယ်ကုန်နိုင်ပါ့မလဲ"

"မကုန်မှာစိုးလို့ မပြန်စေချင်တာလား"

"အပြင်မှာ ဆီးနှင်းတွေအရမ်းကျနေတယ်၊ နောက်ပြီးတော့ တက္ကစီတစ်စီးမှ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com


သူ ဘာမှမပြောဘဲ ငြိမ်နေသည်။ ကျွန်တော့်မျက်နှာကို အကဲခတ်နေသည်။ ခဏကြာမှပြောသည်။

"မောင့်ကိုချစ်ပါတယ်၊ နှုတ်ဆက်တဲ့အနေနဲ့တောင် မနမ်းတော့ဘူးလားဟင်"

သည်တော့မှပဲ သူ့ကိုနမ်းပြီး ကျွန်တော် ချော့ရလေသည်။

"ကျွန်မ စိတ်မကောင်းပါဘူး မောင်. . . တကယ့်ကို စိတ်မကောင်းပါဘူး"

"စိတ်မကောင်းစရာအကြောင်း ဘာမှမရှိပါဘူးကွာ"

ကျွန်တော့်ရင်ခွင်ထဲမှ သူ ရုန်းထွက်သွားသည်။ သူ့လေသံက တစ်မျိုးဖြစ်နေသည်။ ပြီးတော့ ငိုလည်းငိုသည်။

"မောင့်ကိုသတိပေးဖို့ ကျွန်မ ကြိုးစားခဲ့ပါသေးတယ်၊ သူ ဘယ်လိုလူစားမျိုးဖြစ်ကြောင်း မောင့်ကိုပြောပြဖို့ ကြိုးစားခဲ့ပါသေးတယ်၊ ဒါပေမယ့် ကျွန်မပြောတာကို မောင် နားထောင်မှာမဟုတ်ဘူး၊ ယုံလည်း ယုံမှာမဟုတ်ဘူး"

ကျွန်တော် အထိတ်တလန့် ဖြစ်သွားသည်။

"ဘာလဲ. . . ဘယ်သူလဲ"

"ဒယ်ဒီလေ. . . မနေ့ညတုန်းက သူ့အိမ်မှာ ကျွန်မ ညစာသွားစားတယ်၊ သူ တစ်ယောက်ယောက်နဲ့ ဖုန်းပြောနေတာ ကျွန်မကြားလိုက်ရတယ်၊ အဲဒီခွေးသားလေးကိုကိုင်ဖို့ သေချာအောင် ပြင်ဆင်တော့တဲ့၊ စင်ကလဲယားရုပ်မြင်သံကြားကို ဘယ်သူအုပ်ချုပ်နေတယ်ဆိုတာ သူသိသွားအောင် လုပ်ရတော့မယ်တဲ့"

ကျွန်တော့်ကို သူ တင်းတင်းကြီး ဖက်ထားသည်။ ပြီးတော့ လေသံကလေးနှင့်လည်း တိုးတိုးပြောသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ မောင်ရယ်၊ တခြားအလုပ်တစ်ခု ရအောင်ရှာပါ၊ ပြီးတော့ မောင် ဘယ်လိုလူစားမျိုးဆိုတာ သူသိသွားအောင် ကြိုးစားပြလိုက်စမ်းပါ"

သူ့မျက်နှာကလေးကို ကျွန်တော် ဆွဲမော့ယူလိုက်သည်။

"အဲဒီအကြောင်းကြောင့် ဒီနေ့ည ဒီကို မင်းရောက်လာတာလား"

သူက ခေါင်းညိတ်ပြသည်။

"မောင်တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့" ဟု ပြောသည်။

သူ့ကို ကျွန်တော် ပြုံးပြလိုက်သည်။

"မင်းသိပ်လှတယ်၊ မောင် အလုပ်မပြုတ်ပါဘူးကွယ်၊ ဒါပေမယ့် စင်ကလဲယားရုပ်မြင်သံကြားကို တကယ်အုပ်ချုပ်နေသူ ဘယ်သူလဲဆိုတာ မောင်သိသွားပြီ၊ မင်းအဖေလည်း သိသွားပြီ၊ တကယ်အုပ်ချုပ်နေသူကတော့ မောင်ပဲ"

ကျွန်တော့်ကို ဝမ်းသာအားရ သူဖက်လိုက်သည်။

"မောင် တကယ်လုပ်လိုက်တာလားဟင်. . . မောင် တကယ်အောင်ပွဲခံခဲ့ပြီလား"

ကျွန်တော်က ခေါင်းညိတ်ပြပြီး ဒွန်ပီရီနွန်ရှမ်ပိန်ပုလင်းကို ကောက်ယူလိုက်သည်။

"ဒီပုလင်းကိုဖွင့်ကြစို့၊ အခုမှ တကယ့်အထိမ်းအမှတ်ပွဲကလေးကို လုပ်ကြရတော့မယ်"

သူက ကျွန်တော့်ကို ခပ်မြန်မြန်နမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင် . . . ဖွင့်"

ဖန်ခွက်နှုတ်ခမ်းချင်းထိပြီး ကျွန်တော်တို့ သောက်ကြသည်။

နောက်ပိုင်း ဘာတွေဖြစ်သည်ကို ကျွန်တော် မမှတ်မိတော့ပါ။ အချိုပွဲ မစားမိမှာ [illegible] ကျွန်တော် အိပ်ပျော်သွားတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

တစ်နေရာရာမှ တယ်လီဖုန်း ခေါင်းလောင်းမြည်သံကို ကြားရသည်။ မျက်လုံး မဖွင့်ဘဲ ဖုန်းကိုလှမ်းဆွဲဖို့ ကြိုးစားသည်။ မကိုင်မိသေးမီ ခေါင်းလောင်းသံ ရပ်သွားသည်။ ခပ်တိုးတိုးပြောနေသံကို ကြားရသည်။ ကျွန်တော် မျက်လုံးဖွင့်ကြည့်သည်။

ဘာဘရာက တယ်လီဖုန်းပြန်ချပြီး ကျွန်တော့်ဘက်သို့ လျှောက်လာသည်။

"ပြန်အိပ်လိုက်ဦး မောင်" ဟု သိမ်မွေ့စွာပြောသည်။

"ဘယ်သူလဲ"

"မောင့်ရုံးကပါ၊ မောင်အိပ်နေတယ်လို့ ပြောလိုက်တယ်"

"ရုံးကလား၊ ဘယ်အချိန်ရှိနေပြီလဲ" ဟုမေးရင်း ကျွန်တော် ချက်ချင်းအိပ်ချင်ပြေ သွားသည်။

"နေ့လယ်"

"ဘာဖြစ်လို့ ကိုယ့်ကိုမနှိုးတာလဲကွာ"

"မောင် အရမ်းပင်ပန်းနေပြီ၊ အိပ်လိုက်တာမှ ကလေးလေးတစ်ယောက် ကျနေတာ ပဲ" ဟု ပြုံးပြီးပြောသည်။

ကုတင်ပေါ်မှ ကျွန်တော် ဆင်းလိုက်သည်။

"ညက အစားတွေထဲမှာ မင်း အိပ်ဆေးတွေများ ခပ်ထားသလား"

"အိပ်ဆေးခပ်ဖို့ မလိုပါဘူး၊ ဗော့ဒ်ကာတစ်ပုလင်းနဲ့ ရှမ်ပိန်နှစ်ပုလင်းကို မောင် တစ်ယောက်တည်း သောက်ပစ်လိုက်တာ"

"ကိုယ် ဘာမှမမှတ်မိတော့ဘူး"

"စားနေရင်း စားပွဲမှာတင် မောင်သတိလစ်သွားတယ်၊ အဆောင်အလုပ်သမားတွေ

www.burmeseclassic.com

www.burmeseclassic.com



ထွမ်းခေါ်ပြီး မောင့်ကိုယ်လုံးကြီးကို အိပ်ရာထဲ သယ်ခိုင်းရတယ်"

"ကော်ဖီရှိသေးသလား"

"ထမင်းစား စားပွဲပေါ်မှာရှိတယ်၊ ကျွန်မ သွားယူပေးမယ်"

ရေချိုးခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ပြန်ထွက်လာသောအခါ အငွေ့တထောင်းထောင်းထနေသည့် ကော်ဖီကို အသင့်တွေ့ရသည်။ ယူသောက်ကြည့်သည်။ အနည်းငယ်အတ်သာသလို ဖြစ်သွားသည်။

"ဘားထဲက ကော့ညက်ပုလင်း ယူပေးပါဦး"

"မောင် အခါတိုင်းထက် အရက်တွေ ပိုသောက်နေပြီ"

ဘာမှပြန်မပြောဘဲ သူ့ကို ငေးကြည့်နေမိသည်။

"ကောင်းပြီလေ၊ ကျွန်မက ပြောပိုင်ခွင့်မှမရှိဘဲ"

"သိပ်မှန်တာပေါ့၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါ၊ ကိုယ့်ခေါင်းထဲမှာ စဉ်းစားစရာတွေအများကြီးဖြစ်နေပြီ"

"ညက မောင်ပြောတာမှားတယ်၊ သူ့ကို မောင်မပိုင်ဘူး၊ မောင့်ကို သူပိုင်သွားပြီ" ဟု ပြောသည်။

"ဘာကိုဆိုလိုတာလဲ"

"မောင် အရက်ပိုသောက်လာတယ်၊ ကျွန်မအနားကို အကပ်နည်းလာတယ်၊ ဒါဟာ ဘာတယ့်လုပ်ငန်းရှင်ကြီး တစ်ယောက်ရဲ့ စရိုက်ပဲ"

ကျွန်တော် ဘာမှပြန်မပြော။ ရေချိုးခန်းထဲ ဝင်သွားသော သူ့ကိုသာ လှမ်းကြည့်နေလိုက်မိသည်။

သူပြောသည်မှာ မှန်ပါသည်။ ကျွန်တော် အလုပ်ဝင်သည်မှာ သုံးလရှိပြီ။ အလုပ်ဝင်သည့်နေ့မှစ၍ ယခုအချိန်အထိ စင်ကလဲယားက ကျွန်တော့်ကို ပိုင်နေခြင်းဖြစ်သည်။ သူ့အမိန့်၊ သူ့ဩဇာအောက်မှာ ရောက်နေခဲ့ရသည်။ ရေချိုးခန်းထဲမှ ဘာဘရာ ပြန်ထွက်လာတော့ ကျွန်တော် ကုတင်ပေါ် ပြန်ရောက်နေပြန်သည်။

"ဘာဖြစ်လို့လဲ. . မောင် နေမကောင်းဘူးလား" ဟု သူမေးသည်။ စိတ်ပူသည့်လေသံကို ကျွန်တော် သတိထားလိုက်မိသည်။

"အခုလောက် စိတ်ချမ်းသာသွားတာမျိုး တစ်ခါမှ မကြုံဖူးပါဘူးကွာ"

ကုတင်ဘေးမှာ ဒူးထောက်ပြီး လာထိုင်သည်။ ကျွန်တော့်မျက်နှာကို လက်နှစ်ဖက်နှင့် ကိုင်ထားသည်။ ပြီးတော့ တစ်မျက်နှာလုံးကို ခပ်ဖြန်ဖြန်နမ်းသည်။

"မောင့်ကိုချစ်တယ်. . . ချစ်တယ်. . . ချစ်တယ်"

❑

အဒေါ်ပဋ္ဌခင့်၏အိမ်ရှေ့တွင် ကျွန်တော် ကားထိုးရပ်လိုက်သည့်အချိန်သည် သန်းခေါင်ကျော် နှစ်နာရီခွဲအချိန် ဖြစ်လေသည်။ လပြည့်နေ့ည လရောင်က ဆီးနှင်းများပေါ်သို့ ထိုးကျနေရာ ပတ်ဝန်းကျင်တစ်ခုလုံးမှာ နေ့ခင်းသဖွယ် လင်းထိန်နေသည်။

"အိမ်ထဲမှာတော့ မီးရောင်မရှိဘူး၊ ဒီလို အချိန်မတော်ကြီးမှာ လာနှိုးတာ မောင့်

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်တော့ အတော်လန့်သွားမှာပဲ" ဟု ဘာဘရာက အိမ်ဆီသို့လှမ်းကြည့်ရင်း ပြောသည်။

တံခါးဘောင်ပေါ်တွင် ဝှက်ထားလေ့ရှိသော အိမ်သော့ကို ကျွန်တော်လှမ်းယူသည်။ တံခါးဖွင့်ပြီး အတွင်းသို့ဝင်ခဲ့သည်။

"မနက်ဖြန်မနက် အပေါ်ထပ်က ကိုယ်တို့ဆင်းလာတော့မှပဲ ကိုယ်တို့ရောက်နေတာ သူသိမှာပါကွာ"

ဧည့်ခန်းထဲမှာ ရုတ်တရက် မီးလင်းသွားသည်။

"ထုံးစံအတိုင်း ဒီတစ်ခါလည်း မင်းမှားပြန်တာပဲ" ဟူသော အဒေါ်၏အသံကို အိပ်ခန်းပေါက်ဝဆီမှ ကြားလိုက်ရသည်။

ပြီးတော့ ကျွန်တော့်ရင်ခွင်ထဲသို့ ဝင်လာသည်။ အဒေါ်သည် ငယ်ငယ်တုန်းက ကျွန်တော်ထင်ခဲ့မိသလို အရပ်အမြင့်ကြီးမဟုတ်ကြောင်း အံ့ဩဖွယ်တွေ့ရလေသည်။ ကိုယ့်ထက် အသက်ကြီးသူများကို ငယ်သူတိုင်းက မိမိထက် အရပ်မြင့်သည်ဟု ထင်စံမြဲဖြစ်လေသည်။ အဒေါ့်ကို ကျွန်တော်က နမ်းနှုတ်ဆက်သည်။

"မင်းတို့ ဒီကို ဘာနဲ့လာတာလဲ"

"နယူးယောက်ကနေပြီး ကားမောင်းလာတာ"

"ဒါလောက် ဆီးနှင်းမုန်တိုင်းတွေ ကျနေတဲ့ကြားထဲမှာလား"

"မုန်တိုင်းစဲသွားတာ ကြာလှပါပြီ၊ လမ်းတွေမှာရှင်းလို့"

အဒေါ်က ဘာဘရာဘက်သို့လှည့်ပြီး လက်ဆန့်တန်းပေးသည်။

"ပရွေးဒင့်ဂေါက်ပါ၊ တူတော်မောင်ကတော့ ကလေးတုန်းကအတိုင်းပဲ၊ ဘာမှ မပြောင်းလဲသေးဘူး၊ လူမှုရေးကို နည်းနည်းကလေးမှ နားမလည်ဘူး"

ဘာဘရာက သူ့လက်ကို ဆွဲယူနှုတ်ဆက်သည်။

"ဘာဘရာ စင်ကလဲယားပါရှင်၊ တွေ့ရတာ ဝမ်းသာပါတယ်၊ စတီဖင်က လမ်းတစ်လျှောက်လုံး အဒေါ့်အကြောင်းတွေ ပြောလာတာပါ"

အဒေါ်မှာ ထိုစကားကို အတော်သဘောကျသွားပုံ ရသည်။

"ညာတာ. . . ညာတာ. . . ကဲ. . . လာကြ၊ မင်းတို့သိပ်အေးနေကြရော့မယ်၊ ကော်ဖီဖျော်တိုက်မယ်"

"ရမ်အရက်ကလေးပါ ထည့်လိုက်ပါဦး အဒေါ်" ဟု ကျွန်တော်က လှမ်းပြောသည်။

နောက်တစ်နေ့မနက်တွင် ပင်လယ်ကမ်းခြေရှိ ဆီးနှင်းခဲများပေါ်မှာ ကျွန်တော်တို့ လမ်းလျှောက်ကြသည်။ လင်းနေသည့်နေရောင်မှာ ဆီးနှင်းခဲများပေါ်တွင် အရောင်စူးရှလွန်းလှလေသည်။ နေ့လယ်စာစားဖို့ အိမ်ပြန်လာကြသောအခါ ကျွန်တော်တို့ မျက်နှာများမှာ သွေးရောင်လွှမ်းနေတော့သည်။

အိမ်ပေါက်ဝတွင် အဒေါ့်ကိုတွေ့ရသည်။

"မင်းကို နယူးယောက်က ဖုန်းဆက်တာ ငါးခါရှိသွားပြီ"ဟု ဆီးပြောသည်။

"ဘာပြန်ပြောလိုက်သလဲ"

"မင်း ဒီမှာမရှိဘူးလို့ ပြောလိုက်တယ်"

"ကောင်းတယ် အဒေါ်၊ သူတို့ထပ်ဆက်ရင် ကျွန်တော်နဲ့ အဆက်အသွယ်မရဘူး ကြာပြီလို့သာ ပြောလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်မျှ ဆီးနှင်းခဲများကြားမှာနေပြီးသောအခါ ဘော်စတွန်မြို့သို့ ကျွန်တော်တို့ ပြန်လာကြသည်။ ထိုမှတစ်ဆင့် ဘာမျူဒါသို့ လေယာဉ်ဖြင့် သွားကြသည်။ ဘာမျူဒါတွင် တစ်နေ့လုံးလုံး ရေချိုးလိုက်၊ နေပူဆာလှုံလိုက်ဖြင့် အနားယူသည်။ သုံးလအတွင်း အနွေးပြီးပြည့်ကင်းကင်းဖြင့် အနားယူခွင့် ပထမဆုံးအကြိမ်ရရှိခြင်း ဖြစ်လေသည်။

နောက်တနင်္လာနေ့တွင် ကျွန်တော် ရုံးပြန်တက်သည်။ ဖော်ဂါတီက တောင်ငယ်တစ်လုံးလောက်မြင့်သည့် စာရွက်ထပ်ကြီးကိုပွေ့ပြီး ရုံးခန်းထဲသို့ ဝင်လာသည်။ ကျွန်တော့်စားပွဲပေါ်မှာ ချပေးသည်။

"ရှင့်အသားရောင်တွေ သိပ်ကောင်းတာပဲ မစ္စတာဂေါက်"

"ကျေးဇူးတင်ပါတယ် ဖော်ဂါတီ၊ ကိုယ် ကောင်းကောင်း အနားယူလိုက်ရတယ်လေ၊ အခြေအနေတွေ ဘယ်လိုလဲ"

"လူတွေ လန့်နေကြတယ်၊ ရှင် ဘယ်ရောက်နေတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ ကျွန်မကိုပဲ တစ်မေးတည်း မေးနေကြတယ်၊ ရှင် ဘယ်ရောက်နေတယ်ဆိုတာ သိရဲ့သားနဲ့ ကျွန်မက ဖုံးထားတယ်လို့ လူတိုင်းကထင်ကြတယ်"

"စိတ်မကောင်းပါဘူးကွယ်"

"ဒါက ကျွန်မအလုပ်ပဲလေ၊ ကျွန်မဟာ ရှင့်ရဲ့အတွင်းရေးမှူးသာဖြစ်တယ်၊ အထိန်းတော်မဟုတ်ဘူးလို့ ပြန်ပြောလိုက်တယ်"

"မင်း သိပ်တော်တယ်"

သူက စာရွက်ထပ်ကြီးကို မေးငေါ့ပြသည်။

"ဘယ်က စ,ရှင်းချင်သလဲ"

တောင်ငယ်ကလေးတစ်လုံးကို ခဏကြာအောင် ကျွန်တော် ငေးကြည့်နေမိသည်။ ပြီးတော့ စာရွက်အားလုံးကိုယူပြီး အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။ ဖော်ဂါတီကို မော့ကြည့်ပြီးတော့လည်း မေးလိုက်မိသည်။

"အဲဒီလိုရှင်းလိုက်ရင် မကောင်းဘူးလားဟင်"

သူ့အမူအရာ တစ်ချက်မှ မပျက်ပါ။ မှတ်စုစာအုပ်ကို ဖွင့်သည်။

"ကောင်းပါတယ်ရှင်၊ တယ်လီဖုန်းဆက်တဲ့ လူတွေစာရင်း ပြောပါရစေ၊ မစ္စတာ ဂျက်ဆာဗစ်က ရှင်ပြန်ရောက်ရောက်ချင်း သူ့ကို ဖုန်းဆက်ပါတဲ့၊ မစ္စတာဂီလီယန်. . ."

"ဖုန်းဆက်တာတွေက အရေးမကြီးတော့ပါဘူးလေ" ဟုပြောရင်း တံခါးပေါက်ဆီသို့ ကျွန်တော် ထသွားသည်။

"ရှင် ဘယ်သွားမလို့လဲ" ဟု ရုတ်တရက် လှမ်းမေးသည်။

"အပေါ်ထပ်ကို"

သည်တော့မှပင် သူ့မျက်နှာပေါ်တွင် အံ့ဩသည့်အမူအရာ ပထမဆုံးအကြိမ် ပေါ်လာလေတော့သည်။ အတွင်းရေးမှူးများရှေ့မှဖြတ်ပြီး စင်ကလဲယား၏ရုံးခန်းထဲသို့ ကျွန်တော် တန်းဝင်သွားသည်။

"မင်းကို အခု ဖုန်းဆက်တော့မလို့ပဲ၊ ဝမ်းသာပါတယ် မောင်"

www.burmeseclassic.com

www.burmeseclassic.com


သူက ကျွန်တော့်ကို စာရွက်တစ်ရွက် လှမ်းပေးသည်။ ကျွန်တော်က လှမ်းယူသည်။ သို့သော်လည်း လုံးဝငုံ့မကြည့်။

"စနေနေ့ည ရုပ်မြင်သံကြားကြည့်တဲ့ ပရိသတ်ကို တို့ကောင်းကောင်း ပိုင်လိုက်ပြီ၊ ဒုတိယအပတ်မှာ ပရိသတ် သုံးဆယ့်ရှစ်ရာခိုင်နှုန်းကို ရလိုက်တယ်၊ အကောင်းဆုံးဖြစ်အောင် မောင် လုပ်လိုက်တာပဲ"

စင်ကလဲယားက ဆက်ပြောနေသည်။ ကျွန်တော်ကမူ သူကမ်းပေးထားသည့် စာရွက်ကို စားပွဲပေါ်သို့ ချလိုက်သည်။ ယခုအချိန်အထိ ငုံ့မကြည့်သေး။

"ကျွန်တော်လုပ်လိုက်တာ မဟုတ်ပါဘူးခင်ဗျာ၊ ဒီလိုပရိသတ်ကြိုက်သွားအောင် ဦးကိုယ်တိုင် လုပ်လိုက်တာပါ"

"မောင်ပြောတာကို နားမလည်ဘူး" ဟု သူက ပြန်ပြောသည်။

"ကျွန်တော်လည်း အစကတော့ နားမလည်ခဲ့ပါဘူးခင်ဗျာ၊ ဒါပေမယ့် အခုတော့ နားလည်သွားပါပြီ၊ နောက်ပြီးတော့ အဲဒီလိုအဖြစ်မျိုးတွေကိုလည်း ကျွန်တော် နည်းနည်းကလေးမှ မကြိုက်ပါဘူး၊ ဒါကြောင့် ကျွန်တော် အလုပ်ထွက်လိုက်ပါပြီ"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ကျွန်တော့်ကို သူအကြာကြီး ငေးကြည့်နေသည်။ အတော်ကြီးကြာတော့မှ ဖြည်းဖြည်းချင်း ခေါင်းညိတ်ကာမေးသည်။

"ဒီလိုလား"

"ဒီလိုပါ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ဘာကြောင့် အလုပ်ထွက်တယ်ဆိုတာ ကျုပ်မှာ မေးခွင့်ရှိသလား"

"ရှိပါတယ်၊ ဒါပေမယ့် ဦးနားလည်နိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး"

"ပြောကြည့်ပါဦးလေ"

"ကျွန်တော် အသုံးချခံရတာမျိုးကို မကြိုက်ပါဘူး။ ကျွန်တော် အလုပ်လုပ်ဖို့ ဒီကို လာခဲ့တာပါ။ ကြိုးဝိုင်းတစ်ခုအတွင်းကို ပစ်ချခံရပြီး ဦးသဘောကျအောင် တစ်ယောက်ယောက်နဲ့လည်မျိုကို ထိုးဖောက်ပစ်ဖို့ မဟုတ်ပါဘူး"

သူ ငြိမ်နေသည်။

"ဒင်ရစ်ချီနဲ့ ဖြစ်ရတာမျိုးဟာ ဘယ်လိုအကြောင်းနဲ့မှ မဖြစ်သင့်တဲ့ ကိစ္စမျိုးပါ။ ဦးအနေနဲ့ သူ့ကို ဂုဏ်ရှိရှိ ထွက်သွားခွင့် ပြုသင့်ပါတယ်၊ သူ့ဘဝကို အခုလို ဖျက်ဆီးပစ်ဖို့ ဘာအကြောင်းမှ မရှိပါဘူး"

"ကင်ဆာရောဂါနဲ့ ပတ်သက်လာရင် ကုထုံးတစ်ခုတည်းပဲရှိတယ်၊ အဲဒီကုထုံးအဆိုအရ ဖြတ်ပစ်ရမယ်၊ ဖြတ်မပစ်ရင် သေမယ်၊ အခုဟာကလည်း ရိုးရိုးကလေးပဲ၊ ဒင်ရစ်ချီဟာ ကင်ဆာရောဂါပဲ၊ ဒီကုမ္ပဏီမှာ သူအလုပ်လုပ်လာတာ နှစ်ပေါင်းအစိတ်ရှိပြီ၊ တဖြည်းဖြည်းနဲ့ အန္တရာယ်ဖြစ်လာတယ်၊ ဒါကို မောင်သိတယ်၊ ကျုပ်လည်းသိတယ်၊ ဒါပေမယ့် ဒါရိုက်တာအဖွဲ့ဝင်တွေ မသိဘူး၊ သူဟာ အလျင်ကလို လူတော်တစ်ယောက်ပဲလို့ သူတို့က ထင်နေကြတယ်၊ ကုမ္ပဏီရဲ့ ငွေတွေကို မောင်ဖြုန်းတီးနေပြီလို့ သူက ပြောပြတဲ့အခါမှာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ထက်မနည်းတဲ့လူတွေက သူ့စကားကိုတောင် ယုံလိုက်ကြသေးတယ်၊

မှန်ပါတယ်၊ သူ့ကို အေးအေးသက်သာ ထွက်သွားစေသင့်ပါတယ်၊ ဒါပေမယ့် သူဟာ ကုမ္ပဏီအတွက် ကင်ဆာဖြစ်နေပြီဆိုတာကို သူတို့ယုံကြည်ကြမှာ မဟုတ်ဘူး။ ဒါကြောင့် သူ့ကို အပြစ်ပေးစရာ ဒီတစ်နည်းပဲရှိတယ်၊ မောင်နဲ့ ထိပ်တိုက်တွေ့ပေးဖို့နည်းလမ်းပဲရှိတယ်"

"တကယ်လို့ ကျွန်တော်ရှုံးသွားမယ် ဆိုရင်ကော. . . အဲဒီအခါမှာ ဘာတွေဖြစ်လာမလဲ" ဟု ကျွန်တော်က မေးသည်။

"မောင် မရှုံးနိုင်ပါဘူး၊ ဒီလောက်ငွေတွေ မောင့်ကိုသုံးခွင့်ပြုကတည်းက ကျုပ်အားလုံး ကြိုတင်ပြင်ဆင်ထားခဲ့တာပဲ"

သူ့စားပွဲပေါ်မှာရှိသည့် ရုပ်မြင်သံကြားခလုတ်များကို ဖွင့်သည်။ ကျွန်တော့်နောက်ကျောဘက်ရှိ နံရံပေါ်မှ အသံပေါင်းစုံကို ကြားနေရသည်။

"နောက်ကို ပြန်ကြည့်လိုက်စမ်းပါဦး"

ကျွန်တော်က ပြန်လှည့်ကြည့်သည်။ သူက လိုင်းများကို တစ်ခုပြီးတစ်ခု ပြောင်းနေသည်။ မြင်ကွင်းပေါ်မှ အရုပ်များသည် ခုန်ပျံပြေးလွှားနေကြသည်။

"အဲဒါပဲ၊ လူထုဆက်သွယ်ရေးလုပ်ငန်းဟာ ဘယ်လောက်ကြီးကျယ်နေပြီလဲ၊ ကမ္ဘာကြီးတစ်ခုလုံးအပေါ် ဩဇာလွှမ်းထားတော့မယ်၊ ဦးတို့က အခုမှ အဲဒါကို လေ့လာနေရတုန်းရှိသေးတယ်၊ နောက်ငါးနှစ်ကြာရင် အမေရိကန် ပြည်ထောင်စုရဲ့ သမ္မတလောင်းကို လူထုဆက်သွယ်ရေး လုပ်ငန်းရှင်များက ရွေးချယ်ပေးတော့မယ်၊ နောက် ဆယ်နှစ်ကြာရင် တိုင်းပြည်အားလုံးကို ဦးတို့နောက်ကျောဘက်မှာ ထားပစ်ခဲ့တော့မယ်၊ နောက်ဆယ့်ငါးနှစ်ကြာရင် ဦးတို့ကို လ,ပေါ် ပို့ပေးတော့မယ်"

ဒေါသတကြီးဖြင့် ခလုတ်များကို ဆောင့်ပိတ်ပစ်လိုက်သည်။ နံရံပေါ်မှ မြင်ကွင်းများအားလုံး အဖြူထည်ဖြစ်သွားသည်။

"အဲဒီလို အခြေအနေရှိနေတဲ့ကြားထဲက မောင်က အလုပ်ထွက်ချင်သလား၊ ဒီအလုပ်က ကြမ်းတော့ကြမ်းတယ်၊ မောင်က စိတ်နူနယ်တယ်၊ တခြားလူ ထိခိုက်မှာမျိုးကို မလုပ်ချင်ဘူး၊

ဒီအလုပ်ကိုလုပ်ပြီဆိုရင် ဒီလိုညာတာထောက်ထားနေဖို့ မဖြစ်ဘူး၊ ကိုယ့်ကုမ္ပဏီ ထိပ်ဆုံးရောက်လာအောင် မြှင့်တင်ပေးချင်တယ်ဆိုရင် ရက်စက်တန်တဲ့အခါမှာ ရက်စက်ပစ်ရမယ်၊ ဒါပေမယ့် မောင်ကြိုက်သလိုဆုံးဖြတ်ပါ၊ မောင့်ဘဝနဲ့ပတ်သက်ပြီး စီရင်ချက်ချဖို့ဟာ မောင်ကိုယ်တိုင် တရားသူကြီးပဲ၊ မောင့်တရားကို မောင်စီရင်ရလိမ့်မယ်၊ မောင်ဟာ ထိပ်ဆုံးမှာ တစ်ယောက်တည်းဖြစ်နေတယ်၊ မြင်ကွင်းကို ပိုကျယ်ကျယ်မြင်ရမယ်၊ အဲဒီအပေါ်မှာ ဆုံးဖြတ်ချက်ချရမယ်၊ ဒါကို မောင်သဘောပေါက်ပြီးနေပြီလို့ ဦးထင်တယ်၊ ဦးထင်တာ မှားချင်လဲ မှားလိမ့်မယ်"

သူ့စကားကိုဖြတ်ပြီး ခဏနားနေသည်။ ပြီးတော့မှ ဆက်ပြောပြန်သည်။

"မိန့်ခွန်းရှည်ကြီးပြောနေဖို့ ရည်ရွယ်ချက် ဦးမှာမရှိပါဘူး၊ ဒဏ္ဍာရီပုံပြင်တစ်ခု ရှိတယ်၊ ဖရိုင်ဂျီးယားနယ်မှာ ဂေါ်ဒီယန်ကြိုးထုံးတစ်ခု ရှိသတဲ့၊ အဲဒီကြိုးထုံးကို ဖြေပေးနိုင်တဲ့လူဟာ အဲဒီမှာ ရှင်ဘုရင်ဖြစ်မယ်လို့ ဆိုတယ်၊ အလက်ဇန္ဒားဆိုတဲ့ သူငယ်တစ်ယောက် တစ်နေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



...လာပြီး အဲဒီဂေါ်ဒီယန်ကြိုးထုံးကို ဖြေပေးလိုက်တယ်၊ အဖြစ်ကတော့ ရိုးရိုးကလေးပါပဲ၊

ဂေါ်ဒီယန် ကြိုးထုံးအဖြစ် ဟောဒီအဆောက်အအုံက အထပ်ငါးဆယ်ကို ဦးလုပ် ...ခဲ့တယ်၊ ဒီအထပ်မှာ ရုံးလာထိုင်တဲ့သူဟာ ဦးနေရာကို ဆက်ခံမယ့်သူ ဖြစ်ရမယ်လို့ ...ထားတယ်၊ အဲဒီအထပ်မှာ ဘယ်သူ့ကိုမှ ရုံးမထိုင်ခိုင်းခဲ့ဘူး၊ မောင်ရောက်လာတော့ ...အထပ်ကို လိုချင်ပါတယ်လို့ မောင်ကိုယ်တိုင်ကပဲ တောင်းဆိုတယ်၊ ဒီအထပ်ကို ဒီအတိုင်း ...ထား လေးနှစ်ရှိသွားပြီ၊ ဒါပေမယ့် ဘယ်သူကမှ မတောင်းဆိုခဲ့ဖူးဘူး၊ ဒါကြောင့် မောင် ... အလက်ဇန္ဒားဖြစ်ရမယ်လို့ ဦးထင်ခဲ့တယ်၊ အလက်ဇန္ဒားကလည်း လူငယ်တစ်ယောက်ပဲ ...တ်လား"

စကားကိုဖြတ်ပြီး ပြတင်းပေါက်ဆီသို့ သူထ,သွားသည်။ ကျွန်တော့်ကို လှည့်မကြည့် ... ဆက်ပြောသည်။

"မောင့်ရဲ့နှုတ်ထွက်လွှာကို ဦးလက်ခံပါ့မယ်၊ ဒါပေမယ့် မောင် ဝင်လာစတုန်းက ...ပေးတဲ့စာကို အလျင်ဆုံး ဖတ်ကြည့်စေချင်သေးတယ်"

ကျွန်တော်သည် ဘာမှပြန်မပြောဘဲ စားပွဲပေါ်မှာ ချထားသည့်စာရွက်ကို ကောက် ...ကြည့်လိုက်သည်။ သတင်းစာတိုက်များသို့ ထုတ်ပြန်ပေးရန် ကြေညာချက်တစ်ခုကို အကြမ်း ...ထားခြင်း ဖြစ်သည်။

> "စင်ကလဲယား အသံလွှင့်ကုမ္ပဏီ ဒါရိုက်တာအဖွဲ့၏ သဘာပတိတာဝန်ကို ယနေ့မှ စတင်ထမ်းဆောင်ပြီဖြစ်ကြောင်း စပင်ဇာ စင်ကလဲယားက ယနေ့ကြေညာသည်။ စင်ကလဲယား အသံလွှင့်ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌသစ်အဖြစ်နှင့် အုပ်ချုပ်ရေးမှူးတာဝန်များအားလုံးကို စတီဖင်ဂေါက်အား လွှဲပြောင်းပေးအပ်လိုက်ကြောင်းကိုပါ ဆက်လက်ကြေညာသည်။ မစ္စတာဂေါက်သည် စင်ကလဲယား ရုပ်မြင်သံကြားဌာန၏ ဥက္ကဋ္ဌအဖြစ်နှင့်လည်းကောင်း၊ ဆက်လက်တည်ရှိနေမည် ဖြစ်သည်။ မစ္စတာစင်ကလဲယားက ထုတ်ဖော်ပြောဆိုရာတွင်. . .
>
> ကျန်စာပိုဒ်များကို ကျွန်တော် ဆက်လက်ဖတ်နေဖို့ မလိုတော့ပါ။

"ကျွန်တော့်ကို စောစောကပြောဖို့ကောင်းတယ်" ဟု ကျွန်တော်က လှမ်းပြော ...ည်။

ကျွန်တော့်ဘက်သို့ သူလှည့်လာသည်။ သူ့နှုတ်ခမ်းကို တွန့်ပြီးပြုံးသည်။

"ဦးကို ပြောချိန်မှ မောင်မပေးဘဲ"

"ကျွန်တော် အခုနစကားတွေ ပြောပြီးတဲ့နောက်မှာရော ဒီရာထူးကို ပေးချင်တဲ့စိတ် ...နုန်းပဲလား"

"မောင့်ကို အဲဒီစာရွက် ပေးလိုက်ပြီမဟုတ်လား"

စာရွက်ကို ကျွန်တော် တစ်ကြိမ်ငုံ့ကြည့်မိပြန်သည်။ စင်ကလဲယား အသံလွှင့်ကုမ္ပဏီ ... ဥက္ကဋ္ဌ။ ကမ္ဘာလုံးကြီး၏ ထိပ်ဆုံးပေါ်တွင် တက်ထိုင်နေရသလိုမျိုး ဖြစ်နေသည်။

သတင်းထုတ်ပြန်ချက် စာရွက်ကလေးကို စားပွဲပေါ်သို့ ကျွန်တော် ပြန်တင်ထား ...သည်။

www.burmeseclassic.com

www.burmeseclassic.com


"မဖြစ်နိုင်ပါဘူး၊ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် လက်မခံနိုင်ပါဘူး" ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

သူ့အသံထဲမှာ အကြီးအကျယ် အံ့ဩသည့်လေသံ ထင်ထင်ရှားရှားကြီး ပါဝင်နေသည်။

"ကျွန်တော်သေဖို့ အသက်အများကြီး ငယ်ပါသေးတယ်ခင်ဗျာ" ဟု ပြောပြီး အောက်ထပ်မှာရှိသည့် ကျွန်တော့်ရုံးခန်းသို့ ပြန်ဆင်းလာခဲ့လေတော့သည်။

□

ည ရှစ်နာရီထိုးပြီ။ သို့သော်လည်း ကျွန်တော်တို့ အပြင်သို့ ညစာထွက်မစားတော့၊ အိပ်ခန်းထဲမှာ ဘာဘရာနှင့် ကျွန်တော် အတူရှိနေသည်။

ထိုအချိန်တွင် တယ်လီဖုန်းခေါင်းလောင်း မြည်သည်။

"နားထောင်မနေပါနဲ့ကွာ" ဟု ကျွန်တော်တပြောသည်။

သို့သော်လည်း ဘာဘရာက ကိုင်မိအောင် သွားကိုင်သည်။ ပြီးတော့ သူ့မျက်နှာပေါ်တွင် ထူးဆန်းသည့်အမူအရာ ပေါ်လာသည်။

"ကျွန်မအဖေ အောက်ထပ်မှာရောက်နေတယ်၊ သူ အပေါ်တက်လာချင်တယ်တဲ့" ဖုန်းကို ကျွန်တော် ဆွဲယူနားထောင်လိုက်သည်။

"ပြောပါ"

"မစ္စတာစင်ကလဲယားဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်က တွေ့ချင်လို့ပါတဲ့ခင်ဗျာ၊ အပေါ်ကို ကျွန်တော် လွှတ်လိုက်ရမလား" ဟု တံခါးစောင့်က ပြောသည်။

"လွှတ်လိုက်"

တယ်လီဖုန်းပြန်ချရင်း ဘာဘရာကို ကျွန်တော် လှမ်းကြည့်သည်။ ရေချိုးခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ပလုတ်ကျင်း၊ မျက်နှာသစ်ပြီး အဝတ်အစားဝတ်ကာ အိပ်ခန်းထဲသို့ ပြန်ဝင်လာသည်။ ကုတင်ပေါ်မှာ ဘာဘရာ ထိုင်နေသည်။

"မင်း ဘယ်မှမသွားနဲ့နော်၊ သူ့ကို မြန်မြန်ပြန်အောင်လုပ်ပြီး ကိုယ်ပြန်လာခဲ့မယ်" ဟု ကျွန်တော်က ပြောသည်။

စင်ကလဲယားသည် လူလည်ကြီးတစ်ယောက် ဖြစ်သည့်အတိုင်း ကောင်းစွာရိပ်မိနေပုံရသည်။

"မောင်တို့ကို အနှောင့်အယှက်ပေးရာတော့ မရောက်ဘူးထင်ပါရဲ့"

"မဖြစ်ပါဘူးခင်ဗျာ. . . မဖြစ်ပါဘူး၊ ဘာများ သုံးဆောင်လိုပါသလဲ" ဟုမေးရင်း ကျွန်တော်က ဘားဆီသို့သွားသည်။

"ဝီစကီနဲ့ ရေပေးပါ၊ ရေခဲမထည့်နဲ့"

"စကော့ဝီစကီလားခင်ဗျာ"

"ဟုတ်တယ်၊ စကော့"

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားနှင့် ရေကို အလောတော် ရောစပ်ပေးသည်။ ကျွန်တော် ကိုယ်တိုင်ကမူ [illegible] ဆည့်သောက်သည်။ သူသည် အချိန်ဆွဲမနေတော့ဘဲ ပြောစရာရှိသည်ကို တိုက် [illegible]ပြောသည်။

"မနက်တုန်းက ဘယ်လိုဖြစ်တာလဲ၊ ဦးလုပ်တာတွေအားလုံးဟာ အင်မတန် ရှင်း [illegible] ထင်ထားမိတယ်"

"ရှင်းပါတယ်ခင်ဗျာ၊ ဘာမှမမှားပါဘူး။ ကျွန်တော့်ကို ပေးတဲ့တာဝန်တွေဟာ သိပ် [illegible]တယ်၊ နောက်ပြီးတော့ ဒီတာဝန်တွေ ထမ်းဆောင်ဖို့ သိပ်ကိုစောလွန်းသေးတယ်လို့ [illegible] ယဘောပေါက်လိုက်မိလို့ပါ။ ဦးပြောတဲ့စကားတွေကို နားထောင်ရပြီးတဲ့အခါမှာ [illegible] သဘောပေါက်လာတာ ဖြစ်ပါတယ်၊ ကျွန်တော် လေ့လာစရာတွေ အများကြီးရှိနေပါ [illegible] ခင်ဗျာ"

"အဆင်ပြေအောင် မောင်လုပ်နိုင်မှာပါ။ မောင်ဟာ အင်မတန် သိလွယ်တတ်လွယ် [illegible]တစ်ယောက်ပဲ"

"မှန်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် ဘယ်လောက်ပဲ သိလွယ်တတ်လွယ် [illegible]ပေမယ့် ဦးကမ်းလှမ်းတဲ့ရာထူးကို လက်ခံဖို့ အနည်းဆုံး နှစ်နှစ်လောက်တော့ စောင့် [illegible]ဦးမယ် ထင်ပါတယ်"

"အခုအချိန်အထိ မောင်အလုပ် ထွက်ချင်နေတုန်းပဲလား"

"မထွက်ချင်ပါဘူးခင်ဗျာ၊ အခုအချိန်မှာ မထွက်ချင်တော့ပါဘူး"

သူ ချက်ချင်းပြုံးသွားသည်။

"ကျေးဇူးတင်ပါတယ်၊ လောကကြီးမှာ ဦးမဖြစ်ချင်ဆုံးအရာဟာ မောင် အလုပ်ထွက် [illegible]မျိုးပဲ"

"ဒါကိုလည်း ကျွန်တော်သိပါတယ်"

"ဒီလိုဆိုရင် ဦးတို့ ဘာလုပ်ကြမလဲ၊ ကုမ္ပဏီလုပ်ငန်းကြီးထဲမှာ ဟာကွက်ကြီးတစ်ခု [illegible] ခင်ရစ်ချီက ဖန်တီးထားခဲ့ပြီ"

"အဲဒီဟာကွက်ကြီးကို ကျွန်တော် ဖြည့်ပေးပါ့မယ်၊ စည်းကမ်းချက်ကလေး တစ် [illegible]ယောက်ပဲ တောင်းဆိုလိုပါတယ်"

"ဘာများလဲ"

"စင်ကလဲယား အသံလွှင့်ကုမ္ပဏီကြီးရဲ့ ဥက္ကဋ္ဌအဖြစ်နဲ့ရော လုပ်ငန်းတာဝန်ခံချုပ် [illegible]နေနဲ့ပါ ဦး ဆောင်ရွက်ပေးပါ။ ကျွန်တော်မမှားအောင် ဦးကထိန်းသိမ်းပေးဖို့ လိုနေပါသေး [illegible]၊ နောက်နှစ်နှစ်လောက် ကြာတဲ့အထိ ဦးရဲ့ကမ်းလှမ်းချက်က ဒီအတိုင်းပဲ ရှိနေဦးမယ် [illegible]ရင် ဦးကလည်း စိတ်ပြောင်းမသွားသေးဘူးဆိုရင် အဲဒီတော့မှ ဒီရာထူးကို ကျွန်တော် [illegible]ခံပါ့မယ်"

ကျွန်တော့်ကို သူလှမ်းကြည့်သည်။

"ကောင်းပြီ၊ မောင့်ကို ကုမ္ပဏီကြီးတစ်ခုလုံးရဲ့ ဒုတိယဥက္ကဋ္ဌတာဝန်နဲ့ စင်ကလဲယား [illegible]သံကြားလုပ်ငန်းရဲ့ ဥက္ကဋ္ဌတာဝန်ကိုပေးမယ်၊ ဘယ်လိုသဘောရသလဲ"

"ဒါဆိုရင် ကောင်းပါတယ်ခင်ဗျာ" ဟု ကျွန်တော်က ခေါင်းညိတ်ပြရင်း ပြန်ပြော [illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော့်ကို လက်ကမ်းပေးလိုက်သည်။

"သဘောတူပြီ၊ ဦးသိချင်နေတာ တစ်ခုရှိလို့ ပြောနိုင်မယ်ဆိုရင် ပြောပြစမ်းပါလား"

"ဘာများပါလိမ့်ခင်ဗျာ"

"မောင်နဲ့ဦး အခုလို သဘောတူညီမှုမရဘဲ မောင်အလုပ်ထွက်သွားရမယ်ဆိုရင် ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"

"ဒါအတွက်တော့ ဘာမှပူစရာမရှိပါဘူးခင်ဗျာ၊ ကျွန်တော့်စားဝတ်နေရေးအတွက် ဘာအလုပ်မှမလုပ်ဘဲ နေလို့ရပါတယ်"

ထိုအခိုက် ဘာဘရာ အခန်းထဲသို့ ဝင်လာသည်။ ကျွန်တော် တားချိန်မရလိုက်တော့ပေ။ စင်ကလဲယားက ကျောခိုင်းထားသဖြင့် မမြင်သေး။

"လွန်ခဲ့တဲ့အပတ်ထဲက ကျွန်တော် လက်ထပ်လိုက်တဲ့အကြောင်း ဦးကိုပြောပြဖို့ မေ့နေမိပါတယ်၊ အင်မတန်ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကျွန်တော် လက်ထပ်လိုက်တာ ဖြစ်ပါတယ်၊ သူ့အဖေက ကျွန်တော်တို့ကို သူတို့မိသားစုရဲ့ စီးပွားရေးလုပ်ငန်းထဲမှာ ဝင်လုပ်စေချင်ပါတယ်"

စင်ကလဲယား၏ အမူအရာမှာ အလွန်တရာ တုန်လှုပ်သွားသည်။ ကျွန်တော့်ကိုလည်း ချက်ချင်းရူးသွားပြီလားဟု ထင်မှတ်လိုက်ပုံရလေသည်။

"ဟယ်လို. . . ဒယ်ဒီ"

ဘာဘရာက လှမ်းနှုတ်ဆက်သည်။

စင်ကလဲယားသည် သာမန်လူမဟုတ်။ အလွန်တရာကို ပါးရည်နပ်ရည်ရှိသူဖြစ်သည်။ အံ့သြတုန်လှုပ်သည့် အမူအရာ ချက်ချင်းပျောက်သွားသည်။ သူ့သမီးဘက်သို့လှည့်ပြီး လက်နှစ်ဖက် ဖြန့်ကားပေးလိုက်သည်။ ဘာဘရာက သူ့ရင်ခွင်တွင်းသို့ ဝင်သွားသည်။

စင်ကလဲယားက နှစ်နှစ်ခြိုက်ခြိုက်ကြီးပြုံးကာ ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"ဝမ်းသာပါတယ် ငါ့သား. . သားဟာ အင်မတန်ကံကောင်းတဲ့ လူတစ်ယောက်ပဲ"

"ကျွန်တော် သိပါတယ်ခင်ဗျာ"

သူ့အပြုံးက ပိုပြီး ဟက်ဟက်ပက်ပက် ရှိလာသည်။

"အခုအချိန်ကစပြီး သူစိမ်းတွေလို မဆက်ဆံကြစို့နော်၊ သားဟာ ဒယ်ဒီတို့ရဲ့ မိသားစုဝင်တစ်ယောက် ဖြစ်သွားပြီ၊ ဒါကြောင့် ဒယ်ဒီလို့ပဲ ခေါ်ပါကွယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

"ပြဿနာပဲ၊ ဘာရာစီယာတောင် ဝတ်လို့မရတော့ဘူး၊ စိတ်ညစ်လိုက်တာနော်၊ ကျွန်မကို ကြည့်စမ်းပါဦး"

ဘာဘရာက ဘာရာစီယာကို ဒေါသတကြီးလွှင့်ပစ်ရင်း သူ့ကိုယ်သူ မှန်ထဲမှာ ပြန်ကြည့်နေသည်။ ပြီးတော့ ကြမ်းပြင်ပေါ်မှာထိုင်ချကာ ကြုံကြုံပါအောင် ငိုပါလေတော့သည်။ ကျွန်တော်က သူ့အနားမှာ ဒူးထောက်ထိုင်ချပြီး သူ့ကိုချော့သည်။

"အရမ်းစိတ်ညစ်တာပဲ၊ အဝတ်အစားတွေလဲ တစ်ထည်မှ မတော်တော့ဘူး၊ နေရထိုင်ရ သွားရလာရတာကအစ အင်မတန် ဒုက္ခကြီးတယ်" ဟု ရှိုက်ရင်းပြောနေသည်။

"စိတ်အေးအေးထားပါကွယ်၊ နောက်နှစ်လ သုံးလဆိုရင် အားလုံး အဆင်ပြေသွားတော့မှာပါ" ဟု ကျွန်တော်က ပြောသည်။

"ဟင့်အင်း. . . ဟင့်အင်း. . . တစ်သက်လုံး ဒီအတိုင်း နေသွားရတော့မယ်နဲ့ တူတယ်၊ နည်းနည်းကလေးမှကို မလွတ်လပ်တော့ဘူး"

ကျွန်တော်တို့ လက်ထပ်ပြီး တစ်နှစ်ပြည့်သည်အထိ သားသမီးမယူသေး။ သို့သော်လည်း ဒုတိယနှစ်ထဲသို့ ရောက်လာသည်တွင် ဘာဘရာက သားသမီးယူတော့မည်ဟု ပြောသည်။

"အိမ်ထောင်ကျပြီးမှတော့ သားသမီးမွေးရမှာဟာ ဓမ္မတာပဲ၊ ဒါကြောင့် ကျွန်မ သားသမီးယူတော့မယ်" ဟု ပြောခဲ့သည်။

အခုတော့ ကိုယ်ဝန်ဆောင်ရသည့်ဒုက္ခကို သူ သည်းမခံနိုင်အောင်၊ စိတ်မရှည်နိုင်အောင် ဖြစ်နေလေတော့သည်။

"မောင် အဝတ်အစားလဲတော့၊ ကျွန်မ မလိုက်တော့ဘူး၊ မောင်တစ်ယောက်တည်း သွား" ဟုပြောရင်း ကျွန်တော့်ကို အသာတွန်းလွှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကိုယ်တို့နှစ်ယောက်စလုံးကို မျှော်နေကြမှာ"

"ကြည့်ကောင်းအောင်ပြောပြီး တောင်းပန်လိုက်ပါတော့ မောင်ရယ်၊ ဒီဗိုက်ပူပူကြီးနဲ့ သွားလို့လာလို့လည်း မတောင်းပါဘူး၊ တော်တော့်အဝတ်အစားတွေလဲ တစ်ထည်မှမရှိတော့ဘူး၊ စက္ကန့်နဲ့အမျှ ဒီဗိုက်ကြီးက ဖောင်းဖောင်းလာတာ၊ အဝတ်အစား ဝယ်လို့ကို မဆုံးနိုင်တော့ဘူး"

"ဝမ်းကြီးသည်တိုင်း ဒီလိုပဲ ကြုံကြရတာပါကွာ၊ ကဲ. . . နည်းနည်းချောင်တဲ့ အဝတ်ကို ရွေးဝတ်လိုက်၊ မင်းမလိုက်လို့ မကောင်းပါဘူး"

"ဟင့်အင်း. . . ဟင့်အင်း. . . အဲဒီဂျူးစုတ်ကိုလည်း မတွေ့ချင်ဘူး၊ သူ့ကိုယ်လုံးက ဝဝကြီးနဲ့၊ သူ့ကိုမြင်တိုင်း ဝက်တစ်ကောင်ကိုပဲ ပြေးပြေးမြင်နေမိတယ်၊ မောင်အိမ်မှာ ညစာပြန်မစားရင် ယုံလောက်တဲ့ဆင်ခြေအမျိုးမျိုး ပေးတတ်တယ်မဟုတ်လား၊ အခုလည်း ကျွန်မကို ပေးတဲ့ဆင်ခြေမျိုး ပေးလိုက်ပေါ့၊ ကျွန်မကတော့ မလိုက်ရေးချမလိုက်ပဲ၊ အဲဒီဂျူးစုတ်ကလည်း မောင့်ကို အသုံးချချင်နေတာ"

"သူတစ်ယောက်တည်း မဟုတ်ပါဘူးကွာ၊ လူတိုင်းက ကိုယ့်ကို အသုံးချချင်နေကြတာပါ၊ ဒါပေမယ့် ဒါဟာ ကိုယ့်အလုပ်ပဲလေ၊ လူတိုင်းရဲ့ အသုံးချခြင်းကို ခံနေရတာဟာ ကိုယ့်အလုပ်ပဲမဟုတ်လား"

ကျွန်တော်က မှန်ထဲမှာကြည့်ပြီး လည်စည်းကို ပြန်ချည်သည်။

"ကဲပါကွာ. . . နည်းနည်းချောင်မယ်ထင်တဲ့ အဝတ်ကလေးဝတ်ပြီး လိုက်ခဲ့ပါ၊ မင်းမပါလို့ မကောင်းပါဘူး၊ အားနာစရာကြီး ဖြစ်နေပါ့မယ်"

(၂၁) ဟိုတယ်၌ ကျွန်တော်တို့ရှစ်ယောက် ညစာအတူစားကြပါသည်။ ဆမ်ဘင်ဂျမင်နှင့် ဇနီးဒင်းနိစ်၊ ဂျက်ဆာဗစ်နှင့် သူကိုယ်စားလှယ်လုပ်ပေးနေသည့် ရုပ်ရှင်မင်းသမီး ဂျနီဖာဘရေ့စ်၊ ဆမ်၏ယောက်ဖ ရော်ဂျာကိုဟင်နှင့် ကျွန်တော် နာမည်ကောင်းစွာ မမှတ်မိသော သူ့ဇနီး၊ ပြီးတော့ ကျွန်တော်နှင့် ဘာဘရာတို့ ဖြစ်ကြသည်။

စားပွဲကိုကျော်ပြီး ကျွန်တော် လှမ်းကြည့်လိုက်သည်။ ဆမ်က မျက်လှည့်ပြနေသည်။ သူ့မျက်လှည့်ကိုသူ သဘောကျနေပုံရသည်။ တစ်ရာတန် ငွေစက္ကူတစ်ရွက်ကို ဖျောက်ပြသည်။ ရုပ်ရှင်မင်းသမီး ဂျနီဖာ၏အင်္ကျီထဲမှ ပြန်တွေ့သည်။ နောက်တစ်ကြိမ်တွင်မူ ဘာဘရာ၏ စီးကရက်ဘူးထဲက ထွက်လာသည်။

ဘာဘရာက အလွန်သဘောကျနေသည်။ ဆမ်ဘင်ဂျမင်၏ မျက်လှည့်ကို သူ တစ်ခါမှ မကြည့်ဖူးသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့ဝိုင်းထဲတွင် သူ အရယ်အသန်ဆုံး ဖြစ်နေသည်။

ကျွန်တော် တစ်ကိုယ်တည်း ပြုံးမိသည်။ ဆမ်သည် မျက်လှည့်ပြရသည်ကို အလွန်ဝါသနာပါသူဖြစ်သည်။ သူနှင့် ကျွန်တော် တွေ့ခဲ့ရပုံကလေးကို ပြန်လည်အမှတ်ရနေမိသည်။

❑

ဂျက်နှင့် ကျွန်တော်သည် ဝါးဒေါ့ဖ်ဟိုတယ်တွင် နေ့လယ်စာစားပြီး ပန်းခြံရိပ်သာသို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။ အဆောက်အအုံတစ်ခုရှေ့တွင် လူအများ ဝိုင်းအုံနေကြသည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရသည်။

"ဘာဖြစ်နေကြတာလဲမသိဘူး" ဟု ကျွန်တော်ကပြောသည်။

"သွားကြည့်လိုက်ဦးမယ်" ဟု ဂျက်ကပြောသည်။ ပြီးတော့ လူအုပ်ထဲသို့ တိုးဝင်သွားသည်။ ခဏကြာတော့ သူပြန်ထွက်လာသည်။

"ရုပ်ရှင်ကားတစ်ကားကို စတန့်ထွင်ပြီး ကြော်ငြာနေကြတာ၊ သူတို့အကြံ မဆိုးလှဘူး လူစိတ်ဝင်စားအောင်တော့ လုပ်ထတ်ကြသားပဲ" ဟု ပြောသည်။

လူအုပ်ကြီးကို ကျွန်တော်လှမ်းကြည့်သည်။ မှတ်မိသူအချို့ပါသည်။ သတ္တုသေတ္တာကြီးတစ်လုံးကို မြင်ရသည်။ ထိုသေတ္တာပေါ်တွင် 'ဆမ်ဘင်ဂျမင် တင်ဆက်သည့် အစ်ကရပ်စ်ရုပ်ရှင်ကားကြီး' ဟု စာတန်းရေးထားသည်။ သူတို့မျက်လှည့်ပြပြီး ရုပ်ရှင်ကား ကြော်ငြာနေကြခြင်း ဖြစ်သည်။

ပုပုဝဝ လူတစ်ယောက် ပေါ်လာသည်။ အရပ်က အတော်ကိုပုသည်။ သူ့ကို ကျွန်တော် ပထမဆုံးမြင်ဖူးခြင်း ဖြစ်ပါသည်။ အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်။ သူ့မျက်နှာမှာ ချွေးတွေပြန်နေသည်။

"ခင်ဗျားတို့အားလုံးလိုလိုက ကျွန်တော့်ကို မသိပါဘူး၊ ကျွန်တော့်နာမည် ဆမ်ဘင်ဂျမင်လို့ ခေါ်ပါတယ်၊ နောက်ပြီးတော့ ကျွန်တော့်ရုပ်ရှင်ကားကိုလည်း ခင်ဗျားတို့အားလုံးသိသို့ မသိကြပါဘူး၊ ရုပ်ရှင်ကားနာမည်က အစ်ကရပ်စ်လို့ ခေါ်ပါတယ်၊ ဒီကနေ့ကို လွန်မြောက်သွားတဲ့အခါမှာ ခင်ဗျားတို့အားလုံး ကျွန်တော့်ကိုရော ကျွန်တော့်ရဲ့ရုပ်ရှင်ကားကိုပါ အလွယ်နည်းနဲ့မှ မေ့ပျောက်နိုင်ကြတော့မှာ မဟုတ်ပါဘူး"

"သွားကြစို့" ဟု ကျွန်တော်ကပြောပြီး ထွက်လာခဲ့သည်။ ဂျက်က ကျွန်တော့်နောက်က လိုက်လာသည်။

"ဒီငတိ ဆိုးတော့မဆိုးဘူး၊ သတ္တိရှိတယ်" ဟု ဂျက်ကပြောသည်။

"သူ့အကြောင်း သိသလောက် ပြောပြစမ်းပါ" ဟု ကျွန်တော်ကပြောသည်။

"စိတ်ဝင်စားလို့လား" ဟုမေးပြီး ဂျက်က သူသိသမျှ ပြောပြသည်။

နောက်တစ်နေ့မနက်တွင် သူ့ကို ကျွန်တော် သွားတွေ့သည်။ ရော့ကယ်ဖဲလားအဆောက်အအုံတွင် အခန်းကျဉ်းကလေး လေးခန်းကိုငှားပြီး ရုံးခန်းလုပ်ထားသည်။ လူတွေ ရှုပ်နေသည်။ ကြမ်းပြင်ပေါ်တွင်လည်း စာရွက်များ ပြန့်ကျဲနေသည်။

ဧည့်ကြိုဌာနတွင် ကျွန်တော် ရပ်နေသည်။ ရှုပ်ပွေနေသည်များကို ကျွန်တော် ကြည့်နေမိသည်။ ခဏကြာတော့ ကျွန်တော့်ဆီသို့ လူတစ်ယောက်လာသည်။ သူ့အမူအရာမှာ ဗျာပင်သောကရောက်နေသည်။ ထိုအချိန်တုန်းက သူ့ကို ကျွန်တော်မသိပါ။ သူသည် ဆမ်ဘင်ဂျမင်၏ယောက်ဖ ရော်ဂျာကိုဟင်ဖြစ်ပြီး ဆမ်ကို ငွေအရင်းအနှီး ထုတ်ပေးနေသူဖြစ်ကြောင်း နောက်ပိုင်းကျမှသိရသည်။

"လာဗျာ၊ မစ္စတာဘင်ဂျမင်က ခင်ဗျားကို အခုချက်ချင်း တွေ့ပါလိမ့်မယ်"

ကျွန်တော်တို့ဝင်သွားတော့ ဆမ်က တယ်လီဖုန်းစကားပြောနေသည်။ ကျွန်တော့်ကို မော့ကြည့်ပြီး ကုလားထိုင်များမှာထိုင်ရန် လက်နှင့်ဖော့ယမ်းပြသည်။ ပြီးတော့ ဖုန်းပြန်ချပြီး ကျွန်တော့်ဆီသို့ လက်ကမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် ဆမ်ဘင်ဂျမင်ပါ"

"စတီဖင်ဂေါက်"

"ဘာ. . . ဟိုစတီဖင်ဂေါက်လား" ဟု အံ့ဩတကြီးမေးသည်။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဘာအတွက်လာတာလဲ" ဟု သူကမေးသည်။

"ခင်ဗျားက ငွေလိုနေတယ်၊ ကျွန်တော်က ငွေရှိတယ်"

"ခင်ဗျား ဒီသတင်းကြီး ဘယ်ကရလာတယ်ဆိုတာ ကျုပ်မသိဘူး၊ ဒါပေမယ့် ဒီသတင်းကြီးက မှားနေတယ်၊ ကျုပ်တို့ အားလုံးအဆင်ပြေနေတာပဲ" ဟု သူက ခပ်မြန်မြန်ပြန်ပြောသည်။

ကျွန်တော်က ထိုင်ရာမှ ထလိုက်သည်။

"ဒီလိုဆိုရင် ခင်ဗျားအချိန်ကို ကျွန်တော် လာပြီးဖြုန်းတီးရာ ရောက်နေပြီ"

"ခဏနေပါဦးလေ၊ ဒါလောက်လည်း အလျင်မလိုပါနဲ့၊ ခင်ဗျားက ဘယ်လိုစိတ်ကူးထားလို့လဲ"

"ခင်ဗျားရုပ်ရှင်ကားကို ရုပ်မြင်သံကြားလွှင့်ဖို့အတွက် ငွေနှစ်သိန်းပေးမယ်"

"မဖြစ်နိုင်ဘူး၊ ဒီသတင်း ပေါက်ကြားသွားရင် တခြားရုပ်ရှင်သမားတွေက ကျုပ်တို့ဝိုင်းပြီးသပိတ်မှောက်ကြလိမ့်မယ်"

"အခုချက်ချင်း ငွေလက်ငင်းပေးမယ်၊ သဘောတူညီချက်ကို နှစ်နှစ်အတွင်း ကြေညာမယ်၊ အဲဒီအချိန်ဆိုရင် ခင်ဗျားရုပ်ရှင်ကို ကျုပ်တို့ပြလို့ပြီးသွားပြီ"

သူ့မျက်နှာ ပြုံးသွားသည်။

"ခင်ဗျား ငွေတစ်ခါတည်း ယူလာခဲ့သလား၊ ကျုပ်အခန်းလခတွေ ဒီနေ့ပေးရမယ်၊ မပေးနိုင်ရင် ကန်ထုတ်ပစ်တာ ခံရတော့မယ်ဗျာ"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

ညစာစားပြီးကြတော့ ဆမ်တို့က ကားနှင့်ပြန်ပို့ပေးမည်ဟု ပြောသည်။ ကျွန်တော် ... ဘာဘရာက ငြင်းလိုက်သည်။ လမ်းလျှောက်ပြီး ပြန်လာခဲ့ကြသည်။

ဘာဘရာသည် တစ်စုံတစ်ရာကို တွေးနေပုံရသည်။ တစ်လမ်းလုံး စကားမပြောဘဲ ...လိုက်လာသည်။ (၄၉) လမ်းထောင့်ရောက်တော့မှ စကားပြောသည်။

"သူက ဘယ်လောက်တောင် မောင့်အဖို့ အရေးကြီးနေလို့လဲ"

"ရုပ်ရှင်လေကွယ်၊ သူဆီက ကိုယ်တို့ ရုပ်ရှင်ကားတွေ ရနိုင်တယ်"

"ရုပ်ရှင်ကားရိုက်ဖို့က ဘယ်လောက်များခက်လို့လဲ၊ ရုပ်ရှင်ကားတွေမှ တစ်ပုံကြီးရှိ ...တာ"

"ရှိတာတော့ ဟုတ်တာပေါ့၊ ဒါပေမယ့် ကိုယ်တို့လိုသလောက် အလုံအလောက်ရနိုင် ...မှ မဟုတ်ဘဲ၊ ဟောလီးဝုဒ်က ထုတ်ပေးနိုင်တဲ့ကားက ကိုယ်တို့ရုပ်မြင်သံကြားတွေ ထုတ် ... လောက်နိုင်ဘူးလေ၊ သူတို့ တစ်နှစ်လုံး ထုတ်ပေးနိုင်တဲ့ကားကို ကိုယ်တို့ရုပ်မြင်သံကြား ... ပြန်ပြလိုက်ရင် တစ်ပတ်တည်းနဲ့ ကုန်သွားတာမဟုတ်လား"

"အဲဒီလိုဆိုရင် မောင်တို့ ကိုယ့်ဘာသာကိုယ် ရုပ်ရှင်ရိုက်ကြပါလား"

"အချိန်ကျရင်တော့ ရိုက်ရမှာပေါ့ကွယ်၊ ဒါပေမယ့် လောလောဆယ် စီးပွားရေး ...အနေတွေအရ မလုပ်နိုင်သေးဘူး။ ဒါကြောင့် ဈေးပေါပေါနဲ့ ရနိုင်သမျှ ရုပ်ရှင်ကားကို ...နိုင်မှ ကိုယ်တို့လုပ်ငန်း အရှုံးမပျက် လည်ပတ်နိုင်မှာ"

"သူကို ဈေးဆစ်လို့ရမယ် မောင်ထင်သလား၊ ဒီလူက ဒီလိုအစားထဲက ဟုတ်ပုံမရ ...ဘူး"

ဘာဘရာကို လေးစားသည့်စိတ်ဖြင့် ကျွန်တော် လှည့်ကြည့်မိသည်။ စင်ကလဲယား ... သူမှာ သည်လိုတော်တာကလေးတွေ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ဒါပေမယ့် ကိုယ်တို့အကူအညီကို သူလိုနေတယ်၊ ဒီလူ အကြံသိပ်ကြီးတယ်၊ သူပိုင်ရှပ်ရှင်ကုမ္ပဏီ ထောင်ချင်နေတယ်၊ ကိုယ်တို့ကလည်း သူ့ကို ကူညီနိုင်တယ်၊ နှစ်ယောက်လုံး အကျိုးရှိနိုင်တယ်"

ဟိုတယ်သို့ပြန်ရောက်သဖြင့် ဓာတ်လှေကားထဲ ဝင်ခဲ့သည်။ ဘာဘရာက တစ်စုံတစ်ရာပြောမည့် ဟန်ပြင်ပြီးမှ ဓာတ်လှေကားမောင်းသူကို လှမ်းကြည့်ပြီး ငြိမ်သွားသည်။

အခန်းထဲပြန်ရောက်တော့ ကုလားထိုင်တစ်လုံးပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချသည်။

"လေအေးခန်းထဲ ရောက်တော့မှပဲ သက်သာတော့တယ်၊ အပြင်မှာ ပူလိုက်တာလွန်ပါရော၊ ဒီဗိုက်ကြီးကို သယ်နေရတာ အရမ်းပင်ပန်းတာပဲ"

"ဓာတ်လှေကားထဲတုန်းက မင်းတစ်ခုခုပြောမယ် လုပ်ပြီးမှ မပြောဘဲ ငြိမ်သွားတယ်" ဟု ကျွန်တော်က ပြောသည်။

"မောင့်နေရာမှာသာ ကျွန်မဆိုရင် သူ့ကို နည်းနည်းလေးမှ ယုံမှာမဟုတ်ဘူး" ဟု စီးကရက် မီးညှိဖွာရင်း ပြောသည်။

"ဘာကြောင့် မယုံတာလဲ"

"သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး၊ သူလုပ်ပုံကိုင်ပုံတွေကိုကြည့်ပြီး မကြိုက်တာပါ။ သူ့မှာ သစ္စာတရားရှိတယ် မထင်ဘူး၊ ဒီနေ့ည သူ့ယောက်ဖ ရော်ဂျာအပေါ် ဆက်ဆံပုံကို ကြည့်ပါလား၊ ပထမဆုံးအကြိမ် သူတို့နဲ့ ကျွန်မတို့တွေ့တုန်းက ရော်ဂျာကို သူ့အစုစပ်တစ်ယောက်အနေနဲ့ ဆက်ဆံတယ်၊ ရော်ဂျာကို သိပ်အရေးပေးတယ်၊ ရော်ဂျာက သူ့ကို ငွေရင်းထုတ်ပေးထားတယ်လို့ မောင်ပြောပြတော့မှပဲ ကျွန်မ သဘောပေါက်ခဲ့ရတယ်"

"အဲဒီတော့. . ."

"ရော်ဂျာအပေါ် ဒီနေ့ည ဆက်ဆံပုံကို မောင်ကြည့်ပါလား၊ ရော်ဂျာကို ရှိတယ်လို့တောင် သူ သဘောမထားတော့ဘူး။ သူ နည်းနည်းကလေး အောင်မြင်လိုက်တာနဲ့ ရော်ဂျာကို အပေါ်စီးနဲ့ဆက်ဆံတယ်၊ အထင်အမြင်သေးပုံရတယ်၊ ရော်ဂျာစကားပြောမယ်ဟန်ပြင်တိုင်း သူ ကဖျက်ယဖျက်လုပ်တယ်၊ ရော်ဂျာ ဘယ်လောက် သနားစရာကောင်းသလဲ"

"ဆမ် ပျော်နေလို့ပါကွာ၊ ပျော်လည်း ပျော်သင့်ပါတယ်၊ သုံးလအတွင်း ငွေသုံးသန်းတောင် ရသွားတယ်ဆိုတာ ရုပ်ရှင်ကားတိုင်း ရနိုင်တာမျိုးမှ မဟုတ်ဘဲ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့ကို တစ်သက်လုံး ကူညီလာတဲ့သူအပေါ်မှာ ဒီလိုတော့ မဆက်ဆံသင့်ဘူးပေါ့"

"ရော်ဂျာကို ကားသစ်ကြီးတစ်စီး သူဝယ်ပေးတာ မြင်တယ်မဟုတ်လား"

"မြင်ပါတယ်၊ ဒါပေမယ့် ရော်ဂျာဆီက သူချေးထားတဲ့ငွေတွေကိုတော့ ပြန်ဆပ်ပြီးပြီလို့ ကျွန်မ မထင်ဘူး၊ ပူလိုက်တာနော်၊ ကျွန်မ ရေဝင်ချိုးပြီး အိပ်တော့မယ်" ဟုပြောရင်း သူ့ဗိုက်ကြီးကို မနိုင့်တနိုင်သယ်ကာ ရေချိုးခန်းထဲသို့ ဝင်သွားသည်။

နောက်နှစ်နာရီခန့်အကြာ အိပ်ခန်းထဲသို့ ကျွန်တော်ဝင်သွားသောအခါ သူမအိပ်သေးဘဲ ရုပ်မြင်သံကြားထိုင်ကြည့်နေသည်ကို တွေ့ရသည်။

"ကျွန်မတော့ သူ့ကို နည်းနည်းကလေးမှ သဘောမကျဘူး" ဟု ဆီးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ"

"ဆမ်ဘင်ဂျမင်လေ. . . ကျွန်မနောက်ကျောကို ကုတ်ပေးစမ်းပါ"

သူက ကျောခိုင်းပေးသည်။ ထို့ကြောင့် ကျွန်တော်က ကုတ်ပေးသည်။

"အောက်နားကို နည်းနည်းရွှေ့လိုက်ပါဦး၊ ဟုတ်တယ်. . . ဟုတ်တယ်. . . အဲဒီ ...ကို နာနာကုတ်"

ရှပ်မြင်သံကြားကြည့်ရင်း သူငြိမ်နေသည်။ ကျွန်တော်က သူ့ကျောကို ကုတ်မြဲကုတ် ...နေသည်။

"ညည်းလွန်းတယ်လို့တော့ မထင်ပါနဲ့ မောင်ရယ်၊ ဒါပေမယ့် ဒီကိုယ်ဝန်ကြီးနဲ့ ...နေရတာ သိပ်စိတ်ကုန်စရာကောင်းတာပဲ၊ မောင်ကတော့ အလုပ်လုပ်နေရလို့ ဘာမှ ...ဟုတ်ဘူး၊ ကျွန်မက အလုပ်မရှိတော့ အချိန်သိပ်ကုန်ခဲတာ၊ ဒါလောက်ပူအိုက်ပြီး ...နေတဲ့ မြို့ထဲမှာနေရတာ စိတ်ကုန်လှပြီ၊ အချိန်ရှိသမျှ လေအေးခန်းထဲမှာ နေရတာ ... ဇူးမတတ်ပဲ၊ အပြင် လေကောင်းလေသန့်ကလေးများ ရှူလိုက်ရရင်. . ."

"ဒါလေးလောက်ကတော့ လွယ်ပါတယ်ကွ" ဟု ကျွန်တော်က သူ့စကားကို ဖြတ် ...သည်။

"ဒီမြို့ထဲမှာလား၊ ကျွန်မ ဘယ်ကိုသွားနိုင်လို့လဲ၊ ဗဟိုပန်းခြံထဲကိုလား"

"ကိပ်အန်းမြို့ကိုသွားရင် ဘယ်လိုနေမလဲ၊ ဟိုမှာ မင်းသွားနေမယ်ဆိုရင် အဒေါ် ...တို့က အရမ်းဝမ်းသာသွားမှာ၊ မင်းလည်း အခုလို ငြီးငွေ့မနေတော့ဘူး၊ ဟိုမှာ လေကောင်း ...သန့် ရှူလို့ရမယ်၊ စိတ်ဝင်စားစရာတွေကလည်း တစ်ခုပြီးတစ်ခု ရှိနေတတ်တဲ့နေရာ ...တ်လား"

"ဒါပေမယ့် မောင်က ဘယ်လိုနေမှာလဲ"

"စနေ တနင်္ဂနွေ ရုံးပိတ်ရက်မှာ ကိုယ်လိုက်လိုက်လာမယ်လေ၊ ဟိုမှာ မင်းနဲ့အတူ ...မယ်၊ ရုံးဖွင့်ရက်ကျတော့မှ ဒီကိုပြန်လာမယ်၊ အဲဒီလိုဆိုရင် အနည်းဆုံး စနေ တနင်္ဂနွေ ...လည်း အနားယူခွင့်ရတာပေါ့၊ နေပူဆာ ကောင်းကောင်းလှုံနိုင်တာပေါ့"

သို့သော်လည်း ကျွန်တော် မှားသွားပါသည်။

ဘာဘရာ ကိပ်အန်းမြို့သို့ ထွက်သွားသည့် ပထမအပတ် စနေ တနင်္ဂနွေ ရုံးပိတ် ...တွင် ကျွန်တော် လိုက်မသွားနိုင်ပါ။ ဟောလီးဝုဒ်တွင် အရေးတကြီး အလုပ်များကို ...နေခဲ့ရသည်။

ဒုတိယအပတ် ရုံးပိတ်ရက်တွင်လည်း လိုက်မသွားနိုင်ပြန်ပါ။ အစုရှယ်ယာဝင်များ ...တင်ပြရန် နှစ်ပတ်လည်အစီရင်ခံစာ ပြင်ဆင်နေရင်းဖြင့် နယူးယောက်မြို့ ရုံးချုပ်မှာပင် ...ချိန်ကုန်ခဲ့ရသည်။

တတိယအပတ် ရုံးပိတ်ရက်ကတော့ အလွန့်အလွန်ကို နောက်ကျသွားပါတော့ ...သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

အရောင်းမန်နေဂျာများနှင့် အစည်းအဝေး စ,ခါစကလေးမှာပင် အခန်းထဲသို့ ဖော်ဂါတီ ဝင်လာသည်။

"အပြင်တယ်လီဖုန်းတွေ ဆက်မပေးဖို့ ပြောထားတာ သိပါတယ်မစ္စတာဂေါက်၊ ဒါပေမယ့် ရှင့်အဒေါ် ကိပ်အန်းမြို့ကနေ ဖုန်းလှမ်းဆက်လို့ပါ၊ သိပ်အရေးကြီးတယ်လို့ ပြောပါတယ်" ဟု ဖော်ဂါတီက ပြောသည်။

ဖုန်းကို ကျွန်တော် ကောက်ကိုင်သည်။ ကျွန်တော် ဘာမှမပြောရသေးခင် အဒေါ် ပရူးဒင့်က စ,ပြောသည်။

"ဘာဘရာ နေမကောင်းလို့ စတီဖင်၊ မင်း အခုချက်ချင်းလိုက်လာရင် ကောင်းမယ် ထင်တယ်"

ကျွန်တော့်ရင်ထဲမှာ တင်းကျပ်သွားသည်။

"ဘာဖြစ်တာလဲ"

"ဘာဖြစ်တယ်ဆိုတာ အခုအချိန်အထိတော့ မသိရသေးဘူး၊ ဒီနေ့မနက် ထုံးစံအတိုင်း သူ့ဆီကို မနက်စာသွားပို့တော့ ကြမ်းပြင်ပေါ်က သွေးအိုင်ထဲမှာ လဲနေတာတွေ့ရတယ်"

"အခုရော. . ."

"လူနာတင်ကားနဲ့ ဆေးရုံကိုသွားနေပြီ၊ မင်း ဒီကို မြန်နိုင်သမျှ အမြန်ဆုံး လိုက်လာခဲ့ပါ" ဟုပြောရင်း သူ့အသံများ အက်ကွဲလာသည်။

လက်ထဲမှဖုန်း အသံတိတ်သွားသည်။ ဖော်ဂါတီကို ကျွန်တော်မော့ကြည့်သည်။ စကားတစ်ခွန်းမှ ကျွန်တော် ပြောဖို့မလိုပါ။ ကျွန်တော့်မျက်နှာပေါ်က အမူအရာကို သူ ချက်ချင်း နားလည်သွားသည်။ သူက ဖုန်းကောက်ကိုင်ပြီး လေကြောင်းကုမ္ပဏီသို့ ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်နာရီ အချိန်အတွင်းမှာပင် စင်းလုံးငှားထားသော လေယာဉ်ပျံဖြင့် ကိဝ်အန်းမြို့သို့ ကျွန်တော် ရောက်သွားသည်။

ဆေးရုံဧည့်ခန်းထဲမှာ အဒေါ်ပချွားဒင့် ထိုင်နေသည်ကို တွေ့ရသည်။

"ဘယ်လိုနေသေးသလဲ" ဟု ကျွန်တော်ကမေးသည်။

"ကလေးပျက်သွားတယ်" ဟု ပြောသည်။

"ကလေးအကြောင်း ကျွန်တော်သိချင်တာ မဟုတ်ဘူး၊ ဘာဘာရာ ဘယ်လိုနေသေးသလဲလို့ မေးတာ"

ကျွန်တော့်လေသံ အနည်းငယ်မာသွားသည်။

"ငါလည်းမသိဘူး၊ ဒီကိုရောက်ကတည်းက ခွဲစိတ်ခန်းထဲကို သွင်းသွားတာ အခုထိ ပြန်ထွက်မလာသေးဘူး"

သူနာပြုဆရာမများရှိသည့် ရုံးခန်းထဲသို့ ကျွန်တော်ဝင်သွားသည်။

"ကျွန်တော် မစ္စတာဂေါက်ပါ၊ ကျွန်တော့်မိန်းမ အခြေအနေသိချင်လို့၊ သိပ်မကြာခင်တုန်းက ဒီဆေးရုံကိုရောက်လာတဲ့ လူနာပါ"

"ခဏနော် မစ္စတာဂေါက်၊ ကျွန်မ စုံစမ်းကြည့်လိုက်ပါ့မယ်"

သူနာပြုဆရာမက ဖုန်းကိုကောက်ကိုင်ကာ နံပါတ်တစ်လုံး လှည့်သည်။

"လူနာသစ်အခြေအနေ သိချင်လို့ပါ၊ နာမည်က မစ္စက်ဂေါက်"

သူ ခဏ နားထောင်နေသည်။ ခေါင်းညိတ်သည်။ ဖုန်းကို ပြန်ချပြီးနောက် နံပါတ်တစ်လုံးကိုလှည့်ရင်း ကျွန်တော့်ကို မော့ကြည့်သည်။

"ခွဲစိတ်ခန်းကို ကျွန်မ ခေါ်လိုက်ဦးမယ်"

တစ်ဖက်က ဖုန်းခေါ်နေသည်ကို သူ ခဏစောင့်နေသည်။

"မစ္စက်ဂေါက် အခြေအနေ သိချင်လို့ပါ၊ ဒီမှာ သူ့ယောက်ျားရောက်နေပါတယ်"

ခဏ နားထောင်နေသည်။ ဖုန်းပြန်ချပြီး ကျွန်တော့်ဆီသို့ ထ,လာသည်။

"အောက်ထပ်မှာရှိတဲ့ သူ့အခန်းကို ပြန်သယ်သွားပါပြီ၊ ရှင် ဧည့်ခန်းထဲမှာ ခဏသွားစောင့်နေပါ၊ တအောင့်ကြာရင် ဆရာဝန် လာတွေ့ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

အဒေါ်ပချွားဒင့်ရှိနေသည့် ဧည့်ခန်းတွင်းသို့ ကျွန်တော် ပြန်လာခဲ့သည်။ (၁၅)မိနစ်လောက် ကြာသောအခါ ဧည့်ခန်းထဲသို့ ဆရာဝန် ဝင်လာသည်။ အဒေါ်နှင့် အသိအကျွမ်းဖြစ်သည်။ အသက်ငယ်ငယ်ပဲ ရှိဦးမည်။ သူ အတော်ပင်ပန်းနေပုံရသည်။ သူ့မျက်လုံးများ ရဲရဲနီနေသည်။

"ကျွန်တော်နဲ့လိုက်ခဲ့ပါ မစ္စတာဂေါက်၊ လမ်းမှာ အကျိုးအကြောင်း ပြောသွားကြတာပေါ့" ဟု ပြောသည်။

သူနှင့် ကျွန်တော်တို့ လိုက်သွားကြသည်။ ဓာတ်လှေကားထဲသို့ ဝင်သည်။ ဆေးရုံများထုံးစံအတိုင်း ဓာတ်လှေကားက နှေးကွေးလွန်းလှသည်။ ဆရာဝန်က တည်ငြိမ်သော လေသံဖြင့် ပြောပြသည်။

"ခင်ဗျားဇနီး သိပ်အားနည်းနေတယ်၊ သူ့ကိုတွေ့တဲ့အချိန်မှာ သွေးတွေ သိပ်လွန်ပြီးနေပြီ၊ ဖြစ်နိုင်တာက ညဘက် သူအိပ်ပျော်နေတုန်း သွေးသွန်ပုံရတယ်၊ ဒါပေမယ့် သူမနိုး

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကလေးပျက်ကျခါနီးတော့မှ သူနိုးတယ်၊ ဒါကြောင့် တစ်ယောက်ယောက်ကို အကူအညီတောင်းဖို့ အိပ်ရာက သူထတယ်၊ ဒါပေမယ့် အားကုန်နေပြီဆိုတော့ လဲကျပြီး သတိလစ်သွားတယ်၊ သူ့ကိုလူမတွေ့ခင် သုံးနာရီလောက်ကတည်းက အဲဒီလိုဖြစ်နေတယ်လို့ ကျွန်တော်ထင်တယ်၊ သူ့ကိုတွေ့ရတဲ့အချိန်မှာ အသက်ရှင်နေသေးတာကိုပဲ အံ့ဩလို့မဆုံးနိုင်အောင် ဖြစ်နေမိတယ်ဗျာ"

မာတင်လေ့ကားရပ်ပြီး တံခါးပွင့်သွားသည်။ သူ့နောက်မှ ကျွန်တော်တို့ လိုက်သွားကြသည်။ ဘာဘရာ၏အခန်းဆီသို့ သူသွားနေခြင်းဖြစ်သည်။ အခန်းဝမှာ ကျွန်တော်တို့ ခဏရပ်ကြသည်။

"မျှော်လင့်ချက်ရော ရှိသေးရဲ့လားဗျာ"

ကျွန်တော်၏ စကားလုံးများမှာ ကျွန်တော့်နားထဲမှာပင် အလွန်စာရာ ထူးဆန်းနေသည်။

"ကျွန်တော်တို့ အစွမ်းရှိသမျှတော့ ကြိုးစားနေကြတာပါပဲ၊ သူဆုံးရှုံးသွားတဲ့ သွေးတွေကို ကျွန်တော်တို့ အစားထိုးပေးတယ်"

သူက စကားဖြတ်ထားသည်။ ကျွန်တော့်မျက်လုံးများကို တည့်တည့် စိုက်ကြည့်နေသည်။

"ဘုန်းတော်ကြီးပင့်ဖို့ပါ ကျွန်တော် စီစဉ်ထားတယ်"

သူ့စကားဆုံးသည်နှင့် အခန်းတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။

သူနာပြုဆရာမက လှည့်ကြည့်သည်။ ကျွန်တော်တို့ကို မြင်သောအခါ လူနာကုတင်ဘေးမှ ထွက်သွားသည်။

ဘာဘရာကို ကျွန်တော် ငုံ့ကြည့်သည်။ လက်မောင်းတွင် ပိုက်တစ်ချောင်းနှင့် သွေးသွင်းပေးထားသည်။ နှာခေါင်းထဲမှာလည်း ပိုက်တစ်ချောင်း တန်းလန်းရှိနေသည်။ အသားအရည် ဆွတ်ဆွတ်ဖြူနေသည်။ ကျွန်တော် မြင်ခဲ့ဖူးသမျှလူများတွင် သွေးရောင်အနည်းဆုံးဖြစ်သည်။ သူ့လက်ကလေးကို ကျွန်တော် ကောက်ကိုင်လိုက်သည်။

ခဏကြာတော့ မျက်လုံးဖွင့်ကြည့်သည်။ မျက်တောင်ကလေးများကို အသာအယာခတ်နေသည်။ ကျွန်တော့်မှန်း သိသွားသည်နှင့် နှုတ်ခမ်းကလေးများ လှုပ်လာသည်။ သို့သော်လည်း သူပြောသည့်စကားကို ကျွန်တော် မကြားရပါ။

သူ့မျက်နှာအနားသို့ ကျွန်တော် ပါးအပ်လိုက်သည်။

"စကားပြောဖို့ မကြိုးစားပါနဲ့ ဘာဘရာ၊ အားလုံး အဆင်ပြေသွားမှာပါ၊ မင်းလည်း နေကောင်းသွားမှာပါ"

ကျွန်တော့်မျက်လုံးများကို သူစိုက်ကြည့်သည်။ အပြာရောင် သူ့မျက်လုံးများသည်လည်း အရောင်ဖျော့လွန်းလှသည်။

"မောင်. . . ကလေးပျက်သွားတာ ကျွန်မ စိတ်မကောင်းလိုက်တာ မောင်ရယ်" ဟု ပြောသည်။ သူ့အသံသည် လေသံထက်ပင် ပိုတိုးနေသေးသည်။

"အရေးမကြီးပါဘူးကွယ်၊ မောင်တို့ အများကြီး ထပ်မွေးနိုင်သေးတာပဲ"

သူ့မျက်လုံးများ အနည်းငယ် ပြုံးလာသည်။

"မောင့်ကိုချစ်တယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကလည်း မင်းကိုချစ်ပါတယ် ဘာဘရာ"

သူ မသိမသာ သက်ပြင်းကလေးချသည်။ သူ့နှုတ်ခမ်းကလေး ဟ,သွားသည်။

"မင်းကို မောင် အမြတ်တနိုးချစ်ခဲ့တာပါ အချစ်ရယ်" ဟု ကျွန်တော်က ဆက်ပြောသည်။

သို့သော်လည်း ကျွန်တော်ပြောသည်ကို သူ ဘယ်တော့မှ ကြားနိုင်တော့မည် မဟုတ်ပါ။ ဆရာဝန်က ကျွန်တော့်ကို ဆွဲခေါ်သွားတော့မှပင် သူ အသက်ပျောက်သွားပြီဖြစ်ကြောင်း သိရပါတော့သည်။

□

အသုဘကိစ္စပြီးသောအခါ ကျွန်တော့်အခန်းသို့ ပြန်လာခဲ့သည်။ အခန်းတံခါးကို သော့ခတ်ထားလိုက်သည်။ မည်သူနှင့်မျှ မတွေ့လိုတော့ပါ။ စကားလည်း မပြောချင်ပါ။

ပထမရက်ပိုင်းများတုန်းက ဖုန်းတွေဆက်ကြသေးသည်။ ဘယ်ဖုန်းကိုမှ ကျွန်တော် မကိုင်ပါ။ တံခါးလာခေါက်သူများကိုလည်း ဖွင့်မပေးပါ။ တတိယနေ့တွင်မူ မည်သူမှ မလာတော့။ ကျွန်တော် အေးအေးနေလိုသည်ကို ရိပ်မိသွားကြပုံရသည်။

အခန်းထဲမှာ စိတ်မှတ်မထင် လှည့်ပတ်သွားလာနေမိသည်။ ဘာဘရာကို သတိရနေတာတွေချည်း ဖြစ်နေသည်။ နေရာတကာမှာ ဘာဘရာရှိနေသလို ထင်မှတ်ရသည်။ သူ့ကိုယ်သင်းရနံ့၊ သူသုံးတတ်သည့် ရေမွှေးနံ့များကို ရှူရှိုက်နေရသည်။ ဗီရိုထဲမှာ သူ့အဝတ်အစားတွေရှိသည်။ ရေချိုးခန်းထဲမှာ သူအလှပြင်သည့် ပစ္စည်းတွေရှိသည်။

ရုပ်မြင်သံကြားကို အမြဲဖွင့်ထားမိသည်။ သို့သော် ကျွန်တော် လုံးဝမကြည့်။ တတိယမြောက်နေ့မှာပင် ရုပ်မြင်သံကြား ကျွမ်းသွားသည်။ အသစ်လဲဖို့ ကျွန်တော် မကြိုးစားပါ။ သည်တော့မှပင် အခန်းထဲမှာ အတိတ်ဆိတ်ကြီး တိတ်ဆိတ်နေတော့သည်။

စတုတ္ထမြောက်နေ့တွင် တစ်စုံတစ်ယောက်က တံခါးလာခေါက်သည်။ ညောင်စောင်းပေါ်မှာ ကျွန်တော် ထိုင်နေသည်။ မည်သူဖြစ်ဖြစ်၊ ကျွန်တော် တံခါးဖွင့်မပေးလျှင် စိတ်လျှော့ပြီး ပြန်သွားမည်ဖြစ်သည်။

ယခုလူကမူ တံခါးကို ခေါက်မြဲဆက်ခေါက်နေသည်။ ထို့ကြောင့် ကျွန်တော် ထ,သွားပြီး အတွင်းမှ မေးကြည့်သည်။

"ဘယ်သူလဲ"

"ဆမ်ဘင်ဂျမင်ပါ" ဟု ဖြေသည်။

"သွားစမ်းဗျာ၊ ခင်ဗျားကို ကျုပ်မတွေ့ချင်ဘူး"

"မင်းကို ငါတွေ့ချင်လို့၊ တံခါးဖွင့်ပေးမလား၊ ဖျက်ပြီး ဝင်ခဲ့ရမလား၊ ဒါပဲပြော" ဟု သူကပြန်အော်သည်။

တံခါးကို ကျွန်တော်ဖွင့်လိုက်သည်။

"ကဲ တွေ့ပြီမဟုတ်လား၊ သွားတော့" ဟုပြောရင်း တံခါးကို ကျွန်တော် ပြန်ပိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် သူ့ခြေထောက်တစ်ဖက်က တံခါးကို ကန့်လန့်ထားပြီး ဖြစ်သည်။ သူ့ကိုယ်အလေးချိန်ကြီးဖြင့် တံခါးကို ဖိတွန်းထားကာ အတွင်းသို့ ဖွတ်ဝင်လာသည်။ ကျွန်တော် နောက်သို့ ဆုတ်ပေးလိုက်ရသည်။

"အင်း. . . အခုမှပဲ နေသာထိုင်သာ ရှိတော့တယ်" ဟု ပြောရင်း ကိုယ်ကိုမတ်လိုက်ကာ တံခါးပြန်ပိတ်သည်။

"ခင်ဗျား ဘာလိုချင်လို့လဲ" ဟု ကျွန်တော်က မေးသည်။

"မင်း ဒီအခန်းထဲက ထွက်ဖို့ကောင်းပြီ" ဟုပြောရင်း ကျွန်တော့်ကို စိုက်ကြည့်သည်။ သူနှင့်ဝေးရာသို့ ကျွန်တော်လှည့်လာခဲ့သည်။ ညောင်စောင်းပေါ်မှာ ပြန်ထိုင်သည်။

"ကျုပ်တစ်ယောက်တည်း အေးအေးနေတာ ဘာဖြစ်လို့ ခင်ဗျား လာနှောင့်ယှက်ရတာလဲ"

"နှောင့်ယှက်ရမယ်ကွ၊ မင်းဟာ ငါနဲ့ ဘာမှဆိုင်တာမှ မဟုတ်ဘဲ"

"အဲဒါ အမှန်ဆုံးစကားပဲ"

"ဒါပေမယ့် မင်းဆီကအကူအညီ ငါလိုနေပြီ"

"ခင်ဗျားနဲ့ပတ်သက်ပြီး ဘာဘရာကလည်း အဲဒီအတိုင်းပဲ ပြောခဲ့ဖူးတယ်"

"ဟုတ်လား၊ ဒီကလေးကတော့ ငါထင်ထားတာထက်တောင် ပိုတော်နေပြီ"

ဘားဆီသို့ သူသွားပြီး ဝီစကီပုလင်းကို ထုတ်သည်။ ဖန်ခွက်နှစ်လုံးထဲမှာ ပြည့်လုနီးပါး ထည့်သည်။ ဖန်ခွက်ယူပြီး ကျွန်တော့်ဆီသို့ ပြန်လာသည်။ ဖန်ခွက်တစ်လုံး ကမ်းပေးသည်။

"မင်း အရက်သောက်လိုက်ရင် ကောင်းမယ်"

"မသောက်ချင်ဘူး"

ဖန်ခွက်တစ်လုံးကို စားပွဲပေါ်မှာ တင်သည်။ သူ့အရက်ကို သူသောက်သည်။ သောက်ရင်း တစ်စုံတစ်ရာကို စဉ်းစားနေသည်။ ခဏကြာတော့ ဟိုလျှောက်သည်လျှောက် လုပ်သည်။ ပြီးတော့ အိပ်ခန်းထဲသို့ ဝင်သွားသည်။ မကြာခင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ သူတင်ထားခဲ့သည့် စားပွဲပေါ်မှ အရက်ဖန်ခွက်ကို ကျွန်တော် ငေးကြည့်နေမိသည်။

ဆယ့်ငါးမိနစ်ခန့်ကြာသည်အထိ အိပ်ခန်းထဲမှ သူပြန်ထွက်မလာ။ ထို့ကြောင့် ကျွန်တော် ဝင်လိုက်သွားသည်။

ကြမ်းပြင်ပေါ်မှာ အဝတ်ပုံကြီး တွေ့ရသည်။ ဗီရိုရှေ့မှ သူပြန်ထွက်လာပြီး အဝတ်ပုံကြီးပေါ်သို့ နောက်ထပ်အဝတ်များ ပစ်ချပြန်သည်။ ကျွန်တော့်ကိုမြင်တော့ သူရပ်နေသည်။

"ခင်ဗျားဘာလုပ်နေတာလဲ၊ ဒါ ဘာဘရာ့အဝတ်တွေဗျ" ဟု ကျွန်တော်က ဒေါသတကြီး အော်သည်။

"ငါသိတာပေါ့ကွ၊ ဒါပေမယ့် ဒါတွေ ဘာတန်ဖိုးရှိတော့လို့လဲ၊ မင်းကိုယ်တိုင်ဝတ်မှာမှ မဟုတ်ဘဲ"

ကြမ်းပေါ်မှ အဝတ်များကိုကောက်ပြီး ဗီရိုထဲသို့ပြန်ထည့်ဖို့ ကျွန်တော်ကြိုးစားသည်။ သူက ကျွန်တော့်လက်ထဲမှ အဝတ်များကို ပြန်ပုတ်ချသည်။ ကျွန်တော်က သူ့ကို ခုန်အုပ်သည်။ သူက ကျွန်တော့်လက်နှစ်ဖက်ကို ဖမ်းချုပ်ထားသည်။ အံ့ဩစရာကောင်း

www.burmeseclassic.com

www.burmeseclassic.com



ောင် သူသနိလွန်းလှသည်။

"သူသေသွားပြီ၊ သူသေသွားပြီဆိုတာကို မင်းလက်ခံရမယ်၊ သူ အသက်ပြန်ရှင် မင်း ဘာမှမလုပ်နိုင်တော့ဘူး၊ ဒါကြောင့် သူနဲ့အတူတူ မြေကြီးထဲတူးဝင်လိုက်သွားဖို့ နေတာတွေရပ်တော့" ဟု သူက ပြန်အော်သည်။

"သူ့ကို ကျွန်တော် သတ်ပစ်လိုက်တာ၊ ဟိုကို မလွှတ်လိုက်မိရင် သူအသက်ရှင်နေ ဒီမှာသာနေရင် အခုလိုဖြစ်တဲ့အချိန်မျိုးမှာ ဘယ်နည်းနဲ့မှ သူတစ်ယောက်တည်းရှိနေမှာ ဘူး" ဟု ကျွန်တော်က အရူးတစ်ယောက်လို ပြန်ပြောသည်။

"သေမယ့်လူဟာ ဘယ်မှာနေနေ သေမှာပဲ၊ လူတိုင်း သေနေ့စေ့ရင် သေကြတာ ပဲ"

"ခင်ဗျားတို့ ဂျူးလူမျိုးတွေက အားလုံးသိတယ်ပေါ့လေ၊ သေခြင်းတရားအကြောင်း ကိုတောင် ခင်ဗျားတို့ သိတယ်ပေါ့လေ"

"သိတာပေါ့ကွ၊ သေခြင်းတရားအကြောင်းကိုတောင် သိတာပေါ့၊ ငါတို့ ဂျူးလူမျိုး သေခြင်းတရားအကြောင်း သိခဲ့ကြတာ နှစ်ပေါင်းခြောက်ထောင်တောင် ရှိနေပြီပဲ၊ ဒါ ကြောင့် သေခြင်းတရားကို ငါတို့ ရင်ဆိုင်ရဲတယ်"

"အဲဒီလိုကြုံလာရတော့ ခင်ဗျားတို့ ဘာလုပ်သလဲ"

"ငိုတယ်"

"ကျွန်တော် မေ့သွားပြီဗျ၊ ကလေးဘဝတုန်းကသာ ငိုခဲ့ဖူးတာ၊ အခု ကျွန်တော် လေးမဟုတ်တော့ဘူး"

"ကြိုးစားကြည့်စမ်းပါကွာ၊ ငါ ပြပေးပါ့မယ်"

ထို့နောက် လူသေလျှင် သူတို့ဂျူးလူမျိုးများ မည်သို့ငိုသည့်အကြောင်းများကို ပြော နေသည်။ ပြောပြနေရင်းဖြင့် သူကိုယ်တိုင်ပါ ငိုတော့သည်။

သူ့ကိုကြည့်နေရင်း ကျွန်တော့်ရင်ထဲမှာ ဆို့လာသည်။

"ဘာဘရာ. . ."

ကျွန်တော် ငိုချလိုက်မိသည်။

ဆက်ကာဆက်ကာ ကျွန်တော် ငိုနေမိတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

'နယူးယောက်မြို့၊ (၁၉၅၅-၁၉၆၀)

စာအုပ်- နှစ်

ဆမ်ဘင်ဂျမင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

သူ အိပ်ရာမှနိုးလာတော့ တစ်ခေါင်းလုံး အုံ့ခဲနေသည်။ ခဏကြာအောင် ငြိမ်နေမိသည်။ ပြီးတော့ အိပ်ရာပေါ်မှာ ကြိုးစားထ,ထိုင်သည်။ ဒင်းနိစ်ဝင်လာပြီး သူ့ကို စိုက်ကြည့်နေသည်။

"အခုမှပဲ ထနိုင်တော့တယ် မဟုတ်လား" ဟု သူ့ကိုလှမ်းမေးသည်။

သူက ဒင်းနိစ်ကို ပြန်ကြည့်သည်။

"ပါးစပ်ထဲမှာလည်း ခါးနေတာပဲကွာ" ဟု ပြန်ပြောသည်။

"ဖြစ်မှာပေါ့၊ နည်းတောင်နည်းသေးတယ်၊ တစ်မြို့လုံးမှာရှိတဲ့ ဝီစကီတွေကို ရှင်တစ်ထိုင်တည်း သောက်ပစ်နေတာမဟုတ်လား"

"တော်ပါတော့ကွာ၊ မနက်စာပြင်ထားပေးဖို့ မမ်မီကို ပြောလိုက်စမ်းပါ" ဟုပြောရင်း ရေချိုးခန်းဘက်သို့ ခြေဦးလှည့်သည်။

"ကော်ဖီနဲ့ ပေါင်မုန့်ထောပတ်သုတ်လား"

"ထုံးစံအတိုင်းပေါ့ကွာ၊ ကြက်ဥလေးလုံး၊ ဝက်ပေါင်ခြောက်၊ ပေါင်မုန့်ထောပတ်သုတ်၊ ကော်ဖီနဲ့ သစ်သီးဖျော်ရည်"

"အင်း. . . ကိုယ့်ကိုယ်ကို မသေသေအောင် အစားစားပြီး သတ်နေတာကိုး"

"ကိုယ်သေသွားရင် မင်း အင်မတန်ချမ်းသာတဲ့ မုဆိုးမဖြစ်မှာပေါ့"

ဒင်းနိစ်က ပြုံးသည်။

"ကတိတွေ. . . ကတိတွေ. . . ပေးလိုက်တဲ့ ကတိတွေ. . . ရှင်နဲ့လက်ထပ်ပြီးကတည်းက ရှင့်ဆီက ကျွန်မရတာ ကတိတွေပဲရှိတယ်"

သူက ဒင်းနိစ်ဆီသို့လျှောက်သွားပြီး ပါးကိုနမ်းသည်။

"အမေကြီး. . . မနက်စာသွားပြင်ခိုင်းလိုက်၊ မင်း သိပ်စကားများတယ်"

www.burmeseclassic.com

www.burmeseclassic.com


ဒင်းနိစ်က သူ့ကိုတွန်းလွတ်ပြီး အပြင်ထွက်သွားသည်။ ထိုနေရာမှာ သူရပ်နေသည်။ အိမ်ဖော်မမ်မီကို စေခိုင်းနေသံများ ကြားနေရသည်။ ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။ ထုံးစံအတိုင်း ကိစ္စဝိစ္စမပြီးစီးမီ တယ်လီဖုန်းခေါင်းလောင်းသံ ကြားရသည်။

"ရှင့်ကို ရော်ဂျာ ဖုန်းဆက်နေတယ်"

"ဒုက္ခပါပဲကွာ၊ ခဏစောင့်ဦးလို့ ပြောလိုက်၊ ပြီးရင် ဖုန်းကုမ္ပဏီကို ဖုန်းဆက်စမ်း ရေချိုးခန်းထဲမှာပါ ဖုန်းတစ်လုံး တပ်ပေးပါဦးလို့ပြော"

ခဏကြာတော့ အိပ်ခန်းထဲသို့ သူပြန်ဝင်သွားသည်။ ဖုန်းကောက်ကိုင်သည်။

"ပြော. . . ရော်ဂျာ"

"ရောမမြို့သွားဖို့ လေယာဉ်ပျံလက်မှတ် ဝယ်ပြီးပြီ၊ ဒီနေ့ညကိုးနာရီ လေယာဉ်ပျံထွက်မယ်၊ ခင်ဗျား တကယ်သွားချင်တာရော သေချာရဲ့လား"

"ဟ. . . သိပ်သေချာတာပေါ့" ဟု သူကပြန်ပြောသည်။

"ငွေလေးသိန်း ရင်းရမှာနော်၊ သူတို့နဲ့ သဘောတူညီချက်မရရင် အားလုံး ရေစုန်မျောကုန်လိမ့်မယ်" ဟု ရော်ဂျာက ပြောသည်။

"မပူပါနဲ့ ပြီးအောင်ဆက်မလုပ်ရင်သာ ငွေလေးသိန်းဆုံးမှာပါ၊ ဆက်လုပ်ရင် ဘာမှဆုံးစရာမရှိဘူး"

"ဘာဖြစ်လို့များ ဒီအလုပ်ကို ဒါလောက်တောင် လုပ်ချင်နေရတာလဲ ဆမ်"

"ဒီအခွင့်အရေးမျိုးကို ကျုပ်တစ်သက်လုံး စောင့်လာတာ၊ အခုလို အခွင့်အရေး ပေါ်လာတဲ့အခါမှာ လက်လွတ်မခံနိုင်ဘူး ရော်ဂျာ"

"ဒါပေမယ့် ပိုက်ဆံတစ်ဝက်က ကျုပ်ပိုက်ဆံနော်" ဟု ရော်ဂျာက ပြောသည်။

"ခင်ဗျားငွေအတွက် ကျုပ် အာမခံပါတယ်"

ထိုသို့ သူ ပြန်ပြောလိုက်ရသော်လည်း စကားအဖြစ်သာ ပြောခြင်းဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး သိကြသည်။ ထိုငွေလေးသိန်း ဆုံးရှုံးသွားလျှင် သူ့မှာ လျော်စရာငွေမရှိ။ ရော်ဂျာကလည်း ထိုအကြောင်းကို သိသည်။

"စတီဖင်ဂေါက်က မြှောက်ပေးတာနဲ့ ခင်ဗျား အဲဒါတွေ လျှောက်လုပ်နေတာ၊ သူ ဝင်ပါမလာရင် ဘယ်လိုလုပ်မလဲ" ဟု ရော်ဂျာက ဆက်မေးပြန်သည်။

"သူပါမှာပါ၊ ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်တယ်ဆိုတာ ဒီငတိ သေသေချာချာ သိပါတယ်၊ နောက်ပြီးတော့ သူဟာ ကျုပ်အတွက် အင်မတန် လာဘ်ကောင်းတဲ့လူ"

စကားဖြတ်ရတော့မည်ဖြစ်ကြောင်း ရော်ဂျာ သိသည်။

"ရုံးကို ခင်ဗျား ဘယ်အချိန်ရောက်မလဲ"

"နောက် တစ်နာရီလောက်ကြာရင် ရောက်မယ်၊ အဝတ်အစား ထည့်လိုက်ဦးမယ်၊ ရုံးကနေပြီး လေဆိပ်ကို တန်းဆင်းကြတာပေါ့"

သူ ဖုန်းချလိုက်သောအချိန်မှာပင် ဒင်းနိစ် ပြန်ဝင်လာသည်။

"ဒီအလုပ်ကို ရှင်ဆက်လုပ်မှာလား" ဟု မေးသည်။

သူက ခေါင်းညိတ်ပြလိုက်သည်။

"တကယ်ဆိုရင် လုပ်ဖို့တောင် မလိုပါဘူး၊ ကျွန်မတို့မှာ ပြည့်စုံနေပြီပဲ၊ ကလေးတွေအတွက်လည်း အရာရာ စိတ်ချနေရပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကိုယ့်အတွက်လုပ်ဖို့ လိုအပ်တယ်ကွ၊ ဒီအခွင့်အရေးကို စောင့်နေခဲ့ရတာ ကြာပြီ၊ ဒီအချိန်မှာမလုပ်ရင် တစ်သက်လုံး ဒီအခွင့်အရေးမျိုး ရတော့မှာမဟုတ်ဘူး။ ဒီအလုပ်ကိုလုပ်မှ ကိုယ်ဟာ တခြားလူတွေလိုပဲ လူတော်တစ်ယောက်ဖြစ်ကြောင်း အားလုံး သိကြမယ်" ရေချိုးခန်းထဲသို့ သူပြန်ဝင်လာခဲ့သည်။

❑

ချွတ်ခနဲ အသံကြားသဖြင့် သူ ခေါင်းထောင်သွားသည်။ ကေဗင်တံခါး ပိတ်ထားသည်။ ရော်ဂျာကို လှမ်းကြည့်သည်။ ထိုင်ခုံပေါ်မှာ ရော်ဂျာအိပ်ပျော်နေသည်။ သူသည် ဘယ်နေရာမှာမဆို ပျော်အောင်အိပ်နိုင်သူ ဖြစ်သည်။ ဂုလေးဘဝတုန်းက မြေအောက်ရထားစီးရင်းလည်း အိပ်တတ်သူဖြစ်သည်။ အိပ်ရေးဝပြီးသောအခါတွင် ဘာမဆို အလွယ်တကူ လုပ်နိုင်သည်ဟု ပြောသည်။ ဖြစ်နိုင်စရာ အကြောင်းရှိသည်။

ဆမ်ဘင်ဂျမင်ကတော့ သည်လိုမဟုတ်ပါ။ အမြင့်ပေ သုံးသောင်းခွဲတွင် ပျံသန်းနေသည့် လေယာဉ်ပျံပေါ်တွင် သူ ဘယ်လိုမှ မအိပ်တတ်ပါ။ အရက်ပဲသောက်သောက်၊ အိပ်ဆေးပဲသောက်သောက် အိပ်မပျော်ပါ။

ဆန့်ထားသော ရော်ဂျာ၏ ခြေထောက်ကိုကျော်ပြီး လေယာဉ်ပျံနောက်ပိုင်းဆီသို့ လျှောက်လာခဲ့သည်။ ခရီးသည်တွေအားလုံး အိပ်နေကြပုံပေါ်သည်။ မီးများ မှောင်နေသည်။

နောက်ပိုင်းရောက်တော့မှ မှိတ်ချည်လင်းချည်ဖြစ်နေသော မီးလုံးကလေးကို တွေ့သည်၊ ပြီးတော့ စားပွဲတစ်လုံးတွင် ထိုင်နေသည့် လေယာဉ်မယ်တစ်ယောက်ကို တွေ့ရသည်၊ သူ့ကိုမြင်တော့ လေယာဉ်မယ်က ထိုင်ရာမှထသည်။

"ဘာလိုအပ်ပါသလဲ မစ္စတာဘင်ဂျမင်"

"မင်းက ကျုပ်နာမည်ကို သိနေသလား" ဟု ပြန်မေးသည်။

"သိပါတယ်ရှင်၊ နာမည်ကြီး ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက်ကို လူတိုင်းသိနေကြတာပဲ" ဟုပြန်ဖြေရင်း လေယာဉ်မယ်က ပြုံးသည်။

အီတလီလူမျိုးတို့၏ ပညာဖြစ်သည်။ အမှန်တော့ ခရီးသည်စာရင်းတွင် သူ့နာမည်ပါနေသည်။

"ဝီစကီနဲ့ ရေ လိုချင်တယ်"

လေယာဉ်မယ် ထသွားတော့ ကုလားထိုင်တစ်လုံးမှာ သူ ဝင်ထိုင်သည်။ မျက်မှန်ချွတ်ပြီး လက်ကိုင်ပုဝါနှင့် သုတ်နေခိုက် လေယာဉ်မယ် ပြန်လာသည်။ သူ့ရှေ့မှာ အရက်ဖန်ခွက် ချပေးသည်။ အရက်ကို တစ်ကျိုက်တည်း မော့ပစ်လိုက်သည်။

နောက်ဆယ်မိနစ်လောက်ကြာတော့ ကိုယ့်ခုံသို့ ကိုယ်ပြန်လာခဲ့သည်။ မေ့ခနဲ အိပ်ပျော်သွားပြီး မျက်လုံး ပြန်ဖွင့်လိုက်သည့်အချိန်မှာပင် မြေပြင်နှင့် လေယာဉ်ဘီး ထိနေပြီ။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ဆမ်က ဇာတ်ညွှန်းစာအုပ်ကိုပိတ်လိုက်ပြီး စားပွဲပေါ်သို့ ပြန်ချထားလိုက်သည်။

"ငါ အရက်သောက်လိုက်မှ ထင်တယ်"

သူ့စကားမဆုံးသေးမီမှာပင် အီတလီနိုင်ငံမှ သူ့ကိုယ်စားလှယ် ချာလီသည် အရက်ဖန်ခွက်ကို အဆင်သင့်ပြင်ပြီး ဖြစ်နေတော့သည်။

"ဇာတ်ညွှန်းကို ဘယ်လိုသဘောရပါသလဲ ဆရာကြီး" ဟု မေးသည်။ ဆယ့်ခြောက်နှစ်သား အရွယ်မှစ၍ အမေရိကန်သို့ ပြန်မရောက်တော့သော်လည်း သူ့လေသံထဲတွင် ဘရွတ်ကလင်းမြို့သားသံ ပါနေဆဲရှိသည်။

"ဇာတ်လမ်းက လေးလွန်းတယ်ထင်တယ်ကွာ၊ ငါလည်း မပြောတတ်တော့ဘူး"

"မာရီလူးရဲ့ ထုံးစံအတိုင်းတော့ မဟုတ်ဘူး" ဟု ရော်ဂျာကလည်း ဝင်ပြောသည်။

"ဟုတ်တယ်" ဟု ဆမ်က အရက်သောက်ရင်း ပြောသည်။

မာရီလူးဘာဇီနီသည် နာမည်ကြီး အီတလီရုပ်ရှင်မင်းသမီး ဖြစ်သည်။ သို့သော်လည်း အစ်ကိုကာလသားများအကြိုက် ကိုယ်လုံးကိုပြရင်း နာမည်ကျော်နေသည့်သူ ဖြစ်သည်။ ဥရောပတိုက်တွင် လျှမ်းလျှမ်းတောက်လာသောအခါ အမေရိကန်သို့သွားပြီး ရုပ်ရှင်များရိုက်သည်။ အစ်ကိုကာလသားများအကြိုက် ရိုက်သဖြင့် သူ့ကားများသည် အောင်မြင်မြဲ အောင်မြင်ခဲ့ပြန်သည်။

ယခု သူ့မှာ သူရိုက်လိုသော ဇာတ်ညွှန်းတစ်ခုရှိနေသည်ဟု ဆိုသည်။ ထိုဇာတ်ညွှန်းကို ရိုက်ပေးမည်ဆိုလျှင် သူယူနေကျ သံရုပ်ဆောင်ကြေး တစ်သိန်းခွဲမယူဘဲ တစ်သောင်းခွဲသာ ယူမည်ဟု ပြောသည်။ ဇာတ်ညွှန်းကို ဖတ်ကြည့်လိုက်တော့မှ ဘာကြောင့် ဈေးလျှော့ယူကြောင်း ဆမ်ဘင်ဂျမင် သဘောပေါက်တော့သည်။

ဇာတ်လမ်းက သူရိုက်နေကျ အစ်ကိုကာလသားကြိုက် ဇာတ်လမ်းမျိုးမဟုတ်။ တည်တည်ခန့်ခန့် ဖြစ်သည်။ ဇာတ်လမ်းကောင်းသည်မှာ မှန်သည်။ အောင်မြင်နိုင်သည်မှာ မှန်သည်။ သို့သော်လည်း ငွေများများရလိုပါက ဇာတ်လမ်းကို အတော်အသင့် ပြင်ဆင်လိုက်မှသာ ဖြစ်နိုင်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဆမ်က ချာလီကို မော့ကြည့်သည်။

"နည်းနည်းပါးပါးတော့ ပြင်ရမယ်ကွ၊ ဟာသလေးတွေနှောပေးမှ ဇာတ်လမ်းပိုကောင်းသွားနိုင်မယ်"

"ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးခင်ဗျ၊ ဒီဇာတ်လမ်းကို လုံးဝအပြုအပြင် အပြောင်းအလဲမလုပ်ဘဲ ဒီအတိုင်း တသဝေမတိမ်း ရိုက်ရမယ်လို့ဆိုတယ်၊ ဒါရိုက်တာ ပီရင်ဒယ်လီကလည်း သဘောတူတယ်"

"သူကတော့ သဘောတူမှာပေါ့၊ သူ့ဘဝမှာ ပိုက်ဆံရတဲ့ကား တစ်ကားမှ ရိုက်ဖူးတဲ့လူမှ မဟုတ်ဘဲ"

"ဒါပေမယ့် အီတလီနဲ့ ဥရောပမှာရှိတဲ့ အကယ်ဒမီဆုတွေအားလုံးကို သူယူထားတဲ့သူပေါ့"

"သူ့ဘာသာသူ ကြီးကျယ်စမ်းပါစေကွာ"

"ဒီလိုဆိုရင် ဘာလုပ်မလဲ" ဟု ရော်ဂျာက မေးသည်။

"ဖြစ်အောင်လုပ်ရမှာပဲ၊ ရှုံးရှုံးမြတ်မြတ် လုပ်ရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီကားဟာ ဆိပ်ကိုကြီးကျယ်သွားနိုင်တယ်၊ သရုပ်ဆောင်တွေကလည်း အကောင်းဆုံးတွေ ဖြစ်နေတယ်"

"ခင်ဗျားမှာ အစီအစဉ် ရှိထားပြီးပြီလား" ဟု ရော်ဂျာက ဆက်မေးသည်။

"စိတ်ကူးပဲရှိသေးတယ်၊ သူတို့က ဘယ်လောက် ပူးပေါင်းဆောင်ရွက်လာမလဲဆိုတာပေါ်မှာ မူတည်တယ်၊ မာရီလူးက ဘယ်လောက် လိုက်လျောမလဲဆိုတာ ကြည့်ရမယ်"

ထိုအခိုက် ဖုန်းမြည်လာသည်။ ချာလီက ကောက်ကိုင်သည်။ ခဏနားထောင်ပြီး စကားပြောခွက်ကို လက်နှင့်ပိတ်ကာ လှမ်းပြောသည်။

"သူတို့ အောက်ထပ်မှာ ရောက်နေကြပြီ"

"အပေါ်တက်ခဲ့လို့ ပြောလိုက်ပါကွာ"

မာရီလူးဘာဗီနီ၏အလှက ထုံးစံအတိုင်း ဖမ်းစားလိုက်သည်။ သူ့ခြေလှမ်းများ တုံ့သွားသည်။ ခဏကြာအောင် အသက်အောင့်ထားလိုက်ရသည်။ အခြားအမျိုးသမီးများ ဤမျှလောက် ဖမ်းစားနိုင်စွမ်းမရှိ။

"ဆမ် . . ."

မာရီလူး ဝမ်းသာအားရ နှုတ်ဆက်သည်။ လက်တစ်ဘက်ကမ်းပေးပြီး ပါးကိုပါ လှမ်းထိုးပေးသည်။ ဆမ်က ပါးကိုနမ်းပြီး နှုတ်ဆက်လိုက်ရသည်။

"မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ကို မင်း အရမ်းလှနေပါလား" ဟုလည်း ခံစားသည့်အတိုင်း ပြောချလိုက်သည်။

မာရီလူးက ပြုံးနေသည်။ သူ့ဘဝတစ်လျှောက်လုံး သည်လိုချီးကျူးစကားများနှင့် ကြားနေခဲ့ရသဖြင့် ယဉ်ပါးနေပါပြီ။

"ကျေးဇူးတင်ပါတယ် ဆမ်"

"ဟယ်လို နစ်ကီ"

နစ်ကီသည် အီတလီနိုင်ငံထဲမှလွဲ၍ အခြားတိုင်းပြည်များတွင် မာရီလူး၏ ယောက်ျားအဖြစ် နေထိုင်သူဖြစ်သည်။ သူတို့ လက်ဆွဲနှုတ်ဆက်ကြသည်။ ဆမ်က တတိယလူဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်သည်။

"ဟယ်လို . . . ပီရင်ဂျယ်လီ . . . တွေ့ရတာ ဂုဏ်ယူပါတယ်ဗျာ"

ဒါရိုက်တာက အနည်းငယ်ရှက်သည့် အမူအရာဖြင့် ခေါင်းညိတ်သည်။ အင်္ဂလိပ်စကားကို သူ အနည်းအကျဉ်းသာ ပြောနိုင်သည်။

မာရီလူးက စောင့်မနေနိုင်တော့ပါ။

"ဇာတ်ညွှန်းကို ဖတ်ကြည့်ပြီးပြီမဟုတ်လား ဆမ်၊ ဘယ်လိုသဘောရသလဲ" ဟု မေးသည်။

ဆမ်က သူ့ကိုလှည့်ကြည့်သည်။

"ကိုယ် သဘောကျပါတယ်၊ ဒါပေမယ့် ဒီအတိုင်းတော့ ဖြစ်နိုင်မယ်မထင်ဘူး မင်းကို လက်ဆောင်ပေးစရာ စိတ်ကူးကလေးတွေ ကိုယ့်မှာရှိနေတယ်၊ တကယ်လို့ သဘောတူညီနိုင်ကြမယ်ဆိုရင် ကိုယ်တို့ ဆက်လုပ်ကြရုံပါပဲ"

"ဘာတစ်ခုမှ အပြောင်းအလဲမလုပ်ရဘူး ဆမ်" ဟု မာရီလူးက အထက်စီးလေသံမျိုးဖြင့် ချက်ချင်းပြန်ပြောသည်။

ဆမ်က သူ့ကို ခဏကြာအောင် စိုက်ကြည့်နေသည်။ ပြီးတော့ ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

"မာရီလူး . . . ကိုယ့်မှာရှိနေတဲ့ စိတ်ကူးကလေးကိုတောင်မှ မဆွေးနွေးနိုင်ဘူးဆိုရင် သဘောတူညီချက်ရစရာ တစ်ဆံခြည်တောင် မရှိနိုင်ပါဘူး"

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ချာကနဲလှည့်ကာ အိပ်ခန်းဆီသို့ ပြန်လျှောက်သွားသည်။ အဝရောက်တော့မှ ပြန်လှည့်ပြောပြန်သည်။

"သဘောမတူနိုင်ဘူးဆိုရင် ဒီကားကို ဘယ်နည်းနဲ့မှ မင်းအကောင်းအထည် ဖော်နိုင်တော့မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကားမှာ မင်း တကယ်သရုပ်ဆောင်နိုင်တယ်လို့ ယုံကြည်သူဟာ ကျုပ်တစ်ယောက်တည်းရှိလို့ပဲ၊ နောက်ပြီးတော့ အကယ်ဒမီဆုရတဲ့ ပထမဆုံး နိုင်ငံခြား ရုပ်ရှင်မင်းသမီးဟာ မင်းပဲဖြစ်ရမယ်လို့ ယုံကြည်ထားသူဟာလည်း ကျုပ်တစ်ယောက်တည်း ရှိလို့ပဲ"

အိပ်ခန်းထဲသို့ဝင်ပြီး တံခါးပိတ်လိုက်သည်။ သူ့နဖူးပေါ်မှာ ချွေးသီးချွေးပေါက်တွေ ရှိနေကြောင်း သူသိနေသည်။ ရေချိုးခန်းထဲသို့ဝင်ခဲ့ပြီး မျက်နှာသစ်ရပြန်သည်။ အရက်သောက်ချင်လာသည်။

ညင်ညင်သာသာ တံခါးခေါက်သံ ကြားရသည်။

"ဘာလဲ" ဟု သူ လှမ်းအော်မေးသည်။

"ကျွန်တော် ဝင်လာလို့ရမလား ဆမ်" ဟု နစ်ကီ၏အသံကို ကြားရသည်။

ကုတ်အင်္ကျီကို မြန်မြန်ချွတ်ပြီး ကုလားထိုင်ပေါ်သို့ ပစ်တင်လိုက်သည်။ လည်စည်းနှင့် ကြယ်သီးများကို ဖြုတ်ကာ ကုတင်ပေါ်သို့ ပစ်လွှဲချလိုက်သည်။

"ဝင်ခဲ့ပါ"

အခန်းထဲသို့ နစ်ကီ ဝင်လာသည်။ သူ့ကိုယ်လုံးက ခပ်သွယ်သွယ်ဖြစ်သည်။ ချောတစ်ယောက် ဖြစ်သည်။ သူလည်း အောင်မြင်သည့် ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလေသည်။

နစ်ကီသည် မာရီလူးကို အားကိုးနေစရာမလို။ မာရီလူးအပေါ်မှာ မှီခိုနေစရာမလို။ မာရီလူးတွင် စစ်မှန်သည့် အနုပညာ အရည်အချင်းများ ရှိနေသည်ကို သူသိသဖြင့် စင်တင်ပေးနေခြင်းသာ ဖြစ်သည်။

"မာရီလူးကို ခင်ဗျား နားလည်ဖို့တော့ လိုလိမ့်မယ်ဗျာ၊ ဒီကလေးမက သိပ်ကိုစိတ်ထိခိုက်လွယ်တဲ့ ကလေးမ" ဟု နစ်ကီက နူးညံ့သိမ်မွေ့သည့် လေသံဖြင့် ပြောသည်။

နှစ်ပေါင်းများစွာ အလုပ်လုပ်လာခဲ့သည့် နစ်ကီသည် စိတ်ရှည်သည့် အလေ့အကျင့်ကိုလည်း ကောင်းစွာရနေပြီ။

"အခု သူ ခင်ဗျားနဲ့ စကားပြောချင်နေတယ်လို့ ကျွန်တော်ထင်တယ်၊ မဆင်မခြင် ပြန်ပြောလိုက်မိတဲ့အတွက်လည်း သူ စိတ်မကောင်းဖြစ်နေပါတယ်"

"ကျုပ် တစ်ရေးလောက် အိပ်လိုက်ပြီးမှ တွေ့ကြရင် ပိုကောင်းမယ်ထင်တယ်၊ အဲဒီအခါကျတော့ ကျုပ်လည်း ပိုပြီးစိတ်ရှည်လာနိုင်မယ်"

"ဒီလိုဆိုရင် တစ်ခုလောက် အကြံပေးပါရစေ ဆမ်၊ မာရီလူးကို ပီရင်ဂျယ်လီမပါဘဲ တွေ့လိုက်ပါ၊ အဲဒီလိုဆိုရင် သူ သိပ်ပြီးခေါင်းမာတော့မှာ မဟုတ်ဘူး၊ ဟိုလူမရှိရင် စိတ်ရှည်သက်ရှည် နားထောင်ပါလိမ့်မယ်"

"ခင်ဗျား စီစဉ်လိုက်လေ၊ ဒီနေ့ညနေ ကျွန်တော် အားနေမှာပဲ" ဟု ဆမ်က ပြန်ပြောသည်။

"ကျေးဇူးတင်ပါတယ် နစ်ကီ"

နစ်ကီက ပြုံးသည်။ ပထမဆုံးအကြိမ် ပြုံးခြင်းဖြစ်သည်။

"မပူပါနဲ့ ဆမ်၊ ဒီကားဟာ စီးပွားရေးအရ အောင်မြင်တဲ့ကား ဖြစ်မှာပါ၊ ခင်ဗျားနဲ့ ကျွန်တော်ပေါင်းပြီး ကြိုးစားလုပ်ကြတာပေါ့"

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ နစ်ကီ အခန်းအပြင် ပြန်ထွက်သွားသည်။ ဆမ်က ခြေလက်များကို ဆန့်လိုက်သည်။ ခဏချင်းမှာပင် သူ အိပ်ပျော်သွားတော့သည်။

□

ရောမမြို့သို့ ပထမဆုံးအကြိမ် သူရောက်လာတုန်းက အဖြစ်အပျက်ကို ပြန်လည်အမှတ်ရနေမိသည်။ လေးနှစ်လောက်ပင် ကြာမြင့်ခဲ့ချေပြီ။

လေယာဉ်ပျံစီးရသည်မှာ အလွန်တရာ စိတ်ပျက်ဖွယ်ကောင်းလှသည်။ ရိုးရိုးတန်းမှ သူ လိုက်ပါလာခဲ့သည်။ ထိုင်ခုံက အီတလီ အမျိုးသမီးကြီး နှစ်ယောက်ကြားမှာ ဖြစ်သည်။ အမျိုးသမီးကြီးနှစ်ယောက်က စကားကို အမျှင်မပြတ်ပြောရင်း သူ့ကိုကျော်ကာ မနားတမ်းမုန့်အပေးအယူ လုပ်နေကြသည်။

ရောမမြို့သို့ရောက်တော့ နေက ခြစ်ခြစ်တောက် ပူနေသည်။ အိပ်ဆယ်စီယာဟိုတယ်ရောက်တော့ သူ့အတွက် ရော်ဂျာ ကြိုတင်ငှားရမ်းထားသောအခန်းသို့ ဧည့်ကြိုစာရေးက လိုက်ပို့သည်။ အခန်းကလေးကို စိတ်ပျက်လက်ပျက် သူကြည့်နေမိခဲ့သည်။ အခန်းက

www.burmeseclassic.com

www.burmeseclassic.com


ကျဉ်းသည်။ အလင်းရောင် ကောင်းစွာမရ။ ဟိုတယ်အနောက်ဘက်သို့ မျက်နှာပြုထားသည်။

"မင်းတို့မှာနေပြီ၊ ငါ ငှားခိုင်းထားတာက မိသားစုခန်း"

"မဟုတ်ပါဘူးခင်ဗျာ၊ ဒီအခန်းကိုပဲ ကြိုငှားထားတာပါ" ဟုပြောရင်း ဧည့်ကြိုစာရေးက ကြိုတင်အကြောင်းကြားချက်ကို ပြသည်။

"ငါ မိသားစုခန်းပဲ လိုချင်တယ်" ဟု ဆမ်ကပြောသည်။

ပြီးတော့ ဧည့်ကြိုစာရေးနှင့်အတူ အောက်ထပ်သို့ ပြန်လိုက်သွားရပြန်သည်။ လက်ထောက်မန်နေဂျာကလည်း ခေါင်းခပ်မာမာပင်။

"မိသားစုခန်းတွေ မအားတော့ပါဘူးခင်ဗျာ" ဟု ပြောသည်။

ဆမ်က သူ့လက်ကို မသိမသာ ပြသည်။ တစ်ရာတန် ငွေစက္ကူအစွန်းကလေး ပေါ်နေသည်။ လက်ထောက်မန်နေဂျာ မြင်သွားသည်။ သူ့အမူအရာ ချက်ချင်းပြောင်းသွားသည်။

"တစ်နည်းနည်းနဲ့များ စီစဉ်ကြည့်လို့ ရနိုင်မလား မသိသေးဘူးခင်ဗျာ" ဟု ပြောရင်း စာရင်းစာအုပ်ကို ပြန်ကြည့်နေသည်။

ဆမ်က သူ့လုပ်ကိုင်နေပုံကို ကြည့်နေသည်။

"ဒီဟိုတယ်မှာရှိတဲ့ အကောင်းဆုံး မိသားစုခန်းကို လိုချင်တယ်၊ အရေးကြီးတဲ့ အစည်းအဝေးတွေ လုပ်စရာရှိတယ်"

"သံအမတ်ခန်းတော့ ရနိုင်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် ဈေးက သိပ်ကြီးပါတယ်"

"အဲဒီအခန်းပဲယူမယ်"

ဆမ်က လက်ကိုင်အိတ်ကို ကောင်တာပေါ် တင်ဖွင့်သည်။ ခရီးသွားချက်လက်မှတ် တစ်ထပ်ကြီးကို လက်ထောက်မန်နေဂျာ မမြင်မြင်အောင် ပြသည်။ တစ်ရွက်ဆွဲထုတ်ပြီး လက်မှတ်ထိုးပေးလိုက်သည်။

"ဒါက တစ်ထောင်တန် ဖြစ်နေပါတယ် ခင်ဗျာ၊ တကယ်ကျတာက. . ."

"ကျုပ်မှာ အသေးဆုံး တစ်ထောင်တန်ပဲရှိတယ်၊ ယူထား၊ ကုန်ရင်ပြော"

သူ့အခန်းသို့ လက်ထောက်မန်နေဂျာကိုယ်တိုင် လိုက်ပို့သည်။ ဆမ်က တစ်ရာတန် စက္ကူကိုပေးလိုက်သည်။ အခန်းထဲမှာ အရက်ပုလင်းစုံအောင် ထားခိုင်းသည်။ ချက်ချင်း အခန်းထဲမှာ အရာရာ ပြည့်စုံသွားသည်။ အကုန်အကျများသည် ကိုတွေ့လျှင် ရော်ဂျာတော့ ဘုံဆောင့်တော့မည်ဖြစ်ကြောင်း သူစဉ်းစားမိသည်။

သူ ရေဝင်ချိုးသည့် အချိန်မှာပင် သူ့အခန်းထဲမှ တယ်လီဖုန်းခေါင်းလောင်း မနားတမ်း မြည်တော့သည်။ လက်ထောက်မန်နေဂျာကို ငွေတစ်ရာပေးလိုက်ခြင်းသည် ရေဒီယိုမှ ကြော်ငြာသတင်းတွင် ကြေညာသည်ထက် ပိုမိုထိရောက်သွားတော့သည်။

သူ ပထမဆုံး လက်ခံစကားပြောသော တယ်လီဖုန်းသည် ချာလီ၏ တယ်လီဖုန်း ဖြစ်လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ရေချိုးခန်းထဲမှထွက်လာပြီး သူ့ကိုယ်ကို မျက်နှာသုတ်ပဝါကြီးနှင့် ပတ်ထားသည်။ တော့ဝီစကီဖန်ခွက်ကိုကိုင်ကာ ပြတင်းပေါက်နားမှာ သွားရပ်သည်။ အလံတလူလူလွင့်နေသော အမေရိကန်သံရုံးကို လှမ်းမြင်ရသည်။

တယ်လီဖုန်းခေါင်းလောင်း မြည်သဖြင့် အခန်းထဲသို့ ပြန်ဝင်ခဲ့သည်။

"ပြောပါ"

"မစ္စတာဘင်ဂျမင်လားခင်ဗျာ၊ ကျွန်တော် ချာလီပါ" ဟု ဘရွန်ကလင်းမြို့သားသံ ခပ်ဝဲဝဲဖြင့် ပြောသည်။

"ချာလီလား၊ ခင်ဗျားကို ကျုပ်သိသလား"

"မသိပါဘူးခင်ဗျာ၊ ဒါပေမယ့် မစ္စတာဘင်ဂျမင်ကိုတော့ ကျွန်တော်သိပါတယ်၊ ရုပ်ရှင်ကားတချို့ဝယ်ရအောင် အီတလီကိုရောက်လာတဲ့ အမေရိကန် ရုပ်ရှင်ထုတ်လုပ်သူကြီး တစ်ဦးဖြစ်ကြောင်း ကျွန်တော်သိပါတယ်"

"ခင်ဗျား အကြားအမြင်များသားပဲ၊ ကျုပ် ဘာလုပ်ပေးနိုင်မလဲ"

"ကျွန်တော့်ကို အလုပ်တစ်ခု ပေးနိုင်ပါတယ်ခင်ဗျာ" ဟု ချာလီဆိုသူက ပြောသည်။

"ဘာလုပ်မှာလဲ"

"ဘာမဆို လုပ်နိုင်ပါတယ်ခင်ဗျာ၊ ကြိုက်ရာပြောပါ၊ စကားပြန်လုပ်ပေးနိုင်ပါတယ်၊ ဒရိုင်ဘာ လုပ်ပေးနိုင်ပါတယ်၊ လမ်းညွှန်လုပ်ပေးနိုင်ပါတယ်၊ လုပ်ငန်းအတွက် စေ့စပ်ပေးနိုင်ပါတယ်၊ အတွင်းရေးမှူး လုပ်ပေးနိုင်ပါတယ်၊ တွေ့ချင်တဲ့ အမျိုးသမီးတွေကို ရှာပေးနိုင်ပါတယ်၊ ကျွန်တော့်မှာ အတွေ့အကြုံတွေ အများကြီးရှိပါတယ်၊ ဘင်ဟာဇာတ်ကားကြီး ရိုက်တုန်းက ထုတ်လုပ်ရေး မန်နေဂျာ လုပ်ခဲ့ဖူးပါတယ်၊ ကိုလံဘီယာ ရုပ်ရှင်ကုမ္ပဏီရဲ့ ကြော်ငြာနဲ့ အရောင်းဌာနမှာ တစ်နှစ်လုပ်ဖူးပါတယ်၊ ဒါတွေအပြင် အီတလီ ရုပ်ရှင်ကုမ္ပဏီတစ်ခုမှာ နှစ်နှစ်လုပ်ဖူးပါတယ်၊ ကျွန်တော်ဟာ အင်မတန် ရိုးသားပါတယ်၊ ဒီကလူတွေဟာ လစ်ရင် လစ်သလို တွယ်တတ်တဲ့သူတွေပါ၊ ကျွန်တော်က သူတို့လို မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား အီတလီလူမျိုး မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော် အမေရိကန်ပြည်ထောင်စုမှာ ကြီးပြင်းပါတယ်၊ စစ်မဖြစ်ခင်တုန်းက မိဘတွေနဲ့အတူ ဒီကိုပြောင်းလာတာပါ၊ အဲဒီတုန်းက ကျွန်တော့် အသက် ဆယ့်ခြောက်နှစ်ပဲ ရှိပါသေးတယ်၊ အမေရိကန်စစ်တပ် ဒီကိုရောက်လာတော့ ကျွန်တော့်ကို စစ်ထဲဆွဲသွင်းပါတယ်"

"ကောင်းပြီ၊ ခင်ဗျားကို ကျူပ်တွေ့မယ်"

တယ်လီဖုန်း ပြန်ချလိုက်သည့် အချိန်မှာပင် တံခါးခေါင်းလောင်းသံ မြည်လာသည်။ သွားဖွင့်ပေးသောအခါ ချာလီဆိုသူဖြစ်နေသည်။ အသက်ငယ်သည်။ အရပ်မြင့်သည်။ ကိုယ်လုံးသွယ်သည်။ မျက်လုံးညိုသည်။ ခေါင်းအနည်းငယ် ပြောင်နေသည်။

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြသည်။

"ကျူပ်အကြောင်း မောင်ရင် ဘယ်လိုလုပ်သိသလဲ" ဟု ဆမ်ကမေးသည်။

"ဒီက လက်ထောက်မန်နေဂျာက ကျွန်တော်နဲ့ အတူတူနေတဲ့ မိန်းကလေးရဲ့ ခဲအိုတော်ပါတယ်၊ ဆရာကြီး ဒီကိုရောက်လာလာချင်း ကျွန်တော့်ကို သူ ဖုန်းဆက်ပြောတာပါ"

"ဘာပြောရမှန်းတောင် မသိတော့ဘူးကွာ" ဟု ဆမ်က မရေမရာပြောသည်။

"ကျွန်တော့်ကို တစ်ပတ်လောက် စမ်းခန့်ကြည့်ပါလား ခင်ဗျာ၊ ကျွန်တော့်ကို မကြိုက်ဘူးဆိုရင် ထွက်သွားပါ့မယ်၊ လခအများကြီးလည်း မတောင်းပါဘူး၊ တစ်ပတ်ကို လိုင်ယာလေးသောင်းရရင် တော်ပါပြီ"

ဆမ်က စဉ်းစားနေသည်။ လိုင်ယာလေးသောင်းဆိုသည်မှာ ဒေါ်လာရှစ်ဆယ်သာ ရှိသည်။ ဘာမှ မဖြစ်လောက်။

"ကောင်းပြီလေ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ" ဟုပြောရင်း ချာလီကပြုံးသည်။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ ချာလီက တစ်ချက်ကလေး ဆိုင်းမနေဘဲ ကောက်ကိုင်သည်။ အီတလီလို ခပ်မြန်မြန် ပြောနေသည်။ ပြီးတော့ စကားပြောခွက်ကို လက်နှင့်အုပ်ရင်း ဆမ်ကို လှမ်းပြောသည်။

"ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက်က ဆရာကြီးကို ရုပ်ရှင်ကားတစ်ကား ပြကြည့်ချင်လို့ပါတဲ့"

"ဘာကားလဲ"

"ရှုံးရှုံးမိုက်မိုက် မိန်းကလေးဆိုတဲ့ကားပါ"

"ကြည့်သင့်တဲ့ကားလား"

"မကြည့်သင့်ပါဘူး၊ ဒီကားနဲ့ အချဉ်ဖမ်းဖို့ သူကြိုးစားနေတာ နှစ်နှစ်လောက် ရှိသွားပြီ၊ ကုမ္ပဏီကြီးတိုင်းက လက်လှန်လွှတ်လိုက်တာချည်းပါပဲ"

"ငါစိတ်မဝင်စားဘူးလို့ ပြောလိုက်"

ချာလီက စကားတစ်ခွန်းနှစ်ခွန်းပြောပြီး ဖုန်းကို ပြန်ချသည်။

"ဘယ်လိုကားမျိုးကို ဆရာကြီး လိုချင်တယ်ဆိုတာ သိရမယ်ဆိုရင် ကျွန်တော် ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရောင်စုံဖြစ်ရမယ်၊ အစ်ကိုကာလသားကြိုက် ဖြစ်ရမယ်၊ ဈေးပေါ်ရမယ်၊ အမေရိကန်မှာ ပြန်ပြရင် ပိုက်ဆံရနိုင်တဲ့ကား ဖြစ်ရမယ်"

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် သဘောပေါက်ပါပြီ၊ အစ်ကရပ်စ်ဆိုတဲ့ ရုပ်ရှင်ကားတစ်ကား ရှိပါတယ်၊ အတောင်တပ်ပြီး ကောင်းကင်မှာ ငှက်တွေလိုပျံဖို့ ကြိုးစားတဲ့ လူငယ်လေးတစ်ယောက်အကြောင်း ဒဏ္ဍာရီပုံဝတ္ထုကို အခြေခံရိုက်ထားတဲ့ကား ဖြစ်ပါတယ်၊ ထုတ်လုပ်သူမှာ ငွေကြေးအကျပ်အတည်း ပေါ်နေပါတယ်၊ ဈေးချောင်ချောင်နဲ့ ရနိုင်ပါတယ်၊ ဆရာကြီးလိုချင်တဲ့ ကားမျိုးလည်း ဖြစ်ပါတယ်"

"သဘောကျသွားပြီကွာ၊ သူ့ကားကိုကြည့်ဖို့ ဖုန်းဆက်ပြီး စီစဉ်စမ်း"

သူတို့နှစ်ယောက် ဇာတ်လမ်းက ထိုသို့စခဲ့ခြင်း ဖြစ်သည်။ ချာလီမှာ သူပြောသလို လူတော်တစ်ယောက်ဖြစ်သဖြင့် ဆမ် ကံကောင်းသွားသည်။ အစ်ကရပ်စ်အမည်ရှိကားကို ဝယ်ဖြစ်သည်။ အမေရိကန်ပြည်တွင် ငွေတွေ သောက်သောက်လဲ ရလိုက်သည်။ ချာလီကို အီတလီနိုင်ငံဆိုင်ရာ ရုံးခွဲတွင် မန်နေဂျင်းဒါရိုက်တာအဖြစ် ခန့်အပ်ပြီး တစ်ပတ်လျှင် ဒေါ်လာ သိန်းရာအထိ လခတိုးပေးလိုက်သည်။

သူ၏ ယုံကြည်စိတ်ချရသော ရာသက်ပန်တပည့်တစ်ယောက် ဖြစ်သွားတော့ သည်။

□

အခန်းထဲမှာ မှောင်နေသည်။ တစ်စုံတစ်ယောက်က သူ့ပခုံးကို လာကိုင်သည်။ ထို့ကြောင့် တစ်ဖက်သို့လှိမ့်ပြီး ကြည့်လိုက်သည်။

"ရှစ်နာရီထိုးတော့မယ် ဆရာကြီး၊ ခဏနေရင် မာရီလူး ရောက်လာတော့မယ်" ဟု ချာလီကပြောသည်။

"ဟုတ်လား၊ ငါ ရေချိုးလိုက်ဦးမယ်ကွာ၊ ကက်ပရီစီယိုဟိုတယ်မှာ ညစာကြိုမှာထား လိုက်" ဟုပြောရင်း ကုတင်ပေါ်မှ ဆင်းသည်။

"ဒီမှာပဲကျွေးဖို့ ကျွန်တော် မှာထားပြီးပါပြီ"

ဆမ်က သူ့ကိုလှမ်းကြည့်သည်။

"တော်ပါ့မလားကွ၊ မာရီလူးဟာ ကြေးစားမဟုတ်ဘူးနော်၊ ရှုပ်ကုန်မယ်"

"သူဟာ အီတလီရုပ်ရှင်မင်းသမီးပါပဲခင်ဗျာ" ဟု ချာလီက ခပ်ပြတ်ပြတ် ပြန်ပြော သည်။

"ဒါပေမယ့် နစ်ကီရှိသေးတယ်လေကွာ"

"အခုဟာ သူ့အစီအစဉ်ပဲလေ ဆရာကြီးရဲ့၊ မဟုတ်ဘူးလား"

ဆမ်က ဘာမှမပြောတော့ဘဲ ရေချိုးခန်းဆီသို့ သွားသည်။

ထုံးစံအတိုင်းပင် မာရီလူးမှာ တစ်နာရီလောက် နောက်ကျနေသည်။ သူ့ကိုစောင့်ရင်း အရက်သောက်နေသည့် ဆမ်မှာ အတော်ကလေး မူးနေသည်။ တံခါးခေါင်းလောင်းသံ ကြားသောအခါ ထိုင်ရာမှ သူထသည်။ အနည်းငယ် ယိုင်နေသည်။ ချာလီက တံခါးသွားဖွင့်

www.burmeseclassic.com

www.burmeseclassic.com


ပေးသည်။

မာရီလူးကို မြင်လိုက်သည်နှင့် မယုံကြည်နိုင်ဖွယ် ကောင်းလောက်အောင်ပင် သူ ချက်ချင်း အမူးပြေသွားသည်။ အမူးပြေလောက်အောင် လှပသော မိန်းကလေးဖြစ်သည်။

မာရီလူးက သူ့ဆီကိုလာသည်။ သူက ပါးကိုနမ်းပြီး နှုတ်ဆက်သည်။

"ကျွန်မကို စိတ်မဆိုးတဲ့အတွက် ဝမ်းသာပါတယ် ဆမ်"

"ဒါလောက်လှတဲ့ မိန်းကလေးကို ဘယ်သူစိတ်ဆိုးနိုင်မှာလဲကွယ်" ဟုပြောရင်း ဆမ်က ပြုံးသည်။

ရော်ဂျာနှင့် ချာလီထွက်သွားသည်ကို သူသတိမထားလိုက်မိပါ။ ဖန်ခွက်နှစ်လုံးထဲသို့ မာရီလူးက ရှမ်ပိန်ထည့်သည်။ ဆမ်ဘင်ဂျမင်ဆီသို့ ဖန်ခွက်တစ်လုံး လှမ်းပေးသည်။

"အထိမ်းအမှတ်အဖြစ် သောက်လိုက်ရအောင် ဆမ်"

ဆမ်က ဖန်ခွက်ကို လှမ်းယူသည်။ တကယ်ဆိုတော့ ရှမ်ပိန်နှင့် ဝိုင်အရက်များကို သူ အလွန်မုန်းပါသည်။

"ဘာအထိမ်းအမှတ်အဖြစ် သောက်ကြမလဲ"

"ကျွန်မတို့နှစ်ယောက် ရုပ်ရှင်အတူတူရိုက်တဲ့ အထိမ်းအမှတ်"

အတူသောက်ကြသည်။ မာရီလူးက ဖန်ခွက်ကိုပြန်ချရင်း ဆမ်ကိုကြည့်သည်။

"ကျွန်မ သိပ်ပျော်နေတယ်"

"ကျုပ်လည်း ပျော်တာပါပဲ" ဟု သူကပြန်ဖြေသည်။

တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ ဆမ်က ထ,သွားသည်။ နယူးယောက်မှာ ရှိနေသည့် စတီဖင်ဂေါက်ထံသို့ ညနေစောစောပိုင်းတုန်းက သူ ဖုန်းခေါ်ထားသည်။ ယခု သူခေါ်ထားသည့်ဖုန်း ရခြင်းဖြစ်သည်။

"ကျုပ် အိပ်ခန်းထဲက သွားပြောလိုက်မယ်၊ ခဏစောင့်ဦးနော်"

မာရီလူးက ခေါင်းညိတ်ပြသည်။ အိပ်ခန်းထဲသို့ ဆမ် ဝင်လာပြီး ဖုန်းကို ကောက်ကိုင်သည်။

"အဲဒီမှာ အီတလီအစားအစာတွေ ဘယ်လိုနေသလဲဆမ်" ဟု စတီဖင်ဂေါက်က မေးသည်။

"မြည်းစမ်းကြည့်ဖို့ အချိန်မရသေးပါဘူးကွာ၊ ဇာတ်ညွှန်းကို ဘယ်လိုသဘောရသလဲ ဆိုတာ သိချင်လို့ ဖုန်းဆက်တာပါ"

"ညီအစ်မနှစ်ဖော်လား"

"ဟုတ်ပါတယ်"

"ဇာတ်လမ်းက လေးလွန်းတယ်၊ ဒါပေမယ့် ကျွန်တော် ကြိုက်ပါတယ်၊ မာရီလူး ဘာဇီနီနဲ့ပတ်သက်ပြီး ကျွန်တော်စဉ်းစားနေတာ တစ်ခုပဲရှိပါတယ်၊ အစ်ကိုကာလသားကြိုက် သရုပ်ဆောင်ရာမှာတော့ သူမတူအောင်တော်တာ မှန်တယ်၊ ဒါပေမယ့် အခုကားမှာ သူ သရုပ်ဆောင်နိုင်ပါ့မလား"

ဆမ်က မော့ကြည့်သည်။ အိပ်ခန်းတံခါး မသိမသာလှုပ်နေသည်ကို မြင်ရသည်။

"ခဏကိုင်ထားဦးနော်" ဟုပြောပြီး ကုတင်ပေါ်မှာ ဖုန်းချထားခဲ့သည်။

တံခါးဆီသို့ သူလျှောက်သွားသည်။ တံခါးကို ရုတ်တရက် ဆွဲဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မာရီလူးမှာ အရှိန်လွန်ပြီး အခန်းထဲသို့ ယိုင်လဲဝင်လာသည်။ သူ့ကို ထိတ်လန့်တကြီးဖြင့် ကြည့်သည်။

ဆမ်က ပြုံးပြသည်။ မာရီလူး၏လက်ကိုဆွဲပြီး ဖုန်းချထားခဲ့သည့် ကုတင်ဆီသို့ ခေါ်လာသည်။ ကုတင်စွန်းမှာ ဝင်ထိုင်ပြီး ဖုန်းကို ပြန်ကောက်ယူသည်။

"စိတ်မရှိပါနဲ့ စတီဖင်. . . အခုန ဘာပြောတယ်"

ဆမ်က စတီဖင်ပြောသည့်စကားများကို မာရီလူးကြားနိုင်စေရန် ဖုန်းကို သူ့နားနှင့် အနည်းငယ် ခွာထားသည်။

"အဲဒီမှာ တစ်ယောက်ယောက် ရှိနေသလား" ဟု စတီဖင်က မေးသည်။

"ဟုတ်တယ်"

"ခင်ဗျား စကားပြောလို့ ဖြစ်နိုင်ရဲ့လား"

"ဖြစ်နိုင်ပါတယ်၊ မာရီလူးကိစ္စ ဘယ်လိုလဲ"

"ဒီဇာတ်လမ်းမှာ မာရီလူး သရုပ်ဆောင်နိုင်ပါ့မလားလို့ ပြောတာပါ၊ သူ သရုပ်ဆောင်နိုင်တယ်ဆိုရင် အခွင့်အရေးကောင်းတစ်ခုပဲ၊ ဒါပေမယ့် ဇာတ်လမ်းသွက်သွားအောင် နည်းနည်းတော့ ပြင်ရလိမ့်မယ်၊ အစ်ကိုကာလသားကြိုက်အခန်း နည်းနည်းပါးပါးထည့်ပေးဖို့ လိုလိမ့်မယ်၊ အများကြီးတော့ မဟုတ်ဘူး"

"မင်းကြိုက်သလို လုပ်ပေးမယ်ဆိုရင် ဒီကားကို မင်းဝယ်မလား"

"အခုတော့ မဖြစ်နိုင်သေးဘူး ဆမ်၊ ကျွန်တော့် ဒါရိုက်တာအဖွဲ့အကြောင်း ခင်ဗျားလည်း အသိသားပဲ၊ တစ်ခုပြီး တစ်ခုလုပ်မှ ဖြစ်မှာ"

"ကောင်းပြီလေ၊ ဝယ်မယ်ဆိုရင် ငွေလေးသိန်းပေးမလား"

"ကျွန်တော် အများဆုံးပေးနိုင်တာကတော့ နှစ်သိန်းခွဲပဲ၊ ဒါတောင် ရုပ်ရှင်ပြီးသွားရင် ကြည့်ချင်သေးတယ်"

"ဒီကားနဲ့ မာရီလူး အကယ်ဒမီရမယ် ဆိုရင်ရော"

"သူသာ သေသေချာချာ သရုပ်ဆောင်နိုင်မယ်ဆိုရင် ရမယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်၊ ခင်ဗျား ဒီကားကို ဖြစ်အောင်ရိုက်တော့မှာလား"

"ဟုတ်တယ်၊ အပေါ်စားတွေရုပ်ပြီး လူလေးစားမယ့်ကား ရိုက်ပါလို့ မင်းပဲ ငါ့ကို ပြောခဲ့တာမဟုတ်လား" ဟု ဆမ်က ပြန်မေးသည်။

"ဟား. . . ဟား. . . ကောင်းပါပြီဗျာ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်တော့်ကို ထည့်တွက်လိုက်ပါ"

"သုံးသိန်းပေးမလား"

"ဟား. . . ဟား. . . ကောင်းပါပြီဗျာ၊ သုံးသိန်းပေးပါ့မယ်၊ ကံကောင်းပါစေ၊ တယ်လီဖုန်းထဲမှာ အသက်ရှူသံ ကြားနေရတဲ့ ခင်ဗျားအနားက မိန်းကလေးကို ကျွန်တော့်အတွက် တစ်ချက်လောက် အသက်ရှူထည့်ပေးစမ်းပါလို့ ပြောလိုက်စမ်းပါဗျာ"

စကားဆုံးသည်နှင့် စတီဖင်က တယ်လီဖုန်းချသွားသည်။ ဆမ်ကလည်း ပြန်ချပြီး မာရီလူးကို လှည့်ကြည့်သည်။

"သူက ဘယ်သူလဲဟင်" ဟု မာရီလူးက မေးသည်။

"ဧရာမ အမေရိကန် ကုမ္ပဏီကြီးတစ်ခုရဲ့ ဥက္ကဋ္ဌ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သရုပ်ဆောင်နိုင်မယ်ဆိုတာကို လူတွေက ဘာဖြစ်လို့ မယုံကြည်နိုင်အောင် ဖြစ်နေကြတာလဲဟင်၊ အစ်ကိုကာလသားကြိုက် အမူအရာပဲ ကျွန်မလုပ်တတ်တယ်လို့ သူတို့ ထင်နေကြတယ်" ဟု မာရီလူးက ဒေါသတကြီး ပြောသည်။

"ဒါလည်း မမှားပါဘူးလေ"

"ဒါပေမယ့် မကြာခင် သူတို့မြင်ရစေ့မယ်၊ ဂျိနာလိုလိုဘရီဂျီဒါနဲ့ ဆိုဖီယာလောရင်း တို့ကို ကြည့်စမ်း၊ သူတို့ ဘယ်လောက်တော်သလဲ"

"မင်းလည်းတော်မှာပါ။ တို့ ဒီကားရိုက်ပြီးရင်လေ"

"တကယ်ထင်တာလား ဆမ်"

မာရီလူး၏ စောစောက ဒေါသသည် ချက်ချင်း ပျောက်ကွယ်သွားတော့သည်။

ဆမ်ဘင်ဂျမင်က ခေါင်းညိတ်ပြသည်။

"နောက်ပြီးတော့ ကျွန်မ အကယ်ဒမီဆုရော ရနိုင်သလားဟင်"

မိမိခိုင်းရာကို မာရီလူး လိုက်နာဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဆမ်က အတပ် သိလိုက်လေသည်။

"ကျုပ်ပြောတဲ့အတိုင်း အနည်းအကျဉ်း ပြင်လိုက်မယ်ဆိုရင် မင်း သေချာပေါက် ရ,ရစေ့မယ်"

မာရီလူးက သူ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"ရှင်ဘာခိုင်းခိုင်း ကျွန်မ သဘောတူပါတော့မယ်ရှင်၊ ရှင်ဟာ ကျွန်မရဲ့ ခေါင်းဆောင် ဖြစ်ပါတယ်၊ အကြီးအကဲဖြစ်ပါတယ်၊ လမ်းညွှန်သူဖြစ်ပါတယ်" ဟုပြောရင်း ဆမ်၏ပေါင်ပေါ် သို့ မျက်နှာအပ်ချလိုက်လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

သူသည် အမြဲတမ်း ကြီးကျယ်သည့် အရာများကိုသာ မျှော်မှန်းခဲ့သည်။ ပထမဆုံး သူမျှော်မှန်းသည့်အရာမှာ သူ့အရပ် ခြောက်ပေနှစ်လက်မရှိဖို့ ဖြစ်သည်။ ရင်အုပ်ကျယ်ကျယ်နှင့် ခေါင့်တင်းကြံ့ခိုင်ရမည်။ မိန်းကလေးများမြင်လျှင် တစ်ကြိမ်ပြန်ကြည့်ပြီး သက်ပြင်းချသွားရမည့်လူမျိုး ဖြစ်ချင်သည်။

ထို့ကြောင့် အရပ်ရှည်အောင် လေ့ကျင့်ခန်းမျိုးစုံ လုပ်သည်။ သို့သော်လည်း ငါးပေခြောက်လက်မထက် ပိုမြင့်မလာနိုင်သည့် အဆုံးကျတော့မှ သူလက်လျှော့လိုက်သည်။ ခြောက်ပေနှစ်လက်မ မဖြစ်နိုင်လျှင် ခြောက်ပေနှစ်လက်မ မြင့်သူကဲ့သို့ လှုပ်ရှားရမည်ဟုလည်း ဆုံးဖြတ်ချက် ချလိုက်ရတော့သည်။

နယူးယောက်မြို့ စီးတီးကောလိပ်မှ ဘွဲ့ရပြီး ဖော့ဒ်ဟမ်တက္ကသိုလ်တွင် ဥပဒေပညာ ဆက်သင်သည်။ ဥပဒေဘွဲ့ရပြီးသောအခါ အမျိုးတစ်ယောက်၏ ဥပဒေရုံးမှာ အလုပ်ဝင်သည်။ သို့သော် သူစိတ်မဝင်စားပါ။ လုပ်ငန်းသေးသေးကွေးကွေးများကို သူလုပ်ချင်သူ မဟုတ်။ ကြီးမားသည့် လုပ်ငန်းကြီးများကလည်း အောင်မြင်နေသည့် ရှေ့နေကြီးများဆီသို့သာ ရောက်သွားကြသည်။ အမှုကြီးလျှင် ရှေ့နေကြီးကြီးကိုသာ ငှားကြသည်။

ထို့ကြောင့် ရှေ့နေလုပ်ငန်းကို ရာသက်ပန် ကျောခိုင်းစွန့်ခွာလိုက်လေတော့သည်။

ထိုအချိန်မှာ ကမ္ဘာ့စီးပွားရေးပျက်ကပ် ဆိုက်နေသည့် (၁၉၃၃) ခု ဖြစ်သည်။ ဘရော့ဒ်ဝေးလမ်းပေါ်ရှိ ရုပ်ရှင်ရုံခပ်သေးသေးကလေးတွင် လက်ထောက်မန်နေဂျာအလုပ်ကို ရရသည်။ လခမပေးလျှင်လည်း အလကားလုပ်ပေးပါမည်ဟူသော စည်းကမ်းချက်ဖြင့် သူ့ကို အလုပ်ခန့်ခြင်းဖြစ်သည်။ သို့သော် ဥပဒေအရ တစ်ပတ်လျှင် (၂၂) ဒေါ်လာနှင့် ဆင့်ငါးဆယ် တော့ မပေးမဖြစ် ပေးရသည်။

(၁၉၃၄) ခုတွင် ရုပ်ရှင်ရုံ အလုပ်သမား သပိတ်များ ပေါ်လာသည်။ သူတို့ရုံမှ မန်နေဂျာ သပိတ်ထဲပါသွားသည်။ သူမန်နေဂျာဖြစ်လာသည်။ တစ်ပတ်လျှင် ဒေါ်လာ(၃၀) ရသည်။ သူ့အတွက် မလုံလောက်ပါ။ သို့သော် သည်အလုပ်ကို သူသဘောကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကို သူကြိုက်သည်။ ထို့ကြောင့် သူ့ရုံမှတင်ထားသည့် ကားတိုင်းကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မလွတ်တမ်းကြည့်သည်။ ကြိုက်သည့်ကားကို အကြိမ်ကြိမ်ကြည့်သည်။ ကြည့်ရင်း စိတ်ကူးယဉ်၍ မဆုံးနိုင်အောင်လည်း ဖြစ်နေမိသည်။

တစ်နေ့တွင် ရုပ်ရှင်ရုံသို့ မြေအောက်ရထားဖြင့် သူအလုပ်ဆင်းလာသည်။ ထိုနေ့က အလွန်ပူအိုက်နေသည်။ လမ်းမများပေါ်မှာ တလှပ်တွေ တရှိန်ရှိန်ထနေသည်။ သူ အလုပ်လုပ်သည့် ရုပ်ရှင်ရုံကို လှမ်းကြည့်သည်။ ပြနေဆဲကား ကြော်ငြာဆိုင်းဘုတ်ကြီး ချိတ်ထားသည်။

'ရုံတွင်း၌ ဒီဂရီ (၂၀) သာ အပူချိန်ရှိသည်' ဟူသော စာတန်းကိုလည်း ထင်ထင်ရှားရှား ချိတ်ဆွဲထားသည်။ လမ်းကိုဖြတ်ကူးလာရင်း လက်မှတ်ရုံရှေ့မှာ ရပ်သည်။

"ဂွဒ်မောနင်း မာဂျီ"

"ဂွဒ်မောနင်း ဆမ်" ဟု လက်မှတ်ရောင်း အမျိုးသမီးက ပြန်နှုတ်ဆက်သည်။

အပေါ်ထပ်သို့ တက်ခဲ့သည်။ မန်နေဂျာခန်းမှာ ကျဉ်းကျဉ်းကလေးဖြစ်သည်။ တံခါးဖွင့်ပြီး အတွင်းဝင်သွားသည်။

နောက်လမည့် ကားများစာရင်းကို သူလှန်ကြည့်သည်။ ငွေများများလိုက်နိုင်မှ ကားကောင်းကောင်းရနိုင်မည့် အဖြစ်ကို စဉ်းစားနေမိသည်။ ထိုအခိုက် တံခါးဖွင့်သံ ကြားသည်။ မော့ကြည့်လိုက်သောအခါ မာဂျီဝင်လာသည်ကို တွေ့ရသည်။

"ညတုန်းက ရှင် ဖုန်းလည်းမဆက်ဘူး" ဟု သူ့ကို အပြစ်ဆိုသည်။

"သိပ်နောက်ကျနေပြီ၊ ကိုယ် ဒီကပြန်တော့ သန်းခေါင်ကျော် တစ်နာရီထိုးနေပြီ၊ မင်း အိပ်နေပြီထင်လို့"

"ကျွန်မ စောင့်နေပါမယ်လို့ ပြောထားသားနဲ့"

မာဂျီက သူ့ဆီသို့ လျှောက်လာသည်။ သူက မတ်တတ်ရပ်ပြီး ဆီးကြိုသည်။ သူတို့ ကိုယ်လုံးချင်း ပူးချိန်မှာပင် ပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာကာ ရုပ်ရှင်ရုံကြီးတစ်ခုလုံး တုန်ခါသွားပြီး သူတို့နှစ်ယောက်လည်း နံရံဘက်သို့ လွင့်သွားသည်။ ရုံးခန်းထဲမှာရှိသည့် ပစ္စည်းများ ပြောင်းဆန်ကုန်သည်။

ကြမ်းပြင်ပေါ်မှာ လဲကျနေသည့်အတိုင်း ခဏကြာအောင် သူငြိမ်နေသေးသည်။ မာဂျီ၏ ကိုယ်လုံးကြီးက သူ့အပေါ် ပိကျနေသည်။ သည်တော့မှ သတိရပြီး မာဂျီကို တွန်းဖယ်ကာ ထ,သည်။

"မင်း ဘာဖြစ်သွားသေးသလဲ မာဂျီ"

"မဖြစ်ပါဘူး၊ ဘာဖြစ်တာလဲဟင်"

ဘာဖြစ်သည်ကို သူ ချက်ချင်းသိလိုက်သည်။ ရုံထဲမှ အော်ဟစ်သံများကို ကြားရသည်။ ယနေ့ သပိတ်တားသူများ ဘာကြောင့်မလာသည်ကို သူ နားလည်သွားသည်။ ဗုံးနှင့် လာခွဲသွားခြင်း ဖြစ်လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

တောင်ပိုင်း ဘုလဗားလမ်းမကြီးပေါ်ရှိ သူ့အဖေ၏ အပ်ချုပ်ဆိုင်ထဲတွင် သူ မသက်သော ထိုင်နေသည်။ သူ့အဖေက ဆိုင်သိမ်းနေရင်း သူ့ကို မကြာခဏလှမ်းကြည့်ကာ တဖျစ်တောက်တောက် ပြောနေသည်။

"မင်းအမေ့ကို ငါ ဘယ်လိုလုပ် ပြန်ပြောရမှာလဲ"

ဆမ်ဘင်ဂျမင်မှာ အသက်သုံးဆယ့်ငါးနှစ် ရှိပြီ။ သို့သော်လည်း မိဘများက သူ့ကို အလေးငယ်တစ်ယောက်လိုသာ မြင်နေတုန်းဖြစ်သည်။ ရောက်ဇီရုပ်ရှင်ရုံကြီးမှာ သူ လက်ထောက်မန်နေဂျာ ဖြစ်နေသော်လည်း သူ့ကို လူလားမြောက်ပြီဟု မထင်။ သူ့လခသည် တစ်ပတ်လျှင် ကိုးဆယ်ဖြစ်သည်။ သူတို့ပတ်ဝန်းကျင်တွင် သူ့လောက် လခများများရသူ တစ်ယောက်မှမရှိ။ သို့သော်လည်း သူ့ကို စိတ်မချနိုင်ကြသေး။

သူ့အဖေက ဆိုင်တံခါးကို သော့ခတ်ပြီး ဆိုင်အပြင်မှာ သူတို့နှစ်ယောက် ရပ်နေကြသည်။ သူ့ကို လှမ်းကြည့်သည်။

"အကျီကြယ်သီးတပ်ထား၊ အအေးမိသွားဦးမယ်"

ခါးကိုင်းစပြုနေသည့် အဘိုးကြီးကို ဆမ်ကကြည့်သည်။ ပြီးတော့ ကြယ်သီးများ တပ်လိုက်သည်။ သူတို့နှစ်ယောက် အိမ်ဘက်သို့ လမ်းအတူ လျှောက်ပြန်လာကြသည်။ သူ့အဖေက ခဏရပ်ပြီး သူ့ကို လှည့်ကြည့်ပြန်သည်။

"မင်း ဘာလုပ်လုပ် ငါမတားခဲ့ဘူး။ မင်းကို ငွေကုန်ကြေးကျ အများကြီးခံပြီး ဥပဒေပညာ သင်ပေးခဲ့တယ်၊ မင်းက ရှေ့နေမလုပ်ချင်ပါဘူးဆိုတုန်းက ငါဘာပြောခဲ့သလဲ"

ဆမ်က ခေါင်းခါပြသည်။

"မင်းအမေဆုတော့တောင် ငါက ပြောတယ်မဟုတ်လား၊ သူ လူလားမြောက်နေပြီ၊ သူကြိုက်ရာလုပ်ပါစေလို့ ပြောခဲ့တယ်မဟုတ်လား၊ ဘာမဟုတ်တဲ့ ရုပ်ရှင်ရုံ လက်ထောက်မန်နေဂျာအလုပ် သွားလုပ်တုန်းကလည်း ငါ ဘာမှမပြောခဲ့ဘူး၊ သူ့အတွက် ကံကောင်းပါစေ သွား သူစိတ်ချမ်းသာရင် ပြီးတာပဲလို့ ပြောခဲ့တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဆမ်က ငြိမ်မြငြိမ်နေသည်။

"ဟို သူဌေးသမီးနဲ့ ယူဖို့ကိစ္စတုန်းက မင်းအကျောက်အကန်ငြင်းတယ်၊ အဲဒီတုန်းက ရော မင်းကို ငါအကျပ်ကိုင်လို့လား၊ သူ့ကိုယူမယ်ဆိုရင် သူ့အဖေက မင်းအတွက် ငွေနှစ်သောင်းအကုန်ခံပြီး ရှေ့နေရုံးခန်း ဖွင့်ပေးမယ်ဆိုတာကို မင်းငြင်းခဲ့တယ်၊ ငါ ဘာပြောသလဲ၊ အရွယ်ရောက်နေတဲ့ အမေရိကန်လူမျိုးတစ်ယောက်အနေနဲ့ သူကြိုက်ရာကို သူလုပ်ပိုင်ခွင့်ရှိတယ်လို့ပဲ ငါပြောခဲ့တယ်မဟုတ်လား၊ နောက်ဆုံးတစ်နေ့မှာ ဂျူးလူမျိုးမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို မယားလုပ်ပြီး အိမ်ခေါ်မလာရင်တော်ပြီလို့ ငါပြောခဲ့တယ်မဟုတ်လား"

ဆမ်က နှုတ်ပိတ်မြဲ ပိတ်ထားသည်။

"ဒါပေမယ့် အခုကိစ္စကတော့ လွန်လွန်းတယ်၊ ငါ သဘောမတူနိုင်ဘူး၊ မင်းအမေကိုရော ဘယ်လိုလုပ် ပြန်ပြောပြရမှာလဲ၊ အတော်မိုက်မဲတဲ့အလုပ်"

သူတို့အိမ်ခန်းရှိသည့် အဆောက်အအုံသို့ ရောက်လာသည်။ အတွင်းသို့ဝင်ပြီး လှေကားအတိုင်း တက်ခဲ့ကြသည်။

"မင်း ကလေးမဟုတ်တော့ဘူး၊ မင်းလုပ်ဖို့မလိုဘူး၊ မင်းကို စစ်ထဲမဝင်မနေရ အမိန့်ထုတ်တဲ့အချိန်မှာ မင်းအသက်က သတ်မှတ်ချက်ထက် လွန်နေပြီ"

"အဲဒါပဲ ပါပါ၊ ကျွန်တော် အခု စစ်ထဲမဝင်ရင် သိပ်နောက်ကျသွားလိမ့်မယ်၊ စစ်တပ်က ကျွန်တော့်ကို လက်ခံတော့မှာ မဟုတ်ဘူး" ဟု ဆမ်က ပြန်ပြောသည်။

"အိုးဟို့ . . . ဒီလိုဝင်ခွင့်မရတာဟာ သိပ်ကိုကြေကွဲဝမ်းနည်းစရာကြီး ဖြစ်သွားရောလား"

သူ့အဖေက လှေကားတစ်ဝက်မှာ ရပ်သည်။ ဆမ်၏ရင်ပတ်ကိုလည်း လှမ်းပုတ်သည်။

"မင်း ဝင်ခွင့်မရတော့ ဘာဖြစ်သွားမှာလဲ၊ ဘာတွေ ဆုံးရှုံးသွားမှာလဲ၊ မင်းခေါင်းကို သေနတ်မမှန်လိုက်ရမှာ စိုးရိမ်နေတာလား၊ မင်းဟာ ဂျူးလူမျိုး၊ အသာနေ၊ သူတို့တိုက်လိမ့်မယ်၊ တိုက်ဖို့ခိုက်ဖို့က သူတို့အလုပ်၊ မင်း ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ပါ၊ ကိုယ့်ကြီးပွားရေးကိုသာ ကိုယ်ကြည့်ပါ"

"အဲဒါ အမှန်ပါပဲ ပါပါ၊ ကျွန်တော်ဟာ ဂျူးလူမျိုးဖြစ်တဲ့အတွက် ဒီအလုပ်ဟာလည်း ကျွန်တော့်အလုပ်ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဂျူးလူမျိုးတွေကမှ ဟစ်တလာကို မဟန့်တားချင်ဘူးဆိုရင် ကျွန်တော်တို့ကိုယ်စား ဘယ်သူက ဟန့်တားပေးမှာလဲ"

❑

သူ စစ်ထဲဝင်ချင်သည်။ ဝင်ခွင့်ရသည်။ ဥရောပရှိ စစ်မြေပြင်သို့ရောက်ဖို့ ကြာကြာစောင့်ရန် မလိုတော့ပါ။ အခြေခံ စစ်သင်တန်းကို တတိယမြောက်နေ့အဖြစ် သူသင်ယူနေသည်။

ထိုနေ့က မနက်ခြောက်နာရီလောက်တွင် ဖြစ်သည်။ မိုးသဲသဲအောက်တွင် စစ်သင်တန်းဆင်းရန် ခိုက်ခိုက်တုန်နေကြသည်။ တစ်နာရီလောက်ကြာတော့မှ နံနက်စာစားရန် ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်ပေးသည်။

တန်းဖြုတ်သည်နှင့် တစ်ပြိုင်တည်း မိုးရေထဲမှာ ဖြတ်ပြေးကာ စားသောက်ဆောင် ရှေ့မှာ နံနက်စာစားဖို့ တန်းစီကြသည်။ ထိုအခိုက် သူ့ကို ဘေးတွန်းထုတ်ခံရသည်။

"ဖယ်စမ်း ဂျူးစုတ်၊ မင်းတို့အတွက် တို့က စစ်တိုက်ပေးနေရတာ လွန်လှပြီ၊ တို့ အရင်စားမယ်၊ ဘေးကိုဖယ်" ဟူသော ခပ်ဆတ်ဆတ်အသံကိုပါ တစ်ဆက်တည်း ကြားလိုက် ရသည်။

သူ ရပ်လိုက်သည်။ ဝင်ပေါက်ကို ပိတ်ထားသည်။ နောက်ပြန်လှည့်ကြည့်သည်။ အမေရိကန် စစ်သားသုံးယောက်ကို တွေ့ရသည်။ နယူးယောက်မြို့ အရှေ့ဘက်ရွှံ့ဗွက်ရပ်ကွက်မှာ ခါမျိုးတွေနှင့် သူ ကောင်းစွာယဉ်ပါးခဲ့ဖူးပြီး ဖြစ်သည်။

"ဘယ်ကောင် ပြောတာလဲကွ" ဟု လေသံပြင်းပြင်းဖြင့် မေးသည်။

သူတို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်သည်။ အရပ်အမြင့်ဆုံး အမေရိကန်စစ်သားက ရှေ့တိုးလာသည်။ သူ့လေသံကလည်း အေးတိအေးစက်ဖြင့် ရန်လို ကြောင်း သိသာနေသည်။

"ငါပြောတာ ဂျူးစုတ်. . ."

သူ့စကားမဆုံးပါ။ ဆမ်က ဆုံးအောင်ပြောခွင့်မပေးပါ။ သူ့အောက်ပိုင်းသို့ ဒူးတစ် ချက် ပစ်သွင်းလိုက်သည်။ ရှေ့သို့ကိုင်းကျလာသော သူ၏နောက်စေ့တည့်တည့်ကို လက်နှစ် ဖက် ပူးယှဉ်ပြီး တင်းပုတ်နှင့် ထုချလိုက်သလို ထုချပစ်လိုက်သည်။ အောက်သို့ ငိုက်အသွား တွင် ရင်ပတ်ကို ပင့်ဒူးတစ်ချက် ပစ်တိုက်လိုက်သည်။

ဒါလောက်နှင့်ပင် လုံလောက်သွားပါပြီ။ အမေရိကန်စစ်သားမှာ ပက်လက်လန်ပြီး ရွှံ့ဗွက်ထဲသို့ ကျသွားသည်။ သတိမေ့ပြီး ထိုနေရာမှာပင် ငြိမ်နေသည်။

အဖြစ်အပျက်က မြန်လွန်းလှသည်။ အားလုံး ဘာလုပ်လိုက်ရမှန်း မသိချိန်မှာပင် ကျန်နှစ်ယောက်ဘက်သို့ ဆမ်က လှည့်သည်။

"ကဲ. . . ဘယ်ကောင် စမ်းချင်သေးသလဲ"

"ဟေ့. . . ဘာဖြစ်နေကြတာလဲကွ" ဟု ဩဇာအာဏာအပြည့်ပါသည့် အသံဖြင့် အော်မေးသံကို ကြားရသည်။

သူတို့အားလုံး သတိအနေအထားဖြင့် ရပ်လိုက်ကြသည်။ သူတို့ရှေ့သို့ ဗိုလ်ကြီး တစ်ယောက် ရောက်လာသည်။ ရွှံ့ဗွက်ထဲမှာ လဲကျပြီး သတိလစ်နေသည့် စစ်သားကို ငုံ့ကြည့် သည်။

"ဘာဖြစ်တာလဲ" ဟု မေးသည်။

မည်သူကမှ မဖြေပါ။ အားလုံး သတိဆွဲပြီး တောင့်တောင့်ကြီး ရပ်နေကြသည်။

"မေးနေတာ မကြားဘူးလား"

တိတ်မြတိတ်နေကြသည်။ ဗိုလ်ကြီးက ဆမ်ဘက်သို့ လှည့်လာသည်။

"မင်း ပြောစမ်း၊ ဘာဖြစ်တာလဲ"

ဆမ်က သူ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်သည်။

"အဲဒီအပေါ်မှာ ချော်လဲသွားတာပါ ဗိုလ်ကြီး၊ လှေကားနဲ့ ဆောင့်မိသွားတယ်နဲ့ တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လဲနေသည့်စစ်သား သတိပြန်ရလာသည်။ သူ့အဖော်နှစ်ယောက်က ထူပေးဖို့ ပြေးသွားကြသည်။ ဗိုလ်ကြီးက လှမ်းကြည့်သည်။

"မင်းတို့နှစ်ယောက် ဆေးခန်းလိုက်ပို့လိုက်"

ပြီးတော့ ဆမ်ဘက်သို့ လှည့်လာပြန်သည်။

"မင်းနာမည် ဘယ်သူလဲ ရဲဘော်"

"ဆင်မြူရယ်ဘင်ဂျမင်ပါ ဗိုလ်ကြီး"

"နာရီဝက်အတွင်း ငါ့ဆီ သတင်းလာဖို့"

ဆမ် အလေးပြုချိန် မရလိုက်မီမှာပင် ဗိုလ်ကြီးက လှည့်ထွက်သွားသည်။

နောက်နာရီဝက်ကြာတော့ ဗိုလ်ကြီး၏ ရုံးခန်းထဲက စားပွဲရှေ့တွင် ဆမ် ရပ်လျက်သား ရှိနေသည်။

"ဒီလို သတ်ရပုတ်ရတာကို မင်း ဘယ်မှာလေ့လာခဲ့သလဲ"

"အင်မတန်ဆိုးသွမ်းတဲ့ ပတ်ဝန်းကျင်မှာ ကျွန်တော် ကြီးပြင်းခဲ့ရပါတယ် ဗိုလ်ကြီး"

ဗိုလ်ကြီးက သူ့ရှေ့ရှိ စာရွက်စာတမ်းများကို ငုံ့ကြည့်နေသည်။ ပြီးတော့မှ ပြန်မော့လာသည်။

"မင်း ဘာဖြစ်လို့ ဒီကောင်တွေနဲ့အတူတူ သင်တန်းလာတက်တာလဲ၊ ဘာဖြစ်လို့ ဗိုလ်သင်တန်းကို မလျှောက်တာလဲ၊ ပုံစံနှစ်ဆယ်မှာဖြည့်ထားတဲ့ မင်းရဲ့ ပညာအရည်အချင်းနဲ့ ဗိုလ်သင်တန်း လျှောက်နိုင်တာပဲ"

"ဂျာမန်တွေကို အမြန်ဆုံးတိုက်ချင်လို့ ရိုးရိုးရဲဘော်အဖြစ်နဲ့ ကျွန်တော် ဝင်လာတာပါ ဗိုလ်ကြီး"

ဗိုလ်ကြီးက ခေါင်းညိတ်သည်။ စာရွက်များကို ပြန်ငုံ့ကြည့်ပြန်သည်။ "မင်း အတော်မိုက်တဲ့ သတ္တဝါပဲ" ဟုပြောရင်း စာရွက်ပေါ်တွင် တစ်စုံတစ်ရာကို ရေးခြစ်သည်။ ပြီးတော့ တံဆိပ်တုံးနှိပ်ကာ ဆမ်ဘက်သို့ ထိုးပေးသည်။

"အဲဒီမှာ လက်မှတ်ထိုး"

ဆမ်က သူ့ကိုကြည့်သည်။

"ဘာအတွက်လဲ ဗိုလ်ကြီး"

"မင်း ဗိုလ်သင်တန်းတက်ဖို့ ငါ ထောက်ခံလိုက်တာ၊ မင်း အခုလို ဟိုကောင်တွေနဲ့ ဖြစ်ခဲ့ပြီးမှ သူတို့ကြားကို ငါပြန်ပို့လို့ဖြစ်မလားကွ၊ မင်း ဂျာမန်ကို မတိုက်ရခင် ဟိုကောင်တွေကြားမှာ အရိုးတခြား အသားတခြား ဖြစ်သွားမှာပေါ့"

နှစ်နာရီမပြည့်မီမှာပင် စခန်းကို ကျော်ခိုင်းထွက်ခွာသွားသည့် မော်တော်ကားပေါ်တွင် ဆမ်ဘင်ဂျမင် လိုက်ပါသွားရလေတော့သည်။ အတော်ကလေး စိတ်သက်သာရာလည်း ရသွားသည်။ သည်စခန်းတွင် သုံးရက်မျှ နေလိုက်ရုံဖြင့် သူသည် သာမန်ရဲဘော်တစ်ယောက်အဖြစ် မနေအပ်ကြောင်း ယုံကြည်သွားလေသည်။

နောက် သုံးလခန့်ကျော်ကျော် ကြာမြင့်သောအခါ ခွင့်ရက်ဖြင့် သူ အိမ်ပြန်လာသည်။ ပခုံးပေါ်ရှိ ဒုဗိုလ်အမှတ်အသားက တောက်ပြောင်နေပြီး ယူနီဖောင်းကလည်း သပ်ရပ်နေလေသည်။

အမေက သူ့ကိုမြင်လျှင်မြင်ချင်း ချုံးပွဲချ ငိုလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


"မင်းကို သူတို့ ဘာလုပ်ပစ်လိုက်ကြတာလဲဟင်. . . ၊ မင်း အရှမ်းကို ပိန်သွားတော့ ပါလား"

အမှန်တော့ သူပိန်သွားခြင်း မဟုတ်ပါ။ ကိုယ်ရည်စစ်သွားခြင်းသာ ဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များမှာ သူ သုံးနှစ်ကြာ စစ်မှုထမ်းခဲ့ရသည်။

ဂျာမန်တစ်ယောက်ကိုမှ မမြင်တွေ့ခဲ့ရ။ သေနတ်တစ်လက်မှ မကိုင်ခဲ့ရ။ တစ်ချက်မှ ပစ်ခဲ့ရ။

တပ်ဖွဲ့များအတွင်း၌ သူ ရုပ်ရှင်ကောင်းကောင်း ပြတတ်ကြောင်း သိသွားသောအခါ ရုပ်ရှင်ပြဖို့ တာဝန်ပေးလိုက်သည်။

တပ်ဖွဲ့ပေါင်းစုံတို့၏ အနားယူစခန်းများသို့လှည့်ကာ ရုပ်ရှင်ပြသ,ရင်းဖြင့် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသည်အထိ အချိန်ကုန်ခဲ့ရလေတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

"ဩ. . . မင်းက သူ့ရဲကောင်းကြီးပေါ့လေ" ဟု ချုပ်ပြီးသား ဘောင်းဘီတစ်ထည်ကို မီးပူတိုက်နေသည့် သူ့အဖေက သူ့ကိုမော့ကြည့်ပြီး ပြောသည်။

"အခုလို သူရဲကောင်းကြီးဖြစ်လာတော့ ဘာအကျိုးရှိသလဲ၊ မင်း ဘာအလုပ်မှလည်း မရသေးဘူးလေ"

ဆမ်မှာ မနေတတ်မထိုင်တတ်ဖြင့် ထိုင်နေသည်။ သူ့အဖေကို လှမ်းကြည့်သည်။ အဖေ့မျက်နှာမှာ အပူရှိန်ကြောင့် နီရဲနေသည်။

"ကျွန်တော် သူရဲကောင်းမဟုတ်ပါဘူး ပါပါ"

"မင်းရင်ပတ်မှာ တံဆိပ်တွေ အများကြီးချိတ်ထားတာ သူရဲကောင်းပေါ့ကွ"

ဆမ်က ဘာမှမပြောတော့ပါ။ ရင်ပတ်မှ တံဆိပ်များသည် မြောက်အာဖရိက၊ အင်္ဂလန်၊ စစ္စလီ၊ အီတလီ၊ ပြင်သစ်စသည့် နိုင်ငံများတွင် စစ်မှုထမ်းခဲ့သည့် အထိမ်းအမှတ် အဖြစ် တပ်ဆင်ခွင့်ပြုခြင်းဖြစ်ကြောင်း အကြိမ်ပေါင်းများစွာ သူရှင်းပြခဲ့ရပြီဖြစ်သဖြင့် ထပ်မံ ရှင်းပြလိုစိတ် မရှိတော့။

"ကဲ. . မင်းဘာလုပ်မှာလဲ၊ ပြောစမ်းပါဦး၊ မင်း ဘာအလုပ်မှ ရမှာလည်းမဟုတ်ဘူး ရောက်ဇီရဲ့က အလုပ်ဟောင်းကိုလည်း မင်း ပြန်မလုပ်ချင်ဘူး၊ အိမ်ကိုလည်း ပြန်လာမနေချင် ဘူး၊ မင်းအမေရဲ့အသည်းကို မင်းခွဲနေတာပဲ၊ မင်းအသက်လေးဆယ်ပြည့်နေပြီ၊ ကလေးလေး မဟုတ်တော့ဘူး၊ မင်းဘာလုပ်ချင်တာလဲ"

"တခြားလူတစ်ယောက်အတွက် လုပ်ပေးနေရတာကို ကျွန်တော် ငြီးငွေ့လှပါပြီ ပါပါ၊ ကျွန်တော့်ကိုယ်ပိုင် ရုပ်ရှင်ရုံဝယ်ဖို့ ကျွန်တော်ကြည့်နေတယ်" ဟု ဆမ်က ပြန်ပြောသည်။

"အိုးဟို. . . တကယ့်ဧရာမ ပုဂ္ဂိုလ်ကြီးပါလား၊ တကယ့်ပုဂ္ဂိုလ်ကြီးကိုမှ ငါက သား တော်နေရတာကိုး၊ ကဲ ပြောစမ်းပါဦး ပုဂ္ဂိုလ်ကြီးရယ်. . . ခင်ဗျားက ဘယ်ကများ ပိုက်ဆံ တဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေက မီးပူအတိုက်ရပ်ပြီး သူ့ကို လှမ်းကြည့်မေးသည်။

"ကျွန်တော်စုထားတဲ့ငွေ အနည်းအကျဉ်းရှိပါတယ် ပါပါ"

"ဩ. . ငွေစုထားသလား၊ ဘယ်လောက်ရှိသလဲ"

"တစ်သောင်းလောက် ရှိပါတယ်"

သူ့ကို အထင်ကြီးသည့် အမူအရာ ပေါ်သွားကြောင်း ဆမ်က သတိထားလိုက်မိသည်။

"တစ်သောင်း. . . ဒါလောက်များတဲ့ငွေတွေ မင်း ဘယ်ကသွားရလာတာလဲ၊ ဘာညစ်ပတ်မှုမလုပ်ဘဲ ဒီလောက်ငွေတွေရထားရင် မင်းကို ထောင်ထဲထည့်ပစ်လိုက်လိမ့်မယ်နော်"

ဆမ်က ပြုံးသည်။

"မဟုတ်ပါဘူး ပါပါ၊ ကျွန်တော့်လခတွေကို စုထားခဲ့တာပါ"

"ဒီအတိုင်းဆိုရင် မင်းဟာ ထင်သလောက် မမိုက်မဲသေးဘူးပေါ့၊ အဲဒီလောက်ငွေနဲ့ မင်းဆိုင်ခန်းဝယ်လို့ရော လောက်ပါ့မလား"

"ကျွန်တော်မြင်ထားတဲ့ ရုပ်ရှင်ရုံကို ဝယ်မယ်ဆိုရင်တော့ လောက်ပါတယ်၊ တကယ်လို့ ဆိုရင်လည်း ချေးရငှားရမှာပေါ့ ပါပါ"

အဘိုးကြီးက မီးပူမတိုက်သေးဘဲ စဉ်းစားနေသည်။

"မင်း ငါ့ကို ကတိတစ်ခုပေးစမ်း"

"ဘာများလဲ ပါပါ"

"မင်း ငွေချေးဖို့လိုတယ်ဆိုရင် သူစိမ်းတွေဆီမှာ သွားမချေးနဲ့၊ မင်းအဖေနဲ့ အမေဟာ သူတို့ရဲ့ တစ်ဦးတည်းသောသားကို ငွေထုတ်မချေးနိုင်လောက်အောင် ဆင်းရဲနေတာ မဟုတ်ဘူး"

❑

(၄၂) လမ်းရှိ ရုပ်ရှင်ရုံမှ သူထွက်လာပြီး အမိုးအောက်မှာ ရပ်နေသည်။ အရှေ့ဘက်ရှိ အဋ္ဌမရိပ်သာဘက်သို့ မျှော်ကြည့်သည်။ ရုပ်ရှင်ရုံပေါင်းများစွာကို ပြိုးပြိုးပြက်ပြက် မြင်တွေ့နေရသည်။

နောက်ဘက်ကိုပြန်လှည့်ပြီး သူထွက်လာခဲ့သည့် ရုပ်ရှင်ရုံကို ပြန်ကြည့်သည်။ အခြားရုပ်ရှင်ရုံများနှင့် နှိုင်းယှဉ်လျှင် သေးငယ်လွန်းနေသည်။

ပွဲစား ထွက်လိုက်လာသည်။ သော့ပြန်ခတ်ရာမှာ ပေသွားသည့် သံချေးများကို လက်ကိုင်ပုဝါနှင့် သုတ်နေသည်။

"ဆေးပြန်သုတ်လိုက်ရုံပါပဲ မစ္စတာဘင်ဂျမင်၊ ပြီးရင် လုပ်ငန်းစ,လို့ရပြီ" ဟု ပွဲစားက ပြောသည်။

"မလိုချင်ပါဘူးဗျာ" ဟု ဆမ်က ကောက်ကာငင်ကာ ပြောချလိုက်သည်။

"ခင်ဗျား မှားသွားမယ်နော်၊ ဝယ်တဲ့လူတွေ အရမ်းများနေတာ၊ ဒါကို လက်လွတ်သွားရင်. . ."

"ကျုပ်လိုချင်တဲ့ရုံမျိုးက ဒါမျိုးမဟုတ်ဘူး" ဟု ဆမ်က စကားပြတ် ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမှာရှိနေတဲ့ ပိုက်ဆံကလေးနဲ့ ဘီကျောရုံမျိုးကို လိုချင်နေပြီနဲ့တူတယ်" ဟု ပွဲစားက လှောင်သလိုလိုပြောသည်။

"အဲဒီရုံကမှ ကောင်းဦးမယ်၊ အဲဒီရုံကိုရနိုင်အောင် ခင်ဗျားလုပ်ပေးနိုင်မလား"

"လခတ တစ်လငါးထောင်၊ စဘော် တစ်သောင်း၊ တစ်လတွက် လဆန်းတိုင်း ကြိုပေးရမယ်၊ စစချင်း နှစ်သောင်းကုန်ရောမဟုတ်လား၊ သမဂ္ဂကြေးက ခုနှစ်ထောင်၊ လျှပ်စစ်အတွက် သုံးထောင်၊ အားလုံး သုံးသောင်းဖြစ်သွားပြီ၊ ပြန်ပြင်ရမှာက ငါးထောင်၊ သုံးသောင်းခွဲကျမယ်"

ဆမ်က သူသုံးနိုင်သည့် ငွေကြေးပမာဏကို စိတ်ထဲမှာ တွက်ကြည့်နေသည်။ သူ့လက်ထဲမှာ တစ်သောင်းခွဲရှိနေသည်။

"အလုပ်သမားစရိတ်က တစ်ပတ်ကို ထောင့်လေးရာလောက် ရှိနေတာကိုလည်း မမေ့နဲ့နော်၊ ဘရော့ဒ်ဝေး လမ်းမပေါ်မှာဆိုတာက လခပေါပေါနဲ့ ပေးငှားလို့ရနိုင်တာမဟုတ်ဘူး"

ဆမ်က ခေါင်းညိတ်ပြသည်။

"သွားကြည့်ကြရအောင်လေ"

"ခင်ဗျား တတ်နိုင်မယ်ထင်လို့လား" ဟု ပွဲစားကမေးသည်။

"တွေ့တွေ့ဆိုင်ဆိုင် မေးကြည့်ပြီးမှ ပြောလို့ရမှာပေါ့"

တွေ့တွေ့ဆိုင်ဆိုင် မေးမြန်းကြည့်သောအခါ လက်ထဲမှာ သုံးသောင်းခွဲရှိမှ အလုပ်ဖြစ်နိုင်မည်ဟု သိရသည်။

ဆမ်သည် သူ့အဖေ၏ အပ်ချုပ်ဆိုင်ထဲမှာ ထိုင်နေသည်။ နီးဂရိုးအလုပ်သမားကြီး မီးပူတိုက်နေသည်ကို ကြည့်နေမိသည်။

"ငွေလိုရင် သူစိမ်းဆီမသွားပါနဲ့ဆိုလို့ ပါပါ့ဆီကို ကျွန်တော် ပထမဆုံး လာခဲ့တာပဲ" ဟု ဆမ်ကပြောသည်။

"မင်း ဘယ်လောက်လိုသလဲ" ဟု သူ့အဖေက မေးသည်။

"ဒေါ်လာနှစ်သောင်း"

"အကျိုးရှိမယ့် ရင်းနှီးမြှုပ်နှံမှုလို့ရော ထင်သလား"

"ကျွန်တော့်မှာရှိသမျှ ပိုက်ဆံအားလုံးတောင် ပုံအောလိုက်ပြီပဲ၊ ကျွန်တော့်မှာ တစ်သောင်းခွဲရှိတယ်"

သူ့အဖေက ခဏငြိမ်နေသည်။ ပြီးတော့ စားပွဲနောက်သို့သွားပြီး အံဆွဲဖွင့်သည်။ ဆမ်ကို လှမ်းကြည့်ပြီး မေးသည်။

"ချက်လက်မှတ်မှာ ဘယ်လောက် ရေးလိုက်စေချင်သလဲ"

❑

ရုပ်ရှင်ရုံမဖွင့်မီမှာပင် သူ့ဘဝ ပျက်ရတော့မလို ဖြစ်နေသည်။ ရုပ်ရှင်ဖြန့်ချိရေးဌာနများက မတန်တဆကြေးများ တောင်းနေသည်။ သူတို့တောင်းသည့်ဈေးနှုန်းကို သူမပေးနိုင်၊ မပေးနိုင်လျှင် နောက်ဆယ်ရက်အကြာတွင် သူ ရုပ်ရှင်ရုံ ဖွင့်နိုင်မည်မဟုတ်၊ နောက်ဆယ်ရက်နှင့်မှ မဖွင့်နိုင်လျှင် သူတရားစွဲခံရတော့မည်။ သူ့မှာရှိသမျှ အားလုံးတက်တော

www.burmeseclassic.com

www.burmeseclassic.com



...သည်။

သူ...နေ့ခန်းကလေးထဲမှာထိုင်ပြီး စာရွက်စာတမ်းများကို စိတ်ပျက်လက်ပျက် စစ်ဆေး...သည်။

...တံခါးခေါက်သံကြားရပြီး လူတစ်ယောက် ဝင်လာသည်။ မော့ကြည့်လိုက်သော...ရှည်ရှည် ရှပ်ရည်သနားကမား လူတစ်ယောက်ကို တွေ့ရသည်။

"မစ္စတာဘင်ဂျမင်လား" ဟု ထိုသူကမေးသည်။

"ဟုတ်ပါတယ်" ဟုဖြေရင်း သူက ခေါင်းညိတ်ပြသည်။

ထိုသူက ရှေ့သို့တိုးလာပြီး အိတ်ထဲမှ ကတ်ပြားကလေးတစ်ခုနှိုက်ကာ စားပွဲပေါ်...သည်။

"အဲဒါ ကျွန်တော့်ကတ်ပြားပါပဲ" ဟု ပြောသည်။ သူ့အသံ နည်းနည်းဝဲနေသည်။ ...ငုံ့ကြည့်သည်။

"အားလိန်းဆိုလ်ဇက်၊ ဆဗင်ကာ ရှပ်ရှင်ကုမ္ပဏီ" ဟု ရေးထားသည်။

"ကျွန်တော်က ဆွီဒင်ရှပ်ရှင်ကုမ္ပဏီတစ်ခုရဲ့ ကိုယ်စားလှယ်ပါ၊ ကျွန်တော်တို့ ရှပ်ရှင်...ပြုဖို့ ဘရော့ဒ်ဝေးလမ်းမှာ ရှပ်ရှင်ရုံရှာနေပါတယ်၊ ခင်ဗျားစိတ်ကြိုက် ရွေးနိုင်လောက်...ကျွန်တော်တို့မှာ ကားအမြောက်အမြား ရှိပါတယ်"

ဆမ်က ကတ်ပြားကို ငုံ့ကြည့်သည်။ ပြီးတော့ မစ္စတာဆိုလ်ဇက်ဆိုသူကို မော့ကြည့်...သည်။ သူ့မှာ ဘေးကျပ်နံကျပ် ဖြစ်နေရသည့်အချိန် ဖြစ်သည်။ ထို့ကြောင့် ဘာမဆိုလုပ်...ဖြစ်နေသည်။

"အင်္ဂလိပ်အသံ သွင်းထားတာတွေလား" ဟု အားတက်သရော မေးသည်။

"သွင်းမထားပါဘူး၊ တချို့ကတော့ အင်္ဂလိပ်စာတန်းထိုးပါတယ်"

"ဒါဆို မဖြစ်နိုင်ပါဘူး၊ ဘယ်သူမှ လာကြည့်မှာမဟုတ်ဘူး" ဟု ဆမ်က ခပ်တိုတိုပင်...ခဲ့သည်။

"ဒါပေမယ့် ဟိုဘက်လမ်းမှာ အီတလီကားတွေပြနေတာ အောင်မြင်သားပဲ မစ္စတာ...ဘင်ဂျမင်"

"အဲဒီကားက သိပ်ကောင်းတဲ့ကားကိုဗျ"

"ကျွန်တော်တို့ ရှပ်ရှင်တွေကလည်း အင်မတန်ကောင်းပါတယ်ဗျာ"

"ဝမ်းနည်းပါတယ်ဗျာ၊ အင်္ဂလိပ်အသံ သွင်းမထားလို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်...ပါဘူး" ဟု ဆမ်က ပြန်ပြောသည်။

ဆိုလ်ဇက်က စဉ်းစားနေသည်။

"ကားတစ်ကားတော့ ရှိတယ်၊ အမေရိကန်စစ်သား နှစ်ယောက်ပါတယ်၊ ဇာတ်ကား...တစ်လျှောက်လုံး သူတို့နှစ်ယောက်ကတော့ အင်္ဂလိပ်စကား ပြောကြတယ်၊ ကျန်တဲ့ဇာတ်...ကောင်တွေကတော့ ဆွီဒင်ဘာသာနဲ့ ဂျာမန်ဘာသာ ပြောကြတာပေါ့လေ"

"အမေရိကန်တွေရဲ့အခန်း တော်တော်များများ ပါသလား"

"သူတို့နှစ်ယောက်က အဓိက ဇာတ်ကောင်တွေပဲ၊ အဲဒီစစ်သားနှစ်ယောက်က ...သို့ပန်းစခန်းက လွတ်ပြေးသွားတယ်၊ နေပူဆာလှုံတဲ့ စခန်းတစ်ခုကို ရောက်သွားတယ်၊ ...မှာ သူတို့ဝင်နေကြတယ်၊ အများတကာလို အဝတ်အစားမပါဘဲ နေလိုက်တာပေါ့ဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ရယ်ရတယ်၊ ဆေးရောင်စုံကလည်း သိပ်ကိုကောင်းပါတယ်"

"နေပူဆာလွှဲ့တဲ့ စခန်းလား" ဟု ဆမ်က စိတ်ဝင်စားစွာ မေးသည်။

"ဟုတ်ပါတယ်၊ အင်မတန် ကြည့်လို့ကောင်းပါတယ်၊ ခင်ဗျား ကြည့်ကြည့်စေ ပါတယ်"

"အမေရိကန်ပြည်ထောင်စုရဲ့ ဆင်ဆာခွင့်ပြုချက် ရထားပြီးသားလား"

"ရထားပြီးပါပြီ၊ သူတို့ နည်းနည်းပါးပါးဖြတ်ပြီး ပြခွင့်ပြုလိုက်ပါတယ်၊ သူတို့ ခိုင်းတာတွေက ဇာတ်ကားကို ဘယ်လိုမှ မထိခိုက်ပါဘူး၊ ခင်ဗျား သဘောကျမယ်ဆို ကျွန်တော်တို့ ဆွေးနွေးရုံပါပဲ"

"စည်းကမ်းချက်တွေက ဘယ်လိုလဲ"

"တစ်ပင်္ကကို ငါးထောင်နှုန်းနဲ့ ဆယ်ပတ် ကျွန်တော်တို့ ကြော်ငြာပေးမယ်၊ ရုပ်ရှ ကားငှားခက စုစုပေါင်း ဝင်ငွေရဲ့ နှစ်ဆယ်ရာခိုင်နှုန်း ပေးရမယ်၊ ဒါ အနိမ့်ဆုံးဈေးပါပဲ"

"ဘယ်သူက ဖြန့်ချိတာလဲ" ဟု ဆမ်ကမေးသည်။

"ဖြန့်ချိသူ မရှိသေးပါဘူး၊ အဲဒီအတွက် ကျွန်တော်တို့ မစီစဉ်ရသေးဘူး"

ထိုအခါတွင် ဆမ်က မဆိုင်းမတွ ပြန်ပြောလိုက်လေသည်။

"ဒါဆိုယင် ဖြန့်ချိမယ့်သူ ခင်ဗျား အခုရပြီ၊ အမေရိကန် ဖြန့်ချိရေး ကိုယ်စားလှ အဖြစ်နဲ့ ကျွန်တော့်ကိုပေး၊ ခင်ဗျားပြောတဲ့ စည်းကမ်းတွေအားလုံး ကျွန်တော် သဘော တယ်"

"ရုပ်ရှင်ကားကို မကြည့်တော့ဘူးလား" ဟု ဆိုလ်ဇက်က မေးသည်။

"သဘောတူညီချက်ရပြီးမှ ကြည့်ကြတာပေါ့ဗျာ၊ ဆယ်ရက်အတွင်း ဒီရုံကိုဖွင့် တော့မယ်ဆိုတော့ အချိန်လည်း မရှိတော့ပါဘူး"

ရုပ်ရှင်ရုံ စတင်ဖွင့်လှစ်သည့်နေ့တွင် ဆမ်သည် သူ့အဖေ၊ အမေနှင့်အတူ နေ တန်းမှာ ထိုင်ကြည့်နေသည်။ အမေရိကန်စစ်သားနှစ်ယောက် နေပူဆာလွှဲစခန်းသို့ ရော သည့်အခန်းပြသောအခါ ပရိသတ်မှာ တဝေါဝေါ ဖြစ်နေတော့သည်။

သူ့အမေက မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားသည်။ ဆမ်ကိုလည်း အပြ တင်နေသည်။

"အေးအေးကြည့်စမ်းပါကွာ" ဟု သူ့အဖေကပြောသည်။

ဆမ်က သူတို့ဘေးမှထပြီး အပြင်သို့ ထွက်ခဲ့သည်။ နောက်ပွဲအတွက် တန်းစီနေ များက တစ်မျှော်တစ်ခေါ်ကြီး ဖြစ်နေသည်။ ပြတင်းပေါက်ကို ကျော်ကြည့်လိုက်မိပြန်သည်

'ရုံဝင်ခ တစ်ဒေါ်လာ (၂၅) ဆင့်' ဟူသော စာတန်းကို တွေ့ရသည်။

သူ့ရုံးခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ လက်မှတ်ရုံသို့ ဖုန်းလှမ်းဆက်သည်။

"ကိုးနာရီပွဲကစပြီး ဈေးနှုန်းကို တစ်ဒေါ်လာ (၇၅) ဆင့်ကို တင်လိုက်" ဟု အမိ ပေးသည်။

ပြီးတော့ မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး သူ ငိုကြွေးမိလေသည်။

ပထမဦးဆုံးသော အောင်မြင်မှုကြီးကို သူ ရရှိလိုက်လေပြီ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"မစ္စက်မာ့ခ်မင်းဆိုတဲ့ အမျိုးသမီးတစ်ယောက်က တွေ့ချင်လို့တဲ့ မစ္စတာဘင်ဂျမင်" ...တ်မှတ်သိမ်းသူက ဧည့်ခန်းထဲမှ ဖုန်းလှမ်းဆက်သည်။

"ဘယ်သူ. . ."

"မစ္စက်မာ့ခ်စ်မင်း ဆယ်နာရီမှာ တွေ့ဖို့ချိန်းထားတယ်လို့ ပြောပါတယ်" ဟု လက် ...ိမ်းက ရှင်းပြသည်။

သည်တော့မှ သူမှတ်မိသွားသည်။

"အား. . . ဟုတ်သားပဲ၊ အပေါ်ကိုလွှတ်လိုက်"

ဖုန်းကို ပြန်ချသည်။ စားပွဲပေါ်မှာ ရှုပ်ပွနေသည်များ ကြည့်ပျော်ရှုပျော်ဖြစ်သွား ...င် သိမ်းသည်။

လွန်ခဲ့သည့် သောကြာနေ့တုန်းက သူ့မိဘများနှင့် သူ ညစာအတူတူစားခဲ့သည်။ ... အတွင်းရေးမှူးတစ်ယောက် လိုနေကြောင်း သူက ပြောပြမိသည်။

"သူ့အဖေက မျက်နှာကို လက်ကိုင်ပဝါဖြင့်သုတ်ရင်း သူ့ကို လှမ်းမေးသည်။

"ဘယ်လိုအတွင်းရေးမှူးမျိုး လိုချင်တာလဲ"

"ချက်ချက်ချာချာ မိန်းကလေးမျိုး၊ နှစ်ခါပြောပြနေဖို့မလိုတဲ့ မိန်းကလေးမျိုးဆိုပါ ...ပါ၊ ရုံးလုပ်ငန်း အတော်အသင့် ကျွမ်းကျင်ဖို့တော့ လိုတာပေါ့"

"ဒါဆိုရင် မင်းလိုချင်တဲ့မိန်းကလေး ငါ့မှာရှိထားတယ်"

"ဟုတ်သလား" ဟု ဆမ်က မယုံကြည်သလို ပြန်မေးသည်။

"ရှိတယ်၊ မစ္စတာကိုဟင်ကို မင်းမှတ်မိသလား၊ ကြက်သားသည်လေ"

"မမှတ်မိဘူး ပါပါ"

"စစ်ဖြစ်နေတုန်းက ဒီရပ်ကွက်မှာ အကြီးကျယ်ဆုံး ကြက်သားမှောင်ခိုသမားကြီး ...ါဘူး"

www.burmeseclassic.com

www.burmeseclassic.com


"သိပ်ကိုလိမ္မာတဲ့ မိန်းကလေး၊ ရုပ်ချောတယ်၊ ပညာတတ်တယ်" ဟု အခန်းထဲသို့ ဝင်လာသော သူ့အမေကပါ ဝင်ပြောသည်။

"နေပါဦး မာမာ၊ ကျွန်တော်လိုချင်နေတာ အတွင်းရေးမှူးပါ၊ လက်ထပ်ဖို့ မိန်းကလေး ရှာနေတာ မဟုတ်ဘူးနော်" ဟု ဆမ်က ပြန်ပြောသည်။

"သူကလည်း လင်ရှာနေတာ မဟုတ်ပါဘူးကွာ၊ သူ့မှာ သမီးလေးတစ်ယောက်နဲ့ပါ" ဟု သူ့အဖေက ပြောသည်။

"ဒါဆိုရင် သူက အိမ်ထောင်နဲ့ပေါ့"

"ဒီလိုလည်းမဟုတ်ဘူး၊ မုဆိုးမ၊ သူ့ယောကျ်ားက စစ်အတွင်းက သေသွားတယ်၊ သူ အလုပ်ပြန်လုပ်ချင်တယ်လို့ ငါကြားထားတယ်"

"ပါပါက ဘယ်လိုလုပ် ကြားတာလဲ"

"ရော်ဂျာဆီက ကြားတာ၊ ငါ့ဆိုင်ခန်းလခကို လ,တိုင်း သူလာတောင်းတယ်လေ၊ သူ့အဖေ မစ္စတာကိုဟင် ကွယ်လွန်တဲ့အချိန်မှာ အဲဒီအဆောက်အအုံကြီးကို ပိုင်နေပြီ၊ သူပိုင်တဲ့ တခြားအဆောက်အအုံတွေ မြေတွေလည်း အများကြီးပဲ၊ သူသေသွားတော့မှ သူ့သား ရော်ဂျာတို့က သိရတာ၊ ဒါကြောင့် သူလည်း မြေရောင်းမြေဝယ် လုပ်ငန်းတွေ လုပ်နေတယ် သိပ်ဟန်ကျနေတယ်"

"ဒီလိုဆိုရင် သူ့ညီမကို သူက ဘာဖြစ်လို့ အလုပ်မပေးနိုင်ရတာလဲ"

"မင်းနားမလည်ဘူးလား၊ သူတို့က မောင်နှမလေကွာ၊ လုပ်ငန်းထဲမှာ ဆွေမျိုးထည့်ထားလို့ ဘယ်ကောင်းမလဲ၊ နောက်ပြီးတော့ မိန်းကလေးကလဲ ငွေလိုတာမဟုတ်ပါဘူး၊ မစ္စတာကိုဟင်က သူ့သားနဲ့ သမီးအတွက် အမွေတွေ ကောင်းကောင်းထားပစ်ခဲ့တာ"

"ဒီလိုဆို သူက ဘာကိစ္စ အလုပ်လုပ်ချင်ရတာလဲ ပါပါ" ဟု ဆမ်က ထပ်မေးပြန်သည်။

"အိမ်မှာ ဒီအတိုင်း နေ,နေရတာ ပျင်းလို့တဲ့ကွာ၊ မင်းက အတွင်းရေးမှူး လိုချင်နေတယ်မဟုတ်လား၊ ဒီလိုဆိုရင် သူ့ကိုတွေ့ကြည့်လိုက်ပါ၊ မင်း သဘောကျချင်လည်း ကျမယ် မကျချင်ဘဲလည်း ရှိမယ်၊ နောက်ပြီးတော့ မင်းနဲ့တွေ့ဖို့ ငါစီစဉ်ပေးမယ့်အကြောင်း သူ့အစ်ကို ကို ကတိပေးထားပြီးပြီ"

"သိပ်ချစ်စရာကောင်းတဲ့ မိန်းကလေး၊ အရပ်ကမြင့်မြင့်၊ ရော့. . . စွပ်ပြုတ်ထပ်ထည့်လိုက်ဦး"

ဆမ်က စွတ်ပြုတ်ပန်းကန်ကို ကြည့်နေသည်။ သူ့ကို ထောင်ဖမ်းခြင်းဖြစ်ကြောင်း သူ အလိုလိုသိနေသည်။ သို့သော်လည်း လွတ်အောင်ရှောင်ဖို့ သူ့မှာ အကြောင်းမရှိတော့၊ ထို့ကြောင့် မိန်းကလေးကို လက်ခံတွေ့ဖို့သာ ရှိတော့သည်။ မိန်းကလေးကို သူအလုပ်ပေးမည် ထင်လျှင်တော့ ရူးလို့သာ ဖြစ်ရပေမည်။ သူ ဒါလောက်တော့ မတုံးပါ။

"ကောင်းပြီလေ၊ ကျွန်တော် တွေ့လိုက်ပါ့မယ်၊ တနင်္လာနေ့မနက် ဆယ်နာရီ ကျွန်တော့်ရုံးလာဖို့သာ ပြောပေးပါ" ဟု ဆမ်ကပြောသည်။

❑

အဖေနှင့် အမေပြောသည်များအနက် တစ်ခုတော့မှန်သည်ဟု သူစဉ်းစားနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မိန်းကလေးက ရုပ်အတော်ချောသည်။ သူ့ထက် တစ်လက်မလောက် အရပ်ပိုမြင့် သည်။ အညိုရင့်ရောင်ဆံပင်နှင့် မျက်လုံးပြာများပိုင်ရှင် ဖြစ်သည်။

"ထိုင်ပါ"

ဆမ်က သူ့စားပွဲရှေ့မှာရှိသည့် ကုလားထိုင်ကို လက်ညှိုးညွှန်ပြသည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် အခုလို ရှင်နဲ့ ကျွန်မ လာတွေ့ခိုင်းတာဟာ ကျွန်မ ကို ဇော်ကျာရဲ့ ပရိယာယ်အသစ်တစ်ခုလို့ စောစောကထင်တယ်၊ ဒါကြောင့် လာတောင် ချင်ဘူး" ဟု အမျိုးသမီးက ဝင်ထိုင်ရင်း ပြောသည်။

"ဟား . . . ဟား . . . ကျုပ်မိဘတွေကလည်း အဲဒီလိုပဲ ပရိယာယ်ဆင်နေတယ်လို့ ကျုပ် ထင်ထားတာ၊ ဒါကြောင့် မင်းရောက်လာရင် ဒီအလုပ်နဲ့ မင်းနဲ့ မသင့်လျော်ပါဘူးလို့ ပြောဖို့တောင် စဉ်းစားထားပြီးသား" ဆမ်က ရယ်ရင်းပြောသည်။

အမျိုးသမီးကလည်း သူနှင့်အတူ ရောရယ်သည်။ အမျိုးသမီးရယ်ပုံကို ဆမ် သဘောကျသွားသည်။ ဟန်ဆောင်မှု လုံးဝကင်းစင်ပြီး လှိုက်လှဲစွာ ရယ်မောခြင်းဖြစ်သည်။

"အလုပ်က ဘာတွေလုပ်ရမှာလဲ မစ္စတာဘင်ဂျမင်"

ဆမ်က ပတ်ဝန်းကျင်ကို စိတ်ပျက်လက်ပျက်ဖြင့် လှည့်ကြည့်သည်။

"သိတဲ့အတိုင်းပဲလေ၊ လက်နှိပ်စက်ရိုက်တာတို့၊ စာတွေဖိုင်တွဲတာတို့ သိမ်းဖို့လိုတာ တွေ သိမ်းတာတို့ပါပဲ၊ ရုံးရုံးအတွင်းရေးမှူးဆိုတာထက် သာမန်ထက်ပိုပြီးတော်တဲ့ အသိဉာဏ် ရှိတဲ့ မိန်းကလေးတစ်ယောက် လိုချင်နေတာ၊ ကျုပ် ခရီးထွက်နေတဲ့ အခါမျိုးမှာ နောက်ပိုင်း အောင် အုပ်ချုပ်ဖို့ဆိုပါတော့"

"ဒါဆိုရင်တော့ အတော်စိတ်ဝင်စားစရာ ကောင်းတာပဲ" ဟု အမျိုးသမီးကပြော သည်။

"ဟုတ်ပါတယ်၊ ကျုပ်မှာ စီမံကိန်းအကြီးကြီးတွေ ရှိတယ်၊ ဒီလောက်နဲ့ ကျုပ် ရပ်နေမှာမဟုတ်ဘူး၊ ရုပ်ရှင်ရုံတစ်ရုံထက် ပိုများများလုပ်ဖို့ စီစဉ်ထားတယ်၊ ရုပ်ရှင်ဖြန့်ချိတဲ့ လုပ်ငန်းကိုပါ လုပ်ဖို့ရှိတယ်၊ တစ်ကမ္ဘာလုံးကို ရုပ်ရှင်တွေရောင်းဖို့ စီမံကိန်းလည်းရှိတယ်"

"ဒီအလုပ်မျိုးက ကျွန်မစိတ်ဝင်စားတဲ့ အလုပ်မျိုးပါပဲ၊ ကျွန်မနဲ့ပတ်သက်ပြီး သိချင် တာရှိရင်လည်း မေးပါ"

"အလျင်တုန်းက ရုံးတစ်ရုံးရုံးမှာ လုပ်ခဲ့ဖူးသလား"

"လုပ်ဖူးပါတယ်၊ ဟန်းတားကောလိပ်က ကျွန်မ ဘွဲ့ရပြီး ကုမ္ပဏီတစ်ခုမှာ ကျွန်မ အိမ်ထောင်ကျတဲ့အထိ အလုပ်ဝင်လုပ်နေပါတယ်၊ ကျွန်မ လက်ရေးတိုနဲ့ လက်နှိပ်စက်ရိုက် တာတော့ မလုပ်တာကြာလို့ နည်းနည်းနှေးတယ်၊ ဒါပေမယ့် အလေ့အကျင့်ရသွားရင် အဆင်ပြေသွားမှာပါ"

"မင်း အိမ်ထောင်ကျတာ ဘယ်လောက်ကြာသလဲ"

"နှစ်နှစ် . . . နှစ်နှစ်ကြာတော့ ကျွန်မယောက်ျား ဆုံးသွားတယ်၊ ကျွန်မတို့ချင်း အတူနေလိုက်ရတာကတော့ တစ်လတောင်မပြည့်ပါဘူး၊ သူ နိုင်ငံခြားကို ထွက်သွားရတယ်"

"စိတ်မကောင်းပါဘူးကွယ်"

အတော်ကြာအောင် စကားမဆက်မိကြဘဲ ငြိမ်နေမိပြန်သည်။

"ကျွန်မမှာ သမီးလေးတစ်ယောက်ရှိတာရော ရှင်သိသလား"ဆမ်က ခေါင်းညိတ်ပြ

www.burmeseclassic.com

www.burmeseclassic.com


သည်။

"သမီးက သုံးနှစ်ရှိပြီ၊ ကျွန်မ အလုပ်ထွက်လုပ်ပေမယ့် ပြဿနာမရှိပါဘူး၊ ကလေး ထိန်း ကောင်းကောင်းရှိပါတယ်"

"မင်းကို လခတော့ များများစားစားပေးနိုင်မှာ မဟုတ်ဘူးနော်၊ လုပ်ငန်းက အခုမှ စ,တာ"

"လခက အရေးမကြီးပါဘူးရှင်၊ တခြားသိချင်တာများ ရှိပါသေးသလား" ဟု အမျိုး သမီးက မေးသည်။

"ရှိသေးတယ်" ဟုပြောပြီး ဆမ်က သူ့ကိုကြည့်နေသည်။

"ဘာများပါလိမ့်"

"မင်းနာမည်"

အမျိုးသမီးက သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ပြောသည်။

"ဒင်းနိစ်"

❑

ဒင်းနိစ်အလုပ်ဝင်ပြီး နှစ်ပတ်မျှအကြာမှာပင် အခြေအနေအားလုံးကို အုပ်ထိန်းမိ သွားပြီဖြစ်ကြောင်း ဆမ်သိသည်။ ဒင်းနိစ်က စာရင်းဇယားများကအစ စနစ်တကျ ကိုင်တွယ် ပေးသည်။

'ဝရမ်းပြေး'ဟု ဆမ်အမည်ပေးထားသော ဆွီဒင်ရုပ်ရှင်ကားမှ ဝင်ငွေသောက်သောက် လဲ ရနေသည်။ ပြချင်သပ,ဆိုလျှင် ထိုကားကို ရုံပေါ်တွင် တစ်နှစ်တိတိ မဆင်းဘဲ ပြသနိုင်သည်။ နောက်ပြီးတော့ သူကိုယ်တိုင်လည်း ရုံပေါ်မှ မြန်မြန်ချဖို့ မစဉ်းစား။

ရုပ်ရှင်ဖြန့်ချိရေးလုပ်ငန်း လုပ်ကိုင်ရန် သူ စတင်ပြင်ဆင်တော့သည်။ ထိပ်တန်း ကုမ္ပဏီကြီးပေါင်းများစွာက သူ့ကို ကမ်းလှမ်းလာကြသည်။ သို့သော်လည်း သူတို့စည်းကမ်း ချက်များ တင်းကျပ်လွန်းသည်။ ဈေးတွေကြီးသည်။ ကိုယ်တွက် များများစားစား မကျန်နိုင်။ လူပေါင်းများစွာနှင့် သူဆွေးနွေး ညှိနှိုင်းကြည့်သည်။

ကုမ္ပဏီအငယ်ကလေးတွေ ရှိသည်။ သူတို့နှင့်လည်း အဆင်မပြေ။ ပိုက်ဆံများများ စားစား ရ,စရာအကြောင်းမရှိ။ လုပ်ငန်းအောင်မြင်ပြီး ငွေအမြောက်အမြားရနိုင်မည့် နည်း လမ်းများကို သူကြိုးစားရှာသည်။

အရေးကြီးသည်မှာ ကြော်ငြာလုပ်ငန်းကို စနစ်တကျလုပ်နိုင်ဖို့ဖြစ်ကြောင်း မြင်တွေ့ လာသည်။ ရုပ်ရှင်ကားက သိပ်မကောင်းသော်လည်း ကြော်ငြာကောင်းလျှင် လူအများ စိတ်ဝင် စားနိုင်ကြောင်း သိလာသည်။ သို့သော် ထိုအတွက် အစုစပ်လုပ်မည့်သူ ရှာဖို့လိုလာပြန်သည်။

ဘဏ်တိုက်များကို သူ ချဉ်းကပ်ကြည့်သည်။ သို့သော်လည်း ငွေမချေးချင်ကြ။ ရုပ်ရှင်ဖြန့်ချိရေးလုပ်ငန်းမှာ အာမခံချက် လုံလုံလောက်လောက် မရှိသဖြင့် ဟက်ဟက်ပက် ပက် မရှိကြချေ။ ချေးမည်ဆိုလျှင်လည်း သူတို့က အမြတ်ငွေကို တစ်ဝက်ခွဲယူချင်ကြသည်။

နောက်ဆုံးတွင် တစ်ပြည်လုံး၌ ရုပ်ရှင်ရုံဆယ်ရုံ ငှားရမ်းဖို့ စိတ်ကူးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



...များတွင် သူကိုယ်တိုင် ဖြန့်ချိသည့် ရုပ်ရှင်ကားများကို ပြသမည်။

ရုပ်ရှင်ရုံတစ်ရုံအတွက် ကြော်ငြာနှင့် အခြားစရိတ်ငွေ တစ်ပတ်လျှင် ငွေသုံးထောင် ...သည်။ ငါးပတ်တွက်ပေးထားရမည်။ ထို့ကြောင့် တစ်ရုံ တစ်သောင်းခွဲကျမည်။ ဆယ်ရုံဆို ...ှင် တစ်သိန်းခွဲလိုမည်။

သူမှာ ငွေသုံးသောင်းရှိသည်။ သူ့မိဘများထံမှ ငွေနှစ်သောင်းရနိုင်သည်။ ယခင်ချေး ...သည့် ငွေနှစ်သောင်းကို မြန်မြန်ဆန်ဆန် ပြန်ဆပ်နိုင်ခဲ့သဖြင့် ယခုလည်း နှစ်သောင်းလောက် ...ဘာ အလွယ်တကူရမည်။ သို့ဆိုလျှင် ငါးသောင်းရှိမည်။

ဆွိဒင်ရုပ်ရှင်ကုမ္ပဏီက ငါးသောင်းထုတ်ပေးဖို့ ကတိပြုထားသည်။ စုစုပေါင်း တစ် ...ိန်းရပြီ။ သို့သော် ငါးသောင်းလိုနေသည်။

စာရွက်များကို ဘေးသို့တွန်းဖယ်လိုက်ပြီး နာရီကြည့်သည်။ ရှစ်နာရီထိုးတော့မည်။ ...မျက်နှာကိုပွတ်ကြည့်ရင်း စဉ်းစားနေမိသည်။ မုတ်ဆိတ်ရိတ်ပြီး အသင့်ပြင်ဖို့ကောင်းပြီ။ ...င်းနိစ်နှင့် ညစာအတူစားဖို့ ချိန်းထားသည်။ ဒင်းနိစ်လည်း အဝတ်အစားလဲဖို့ အိမ်ပြန်သွား ...သည်။

တယ်လီဖုန်းခေါင်းလောင်း မြည်သည်။

"ဆမ်လား" ဟု ဒင်းနိစ်က မေးသည်။

"ဟုတ်ပါတယ်"

"ရှင်နေကောင်းရဲ့လား" ဟုမေးသည်။

"ကောင်းပါတယ်၊ နည်းနည်းလေးပင်ပန်းနေတာ တစ်ခုပါပဲ"

"ကျွန်မ စိတ်ကူးတစ်ခုရတယ်၊ အပြင်မှာ မိုးတွေသိပ်ရွာနေတယ်၊ အဲဒီတော့ ဘာ ...ဖြစ်လို့ အပြင်ထွက်ပြီး ညစာစားတော့မလဲ၊ ကျွန်မအိမ်ကိုလာပြီး အေးအေးဆေးဆေး အနား ...ယူရင်း စားပါလား၊ အိမ်မှာဆိုတော့ ပိုပြီး သက်တောင့်သက်သာ နေလို့ရတာပေါ့၊ ဟင်းချက် ...စရာတွေ အသင့်ဝယ်ပြီးသားလည်း ရှိနေတယ်၊ မီးဖိုပေါ် တင်လိုက်ရုံပဲ"

"အဲဒါ ပိုကောင်းတာပေါ့၊ ဘယ်အချိန် လာခဲ့ရမလဲ" ဟု ဆမ်က ပြန်မေးသည်။

"အခုလာခဲ့လေ၊ အားလုံး အဆင်သင့်ဖြစ်နေပြီ"

□

ဒင်းနိစ်အိမ် ဧည့်ခန်းထဲမှာ ဆမ် ထိုင်နေသည်။ လက်တစ်ဖက်က အရက်ခွက်ကို ...ကိုင်ပြီး ကျန်လက်တစ်ဖက်က စနိုးဗိုက် ရုပ်ပြစာအုပ်ကို ကိုင်ထားသည်။

"သူက ဘယ်သူလဲဟင် အန်ကယ်ဆမ်" ဟု မီရီယမ်က မေးသည်။

"သူက ဂရမ်ပီ"

"သူ့ကို သမီး သဘောမကျဘူး" ဟု ကလေးငယ်လေးက ပြောသည်။

ဆမ်က ရယ်သည်။ အရက်ခွက်ကို စားပွဲပေါ်တင်ပြီး ကလေး၏ခေါင်းကို ပွတ်သပ် ...ပေးလိုက်သည်။

"သူ့ကို ဘယ်သူမှ သဘောမကျဘူးကွယ်၊ သူက စရိုက်မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com


"သမီးက စရိုက်ကောင်းတယ်၊ ဒါကြောင့် သမီးကို လူတိုင်းသဘောကျတယ်" ဟု မီရီယမ်က ပြောသည်။

"သမီးကို လူတိုင်းသဘောကျတယ်ဆိုတာ ယုံပါတယ် သမီးရယ်"

ကလေးက သူ့ပေါင်ပေါ်မှ ဆင်းသွားသည်။

"အန်ကယ်ဆမ် ပြန်မပြေးနဲ့နော်၊ သမီး စာအုပ်တစ်အုပ် သွားယူဦးမယ်"

"ဒီမှာရှိနေမှာပါ သမီးရယ်"

စောစောကချထားသည့် အရက်ခွက်ကို ကောက်ကိုင်လိုက်သည်။ အခန်းပတ်လည်ကို မျက်စိကစားမိသည်။ အဖေနှင့်အမေ ပြောသည်မှာ မှန်ပါသည်။ ဒင်းနိစ်သည် အလုပ်လုပ်ဖို့မလိုပါ။ သည်အိမ်ခန်းငှားခကပင်လျှင် သူပေးသည့် တစ်ပတ်တွက် လစာငွေထက်များနေသည်။ အခန်းခေါင်းလောင်းတီးသံ ကြားရသည်။

"တံခါးလေး တစ်ဆိတ်လောက် ဖွင့်ပေးလိုက်ပါလား ဆမ်" ဟု ဒင်းနိစ်က မီးဖိုထဲမှ လှမ်းအော်ပြောသည်။

ဆမ်က တံခါးသွားဖွင့်သည်။ ဒင်းနိစ်၏အစ်ကို ရော်ဂျာဖြစ်နေသည်။ အခန်းထဲသို့ ဝင်လာပြီး လက်ဆွဲနှုတ်ဆက်ကြသည်။

"ကျွန်တော် ခဏပဲ နေနိုင်မှာပါ၊ ခင်ဗျားကို ညစာကျွေးဖို့ ဖိတ်ထားတယ်လို့ ဒင်းနိစ်က ပြောလို့ နှုတ်ဆက်ရအောင် ဝင်လာတာပါ" ဟု ရော်ဂျာက ပြောသည်။

မီးဖိုထဲမှ ဒင်းနိစ် ထွက်လာသည်။

"တစ်ခါတည်း ညစာစားသွားပါလား၊ ဟင်းတွေ အများကြီးပဲ"

"အနှောင့်အယှက်ပေးသလို ဖြစ်နေတော့မှာပေါ့" ဟု ရော်ဂျာက ဆမ်ကိုလှမ်းကြည့်ရင်း ပြောသည်။

"အနှောင့်အယှက် မဖြစ်ပါဘူးဗျာ" ဟု ဆမ်က ပြန်ပြောသည်။

"စိတ်ကြိုက်သာ အရက်စပ်သောက်ကြပေတော့၊ ခဏနေယင် အားလုံး အဆင်သင့်ဖြစ်မယ်၊ ကျွန်မ ရော်ဂျာအတွက် တစ်နေရာ ထပ်ပြင်လိုက်ဦးမယ်" ဟုပြောပြီး မီးဖိုထဲသို့ ဒင်းနိစ် ဝင်သွားသည်။

"လုပ်ငန်းအခြေအနေ ဘယ်လိုနေသလဲ" ဟု ရော်ဂျာက အရက်သောက်ရင်း မေးသည်။

"ကောင်းပါတယ်၊ အခုပြနေတဲ့ကားက ဝင်ငွေကောင်းနေတုန်းပဲ"

"ခင်ဗျားရဲ့ ဖြန့်ချိရေးစီမံကိန်းကြီးရော ဘယ်လိုဖြစ်နေသလဲ" ဟု ရော်ဂျာကပင် ဆက်မေးပြန်သည်။

"ဖြည်းဖြည်းပေါ့လေ၊ အချိန်ယူရဦးမယ်" ဟု ဆမ်က ပြန်ဖြေသည်။

"ဘာပြဿနာ ရှိနေလို့လဲ"

"ထုံးစံအတိုင်း ငွေရေးကြေးရေး အခက်အခဲပဲပေါ့ဗျာ"

"ခင်ဗျား ငွေဘယ်လောက်လိုနေသလဲ" ဟု ရော်ဂျာကမေးသည်။

ချက်ချင်း ဆမ်က နားလည်လိုက်သည်။ ညစာစားရုံသက်သက်အတွက် ဒင်းနိစ်က သူ့ကို ဖိတ်ခြင်းမဟုတ်။ ဒါတွေအားလုံး ဒင်းနိစ်က ကြိုတင်စီစဉ်ထားခြင်းသာလျှင် ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



ရော်ဂျာ ပြန်သွားပြီးနောက်တွင် ဧည့်ခန်းထဲမှာ သူတို့နှစ်ယောက် ကော်ဖီထိုင်နေကြသည်။ ဆမ်က ဒင်းနိစ်ကို လှည့်ကြည့်သည်။

"မင်း ဒီလိုလုပ်လိုက်ဖို့ မကောင်းဘူး"

"ကျွန်မက ဒီလိုပဲလုပ်ချင်တယ်လေ၊ ရှင့်ကို ကျွန်မ ယုံကြည်တယ်"

သည်အတိုင်းပဲ ဖြစ်ရပေတော့မည်။ ခဏကြာတော့ ဆမ်၏ရင်ခွင်ထဲသို့ ဒင်းနိစ်လာသည်။ သူ့ခန္ဓာကိုယ်သည် သူထင်ထားမိသလို သေးသေးကွေးကွေးလေး မဟုတ်ကြောင်း ချက်ချင်း ယုံကြည်မှုများ ပေါ်ပေါက်လာသည်။

တံခါးပေါက်ဆီမှ အသံကြားသဖြင့် လှည့်ကြည့်မိသည်။ မီရီယမ် ရပ်နေသည်။ လုံးကို ပွတ်နေသည်။

"သမီး အိပ်မက်မက်လို့" ဟုပြောသည်။

ဆမ်က ကလေးကို သွားကောက်ချီပြီး သူတို့နှစ်ယောက်ထိုင်နေသည့် ညောင်ပေါ်သို့ ခေါ်လာသည်။

"ကောင်းသွားမှာပါ သမီးရယ်" ဟုလည်း ချော့သည်။

ကလေးက သူတို့နှစ်ယောက်ကို တစ်လှည့်စီ ကြည့်နေသည်။

"အန်ကယ်က သမီးရဲ့ဒယ်ဒီ ဖြစ်တော့မလားဟင်"

"သမီးမေမေကို မေးကြည့်ပါလား သမီးရယ်၊ ဒါတွေအားလုံး သူစီစဉ်နေတာပဲနဲ့တယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

"ရှင့်အတွက် အဝတ်အစားသစ် ချုပ်ပေးမှ ဖြစ်မယ်ထင်တယ်" ဟု တစ်ညတွင် ညစာစားရင်း ဒင်းနီစ်က ပြောသည်။

"ဘာလုပ်ဖို့လဲ၊ အခုဝတ်နေတဲ့ အဝတ်အစားတွေက မင်းနဲ့လက်မထပ်ခင်ကလေး တင် ချုပ်ထားတာ၊ အားလုံး အသစ်တွေပဲ" ဟု ဆမ်က ပြန်ပြောသည်။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သာမန်လူဝတ်တဲ့ အဝတ်အစားတွေ ဖြစ်နေ တယ်၊ အောင်မြင်နေတဲ့ လုပ်ငန်းရှင်ကြီးတစ်ယောက် ဝတ်တာမျိုးနဲ့ မတူဘူး"

သူတို့ ဝတ်စုံခြောက်စုံ ဝယ်လာခဲ့သည်။ အားလုံး တစ်ပုံစံတည်းဖြစ်သည်။ အနက် သုံးစုံ၊ အပြာရင့်ရောင် သုံးစုံ။ ထိုဝတ်စုံများကို ဝတ်လိုက်တော့ သူ ပိုကြည့်ကောင်းလာသည်မှာ မှန်သည်။ သာမန်ထက် အနည်းငယ်ခုံပိုမြင့်သော ရှူးဖိနပ်အသစ်ကို စီးလိုက်သောအခါ အရပ်သိပ်ပုသည်ဟု မထင်ရတော့ချေ။

နောက်ရက်အနည်းငယ် ကြာသောအခါ ဆမ်က အိုကလာဟိုးမားမြို့မှ ရုပ်ရှင်ရုံ မန်နေဂျာကို ဖုန်းဆက်ပြီး တအားအော်ဟစ် ကြိမ်းမောင်းသည်။ ဒင်းနီစ်က သူ့စားပွဲမှနေ၍ လှမ်းကြည့်နေသည်။

"ရှင် ဒါလောက်တောင် အော်ဟစ်ကြိမ်းမောင်းနေဖို့ မကောင်းဘူး၊ ဒါလောက် အော်နေတော့ အချိန်ပိုကုန်ပြီး တယ်လီဖုန်းမီတာတွေ ပိုတက်တာပဲ အဖတ်တင်တယ်" ဟု ဒင်းနီစ်က သူစကားပြောပြီးသွားသောအခါ လေအေးဖြင့် လှမ်းပြောသည်။

"မအော်လို့ ငါက ဘယ်လိုပြောရမှာလဲ၊ ဟိုခွေးသားက ငွေနှစ်ထောင် အခြေ ဖြောင်သွားပြီလေ" ဟု သူက ဒင်းနီစ်ကို ပြန်အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . အခုတောင် အော်နေပြန်ပြီ၊ ရှင်နဲ့ကျွန်မ သုံးပေလောက်ပဲ ဝေးတာ"

"ဟုတ်တယ်၊ ငါအော်တယ်၊ ငါစိတ်ဆိုးနေတယ်၊ ဒါကြောင့် အော်တာ"

"လေသံတိုးတိုးနဲ့လည်း စိတ်ဆိုးလို့ ရပါတယ်လေ၊ အဲဒီလိုဆိုရင် လူတွေက ရှင့်ကို ...တောင် လေးစားလာကြဦးမယ်၊ ရှင်ပြောတဲ့စကားကို နားထောင်ဖို့ လူတွေကို အော်စရာ ...ဘူး အော်ဟစ်ကြိမ်းမောင်းခိုင်းစရာ မလိုပါဘူး၊ ရှင်အောင်မြင်နေပြီ၊ ရှင်ကြီးကျယ်နေပြီ၊ ...လေသံကလေးနဲ့ တိုးတိုးပြောရင်လည်း လူတွေက ရှင်ပြောတာကို နားထောင်ကြမှာပါပဲ"

□

နောက်နှစ်တွင် ဆမ်မြူရယ်ဘင်ဂျမင်ဂျူနီယာဟု သူတို့ အမည်ပေးသော သားလေး တစ်ယောက် မွေးဖွားသည်။

ဆမ်၏လုပ်ငန်းများ တိုးတက်အောင်မြင်နေသည်။ တစ်နှစ်လျှင် ငွေငါးသောင်း ...လောက် အမြတ်ရှိနေပြီး အောင်မြင်သည့် စီးပွားရေးသမားတစ်ယောက်အဖြစ် အများ၏ ...စားခြင်းကိုပါ ခံယူနေရသည်။

သူဖြန့်ချိနေသည့် ရုပ်ရှင်ကားများမှာ ပထမတန်းစားတော့ မဟုတ်။ ထို့ကြောင့် အမြတ်များများမရ။ အမြတ်များများရနိုင်သည့် ရုပ်ရှင်ကားများကို ဖြန့်ချိနိုင်အောင် သူကြိုးစား ...သည်။

ဒင်းနိစ်နှင့်လည်း တိုင်ပင်ချိန်သိပ်မရ။ ဒင်းနိစ်မှာ ကလေးနှစ်ယောက်နှင့် အလုပ် ...နေတော့သည်။

အခြေအနေအရပ်ရပ်ကို မျက်ခြည်ပြတ်မခံဘဲ အကဲခတ် သုံးသပ်နေရင်းဖြင့်ပင် ...၅) ခုနှစ်တွင် ဆုံးဖြတ်ချက်တစ်ခုကို သူ ရဲရဲကြီး ချမှတ်လိုက်လေသည်။

သူပိုင်သည့် ရုပ်ရှင်ရုံများကို ရောင်းပစ်လိုက်သည်။ ရုပ်ရှင်ဖြန့်ချိရေး ကုမ္ပဏီကို ...ယ်ဖဲလားစင်တာသို့ ပြောင်းဖွင့်သည်။ ရုပ်မြင်သံကြားများ ပေါ်လာပြီဖြစ်သဖြင့် ရုပ်ရှင် ...ဏီများ အကြီးအကျယ် တုန်လှုပ်နေကြသည်။ တစ်ပြည်လုံးမှာရှိနေသော ရုပ်ရှင်ရုံများ ...ပစ်ရတော့မည့် အခြေအနေမျိုးနှင့် ရင်ဆိုင်နေကြရသည်။

**သူ့အကြောင်းပြချက်ကတော့ ရှင်းပါသည်။ ရုပ်ရှင်ကားကောင်းတစ်ခုကို သာမန်** ...ငြာခြင်းမျိုးထက် ပိုပြီးထူးခြားစွာ ကြော်ငြာရမည်။ သို့မှသာ လူအများ ပိုမိုစိတ်ဝင်စား ...သည်။

နောက်ပြီးတော့ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ လူမျိုးမရွေး ကြည့်နိုင် ...သည့် ရုပ်ရှင်ထုတ်လုပ်ဖို့ကို သူ အားသန်နေသည်။

ထိုသို့သော ရုပ်ရှင်မျိုး ထုတ်လုပ်ဖို့ဆိုလျှင် အီတလီနိုင်ငံကို သွားရမည်။ အီတလီ ...ငံက ထုတ်လုပ်သည့် ရုပ်ရှင်ကားများမှာ အလွန်အောင်မြင်နေသည်။ ဘင်ဟာလို ကားမျိုး ...လျှင် အမ်ဂျီအမ်ကုမ္ပဏီကပင် ပြန်လည်ရိုက်ကူးရသည်အထိ အောင်မြင်သွားသည်။

သူ စိတ်ကြိုက်တွေ့နိုင်သည့် ရုပ်ရှင်ဇာတ်လမ်းများ အီတလီနိုင်ငံတွင် အမြောက် ...များရှိနေကြောင်း သတင်းကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့မှာ ငွေလိုနေသည်။ ငွေရှိမှ သူလုပ်ချင်သည်များကို လုပ်နိုင်မည်။

ဒင်းနိစ်က သူ့အစ်ကိုရော်ဂျာနှင့် လက်ထပ်ပြီး၊စ,ဇနီး အယ်နီတို့ကို ညစာလာစားဖို့ ဖိတ်လိုက်သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ရုံးခန်းတွင်းသို့ဝင်လာသော ရော်ဂျာကို ဆမ်က မော့ကြည့်သည်။ ရော်ဂျာက သူ့စားပွဲပေါ်သို့ စာရွက်တစ်ရွက် တင်ပေးသည်။

"ရောမမြို့မှာရိုက်နေတဲ့ မာရီလူးရဲ့ ရုပ်ရှင်ကားအတွက် ကုန်ကျငွေ နောက်ဆုံးစာရင်း၊ ချာလီပို့လိုက်တာ၊ ခင်ဗျား ဘယ်လိုသဘောရသလဲ" ဟု ရော်ဂျာကမေးသည်။

ဆမ်က ပခုံးတွန့်ပြသည်။

"ဒါက စာရင်းစစ်တွေရဲ့ အစီရင်ခံချက်ပဲလေ၊ ဒီဂဏန်းတွေကို လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတည်းက ကျုပ်သိပြီးနေပြီ"

"ဒါဆိုရင် ဘာကြောင့် ကျုပ်ကို အသိမပေးတာလဲ" ဟု ရော်ဂျာကမေးသည်။ ထိုငွေစာရင်းများကို သူကြိုတင်မသိရသဖြင့်လည်း အောင့်သက်သက်ဖြစ်နေမိသည်။

"ဘာအသိပေးစရာ လိုတော့လို့လဲ၊ ဒီလောက်အထိ လုပ်လာပြီးမှတော့ ရပ်နေလို့မဖြစ်ဘူးလေ၊ ဆုံးခန်းတိုင်အောင် ဆက်လုပ်ရတော့မှာပဲ"

"အခြေအနေ ဘယ်လိုဖြစ်လာနိုင်တယ်ဆိုတာ ဟိုတုန်းက မပြောတောင် အခုပြောပြဖို့ ကောင်းတာပေါ့ ဆမ်၊ ကျုပ်ဟာ ခင်ဗျားနဲ့ စပ်တူလုပ်နေတဲ့ လူတစ်ယောက်ပဲ" ဟု ရော်ဂျာက ပြောသည်။

"ခင်ဗျား စိတ်မညစ်စေချင်လို့ မပြောတာပါ၊ အယ်နီကလည်း ကလေးရနေပြီဆိုတော့ ခင်ဗျားမှာ သောကရောက်စရာတွေ ရှိနေပြီမဟုတ်လား၊ အလုပ်လည်းများနေပြီမဟုတ်လား"

"ကျုပ်မှာ ဘာသောကရောက်စရာရှိသလဲ ဆမ်၊ ကျုပ်ကလေးလား၊ ကျုပ်တို့ငွေကြေးအကျပ်အတည်းနဲ့ အကြီးအကျယ် ကြုံရတော့မယ် မဟုတ်လား၊ ဒီရုပ်ရှင်ကို မရိုက်သင့်ကြောင်း အစကတည်းက ကျုပ်ပြောခဲ့တယ်" ဟု ရော်ဂျာက လေသံခပ်ပြတ်ပြတ်ဖြင့် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆမ်က သူ့ကို မော့ကြည့်နေသည်။ ဘာမှတော့ ပြန်မပြော။

"ခင်ဗျားက ဒီလုပ်ငန်းမှာ ပါရဂူကြီးပေါ့လေ"

ရော်ဂျာက ငေါ့တော့တော့ ပြောပြန်သည်။ ပြီးတော့မှ သူ့စကားကို ဆက်သည်။

"ဒီရုပ်ရှင်ဟာ အကယ်ဒမီဆုတွေအားလုံးကို ရမယ်လို့ ခင်ဗျားပြောခဲ့တယ်၊ တကယ် ရနိုင်မယ့် ဆုတတော့ ဒေဝါလီခံရပြီး ကြွေးတွေပြန်ရလိုမှုနဲ့ ဘဏ်ကတရားစွဲတာ ခံရမယ့်ဆုပဲ"

"တော်စမ်းပါဗျာ၊ ဒီရုပ်ရှင်ဟာ အင်မတန်ကောင်းတဲ့ ရုပ်ရှင်၊ ပထမနှစ်ပိုင်း စတီဖင် ဂေါ်က်ကို ပြပြီးပြီ၊ ဒီကားကို သူကြိုက်နေပြီ" ဟု ဆမ်က ခပ်ဆတ်ဆတ်ပြောသည်။

"ဒီကားကို သူသိပ်ကြိုက်နေပြီသာဆိုတယ်၊ အခုအချိန်အထိ သူ ပိုက်ဆံတစ်ပြားမှ ထုတ်ပေးတာ မတွေ့သေးပါလား"

"သူ ဒီလိုလုပ်လို့ မဖြစ်ဘူးဆိုတာ ခင်ဗျားသိပါတယ် ရော်ဂျာ၊ ရုပ်ရှင်ကားပြီးသွားမှ ငွေထုတ်ပေးလို့ရမှာပဲ"

"ခင်ဗျား အပတ်ခံရနေပြီ ဆမ်၊ ဘာဖြစ်လို့ ဒါကို သဘောမပေါက်နိုင်တာလဲ၊ ဒီ ကောင်လေးဟာ အေးတိအေးစက်နဲ့ ရေခဲတုံးလို အကောင်စားမျိုး၊ သူ့အကြောင်းကို ကျုပ် အခု ကောင်းကောင်းသိနေပြီ၊ လူတိုင်းကို သူ အသုံးချနေတာ၊ ဒီလိုပုံစံမျိုးကို ကျုပ် နားမလည် ဘူး ထင်နေသလား၊ မျက်နှာကလေးကတော့ ချိုပါရဲ့၊ အမြဲတမ်း တပြုံးပြုံးနဲ့၊ ဒါပေမယ့် ကျောခိုင်းလိုက်တာနဲ့ တစ်ပြိုင်တည်း နောက်ကျောကို ဓားနဲ့ထိုးမယ့်အကောင်"

ဆမ်က လေသံပျော့ပျော့ဖြင့် ပြန်ပြောသည်။

"ကောင်းပြီ ရော်ဂျာ၊ ခင်ဗျားစိတ်တွေ မတည်မငြိမ်ဖြစ်နေတယ်၊ ဒါကြောင့် ခင်ဗျား ကို အချိန်ပေးလိုက်မယ်၊ ခင်ဗျား ရုံးကိုပြန်ပါ၊ စိတ်တည်ငြိမ်အောင် ကြိုးစားပါ၊ တည်ငြိမ်ပြီ ဆိုတော့ ဒီကိစ္စကို ကျုပ်တို့ ပြန်ဆွေးနွေးကြသေးတာပေါ့"

"ကျုပ်စိတ်တွေ အင်မတန်ကို တည်ငြိမ်နေပါတယ် ဆမ်၊ အခုဆွေးနွေးရင်လည်း ရတာပါပဲ၊ ကျုပ်ထည့်ထားတဲ့ပိုက်ဆံ ပြန်ပေးပါ၊ ကျုပ် ဒါလောက် လောဘမကြီးဘူး၊ အဲဒီ ရုပ်ရှင်ကားက သိပ်ကောင်းတယ်လို့ ခင်ဗျားထင်ရင် အဲဒီကရမယ့် အမြတ်တွေအားလုံးကို ခင်ဗျားတစ်ယောက်တည်းပဲ ယူလိုက်တော့"

"ခင်ဗျားစိတ်ထဲမှာ တကယ်ရှိလို့ ပြောနေတာ မဟုတ်ဘူးထင်တယ်" ဟု ဆမ်က ပြောသည်။

"မထင်ဘူးလား၊ မထင်ရင် ငွေပြန်ပေးကြည့်ပါလား" ဟုပြောရင်း ရော်ဂျာက သူ့ကို စိုက်ကြည့်နေသည်။

ဆမ်က စားပွဲပေါ်မှာရှိနေသည့် စာရွက်များထဲတွင် မွှေနှောက်ရှာသည်။ ပြီးတော့ စာတစ်စောင်နှင့်တွဲထားသော ချက်လက်မှတ်ကို ဖြုတ်ယူသည်။ ရော်ဂျာကို ချက်လက်မှတ် ကမ်းပေးသည်။

"စူပါကာလာကုမ္ပဏီက ကျုပ်ကိုထုတ်ချေးထားတဲ့ ငွေနှစ်သိန်း၊ ဒီရုပ်ရှင်ကားကို သူတို့ကုမ္ပဏီမှာ ဆေးမယ်ကူးမယ်ဆိုလို့ ကားဆက်နိုင်အောင် ကျုပ်ကို ထုတ်ချေးထားတာ၊ ဒီငွေကို အီတလီပို့တော့မယ်ဆဲဆဲပဲ၊ ကုန်ကျစရိတ်တွေ ချေနိုင်အောင်လို့လေ၊ ဒါပေမယ့် ခင်ဗျားပဲ ယူသွားတော့၊ ခင်ဗျားငွေကို ပြန်ယူချင်သပဆိုရင် ဒါကိုယူလိုက်၊ ကျုပ်အရှုံးထပြီး လုပ်နေတယ်လို့ထင်ရင် တစ်နေ့မှာ ခင်ဗျား အကြီးအကျယ် နောင်တရမယ် ရော်ဂျာ၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အခုကတည်းက စဉ်းစားပါ။ ကားဆက်ရိုက်နိုင်အောင် ဒီငွေကို ထားခဲ့မလား၊ ခင်ဗျားထည့်ထားတဲ့ငွေမို့ ပြန်ယူချင်သလား၊ ကြိုက်ရာလုပ်၊ နောင်မှတော့ တောပြောတောင်ပြော မပြောနဲ့"

ရော်ဂျာက သူ့ကို ငုံ့ကြည့်ပြန်သည်။

"ကျုပ်ငွေကို ကျုပ်ပြန်ယူမယ်၊ ခင်ဗျား ဘာဆက်လုပ်မလဲ"

ဆမ်ကလည်း သူ့ကို တည့်တည့်ပြန်ကြည့်သည်။

"ဒီကားကို အခုအခြေအနေရောက်အောင် ကျုပ်ရိုက်လာနိုင်ခဲ့ပြီပဲ၊ ကျန်တာကို သိမ်းဆုံးအောင် ဆက်လုပ်နိုင်ရမှာပေါ့"

ထိုငွေနှစ်သိန်းကို ယူမသွားဖို့ ဆမ်ကပြောလျှင် ရော်ဂျာကလည်း ပြန်ပေးခဲ့မည်ဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး သိနေကြပါသည်။ သို့သော်လည်း သည်လောက်တော့ ဆမ်က သိက္ခာအကျမခံနိုင်။ သည့်ထက်ပိုပြီး ဒူးမထောက်နိုင်။ ဒါလောက်တော့လည်း သူ့သိက္ခာကို သူထိန်းရပေလိမ့်မည်။

ထိုညနေက အိမ်ပြန်ရောက်သောအခါ ဒင်းနိစ်မျက်နှာကို မြင်လိုက်ရုံနှင့်ပင် ထိုအကြောင်းများကို ဒင်းနိစ်သိထားပြီးဖြစ်ကြောင်း မမေးဘဲနှင့် သူသိလိုက်ပါသည်။

ထို့ကြောင့် ဘာမှမပြောတော့ဘဲ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ အဝတ်အစားလဲသည်။ ဧည့်ခန်းထဲသို့ ပြန်လာခဲ့သည်။ စကော့ဝီစကီနှင့် ရေခဲ အသင့်ပြင်ထားသည်ကို တွေ့ရသည်။ အရက်ခွက်ကိုကိုင်ပြီး ညောင်စောင်းပေါ်မှာ ထိုင်သည်။ ရုပ်မြင်သံကြားကလွှင့်နေသည့် ခုနှစ်နာရီသတင်းကို ထိုင်ကြည့်သည်။

ညစာစားပြီးပြီဖြစ်သော ကလေးများက ထုံးစံအတိုင်း သူ့ဆီသို့ ရောက်လာကြသည်။ ညောင်စောင်းပေါ်သို့ တွယ်ကပ်တက်ပြီး သူ့ပါးကိုနမ်းသည်။

"ဒယ်ဒီ ဘာကြည့်နေတာလဲ" ဟု မီရီယမ်က မေးသည်။

"သတင်း" ဟု ဆမ်က ပြန်ပြောသည်။

"လိုင်းနှစ်မှာ ဆီးဟန့်လာနေတယ် ဒယ်ဒီ" ဟု ဂျူနီယာက ပြောသည်။

"သတင်းပြီးတော့မှ ကြည့်ပါသားရယ်"

"သတင်းပြီးမှဆိုရင် ပြလို့ တစ်ဝက်ကျိုးသွားရောပေါ့" ဟု ဂျူနီယာက ပြန်ပြောသည်။

ဆမ်ကပြုံးပြီး သား၏ဆံပင်များကို လက်နှင့် ဖွပစ်လိုက်သည်။

"ကောင်းပြီလေ၊ သားတို့စက်မှာ သွားကြည့်ကြနော်"

"ကျေးဇူးတင်ပါတယ် ဒယ်ဒီ"

ဆမ်၏စကားအဆုံးကိုပင် မစောင့်တော့ဘဲ ဂျူနီယာက အခြားအခန်းထဲသို့ ဝင်ပြေးသွားတော့သည်။

ဆမ်က သူ့သမီးကို လှမ်းကြည့်သည်။

"သမီးကရော. . . ဆီးဟန့်ကို မကြည့်ချင်ဘူးလား"

"ဒယ်ဒီနဲ့အတူတူ သမီးနေချင်လို့"

ဆမ်က မီရီယမ်ကို ပြန်ကြည့်သည်။ အခါတိုင်း သည်လိုမဟုတ်။ ဆမ်က သွားခွင့်ပြုလိုက်သည်နှင့် သူ့မောင်နှင့်အတူ အခြားအခန်းမှာရှိသော သူတို့အတွက် ရုပ်မြင်သံကြားစက်ဆီသို့ တန်းပြေးစမြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ သူမောင်နှင့်လိုက်မသွားဘဲ နေရစ်ခဲ့သည်။ ခဏနေတော့ ဆမ်၏ပေါင်ပေါ်မှာ တက်ထိုင်သည်။ မိနစ်အတော်ကြာအောင် ငြိမ်နေသည်။ သတင်းခဏရပ်ပြီး ကြော်ငြာများထုတ်လွှင့်ချိန်တွင် သူ့လက်မောင်းကို ဆွဲသည်။

"ဒယ်ဒီ. . . သမီးတို့ ချမ်းသာသလားဟင်"

ဆမ်က ပြုံးသည်။

"ချမ်းသာတယ်လို့တော့ မထင်ပါဘူး သမီးရယ်"

"ဆင်းရဲသလား"

"ဒယ်ဒီတို့ မဆင်းရဲပါဘူး"

"သမီးတို့ မဆင်းရဲဘူးဆိုရင် ချမ်းသာတာပေါ့နော်" ဟု ယုံကြည်စိတ်ချသည့် လေသံမျိုးဖြင့် ပြောသည်။

"ဒယ်ဒီတော့ အဲဒီလို မစဉ်းစားကြည့်မိပါဘူး သမီးရယ်"

"အန်ကယ်ရော်ဂျာတို့လောက် သမီးတို့ ချမ်းသာသလားဟင်"

"ဘာဖြစ်လို့မေးတာလဲ သမီး"

"ဒယ်ဒီမရောက်ခင်ကလေးပဲ အန်တီအယ်နီ ပြန်သွားတယ်၊ သူနဲ့ မာမီနဲ့ စကားပြောနေကြတယ်၊ အန်ကယ်ရော်ဂျာက သမီးတို့ထက် ပိုက်ဆံပိုရှိတယ်လို့ သူကပြောတယ်"

"ဒါ မှန်သားပဲသမီးရဲ့၊ သူပြောတာ မမှားပါဘူး"

"နောက်ပြီး သူကပြောသေးတယ်၊ သမီးတို့ကို ထောက်ပံ့နေရတဲ့အတွက် အန်ကယ်ရော်ဂျာ စိတ်ကုန်နေပြီတဲ့၊ သမီးတို့ကို ဒယ်ဒီက ထောက်ပံ့နေတယ်လို့ သမီးထင်တာ" ဟုပြောရင်း သူ့အမူအရာမှာ နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဟုတ်တာပေါ့၊ ဒယ်ဒီက သမီးတို့ကို ရှာကျွေးနေတာပေါ့၊ ဒါကြောင့် နေ့တိုင်း ဒယ်ဒီအလုပ်သွားနေတာလေ"

"ဒါဖြင့်ရင် ဘာဖြစ်လို့ မာမီက ငိုနေရတာလဲ"

"ဟုတ်သလား"

မီရီယမ်သည် ရုပ်မြင်သံကြားကို လှည့်ကြည့်နေသည်။ သူ့စိတ်ဝင်စားသည့် ပြကွက်ဖြစ်နေပုံရသည်။ ထို့ကြောင့် ဆမ်က သူ့မျက်နှာကလေးကို သူ့ဘက်သို့ ပြန်ဆွဲလှည့်ယူရပြန်သည်။

"မာမီ ဘယ်တုန်းကငိုတာလဲ သမီး"

"အန်တီအယ်နီက ပြောတယ်၊ အန်ကယ်ရော်ဂျာကို ဒယ်ဒီက ကောင်းကောင်းမဆက်ဆံရင် သူက ဒယ်ဒီကို နောက်ထပ်ပိုက်ဆံမပေးတော့ဘူးတဲ့၊ အဲဒီလိုမပေးရင် ဒယ်ဒီအကုန်လုံးဆုံးရှုံးပြီး သမီးတို့တစ်မိသားစုလုံး မွဲသွားမယ်တဲ့"

"သူက ဒီလိုပဲပြောသွားသလား" ဟု ဆမ်က နူးညံ့သည့်လေသံဖြင့် မေးသည်။

"ဟုတ်တယ် ဒယ်ဒီ၊ ပြီးတော့ သူပြန်သွားတယ်၊ မာမီလည်း ငိုတော့တာပဲ" ဟု မီရီယမ်က ဖြေသည်။

ဆမ်က ခဏကြာအောင် ငြိမ်သက်စွာထိုင်နေသည်။ အရက်သောက်ရင်း ရုပ်မြင်သံကြားကို လှမ်းကြည့်သည်။ သို့သော်လည်း သူဘာကိုမှ မမြင်တော့ပါ။

အယ်နီပြောသွားသည့် စကားများကို မှားသည်ဟုလည်း မဆိုသာပါ။ ရိုက်ဖက်စ

www.burmeseclassic.com

www.burmeseclassic.com



...ကို ပြီးပြတ်အောင် ဆက်မရိုက်နိုင်လျှင် သူတို့ အလွန်ဆင်းရဲသွားနိုင်သည်။ သို့သော် ... သူငယ်ငယ်တုန်းက သူ့မိဘများ ဆင်းရဲသလောက်တော့ ဆင်းရဲမည်မဟုတ်။ လက်ရှိ ...အထားနှင့် နှိုင်းယှဉ်လျှင်တော့ အတော်ကြီး ဆင်းရဲသွားပေလိမ့်မည်။

"မင်း ဟုတ်တိပတ်တိလည်း မစားပါလား" ဟု ဆမ်က ထမင်းဝိုင်းမှထလာရင်း ...သည်။

"ကျွန်မ မဆာဘူး"

ဧည့်ခန်းသို့လိုက်လာရင်း ဒင်းနီစ်က ပြန်ပြောသည်။

ဆမ်က ရုပ်မြင်သံကြား သွားဖွင့်သည်။ ပြီးတော့ စားပွဲပေါ် ရေခဲဘူးကို သွားဖွင့် ...သည်။

ဒင်းနီစ်က ရုပ်မြင်သံကြားကို လှမ်းကြည့်သည်။

"ကောင်းဘွိုင်ဇာတ်ကားကို ကြည့်နေပြန်ပြီလား၊ တခြားဟာတွေကို ဘယ်တော့မှ ...ကြည့်တော့ဘူးလား"

"ဒါမျိုးပဲကြိုက်တယ်"

"ကျွန်မ သွားအိပ်တော့မယ်"

သူ ဘာမှပြန်မဖြေမီ အခန်းထဲမှ ဒင်းနီစ်ထွက်သွားသည်။ သူ စက္ကန့်အနည်းငယ် ...အောင် ရုပ်မြင်သံကြား ထိုင်ကြည့်နေသေးသည်။ ပြီးတော့ အရက်ခွက်ကိုကိုင်ပြီး အိပ် ...ထဲသို့ လိုက်သွားသည်။

"ကိုင်း. . . မင်းရင်ထဲမှာရှိတာတွေ ဖွင့်စမ်း" ဟု တံခါးပြန်ပိတ်ရင်း လှမ်းပြောသည်။

ဗီရိုထဲရှိချိတ်တွင် အဝတ်များချိတ်နေရာမှ ဒင်းနီစ် လှည့်ကြည့်သည်။

"ရှင်လုပ်နေပုံတွေကို ကျွန်မ မကြိုက်ဘူး၊ ဘယ်သူ့ကိုမှလည်း ရှင် မတိုင်ပင်တော့ ... စကားလည်း ဟုတ်တိပတ်တိမပြောဘူး၊ ဘယ်သူ့အတွက်မှလည်း ထည့်မစဉ်းစားတော့ဘဲ ...လုပ်ချင်ရာတွေ လျှောက်လုပ်နေတယ်၊ အရာရာကို ငါသာတတ်တယ်၊ ငါသာသိတယ်ဆိုတဲ့ ...နဲ့ ရှင်လုပ်နေတယ်"

ဆမ် အရက်တစ်ကျိုက် သောက်လိုက်သည်။

"ရှင် အရင်နဲ့မတူတော့ဘူး၊ ပြောင်းလဲသွားပြီ၊ ရှင့်စိတ်ထဲမှာ ဘာတွေဖြစ်နေတယ် ...တာ ကျွန်မ မသိတော့ဘူး၊ ရှင် ဘယ်တုန်းကမှ ဒီလိုမဖြစ်ဖူးဘူး"

"ဒါတွေဟာ မင်းအစ်ကိုက မင်းကိုပြောပြတာတွေလား" ဟု ဆမ်ကမေးသည်။

"ကျွန်မ ရော်ဂျာနဲ့ စကားပြောတာမဟုတ်ဘူး" ဟု ဒင်းနီစ်က ခပ်ဆတ်ဆတ် ...ပက်သည်။

"ဟုတ်ပါတယ်လေ၊ ဒါပေမယ့် မင်း အယ်နီနဲ့ စကားပြောတယ် မဟုတ်လား၊ ...ကို ဘာတွေပြောရမယ်ဆိုတာ ရော်ဂျာက အယ်နီကို သင်လွှတ်လိုက်မှာပေါ့"

"ဘယ်သူ့ကမှ သင်ပေးနေစရာ မလိုပါဘူး၊ အယ်နီကိုယ်တိုင် ဒါတွေကို မြင်နေရ ...တာပဲ၊ ကျွန်မလည်း မြင်နေသိနေရတာပဲ"

"ကိုယ် ဘာလုပ်စေချင်သလဲ"

"ရော်ဂျာကိုဖုန်းဆက်ပြီး ရှင်းပြလိုက်ပေါ့၊ သူ့စိတ်မကောင်းဖြစ်နေတယ်၊ သူ့ကို ...ကိုယ်တိုင် ရှင်းပြလိုက်ရင် ချက်လက်မှတ်ကို ပြန်ပေးချင်ပေးမှာ"

www.burmeseclassic.com

www.burmeseclassic.com


"မဖြစ်နိုင်ဘူး၊ ရှင်းပြစရာ ဘာအကြောင်းမှမရှိဘူး၊ ချက်လက်မှတ်ကို ရော်ဂျာယူသွားပြီ၊ ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင်က လိုချင်လို့ပဲ၊ သူ့ကို ကိုယ်ဇွတ်ပေးတာ မဟုတ်ဘူး၊ ရှင်းပြပြီးမှ ပေးတာ၊ ရော်ဂျာမှန်ပါတယ်၊ မှားနေတာက ကိုယ်ပဲ၊ အဲဒီအချိန်ကလေးတင် မှားတာမဟုတ်ဘူး၊ တစ်လျှောက်လုံး မှားလာခဲ့တာ၊ တခြားတစ်ယောက်ယောက်နဲ့ အစုစပ်လုံးဝလုပ်ဖို့မကောင်းဘူး၊ ကိုယ်ဟာ အစုစပ်လုပ်လို့ရတဲ့ လူစားထဲကမဟုတ်ဘူး၊ ကိုယ့်အလုပ်မှာ ကိုယ်သာလျှင် ဆရာကြီးဖြစ်ရမယ်၊ ဒါကြောင့် စကတည်းက စီးပွားရေးလုပ်ငန်းကို တစ်ယောက်တည်း လုပ်လာခဲ့တာ"

"ဒါပေမယ့် သူဟာ ရှင်နဲ့ အစုစပ်လုပ်ဖြစ်နေပြီပဲ၊ သူ့ငွေတွေလည်း ဒီလုပ်ငန်းထဲမှာ ဝင်နေပြီလေ"

"သူ့ကို ပြန်ပေးလိုက်ပြီလေ၊ မင်းအသိပဲ၊ သူထည့်ထားတဲ့ငွေ တစ်ပြားမကျန် ပြန်ပေးလိုက်ပြီ၊ ဒီရုပ်ရှင်ကို စရိုက်မယ်ဆိုတုန်းက သူ့ငွေနှစ်သိန်း ထည့်ခဲ့တယ်၊ အဲဒီငွေနှစ်သိန်းလုံးလုံး သူ့ကို ပြန်ပေးလိုက်ပြီပဲ"

"ရော်ဂျာကပြောတယ်၊ အဲဒီဘက်ကို စိတ်ပါလာအောင် စတီဖင်ဂေါက်က ကတိတွေ အမျိုးမျိုးပေးပြီး ဖြားယောင်းသွားတာတဲ့"

ထိုစကားကြားရတော့ ဆမ် စိတ်ဆိုးသွားလေသည်။

"ရော်ဂျာဆိုတဲ့အကောင် အတော်အသုံးမကျတာပဲ၊ စတီဖင်က ငါ့ကို ဘာကတိမှမပေးဘူး၊ ရုပ်ရှင်ကားကို ရိုက်ပြီးသမျှအထိ သူကြိုက်တယ်လို့ပဲ ပြောတယ်၊ သူပြောတာဒါပဲ၊ ရော်ဂျာဟာ သူ့အိမ်ရောင်း မြေရောင်းလုပ်ငန်းထဲမှာပဲ နေဖို့ကောင်းတယ်၊ သူသိတာ အဲဒီလုပ်ငန်းပဲရှိတယ်"

ဆမ်က ဖန်ခွက်ထဲမှ လက်ကျန်အရက်ကို အကုန်မော့သောက်ပစ်လိုက်သည်။

"ဒါပေမယ့် ပိုက်ဆံ ဘယ်လိုလုပ်ရှာမှာလဲ၊ ဒီရုပ်ရှင်ကို ပြီးအောင်ဆက်ရိုက်ဖို့လိုနေပြီမဟုတ်လား"

"တစ်နေရာရာက ရှာရတော့မှာပေါ့"

"ဘယ်ကလဲ" ဟု ဒင်းနိစ်က မေးသည်။

"မသိသေးဘူး၊ တစ်နေရာရာကတော့ ရမှာပါ၊ ဒါပေမယ့် ကိုယ်ကြိုက်တာ လုပ်နိုင်တဲ့ စည်းကမ်းချက်နဲ့ ငွေရှာရမယ်၊ အခုအချိန်ကစပြီး ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်ဟာ မင်းတစ်ယောက်ပဲ ရှိတော့တယ်"

ဆမ်က ဖန်ခွက်ကို စားပွဲပေါ် သို့တင်လိုက်ပြီး ရှေ့တိုးသွားသည်။ ဒင်းနိစ်က သူ့ရင်ခွင်ထဲသို့ ဝင်လာသည်။ ဆမ်က ဒင်းနိစ်၏ခေါင်းကို ဆွဲယူပြီး သူ့ရင်ဘတ်မှာ အပ်ထားလိုက်လေသည်။

"ကျွန်မ အရမ်းစိတ်ပူတာပဲ ဆမ်" ဟု ပြောသည်။

"ကိုယ်လည်း စိတ်ပူတာပါပဲကွယ်" ဟု ဆမ်က ဝန်ခံစကားပြောသည်။

ဒင်းနိစ်က မှန်တင်ခုံသို့သွားပြီး လက်ကိုင်ပုဝါယူကာ မျက်ရည်များသုတ်သည်။

"ကျွန်မစိတ်ထဲမှာ ရှင်းသွားပါပြီ၊ အရက်သောက်လို့ရရင် ကောင်းမယ်ထင်တယ်"

ဧည့်ခန်းသို့ သူတို့ပြန်လာကြသည်။ ဖန်ခွက်များထဲသို့ အရက်ထည့်ပြီး ကုလားထိုင်များမှာ ဝင်ထိုင်သည်။ ရုပ်မြင်သံကြားက အစီအစဉ်သစ် စတင်ထုတ်လွှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . ကောင်းဘွိုင်ကားပဲ လာနေပြန်ပြီလား" ဟုပြောရင်း ဒင်းနိစ်က လိုင်း ...ချိန် ထ,သွားသည်။

"မပြောင်းပါနဲ့ကွာ၊ အဲဒီကားအကြောင်း စတီဖင်က ပြောဖူးတယ်၊ ဒါဟာ တောင်း ...ဇာတ်ကားပေမယ့် သူက တစ်ဘာသာ၊ စိတ္တဗေဒပါတယ်၊ ဒီကား သိပ်အောင်မြင်မယ်လို့ ...ထင်တယ်"

ဒင်းနိစ်က ခဏကြာအောင် ကြည့်နေသည်။ ပြီးတော့ သူ့ဘက်သို့ လှည့်လာသည်။

"တစ်ဘာသာလို့သာဆိုတယ်၊ တခြားကားတွေနဲ့ ဘာမှမထူးဘူး၊ သေနတ်ဆွဲပြီး ...ယောက်ကိုတစ်ယောက် ပစ်နေကြတာပဲ၊ စတီဖင်က သူ့စကားကိုမှ သူနားလည်ရဲ့လား ...ဘူး"

ရုပ်ရှင်ပြီးခါနီးတော့ ဒင်းနိစ်က လှမ်းမေးသည်။

"ဆမ်. . . ရှင် ဘာလုပ်မလဲဟင်"

ဆမ်က သူ့ကို ပြန်ကြည့်သည်။

"ပထမဆုံး အီတလီကိုသွားမယ်၊ ရုပ်ရှင်ရိုက်နေတာကို ကိုယ်တိုင်သွားကြည့်မယ်၊ ...အထိ ငွေဘယ်လောက်လိုမလဲဆိုတာ အတိအကျသိရအောင် လုပ်မယ်၊ စရိတ်ကလေး ... ဖြတ်နိုင်တောက်နိုင်တာတွေလည်း ရှိကောင်းရှိမှာပေါ့၊ မသိသေးဘူးလေ"

"အဲဒီနောက်ရော. . ."

"နောက်ထပ် ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာပဲ"

ရုပ်မြင်သံကြားဘက်ကို သူလှည့်သွားသည်။ ဇာတ်လမ်းအထွတ်အထိပ်သို့ ရောက် ...သည်။ လောကကြီးတစ်ခုလုံးကို မေ့သွားလောက်အောင် ဖမ်းစားထားသည်။

နောက်ဆုံးတစ်နေ့တွင်တော့ သူ့အတွက် အရာရာကို ဖြေရှင်းပေးနိုင်မည့်သူမှာ ...ဇင်ဂေါ်က် တစ်ယောက်တည်းသာ ရှိလေတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

တောင်များကိုကျော်ပြီး ပါလာမိုရှိ လေယာဉ်ကွင်းကလေးဆီသို့ ဦးတည်ပျံသန်းေ
သော လေယာဉ်သေးသေးကလေးသည် ယိမ်းထိုးလှုပ်ရှားနေသည်။ လေယာဉ်မှူးက ကြိုးစာ
ထိန်းရင်း တစ်ကိုယ်တည်း ကျိန်ဆဲနေသည်။

သူတို့ရှေ့တည့်တည့်တွင် ပါလာမိုလေယာဉ်ကွင်း ရှိသည်။ လေယာဉ်ပျံကလေ
သည် တောင်နှစ်လုံးကြားမှဝင်ကာ ကွင်းပေါ်သို့ ဆင်းချလိုက်သည်။

ဘီးနှင့်မြေကြီးထိတော့မှပင် ဆမ်မှာ အသက်ရှူနိုင်တော့သည်။ အဆောက်အဒ
သေးသေးတစ်ခုဆီသို့ လေယာဉ်ပျံကို မောင်းယူသွားသည်။

ချာလီက နောက်လှည့်ကြည့်သည်။

"ဟိုတယ်ကိုသွားဖို့ မော်တော်ကား အဆင်သင့် စောင့်နေပါတယ်၊ ရိုက်ကွင်း
မသွားခင် ဆရာကြီး ရေမြန်မြန်ချိုးလိုက်နိုင်တာပေါ့"

"ရိုက်ကွင်းကို ဘာဖြစ်လို့ တိုက်ရိုက်မသွားတာလဲ" ဟု ဆမ်ကမေးသည်။

"အကြောင်းမထူးပါဘူးခင်ဗျာ၊ အခု နေ့လယ်စာစားချိန်ဆိုတော့ ရိုက်ကွင်း
ဘယ်သူမှ အလုပ်လုပ်နေကြမှာ မဟုတ်ပါဘူး"

ရိုက်ကွင်းသည် တောင်များကြားမှ ရွာသေးသေးကလေး ဖြစ်သည်။ ပါလာမိုမြ
နေ၍ အတက်အဆင်း အကွေ့အကောက်များလှသည့် လမ်းအတိုင်း မော်တော်ကား
တစ်နာရီခွဲခန့် မောင်းသွားရသည်။ ရွာကလေးကို ဖြတ်မောင်းသွားပြီး ခဏကြာသောအ
ရိုက်ကွင်းသို့ရောက်သည်။

ဆမ်က မျက်တောင်ကို ခပ်မြန်မြန်ခတ်သည်။ (၁၆) ရာစုခေတ်သို့ ပြန်ရောက်သွာ
လေသလားဟု ထင်မှတ်မိသည်။ တွေ့နေရသည့် လူများ၊ အိမ်များနှင့် အရာအားလုံးတို့
အလွန်တရာ ဟောင်းနွမ်းလှသည်။

ပြီးတော့ ဟိုနားသည်နားတွင် ရွာလေးထဲမှ တဲများထက်ပင် ကြီးမားသည့် မေ
တော်ကား နောက်တွဲများ၊ ကြီးမားသည့် မီးလုံးကြီးများ၊ လျှပ်စစ်ဓာတ်အားပေးစက်
အလင်းရောင်ထိုးပေးသည့် မှန်ချပ်များ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာက မော်တော်ကားနောက်တွဲကြီး တစ်ခုနားတွင် သူ့ဖီးယက်ကားကို ထိုး ရပ်လိုက်သည်။

ဆမ်က ကားထဲမှဆင်းသည်။ ပတ်ဝန်းကျင်ကို လှမ်းကြည့်သည်။ ယောက်ျားအချို့ က ဒိုက်ထိုးနေကြသည်။ တချို့က သစ်ပင်ရိပ်မှာ လှဲနေကြသည်။ တချို့က မျက်နှာပေါ် ဦးထုပ်ဖုံးပြီး အိပ်ပျော်နေကြသည်။ နိုးနေသူအချို့က သူတို့ကို မသိမသာ လှမ်းကြည့်သည်။

"ကျွန်တော်တို့ရှေ့ကဟာ နစ်ကီရဲ့ ထရေလာပဲ" ဟု ချာလီက မော်တော်ကား နောက်တွဲတစ်ခုကို လက်ညှိုးထိုးပြရင်း ပြောသည်။

ဆမ်က သူ့နောက်မှ လိုက်သွားသည်။ လှေကားသေးသေးကလေးအတိုင်း ထရေ လာပေါ်သို့ တက်သွားသည်။ အတွင်းမှာ အလင်းရောင်နည်းပြီး အေးနေသည်။ ပထမအခန်း ကို ဧည့်ခန်းအဖြစ် အသုံးပြုပုံရသည်။ စားပွဲသေးသေးနှစ်လုံးနှင့် လက်နှိပ်စက်တစ်လုံး ရှိသည်။ လူတော့ တစ်ယောက်မှမရှိ။

ချာလီက ဒုတိယအခန်းတံခါးကို သွားခေါက်သည်။

"ဟေး. . . နစ်ကီ. . . ခင်ဗျားနိုးပြီလား"

အတွင်းမှ လှုပ်ရှားသံများ ကြားရသည်။ ပြီးတော့ မိန်းကလေးတစ်ယောက် ထွက် လာသည်။ ချာလီကို ခေါင်းတစ်ချက်ညိတ်ပြပြီး လက်နှိပ်စက်တင်ထားသည့် စားပွဲကလေးမှာ သွားထိုင်သည်။ ပြီးတော့ သူ့ခေါင်းကိုဖြီးနေသည်။

နောက်ခဏကြာတော့ သူ့အခန်းထဲမှ နစ်ကီ ထွက်လာသည်။ သူ့မျက်လုံးများမှာ အိပ်မှုန်စုံမွှား ဖြစ်နေသည်။ ဆမ်ကိုမြင်တော့ ပြုံးသွားသည်။

"အား. . ဆမ်. . . မမျှော်လင့်တဲ့ ဝမ်းသာစရာကြီးပါလား" ဟုပြောရင်း လက်တစ် ဖက်ကို ဆန့်တန်းပေးလိုက်သည်။

"အခြေအနေ ဘယ်လိုလဲဆိုတာ သိချင်လို့ လာကြည့်တာ" ဆမ်က သူ့လက်ကိုဆွဲ နှုတ်ဆက်ရင်း ပြောသည်။

"အားလုံးကောင်းပါတယ်၊ နည်းနည်းကလေး နှေးနေတာတော့ ရှိတာပေါ့လေ၊ ဒါပေမယ့် ရုပ်ရှင်ကတော့ အင်မတန်ကောင်းတဲ့ ရုပ်ရှင်ပါ"

"ကောင်းပါတယ်၊ ရိုက်ကွင်းကို လှည့်ကြည့်ချင်တယ်" ဟု ဆမ်ကပြောသည်။ သူ သတ်မှတ်ထားသည့်ရက်ထက် များစွာနောက်ကျနေသည့်တိုင်အောင် ရုပ်ရှင်ကား မပြီး သေးသည်နှင့် ပတ်သက်၍မူ ဘာတစ်ခွန်းမှ သူမပြော။

"လှည့်ကြည့်ချင်တယ်ဆိုရင် ဝမ်းသာစရာပေါ့ ခင်ဗျာ"

နစ်ကီက မိန်းကလေးကို တစ်စုံတစ်ရာ လှမ်းပြောသည်။ မိန်းကလေးက ခေါင်း ညိတ်ပြပြီး လက်နှိပ်စက်ဘက်သို့ ပြန်လှည့်သွားသည်။ သူတို့လည်း ထရေလာထဲမှ ဆင်းလာခဲ့ ကြသည်။

"ဟောဟိုအိမ်က ညီအစ်မနှစ်ယောက်နေတဲ့အိမ်၊ အမိုးတွေ ဖြုတ်ထားတယ်၊ အထဲ မှာ ရုပ်ရှင်ရိုက်နိုင်အောင်လို့လေ၊ အိမ်ကတော့ တကယ့်အိမ်အစစ်ပါပဲ"

ကင်မရာဆီသို့ လျှောက်လာကြရင်း နစ်ကီက ရှင်းပြသည်။ ဆမ်က ပတ်ဝန်းကျင် ကို ချက်စိကစားလိုက်သည်။ စောစောက ဖဲကစားနေသူများသည် ယခုလည်း ကစားနေကြ ဆဲပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"သူတို့ ဘာဖြစ်လို့ အလုပ်မလုပ်ကြတာလဲ" ဟု ဆမ်က မေးသည်။

"နောက်တစ်ကဒ်အတွက် ဒါရိုက်တာခေါ်မယ့်အချိန်ကို စောင့်နေကြတာပါ"

"ဒါရိုက်တာက နောက်တစ်ကဒ်မရိုက်သေးဘဲ ဘာလုပ်နေတာလဲ"

"ကျွန်တော် သွားမေးလိုက်ဦးမယ်"

နစ်ကီက ကင်မရာဆီသို့ သွားသည်။ အရိပ်အောက်မှာထိုင်နေသူ တစ်ယောက်နှင့် စကားတစ်ခွန်းနှစ်ခွန်းပြောပြီး ပြန်လာသည်။

"ဒါရိုက်တာလိုချင်တဲ့ နေရောင်အနေအထားကို ရအောင်စောင့်နေကြတာပါတဲ့ နောက်နာရီဝက်လောက်ဆိုရင် ရပြီပြောတယ်"

"ဟိုမီးစက်နဲ့ မီးလုံးကြီးတွေက ဘာလုပ်ထားတာလဲ၊ ကိုယ်လိုချင်တဲ့ အလင်းရောင်ကို အဲဒါတွေနဲ့ ဖန်တီးရိုက်လို့ မရဘူးလား" ဟု ဆမ်ကမေးသည်။

"အဖြည့်ခံ အလင်းရောင်သုံးတဲ့အခါနဲ့ ညဘက်ရိုက်တဲ့အခါမှာပဲ အဲဒါတွေကို ကျွန်တော်တို့ သုံးပါတယ်၊ ဒါပေမယ့် ဒါရိုက်တာ ပီရင်ဂျယ်လီက အတတ်နိုင်ဆုံး အစစ်အမှန်နဲ့ သဘာဝကိုပဲ ရအောင်ရိုက်ပါတယ်"

"ဒီနေ့ ဖလင် ဘယ်နှစ်ပေလောက် ကျသွားပြီလဲ"

"နည်းနည်းပဲ ကျပါသေးတယ်"

"ဘယ်နှစ်မိနစ်စာလောက် ရှိမလဲ"

"နှစ်မိနစ်စာလောက် ရှိမယ်"

"အခုရိုက်မယ့် အခန်းကရော၊ ဘယ်နှစ်မိနစ်စာလောက် ပြရမှာလဲ"

"တစ်မိနစ်လောက်ဖြစ်မယ်၊ အဲဒီထက်လည်း နည်းနိုင်တယ်"

ဆမ် ဒေါသပေါက်ကွဲလေတော့သည်။

"အဲဒီလောက်ကလေးရိုက်ဖို့ နေရောင်ကို ခင်ဗျားတို့ စောင့်နေကြတယ်ပေါ့လေ ကျုပ်အကုန်အကျနည်းအောင် ခင်ဗျားက ဆောင်ရွက်ပေးနေတယ်လို့ ကျုပ်ကထင်ထားတာ အခုရုပ်ရှင်ဟာ ကုန်သင့်တာထက် နှစ်ဆပိုကုန်နေပြီ၊ ဘယ်မှာလဲ ခင်ဗျား ကျုပ်ကိုအကာအကွယ်ပေးတာ၊ ဘယ်မှာလဲ ကျုပ်ကိုစောင့်ရှောက်တာ" ဟု ဆမ်က အော်မေးသည်။

နစ်ကီ မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

"ကျွန်တော်တို့ အနှောင့်အယှက် အတော်များများတွေ့နေရတယ် ဆမ်၊ နေပူစေချင်တဲ့အခါမှာ မိုးက နင်းကန်ရွာနေတယ်၊ မိုးရွာစေချင်တဲ့အခါ ကျပြန်တော့လည်း. . ."

"မိုးရွာရွာ နေပူပူ ဖြစ်အောင်ရိုက်လို့ မရဘူးလား"

"ပီရင်ဂျယ်လီက ဒီလိုပဲ အလုပ်လုပ်တတ်ပါတယ်၊ သူ့စရိုက်ကို ကျွန်တော် ပြောင်းပစ်လို့မရဘူး၊ ဘယ်သူ့မှလည်း ပြောင်းပစ်လို့ရမှာ မဟုတ်ဘူး" ဟု နစ်ကီက ပြန်ပြောသည်။

"ကျုပ် သူနဲ့တွေ့ချင်တယ်" ဟု ဆမ်က ဒေါသတကြီး ပြောသည်။

"မာရီလူးရဲ့ ထရေလာမှာရှိပါတယ်၊ သူတို့ ဇာတ်တိုက်နေကြတယ်"

မာရီလူး၏ထရေလာသို့ သူတို့ရောက်သွားသောအခါ ပီရင်ဂျယ်လီ ပြန်ထွက်သွားနှင့်ချေပြီ။ မာရီလူး၏ အခိုင်းအစေအမျိုးသမီးက သူတို့ကို ဆီးကြိုသည်။

"တစ်နာရီကျော်ကျော် ဇာတ်တိုက်လိုက်ရလို့ မာရီလူး သိပ်ပင်ပန်းသွားပါတယ်၊ ဒါကြောင့် နောက်တစ်ခန်းမရိုက်ခင် အနားယူခိုင်းထားပါတယ်" ဟု အမျိုးသမီးက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဇာတ်တိုက်ရုံကလေးနဲ့ ဒါလောက်တောင် အနားယူခိုင်းရအောင် ဘာဇာတ်တွေ ...တ်လို့လဲ" ဟု ဆမ်ကမေးပြန်သည်။

ချာလီက သူ့ကို တစ်ချက်လှမ်းကြည့်သည်။ သူ့မေးခွန်းကို မည်သူကမှ မဖြေပါ။ ...ထွက်လာကြသောအခါတွင် ချာလီက နောက်ချန်နေပြီး ဆမ်ကို တိုးတိုးပြောပြသည်။

**"ပီရင်ဂျယ်လီက တကယ့်အစစ်အမှန်ကိုသာ လိုချင်တယ်၊ ဟန်ပြကို မကြိုက်ဘူး"**

"အဲဒီတော့"

"အခု သူတို့ ဇာတ်တိုက်တဲ့အခန်းက အိမ်နောက်ဖေးမှာ မာရီလူးနဲ့ မင်းသား ...ချစ်ခန်း၊ မာရီလူး အိမ်ထဲပြန်ဝင်လာတော့ သူ့ညီမက သူ့ရည်းစားကို လုရမလားဆိုပြီး ...ပြစ်ဆိုတယ်" ဟု ချာလီက ရှင်းပြသည်။

"ငါ အခုထက်ထိ နားမလည်သေးဘူး"

ချာလီက သူ့ကို ပြန်ကြည့်သည်။

"ဆရာကြီးနားလည်အောင် ကျွန်တော် စာလုံးပေါင်းပြီး ပြောပြရမလားခင်ဗျာ"

ဆမ်က သူ့ကို စိုက်ကြည့်နေသည်။

"မင်းဆိုလိုတာက ဟို. . ."

ချာလီက ခေါင်းညိတ်သည်။

"အချစ်ခန်း သရုပ်ဆောင်နေတုန်း မာရီလူးမျက်နှာပေါ်မှာ ဘယ်လိုအမူအရာ ...နေတယ်ဆိုတာ ကင်မရာက မြင်ရတယ်လို့ ပီရင်ဂျယ်လီက ယုံကြည်တယ်"

"ဒါပေမယ့် နစ်ကီကို ဘယ်သွားထားမလဲ"

"အခုဟာက ရုပ်ရှင်ရိုက်နေတာပါခင်ဗျာ၊ အနုပညာလုပ်ငန်း လုပ်နေတာပါ၊ ကိုယ် ...ကိုယ်တာကိစ္စနဲ့ ဘာမှမဆိုင်ပါဘူး"

"အင်း. . . ဒင်းနိစ်ကို ပြန်ပြောပြရင် ယုံမှာတောင် မဟုတ်တော့ပါဘူးကွာ" ဟု ဆမ်ကပြောသည်။

ရိုက်ကွင်းသို့ သူတို့ပြန်ရောက်သွားချိန်တွင် လူတွေအားလုံး လှုပ်လှုပ်ရွရွဖြင့် ကိုယ့် ...လုပ် ကိုယ်လုပ်နေကြသည်ကို တွေ့ရသည်။ ကင်မရာဆရာကလည်း မှန်ဘီလူးလဲရင်း ...လုပ်ရှုပ်နေသည်။ အသံဖမ်း အင်ဂျင်နီယာများက အသံဖမ်းစက်များဖြင့် အလုပ်ရှုပ်နေ ...သည်၊ အချို့လူများက အိမ်ကလေးရှေ့မှာ ရှင်းလင်းနေကြသည်။

**ဆမ်က ပတ်လည်ကို လှည့်ကြည့်သည်။ ပီရင်ဂျယ်လီကို သူ မမြင်။**

"ဒါရိုက်တာ ဘယ်မှာလဲ" ဟု မေးသည်။

နစ်ကီက လက်ညှိုးထိုးပြသည်။

ဆမ်က သူ့လက်ညှိုးညွှန်ရာကို လှမ်းကြည့်သည်။ အိမ်ကလေးရှေ့က ကျောက်တံ ...တိုင်းဘေးမှာ ဖင်ချထိုင်ပြီး ကျောက်တံတိုင်းကို ကျောမှီထားသည်။ ဒူးနှစ်ချောင်းထောင်ပြီး ...အပေါ်မှာ ခေါင်းတင်ထားသည်။ ကြီးမားသည့် ဦးထုပ်ကြီးကို ဆောင်းထားသည်။

ဆမ်က သူ့ဆီသို့သွားဖို့ ခြေလှမ်းပြင်သည်။ သို့သော်လည်း နစ်ကီက ဖမ်းဆွဲထား ...တ်သည်။

"အခုမသွားနဲ့ဦး၊ သူစျာန်ဝင်နေတယ်၊ ဒီအချိန်မှာ ဘယ်သူမှ သူ့ကို မနှောင့်ယှက်ရ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရိုက်ပြီးတော့မှ သွားတွေ့ပါ"

ဆမ်က သည်အတိုင်း ကြည့်နေလိုက်ရတော့သည်။ ငါးမိနစ်လောက်ကြာတော့ ဒါရိုက်တာ ခေါင်းထောင်လာသည်။ ပတ်ဝန်းကျင်ကို ကြည့်သည်။ လူများလှုပ်ရှားနေသည်ကို မြင်သောအခါ အံ့ဩသွားပုံရသည်။ ဖြည်းဖြည်းချင်း မတ်တတ်ထရပ်သည်။

ကင်မရာနောက်သို့ လျှောက်သွားသည်။ ကင်မရာထဲမှ ချောင်းကြည့်သည်။ ကင်မရာသမားကို တစ်စုံတစ်ရာ ပြောသည်။ ပြီးတော့ အိမ်ကလေးဆီသို့ လျှောက်သွားသည်။ နေလုံးကို မော့ကြည့်သည်။ တစောင်းကျနေသည့် အိမ်ရိပ်ကိုကြည့်ပြန်သည်။

အားလုံး နေသားတကျ ဖြစ်နေပုံပေါ်သည်။ သူက အချက်ပြလိုက်ပြီး ကင်မရာဆီသို့ ပြန်လျှောက်လာသည်။ စူးရှသော ခရာတွတ်သံ ကြားလိုက်ရသည်။

"အားလုံးတိတ်ပါ" ဟု လက်ထောက်တစ်ယောက်က အော်သည်။

တစ်စက္ကန့်လောက်ကြာတော့ ကင်မရာမှ မော်တာလည်သံ ပေါ်ထွက်လာသည်။ ပီရင်ဂျယ်လီက လက်ကို ခပ်ဆတ်ဆတ် နှိမ့်ချပြလိုက်ကာ အမိန့်ပေးသည်။

အိမ်တံခါး ပွင့်သွားသည်။ ညီမအဖြစ် သရုပ်ဆောင်သည့် မင်းသမီးကလေး ရေပုံး တစ်လုံးဆွဲပြီး အိမ်ထဲမှ ထွက်လာသည်။ လှေကားကိုကျော်ပြီး ရေများသွန်ချသည်။ သူ့နောက် ဘက်က အသံကြားသဖြင့် နောက်လှည့်သွားသည်။ မော့ကြည့်သည်။

သူကြည့်သည့်ဘက်သို့ ဆမ်ကလည်း လိုက်ကြည့်သည်။ ခြံတံခါးပေါက်မှ မာနီလူ ဝင်လာသည်။ သူ့ကိုကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်။ သူလမ်းလျှောက်လာသည်မှာ တစ်မျိုးဖြစ်နေသည်။ ခြေကုန်လက်ပန်းကျလာသည့် ပုံမျိုးဖြင့် လျှောက်လာသည်။

ထုတ်ဖော်ပြောစရာ မလိုပါ။ သူ့ကိုကြည့်လိုက်ရုံဖြင့် ဘာဖြစ်ခဲ့သည်ကို လူတိုင်း သဘောပေါက် နားလည်နိုင်ကြပါသည်။

ဆမ်က ချာလီကို မျက်ရိပ်ပြပြီး ခေါ်ထုတ်လာခဲ့သည်။ ရိုက်ကွင်းမှ သူတို့အသံကို မကြားနိုင်လောက်သည့် နေရာသို့ရောက်မှ ဆမ်ကပြောသည်။

"လာကွာ. . . ရောမမြို့ကို ပြန်ကြမယ်"

"ဒီမှာ တစ်ညအိပ်မယ်လို့ ကျွန်တော်ထင်ထားတာ"

"မလိုတော့ပါဘူးကွာ၊ သူတို့နည်းနဲ့သူတို့ အလုပ်လုပ်နေကြတာပဲ၊ နေ့ချင်နေ့လိမ့် မယ်၊ ငါ နားမလည်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ အဆနှစ်ရာလောက် စရိတ်ပိုကုန်ချင်လည်း ကုန်လိမ့်မယ်၊ ဒါပေမယ့် သူတို့ ဘာလုပ်နေကြတယ်ဆိုတာ သူတို့သိတယ်၊ တန်လည်းတန် တယ်" ဟု ဆမ်က ပြန်ပြောလိုက်လေတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

ရုပ်ရှင်ပြခန်းထဲရှိ နောက်ဆုံးခုံတန်းတွင် သူတစ်ယောက်တည်း ထိုင်နေသည်။ ပိတ်ကားပေါ်မှ ရောင်ပြန်ဟပ်လာသည့် အလင်းရောင်ကြောင့် မြင်တွေ့ရသည့် သူ့မျက်နှာမှာ တည်တည်ကြီး ဖြစ်နေသည်။ နောက်တစ်ခဏအကြာ လှည့်ကြည့်လိုက်သောအခါ သူမရှိတော့ပြီ။

ဂျက်ဆာဗစ်က လက်မြှောက်ပြလိုက်သည်။

"ကိုယ့်လူတို့. . . ပြီးသွားပြီ၊ ရပ်လိုက်တော့"

အခန်းထဲမှာ မီးလင်းသွားသည်။ ဂျက်က ထိုင်ရာမှထသည်။ ထရန်စ်ဝါး ရုပ်ရှင် [illegible]ကီမှ ရုပ်မြင်သံကြားဌာနအကြီးအကဲ ဂျင်မီဂျော်ဒန်က ဂျက်ကို လှမ်းကြည့်သည်။

"ဘာဖြစ်လို့လဲ" ဟု မေးသည်။

"ကျုပ် ဘယ်လိုလုပ် သိနိုင်မှာလဲဗျ" ဟု ဂျက်က ပြန်ပြောသည်။

"ဒီရုပ်ရှင်ဟာ အင်မတန် ကောင်းပါတယ်ဗျာ၊ ဘာကြောင့် သူထွက်သွားရတာလဲ" ဟု ဂျင်မီဂျော်ဒန်က နားမလည်သလို မေးပြန်သည်။

"ဘာဖြစ်ဖြစ်ပေါ့လေ၊ ခင်ဗျားကိုတော့ သူကိုယ်တိုင်ပြောပြမှာ သေချာပါတယ်"

"ဒီကားထဲမှာ ကျွန်တော်တို့ငွေတွေ အများကြီး ထည့်ထားရတာ"

"စတီဖင်လည်း ထည့်ထားရတာပါပဲ၊ ငွေတစ်သိန်းဆိုတာ ပဲကြီးလှော်တွေမှ မဟုတ်ဘဲ၊ ကျုပ် ရုံးကိုပြန်မယ်၊ အဲဒီကနေ ဖုန်းပြန်ဆက်လိုက်မယ်"

ဂျက်က အပြင်ထွက်လာခဲ့သည်။ အဆောက်အအုံရှေ့တွင် ရပ်ထားသည့် ဂျက်၏ ကားထဲမှာ စတီဖင်ဂေါက် ဝင်ထိုင်နေသည်။ ဂျက်က ဘာမှမပြောဘဲ မောင်းသည့်နေရာတွင် ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


"မောင်ရင့်ရုံးကိုပြန်မှာလား"

စတီဖင်က ခေါင်းရမ်းပြသည်။

"ဒီနေ့အဖို့တော့ တော်လောက်ပါပြီဗျာ၊ ဟိုတယ်ကိုပဲ ပြန်ပို့ပေးတော့၊ နည်းနည်းပါးပါး အိပ်ပျော်သွားအောင် ကြိုးစားကြည့်လိုက်ဦးမယ်"

"ကောင်းတယ်၊ ဒီနှစ်ရက်လုံးလုံး မောင်ရင် သိပ်ပင်ပန်းနေတာ၊ အနားမယူရင် အလုပ်ဆက်လုပ်နိုင်မှာ မဟုတ်ဘူး"

ဂျက်က ကားစက်နှိုးပြီး မောင်းထွက်လာခဲ့သည်။ ဂိတ်ဝမှအထွက်တွင် အစောင့်တွေသူတို့ကို လက်ပြနှုတ်ဆက်သည်။ လော့စ်အိန်ဂျလိစ်မြို့ဘက်သို့ ကားကို ဦးတည်မောင်းလာသည်။ ဂျက်က စီးကရက်ဘူးထုတ်ပြီး စတီဖင်ကို တစ်လိပ်ပေးသည်။ သူကိုယ်တိုင် တစ်လိပ်မီးညှိသောက်သည်။

"ဒီလူတွေ လိမ်တယ်" ဟု စတီဖင်က ရုတ်တရက် ပြောချလိုက်သည်။

ဂျက်မှာ အလန့်တကြား ဖြစ်သွားသည်။

"ဘာပြောလိုက်တယ်"

"ဒီလူတွေလိမ်တယ်"

စတီဖင်၏အသံမှာ ဒေါသကြောင့် အတော်ကြီးထန်နေသည်။ ပြီးတော့မှ သူ့စကားကို ဆက်ပြောသည်။

"သူတို့ ကတိပေးထားတာက တစ်ခု၊ အခုထုတ်ပြတော့ အခြားတစ်ခု၊ လိမ်တယ်၊ ကျုပ်ကို သက်သက် တစ်ပတ်ရိုက်တာ၊ ကျုပ်ဆီက ဖြောင်ခိုးတာ၊ ကျုပ်တို့ကို ဒီလိုလိမ်လို့ရမယ်လို့ ဘာကြောင့်ထင်ကြတာလဲ၊ သူတို့ကုမ္ပဏီကလည်း ကုမ္ပဏီကြီးပဲ၊ ကျုပ်တို့ကသာ ငွေပေးမထားရင် သူတို့လုပ်ငန်း ရပ်သွားတာ ကြာလှနေပြီ"

ဂျက်က ကားကို ဆန်းဆက်ဘူလဗား လမ်းမကြီးပေါ်သို့ မောင်းတင်လိုက်ပြီး ဘီဗာလီဟေးလ်ဟိုတယ်ဆီသို့ ဦးတည်လိုက်သည်။

"သူတို့မှာလည်း ပြဿနာတွေ ပေါ်နေတယ်၊ ရုပ်ရှင်လုပ်ငန်းက အသုံးများနေတော့ ရုပ်မြင်သံကြားက ငွေတွေပါ ယူသုံးနေရတယ်" ဟု ဂျက်ကပြောသည်။

"အဲဒါ အသုံးမကျတာပေါ့ဗျာ၊ ကျွန်တော်တို့က သူတို့ကို ငွေတစ်သိန်း ထုတ်ပေးတယ်၊ စရိတ်တွေ နင်းကန်ပြတော့ တစ်သိန်းခွဲကုန်သွားတယ်၊ ဒါတောင် နောက်ထပ် တစ်သောင်းနှစ်ထောင့်ငါးရာ လိုနေသေးတယ်၊ ငွေတွေအများကြီး ကုန်ပါတယ်လို့ပြောပြီး ကျွန်တော်တို့ရမယ့်ဇာတ်လမ်းက သုံးမရတာကြီး"

"ဒါဟာ ဂျင်မီရဲ့အပြစ်တော့ မဟုတ်ပါဘူးလေ၊ သူကတော့ လူကောင်းပါ၊ ကောင်းအောင်တော့ သူ့အတတ်နိုင်ဆုံး လုပ်ရှာပါတယ်"

"ကျွန်တော်သိပါတယ်၊ သူ့ကိုတော့ ကျွန်တော် အပြစ်မတင်ပါဘူး"

"ဒီကားနဲ့ပတ်သက်ပြီး အဖြေတော့ သူတို့သိချင်ကြမှာပဲ"

"သူတို့ဘာသာ ကြိုက်သလို လုပ်ပေစေဗျာ၊ ကျွန်တော် မလိုချင်တော့ဘူး"

"မောင်ရင် ငွေတစ်သိန်း လွှင့်ပစ်လိုက်သလို ဖြစ်သွားမှာပေါ့"

စတီဖင်က စီးကရက်တိုကို ပြာခွက်ထဲသို့ ထိုးထည့်လိုက်သည်။

"ဒါ ပထမဦးဆုံးအကြိမ် မဟုတ်နိုင်ပါဘူး"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


သူတို့ တိတ်သွားကြပြန်သည်။ တစ်နေရာရောက်တော့ စတီဖင်က. . .

"အဲဒီဘက်ကိုကွေ့" ဟု ရုတ်တရက်ပြောသည်။

ဂျက်က ကားကို တအားဆွဲကွေ့လိုက်ရသည်။ သီသီကလေး လွတ်သွားသည့် ...ကားများက အော်ဆဲသွားသည်။

"ဘယ်ကိုမောင်းရမှာလဲ"

"တည့်တည့်သာဆက်မောင်း" ဟု စတီဖင်က ပြောသည်။

တောင်တက်လမ်းအတိုင်း ကွေ့ကောက်ပြီး မောင်းတက်လာခဲ့သည်။ မိနစ်အနည်း ...ကြာတော့ လမ်းကျဉ်းကလေးတစ်ခုကို တွေ့သည်။

"အဲဒီထဲကိုဝင်" ဟု စတီဖင်က ပြောသည်။

လမ်းကျဉ်းကလေးအတိုင်း ကိုက်သုံးရာလောက် မောင်းမိတော့ အိမ်ခပ်သေးသေး ...ဘေးနားမှာ လမ်းဆုံးသွားသည်။

BURMESE CLASSIC .com

"ဟောဟိုနားမှာရပ်"

စတီဖင်က တစ်နေရာသို့ ညွှန်ပြသည်။ ရှေ့နားမှာ ကားရပ်ဖို့နေရာကလေး သီးသန့် ...ထားသည်ကို တွေ့ရသဖြင့် ထိုနေရာမှာ ကားသွားရပ်သည်။ အိမ်ကလေးနှင့် မျက်နှာ ...ချင်းဆိုင်မှာ ဖြစ်သည်။

"ဘာဆက်လုပ်ရမှာလဲ" ဟု ဂျက်က ကားစက်သတ်ရင်း မေးသည်။

"ကျွန်တော်နဲ့လိုက်ခဲ့" ဟုပြောပြီး စတီဖင်က ကားပေါ်မှဆင်းသည်။

ဂျက်က သူ့နောက်သို့ လိုက်သွားသည်။ ကားလမ်းအဆုံးတွင် သံတံခါးကို တွေ့ရ ...သည်။ စတီဖင်က အိတ်ထဲမှ သော့ထုတ်ပြီး ခြံတံခါးကိုဖွင့်သည်။ လမ်းကလေးက ကွေ့ ...ကောက်နေသည်။ ပြီးတော့ အိမ်တစ်လုံးကို ဘွားခနဲ တွေ့လိုက်ရသည်။ တောင်စောင်းတွင် ...ထားသလား ထင်ရသည်။ သူတို့ကားမောင်းလာခဲ့သည့်လမ်း၏ ဘယ်ဘက်တောင်စောင်း ...ခိုတ်နေခြင်းဖြစ်သည်။

အိမ်တွင်းသို့ဝင်ပေါက်သည် အိမ်၏နောက်ဘက်မှာ ရှိသည်။ အိမ်က တောင် ...တက်ဘက်သို့ မျက်နှာမူထားသည်။ စတီဖင်က နောက်ထပ် သော့တစ်ချောင်းထုတ်ပြီး ...တံခါးဖွင့်သည်။

အပေါ်ထပ်ကို တောက်လျှောက်ရောက်သွားသည်။ လှေကားတစ်ခုဖြင့် အောက် ...သို့ ဆင်းနိုင်သည်။ အထဲရောက်တော့ စတီဖင်က တစ်နေရာသို့ မေးငေါ့ပြသည်။

"အဲဒါက အိပ်ခန်း"

ခလုတ်တစ်ခုကို သူနှိပ်လိုက်သည်။ အိပ်ခန်းထဲမှာ လင်းသွားသည်။ အတွင်းသို့ ...ခဲ့ကြသည်။ ကြီးမားသော ကုတင်ဝိုင်းကြီးကို တွေ့ရသည်။

"ဘေးပြတင်းပေါက် မရှိဘူးလား" ဟု ဂျက်ကမေးသည်။

စတီဖင်က ခလုတ်တစ်ခုကို နှိပ်သည်။ ခေါင်းပေါ်ရှိအမိုးက ဘေးသို့ရွှေ့သွားသည်။ ...ယ်တွေလင်းနေသည့် ကောင်းကင်ကြီးကို ကျယ်ပြန့်စွာ မြင်ရသည်။

"အိပ်ရာကို ကြိုက်သလိုလှည့်လို့လည်း ရတယ်လေ"

စတီဖင်က ခလုတ်တစ်ခုကို နှိပ်ပြန်သည်။ ကုတင်က တဖြည်းဖြည်း လည်သွား ...သည်။ တစ်ဖက်နံရံပေါ်မှ ရုပ်မြင်သံကြား မြင်ကွင်းသုံးခု ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကြိုက်တဲ့နံရံကို ကြည့်နိုင်တယ်၊ ကြိုက်တဲ့မြင်ကွင်းကို ကြည့်နိုင်တယ်၊ အိပ်ရာပေါ်ကနေပြီး ခလုတ်နှိပ်ရုံပဲ"

"ဘုရားသခင်" ဟု ဂျက်က ယောင်အော်မိသည်။

စတီဖင်က ပင်မခလုတ်ကို နှိပ်သည်။ ရုပ်မြင်သံကြားမြင်ကွင်းများ ပျောက်သွားသည်။ လည်နေသည့်ကုတင် ရပ်သွားသည်။ ခေါင်းပေါ်မှအမိုး ပြန်ဖုံးသွားသည်။

"လာ. . . အောက်ထပ်ဆင်းကြဦးစို့"

စတီဖင်က ဦးဆောင်ခေါ်သွားသည်။ အောက်ထပ်သို့ ဆင်းခဲ့ကြပြန်သည်။ အောက်ထပ်က အိမ်မကြီးဖြစ်သည်။ ကျယ်ပြောသည့် ဧည့်ခန်းကြီးရှိသည်။ ကျယ်ပြောသော မှန်ပြတင်းပေါက်ကြီးတွေ ရှိသည်။

ဂျက်က အံ့သြတကြီး ကြည့်နေမိသည်။ မီးဖိုချောင်ရှိသည်။ ရေချိုးခန်းရှိသည်။ ဘားခန်းရှိသည်။ အိမ်ရှေ့တောင်စောင်းတွင် ရေကူးကန်ရှိသည်။ ရေကူးကန်မှာ ဘဲဥပုံသဏ္ဌာန်ဖြစ်ကြောင်း သတိထားမိသည်။ လှေကားထစ်များလည်း ရှိနေသည်။

လော့စ်အိန်ဂျလိစ်မြို့ကြီးကို သူတို့အောက်မှာ မြင်နေရသည်။ သူတို့အောက်ရှိ တောင်ပတ်လမ်းပေါ်တွင် မောင်းနေသည့်ကားများကိုလည်း အပေါ်စီးမှ မြင်နေရသည်။

"ဒီအိမ်ကို ဝယ်လိုက်တာလား"

BURMESE CLASSIC .com

"မဟုတ်ဘူး၊ စိတ်တိုင်းကျ ဆောက်ယူတာ"

"မောင်ရင်ဟာ အံ့သြစရာတွေ အပြည့်ရှိနေတဲ့လူပဲ" ဟု ဂျက်က မယုံကြည်နိုင်သလို ခေါင်းကိုယမ်းခါရင်း ပြောသည်။

စတီဖင်က သူ့ကိုပြန်ကြည့်နေသည်။

"မောင်ရင်ဟာ ဟောလီးဝုဒ်ပုံစံမျိုး မဟုတ်ဘူး၊ ဘီဗာလီဟေးလ်တို့ ဘဲလ်အဲယားတို့ ပုံစံမျိုးနဲ့ ပိုတူနေတယ်"

"အဲဒါတွေက မိသားစုပုံစံတွေပါဗျာ၊ ကျွန်တော်က တစ်ကိုယ်တည်းနေတတ်တဲ့ တစ်ကိုယ်တော်ပုံစံမျိုး"

"ဟား. . . ဟား. . . မိန်းကလေးတွေနဲ့တွဲတာကို စွန့်လွှတ်လိုက်ပြီလား"

"အဲဒီလိုပုံစံမျိုး ဖြစ်နေလို့လား"

ဂျက်က ခေါင်းခါသည်။

"အဲဒီလိုတော့ ကျုပ်မထင်ပါဘူး။ ဒါပေမယ့် မောင်ရင့်အသက် သိပ်ငယ်သေးတယ် မောင်ရင် နောက်ထပ်မိန်းမ ယူဦးမှာပဲ" ဟုပြောရင်း ရယ်ပြန်သည်။

"ယူဖြစ်ချင်လည်း ယူဖြစ်မှာပေါ့လေ" ဟု ပြန်ပြောသော စတီဖင်၏အသံမှာ တည်ငြိမ်နေသည်။

"ဒီအထဲမှာ စတီရီယိုလည်း ရှိမယ်ထင်တယ်"

"ရှိပါတယ်"

စတီဖင်က ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အိမ်ထဲတွင် တေးသံများ လွှမ်းသွားသည်။ နေရာတိုင်းက ထွက်ပေါ်လာနေသည်ဟု ထင်မှတ်ရသည်။ ဂျက်က လက်မြှောက်ပြလိုက်သည်။

"ကဲ. . . အရှုံးပေးပါပြီ၊ ကျုပ်တို့ ပြန်ကြစို့လား"

www.burmeseclassic.com

www.burmeseclassic.com


စတီဖင်ကလည်း ရယ်သည်။ ခလုတ်ကို ပိတ်လိုက်သည်။

"အိမ်သစ်တဏ်ပွဲကလေး ဘာလေး လုပ်ဖို့ကောင်းတယ်၊ ဘယ်တော့လောက် ဒီကို ...ပြောင်းမလဲ"

"အခုတော့ မပြောင်းနိုင်သေးပါဘူးဗျာ"

"ကျူပ်အမြင်တော့ အားလုံးပြည့်စုံနေပြီပဲ၊ ထပ်လုပ်စရာ ဘာလိုနေသေးလို့လဲ"

"ဘာမှမလိုတော့ပါဘူး၊ ကဲ. . . သွားကြစို့"

စတီဖင် လှေကားဆီသို့ လျှောက်သွားသည်။ ကားပေါ်ပြန်ရောက်ပြီး တောင်အောက် ...ပြန်မောင်းဆင်းလာခဲ့ကြသည်။ ဂျက်က သူ့ကို လှည့်ကြည့်ပြန်သည်။

"ဘယ်တော့လောက်မှ ပြောင်းလာနိုင်မယ် ထင်သလဲ"

"အချိန်ကျမှ ပြောင်းနိုင်မှာပါဗျာ၊ ဘယ်သူသိမှာလဲ၊ တစ်နှစ်ကြာချင်ကြာမယ်၊ ...ကြာချင်ကြာမယ်၊ အလုပ်တွေက ပြီးနိုင်တယ်မှ မရှိတော့တာပဲ၊ လုပ်စရာအလုပ် ဘာမှ ...တော့ဘူးဆိုတဲ့အခါကျတော့မှာပဲ ဒီကို ကျွန်တော်ပြောင်းလာနိုင်တော့မှာပါ"

"အဲဒီတော့ ဘာလုပ်မှာလဲ"

"ဒီအိမ်ကိုရောက်တော့မှ စဉ်းစားရတော့မှာပဲ၊ ခင်ဗျား ဒီအိမ်ကို သဘောကျရဲ့လား"

"အရှုးအမူးကို ကြိုက်သွားတာပဲ၊ တစ်ခုပဲ မှားနေတယ်"

"ဘာများပါလိမ့်"

"မောင်ရင် ဒီအိမ်ကို ပြောင်းလာတဲ့အခါမှာ အိမ်ရဲ့အရသာကို မခံစားနိုင်လောက် ...အောင် မောင်ရင် အသက်ကြီးပြီး အဘိုးကြီး ဖြစ်နေလောက်ပြီ"

ဘီဗာလီဟေးလ် ဟိုတယ်ရှေ့မှာ မော်တော်ကားကို ရပ်လိုက်သည်။ ဟိုတယ် ...လုပ်သမားလေးတစ်ယောက်က ပြေးလာပြီး တံခါးဖွင့်ပေးသည်။

"မစ္စတာဆာဗစ်အတွက် ကြေးနန်းတစ်စောင် ရောက်နေပါတယ်ခင်ဗျာ" ဟု ပြော ...သည်။

ဂျက်က ညည့်ကြို့ဌာနသို့သွားပြီး ကြေးနန်းယူသည်။ ဖောက်ဖတ်သည်။ ပြီးတော့ ...ဟုတ်တနဲ့ တစ်ချက်ဆဲလိုက်သည်။

"ဘာများအဆင်မပြေလို့လဲ" ဟု စတီဖင်က မေးသည်။

"မောင်ရင့်မိတ်ဆွေကြီး ဆမ်ဘင်ဂျမင်ပေါ့၊ ဒီတစ်ခါတော့ အကြီးအကျယ် ဒုက္ခ ...ရောက်နေပြီ၊ တစ်မြို့လုံးလည်ပြီး ပိုက်ဆံလျှောက်ချေးနေရပြီ"

"သူ ဒုက္ခရောက်နေတယ်ဆိုတာ ကျွန်တော် မကြားမိပါလား"

"မာရီလူးနဲ့ရိုက်နေတဲ့ ရုပ်ရှင်ကားက ပထမရည်မှန်းထားတဲ့ ငွေထက် အများကြီး ...ကုန်သွားတယ်၊ ကားက မပြီးသေးဘူး၊ အခုဆက်ရိုက်ဖို့ ငွေကပြတ်နေပြီ၊ စူပါကာလာကုမ္ပဏီ ...လည်း သူ့ကို ငွေနှစ်သိန်းချေးထားတယ်၊ အခုတော့ စူပါကာလာက သူ့ကားကို ထိန်းသိမ်း ...လိုက်ပြီလို့ မကြာခင်ကပဲ ကျုပ်သတင်းကြားလိုက်ရတယ်"

"ခင်ဗျားကိုကြည့်ရတာ သူ့အတွက် စိတ်မကောင်း မဖြစ်သလိုပဲ" ဟု စတီဖင်က ...ပြောသည်။

"ဒီကောင့်အတွက် ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရမှာလဲ၊ အင်မတန် အာကျယ်တဲ့ ...ကောင်ပဲ၊ ဒီကားအတွက် သူကြွားလုံးထုတ်လိုက်ရတာ မတရားလေ"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်က စကားကို ရပ်ထားလိုက်သည်။ စတီဖင် ငြိမ်နေသည်ကို သတိထားမိသွား သည်။ တစ်ဆက်တည်း စတီဖင်သည် ဆမ်နှင့် အလွန်ရင်းနှီးကြောင်းကိုပါ စဉ်းစားလိုက်မိ သည်။

"ကျုပ်မေ့သွားတယ်၊ မောင်ရင်က သူ့ကို သဘောကျနေတဲ့လူပဲ" ဟု အားတုံ့အားနာ လေသံဖြင့် ဆက်ပြောသည်။

"ဟုတ်တယ်" ဟု စတီဖင်က လေသံပြတ်ဖြင့် ပြောသည်။

"ကျုပ်တော့ နားမလည်ဘူး၊ သူ့ကို ဘာဖြစ်လို့ သဘောကျနေရတာလဲ"

"ကျုပ်တွေ့ဖူးသမျှ လူတွေထဲမှာ ကျုပ်ကို တစ်ပတ်ရိုက်ဖို့ မကြိုးစားတာ သူတစ် ယောက်တည်း ရှိလို့ပဲ" ဟု စတီဖင်က ခပ်အေးအေး ပြန်ပြောလိုက်လေသည်။

BURMESE CLASSIC .com ◻◻◻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

BURMESE CLASSIC .com

သူတို့ ပြန်သွားသဖြင့် ဒင်းနိစ် တံခါးပိတ်လိုက်သည့် အချိန်သည် ညဆယ်နာရီ ကျော်နေပြီ။ တံခါးမှာ သံ့ မှီရပ်နေမိသည်။ သူတစ်ကိုယ်လုံး အားအင်ကုန်ခန်း နွမ်းနယ်နေသည်။ ခဏကြာတော့မှ ဧည့်ခန်းထဲသို့ ပြန်ဝင်လာသည်။

ညစာအတူစားကြရင်း ရော်ဂျာတို့လင်မယား ပြောသွားသည့် စကားများကိုသာ ပြန်လည်ကြားယောင်နေမိသည်။ ဆမ်၏အကြောင်းကို မပြောမိဖို့တော့ သူတို့အားလုံး သတိထား ရှောင်ကြဉ်ခဲ့ကြသည်။ သို့သော်လည်း နောက်ဆုံးတွင်တော့ မရှောင်နိုင်ပါ။ ရော်ဂျာက ထိုအကြောင်းကို စ,ခဲ့ခြင်း ဖြစ်လေသည်။

"ဆမ် ဘယ်တော့လောက် ပြန်လာမလဲ" ဟု ရော်ဂျာက စ,မေးခဲ့သည်။

"ကျွန်မ မသိဘူး၊ ရုပ်ရှင်ကားကို တက်သုတ်ရိုက်ပြီး တည်းဖြတ်နိုင်ဖို့ ကြိုးစားနေတယ်၊ နောက်ခံတီးလုံးတွေပါ ထည့်ရဦးမယ်"

"အဆင်ပြေတယ်မဟုတ်လား"

"အဆင်ပြေတယ်လို့ ဆမ်ကပြောတာပဲ"

ပြဿနာ စ,ဖော်လိုက်သည်မှာ အယ်နီဖြစ်သည်။ အယ်နီသည် ပြောသင့်သော စကားလား၊ မပြောသင့်သောစကားလား သိတတ်သည့် မိန်းမ,မဟုတ်။

"ရှင့်လက်ထပ်လက်စွပ် ဘယ်ရောက်သွားသလဲ" ဟု တဲ့တိုးကြီး မေးချလိုက်သည်။

ဒင်းနိစ်မှာ ယောင်ယမ်းပြီး လက်စွပ်မရှိတော့သည့် သူ့လက်ကလေးကို မြှောက်ကြည့်မိသည်။ အစ်ကရုပ်စ်ရုပ်ရှင်ကား အောင်မြင်စဉ်တုန်းက ဆမ်ဝယ်ပေးသည့် ဆယ်ရတီရှိ စိန်လက်စွပ်ဖြစ်သည်။ သူမြတ်နိုးလွန်းသဖြင့် မချွတ်တမ်း ဝတ်ဆင်ထားခဲ့သည်။

"ပေါင်ထားတယ်၊ တခြား လက်ဝတ်လက်စားကလေးတွေနဲ့ အတူတူ ရောပေါင်ထားတာ၊ ကျွန်မတို့ ငွေလိုတယ်မဟုတ်လား" ဟု ပြန်ပြောလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရော်ဂျာက သူ့ကိုလှမ်းကြည့်သည်။ ပြီးတော့ သူ့မိန်းမကို လှည့်ကြည့်ပြန်သည်။ ခဏကြာတော့မှ ဒင်းနိစ်ဘက်သို့ လှည့်လာသည်။

"ငွေကလည်း အသုံးခံတာမဟုတ်ဘူးလေ" ဟု ပြောသည်။

"ဟုတ်တယ်၊ အသုံးမခံဘူး"

"ငွေရဖို့အတွက် မင်းတို့ ဘယ်လိုလုပ်နေသလဲ" ဟု ဆက်မေးသည်။

ဒင်းနိစ်မှာ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။

"အဆင်ပြေပါတယ်၊ ဒီလိုပဲ လှည့်နေရတာပေါ့လေ၊ မိုင်ယာမီကို ပြောင်းသွားတဲ့ ဆမ်ရဲ့မိဘတွေဆီကလည်း ငွေပို့ပေးသေးတယ်"

ဆမ်၏မိဘများသည် အပ်ချုပ်ဆိုင်ကိုရောင်းပြီး မိုင်ယာမီသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ အမှန်တော့ ဒင်းနိစ်က ကြည့်ကောင်းအောင် ပြောလိုက်ရခြင်း ဖြစ်သည်။ ဆိုင်ကြွေးတွေ များလှပြီ။ အိမ်လခ မပေးနိုင်သည်မှာလည်း နှစ်လရှိပြီ။

ရော်ဂျာက ခပ်ကြောင်ကြောင် အမူအရာဖြင့် အိတ်ထဲသို့နှိုက်သည်။ ချက်လက်မှတ်တစ်စောင်ထုတ်ပြီး ဒင်းနိစ်ဘက်သို့ တွန်းပို့ပေးလိုက်သည်။ ဒင်းနိစ်က ငုံ့ကြည့်သည်။ သူ့နာမည်ဖြင့် ရေးထားသော ချက်ဖြစ်ပြီး တန်ဖိုးမှာ ငွေတစ်သိန်းဖြစ်သည်။

"ဒါက ဘာအတွက်လဲ" ဟု ဒင်းနိစ်က မေးသည်။ သူ့အသံမှာ အလွန်တည်ငြိမ်နေသည်။

"မင်းဟာ ငါ့ညီမပဲ၊ မင်း ဒါလောက် ရုန်းကန်နေရတာကို ငါမကြည့်ရက်ဘူး" ဟု အသံခပ်ပျက်ပျက်ဖြင့် ပြောသည်။

ဒင်းနိစ်မှာ ပြုံးလုလုဆဲဆဲ ဖြစ်သွားသော မျက်ရည်ကို မနည်းကြိုးစားပြီး ထိန်းလိုက်ရလေသည်။ ပြီးတော့မှ ချက်လက်မှတ်ကို ရော်ဂျာဘက်သို့ ပြန်တွန်းပေးလိုက်ရသည်။

"ကျွန်မ မယူချင်ဘူး"

ရော်ဂျာက သူ့ကို စိုက်ကြည့်နေသည်။

"ဘာဖြစ်လို့ မယူချင်ရတာလဲ၊ ဒီချက်ဟာ ဆမ် တွေ့နေရတဲ့ ငွေကြေးအခက်အခဲကိုရော မင်းကြုံနေရတဲ့ အိမ်စရိတ် အခက်အခဲကိုပါ ပြေလည်သွားစေနိုင်တဲ့ ချက်ပဲ၊ အားလုံး ပြေလည်သွားတော့မှပဲ အီတလီနိုင်ငံမှာ သူပုန်းနေရာက ဒီကိုပြန်လာနိုင်တော့မှာပေါ့"

"ဆမ်ကို ရှင် ငွေပေးချင်တယ်ဆိုရင် ဆမ့်ကိုပဲ တိုက်ရိုက်ပေးပါ၊ ဒီငွေကို ကျွန်မ ယူထားလိုက်ရင် တစ်သက်လုံး ကျွန်မကို သူခွင့်လွှတ်တော့မှာ မဟုတ်ဘူး"

"ဆမ်နဲ့ငါ စကားပြောလို့ မဖြစ်ဘူးလေ၊ မင်းသိသားပဲ၊ ဒီငွေ ငါပေးတယ်လို့ မပြောနဲ့ပေါ့၊ ပါပါထားခဲ့တဲ့ အမွေတွေထဲက မင်း နောက်ဆုံးရစရာရှိတဲ့ အရစ်ကို ရတာပါလို့ သူ့ကိုပြောရင် ဖြစ်တာပဲ"

ဒင်းနိစ်က ခေါင်းခါသည်။

"မဖြစ်ဘူး၊ ကျွန်မ ဘယ်တုန်းကမှ မလိမ်ခဲ့ဘူး၊ ဒါကြောင့် အခုလည်း မလိမ်နိုင်ဘူး"

"ရှင် တော်တော်ရှူး. . ."

အယ်နီက စကားဝင်ပြောဖို့ ဟန်ပြင်လိုက်သည်။

"တိတ်စမ်း" ဟု ရော်ဂျာက လှမ်းငေါက်သည်။ ပြီးမှ ချက်လက်မှတ်ကို ကောက်ပြီး အိတ်ထဲပြန်ထည့်သည်။ လက်ပတ်နာရီကို မြှောက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြမှထင်တယ်၊ ကလေးနို့တိုက်ချိန် ရောက်နေပြီ"

သူတို့ကို အိမ်ပေါက်ဝအထိ ဒင်းနိစ်က လိုက်ပို့သည်။ အိမ်ပေါက်ဝရောက်တော့ ချော်ဂျာက သူ့ဘက်လှည့်ပြောသည်။

"စကားမစပ် ပြောရဦးမယ်၊ မင်းတို့အိမ်လခနဲ့ ဆိုင်ကြွေးတွေအားလုံး ငါဆပ်ပေးထိုက်တယ်၊ အဲဒီအတွက် မင်းမပူနဲ့တော့"

"ဒီကြွေးတွေတင်နေတာ ရှင် ဘယ်လိုလုပ်သိသလဲ" ဟု ဒင်းနိစ်က ပြန်မေးသည်။

"မင်း မေ့နေပြီထင်တယ်၊ ဆမ်ဆီမှာ လုပ်ပေးနေတဲ့ စာရင်းစစ်က ငါ့ဆီမှာလည်း အလုပ်လုပ်တယ်လေ"

❑

BURMESE CLASSIC .com

နောက်ဆုံးသတင်းများ ထုတ်လွှင့်နေသည့် အချိန်မှာပင် တယ်လီဖုန်းခေါ်င်းလောင်း မြည်လာသည်။ ဒင်းနိစ်က ထိုင်နေရာမှ အလူးအလဲ ထ,ပြေးသည်။ ဆမ် ဖုန်းမဆက်သည်မှာ တစ်ပတ်ပင် ကြာမြင့်သွားချေပြီ။

ရုပ်ဝေးမှ အော်ပရေတာ၏ အသံကိုကြားရသည်။

"မစ္စတာဘင်ဂျမင်ကို ပေးပါ၊ ရုပ်ဝေးက ခေါ်နေပါတယ်"

"မစ္စတာဘင်ဂျမင် အခု ဒီမှာမရှိပါဘူး၊ အခု စကားပြောနေတာ မစ္စက်ဘင်ဂျမင်ပါ၊ ကျွန်မ ဘာလုပ်ပေးရမလဲ"

"မစ္စတာဘင်ဂျမင်ကို ဘယ်လိုအဆက်အသွယ် လုပ်ရမယ်ဆိုတာများ သိပါသလား" ဟု အော်ပရေတာက မေးသည်။

နောက်ထပ်အသံတစ်ခု ဖြတ်ဝင်လာသည်။ ယောက်ျားသံဖြစ်ပြီး မှတ်မိသလိုလို ရှိသည်။

"ကျွန်တော် မစ္စက်ဘင်ဂျမင်နဲ့ပဲ ပြောတော့မယ်၊ ဟယ်လို. . . ဒင်းနိစ်. . စတီဖင် ပါ. . . စတီဖင်ဂေါက်"

"စတီဖင်. . ." ဟု ဒင်းနိစ်က အံ့သြတကြီး ပြန်အော်သည်။

"နေကောင်းရဲ့လား၊ ကလေးတွေရော"

"အားလုံး နေကောင်းကြပါတယ်၊ ဆမ် ဒီမှာမရှိဘူး၊ အီတလီမှာ"

"သူ့ဖုန်းနံပါတ် သိသလား၊ သူ့ကို ဘယ်လို ဖုန်းဆက်ရမလဲ၊ ကိစ္စအရေးကြီးနေလို့" ဟု စတီဖင်က ပြောသည်။

"ရောမမြို့က အိပ်ဆယ်စီယာဟိုတယ်မှာ တည်းနေတယ်၊ အဲဒီမှာမရှိရင် စင်နက်စီတာ စတူဒီယိုကို ဆက်ကြည့်၊ အဲဒီမှာ ရုပ်ရှင်ကားကို သူတို့ တည်းဖြတ်နေကြတယ်"

"ရုပ်ရှင်ကားက ဘယ်လိုနေသတဲ့လဲ"

"ဆမ်ကတော့ သိပ်ကောင်းတယ်လို့ ပြောတာပဲ"

"ကျွန်တော် သေသေချာချာ ယုံပါတယ်၊ ဒီအစီအစဉ် စကတည်းက ကျွန်တော် သဘောကျခဲ့တာ၊ ပြောရဦးမယ်၊ အဲဒီကိစ္စအတွက် ကျွန်တော် ဖုန်းဆက်တာပါ၊ သူနဲ့ သဘောတူညီချက်တစ်ခုလုပ်ဖို့ ရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကလည်း ဒီလိုပဲ မျှော်လင့်ပါတယ်ရှင်"

ဒင်းနိစ်က ထိုသို့ပြောရင်း စတင်ငိုကြွေးလေတော့သည်။ ပြီးတော့ သူတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ဇာတ်စုံခင်းပြလိုက်မိသည်။ ရော်ဂျာနှင့် စကားများသည့်အကြောင်း၊ ငွေပြတ်သွားသည့်အကြောင်း၊ ရုပ်ရှင်အပြီးသတ်နိုင်ရန် အပြင်းအထန် ရုန်းကန်နေရသည့်အကြောင်း၊ တခြားလူများကလည်း ငွေထုတ်မချေးတော့သည့် အကြောင်းများကို အိတ်သွန်ဖာမှောက် ပြောချလိုက်မိလေသည်။

စတီဖင်က ငြိမ်သက်စွာ နားထောင်နေသည်။ သူပြောချင်သလောက် ပြောခွင့်ပြုထားသည်။ နောက်ဆုံးတွင်မှ မေးသည်။

"ဆမ် အဲဒီလို ဒုက္ခရောက်နေတာ ဘာဖြစ်လို့ ကျွန်တော့်ကို သူဖွင့်မပြောတာလဲ" ဟု မေးသည်။

"ကျွန်မလည်း မသိဘူး၊ ဆမ်အကြောင်း ရှင်သိသားပဲလေ၊ ရော်ဂျာနဲ့ စကားများရတာဟာလည်း သူ့ဂုဏ်သိက္ခာကို သိပ်ထိန်းလွန်းရာကနေ ဖြစ်ရတာပဲ၊ သူ့ဂုဏ်သိက္ခာတို့ ထိခိုက်မှာစိုးလို့ ရှင့်ကို မပြောတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ရှင့်အပေါ် သူ့အပူတွေ ပုံမချချင်လို့ မပြောတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ရှင့်မှာလည်း ကိုယ့်ပြဿနာနဲ့ကိုယ် ဖြေရှင်းရင်း အလုပ်များနေရတာ မဟုတ်လား"

"ဒါကတော့ ဆိုးတာပေါ့၊ မိတ်ဆွေရင်းချာတွေပဲဗျာ၊ အခက်အခဲပေါ်တဲ့အခါ ပြောရမှာပေါ့"

ဒင်းနိစ်က ဘာမှပြန်မပြောဘဲ တိတ်နေလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အခုအချိန်ကစပြီး ဘာမှမပူနဲ့တော့၊ အားလုံး အဆင်ပြေသွားမှာပါ" ဟု စတီဖင်က တည်ငြိမ်စွာ ပြောသည်။

သူပြောသည့်လေသံက ပိုင်ပိုင်နိုင်နိုင်ရှိသည်။ အာမခံချက်ပေးနေသည့် သဘောမျိုးဖြစ်သည်။ ဒင်းနိစ်မှာ ယုံကြည်မှုများ ရှိသွားသည်။

"ကျွန်မ အခု အများကြီး စိတ်ချမ်းသာသွားပြီ စတီဖင်၊ အခုလို ပေါက်ကွဲထွက်သွားမိတာ ဝမ်းနည်းပါတယ်"

"ဒါတွေ မေ့ပစ်လိုက်ပါလေ၊ ဟို. . . ဘာလဲဗျာ၊ ဒန့်သလွန်သီးနဲ့ချက်တဲ့ ခင်ဗျားတို့ဂျူးဟင်း. . . အဲဒီဟင်း ချက်စားတုန်းပဲလား"

ဒင်းနိစ်က ရယ်သည်။ စတီဖင်ပြောသည့် ဂျူးစကားမှာ မပီသဖြင့် ရယ်စရာဖြစ်နေသည်။

"ချက်ပါတယ်"

"ကောင်းတယ်ဗျာ၊ ကျွန်တော် နယူးယောက်မြို့ကို ပြန်ရောက်ရင် ခင်ဗျားဆီ ဖုန်းဆက်မယ်၊ အဲဒီဟင်းချက်ပြီး ကျွန်တော့်ကို ညစာကျွေးပါဦး"

တယ်လီဖုန်း ပြတ်သွားသည်။ ဒင်းနိစ်က ဖုန်းချပြီး ရုပ်မြင်သံကြားပိတ်ကာ အိပ်ရာဝင်ခဲ့သည်။ ရက်သတ္တပတ်ပေါင်းများစွာအတွင်း အိပ်ဆေးမသောက်ဘဲ ပထမဆုံးအကြိမ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည့်ည ဖြစ်လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃).

လော့စ်အိန်ဂျလိစ်မြို့မှ စင်ကလဲယား အသံလွှင့်ကုမ္ပဏီရုံးသည် အထပ်နှစ်ဆယ်ရှိသော အဆောက်အအုံသစ်၏ အပေါ်ဆုံးထပ်တွင် ရှိသည်။ စတီဖင်ဂေါက်၏ ရုံးခန်းက အဆောက်အအုံ၏ အရှေ့တောင်ထောင့်တွင် ဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့လယ်ကောင်နှင့် ဟောလီးဝုဒ်ကို အပေါ်စီးမှ မြင်နေရသည်။

သူ့ရုံးခန်းအတွင်းသို့ ဂျက်ဆာဗစ် ဝင်လာချိန်တွင် ပြတင်းပေါက်နားမှာ ကော်ဖီခွက်တစ်ကိုင်ရင်း သူ ရပ်နေသည်။ အပြင်သို့ သူငေးကြည့်နေသည်။

"အခုလို ရာသီဥတုကောင်းတဲ့ မနက်ဆိုရင် ဘော်လ်ဒီတောင်ထိပ်ကို လှမ်းမြင်နေရတယ်၊ ဒီကနေ မိုင်လေးဆယ်လောက် ဝေးတယ်" ဟု စတီဖင်က ဂျက်ကိုပြောသည်။

ထိုအချိန်မှာပင် စတီဖင်၏စားပွဲပေါ်ရှိ အင်တာကွန်းမှ အတွင်းရေးမှူး၏အသံပေါ် ထွက်လာသည်။

"နယူးယောက်မှာရှိနေတဲ့ စူပါကာလာကုမ္ပဏီက မစ္စတာ အာနီဘရက်မင်းကို ဖုန်းဆက်လို့ရပါပြီ မစ္စတာဂေါက်"

"ဖုန်းပြောလိုက်ဦးမယ်" ဟု စတီဖင်ကပြောပြီး သူ့စားပွဲဆီသို့ ပြန်သွားသည်။ ခလုတ်တစ်ခုကိုနှိပ်ပြီး ဖုန်းကိုကောက်ကိုင်သည်။

"ဂွဒ်မောနင်း အာနီ"

"ခင်ဗျားအဖို့တော့ မနက်ပဲ၊ နယူးယောက်မှာရှိတဲ့ ကျုပ်တို့ကို ဆင်းရဲဇာတာပါတဲ့ သူတွေအဖို့တော့ နေ့လယ်စာစားချိန်ရောက်နေပြီ စတီဖင်၊ အလုပ်လုပ်လို့ နေ့ဝက်တောင်ကျော်နေပြီ"

စတီဖင်က ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဆိုးတာပေါ့၊ ဒါထက် ခင်ဗျားတို့ နှစ်ပတ်လည်အစီရင်ခံစာ ကျွန်တော်ဖတ်ပြီးပြီ အာနီ၊ ဒီစီးပွားရေးလုပ်ငန်းထဲမှာ ငွေရအောင်ရှာနိုင်တာ ခင်ဗျားတို့ ကုမ္ပဏီတစ်ခုပဲရှိတယ်၊ ရုပ်ရှင်ကားတွေ ဆေးပေးကူးပေးရုံနဲ့ ခင်ဗျားတို့ ငွေညှစ်ယူနေကြတာပဲနော်"

"ဟား. . . ဟား. . . သိပ်မဆိုးလှပါဘူး၊ ဒါထက် ဘာကိစ္စ ဖုန်းဆက်တာလဲ၊ ကျွန်တော်တို့ လုပ်ကိုင်ပေးနေတာတွေ အဆင်ပြေတယ်မဟုတ်လား"

"ပြေပါတယ်၊ အကူအညီကလေး တစ်ခုလောက် တောင်းချင်လို့"

အာနီဘရက်မင်း၏ လေသံမှာ စိတ်သက်သာရာ ရ,သွားသည့် လေသံမျိုးသို့ ပြောင်းသွားလေသည်။

"ဘာမဆို ကူညီပါ့မယ်ဗျာ၊ လိုရာသာပြောပါ"

"ဆမ်ဘင်ဂျမင်ရဲ့ ရုပ်ရှင်ကားကို ခင်ဗျားတို့ ထိန်းထားလိုက်တယ်လို့ ကြားတယ် အဲဒါ ပြန်ဖွင့်ပေးလိုက်ပါဗျာ၊ သူ အဆင်ပြေသလို လုပ်ပါစေ"

တစ်ဖက်က ခဏကြာအောင် အသံတိတ်သွားသည်။ အတော်ကလေးကြာမှ ပြန်ပြောသည်။

"ကျွန်တော် လုပ်နိုင်မလုပ်နိုင် မသိသေးဘူး စတီဖင်၊ ကျွန်တော်နဲ့ လက်လှမ်းမမီတဲ့ အဆင့် ရောက်သွားပြီ၊ ဥပဒေကြောင်းအရ အရေးယူနေပြီ"

"ခင်ဗျားဟာ စူပါကာလာကုမ္ပဏီရဲ့ ဥက္ကဋ္ဌပဲ၊ မဟုတ်ဘူးလား၊ ခင်ဗျား လက်လှမ်းမမီနိုင်တာ ဘာမှမရှိနိုင်ပါဘူး" ဟု စတီဖင်က ပြန်ပြောသည်။ သူ့လေသံမှာ ဘာခံစားချက်မှ မရှိသည့် လေသံမျိုးဖြစ်လေသည်။

"နေပါဦး စတီဖင်၊ ကျွန်တော်လည်း ခင်ဗျားလိုပါပဲ၊ အစုရှင်တွေကျေနပ်အောင် ကျွန်တော် ရှင်းပြနိုင်ဖို့ လိုလိမ့်မယ်၊ ဆမ်ဘင်ဂျမင်ကို ကျွန်တော်တို့ ငွေနှစ်သိန်းချေးလိုက်တယ်၊ သူ့ရုပ်ရှင်ကားပြီးအောင် ဆက်ရိုက်ဖို့ ချေးတာ၊ ဒါပေမယ့် သူက အဲဒီငွေကို ကားမရိုက်ဘဲ သူ့ယောက်ဖကို အကြွေးဆပ်ပစ်လိုက်တယ်၊ ဒီတော့ ကျွန်တော်တို့ သူ့ကားကို မထိန်းရင် ကျွန်တော်တို့ ဘယ်အခြေအနေ ရောက်သွားမလဲ"

"လုပ်မနေစမ်းပါနဲ့ အာနီ၊ ဆမ်ကို ခင်ဗျား ငွေချေးလိုက်တာ ခင်ဗျားတို့ကုမ္ပဏီမှာ သူ ရုပ်ရှင်ကားဆေးဖို့အတွက် သေချာအောင် ချည်လိုက်တဲ့သဘောပါ၊ တခြားအကြောင်း ဘာမှမရှိပါဘူး၊ ဒီငွေကို သူ ဘယ်လိုသုံးသုံး ခင်ဗျားတို့ ဂရုမစိုက်ပါဘူး"

"မှန်ပါတယ်၊ ဒါကလည်း အခြေအနေတွေ အားလုံးကောင်းနေမှကိုး၊ အခုတော့ ဒီလိုမဟုတ်တော့ဘူးလေ၊ ဒါကြောင့် ကျွန်တော်တို့ ငွေပြန်ရဖို့ အာမခံချက်ရှိအောင် ထိန်းရတော့မှာပဲ"

"ခင်ဗျားတို့ကုမ္ပဏီကို အများဆုံးအလုပ်အပ်နေတာ ဘယ်သူလဲ အာနီ"

စတီဖင်အသံမှာ လှုပ်ရှားမှုမရှိဘဲ တည်ငြိမ်နေမြဲပင် ဖြစ်သည်။

သည်တစ်ခါတော့ အာနီဘရက်မင်းက နည်းနည်းကလေးမှ တုံ့ဆိုင်းနေခြင်း မရှိ။

"ခင်ဗျားပဲလေ"

စင်ကလဲယားကုမ္ပဏီမှ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားဖလင်အားလုံး၊ စင်ကလဲယားက ရိုက်ကူးသည့် ရုပ်ရှင်ကားအားလုံးကို စူပါကာလာကုမ္ပဏီကပင် ဆေးခြင်း၊ ကူးခြင်း တာဝန်ယူခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတောင် ခင်ဗျားတို့ဆီက ငွေတစ်ပြားမှ မချေးဖူးဘူးနော်"

"မှန်ပါတယ်၊ ဒါပေမယ့်. . ."

စတီဖင် သူ့စကားကို ဖြတ်ပစ်လိုက်သည်။ ပြီးတော့ လေသံခပ်ပျော့ပျော့ဖြင့် ပြောသည်။

"နောက်နှစ်အတွက် ကန်ထရိုက်ပေးဖို့အချိန် မကြာခင် ရောက်တော့မယ်၊ ထုံးစံအတိုင်းပေါ့ဗျာ၊ တခြားကုမ္ပဏီတွေကလည်း ဈေးနှုန်းအပြိုင်တင်ကြမယ်၊ ခင်ဗျားကလည်း ထုံးစံအတိုင်း အလျှင်ဈေးနှုန်းနဲ့ပဲ တင်မယ်၊ အဲဒီလိုတင်လာတဲ့ ဈေးနှုန်းတွေကို ကျွန်တော်က ကောက်ခံပြီး ကျွန်တော်တို့ ဒါရိုက်တာအဖွဲ့ကို တင်ပြပေးရမှာ မဟုတ်လား"

အာနီဘရက်မင်း အကျပ်တွေ့သွားတော့သည်။ ဝမ်းသာအားရလေသံဖြင့် သူက ပြောသည်။

"ကောင်းပါပြီ စတီဖင်၊ ခင်ဗျားဖြစ်စေချင်သလို ဖြစ်ရပါစေ့မယ်၊ လိုတဲ့အကူအညီ အမဆိုတောင်းပါလို့ ကျွန်တော်ပြောခဲ့တယ် မဟုတ်လား၊ ကျွန်တော်တို့တော့ မထိခိုက်နိုင်ဘူးလို့ပဲ မျှော်လင့်ရတော့တာပေါ့ဗျာ"

"မထိခိုက်နိုင်ပါဘူး၊ ရုပ်ရှင်က အင်မတန်ကြီးကျယ်တဲ့ကားပါ၊ ကျေးဇူးတင်ပါတယ် အာနီ၊ ခင်ဗျား အခုလို ဆုံးဖြတ်လိုက်တာ ကျွန်တော် သဘောကျပါတယ်"

ဖုန်းချပြီး ဂျက်ကို လှမ်းကြည့်သည်။ ဂျက်က သူ့ကို ထိတ်လန့်တကြားဖြင့် ငေးစိုက်ကြည့်နေသည်။

"မောင်ရင်ရူးသွားပြီလား စတီဖင်၊ ဘာဖြစ်လို့ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ရတာလဲ၊ အာနီဘရက်မင်းဟာ အင်မတန်ဆိုးတဲ့လူ၊ ဒီကိစ္စမှာ သူ့အကျပ်အတည်းတွေ့ရင် မောင်ရင့်ဘက်ကို ရန်ရှာလာလိမ့်မယ်" ဟု ဂျက်က ပြောသည်။

စတီဖင်က သူ့ကို ပြန်ကြည့်နေသည်။

"အဲဒီလိုကျတော့လည်း ဆမ်အဆင်ပြေအောင် လုပ်ပေးရတော့မှာပေါ့ မဟုတ်ဘူးလား"

ဂျက်မှာ ဘာပြန်ပြောရမှန်း မသိတော့ချေ။ ထို့ကြောင့် ထိုင်ရာမှထသည်။

"ဒီငတိနဲ့ကို မောင်ရင် ကင်းကင်းရှင်းရှင်း မနေနိုင်ဘူး၊ ကျုပ်တွေးတာ မှန်မယ်ဆိုရင်ပေါ့လေ"

စတီဖင်က ပြုံးသည်။

"ခင်ဗျားတွေးတာတွေ မှန်ပါတယ်၊ အခုဆိုရင် ခင်ဗျားလည်း အမှုသည်တစ်ယောက် ရသွားပြီပဲ"

"ဘယ်သူလဲ"

"ဆမ်ဘင်ဂျမင်လေဗျာ၊ သူ့ရုပ်ရှင်ကား ဖြန့်ချိပေးမယ့်လူရှာပြီး ခင်ဗျား ပွဲစားလုပ်ပေးရတော့မယ်"

"သူပိုင်ဖြန့်ချိရေးကုမ္ပဏီရှိနေတာ ကျုပ်က ဘယ်လိုလုပ်ပြီး ဒီအလုပ်ကို လုပ်လို့ရမှာလဲဗျ"

"ပြည်တွင်းမှာဖြန့်ချိဖို့ ပြောတာမဟုတ်ဘူးလေဗျာ၊ ပြည်ပဖြန့်ချိရေး လုပ်ဖို့ပြောတာ"

ဂျက်က နားမလည်နိုင်သလို သူ့ကို စိုက်ကြည့်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားကိုဖြန့်ဖို့ သဘောတူညီမှု ဘာတစ်ခုမှ သူမလုပ်ရသေးဘူးလို့ မောင်ရင် ပြောနေတာလား"

စတီဖင်က ခေါင်းယမ်းပြသည်။

"သူ့မှာ ကိုယ်စားလှယ်မရှိသေးတာ ကျွန်တော်သိတယ်၊ ရုပ်မြင်သံကြားဖြန့်ဖို့ ကျွန်တော် သဘောတူထားတယ်၊ ဖြန့်ချိရေးကိုယ်စားလှယ်ကို ကျွန်တော်ကတစ်ဆင့် သူရှာရမှာ"

"အင်း. . . ဒီရုပ်ရှင်မျိုးဟာ နိုင်ငံခြားမှာ ဝင်ငွေပိုကောင်းမှာပေါ့၊ သူတို့က ဒါမျိုး သိပ်ကြိုက်တာ မဟုတ်လား"

"ခင်ဗျား နားသိပ်မဝေးပါဘူး၊ ကျွန်တော်ကလည်း ဂဏန်းကြီးကြီး လိုချင်တာ"

"ဘယ်လောက်ကြီးကြီးလဲ"

"ငါးသိန်း. . . ဒါမှမဟုတ် ငါးသိန်းအထက်"

"ဒါဆိုရင်တော့ သိပ်ခက်သွားလိမ့်မယ်၊ ဒါလောက် ငွေများများပေးနိုင်တာက ရောမကုမ္ပဏီကြီးတွေပဲ ရှိတယ်၊ ဒါတောင် နိုင်ငံခြားဖြန့်ချိရေးအတွက် ဒါလောက်များများ ပေးမှာတော့ မဟုတ်ဘူး"

"ထရန်စ်ဝါး ရုပ်ရှင်ကုမ္ပဏီက ပေးပါလိမ့်မယ်ဗျာ" ဟုသာ စတီဖင်က ပြန်ပြောသည်။

□

သန်းခေါင်ကျော် တစ်နာရီအချိန် ဖြစ်သည်။ ဆမ်သည် ကုလားထိုင်မှာထိုင်ပြီး ပြတင်းပေါက်ကိုကျော်ကာ အမေရိကန်သံရုံးကို ငေးမျှော်ကြည့်နေမိသည်။ ဘေးမှာရှိသည့် ရှမ်ပိန်ဖန်ခွက်ကို ကောက်ယူသည်။

"ဒုက္ခပါပဲကွာ၊ ရှမ်ပိန်သောက်ရတာလောက် မုန်းတာ လောကမှာ မရှိတော့ဘူး၊ တို့မှာ ဝီစကီမကျန်တော့ဘူးလား"

"မကျန်တော့ဘူး ဆရာကြီး၊ ဟိုတယ်ကလည်း အကြွေးမပေးတော့ဘူး၊ ဒီညနေက စ,ပြီး အကြွေးပေးတဲ့စာရင်းက ကျွန်တော်တို့ကို ဖြတ်ပစ်လိုက်ပြီ" ဟု ချာလီက ပြန်ပြောသည်။

"ဒီကောင်တွေ ဒါလောက်နဲ့ ရပ်ဦးမှာမဟုတ်ဘူး၊ မနက်ဖြန်ကျရင် ငါ့လည်ပင်းကိုပါ ဖြတ်ကြတော့မယ့် အကောင်တွေ"

"စိတ်အေးအေးထားပါ ဆရာကြီး၊ တစ်နည်းနည်းနဲ့ အဆင်ပြေသွားမှာပါ" ဟုလည်း နှစ်သိမ့်သည့်လေသံဖြင့် ပြောသည်။

"ဟုတ်ပါလိမ့်မယ်. . . ဟုတ်ပါလိမ့်မယ်. . . ဒါထက် ပြောစမ်းပါဦးကွ၊ ဒီဟိုတယ်ကြီးထဲက ပိုက်ဆံမပေးဘဲ တိတ်တိတ်ကလေး ခိုးထွက်ပြေးလို့ ရနိုင်တဲ့နည်း မရှိဘူးလား"

ထိုအချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်း မြည်သည်။

"ဘယ်မသာကများ ဒီအချိန်မှာ လာဆက်နေမှန်းမသိဘူး" ဟု ဆမ်က ကျိန်ဆဲသည်။

www.burmeseclassic.com

www.burmeseclassic.com



ချာလီက ဖုန်းကောက်ကိုင်သည်။ နားထောင်ပြီး ဆမ်ကို လှမ်းကြည့်သည်။

"လော့စ်အိန်ဂျလိစ်မြို့က ဂျက်ဆာဗစ် ဖုန်းဆက်နေတာ"

"အလကား ခွေးသား၊ ငါ အပြင်သွားနေတယ်လို့ ပြောလိုက်၊ သူ့လူတွေကို ငါပေး ချက်တွေက ငွေထုတ်မရတဲ့ချက်တွေဖြစ်နေလို့ ဆက်တာပဲဖြစ်ရမယ်"

ချာလီက ဖုန်းထဲမှာ ပြန်ပြောသည်။ သို့သော်လည်း သူစကားမဆက်ဘဲ ခဏကြာ အောင် ငြိမ်သက်စွာ နားထောင်နေသည်။

"ချက်ကိစ္စမဟုတ်ပါဘူးတဲ့၊ ရုပ်ရှင်နဲ့ပတ်သက်ပြီး သဘောတူညီချက်တစ်ခု သူ လိုပါတဲ့"

"ပေးစမ်းမြန်မြန်၊ မင်းအမေဂလိန်းမို့လို့ နှေးနှေးကွေးကွေး လုပ်နေတာလားကွ"

ဆမ်က ချာလီလက်ထဲမှဖုန်းကို ဒေါသတကြီး ဆွဲယူသည်။

"ဂျက်. . . ဘယ်လိုစိတ်ကူးရှိလို့လဲ" ဟု မေးသည်။

သူနားထောင်နေသည်။ သူ့နဖူးပေါ်မှာ ချွေးသီးချွေးပေါက်ကြီးများ ချက်ချင်း ထွက် သည်။ လက်ကိုင်ပဝါထုတ်ပြီး သုတ်သည်။

"ကောင်းပြီဂျက်. . . ဂွဒ်ဘိုင်"

ဆမ်က ဖုန်းချပြီး ချာလီကို လှည့်ကြည့်သည်။ ပြီးတော့ ချာလီ၏ကိုယ်လုံးကို တာ အခန်းထဲမှာ လှည့်က,လေတော့သည်။

"မင်းပြောတာမှန်တယ်ကွ. . . ခွေးသား. . . မင်းပြောတာမှန်တယ်"

"ခဏချပေးပါဦး ဆရာကြီး. . . လွှတ်ကျပြီး ကျိုးပဲ့ကုန်တော့မှာပဲ"

ဆမ်က သူ့ကိုချပေးသည်။

"လာ. . . ဘားတစ်ခုခုကိုသွားပြီး ဝီစကီသောက်ရင်း အထိမ်းအမှတ်ကလေးတစ်ခု လိုက်ကြရအောင်"

"ဘာအတွက် အထိမ်းအမှတ်လုပ်ရမှာလဲ ဆရာကြီး"

"အခုန တယ်လီဖုန်းခေါင်းလောင်းသံက တို့ကို ကယ်တင်လိုက်လေပြီကွာ၊ ဂျက် သန်ဘက်ခါလာမယ်၊ သူနဲ့အတူ ထရန်စ်ဝါး ရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌနဲ့ အရောင်းမန်နေဂျာ လာမယ်၊ တို့ရုပ်ရှင်ကား နိုင်ငံခြားဖြန့်ချိရေး ကိုယ်စားလှယ် လိုချင်လို့တဲ့"

ထိုသို့ပြောရင်း သူ့မျက်နှာပေါ်မှာ အလွန်တရာ အံ့ဩသည့် အမူအရာပါ ပေါ်လွင် လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

"ဂျူးအစားအစာတွေပါလား" ဟုပြောရင်း ဆမ်က ထမင်းစားပွဲကို မနှစ်မြို့သည့် အမူအရာဖြင့် လှမ်းကြည့်သည်။ ပြီးတော့ ဒင်းနိစ်ကို မော့ကြည့်သည်။

"ဒါတွေက မိသားစု အစားအစာတွေပဲကွ၊ ကိုယ် ဧည့်သည်တစ်ယောက်ယောက် ခေါ်လာရင် အသားကလေးဘာလေး ချက်ရောပေါ့" ဟုလည်း ပြောသည်။

ဒင်းနိစ်က ပြုံးသည်။

"စတီဖင်က အဲဒါတွေ ချက်ခိုင်းထားလို့ပါ"

ဆမ်က စတီဖင်ကို လှည့်ကြည့်သည်။

"မင်းလည်း ရူးနေပြီနဲ့တူတယ်၊ ဒီအစားအစာတွေက ဗိုက်ကို ဒုက္ခပေးတယ်ကွ"

သို့သော်လည်း သူတို့စားပွဲမှာ ထိုင်ကြသောအခါ ဆမ်က သူများထက်ပိုပြီး နှစ်ဆ လောက် စားပစ်လိုက်သည်။

"မဆိုးပါဘူး" ဟုလည်း ဒင်းနိစ်ကို ပြောသေးသည်။

"ရှင်တို့နှစ်ယောက် ဧည့်ခန်းသွားပြီး စကားပြောကြပါလား၊ ကျွန်မ မမ်မီကို ကူ သိမ်းပေးလိုက်ဦးမယ်"

ဧည့်ခန်းသို့ ထွက်လာကြသည်။ ဆမ်က အရက်နှစ်ခွက်သွားစပ်ပြီး စတီဖင်ကို တစ်ခွက်လှမ်းပေးသည်။

"ငါ့ရုပ်ရှင်နဲ့ပတ်သက်ပြီး ဝေဖန်တာတွေ တွေ့တယ်မဟုတ်လား" ဟု ဆမ်က ဝင့်ကြွားသည့်လေသံဖြင့် မေးသည်။

စတီဖင်က ခေါင်းညိတ်ပြသည်။

"အကြီးအကျယ် ချီးကျူးကြတာပဲ၊ ခရော်သာကဆိုရင် ဆယ်နှစ်အတွင်း အကောင်း ဆုံး ရုပ်ရှင်ကားပဲလို့တောင် ရေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဒီလိုရေးရင် ကြီးကျယ်ပြီသာမှတ်ပေတော့၊ ပွဲတိုင်း ရုံပြည့်နေတယ်၊ ..တွေ တန်းစီနေလိုက်တာကလည်း မြင်မကောင်းအောင်ပဲ"

"တစ်ပြည်လုံးကို ဘယ်တော့ဖြန့်မှာလဲ" ဟု စတီဖင်က မေးသည်။

"အလျင်မလိုသေးပါဘူး၊ အကယ်ဒမီစာရင်းကို စောင့်ကြည့်ချင်သေးတယ်၊ အဲဒီလို ..င့်နေရင်း ပိုကြီးကျယ်သွားအောင် ဖိကြော်ငြာမယ်၊ ရုပ်ရှင်အကြောင်း ငါ ဘာမှမသိဘူးလို့ ..တောင်ကမှ မပြောနိုင်တော့ဘူး၊ နယူးယောက် ရုပ်ရှင်ဝေဖန်သူများဆုနဲ့ အကယ်ဒမီဆု .. ရလိုက်ရင်တော့ လျှပ်စစ်ဂေါ်ပြားနဲ့ ငွေတွေကို ရှင်းပစ်ရမှာ သေချာတယ်"

စတီဖင်က အရက်ခွက်ကို မြှောက်ပြလိုက်သည်။

"ကံကောင်းပါစေဗျာ"

"မင်းလဲ ကံကောင်းပါစေကွာ၊ ပထမဆုံး ရုပ်ရှင်ကားအနေနဲ့ မဆိုးပါဘူး၊ စောစော ..တော့ ငါ့ဘာသာငါ ဘာလုပ်နေမှန်းတောင် မသိဘူးလို့ လူတွေက ပြောခဲ့ကြတာ"

"ခင်ဗျား နောက်ထပ် ဘာဆက်လုပ်ဖို့ အစီအစဉ်ရှိသလဲ"

"လောလောဆယ်တော့ ဒီရုပ်ရှင်ကားပေါ် မှာပဲ အာရုံဝင်နေတယ်၊ အကယ်ဒမီရ၊ ..ဘယ်လိုကြော်ငြာရမယ်ဆိုတာတွေ စီစဉ်နေတယ်၊ ဒါပေမယ့် နောက်ကားတွေ ဆက်ရိုက် ..ရီလူးနဲ့ ဒါရိုက်တာ ပီရင်ဂျယ်လီတို့နဲ့ စာချုပ်ထားပြီးပြီလေ"

"တခြား ဘာစီစဉ်ထားသေးသလဲ"

"ဟ. . . ဒါလောက်နဲ့ မလုံလောက်သေးဘူးလား"

စတီဖင်က သူ့ကို ပြန်ကြည့်နေသည်။

"ခင်ဗျားပြောဖူးသလို တကယ့်ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခု တည်ထောင်ချင်သပဆိုရင် .. ဒါလောက်နဲ့ ဘယ်လုံလောက်ဦးမှာလဲ၊ နိုင်ငံခြားရုပ်ရှင်ကားတွေချည်း ထုတ်လုပ်နေလို့ ..မဟုတ်ဘူးလေ၊ အဲဒီကားတွေ ဘယ်လောက်ကောင်းကောင်း၊ ပြည်တွင်းကားတွေ ..တ်လုပ်သေးသမျှတော့ အောင်မြင်တယ် မဆိုနိုင်သေးဘူး"

"ပြည်တွင်းကားတွေ ဘယ်လိုလုပ် ရနိုင်မလဲကွာ၊ မလိုင်တွေ အဆီအနှစ်တွေ ..ကို ကုမ္ပဏီကြီးတွေက ပိုင်ထားကြပြီလေ၊ ငါ့အဖို့ အရိုးအရင်းတွေသာ ကျန်တော့ ..

"ဇာတ်လမ်းကောင်း နည်းနည်းပါးပါးရှာပြီး စ,မယ်ဆိုရင် ဖြစ်နိုင်ပါတယ်" ဟု ..ဖင်က ပြန်ပြောသည်။

"ငါ အရူးတစ်ယောက် မဟုတ်ပါဘူး၊ ငါဟာ ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက် ..ကြောင်း ကိုယ့်ဘာသာကိုယ် သိပါတယ်"

"ဒီကားကို အောင်မြင်အောင် ခင်ဗျား လုပ်လိုက်နိုင်ပြီလေ၊ ခင်ဗျား ထုတ်လုပ်သူ ..ယောက် ဖြစ်သွားပါပြီ"

"ဒါနဲ့က မတူဘူးကွ၊ မာရီလူးဟာ သိပ်အောင်မြင်တဲ့ မင်းသမီးဖြစ်တယ်၊ အခုဟာက ..တ်လမ်းနဲ့ သူလာတာ၊ ငါက သူတို့ပြင်ဆင်ထားတာတွေ အားလုံးကို အသာကလေး ..ည့်ပြီး နူးပြီးနပ်ပြီးသား ခူးခပ်စားလိုက်ရုံ သဘောမျိုးပဲ"

"ထိပ်တန်းကုမ္ပဏီကြီးတွေ အခုလုပ်နေကြတာလည်း ဒီနည်းမျိုးပဲ မဟုတ်ဘူးလား" ..ဖင်က ပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူတို့မှာ ပိုက်ဆံရှိတယ်၊ သူတို့နဲ့ ငါ ပြိုင်နိုင်မှာမဟုတ်ဘူး"

"အခုလောလောဆယ် လုပ်ဖို့လည်း မလိုသေးပါဘူးလေ၊ အခုကား အောင်မြင်သွား ပြီးတဲ့နောက်မှာ ထရန်စ်ဝါးရုပ်ရှင်ကုမ္ပဏီက ခင်ဗျားနဲ့ပူးတွဲပြီး လုပ်ချင်လာမှာပါ၊ သူတို့ဟာ တွေ များများထုတ်ဖို့ လိုနေတယ်လေ"

"မင်း တကယ်ထင်တာလား"

"သိပ်သေချာတာပေါ့ဗျာ၊ သူတို့ကို ခင်ဗျား တီးခေါက်ကြည့်ပါလား" ဟု စတီဗင် ယုံကြည်ချက် အပြည့်ရှိသည့်ပုံစံမျိုးဖြင့် ပြောသည်။

ဆမ်က အတော်ကလေးကြာအောင် စဉ်းစားနေသည်။

"မဖြစ်နိုင်ပါဘူးကွာ၊ ဒီနည်းလည်း အဆင်မပြေနိုင်ပါဘူး၊ ငါ့မှာ ဘာဇာတ်လမ်း မရှိဘူး၊ ဇာတ်လမ်း အကြောင်းလည်း မသိဘူး၊ တွေ့ရင်တောင် ကျော်သွားမိမှာပါ၊ ရုပ်ရှင် ပတ်သက်လို့တော့ လာမစမ်းနဲ့၊ တစ်စက္ကန့် ကြည့်လိုက်ရုံနဲ့ ကားကောင်းဟုတ်မဟုတ် ပြော နိုင်တယ်၊ ဒါပေမယ့် ဇာတ်လမ်းကျတော့ တစ်မျိုးပေါ့လေ"

"ဒါလောက် မခက်ပါဘူးဗျာ၊ မျက်စိသာဖွင့်ထား၊ ဆိုကြပါစို့၊ အခုလောလောဆယ် ကို ကောင်းတဲ့ဇာတ်လမ်းနှစ်ခု ကျွန်တော် အကြံပေးနိုင်ပါတယ်"

ဆမ်က သူ့ကို မျက်မှောင်ကုတ်ကြည့်သည်။

"နှစ်ခုတောင်လား"

စတီက ခေါင်းညိတ်သည်။

"တစ်ခုက ပြဇာတ်၊ နောက်အပတ်ကစပြီး ဇာတ်တိုက်တော့မယ်၊ ဟာသဇာတ်လမ်း ပဲ၊ ရုပ်ရှင်ဇာတ်လမ်းအတွက် ခုနှစ်သောင်းခွဲနဲ့ ရနိုင်တယ်၊ နာမည်က ဝါရှင်တန်ဝင်ပေါက်တဲ့"

"နာမည်ကြီးက မနိုပ်လိုက်တာ" ဟု ဆမ်က ပြောသည်။

"ဟုတ်တယ်၊ ဒါပေမယ့် ပြဇာတ်ကတော့ သိပ်အောင်မြင်မှာ"

"နောက်တစ်ခုက ဘာလဲ"

"နောက်တစ်ခုက စာအုပ်၊ စာမူကို ကျွန်တော် ဖတ်လိုက်ရတယ်၊ စာရေးဆရာက ပိုက်ဆံလိုချင်လွန်းလို့ လျှာတစ်တောင်လောက် ထွက်နေပြီ၊ ငါးသောင်းပေးရင် ခင်ဗျားရပြီ ဇန်နဝါရီလမှာ စာအုပ်ထွက်မယ်၊ ရောင်းအကောင်းဆုံး စာအုပ်တွေရဲ့ ထိပ်ဆုံးနေရာ မလွဲတမ်းရမယ်၊ သူကတော့ နာမည်ကောင်းတယ်၊ သံမဏိကြက်ဖတဲ့"

"ဒီနာမည်ကတော့ ကောင်းတယ်၊ ငါသဘောကျသွားပြီ၊ ဒါထက် နံပါတ်တစ် ရောင်းအကောင်းဆုံး စာအုပ်ဖြစ်မယ်လို့ မင်း ဘာကြောင့် သေချာပေါက် ပြောနိုင်သလဲ"

"လူငယ်ကြိုက်တွေ ရေးထားတာလေဗျာ၊ ရောင်းမကောင်းဘဲ နေပါတော့မလား ဒါ့အပြင် ဇာတ်လမ်းကလည်း သိပ်ကောင်းတယ်"

"ငါ စဉ်းစားဦးမယ်ကွာ" ဟု ဆမ်ကပြောသည်။

"စဉ်းစားပါ၊ ခင်ဗျားဆီကို စာမူတစ်ခုစီ ကျွန်တော်ပို့ပေးလိုက်မယ်၊ တစ်ခုတော့ သတိထား၊ ဒီဇာတ်လမ်းတွေကို ခင်ဗျားစိတ်ဝင်စားကြောင်းပြရင် ဈေးတက်သွားလိမ့်မယ်"

"ငါဝယ်ချင်တယ်ဆိုကတည်းက စိတ်ဝင်စားလို့ဆိုတာ သူတို့ သိသွားတော့မှာ ကွာ၊ ဘာထူးမှာလဲ"

"ဂျက်ဆာဗစ်ကနေတစ်ဆင့် ချဉ်းကပ်ရင် သူတို့ ဘယ်သိမလဲ၊ ခင်ဗျား အဆင်သင့်

www.burmeseclassic.com

www.burmeseclassic.com



မြစ်မချင်း ဂျက်က ခင်ဗျားနာမည်ကို ထုတ်ပြောမှာမဟုတ်ဘူး၊ ဂျက်က ဒီလုပ်ငန်းမှာ ကျွမ်းကျင်တယ်၊ သူတို့ကလည်း ဂျက်ဆိုရင် ယုံကြည်တယ်"

"ကောင်းပြီလေ၊ မင်းပို့တဲ့ဇာတ်လမ်းတွေ ရ,ရချင်း ငါဖတ်ကြည့်လိုက်ပါ့မယ်"

ထိုအချိန်မှာပင် ဧည့်ခန်းထဲသို့ ဒင်းနိစ် ဝင်လာသည်။

"ဘာလိုသေးသလဲ၊ အားလုံး အဆင်ပြေတယ်မဟုတ်လား" ဟု မေးသည်။

စတီဖင်က ထိုင်ရာမှ ထ,သည်။

"အားလုံး အဆင်ပြေပါတယ်၊ ကျွန်တော်သွားဦးမှပဲ၊ မနက်ထွက်မယ့် လေယာဉ်ပျံနဲ့ ဆောဖ်အိန်ဂျလိစ်ကို လိုက်သွားမလို့"

တစ်ဆက်တည်း ဒင်းနိစ်ကို ကျေးဇူးတင်စကားပြောရင်း ပါးကို နမ်းနှုတ်ဆက်သည်။ တံခါးဝအထိ ဆမ်ဟိုလင်မယား လိုက်ပို့သည်။ တံခါးဝရောက်တော့ ဆမ်က ပြောသည်။

"တကယ်လို့များ ငါ့ကား အကယ်ဒမီရမယ်ဆိုရင် ဧည့်ခံပွဲကြီးတစ်ခုလုပ်မယ်၊ မင်း လာမလား"

"ထုံးစံအတိုင်းကတော့ ငါးလကြိုမချိန်းဘဲ ဘယ်ဧည့်ခံပွဲကိုမှ ကျွန်တော် တက်လေ့ မရှိဘူး၊ ဒါပေမယ့် အခုတော့ ခြွင်းချက်ထားရတော့မှာပေါ့လေ၊ ခင်ဗျား အကယ်ဒမီရပြီဆိုရင် ကျွန်တော် တက်ဖြစ်အောင် တက်ပါ့မယ်"

❑

ဘီဗာလီဟေတန် ဟိုတယ်ရှိ ကပွဲခန်းမကြီးမှာ လူတွေနှင့် ပြည့်နေသည်။ စတီဖင် ကတော့ သူ၏အဖော် မိန်းကလေးလက်ကို တင်းတင်းကိုင်ရင်း ဆမ်ဘင်ဂျမင်၏စားပွဲသို့ ရောက်အောင် လူများကြားမှ တိုးလာခဲ့သည်။

သူ ပထမဆုံး သတိထားလိုက်မိသူသည် ဒင်းနိစ်ဖြစ်သည်။ သူ့သားနှင့် သမီးကြားမှာ ထိုင်ရင်း ဂုဏ်ယူသည့်အပြုံးကို ပြုံးနေသည်။

စတီဖင်က သူ့အနားမှာရပ်ပြီး ပါးကို ငုံ့နမ်းသည်။

"ဝမ်းသာပါတယ် ဒင်းနိစ်၊ နောက်ကျသွားတဲ့အတွက် စိတ်မကောင်းပါဘူး"

သို့သော်လည်း ဆူညံသံများကြောင့် သူပြောသည်ကို ဒင်းနိစ် ကောင်းကောင်းကြား ပုံမပြဘဲ မတူချေ။

"အုံ့ဩစရာ မကောင်းဘူးလား" ဟု ပြန်အော်မေးသည်။

"ဟုတ်တယ်၊ အုံ့ဩစရာပဲ"

စတီဖင်က မီရီယမ်ကို လှည့်ကြည့်သည်။

"ဘုရားသခင်. . . မင်း အပျိုကြီးဖားဖား ဖြစ်နေပြီကိုး၊ ဒါပေမယ့် နမ်းပြီးနှုတ်ဆက် ရလောက်အောင်တော့ အသက်မကြီးသေးပါဘူးနော်" ဟု စတီဖင်က အံ့ဩတကြီး ပြောသည်။

"ပါးကိုနမ်းလေ" ဟုပြောရင်း မီရီယမ်က သူ့အမေကဲ့သို့ ပါးတစ်ဖက်ကို ထိုးပေး သည်။

စတီဖင်က မီရီယမ်ကိုနှုတ်ဆက်ပြီး ဂျူနီယာကို လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပျော်စရာကောင်းတဲ့ ညပဲ၊ မဟုတ်ဘူးလား ဂျူနီယာ" ဟုပြောရင်း လက်… ဖက်ကို ဆန့်တန်းပေးလိုက်သည်။

ဂျူနီယာက ရှက်ကိုးရှက်ကန်းဖြင့် သူ့လက်ကို ဆွဲယူနှုတ်ဆက်သည်။

သူတို့ စားပွဲဆီသို့ဦးတည်ပြီး လူအုပ်ကြီး ရွေ့လျားလာနေသည်။ ထိုလူအုပ်ကြီး… အလယ်တွင် ဆမ် ပါလာသည်။ သူလည်စည်းမှာ ရွဲ့စောင်းနေသည်။ အကယ်ဒမီ ရွှေစင်… များကို လက်နှစ်ဖက်နှင့် ပွေ့ပိုက်ထားသည်။

စတီဖင်ကို မြင်သောအခါ သူက လှမ်းအော်သည်။

"မင်း ရောက်လာတာကိုး"

ရွှေစင်ရုပ်ဆုများကို စားပွဲပေါ်တင်ပြီး သူ့ကို ပြေးလာဖက်သည်။ ပါးနှစ်ဖက်… နမ်းသည်။ စတီဖင်က ပြုံးပြသည်။

"ချီးကျူးဂုဏ်ယူပါတယ်ဗျာ"

"ရွှေစင်ရုပ်ဆု ငါးဆုတောင်ကွ၊ မြင်တယ်မဟုတ်လား၊ တို့အားလုံးရလိုက်ပြီ… အကောင်းဆုံးရုပ်ရှင်ကားဆု၊ အကောင်းဆုံး ခေါင်းဆောင်မင်းသမီးဆု၊ အကောင်းဆုံး ဒါရိုက်… တာဆု၊ အကောင်းဆုံး ဇာတ်ညွှန်းဆု၊ ဘက်ပေါင်းစုံ အကောင်းဆုံးဆု"

"ခင်ဗျား အောင်မြင်သွားပါပြီ" ဟု စတီဖင်က ပြောသည်။

ဆမ်က ကုလားထိုင်တစ်လုံးမှာ ဝုန်းခနဲ ထိုင်ချလိုက်သည်။

"ငါ အရက်သောက်ချင်တယ်"ဟုပြောပြီး စကော့ဝီစကီပုလင်းကိုဆွဲကာ ပုလင်း… လိုက် မော့သောက်သည်။ အရက်များက သူ့အကျီရင်ပတ်ပေါ်သို့ စီးကျကုန်သည်။

"ဆမ်. . . လူတွေကြည့်နေတယ်လေ" ဟု ဒင်းနီစ်က သတိပေးသည်။

"ကြည့်ပေစေ၊ ဒါတွေကိုကြည့်ချင်လို့ သူတို့ ဒီကိုလာကြတာ မဟုတ်လား" … ဆမ်က ပျော်ရွှင်သည့် လေသံကြီးဖြင့် အော်ပြောသည်။

သူတို့ ထိုင်နေသည့်နေရာသို့ မိန်းကလေးတစ်ယောက်နှင့်အတူ ဂျက်ဆာ… ရောက်လာသည်။

"ဒီညတော့ အားလုံး အရှုံးအမူးပဲ" ဟု စတီဖင်နားသို့ ကပ်ပြောသည်။ စတီဖင်… ခေါင်းညိတ်ပြလိုက်သည်။

ခဏကြာတော့ အာနီဘရက်မင်း ရောက်လာပြန်သည်။ သူတို့စားပွဲနားမှာရပ်ပြီး… ဆမ့်ကို နှုတ်ဆက်သည်။

"ချီးကျူးပါတယ် ဆမ်"

"ခင်ဗျားကိုယ်ခင်ဗျား ပြန်ချီးကျူး အာနီ၊ ခွေးမသား. . . ကျုပ် ရုပ်ရှင်ဆက်ပြီး… ရိုက်လို့ရအောင် လုပ်လိုက်တာဟာ ခင်ဗျားရဲ့ အတော်ဆုံးအကွက်ပဲ" ဟု အော်ပြောသည်…

အာနီက ပြုံးသည်။ သို့သော် နှုတ်ခမ်းများကသာ ပြုံးခြင်းဖြစ်သည်။ သူတို့စားပွဲ… ဦးညွှတ်အရိုအသေပေးပြီး ထွက်သွားတော့သည်။

"ဆမ်. . . သူ့ကို ဒီစကားမျိုး ပြောဖို့မကောင်းဘူးလေ" ဟု ဒင်းနီစ်က အပြစ်… သည်။

"မခံနိုင်ရင် လဲသေပေစေ၊ ခွေးသားက ရေခဲတုံးလို အေးစက်တဲ့အကောင်… ရုပ်ရှင်ဆက်ရိုက်နိုင်အောင် ဘာဖြစ်လို့ ခွင့်ပြုသလဲသိလား၊ ဒီကားက တကယ်ကောင်းတဲ့…

www.burmeseclassic.com

www.burmeseclassic.com



နှုန်း သိလို့ကွ"

ပြီးတော့ သူစားပွဲဘက်သို့ ပြန်လှည့်သည်။ ရွှေစင်ရုပ်ဆု အရုပ်ငါးရုပ်ကို သူ့ရှေ့မှာ စီချသည်။

"ကြည့်လိုက်ကြစမ်း၊ အားလုံးပေါင်း ငါးဆုတောင်ကွ"

သူ့မျက်လုံးများ အနည်းငယ် အရောင်တောက်လာသည်။

"အဲဒါဟာ ဘာကိုဆိုလိုတယ်ဆိုတာ မင်းတို့သိကြသလား၊ အဲဒီရွှေစင်ဆုတစ်ဆု ဟာ ရုပ်ရှင်ရုံလက်မှတ် ရောင်းတဲ့နေရာမှာ ဒေါ်လာတစ်သန်းတန်တယ်၊ ငါးဆုဆိုတော့ သန်းဖြစ်သွားတယ်"

စားပွဲမှာရှိနေသူများကို သူက လှည့်ကြည့်သည်။

"အခုအချိန်ကစပြီး ငါ့ကို တေးလို့ ဘယ်သူကမှ မထင်တော့ဘူး၊ ငါ့ကို ဘယ် ကောင်ကမှ ဘေးကိုပုတ်မထုတ်နိုင်တော့ဘူး၊ ငါလည်း လူတိုင်းလိုပဲ သိပ်ကိုကြီးကျယ်သွားပြီ၊ ဘရော့ဒ်ဝေးလမ်းမပေါ်မှာ နံပါတ်တစ် အအောင်မြင်ဆုံးဖြစ်နေတဲ့ ပြဇာတ်တစ်ခု လည်း ငါရထားပြီ၊ နံပါတ်တစ်ရောင်းအကောင်းဆုံး စာအုပ်တစ်အုပ်ကိုလည်း ငါရထားပြီး အခုတစ်ခါ ကမ္ဘာပေါ်မှာ နံပါတ်တစ် အကောင်းဆုံး ရုပ်ရှင်ကားတစ်ကားကိုလည်း ငါ ထားပြီ၊ ငါဟာ ပါချီပါမွှား ဆမ်ဘင်ဂျမင် မဟုတ်တော့ဘူး၊ ရုပ်ရှင်လောကထဲမှာ နံပါတ် တစ် ဆမ်ဘင်ဂျမင် ဖြစ်သွားပြီ၊ ဘယ်လိုအကောင်ကမှ ငါ့ကို ချောင်ထိုးထားလို့ မရနိုင်တော့ ဘူး မနက်ဖြန် ငါ ဘာလုပ်တော့မယ်ဆိုတာ သိကြရဲ့လား"

ထိုသို့မေးရင်း ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြန်သည်။ တစ်စားပွဲလုံး ငြိမ်နေသည်။

"မနက်ဖြန် ငါဘာလုပ်တော့မယ်ဆိုတာ သိကြရဲ့လား၊ မနက်ဖြန်ကျရင် ငါ့ကားကို ရုပ်မြင်သံကြားပြခွင့် လေလံတင်မယ်၊ ငါ့ရုပ်ရှင်ကားကို ငါးနှစ် ရုပ်မြင်သံကြားပြသခွင့်အတွက် ငါ့ကို ဒေါ်လာတစ်သန်း ဝိုင်းပေးကြလိမ့်မယ်"

သူက ထိုသို့ပြောပြီး စတီဖင်ကို စစ်ကြေညာသည့် အမူအရာမျိုးဖြင့် လှည့်ကြည့် သည်။

စတီဖင်က ဘာမှမပြော။

နောက်ဆုံးဝင်ပြောသူမှာ ဂျက်ဆာဗစ်ဖြစ်သည်။

"ရုပ်မြင်သံကြားပြသခွင့်နဲ့ ပတ်သက်လို့ စတီဖင်နဲ့ ခင်ဗျား သဘောတူညီချက် ရပြီးသားလို့ ကျွန်တော်ထင်တယ်"

"သူငယ်ချင်းက တခြား၊ စီးပွားရေးလုပ်ငန်းက တခြားပဲ" ဟုပြောရင်း စတီဖင်ကို စိုက်ကြည့်မြဲ ကြည့်နေသည်။

"ငါ့ရုပ်ရှင်ကားကို ရုပ်မြင်သံကြား ပြချင်တယ်ဆိုရင် တစ်သန်းတန်တယ်၊ ငါပြော တာ မှန်တယ်မဟုတ်လား စတီဖင်"

အားလုံးက စတီဖင်ကို လှည့်ကြည့်ကြသည်။ ဆမ်ကို စိုက်ကြည့်နေသော စတီဖင်၏ အညိုရောင် မျက်လုံးများမှာ တည်ငြိမ်နေသည်။

"ခင်ဗျား မှန်တယ်လို့ ထင်ပါတယ် ဆမ်" ဟု ဖြည်းလေးစွာ ခေါင်းညိတ်ရင်း ပြောသည်။

"ဒီလိုဆိုရင် ရုပ်မြင်သံကြားပြသခွင့် ငါ့ကို ဒေါ်လာတစ်သန်း မင်းပေးမလား"

www.burmeseclassic.com

www.burmeseclassic.com



"မပေးဘူး၊ ခင်ဗျားနဲ့ ကျုပ် သုံးသိန်းနဲ့ သဘောတူထားတယ်၊ သုံးသိန်းပဲ ပေးမယ်၊ တစ်ပြားမှ ပိုမပေးဘူး၊ တစ်ပြားမှ လျှော့မပေးဘူး" ဟု ပြောသည်။ သူ့အသံမှာ တည်ငြိမ်မြဲ တည်ငြိမ်နေသည်။

ဆမ်က သူ့ကို အကြာကြီး ငေးစိုက်ကြည့်နေသည်။ ပြီးတော့မှ ရုတ်တရက် ပြုံးသည်။ သက်ပြင်းကြီးလည်း ချလိုက်သည်။

"ဒါ မှန်တယ်၊ မင်းနဲ့ထိုင်ပြီး ဈေးကစားရတာ မုန်းလိုက်တာကွာ"

ထိုသို့ပြောပြီး ထိုင်ရာမှ သူထသည်။

"အမေကြီး . . . ငါ့ကို အိမ်ပြန်ပို့တော့၊ ငါမူးပြီ" ဟု ဒင်းနီစ်ကို သူလှမ်းပြောသည်။

သူထွက်သွားသည်ကို ဂျက်ဆာဗစ်က လှမ်းကြည့်နေသည်။ ပြီးတော့မှ စတီဖင်ဘက်သို့ ကိုယ်ကို ကိုင်းလိုက်သည်။

"ဒီခွေးသားနဲ့ပတ်သက်ပြီး ကျုပ်တွက်ထားတာ တစ်ခုမှမလွဲဘူး၊ တစ်ခါတုန်းက လူတစ်ယောက် သူနဲ့ပတ်သက်ပြီး ပြောဖူးတယ်၊ ခွေးဖြစ်ရင် အမြီးနန့်ပြီး သူ့အောင်မြင်ရင် လူတိုင်းကို လိုက်ကိုက်တယ်လို့ ပြောတယ်၊ သိပ်မှန်တယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

## "လွန်ခဲ့သည့် နွေဦးရာသီတစ်နေ့"

### မွန်းလွဲပိုင်း

### အခန်း(၁)

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးသည် ကြောင်ကလေးတစ်ကောင်လို ကျွန်တော့်ဘေး ဆင်းသွားသည်။ ပြီးတော့ ခန်းဆီးကိုဖယ်ပြီး အပြင်သို့ ချောင်းကြည့်နေသည်။

"ရှင့်ဆီကို ဧည့်သည်တစ်ယောက် လာနေတယ်" ဟု လှည့်မကြည့်ဘဲ ပြောသည်။

"မင်းမှာလည်း ဧည့်သည်တစ်ယောက် ရှိနေပြီပဲကွာ"

သို့သော် ကျွန်တော်ပြောသည်ကို သူကြားပုံမရ။

"ရှင့်အိမ်ကနေပြီး ကားရပ်ထားတဲ့နေရာကို သူပြန်လျှောက်သွားနေတယ်၊ လူက ခပ်သေးသေးပဲ"

"သူ့ကို မင်းကြည့်မနေရင် သူ့ဘာသာသူ ထွက်သွားပါလိမ့်မယ်ကွာ"

"အရေးကြီးတဲ့ လူတစ်ယောက် ဖြစ်နိုင်စရာ အကြောင်းရှိတယ်၊ ငွေရောင်ရိုးလ်- ကားကြီးနဲ့"

သူ့ကို ကျွန်တော် လှမ်းကြည့်သည်။ ကျွန်တော် ဘာမှပြော၍ ရတော့မည်မဟုတ် ကြောင်း ရိပ်စားမိလိုက်သည်။ ထို့ကြောင့် လက်လျှော့လိုက်ရတော့သည်။

"ဒီလိုဆိုရင် သူ့ကို လှမ်းဖိတ်လိုက်ပါလား"

"အဲဒီစိတ်ကူး ကောင်းတယ်"

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးက ခန်းဆီးကို ဘေးသို့ဖယ်ပစ်လိုက်သည်။ လသာ ဆောင်သို့ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုး. . . ဆရာကြီး. . . ဒီမှာ. . ." ဟုအော်ရင်း လက်ကိုပါ ဝေ့ရမ်းပြနေသည်။

ကျွန်တော်လည်း ကုတင်ပေါ်မှဆင်းပြီး သူ့ဆီသို့ လျှောက်သွားသည်။ မော်တော်ကားကို မြင်လိုက်သည့်အချိန်မှာပင် မည်သူဖြစ်ကြောင်း ချက်ချင်းသိလိုက်ပါသည်။

ဆမ်ဘင်ဂျမင်သည် လုံးဝအလျှော့မပေးသေးဟူသည့် သဘောပင်ဖြစ်သည်။ ကျွန်တော့်အား နားချဖျောင်းဖျ ပြောဆိုနိုင်မည့်သူ တစ်ယောက်ကို သူလွှတ်လိုက်ပြန်ပြီ။ ကမ္ဘာပေါ်တွင် အကောင်းဆုံး ဆွဲဆောင်နိုင်သူ၊ အကောင်းဆုံး ဖျောင်းဖျပြောဆိုနိုင်သူ ဖြစ်နိုင်စရာအကြောင်း ရှိပါသည်။

သူသည် ဒေ့ဖ်ဒိုင်းမွန်းဖြစ်သည်။ ကျွန်တော်၏ အိမ်နီးချင်း သန်းကြွယ်သူဌေးကြီးဖြစ်သည်။ ကာလီဖိုးနီးယားဘဏ်တိုက်ကြီး၏ ဥက္ကဋ္ဌအဖြစ်နှင့်လည်း အများက သိထားကြသည်။

အမျိုးသမီးက လှမ်းအော်ခေါ်ပြန်သည်။ သူလှည့်ကြည့်သည်။ ကျွန်တော်တို့ကို မြင်လိုက်သောအခါ သွေးခဲသွားမလို ဖြစ်သွားသည်။ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။

ပြီးတော့ သူ့ကားဆီသို့ ခပ်သွက်သွက် ပြန်ပြေးသည်။ ကားထဲသို့ ခုန်ဝင်သွားသည်။ ခဏကြာတော့ ကားမောင်းထွက်သည်။ ကျွန်တော်တို့ ရှေ့တည့်တည့်သို့ ရောက်သောအခါ ကျွန်တော်က လသာဆောင်လက်ရန်းပေါ် ကိုယ်ကိုင်းပြီး လှမ်းအော်သည်။

"ဘာဖြစ်တာလဲဒေ့ဖ်၊ မိန်းကလေးတစ်ယောက်ကို အလျင်တုန်းက ခင်ဗျားမမြင်ဖူးဘူးလား"

ကျွန်တော်တို့ရှေ့မှာ ရိုးလ်ရွိုက်စ်ကားကြီး တုံ့ခနဲ ရပ်သွားသည်။ ကားပြတင်းပေါက်မှ သူခေါင်းထွက်လာသည်။

"ခင်ဗျားတို့ အဲဒီမှာ အဝတ်အစားမပါဘဲ ဘာအရှုးထနေကြတာလဲ" ဟု ဒေ့ဖ်ဒိုင်းမွန်းက အော်မေးသည်။

"နေပူဆာလှုံနေတာလေဗျာ"

"ခင်ဗျားတို့ ရူးနေပြီလား၊ နေ့ခင်းကြောင်တောင်ကြီး နေပူဆာလှုံနေရသလား ရဲဖမ်းသွားလိမ့်မယ်နော်"

"ညဘက်မှာ နေပူဆာလှုံလို့ မရဘူးလေဗျာ၊ အပေါ်တက်ခဲ့ပြီး ကျွန်တော်တို့နဲ့အတူ နေပူဆာလှုံလိုက်ပါဦးလား"

"ခင်ဗျားတို့ ပုံမျိုးနဲ့တော့ မဖြစ်ဘူး၊ ကျုပ်ကို ရုံးတင်တရားစွဲခံရရင် ကျုပ်ဘဏ်မှာ ငွေအပ်တဲ့လူတွေက ကြည်ဖြူမှာမဟုတ်ဘူး"

ကျွန်တော်က အမျိုးသမီးကို ပြန်ကြည့်သည်။

"မင်း ဘယ်လိုသဘောရသလဲ"

"သူပြောတာ သဘောကျစရာ ကောင်းပါတယ်"

ကျွန်တော်က လက်ရန်းပေါ်သို့ ကိုယ်ကိုင်းပြီး အော်ရပြန်သည်။

"ကြားပြီမဟုတ်လား၊ အပေါ်တက်ခဲ့လေဗျာ"

ကျွန်တော်တို့ အိမ်ထဲပြန်ဝင်လာသည့် အချိန်မှာပင် သူကလည်း သူ့ကားကို ကားရပ်သည့်ကွက်လပ်သို့ မောင်းသွားသည်။ ကျွန်တော်တို့ အိပ်ခန်းထဲပြန်ဝင်ပြီး အဝတ်ဝတ်သည်။ ခဏကြာတော့ အပြင်ပြန်ထွက်သည်။ အမျိုးသမီးက တံခါးဖွင့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲသို့ ဒေ့ဖ်ဒိုင်းမွန်း ဝင်လာသည်။ သူက မသက်သာသလို ဟိုကြည့်သည် ဒီကြည့် ကြည့်နေသည်။

"ရွှေရောင်မိန်းကလေး. . . ကိုယ့်ငွေတွေကို ထိန်းသိမ်းပေးထားသူ တစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက ဒေ့ဖ်ဒိုင်းမွန်း"

"ကျွန်မငွေတွေကို ထိန်းသိမ်းစောင့်ရှောက်ပေးထားတာလဲ သူပါပဲ" ဟု အမျိုးသမီးက ပြောသည်။

"ဟုတ်လား၊ တစ်ခုခုများ အကူအညီလိုမယ်ဆိုရင် အချိန်မရွေး ကျုပ်ကို ဖုန်းဆက်ပါနော်၊ မင်း ဒီမြို့မှာ အလုပ်လုပ်သလား"

"မလုပ်ပါဘူးရှင်၊ ရှီကာဂိုမြို့မှာ လုပ်ပါတယ်"

"ရှီကာဂို. . . ဒါပေမယ့် မင်း ဒီမှာနေနေတာ မဟုတ်လား၊ ဘယ်အချိန်မှာ အလုပ်သွားလုပ်သလဲ"

"တနင်္လာနေ့တိုင်း ရှီကာဂိုမြို့ကိုသွားပြီး အလုပ်လုပ်ပါတယ်၊ ဘာများ သုံးဆောင်ဦးမလဲရှင်"

ဒေ့ဖ်ဒိုင်းမွန်းက အမျိုးသမီးကို အတော်ကြာကြာ စိုက်ကြည့်နေသည်။ နားလည်နိုင်အောင် ကြိုးစားနေသည်။ ခဏကြာတော့မှ ပြောသည်။

"စကော့ဝီစကီပဲ သောက်တော့မယ်၊ မင်းမှာရှိမယ်ဆိုရင်ပေါ့လေ"

"ရှိပါတယ်ရှင်"

ဧည့်ခန်းထဲမှ သူထွက်သွားသည်။

အမျိုးသမီးကို သဘောကျသည့် အမူအရာဖြင့် သူလှမ်းကြည့်နေသည်။ ပြီးတော့မှ ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"ခင်ဗျား ဘယ်လိုလုပ်နေတယ်ဆိုတာ ကျုပ်တော့ နားကိုမလည်နိုင်တော့ဘူး၊ နောက်ဆုံး အလှဆုံးတွေနဲ့ချည်း ခင်ဗျားတွဲနေတာပဲ၊ ဒီအမျိုးသမီးကိုရော ဘယ်လိုလုပ်တွေ့လာတာလဲ"

"ကျွန်တော်ကတွေ့တာ မဟုတ်ပါဘူးဗျာ၊ သူက ကျွန်တော့်ကို တွေ့သွားတာပါ၊ သူက ဖုန်းဆက်ခေါ်လို့ ကျွန်တော် ဒီအိမ်ရောက်လာတာလေ၊ နောက်ပြီးတော့ ကျွန်တော့်အနေပြောတာ အခုအချိန်အထိ မလုပ်နိုင်ဘူးဆိုတာပဲ ဖြစ်တဲ့အကြောင်း ဆမ်ကို ပြောပြလိုက်ပါတယ်"

"ခဏနေပါဦးလေ၊ ကျုပ် ဘာပြောမယ်ဆိုတာကိုတောင် ခင်ဗျား နားမှမထောင်ရသေးဘဲ"

ထိုအချိန်မှာပင် အမျိုးသမီး ပြန်ထွက်လာသည်။ ရှီဗားရီဂယ်အရက် တစ်ပုလင်း၊ ရေခဲနှင့် ဖန်ခွက်များ ပါလာသည်။ စားပွဲပေါ်မှာ ချပေးသည်။

"စိတ်ကြိုက်သာ သုံးဆောင်ကြပါနော်၊ ဘာမှ အားမနာပါနဲ့၊ ရှင်တို့ စကားပြောနေတုန်း ကျွန်မ ရေချိုးလိုက်ပါဦးမယ်"

အမျိုးသမီးက ဘရာစီယာချိတ်ဖြုတ်ရင်း ထွက်သွားသည်။ ရေချိုးခန်းတံခါး ပိတ်သွားသည်အထိ ဒေ့ဖ်က လှမ်းကြည့်နေသည်။ ပြီးမှ ကျွန်တော့်ဘက် လှည့်မေးသည်။

"ဆမ်ကို ဘာကြောင့် ခင်ဗျားက ငြင်းနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူများအသုံးချတာကို ထပ်ပြီးမခံနိုင်တော့ဘူးဗျာ၊ အခုအချိန်မှာ အသုံးချတာကို ဆမ်ကိုယ်တိုင် လုပ်နိုင်နေပြီပဲ"

"သူ့ဆီက ကျူပ် ငွေဆယ့်နှစ်သန်း ရစရာရှိတယ်၊ ဒါပေမယ့် နည်းနည်းကလေးမှ ကျူပ် စိတ်မပူပါဘူး၊ သူ ပြန်ဆပ်နိုင်မယ်ဆိုတာ ယုံပြီးသားပါ"

"ကောင်းပါလေ့ဗျာ၊ ခင်ဗျားတို့နှစ်ယောက် ကံကောင်းကြပါစေလို့ ဆုတောင်းပါတယ်၊ ကျွန်တော်ကတော့ စိတ်မဝင်စားဘူးဆိုတဲ့အကြောင်း သူ့ကိုသာ ပြန်ပြောပြလိုက်ပါ"

"တက်တက်ကြွကြွ လုပ်လို့ရနိုင်တဲ့ အလုပ်မျိုးကို ဒီနေရာမှာထိုင်ပြီး ခင်ဗျားရှာနေတာ သုံးနှစ်ရှိသွားပြီ၊ သုံးနှစ်လုံးလုံး ထိုင်စောင့်ပြီးရှာခဲ့ရတဲ့ အလုပ်မျိုး အခုရလာပြန်တော့ ခင်ဗျားက မလုပ်ချင်ဘူး ဖြစ်ရပြန်ပြီ"

"အခုအလုပ်က ကျွန်တော်လုပ်ချင်တဲ့ အလုပ်မျိုး မဟုတ်သေးဘူးလေဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

သူ အတော် မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

"ခင်ဗျားက ဘယ်လိုအလုပ်မျိုးကိုမှ လုပ်ချင်တာလဲ၊ စတူဒီယိုကြီးတစ်ခုလုံးရဲ့ အကြီးအကဲ ဖြစ်ချင်တာလား၊ ဒီနေရာမျိုးကို လူတိုင်းလိုချင်ကြတာပဲ၊ ဒါပေမယ့် . . ."

"ကဲ . . . တော်ပါတော့ ဒေ့ဖ်၊ ဒါလောက်ဆိုရင် လုံလောက်ပါပြီ၊ ကျွန်တော့်ကိုယ်ပိုင် ကုမ္ပဏီမျိုးကို ကျွန်တော်လိုချင်တာ၊ ကျွန်တော်သာလျှင် အာဏာပိုင်ဖြစ်ရမယ်၊ စင်ကလဲယားလိုပေါ့ဗျာ၊ ဆမ်လိုပေါ့ဗျာ"

"ခင်ဗျား လက်ခံမယ်ဆိုရင် ခင်ဗျား အာဏာပိုင်ဖြစ်ရပါစေ့မယ်လို့ ဆမ်က ပြောနေသားပဲ"

"ဆမ် အရူးထနေတာပါဗျာ၊ ဒီကုမ္ပဏီကို တခြားလူတွေပါ ဝိုင်းပိုင်နေမှတော့ ကျွန်တော်က ဘယ်လိုလုပ်ပြီး အာဏာပိုင်ဖြစ်နိုင်တော့မှာလဲ"

ကျွန်တော်က စကားဖြတ်ပြီး ခွက်ထဲသို့ အရက်ထပ်ထည့်သည်။ ပြီးတော့မှ ဆက်ပြောသည်။

"ဒါထက် နေစမ်းပါဦး၊ သူတို့ဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး ဖန်ထည်ထုတ်လုပ်တဲ့ ကုမ္ပဏီကြီး ဖြစ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ရုပ်ရှင်လုပ်ငန်းကို သူတို့ ဘယ်လိုလုပ် နားလည်နိုင်ကြမှာလဲ"

"ခင်ဗျား ဟောပကိုအိမ်ထဲမှာ တံခါးပိတ်ပြီးနေတာ သုံးနှစ်ကြာသွားပြီ၊ ဒါကြောင့် ခင်ဗျား ခေတ်မမီတော့ဘူး၊ ဒီကနေ့ခေတ်ဟာ သေးသေးကလေးလုပ်တဲ့ခေတ် မဟုတ်တော့ဘူး၊ ပတ်ဝန်းကျင်ကို ကြည့်စမ်း၊ ကုမ္ပဏီကြီးတွေဟာ ချဲ့ကုန်ကြပြီ၊ ပူးပေါင်းကုန်ကြပြီ"

"ခင်ဗျားပြောချင်တာ အတိအကျက ဘာလဲ"

"စိတ်ကို သိပ်တင်းမထားနဲ့တော့ စတီဖင်၊ ကုမ္ပဏီတစ်ခုကိုဝယ်ဖို့ ခင်ဗျား ကြိုးစားနေတုန်းပဲဆိုရင်တော့ မေ့ပစ်လိုက်တော့၊ ဘယ်သူကမှ ခင်ဗျားပိုက်ဆံကို မလိုချင်ကြတော့ဘူး၊ ဒီကနေ့ သူတို့လိုချင်တာက စတော့ပဲ၊ ရောမ ကုမ္ပဏီကြီးနာမည်ကို ရွှေစာလုံးတွေနဲ့ ရေးထိုးထားတဲ့ စတော့ပဲ၊ အဲဒီစတော့ ရှိနေပြီဆိုရင် လောကကြီးမှာ သူတို့ ဘာမဆို လုပ်နိုင်ကြပြီ၊ အဲဒီလို လုပ်ငန်းမျိုးလုပ်ဖို့ ခင်ဗျားမှာရှိတဲ့ ငွေလောက်နဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ခင်ဗျားတင် မဟုတ်ဘူး၊ ကမ္ဘာပေါ်မှာ ဘယ်သူမှလည်း အဲဒီလောက် ငွေမရှိဘူး၊ ကျွန်တော်ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်တယ် မဟုတ်လား၊ ငွေတွေပိုင်နေတာထက် ဧရာမကုမ္ပဏီကြီးရဲ့ အုပ်ချုပ်ရေး ... အရာရှိကြီး၊ ဥက္ကဋ္ဌကြီးဆိုတဲ့ ဂုဏ်ထူးကိုသာ သူတို့ လိုချင်နေကြတယ်၊ အဲဒီဂုဏ်ထူး ...ဆိုးထားတဲ့ စာရွက်ကိုသာ လိုချင်နေကြတယ်"

ကျွန်တော် အတော်ကြာအောင် ငြိမ်နေမိသည်။

"ဒီလိုဆိုရင် ကျွန်တော် အကောင်းဆုံးလုပ်နိုင်တာဟာ ဒီအလုပ်ပဲရှိတယ်လို့ ခင်ဗျား ...သလား"

သူက ခေါင်းညိတ်သည်။

တစ်ဖက်သို့လှည့်ပြီး ပြတင်းပေါက်ကို ကျွန်တော် ကျော်ကြည့်မိသည်။ ယခုအဖြစ် ... လွယ်တော့ အတော်လွယ်သည်။ သုံးနှစ်တည်းဟူသော အချိန်များ ကုန်ဆုံးသွားပြီ။ ကျွန်တော့်အတွက် အမှန်ကန်ဆုံးအလုပ်ကို လုပ်နိုင်ဖို့ သုံးနှစ်လုံးလုံး ကျွန်တော် သည်အတိုင်း ...ထဲမှာ ထိုင်စောင့်နေခဲ့သည်။

ယခုအချိန်တွေသာ ကုန်ဆုံးခဲ့ရသည်။ ကျွန်တော်လုပ်ချင်သော အလုပ်မျိုးကို ...တွေ့၊ ဘယ်တော့မှလည်း ထိုအလုပ်မျိုး ပေါ်ပေါက်လာနိုင်တော့မည် မဟုတ်။

"ကျွန်တော် သဘောတူမယ်ဆိုရင် ဘယ်လောက် ထည့်ရမလဲ"

"သုံးဆယ့်နှစ်သန်း"

"အဲဒါတွေလည်း စက္ကူတွေပဲ မဟုတ်လားဗျာ"

"အဲဒီတော့. . ."

ကျွန်တော် အသက်ပြင်းပြင်း ရှူလိုက်မိသည်။

"အဲဒီတော့ ကျွန်တော့်အတွက် ဘာအကျိုးကျေးဇူးရှိမလဲ"

"ခင်ဗျား စိတ်ကူးမိတာထက် အများကြီး ပိုရစေမယ်၊ ခင်ဗျား စိတ်ဝင်စားတဲ့အကြောင်း သူတို့ကို ပြောပြနိုင်မယ်ဆိုရင် လူချင်းတွေ့ဖို့ ကျွန်တော် ညှိနှိုင်းစီစဉ်ပေးနိုင်တယ်"

"ဆမ်နဲ့ ဒီနေ့မနက်ပဲ ကျွန်တော် တွေ့ပြီးပါပြီ ဒေ့ဗ်"

ဒေ့ဗ်ဒိုင်းမွန်းက ချက်ချင်းပြန်ပြောသည်။

"သူနဲ့တွေ့ဖို့ မဟုတ်ဘူးလေ၊ ပါလိုမာ ဖန်ထည်စက်ရုံက ဂျွန်စတန်နဲ့တွေ့ဖို့ ပြော... ဒီကိစ္စမှာ သူက အရေးကြီးဆုံး၊ နောက်ပြီးတော့ ဒီလုပ်ငန်းထဲမှာ ခင်ဗျားပါမှဖြစ်မယ်လို့ ...တောင်းဆိုနေတာကလည်း သူပဲ"

"သူက ဘာကြောင့် ကျွန်တော့်ကို ပါစေချင်ရတာလဲ၊ သူနဲ့ ကျွန်တော် တွေ့ဖူးတာမှ ...တ်ဘဲ"

"သူမှာ လုံလောက်တဲ့အကြောင်း ရှိပါတယ်၊ သူ့ရဲ့စီးပွားရေးလုပ်ငန်း သက်တမ်းတစ် ...လောက်လုံးမှာ ခင်ဗျားအကြောင်းတွေကို သူသိခဲ့ရတယ်လို့ ပြောတယ်၊ ဒီလုပ်ငန်းနဲ့ပတ်သက် ... တကယ်ဦးဆောင်နိုင်သူ အမြော်အမြင်ကြီးသူဟာ ခင်ဗျားပဲဖြစ်ရမယ်လို့လည်း သူထင်ထား ...တယ်"

ကျွန်တော်က စီးကရက်ညှိရင်း သူ့ကိုကြည့်ကာ စဉ်းစားနေမိသည်။

"သူ့ကို ခင်ဗျားသိသလား"

"ကျုပ်တို့ တွေ့ပြီးပြီ"

သူက ရုန်းထွက်သာအောင် ပြောသည်။ တွေ့ပြီးပြီဆိုခြင်းမှာ ဂျွန်စတန်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com


ကို သူမသိဟု ဆိုလိုခြင်းပင် ဖြစ်သည်။ သူ့အနေဖြင့်လည်း သည်လိုပင် ဆင်ဆင်ခြင်ခြင် စကားပြောရပေမည်။

"သူ့အကြောင်းရော ခင်ဗျား ကြားဖူးသလား"ဟု သူကပြန်မေးသည်။

"ကြားဖူးပါတယ်"

သူ့အကြောင်းကို လူတိုင်း ကြားဖူးကြပါသည်။ လွန်ခဲ့သည့်လ,ကပင် သူ့အကြောင်းကို တိုင်းမဂ္ဂဇင်းက မျက်နှာဖုံးတင် ရေးခဲ့သေးသည်။ ပါလိုမာကုမ္ပဏီတွင် အလုပ်ဝင်ရောက်လုပ်ခဲ့ပုံ၊ ရှေးဆန်သည့် လုပ်နည်းကိုင်နည်းများကို ဖယ်ရှားပြီး ခေတ်မီနည်းများဖြင့် အုပ်ချုပ်ခဲ့ပုံ၊ သူမရောက်မီက တစ်နှစ်လျှင် သန်းပေါင်းရှစ်ဆယ်သာ လည်ပတ်မှုရှိခဲ့သော ပါလိုမာကုမ္ပဏီသည် သူ့လက်ထက်တွင် တစ်နှစ်လျှင် လည်ပတ်မှု သန်းပေါင်းရှစ်ရာအထိ တိုးတက်လာပုံများ ရေးသားထားသည်။

မျက်နှာဖုံးကိုလည်း တိုင်းမဂ္ဂဇင်း ထုံးစံအတိုင်း သူ့ဓာတ်ပုံကို ဒေါ်လာငွေစက္ကူများ အစုစပ်လက်မှတ်များ၊ ငွေစုလက်မှတ်များဖြင့် ဝန်းရံပေးထားသည်ကိုပါ ကျွန်တော် မြင်ယောင်နေသေးသည်။

"သူနဲ့ စကားပြောမကြည့်သေးဘဲနဲ့ ဘာမှမပြောပါနဲ့ဦး၊ ခင်ဗျားကို လုပ်ပိုင်ခွင့်တွေ အပြည့်အဝ ပေးပါ့မယ်လို့ သူက ကတိပေးထားပါတယ်" ဟု ဒေ့ဖ်က ပြောသည်။

"သူက ခင်ဗျားကို ပြောတာလား"

"သူကိုယ်တိုင် ပြောတာပါ" ဟုပြောရင်း ဒေ့ဖ်က ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"ခင်ဗျားကိုရော သူ ဘာကတိတွေ ပေးသေးသလဲ"

သူ မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

"လုပ်ပါဗျာ၊ ကျွန်တော့်ကိုတော့ ပြောပြသင့်တာပေါ့၊ မိတ်ဆွေချင်းတွေပဲ"

"ကျွန်တော့်ဘဏ်မှာ ငွေငါးသန်းအပ်မယ်လို့ ပြောတယ်" ဟု မပြောချင်ပြောချင်ဖြင့် ပြောသည်။

ကျွန်တော် လေတစ်ချက် ချွန်လိုက်မိသည်။

"ကျွန်တော့်ကို ဆွယ်ပေးတဲ့အတွက်ပေါ့လေ"

ဒေ့ဖ်ဒိုင်းမွန်းက ခေါင်းယမ်းသည်။

"ခင်ဗျားကို ဆွယ်ပေးတာနဲ့ မဆိုင်ပါဘူး၊ ကျုပ်တို့ လုပ်ကိုင်တဲ့စနစ်ကို သူ သဘောကျတယ်၊ ကျုပ်တို့ဘဏ်က စနစ်ဟောင်းတွေနဲ့ လုပ်နေတာ မဟုတ်ဘူးလေ၊ နောက်ပြီးတော့ ဆမ်ဆီက ကျုပ်တို့ရစရာရှိတဲ့ ငွေဆယ့်နှစ်သန်းကိုလည်း ပြန်ရမယ်"

"အဲဒါကြောင့် ကျွန်တော့်ကို ခင်ဗျား လာတွေ့တာလား"

ထိုသို့မေးရင်း သူ့မျက်နှာအမူအရာကို ကျွန်တော် လှမ်းအကဲခတ်လိုက်သည်။ သူ အမှန်တကယ် ပြောနေခြင်းဖြစ်ကြောင်း အမူအရာက ပေါ်နေသည်။

"ဒါအတွက်တင် မဟုတ်ပါဘူး၊ ခင်ဗျားတို့နှစ်ယောက် အလုပ်ဖြစ်နိုင်ကြတယ်လို့ ထင်လို့လည်း လာတာပါ၊ ခင်ဗျားကို သူ လေးစားတယ်၊ တခြားလူတွေနဲ့ ခင်ဗျား အလုပ်လုပ်သလိုမျိုး မဖြစ်နိုင်ဘူး၊ ခင်ဗျားလုပ်ငန်းထဲမှာ သူ ဘာမှဝင်စွက်ဖက်မှာ မဟုတ်ဘူး"

သူ ဘာဆိုလိုကြောင်း ကျွန်တော် သိပါသည်။ အပြိုင်အဆိုင် လုပ်နေကြရသည့် စီးပွားရေး လုပ်ငန်းရှင်များသည် ရုပ်ရှင်လောကထဲသို့လည်း ထိုးဖောက်ဝင်ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာလည်း အကြောင်းရှိသည်။

"သူ သဘောကျနေတဲ့ မိန်းကလေးတစ်ယောက်ယောက်ကို ရုပ်ရှင်မင်းသမီးဖြစ်အောင် လုပ်ပေးစမ်းပါဆိုတာမျိုးလောက်တောင် မပြောဘူးလား" ဟု ကျွန်တော်က မေးသည်။

"အဲဒီအဖြေကိုတော့ ကျွန်မ ပေးနိုင်ပါတယ်"

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးသည် ရေချိုးခန်းထဲမှ ထွက်လာပြီး လှမ်းပြောသည်။ သူ့ကိုယ်ကို မျက်နှာသုတ်ပဝါ အကြီးတစ်ထည်နှင့် ပတ်ထားသည်။

ကျွန်တော်က တအံ့တသြ မော့ကြည့်လိုက်မိသည်။ ဒေ့ဖ်ကလည်း ဖန်ခွက်ကို ကျော်ပြီး လှမ်းကြည့်နေသည်။

"ဒီအဖြေကို မင်းက ပေးနိုင်သလား" ဟုလည်း ဒေ့ဖ်က မေးသည်။

အမျိုးသမီးက ခေါင်းညိတ်သည်။ ဖန်ခွက်ထဲသို့ အရက်နှင့် ရေခဲထည့်နေသည်။ ကျွန်တော်က သူ့ကို သည်အတိုင်းထိုင်ကြည့်ပြီး အကဲခတ်နေသည်။ ကျွန်တော့်ဘက်သို့ သူ လှည့်လာသည်။

"အက်ဂ္ဂါနစ်စတန်အကြောင်းကို ကျွန်မ ကောင်းကောင်းသိပါတယ်၊ သူဟာ အင်တန် ဖြောင့်မှန်တဲ့လူပါ။ ကလိမ်ကကျစ် ဘယ်တော့မှမလုပ်ဘူး။ ကျွန်မကို ရုပ်ရှင်မင်းသမီးဖြစ်အောင် လုပ်ပေးမယ်လို့ တစ်ခါမှ မပြောဖူးဘူး"

ယခုမှပဲ အဖြစ်မှန်ကို ကျွန်တော် တဖြည်းဖြည်း ရိပ်စားမိစ ပြုလာလေတော့သည်။ ကျွန်တော့်အိမ်နှင့် မျက်နှာချင်းဆိုင်မှာရှိသည့် ယခုအိမ်ခန်းသို့ လွန်ခဲ့သော သုံးလခန့်က သူပြောင်းလာသည်ကို ကျွန်တော် ပြန်အမှတ်ရနေသည်။

ထိုအိမ်ခန်းသို့ သူပြောင်းလာသည့် အချိန်မှစ၍ ကျွန်တော့်ကို မြင်သာသည့် ပြတင်းပေါက်နားမှာ အချိန်ရှိသမျှ သူနေသည်။ အပြင်သို့ လုံးဝမထွက်။

တနင်္လာနေ့တိုင်း ရီကာဂိုမြို့သို့ သူအလုပ်သွားလုပ်ပါသည်ဟု စောစောတုန်းက အမှတ်မထင် ပြောသွားသည်။ အက်ဂ္ဂါနစ်စတန်၏ ပါလိုမာကုမ္ပဏီရုံးချုပ်က ရီကာဂိုမြို့မှာ ရှိသည်။ သည်အတိုင်းဆိုလျှင် ကျွန်တော့်ကိုစောင့်ကြည့်ပြီး အကဲခတ်ဖို့ ဂ္ဂါနစ်စတန်က သူ့ကို တာဝန်ပေးထားခြင်းသာ ဖြစ်ရပေမည်။

ကျွန်တော် ဘာစကားမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ကျွန်မကို စိတ်ဆိုးသွားသလားဟင်" ဟု သူကမေးသည်။

ကျွန်တော်က ခေါင်းခါပြလိုက်သည်။

"မင်း စောစောကတည်းက ကိုယ့်ဆီလာဖို့ကောင်းတာပေါ့ကွာ၊ အခုတော့ အချိန်တွေ အလကားပုပ်သွားတယ်"

"ရှင့်နားမှာ အမြဲတမ်း အမျိုးသမီးတစ်ယောက်မဟုတ် တစ်ယောက်ရှိနေတာပဲလေ"

"နောက်ထပ်တစ်ယောက်စာအတွက်တော့ နေရာက အမြဲရှိနေပါတယ်ကွာ"

"ကျွန်မက ရှေးဆန်တယ်၊ နောက်ပြီးတော့လည်း ကျွန်မ စောင့်နိုင်ပါတယ်၊ ဒီတာဝန်အတွက် ကျွန်မကိုပေးတဲ့ ပိုက်ဆံကလည်း နည်းတာမဟုတ်ဘူး၊ အလုပ်ကလည်း ဘာမှ ခက်ခဲတာ မဟုတ်ဘူး"

"အဲဒီလို ကိုယ့်ကိုစောင့်ကြည့်နေတဲ့အတွက် မင်းဘာတွေများ သိရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ဂျွန်စတန် သိထားပြီးသားတွေချည်းပါပဲ၊ ရှင်ဟာ အလုပ်လုပ်လို့ရနိုင်တဲ့ လူတစ်ယောက်ဖြစ်ကြောင်း သူ့ကို ကျွန်မ ပြောပြလိုက်ပါတယ်၊ ရှင့်ကို သူ သဘောကျနေပြီ ရှင်လည်း သူ့ကို သဘောကျမယ်လို့ ကျွန်မထင်တယ်"

သူ့အရက်ကို ကုန်အောင်သောက်လိုက်ပြီး ဖန်ခွက်ကို စားပွဲပေါ် သို့ ပြန်တင်သည်။ ကျွန်တော်က ဒေ့ဖ်ကို လှမ်းကြည့်သည်။

"ကောင်းပြီလေ၊ သူနဲ့ကျွန်တော် စကားပြောကြည့်မယ်၊ ဒါပေမယ့် ဘာကတိကိုမှ ကြိုတင်ပေးမထားဘူးနော်"

ဒေ့ဖ်ကပြုံးသည်။ ပထမဆုံးအကြိမ် ပြုံးခြင်းဖြစ်သည်။

"ကောင်းတယ်၊ သူလတ်စ်ဗီဂတ်စ်မြို့မှာ ရှိနေတယ်၊ ဒီနေ့ နေ့လယ်စာ သူနဲ့အတူတူ ကျုပ်တို့ သွားစားချင်တယ်ဆိုရင် အဆင်သင့်ဖြစ်အောင် သူ့ကုမ္ပဏီပိုင်တဲ့ ဂျက်လေယာဉ်ပုံကို ဒီမှာကြိုပို့ပေးထားတယ်"

နာရီကို ကျွန်တော် ငုံ့ကြည့်သည်။ ဆယ့်နှစ်နာရီနှင့် ဆယ့်ငါးမိနစ်ရှိနေပြီ။

"ကောင်းပြီလေ၊ ကျွန်တော်တောင် ဗိုက်ဆာလာပြီ"

"လေဆိပ်ကို ကျုပ်ကားနဲ့ သွားကြမယ်"

"ခင်ဗျားကားနဲ့ ခင်ဗျားသွား၊ ဒီမိန်းကလေးက ကျုပ်ကားနဲ့ လိုက်ခဲ့လိမ့်မယ်" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

□

လတ်စ်ဗီဂတ်စ်မြို့သို့ သွားနေရင်းမှာပင် အက်ဂျွန်စတန်အကြောင်း ကျွန်တော် နည်းနည်းပါးပါး ပိုသိလာရသည်။

သူသည် အိမ်ထောင်ရှင်ဖြစ်ကြောင်း၊ သားနှစ်ယောက်ရှိကြောင်း၊ ရိုးသားဖြောင့်မတ်ကြောင်း၊ ကောက်ကျစ်စဉ်းလဲမှုမရှိကြောင်း၊ ဘာအလုပ်ကိုမဆို တည့်တည့်လုပ်တတ်ကြောင်း၊ တစ်ခါတစ်ရံ မတုန်မလှုပ် ရှိနေတတ်သော်လည်း အလုပ်လုပ်သည့်အခါတွင် အားစိုက်ခွန်စိုက် လုပ်လေ့ရှိကြောင်းများကို ရွှေရောင်ဆံပင်နှင့် အမျိုးသမီးထံမှ သိရသည်။

ဒေ့ဖ်ဒိုင်းမွန်းကလည်း စီးပွားရေးလုပ်ငန်းပိုင်းများနှင့် ပတ်သက်၍ သူသိသလောက် ပြောပြသေးသည်။

ဂျွန်စတန်သည် လေယာဉ်တင်သင်္ဘော ဦးစီးမှူးများအနက် အသက်အငယ်ဆုံး ဖြစ်ကြောင်း၊ သူ့တက်လမ်းတွေ အများကြီးရှိနေသော်လည်း၊ ကိုရီးယားစစ်ပွဲပြီးဆုံးသောအခါ တပ်ထဲမှထွက်ခဲ့ကြောင်း၊ သူ့ကို ဗိုလ်ချုပ်ရာထူးတိုးပေးရန် သေချာနေသော်လည်း ဖွတ်ထွက်ခဲ့ကြောင်း၊

ပါလိုမာ ဖန်ထည်ပစ္စည်းစက်ရုံနှင့် ကုမ္ပဏီတွင် လုပ်ငန်းပိုင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌအဖြစ် အလုပ်စဝင်ကြောင်း၊ တစ်နှစ်အတွင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်လာကြောင်း၊ ငါးနှစ်အတွင်း သူ့ကုမ္ပဏီကို အဆပေါင်းများစွာ တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းများကိုလည်း တိုးချဲ့လာကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် ပါလိုမာကုမ္ပဏီသည် အသားစည်သွတ်သည့် ရောမစက်ရုံကြီးတစ်ခုကိုလည်းကောင်း၊ ဟိုတယ်ပေါင်းများစွာကိုလည်းကောင်း ပိုင်ဆိုင်နေပြီဖြစ်ကြောင်း၊ ယခု ကျွန်တော်တို့သွားတွေ့မည့် လတ်စ်ဗီဂတ်စ်မှ ဟိုတယ်ကြီးကိုလည်း သူတို့ကုမ္ပဏီက ပိုင်ဆိုင်ကြောင်း၊ နိုင်ငံပေါင်းများစွာသို့ ပျံသန်းပေးမည့် လေကြောင်းကုမ္ပဏီကြီးတစ်ခု တည်ထောင်ဖို့လည်း အသင့်ရှိနေကြောင်း၊ လော့စ်အိန်ဂျလိစ်မြို့နားတွင် မြေအမြောက်အမြားကို ပိုင်ဆိုင်ထားကြောင်း၊ ခေတ်မီအိမ်ရာများ ဆောက်လုပ်ရန် စီမံကိန်းချထားကြောင်းများ ဒေဖ်က ပြောပြသည်။

ဒါတွေအားလုံးကို ကျွန်တော် နားလည်နိုင်ပါသည်။ သို့သော်လည်း သူ ဘာကြောင့် ရုပ်ရှင်ကုမ္ပဏီ ထူထောင်လိုသည်ကိုမူ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ဟိုတယ်ရှိ သူ့အခန်းတွင်းသို့ ကျွန်တော်တို့ ဝင်သွားသောအခါ နှစ်နာရီထိုးရန် ဆယ့်ငါးမိနစ် လိုသေးသည်။ စားပွဲပေါ်တွင် နေ့လယ်စာအတွက် အသင့်ပြင်ဆင်ထားပြီး ဖြစ်နေသည်ကို တွေ့ရသည်။ သူကမူ ဖုန်းပြောနေသည်။

ကျွန်တော်တို့ကို ကုလားထိုင်များတွင် ဝင်ထိုင်ရန် လက်ဟန့်ယမ်းပြသည်။ ဖုန်းပြောပြီး ပြောနေသည်။ ပြီးတော့မှ ဖုန်းကိုချပြီး ထိုင်ရာမှထ,ကာ ကျွန်တော့်ဆီသို့ လက်ကမ်းပေးသည်။

"ကျွန်တော် အက်ဂျန်စတန်ပါ၊ ခင်ဗျားကို တွေ့ချင်နေတာ ကြာပြီ"

"ကျေးဇူးတင်ပါတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

ဒေဖ်နှင့် သူ လက်ဆွဲနှုတ်ဆက်ပြီးသောအခါ ရွှေရောင်ဆံပင်နှင့် အမျိုးသမီး၏ပါးကို နမ်းပြီး သူနှုတ်ဆက်သည်။

"အလုပ်တော်တဲ့အတွက် မင်းကို ကောင်းကောင်း ဆုချရမယ်"

ပြီးတော့ ကျွန်တော့်ဘက်သို့လှည့်ပြီး ပြုံးသည်။

"ခင်ဗျားအတွက် ကျွန်တော်တို့ ရှာပေးထားတဲ့ သက်တော်စောင့်ကို သဘောကျရဲ့လား" ဟု မေးသည်။

ကျွန်တော်က ရယ်သည်။ အတော်တော့ ပွင့်လင်းသူဖြစ်သည်။

"ကျွန်တော်ကိုယ်တိုင် ရှာမယ်ဆိုရင်တောင် ဒီ့ထက်ပိုအဆင်ပြေတဲ့ မိန်းကလေး ရနိုင်မယ် မထင်ပါဘူးဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ကိုင်း. . . နေ့လယ်စာ သုံးဆောင်လိုက်ကြရအောင်"

စားပွဲ ပြောင်းထိုင်ကြသည်။ ကျွန်တော်က ဝီစကီမှာသည်။ ဂျွန်စတန်က ကိုကာကိုလာပဲ မှာသည်။

ကျွန်တော်တို့ ခပ်သွက်သွက်ကလေး စားကြသည်။ မိနစ်နှစ်ဆယ်အတွင်းမှာပင် ကျွန်တော်တို့ စားပွဲကို ရှင်းပြီးလင်းပြီး ဖြစ်သွားလေတော့သည်။ သူက ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်က သူ့ကိုကြည့်သည်။ ပြီးတော့ ဒေဖ်ကိုကြည့်သည်။ ကျွန်တော်ကပဲ စကားစရတော့မည်ဖြစ်ကြောင်း သိလိုက်သည်။

"ခင်ဗျားမှာ လုပ်ငန်းတွေ အပြည့်အစုံရှိနေပြီလို့ ကျွန်တော် နားလည်တယ်၊ အားလုံး အဆင်ပြေနေတဲ့ လုပ်ငန်းကြီးတွေချည်းပဲ၊ ဒီကြားထဲက သိပ်ကိုမသေချာပြီး အင်မတန် စွန့်စားရတဲ့ ရုပ်ရှင်လုပ်ငန်းကို ဘာကြောင့် လုပ်ချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ငြိမ်သက်စွာထိုင်ပြီး ကျွန်တော့်ကို အကဲခတ်နေသည်။

"မြေကျယ်ကျယ်နဲ့ ရုပ်ရှင်စတူဒီယိုကြီးတစ်ခု ထူထောင်မယ်ဆိုရင်တော့ ကျွန်တော် နားလည်နိုင်စရာအကြောင်း ရှိပါတယ်၊ ခင်ဗျားရဲ့ ခေတ်မီအိမ်ရာ စီမံကိန်းနဲ့လည်း လိုက်လျောညီထွေ ရှိမယ်၊ အခု ရုပ်ရှင်ကုမ္ပဏီ ထောင်ချင်တယ်ဆိုတော့ ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေမိတယ်"

ကျွန်တော်က အရက်ဖန်ခွက်ကို စားပွဲပေါ် သို့ ပြန်တင်ထားလိုက်သည်။

"တခြား စိတ်ဝင်စားစရာတွေလည်း ရှိပါတယ်၊ တခြားကုမ္ပဏီကြီးတွေကလည်း ဒီလုပ်ငန်းကို လုပ်လာကြပြီ၊ လူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ နေ့ရောညပါ အလုပ်လုပ်တဲ့လူတွေက လုပ်နေကြပြီ၊ နောက်ပြီးတော့ ကျွန်တော်တို့ရဲ့ တိုက်ခွေလုပ်ငန်းဆိုရင်လည်း ထိပ်ဆုံးထဲမှာ တစ်ခုအပါအဝင် ဖြစ်နေတယ်"

သည်တစ်ခါ ငြိမ်ပြီးနားထောင်ဖို့မှာ ကျွန်တော့်အလှည့် ဖြစ်သည်။

"ဒီစိတ်ကူးဟာ အသစ်အဆန်း မဟုတ်ပါဘူး၊ တခြားစီးပွားရေး လုပ်ငန်းရှင်ကြီးတွေလည်း လုပ်ငန်းပေါင်းစုံကို ချဲ့ထွင်နေကြပါတယ်၊ အခုအချိန်ဟာ လုပ်ငန်းချဲ့ထွင်ဖို့ အချိန်ကောင်းလို့ ထင်ပါတယ်၊ ကျွန်တော့်စိတ်ကူးကတော့ အကြီးဆုံး ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းနဲ့ ရုပ်ရှင်ဖြန့်ချိရေးလုပ်ငန်းကို လုပ်ဖို့ပါပဲ"

"အစီအစဉ်ကတော့ ကောင်းပါတယ်၊ ခင်ဗျား စီမံကိန်းဟာ လက်တွေ့ကျတယ်လို့လဲ ယုံကြည်ပါတယ်"

ကျွန်တော် ထိုင်ရာမှ ထ,သည်။

"ခင်ဗျားရဲ့ အဖိုးတန်တဲ့အချိန်တွေကို ကျွန်တော် ဒါလောက်ပဲ ယူသင့်တယ်လို့ ထင်ပါတယ် မစ္စတာဂျွန်စတန်၊ သိပ်ကို အောင်မြင်ပါစေလို့ ဆန္ဒပြုပါရစေ ခင်ဗျာ"

ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။ မယုံကြည်နိုင်သည့် အမူအရာ သူ့မျက်နှာပေါ်တွင် ပေါ်သွားလေသည်။

"ခင်ဗျား စိတ်မဝင်စားဘူးလား"

ကျွန်တော်က ခေါင်းယမ်းပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ဒီလုပ်ငန်းဟာ ကျွန်တော့်အတွက် မဟုတ်ဘူး"

"ငွေရေးကြေးရေးကြောင့်ဆိုရင် ကျွန်တော် စီစဉ် . . ."

"ဒါလည်း မဟုတ်ပါဘူးဗျာ"

"ဒီလိုဆိုရင် ဘာအတွက်လဲ"

"ခင်ဗျားပြောတာတွေ အင်မတန် ပြည့်စုံပါတယ်၊ ဒါပေမယ့် တစ်ခုပဲ . . ."

သူက ကျွန်တော့်စကားကို ဖြတ်ပြောလိုက်သည်။

"ပညာစွမ်းရည် ကိစ္စလား၊ ကျွန်တော် အဲဒီအကြောင်း ပြောမလို့ပါပဲ"

"မဟုတ်ပါဘူး မစ္စတာဂျွန်စတန်၊ အဲဒါလည်း မဟုတ်သေးပါဘူး၊ ပညာစွမ်းရည်ကို ငွေပေးဝယ်လို့ ရပါတယ်၊ ရုပ်ရှင်လုပ်ငန်းမှာ အရေးအကြီးဆုံးဟာ ပျော်ရွှင်မှုပါပဲ၊ ပျော်ရွှင်မှု မပါရင် ခင်ဗျား ဘာမှဖြစ်မလာနိုင်ပါဘူး၊ ဘာမှ အောင်မြင်မလာနိုင်ပါဘူး၊ အခုတော့ ခင်ဗျားဟာက ရိုးရိုးအလုပ်တစ်ခု ကမ်းလှမ်းတဲ့ သဘောမျိုးပဲ ဖြစ်နေပါတယ်"

တံခါးပေါက်ဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက် ဒုက္ခမရှာပါနဲ့ မစ္စတာဂျွန်စတန်၊ လေဆိပ်ကို ကျွန်တော် …ားနဲ့ပဲ သွားလိုက်ပါ့မယ်" ဟု ကျွန်တော် ပြောခဲ့သည်။

ကစားဝိုင်းများကိုဖြတ်ပြီး လော်ဘီခန်းဆီသို့ ကျွန်တော်လျှောက်လာခိုက် ရွှေရောင် …နှင့် အမျိုးသမီးက ကျွန်တော့်ကို မီလာသည်။

"ဒီမှာ ခဏစောင့်ပါဦး" ဟု လှမ်းအော်ခေါ်သည်။

ကျွန်တော်က သူ့ကို ပြန်ပြုံးပြလိုက်သည်။

"မင်းဆရာကြီးက အခေါ်ခိုင်းလိုက်လို့လား"

"မဟုတ်ဘူး၊ ကျွန်မကို အခုပဲ အလုပ်က ဖြုတ်ပစ်လိုက်ပြီ" ဟု အမျိုးသမီးက …သည်။

"ကိုယ့်ကြောင့်တော့ မင်း အလုပ်မပြုတ်သင့်ပါဘူး"

"ကျွန်မကို ဒီအလုပ် အမြဲပေးထားတယ်လို့ထင်ရင် ရှင် ရူးနေပြီ၊ ရှင့်ကို စောင့်ကြည့် …သက်သက် ကျွန်မကို ယာယီအလုပ်ခန့်ထားတာလေ၊ အခုတော့ ရှင်နဲ့သူ့တွေ့ပြီးပြီ၊ ကျွန်မ မလိုတော့ဘူးပေါ့"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

လှေကားထစ်များကို ကျွန်တော်တို့ စတင်နင်းသည့်အချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်းမြည်သံကို ကြားရသည်။ ယူနီဖောင်းဝတ် ဟိုတယ်အလုပ်သမားကလေးက ရွှေရောင်ဆံပင်နှင့် အမျိုးသမီးကိုကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို လှမ်းတားသည်။

"မစ္စတာဂေါက် ဆိုတာလားခင်ဗျာ"

"ဟုတ်တယ်"

"တယ်လီဖုန်း လာနေပါတယ်ခင်ဗျာ"

ပြောပြောဆိုဆိုပင် ကစားဝိုင်းများနောက်ရှိတယ်လီဖုန်းကို သွားကောက်ယူသည်။

"မစ္စတာဂေါက်ကို ကျွန်တော် ရှာလို့တွေ့ပါပြီခင်ဗျာ" ဟုပြောပြီး ကျွန်တော့်ကို ဖုန်းလှမ်းပေးသည်။

သူ့လက်ထဲသို့ တစ်ဒေါ်လာတန် ငွေစက္ကူတစ်ရွက် ထည့်လိုက်သည်။

"မစ္စတာဂေါက် . . . ရှင်ဟာ အင်မတန် အရှာရခက်တဲ့လူပဲ"

ဒိုင်ယာနာ၏ အင်္ဂလိပ်လူမျိုးပီသသောအသံကို ကြားလိုက်ရသည်။ ကျွန်တော့်ကို ခက်ခက်ခဲခဲ တွေ့အောင်ရှာလိုက်နိုင်သဖြင့် အောင်ပွဲခံသည့် လေသံမျိုးလည်း ရောစွက်ပါဝင်နေသည်။

"ကောင်းပါပြီဗျာ၊ ဒီတစ်ခါ ကိုယ့်ကို ဘယ်လိုလုပ် တွေ့တာလဲ"

"လွယ်ပါတယ်၊ ဘားလင့်လေဆိပ်က ကားရပ်တဲ့နေရာမှာ ရှင့်ကားကို ရဲတွေက တွေ့တယ်၊ ရှင် ဘာလေယာဉ်ပျံစီးပြီး ဘယ်ကိုသွားတယ်ဆိုတာ လေကြောင်းထိန်းသိမ်းရေး ဌာနက ပြောပြတယ်"

"ကိုယ့်အပေါ်မှာ မင်းအကြွေးတစ်ရာ တင်သွားပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်း စုံစမ်းရေးဌာနမှ ဒိုင်ယာနာနှင့် ကျွန်တော် သဘောတူညီမှုကလေးတစ်ခု ယူထားသည်။ ကျွန်တော် ဘယ်ကိုသွားမည်ဟု မှာမထားခဲ့သည့် အချိန်မျိုးတွင် ကျွန်တော့်ကို သူတွေ့အောင်ရှာနိုင်လျှင် ကျွန်တော်က ငွေတစ်ရာပေးရမည်။ တွေ့အောင်မရှာနိုင်လျှင် ကျွန်တော့်ကို တစ်လ အခမဲ့ ကူညီရမည်။ ယခုတော့ သူ့ကို ကျွန်တော် ငွေတစ်ရာပေးရတော့မည်။

"အရေးမကြီးဘူးထင်ရင် ရှင့်ကိုကျွန်မ မနှောင့်ယှက်ပါဘူး။ ဆင်မြူရယ် ဘင်ဂျမင် ချမ်းယာဆိုတဲ့ လူတစ်ယောက်က ဆန်ဖရန်စစ္စကိုကနေ ဖုန်းလှမ်းဆက်ပြီး စုံစမ်းတယ်၊ အန်-ဘယ် စတီဖင်နဲ့ စကားပြောချင်ပါတယ်တဲ့၊ အရေးကြီးလို့ပါတဲ့"

"သူ့ဖုန်းနံပါတ်ပေးလေ၊ ကိုယ်ပြန်ဆက်လိုက်မယ်"

"အများသုံးဖုန်းကနေ သူဆက်နေတာ၊ အဲဒီမှာ ကြာကြာနေလို့ မဖြစ်ဘူးတဲ့၊ နာရီဝက်လောက်ကြာရင် ပြန်ဆက်မယ်တဲ့၊ အခုဆိုရင် မိနစ်နှစ်ဆယ်လောက်တောင် ရှိသွားပြီ"

"ကောင်းပြီလေ၊ သူပြန်ဆက်ရင် ဒီကအိတ်ချိန်းကို ပြန်ဆက်"

"အခန်းထဲက သီးခြားဖုန်းနံပါတ် မရှိဘူးလား"

"မရှိဘူး၊ ကိုယ့်ကို ကစားဝိုင်းတွေနားမှာ ရှာခိုင်းလိုက်"

တယ်လီဖုန်းချပြီး ရုံကလေးထဲမှ ကျွန်တော် အပြင်ထွက်ခဲ့သည်။ ရွှေရောင်ဆံပင်နှင့် အမျိုးသမီးက ကံစမ်းပုံးနားမှာရပ်ပြီး ခလုတ်ကို နှိပ်နေသည်။

"ထွက်လာတော့မယ်၊ ထွက်လာတော့မယ်၊ ကျွန်မ သိတယ်" ဟု ကျွန်တော့်ကို ပြောသည်။

ထိုသို့ပြောနေဆဲမှာပင် လိမ္မော်သီးတစ်လုံး၊ ရှောက်ချိုသီးတစ်လုံးနှင့် စပျစ်သီးတစ်ခု ထွက်လာသည်။ ကံစမ်းပုံးများကို ကွင်းရှောင်ကာ ကစားဝိုင်းများဆီသို့ ကျွန်တော် လာခဲ့သည်။

ဂေါ်လီစားပွဲတစ်ခုတွင် လူတွေကျပ်နေသည်။ အတွင်းသို့ တိုးဝင်သွားသည်။ ဒိုင်လည်း စားနေသဖြင့် စောစောတုန်းက ပစ်နေသူက လက်လျှော့လိုက်သည်။ သူ့နေရာကို ကျွန်တော် ဝင်ယူသည်။ ဂေါ်လီကို ကောက်ကိုင်ကြည့်သည်။

"ဂေါ်လီပစ်မယ့် လူသစ်တစ်ယောက်လာပြီ ကိုင်း. . . ထိုးကြ. . ထိုးကြ" ဟု ဒိုင်က အော်သည်။

ရာတန်နှစ်ရွက်ကို ဇယ်နှင့်လဲပြီး ကျွန်တော် ချထိုးလိုက်သည်။ ဂေါ်လီကိုဆုပ်ကြည့်ပြီး လမ်းကြောင်းအတိုင်း ပစ်လွှတ်လိုက်သည်။ ကျွန်တော်ထိုးထားသည့် ဂဏန်းပေါ်မှာ သွားကျသည်။ ငွေလေးထောင့်နှစ်ရာ အလျော်ရသည်။

နှစ်ထောင်ကို ကျွန်တော့်ရှေ့မှာ ချထားပြီး ကျန်နှစ်ထောင့်နှစ်ရာကို ချထိုးသည်။ ဂေါ်လီကိုဆုပ်ကြည့်ပြီး ကျွန်တော် ပစ်လိုက်ပြန်သည်။ ကျွန်တော် ထိုးထားသည့် ဂဏန်းကိုပင် တည့်တည့်သွားကျသည်။ အလျော်ရပြန်သည်။

ထိုအချိန်မှာပင် ဟိုတယ်အလုပ်သမားလေး ရောက်လာသည်။

"တယ်လီဖုန်း လာနေပါပြီခင်ဗျာ"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ ဂေါ်လီကို ပစ်လိုက်သည်။ သည်တစ်ချီတော့ လွဲသွားသည်။ ကျွန်တော်ထိုးထားသည့် ဇယ်များကို စားသွားသည်။ ထို့ကြောင့် ကျွန်-

www.burmeseclassic.com

www.burmeseclassic.com



တော့်ရှေ့မှာရှိသော အနိုင်ဖယ်များကို ကောက်ယူပြီး အပြင်သို့ ထွက်ခဲ့သည်။ ရွှေရောင်ဆံပင်နှင့် အမျိုးသမီးကလေးကို တွေ့ရသည်။ လက်ထဲကဇယ်များ သူ့ကိုပေးလိုက်သည်။

"ကိုယ့်အတွက် ငွေနဲ့ သွားလဲပေးစမ်းပါကွာ"

ဟိုတယ်အလုပ်သမားကလေးက ကျွန်တော့်ကို ဖုန်းပေးသည်။ သည်တစ်ကြိမ်တော့ သူ့ကို ရာတန်တစ်ရွက်ကို ကျွန်တော်ပေးလိုက်သည်။

"အကုန်ယူလိုက်၊ မင်းကြောင့် ငါ ပိုက်ဆံတွေ အများကြီးနိုင်လိုက်တယ်"

သူ ပြုံးပြီးထွက်သွားသည်။

"ပြောတော့ ဒိုင်ယာနာ"

"မစ္စတာဘင်ဂျမင်နဲ့ အဆက်အသွယ် ရထားပါပြီ"

"ကောင်းတယ်၊ ကိုယ်နဲ့လိုင်းဆက်ပေး၊ ဒါပေမယ့် မင်း နားထောင်နေနော်၊ မင်းအကူအညီ လိုချင်လိုနေဦးမှာ"

"ကောင်းပါပြီ မစ္စတာဂေါက်"

လိုင်းဆက်ပေးသံ ခပ်တိုးတိုး ကြားရသည်။ ပြီးတော့ ဂျူနီယာ၏အသံကို ကြားရသည်။

"အန်ကယ်စတီဖင်လား"

"ဟုတ်တယ် ဂျူနီယာ"

"ကျွန်တော် ဆန်ဖရန်စစ္စကိုမြို့ကို ရောက်နေပါတယ်"

"သိတယ်"

"ကျွန်တော် အကြီးအကျယ် ဒုက္ခရောက်နေပါတယ်"

"ဘာဖြစ်တာလဲ"

"ကျွန်တော့်သူငယ်ချင်းနှစ်ယောက်နဲ့ ဒီကိုပြန်ရောက်လာတယ်၊ မနက်တုန်းကအပြင်ကို ကျွန်တော်ထွက်သွားတာ ခဏလေးပဲကြာတယ်၊ ပြန်ရောက်လာတော့ ဒီမှာ အားလုံးရှုပ်ကုန်ပြီ၊ ရဲတွေက ကျွန်တော်တို့ လူတွေအားလုံးကို အချုပ်ကားပေါ် ဖမ်းတင်နေကြတယ်၊ အရပ်ဝတ်နဲ့ စုံထောက်နှစ်ယောက်က ဘေးမှာစောင့်နေတယ်၊ ကျွန်တော့်ကို စောင့်နေမှန်းသိတာနဲ့ အသာကလေး ရှောင်နေလိုက်တယ်"

"အခု မင်းပြောသလောက်ဆိုရင်တော့ ဘာမှ ဒုက္ခရောက်စရာ မရှိပါဘူး၊ ခဏလောက် မင်းရှောင်နေလိုက်ပေါ့၊ မင်းနောက်ကို သူတို့လိုက်လို့ မရနိုင်ပါဘူး၊ မင်းက လူဆိုးစာရင်းဝင်မှ မဟုတ်ဘဲ"

"ကျွန်တော် ဒီအတိုင်းသွားလို့မဖြစ်ဘူး အန်ကယ်စတီဖင်"

"ပိုက်ဆံလိုနေတယ်ဆိုရင် ငါစီစဉ်ပေးမယ်"

"ပိုက်ဆံမဟုတ်ပါဘူး၊ မိန်းကလေးတစ်ယောက် ရှိနေတယ်၊ သူ့အတွက် ကျွန်တော်အရမ်းစိတ်ပူနေတယ်"

ထိုမိန်းကလေးအကြောင်းကို ကျွန်တော် သိထားပြီးဖြစ်သည်။ မနက်တုန်းကသူ့အဖေဆမ်က ကျွန်တော့်ကို ပြောပြသွားခဲ့သည်။ သို့သော်လည်း သူကိုယ်တိုင် ပြောပြသည်ကို ကျွန်တော် ကြားချင်သည်။

"အဲဒီတော့. . ."

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ကိုယ်ဝန်ကြီးနဲ့ အန်ကယ်စတီဖင်၊ သူကိုယ်တိုင်ကလည်း အသက်ငယ်သေး
ယ်"

"မင်းကိုယ်ဝန်လား"

"မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီမိန်းကလေးက သိပ်ချစ်စရာကောင်းတယ်၊ ဒါကြောင့်
ကို ကျွန်တော်တို့ မွေးစားထားတာ၊ သူ့ကို ဆေးလိပ်တောင် ကျွန်တော်တို့ သောက်ခွင့်မပေး
ဘူး"

"ကောင်းပြီ၊ ငါလိုက်လာခဲ့မယ်၊ မင်း အခုဘယ်မှာလဲ"

"နေ့သုံဘိချ်က အများသုံး တယ်လီဖုန်းရုံထဲမှာ"

"ပိုက်ဆံရော ရှိသေးရဲ့လား"

"ခြောက်ဒေါ်လာလောက်ပဲ ရှိတယ်"

"ဂျက်တားဟိုတယ်နဲ့ မျက်နှာချင်းဆိုင်က စင်ကလဲယား ရုပ်မြင်သံကြားရုံးကိုသွား၊
ညနေဌာနက ဂျိန်းကာဒင်းကိုမေး၊ မင်း ဟိုကိုရောက်သွားတဲ့အခါမှာ မင်းကို သူစောင့်နေလိမ့်
မယ် ငါ့ကို အခုပြောပြတာတွေအားလုံး သူ့ကိုပြောပြလိုက်၊ မင်းရဲ့မိန်းကလေး ဘယ်ရောက်
နေပြီး ဘာဖြစ်နေတယ်ဆိုတာကို ဂျိန်းကာဒင်းက စုံစမ်းပြီး လိုအပ်တာတွေ စီစဉ်ပေးလိမ့်
မယ် သူ့ရုံးကနေပြီး ငါ့ကိုစောင့်၊ နောက်ထွက်မယ့် လေယာဉ်ပျံနဲ့ ငါလိုက်လာခဲ့မယ်"

သူ့လေသံသည် ချက်ချင်းပင် ကလေးငယ်ကလေး ဖြစ်သွားလေတော့သည်။

"ကျေးဇူးတင်ပါတယ် အန်ကယ်စတီဖင်၊ ကျွန်တော့်ကို အန်ကယ် ပစ်မထားဘူးဆို
တာ ကျွန်တော်သိပါတယ်၊ အန်ကယ့်သူငယ်ချင်းက ကျွန်တော့်ကို တစ်ခုခုကျွေးမလား၊
တစ်နေ့လုံး ကျွန်တော် ဘာမှမစားရသေးဘူး"

ကလေးငယ်တစ်ယောက်လိုပင် ပြောနေဆဲဖြစ်သည်။

"ကျွေးမှာပေါ့၊ အဲဒီကိုသာသွားလိုက်၊ ဂွဒ်ဘိုင်"

"ဂွဒ်ဘိုင် အန်ကယ်စတီဖင်"

ဖုန်းပြတ်သွားသည်။ ဒိုင်ယာနာ၏အသံ ပေါ်လာသည်။

"နောက်မိနစ်နှစ်ဆယ်ကြာရင် ဝက်စတန်း လေကြောင်းကုမ္ပဏီက လေယာဉ်တစ်စီး
ခန်စရန်စစ္စကိုမြို့ကို ထွက်ဖို့ရှိတယ်၊ ရှင်တို့စကားပြောနေတုန်း ရှင့်အတွက် လက်မှတ်တစ်
စောင် လုပ်ထားလိုက်ပြီ"

"မင်း သိပ်တော်တယ်၊ အခု စင်ကလဲယား အသံလွှင့်ကုမ္ပဏီက ဂျိန်းကာဒင်းကို
ဆက်ပါဦး၊ ကိုယ်လာမယ့်အကြောင်းနဲ့ ကိုယ်မရောက်ခင် ဟိုကလေးကို ကြည့်ရှုပေးထားဖို့
အကြောင်း ပြောပေးပါဦး"

"စိတ်ချပါ မစ္စတာဂေါက်၊ ဒါပါပဲနော်"

တယ်လီဖုန်းရုံထဲမှ ကျွန်တော် ထွက်လာသောအခါ ရွှေရောင်ဆံပင်နှင့် အမျိုးသမီး
စောင့်နေသည်ကို တွေ့ရသည်။ သူ့လက်ထဲမှာ ပိုက်ဆံများကို ကိုင်ထားသည်။

"ဂျွန်စတန်က မင်းကို လခဘယ်လောက်ပေးသလဲ"

"တစ်ပတ်ကို ငါးရာ၊ တခြားကုန်ကျစရိတ်တွေ အားလုံးပါပေးတယ်" ဟု သူက
ပြောသည်။

"ပိုက်ဆံ ဘယ်လောက်ရခဲ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က သူ့လက်ထဲမှ ပိုက်ဆံများကို မေးငေါ့ပြပြီး မေးသည်။
"နှစ်သောင်းနဲ့သုံးရာ" ဟုပြောရင်း ပိုက်ဆံများကို ကျွန်တော့်ဆီသို့ ကမ်းပေးသည်။
ကျွန်တော်ကယူပြီး ငွေတစ်သောင်းရေကာ သူ့ကို ပြန်ပေးလိုက်သည်။ ကျန်ငွေ တစ်သောင်းသုံးရာကို အိတ်ထဲသို့ ပြန်ထည့်သည်။
"မင်းဖို့"
မျက်လုံးဝိုင်းကြီးများဖြင့် ကျွန်တော့်ကို မော့ကြည့်သည်။
"ဘာအတွက်လဲ"
"သုံးလလုံးလုံး ကိုယ့်ကို စောင့်ကြည့်ပေးခဲ့ရတဲ့အတွက်လေ"
သူ့ကို ထိုနေရာမှာပင်ထားခဲ့ပြီး အပြင်သို့ ကျွန်တော် ထွက်ခဲ့သည်။ အငှားကားတစ် စီး ရသည်။ ကားပေါ်တက်ပြီး မောင်းအထွက်မှာပင် သူအပြင်သို့ ပြေးထွက်လိုက်လာသည်။ သူ့လက်တစ်ဖက်ကို စုပ်နမ်းကာ ကျွန်တော့်ကို နှုတ်ဆက်လိုက်သည်။ ကျွန်တော်ကလည်း ပြန်နှုတ်ဆက်ခဲ့သည်။

❑

လော့စ်အိန်ဂျလိစ်မြို့က ပူလောင်အိုက်စပ်သည်။ လတ်စ်ဗီဂတ်စ်မြို့က နေရောင် လင်းထိန်ပြီး ခြောက်သွေ့သည်။ ဆန်ဖရန်စစ္စကိုမြို့ကတော့ မိုးများပြီး အေးစိမ့်သည်။
လေယာဉ်ပေါ်မှ ဆင်းသောအခါ မိုးရွာနေသည်။ ဆန်ဖရန်စစ္စကို လေဆိပ်အတွင်း သို့ ကျွန်တော် ပြေးဝင်သွားသည်။
ဂျိန်းကာဒင်း လာကြိုနေသည်။ သူ့လက်ထဲမှာ မိုးကာအင်္ကျီတစ်ထည် ကိုင်ထား သည်။ ထိုမိုးကာအင်္ကျီကို ကျွန်တော် ယူဝတ်လိုက်သည်။
"အခုအချိန်အထိ မင်းရဲ့ အထက်အရာရှိဖြစ်နေချင်လိုက်တာကွာ၊ အခုလို အလိုက် သိမှုလေးတွေအတွက် မင်းကို ရာထူးတိုးပေးချင်လို့ပါ"
"ရှင် ကျွန်မရဲ့ အထက်အရာရှိ မဟုတ်တော့တဲ့အတွက် ကျွန်မကို နမ်းပြီးနှုတ်ဆက် ခွင့် ရှိပါတယ်"
သူ့နှုတ်ခမ်းများ နွေးနေသည်။ ပြီးတော့ ချိုမြနေသည်။ သူ့မျက်နှာကို ကျွန်တော် ကြည့်လိုက်မိသည်။
ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက် ကစားလိုက်ပြီး သူနှင့်အတူ လေဆိပ်အပြင်သို့ ထွက်လိုက်လာခဲ့သည်။
"ဟိုကလေးကို ဘာလုပ်ထားခဲ့သလဲ"
"ဟိုတယ်မှာ ထားခဲ့တယ်၊ စားလိုက်တာမှ မဟားတရားပဲ"
ကားထဲရောက်သောအခါ မိုးက ပိုသည်းလာသည်။ မှန်ပေါ်မှ ရေသုတ်တံက ခက်ခဲစွာ လှုပ်ရှားနေရသည်။
"သူပြောတဲ့ မိန်းကလေးအကြောင်းရော ဘာသိရသလဲ"
"မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူးလား" ဟု ကျွန်တော်က နားမလည်သလို မေးမိသည်။

သူက ခေါင်းညိတ်ပြသည်။ ကျွန်တော့်ဘက်သို့ လှည့်မကြည့်ဘဲ လမ်းမကိုသာ စူးစိုက်ကြည့်ပြီး ကားမောင်းနေသည်။

"ကျွန်မ ထောင်ကိုလိုက်သွားတော့ သူ့မိဘတွေက လာခေါ်သွားနှင့်ကြပြီ"

"ဂျူနီယာ ဘယ်လိုနေသလဲ၊ သူ တော်တော် စိတ်ထိခိုက်နေတော့မှာပေါ့"

"သူ အတော် စိတ်ချမ်းသာသွားပုံရတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ သူလည်း ယောကျ်ား တစ်ယောက်ပဲ"

ဂျိန်းကာဒင်းသည် သိမ်မွေ့သူများကို သဘောကျသည်။ ကျွန်တော်ကမူ သူ့အဖို့ အသိမ်မွေ့ဆုံး လူတစ်ယောက် မဖြစ်ခဲ့ဖူးပါ။ ကျွန်တော်တို့နှစ်ယောက် အထိုက်အလျောက် အဆင်ပြေခဲ့ဖူးသည်မှာ မှန်ပါသည်။

ထိုသို့ အဆင်ပြေခဲ့သည်မှာလည်း လေးနှစ်လောက်ပင် ကြာမြင့်ခဲ့ချေပြီ။ ထိုအချိန် က စင်ကလဲယားကုမ္ပဏီမှ ကျွန်တော် အလုပ်မထွက်သေး။ သူလည်း ရှေ့နေမဖြစ်သေး။ ရှေ့နေ မယ်လုပ်နေခိုက် ဖြစ်သည်။

ထိုစဉ်က တစ်နေ့တွင် နယူးယောက်မြို့ရှိ ဖို့အေဂျင်စီ အဆောက်အအုံတွင်းမှ သူထွက်လာသည်။ ပြီးတော့ အယ်လ်မော်ရိုကို ဟိုတယ်တွင်းသို့ ဝင်လာသည်။ သူ့ကို ကျွန်- တော် ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်သည်။

သူ့မျက်လုံးများက တည်ငြိမ်နေသည်။ ဟိုတယ်တွင်းမှာရပ်ပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ကျွန်တော်က ဧည့်ခံပွဲတစ်ခု တက်နေသည်။ သူ့ကိုမြင်သောအခါ ကျွန်တော် ရုတ်ချင်းထ,သွားသည်။

"ဘာကူညီရမလဲ မစ္စ. . ."

သူ့မျက်လုံးအမူအရာသည် ပြောင်းလဲသွားခြင်း လုံးဝမရှိပါ။

"ဂျွန်စတက်ဖို့ကို ကျွန်မ ရှာနေတာပါ၊ ဒါရိုက်တာလေ. . ."

ဂျွန်စတက်ဖို့ဆိုသူကို ကျွန်တော် မမြင်ဖူးပါ၊ မြင်လျှင်လည်း သူမှန်းသိမည် မဟုတ် ပါ။

"အခုနပဲ သူပြန်ထွက်သွားတယ်"

ကျွန်တော်က ရုတ်တရက် ပြောချလိုက်သည်။ ပြီးတော့ သူ့လက်ကို ဆွဲခေါ်သည်။

"လာလေ၊ မင်းကို တစ်ခုခုတိုက်ပါရစေ"

သူက နေရာမှမရွေ့သေးဘဲ ပတ်ဝန်းကျင်ကိုသာ ကြည့်နေသည်။ ပြီးတော့မှ ကျွန်တော့်ကို လှည့်ကြည့်သည်။

"နေပါစေရှင်၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မမှတ်မိတဲ့လူ တစ်ယောက်မှ မရှိဘူး၊ ကိုယ့်အသိမရှိဘဲနဲ့ ဧည့်ခံပွဲမှာ ထိုင်မနေချင်ဘူး"

"ကိုယ့်နာမည် စတီဖင်ဝေါက်ပါ၊ ကဲ. . . ဒါဆို မင်းမှာ အသိတစ်ယောက် ရှိသွားပြီ မဟုတ်ဘူးလား"

သူက ရယ်သည်။

"နယူးယောက်မြို့က ယောကျ်ားတွေအကြောင်း ကျွန်မကို ပြောပြကြတာ သိပ်မှန် တာပဲ" ဟုလည်း ပြောသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လျှောက်လာကြသည့် အချိန်မှာပင် စားပွဲထိုးချုပ်ကို ကျွန်တော် မျက်ရိပ်ပြလိုက်သည်။ သူက ချက်ချင်းရိပ်မိသည်။

"ဆရာ့အတွက် သီးသန့်ပြင်ထားတဲ့ စားပွဲက ဟိုဘက်မှာပါ မစ္စတာဂေါက်"

ထိုစားပွဲမှာ ကျွန်တော်တို့နှစ်ယောက် သွားထိုင်သည်။

"မင်း ဒီမြို့ကတော့ မဟုတ်ဘူးထင်တယ်" ဟု ကျွန်တော်က မေးသည်။

"ဆန်ဖရန်စစ္စကိုမြို့ကပါ" ဟုပြောပြီး အနီးတွင်ရပ်နေသည့် စားပွဲထိုးကို မော့ကြည့်သည်။ ပြီးတော့ အချိုရည်မှာသည်။

ဂျိန်းကာဒင်းသည် အချိုရည်ကြိုက်သည်။ စကားချိုချိုပြောတတ်သည်။ စိတ်ထားနူးညံ့သော ယောကျာ်းများကို သဘောကျသည်။

ကျွန်တော်တို့ ရက်သတ္တတစ်ပတ်လောက် အတူတူနေပြီးသည်တွင် ကျွန်တော်သည် သူ့လက်ခံနိုင်လောက်အောင် စိတ်ထားနူးညံ့ သိမ်မွေ့မှုမရှိကြောင်းနှင့် ကိုယ့်လိုဘကိုသာ ကိုယ်ကြည့်တတ်ကြောင်း သူနားလည်သဘောပေါက်သွားတော့သည်။

"မင်းက လက်ထပ်ချင်နေတာကိုး" ဟု ကျွန်တော်က ပြောခဲ့သည်။

"ဟုတ်တယ်လေ၊ မိန်းကလေးတစ်ယောက်က သူကြိုက်တဲ့ယောကျာ်းတစ်ယောက်နဲ့ လက်ထပ်ချင်နေတာ မှားသလား" ဟု သူကလည်း ပြန်မေးခဲ့သည်။

"လက်ထပ်တာကလွဲရင် မင်းအတွက် တခြား ကိုယ်လုပ်ပေးနိုင်တာ ရှိသလား"

"ရှိတယ်"

သူ့ကို ကျွန်တော် ကြည့်နေမိသည်။ ကြည့်ရင်း စဉ်းစားရတော့သည်။ မိန်းကလေးများသည် အားလုံးအတူတူပဲ ဖြစ်သည်။ ယခု ဂျိန်းကာဒင်းကတော့ ကျွန်တော့်ကို အံ့အားသင့်အောင် ပြုလုပ်နိုင်စွမ်းသော မိန်းကလေး ဖြစ်နေသည်။

"ကျွန်မ အလုပ်တစ်ခုလောက် လိုချင်တယ်"

"ဇာတ်ကောင်ရွေးတဲ့ဌာနကို ပို့ပေးမယ်လေ"

"အဲဒီအလုပ်မျိုး မလိုချင်ဘူး"

"ဘယ်လိုအလုပ်မျိုးမှ လိုချင်တာလဲ"

"ကျွန်မ ရှေ့နေလိုင်စင်ကျလာပြီလို့ အိမ်က အကြောင်းကြားတယ်" ဟု သူက ပြောသည်။

သူ့ကို ကျွန်တော် တစ်ချက်ကြည့်လိုက်မိပြန်သည်။

"မင်းက ရှေ့နေလား"

"ဟုတ်ပါတယ်၊ ကိုယ်ဟန်ပြမယ် လုပ်နေတာက တစ်ဖက်တစ်လမ်းက ကျောင်းစရိတ်ရအောင် လုပ်နေတာပါ၊ အခု လိုင်စင်ကျပြီဆိုတော့ ဥပဒေနဲ့ပတ်သက်တဲ့အလုပ်ပဲ ကျွန်မ လုပ်ချင်ပါတယ်"

"မင်း စံပြမယ်လုပ်နေရင် ပိုက်ဆံပိုရမှာပေါ့"

"အဲဒီတော့. . ."

"ကောင်းပြီလေ၊ တို့ကုမ္ပဏီက ဥပဒေဌာနအကြီးအကဲဆီ ကိုယ်စာရေးပေးလိုက်မယ်"

"ကျွန်မ နယူးယောက်မြို့မှာတော့ အလုပ်မလုပ်ချင်ဘူး၊ ဒီမြို့ကို ကျွန်မ သဘော

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဖရန်စစ္စကိုမြို့မှာပဲ အလုပ်လုပ်ချင်တယ်"

"ဒီမှာလုပ်မယ်ဆိုရင် မင်းရဲ့တက်လမ်း ပိုရှိမှာပေါ့"

"ဒါပေမယ့် ကျွန်မမိသားစုက ဟိုမှာရှိနေတာလေ၊ မိတ်ဆွေအပေါင်းအသင်းတွေ ...ည်း ဟိုမှာပဲရှိနေတာ၊ ဟိုမှာဆိုရင် ကျွန်မ ပိုပျော်မယ်၊ ဒီမြို့မှာကတော့ အကုန်လုံး ...ပေါက်တိကပေါက်ချာတွေချည်းပဲ"

ဆန်ဖရန်စစ္စကိုမြို့ရှိ ကျွန်တော်တို့ကုမ္ပဏီရုံးခွဲမှ ဥပဒေဌာနမှာ သူ့ကို ကျွန်တော် ...ထားပေးလိုက်သည်။ သူ အလုပ်ကို ကြိုးစားလုပ်ပါသည်။ ထို့ကြောင့် ကုမ္ပဏီမှ ကျွန်တော် ...ခဲ့ပြီးသည့် နောက်ပိုင်းတွင် သူ ရာထူးတစ်ဆင့် တက်ခဲ့သည်။

ဟိုတယ်သို့ရောက်တော့ ဘားထဲမှာ ဂျူနီယာထိုင်နေသည်။ ကျွန်တော့်ကိုမြင်တော့ ...နှုတ်ဆက်အော်သည်။

"အန်ကယ်စတီဖင်. . . ဟောဒီဟိုတယ်မှာ ဘီယာအမျိုးပေါင်း ကိုးဆယ့်တစ်မျိုး ...လောက် ရှိတယ်တဲ့"

"မင်းနှုတ်ခမ်းမွေးက ဘီယာမြှုပ်တွေသုတ်ပစ်ပြီး ငါ့ကိုနှုတ်ဆက်စမ်း ဂျူနီယာ၊ ...ထဲလေထဲမှာ ခရီးအဝေးကြီးက ငါလာခဲ့ရတာ"

"ကျွန်တော် စိတ်မကောင်းပါဘူးခင်ဗျာ၊ ကျွန်တော့်ကောင်မလေး သူ့မိဘနောက် ...လိုက်သွားလိမ့်မယ်လို့ ကျွန်တော်မထင်ခဲ့မိဘူး၊ ဒီလိုသာထင်ထားရင် အန်ကယ့်ကို ကျွန်-...တော် ဒုက္ခပေးမိမှာ မဟုတ်ပါဘူး"

သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် ကျွန်တော် ဝင်ထိုင်သည်။

"ရပါတယ်ကွာ၊ ငါ့မှာလည်း တခြားလုပ်စရာ ဘာမှရှိတာ မဟုတ်ပါဘူး၊ မင်းကိစ္စ ...လာတဲ့အတွက် နှစ်ပေါင်းများစွာ ကွဲနေတဲ့ ဂျိန်းကာဒင်းကိုပါ ပြန်တွေ့ခွင့်ရသွားတာပေါ့"

"လွန်တာပေါ့၊ ကဲ. . . ကျွန်မ သွားလိုက်ဦးမှထင်တယ်" ဟု ဂျိန်းကာဒင်းက ပြော...သည်။

"မသွားပါနဲ့ဦး၊ ကိုယ်တို့ တကယ်ပဲ ဘေးအန္တရာယ်က ကင်းရှင်းပြီလားဆိုတာ ...သေအချာ မသိရသေးဘဲ" ဟုပြောရင်း ကျွန်တော်က ဂျိန်းကာဒင်း၏ လက်ကိုဆွဲကာ ...ထိုင်ခိုင်းသည်။

ဂျူနီယာက ဂျိန်းကိုကြည့်သည်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ရင်း ခေါင်းယမ်းနေ...သည်။

"ကျွန်တော် စောစောက သိထားဖို့ကောင်းတယ်"

"ဘာကိုသိထားဖို့ ကောင်းတာလဲ"

"အန်ကယ့်မှာ ဒီလောက်တော်တဲ့ ဥပဒေပညာရှင် အမျိုးသမီးတစ်ယောက် ရှိနေ...တယ်ဆိုတာလေ"

ကျွန်တော်တို့အားလုံး ရယ်မိကြသည်။ စားပွဲထိုး ရောက်လာသဖြင့် ကျွန်တော် ... အားလုံးအတွက် ဘီယာပဲမှာသည်။

"ကျွန်မအတွက်တော့ အချိုရည်ပဲပေးပါ"

ဂျူနီယာက အိမ်သာသွားဦးမည်ဆိုပြီး ထသွားသည်။ စားပွဲထိုးက ကျွန်တော်တို့ ...ထားသည်များကို ယူလာပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတစ်နေ့မှာတော့ ရှင်ရောက်လာတော့တာပဲနော်" ဟု ဂျိန်းကာဒင်းက ပြောသည်။

ကျွန်တော်က နားမလည်သလို သူ့ကို မော့ကြည့်သည်။

"ရှင်နဲ့ပတ်သက်ပြီး ကျွန်မ အဖို့ပေါက်ကလေးတစ်ယောက်လို စိတ်ကူးယဉ်နေခဲ့မိတယ်၊ တစ်နေ့ကျရင်တော့ ကျွန်မဆီကို ရှင်ရောက်လာဦးမှာပဲပေါ့လေ၊ အဲဒီလို ရောက်လာရင်လည်း ရှင် ပြောင်းလဲနေမှာပဲလို့. . ."

သူ့အသံ တိမ်ဝင်သွားသည်။

"ကိုယ် ပြောင်းလဲသွားပြီလေ၊ ကိုယ်ဟာ မင်းရဲ့အထက်အရာရှိ မဟုတ်တော့ဘူး" ဟု ကျွန်တော်က ပြောသည်။

သူက ခေါင်းရမ်းသည်။

"ရှင် မပြောင်းလဲပါဘူး၊ အလျင်ကအတိုင်းပဲ၊ ကျွန်မနဲ့ပတ်သက်လို့ရော ရှင် ဘယ်လိုသဘောရသလဲ၊ အခုလောက်ဆိုရင် ကျွန်မကို ရှင် လုံးလုံးမေ့သွားပြီလို့ ထင်နေတာ"

ကျွန်တော်က ဘာမှပြန်မဖြေ။

"ရှင့်ခေါင်းထဲမှာ စားပွဲအံဆွဲလို အကန့်တစ်ခုရှိတယ် ထင်တယ်၊ အဲဒီအကန့်ထဲမှာ မိန်းကလေးတွေစာရင်း ထည့်ထားတယ်လေ၊ ဘယ်မြို့မှာ ဘယ်မိန်းကလေးရှိကြောင်း၊ ဘာ ခိုင်းနိုင်ကြောင်း၊ ဘယ်မြို့မှာ ဘယ်မိန်းကလေးရှိကြောင်း၊ ဘာတာဝန်ပေးနိုင်ကြောင်းတွေ မှတ်တမ်းတင်ထားပုံရတယ်၊ မြို့ပေါင်းများစွာက မိန်းကလေးပေါင်းများစွာကို ရှင်ကြိုက်ရာ တာဝန်မျိုးစုံ ပေးနိုင်တာပေါ့၊ မဟုတ်ဘူးလား စတီဖင်၊ ကျွန်မကိုတော့ ဥပဒေပညာရှင်များ စာရင်းထဲမှာ ထည့်ထားတယ်လေ"

ဂျူနီယာ ပြန်လာသည်။ ကုလားထိုင်မှာ ပြန်ထိုင်ပြီး ဘီယာခွက်ကို ကောက်ယူသည်။

"မင်းမျက်နှာပေါ်က အမွေးအမျှင်တွေကို ရိတ်ပစ်လိုက်ဖို့ ကောင်းတယ်ကွာ၊ ကြည့်ရတာ အရမ်းညစ်ပတ်နေတယ်" ဟု ကျွန်တော်က ပြောသည်။

သူ ခဏကြာအောင် စဉ်းစားနေသည်။

"အန်ကယ့်ကို တွေ့လိုက်ရတော့ ကျွန်တော် လန့်သွားမိတယ်၊ အကြောင်းမဲ့သက်သက် ကျွန်တော် ခေါ်မိသလို ဖြစ်နေတယ်၊ ကျွန်တော့်ကို စော်ကားလို့ ထင်မသွားဘူးလား"

"ထားစမ်းပါကွာ၊ ဟိုမိန်းကလေးကြောင့် မင်း ငါ့ကိုခေါ်တာ မဟုတ်ပါဘူး၊ တခြားကိစ္စကြောင့် ခေါ်တာပါ"

ဂျူနီယာက ဂျိန်းကာဒင်းကို လှမ်းကြည့်သည်။ ဂျိန်းက ထိုင်ရာမှ ထ,ဖို့ဟန်ပြင်သည်။

"ကျွန်မ သွားမှထင်တယ်၊ ရှင်တို့မှာ ကိုယ်ရေးကိုယ်တာကိစ္စတွေ ပြောစရာ ရှိနေမှာပေါ့"

ကျွန်တော်က သူ့လက်ကိုဆွဲပြီး ပြန်ထိုင်ခိုင်းရပြန်သည်။

"ဒီကိစ္စထဲမှာ မင်းလည်း ရောပါနေပါပြီလေ၊ ထိုင်သာထိုင်၊ မဟုတ်လား ဂျူနီယာ" ဟု ကျွန်တော်က ဂျူနီယာကို တစ်ဆက်တည်း လှမ်းမေးသည်။

ဂျူနီယာက ခေါင်းညိတ်ပြသည်။ ဂျိန်းကာဒင်းက ကုလားထိုင်မှာ ပြန်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ပြောစမ်း ဂျူနီယာ"

သူ အသက်ကို ဝ,အောင်ရှူလိုက်သည်။

"ဟိုတစ်နေ့တုန်းက ကျွန်တော့်အဖေ ဒီကိုရောက်လာတယ်"

"အဲဒီတော့. . ."

"သူ့အကြောင်းကို အန်ကယ်စတီဖင် သိပါတယ်၊ လှည့်ကွက်ကလေးတစ်ခု သူသုံးသွားတယ်၊ ကျွန်တော်တို့ကို ရာတန်တစ်ရွက် ထုတ်ပေးတယ်၊ ကျွန်တော်တို့ မလိုကြောင်း ပြောပြလိုက်တယ်၊ ခဏကြာတော့ သူ့ဒရိုင်ဘာနဲ့ ငါးဆယ်တန်နှစ်ရွက် အပို့ခိုင်းလိုက်တယ်၊ ကျွန်တော့်ကိုလည်း အိမ်ပြန်လာစေချင်တယ်တဲ့"

"ဒီအထဲမှာ မှားတာ ဘာမှမပါပါလား၊ ဘာပဲဖြစ်ဖြစ် သူဟာ မင်းအဖေပဲ၊ နောက်ပြီးတော့ မင်းအခုလုပ်နေတာတွေနဲ့ ပတ်သက်ပြီးတော့လည်း မင်းအမေက စိတ်ချမ်းသာနိုင်ပါ့မလား"

"ကျွန်တော်တို့ နေရာကလေးကို အဖေရောက်လာပြီး သူရှင်းပစ်ချင်ရင် အချိန်မရွေး ရှင်းပစ်နိုင်တယ်လို့ ပြောသွားတယ်၊ အဖြစ်မှန်ကို ကျွန်တော် သိချင်တယ် အန်ကယ်စတီဖင်၊ ကျွန်တော့်အဖို့ သိပ်အရေးကြီးနေတယ်"

"ဒီကိစ္စအတွက် ငါက ဘယ်လိုကူညီရမှာလဲ"

"သူ့ကို မေးပေးပါ၊ အန်ကယ့်ကိုဆိုရင် သူမညာဘူး"

"မဖြစ်ဘူး၊ ငါ့မှာ ပိုကောင်းတဲ့ အကြံဉာဏ်လေးတစ်ခု ရှိတယ်"

"ဘယ်လိုဟာလဲ"

"မင်းကိုယ်တိုင် မေးကြည့်ပါ၊ သူဟာ မင်းအဖေပဲ၊ ငါ့အဖေမှ မဟုတ်ဘဲ"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

နေ့ခင်းတုန်းက လတ်စ်ဗီဂတ်စ်မြို့သို့အသွား လေယာဉ်ပျံကွင်းမှာ ကျွန်တော် ရပ်ထားခဲ့သည့်အတိုင်း ကျွန်တော့်ကားကလေးကို ပြန်တွေ့ရသည်။ ခပ်စောင်းစောင်းကျနေသည့် နေရောင်အောက်မှာ အရောင်တောက်နေသည်။

မောင်းသည့်နေရာမှာ ကျွန်တော် ဝင်ထိုင်သည်။ ဂျိန်းကာဒင်းက ကျွန်တော့်ဘေးမှာ ဝင်ထိုင်သည်။ ဂျူနီယာက နောက်မှာထိုင်သည်။

"ကျွန်မ ဘာဖြစ်လို့များ လိုက်လာမိတယ်ဆိုတာ မသိတော့ဘူး" ဟု ဂျိန်းကာဒင်းက စိတ်ပျက်သံဖြင့် ပြောသည်။

"မင်း ပျင်းလို့လိုက်လာတာလေ" ဟု ကျွန်တော်က သူ့ကို ပြုံးပြရင်းပြောသည်။

"ကျွန်မ ဒီနေ့ည ချိန်းထားတာရှိနေတယ်"

"ဖုန်းဆက်ပြီး ဖျက်လိုက်ပေါ့" ဟုပြောရင်း ကားထဲမှ တယ်လီဖုန်းကို ကျွန်တော် မေးငေါ့ပြလိုက်သည်။

"ဒီကားထဲမှာ အကုန်ရှိတာကိုး. . . အိမ်သာနဲ့ ရေချိုးခန်းတောင် ပါသလား မသိဘူး" ဟု ဂျူနီယာက ပြောသည်။

ထိုအချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ ကျွန်တော် ကောက်ကိုင်လိုက်သည်။

"အိုကေ. . . ဒိုင်ယာနာ၊ ကိုယ့်ကို တွေ့အောင်ရှာနိုင်တာနဲ့တင် မင်းတော့ သူဌေးဖြစ်လောက်ပြီ" ဟု ကျွန်တော်က ပြောသည်။

"တယ်လီဖုန်းဆက်တဲ့လူတွေ တစ်ပုံကြီးပဲ မစ္စတာဂေါက်၊ မစ္စတာဂွန်စတန်နဲ့ မစ္စတာဒိုင်းမွန်းတို့နှစ်ယောက် လတ်စ်ဗီဂတ်စ်မြို့ကနေ ဖုန်းဆက်တယ်၊ ရှင်နဲ့တွေ့ဖို့ သူတို့ လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြားတဲ့ မစ္စတာဘင်ဂျမင်က ဘီဗာလီဟေးလ်ဟိုတယ်တနေ ဖုန်းလှမ်းဆက်တယ်၊ သူ့ကို ပြန်ဆက်ပါတဲ့၊ မစ္စတာစင်ကလဲယားက ဘဲလ်အဲယားဟိုတယ်မှာ သူ့ကို ဝင်တွေ့စေချင်ပါတယ်တဲ့၊ ရှင် လေဆိပ်အလာမှာလေ"

"တခြား ဘာရှိသေးသလဲ"

"အခုအချိန်အထိတော့ ဒါလောက်ပါပဲ မစ္စတာဂေါက်" ဟု ဗိုင်ယာနာက လေသံ ချိုချိုတလေးဖြင့် ပြောသည်။

သူက ဖုန်းချသွားသည်။ ကျွန်တော်ကလည်း ဖုန်းကိုပြန်တင်ကာ ကားစက်နှိုးသည်။ လေသံက ညင်သာလွန်းလှသည်။ လမ်းပေါ်သို့ ကျွန်တော် မောင်းတက်ခဲ့သည်။

ဂျိန်းကာဒင်းက ဖုန်းကောက်ကိုင်သည်။

"ဘယ်လိုဆက်ရမှာလဲဟင်"

"အဲဒီခလုတ်ကလေးကို နှိပ်လိုက်၊ အော်ပရေတာထူးရင် အဲဒီစကားပြောခွက်ပေါ်က နံပါတ်ကိုပြောပြ၊ ပြီးရင် မင်းဆက်ချင်တဲ့ဆီ ကိုယ့်ဘာသာကိုယ် နံပါတ်လှည့်လို့ရပြီ"

ခလုတ်ကလေးကို သူနှိပ်လိုက်သည်။ ခဏကြာတော့ ဆန်ဖရန်စစ္စကိုမြို့မှာရှိသော သူနှင့်ချိန်းထားသူနှင့် စကားပြောနေသည်။

"ကျွန်မ စိတ်မကောင်းပါဘူး ဒေးဗစ်၊ ဒါပေမယ့် အခုကိစ္စက နောက်ဆုံးမှ ဖြုန်းခနဲ ပေါ်လာလို့ပါ၊ ရှင့်ဆီကို ကျွန်မ ဖုန်းဆက်ချိန်တောင် မရလိုက်ဘူး"

တစ်ဖက်ကပြောသည်ကို သူနားထောင်နေသည်။ ပြီးတော့မှ ဆက်ပြောသည်။ သူ့အသံ စောစောကထက် မာလာသည်။

"ရှင် တစ်ခုမေ့နေပြီလေ ဒေးဗစ်၊ ကျွန်မဟာ ရှေ့နေတစ်ယောက်ပါ၊ ရှေ့နေတစ်ယောက်ရဲ့ ပထမဆုံးတာဝန်ဟာ သူ့အမှုသည်အတွက် ဦးစားပေး ဆောင်ရွက်ပေးဖို့ပဲ"

ထိုမျှပြောပြီး ဖုန်းကို ခပ်ပြင်းပြင်း ပြန်ဆောင့်ချလိုက်သည်။

ကျွန်တော်က သူ့ကို ပြုံးကြည့်သည်။

"ဒီလိုဆိုရင် ကိုယ်ဟာ မင်းရဲ့အမှုသည်ပေါ့နော်"

"အိုး. . . တော်စမ်း၊ ကျွန်မကို စီးကရက်တစ်လိပ်လောက် ပေးပါ" ဟု ခပ်ငေါက်ငေါက် ပြောသည်။

"အဲဒီဘေးက အံထဲမှာ"

ဂီယာဘေးမှအံကို သူဖွင့်သည်။ စီးကရက်တစ်လိပ်ယူပြီး မီးညှိဖွာသည်။

"ကျွန်တော်တို့ ဘယ်ကိုသွားနေကြတာလဲဟင်" ဟု ဂျူနီယာက မေးသည်။

"ငါ့အိမ်မှာ မင်းကို ချထားပေးခဲ့မယ်၊ ငါနဲ့ဂျိန်းက သူ့ရဲ့အထက်အရာရှိကြီးတစ်ယောက်ကို သွားတွေ့မယ်"

□

ဘဲလ်အဲယားဟိုတယ်သို့ ကျွန်တော်တို့ ရောက်သွားသောအခါ မစ္စတာစင်ကလဲယားက သူ့မိသားစုခန်းမှနေ၍ ကျွန်တော့်ကို အဆင်သင့် စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


အခန်းထဲသို့ ကျွန်တော်တို့ ဝင်သွားတော့ ထိုင်ရာမှ သူထ,လာသည်။ သူ့ကျန်းမာရေး ကောင်းနေသည်ကို မြင်ရသည်။

ဂျိန်းကာဒင်းနှင့် မိတ်ဆက်ပေးသည်။

"ဆန်ဖရန်စစ္စကိုက စင်ကလဲယား ကုမ္ပဏီခွဲမှာ သူ အလုပ်လုပ်နေပါတယ်" ဟုလည်း ပြောလိုက်သည်။ အတိုးကြီးမျက်နှာ ပြုံးသွားသည်။

"သားကို အခုလိုခေါ်တွေ့ဖို့တော့ မကောင်းမှန်းသိပါတယ်၊ ဒါပေမယ့် အရေးကြီးတဲ့ ကိစ္စတွေက ပေါ်လာလို့" ဟုပြောရင်း ဂျိန်းကာဒင်းကို တစ်ချက်လှမ်းကြည့်သည်။

ဂျိန်းကာဒင်းကလည်း ချက်ချင်း သဘောပေါက်သွားသည်။

"လုပ်ငန်းကိစ္စ ဆွေးနွေးစရာရှိတယ်ဆိုရင် ကျွန်မ ဟိုဘက်အခန်းထဲက သွားစောင့်နေမယ်လေ"

"စိတ်မရှိပါနဲ့နော်၊ ကျေးဇူးတင်ပါတယ် သမီးရယ်"

အခန်းပြင်သို့ ထွက်သွားသည့် ဂျိန်းကာဒင်းကို ကျွန်တော်တို့နှစ်ယောက် လှမ်းကြည့်နေလိုက်ကြသည်။ တံခါးပိတ်သွားတော့မှ စင်ကလဲယားက ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"ဘာကြောင့် အခုလိုခေါ်တွေ့တယ်ဆိုတာ သိချင်နေမှာပဲ" ဟု သူကပြောသည်။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒယ်ဒီ့အသက် ခြောက်ဆယ့်ငါးနှစ်ရှိပြီ၊ ဘုတ်အဖွဲ့က နောက်ထပ်ငါးနှစ် ဆက်လုပ်ပေးစေချင်သေးတယ်၊ ဒါကြောင့် အငြိမ်းစားယူတဲ့ ဥပဒေကို သူတို့ ပြင်ချင်နေကြတယ်"

"ဒီလူတွေ တော်တာပေါ့"

"ဒယ်ဒီက ဆက်မလုပ်ချင်တော့ဘူး"

ကျွန်တော်က ဘာမှမပြော။

"သား ဒီကအလုပ်ထွက်သွားတာ သုံးနှစ်တောင်ရှိသွားပြီ၊ အဲဒီအချိန်ကတည်းက ကနေ့ထက်ထိ အလုပ်တွေက မလွယ်ဘူး၊ အကျပ်အတည်းပေါင်းစုံ တွေ့ခဲ့ရတယ်၊ ဒီကုမ္ပဏီမှာ ဒယ်ဒီပြီးရင် သားဟာ အစုရှယ်ယာအများဆုံးပဲ" ဟုပြောရင်း ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်သည်။

သူ ဘာဆိုလိုကြောင်း ကျွန်တော် သိပါသည်။ ဘာဘ့ရာ၏ အစုရှယ်ယာ ဆယ့်ငါးရာခိုင်နှုန်းကို ကျွန်တော် ပိုင်ဆိုင်ထားသည်။

"ကျွန်တော် ဒယ်ဒီ့ကို ဘာဒုက္ခမှ ပေးမှာမဟုတ်ပါဘူး၊ အလျင်ကတည်းက ကျွန်တော့် မဲပေးခွင့်တွေအားလုံး ဒယ်ဒီ့ကို အပ်ထားတယ်မဟုတ်လား၊ အခုလည်း ဘယ်သူ့ကို လွှဲပြောင်းပေးစေချင်သလဲ ပြောပါ၊ ဒယ်ဒီ စိတ်တိုင်းကျသလို ကျွန်တော်လုပ်ပေးပါ့မယ်"

ခဏကြာတော့မှ သူပြန်ပြောသည်။

"ဒယ်ဒီလိုချင်တာ အဲဒါမဟုတ်ဘူး"

"ဒါမဟုတ်ရင် ဘာလိုချင်တာပါလဲ ခင်ဗျာ"

"သား ပြန်လာစေချင်တယ်"

သူ့ကို ကျွန်တော် လှမ်းကြည့်မိသည်။ ထိုင်ရာမှထ,ပြီး ကျွန်တော့်အတွက် အရက်တစ်ခွက်စပ်သည်။ ထိုနေရာမှာပင် တစ်ကျိုက်သောက်ပြီး သူ့ဆီပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီထဲက အစုရှယ်ယာ ငါးဆယ့်ငါးရာခိုင်နှုန်းကို ဒယ်ဒီပိုင်တယ်၊ သားရဲ့ ဆယ့်ငါးရာခိုင်နှုန်းနဲ့ ပေါင်းလိုက်ရင် ခုနှစ်ဆယ်ရာခိုင်နှုန်း ဖြစ်သွားတယ်၊ ဒါလောက်အစုတွေ ထားတော့ ဒယ်ဒီ ယုံကြည်စိတ်ချနိုင်တဲ့လူ တခြားမှာမရှိဘူး"

"ဒီမှာ လူတော်တွေ တချို့တဝက် ရှိနေတာပဲ" ဟု ကျွန်တော်က ပြောသည်။

"သူတို့ဟာ လူတော်တွေပါပဲ၊ ဒါပေမယ့် သားမဟုတ်ဘူးလေ၊ အလုပ်လုပ်ပေးနေကြတဲ့ လူတွေသက်သက်ပဲ၊ ဒီမှာထက် လခပိုပေးမယ့်လူရှိရင် . . . ဒီမှာထက် အခွင့်အရေးရရင် သွားကြမယ့် လူတွေချည်းပဲ၊ သူတို့ဟာ စင်ကလဲယားမဟုတ်ဘူး"

"စင်ကလဲယားကတော့ ဒယ်ဒီတစ်ယောက်တည်းပဲ ရှိတာပါ"

"မဟုတ်ဘူး၊ ဒယ်ဒီဟာ စင်ကလဲယားမဟုတ်ဘူး၊ စင်ကလဲယားအစစ်က သားပဲ၊ စင်ကလဲယားဆိုတာ နာမည်တင်မဟုတ်ဘူး၊ ဦးတည်ချက်ပဲ၊ ရပ်တည်ချက်ပဲ၊ ဒယ်ဒီပြောတာ ကို သား သဘောပေါက်တယ် မဟုတ်လား"

ကျွန်တော် သဘောပေါက်ပါသည်။ ဘဝလမ်းကြောင်းနှင့် ပတ်သက်ပြီး သူပြောခြင်း ဖြစ်ပါသည်။ သူသည် စီးပွားရေးလုပ်ငန်း သက်သက်အတွက် သည်လုပ်ငန်းကြီးကို တည်ထောင်ခြင်း မဟုတ်ပါ။ နာမည်တစ်လုံးကို ထူထောင်နိုင်ရန် တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

တစ်ခု သူနားမလည်သည်မှာ သူတည်ထောင်ထားသော လုပ်ငန်းသည် သူ့နာမည်အတွက်သာလျှင် ဖြစ်ပြီး ကျွန်တော့်အတွက် မဟုတ်ကြောင်းပင် ဖြစ်သည်။ ကျွန်တော်က အကြာကြီး တိတ်နေလိုက်သည်။

"သားကို ဘယ်တုန်းကမှ အလုပ်မထွက်စေချင်ခဲ့ဘူး၊ ဒါကိုလည်း သားသိပါတယ်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"အလုပ်ထွက်လိုက်တာဟာ အကောင်းဆုံးအလုပ်ကို လုပ်လိုက်တာပဲလေ၊ ကျွန်တော်တို့ အားလုံးအတွက် အကောင်းဆုံးကို ကျွန်တော် လုပ်ခဲ့တာပါ"

"ဟိုတုန်းကတည်းက သားရဲ့အယူအဆကို ဒယ်ဒီ သဘောမတူခဲ့ဘူး၊ အခုလည်း သဘောမတူနိုင်သေးဘူး၊ တခြားလူတွေဟာ အမှားကြီးတွေကို ကျူးလွန်ခဲ့ကြတယ်၊ ပိုကြီးတဲ့ အမှားတွေကို လုပ်ခဲ့ကြတယ်၊ ဒါပေမယ့် သူတို့ကို မေ့ဖျောက်ပစ်လို့ရတယ်"

"သူတို့ဟာ ကျွန်တော်မှ မဟုတ်ဘဲ"

"သားရော သားရဲ့အာရုံခံစားမှုရောဟာ အင်မတန် တိကျသေသပ်ပါတယ်၊ သူတို့ကျတော့ ဒီလိုမဟုတ်တာ သားသဘောမပေါက်ဘူးလား"

"ဒါကြောင့်လည်း မဟုတ်ပါဘူး" ဟု ကျွန်တော်က ပြန်ပြောသည်။

"ဒါဖြင့်ရင် ဘာကြောင့်လဲ၊ သားလုပ်ရမယ့် အလုပ်တွေကို အကွက်ချပြီး လုပ်ခဲ့တာ ဟာ သားရဲ့ အင်မတန်မိုက်မဲတဲ့ မိတ်ဆွေရဲ့ စီးပွားရေးလုပ်ငန်းတွေ မပျက်ပြားရအောင် သား ကယ်တင်ခဲ့တာ မဟုတ်လား၊ သားဘာဖြစ်သွားသွား သူကတော့ နည်းနည်းကလေးမှ ဂရုစိုက်တာ မဟုတ်ဘူး၊ သူ့အကျိုးပဲ သူကြည့်သွားတယ်၊ သားကို ပိုက်ဆံပြန်ပေးလိုက်ရင် ပြီးတာပဲလို့ပဲ သူသဘောထားတယ်၊ အဲဒီတော့ သားက အပြစ်ရှိနေတယ်လို့ ကိုယ့်ကိုယ်ကို ဘာကြောင့် ယူဆထားရတာလဲ၊ သားကိုယ်သား ဘာဖြစ်လို့ အပြစ်ပြန်ပေးနေရတာလဲ၊ အချိန်တွေသာ ဒါလောက်ကြာလာတယ်၊ ဘယ်သူမှ မထိခိုက်ကြဘူး၊ သားရဲ့မိတ်ဆွေလည်း

www.burmeseclassic.com

www.burmeseclassic.com



မထိခိုက်ဘူး၊ ဒယ်ဒီတို့လည်း မထိခိုက်ဘူး၊ ထိခိုက်သွားတာက သားကိုယ်တိုင်ပဲဖြစ်နေတယ်"

"ဒါလည်း မဟုတ်သေးပါဘူး"

"ဒီလိုဆိုရင် ဘာကြောင့်လဲဆိုတာ ပြောပြစမ်းပါ၊ ဒါလောက်တော့ ဒယ်ဒီ သိသင့်ပါတယ်"

"ကျွန်တော် စိတ်ကုန်သွားပြီ" ဟု ရိုးရိုးပဲ ပြောပြလိုက်မိသည်။

"အခုအချိန် နောက်မကျသေးပါဘူး၊ သားပြန်လာမယ်ဆိုရင် သားစိတ်တိုင်းကျ ပုံဖော်ယူပါ၊ သားစိတ်တိုင်းကျလုပ်ပါ၊ သားကို ဒယ်ဒီ အပြည့်အဝ ထောက်ခံမယ်"

"သိပ်ကို နောက်ကျသွားပါပြီခင်ဗျာ၊ အားလုံး လွန်သွားပါပြီ၊ အပြောင်းအလဲတွေ အများကြီးဖြစ်ကုန်ပြီ၊ အခြေအနေတွေက သိပ်ကို ရှုပ်ထွေးကုန်ပါပြီ"

ကျွန်တော့်ကို သူ လှမ်းကြည့်နေသည်။

"ဒယ်ဒီ စိတ်မကောင်းပါဘူး"

ကျွန်တော်က ဘာမှပြန်မပြော။

"သားရဲ့ မဲပေးခွင့်တွေကို ဒယ်ဒီ့စိတ်ကြိုက် အသုံးပြုခွင့် အခုအထိ ပေးထားဦးမယ်လို့ ဆိုလိုတာလား" ဟု သူကမေးသည်။

"မှန်ပါတယ်ခင်ဗျာ"

"ဒီကုမ္ပဏီကို ရောင်းပစ်လိုက်မယ်ဆိုရင် သား ကန့်ကွက်မလား"

"မကန့်ကွက်ပါဘူး ခင်ဗျာ၊ ရောင်းပစ်လိုက်တာဟာ အကောင်းဆုံး ဖြစ်မယ်လို့ ဒယ်ဒီထင်ရင်ပေါ့လေ"

"ကုမ္ပဏီကြီးပေါင်းများစွာက ဒယ်ဒီ့ကို ချဉ်းကပ်နေကြတယ်၊ အခုအချိန်အထိတော့ သူတို့ကို လက်ခံစကားမပြောသေးဘူး၊ အခုတော့ ပြောရတော့မယ် ထင်တယ်"

တစ်ခုခုတော့ စတင်ဖြစ်ပေါ်နေပြီ။ နှစ်ပေါင်းတစ်ရာလောက်အတွင်းမှာ ပထမဦးဆုံး စတင်ဖြစ်ပေါ်သည့် သဘောမျိုးဖြစ်သည်။ ကျွန်တော် တစ်ခုခုတော့ လုပ်ရတော့မည်။

"ဒယ်ဒီ တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပေါ့၊ ဘာဖြစ်လို့လဲ" ဟု သူက ပြန်မေးသည်။

"ကျွန်တော့်မှာ စိတ်ကူးတစ်ခုရှိတယ်၊ ကုမ္ပဏီကို တကယ်ရောင်းမပစ်လိုက်ဘဲနဲ့ ရောင်းပစ်လိုက်သလိုပဲ ငွေအမြောက်အမြားရနိုင်တဲ့ နည်းတစ်နည်း ကျွန်တော့်မှာရှိနေတယ်"

"တခြားကုမ္ပဏီတွေနဲ့ပေါင်းဖို့ ကမ်းလှမ်းချက်တွေ စောစောကတည်းက ဒယ်ဒီ ရခဲ့ဖူးပါတယ်"

"အဲဒီလို ပူးပေါင်းဖို့နည်း မဟုတ်ဘူး"

"ဘယ်လိုခြားနားသလဲ"

သူနားလည်အောင် သုံးမိနစ်လောက် ကျွန်တော် ရှင်းပြလိုက်ရသည်။ သူ အလွန် စိတ်ဝင်စားသွားကြောင်း မြင်လိုက်ရသည်။

"ဒီအလုပ်ကို အောင်မြင်အောင် သားလုပ်နိုင်လိမ့်မယ်လို့ ထင်သလား" ဟု ကျွန်တော် ရှင်းပြပြီးသောအခါ သူက မေးသည်။

"အခုတော့ မပြောတတ်သေးဘူး၊ ကျွန်တော့်ကို အချိန် ခြောက်နာရီလောက် ပေးပါ၊ အဲဒီအခါကျတော့ လုပ်နိုင်မလုပ်နိုင် ပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်လည်း အချိန်ပိုယူနိုင်ပါတယ်၊ ဒါလောက် အလျင်စလို မဟုတ်ပါဘူး"

"ခြောက်နာရီအတွင်း ဒယ်ဒီ သိရပါစေ့မယ်၊ ဒီနေ့ညပိုင်း ဒယ်ဒီ ဘယ်မှာရှိနေမလဲ၊ ဆိုအပ်လို့ ကျွန်တော် အဆက်အသွယ်လုပ်ချင်ရင်. . ."

သူ့မျက်နှာပေါ်တွင် အံ့ဩသည့်အမူအရာ ပေါ်သွားသည်။

"ဒီမှာပဲ ရှိနေမှာပေါ့၊ တခြားဘယ်မှာရှိနေမယ် ထင်လို့လဲ၊ သားတို့လုပ်ငန်းမျိုးအတွက် ဒယ်ဒီဟာ သိပ်ကို အသက်ကြီးသွားပြီ"

ဘဲလ်အဲယား ဟိုတယ်ဝင်းအတွင်းမှ ကားမောင်းထွက်သောအခါ အပြင်မှာ မှောင်နေပြီ၊ မျက်နှာချင်းဆိုင်မှလာသည့် ကားမီးရောင်များက ထိုးနေသည်။

"သူဟာ ကျွန်မထင်ထားသလို မဟုတ်ဘူး၊ တကယ့်ကို ချစ်စရာကောင်းတာပဲ" ဟု ဂျိန်းကာဒင်းက ပြောသည်။

"သူဖြစ်ချင်တာ အကုန်ဖြစ်နိုင်တဲ့ လူပါ" ဟု ကျွန်တော်က ပြန်ပြောသည်။

"သူဟာ ရေခဲတုံးကြီးလို အေးတိအေးစက်နိုင်တာတော့ မှန်တယ်၊ ဒါပေမယ့် ရှင့်အပေါ်မှာတော့ ဒီလိုဟုတ်ပုံမရဘူး"

ကျွန်တော်က သူ့ကို လှည့်ကြည့်သည်။

"ကိုယ်တို့နှစ်ယောက်က အခုအချိန်အထိ မိသားစုပဲလေ"

"ကျွန်မ နားမလည်ပါလား"

"တစ်ချိန်တုန်းက သူ့သမီးနဲ့ ကိုယ် လက်ထပ်ခဲ့ဖူးတယ်"

"အိုး. . . ဒီလိုလား"

သူ စီးကရက်တစ်လိပ် ထုတ်သည်။ ကျွန်တော်က မီးညှိပေးလိုက်သည်။

"ကျွန်မကို လေဆိပ်လိုက်ပို့ရင် ကောင်းမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဒီနေ့ည ရှင် အလုပ်များတော့မယ်နဲ့တူတယ်၊ ကျွန်မက အလကားနှောင့်ယှက်သလို ဖြစ်နေမှာပေါ့"

"မရူးစမ်းပါနဲ့ကွာ၊ မင်းကို ဒီမှာ ကိုယ်နဲ့အတူတူရှိမနေစေချင်ရင် အစကတည်းက ဘယ်ခေါ်လာပါတော့မလဲ"

သူ ခဏငြိမ်နေသည်။

"ကျွန်မနဲ့ အတူတူနေချင်လို့လား"

"ဒါလည်း တစ်ကြောင်းပေါ့လေ"

"တခြားအကြောင်းက ဘာလဲ"

"မင်းက ဥပဒေပညာရှင်လေ၊ ဒါကြောင့် ကိုယ့်အနားမှာ နေပါ၊ ဥပဒေရေးရာနဲ့ ပတ်သက်ပြီး ဒီနေ့ည မင်းအကူအညီ လိုကောင်းလိုမယ်"

သူ သဘောတူသည် မတူသည်ကို ကျွန်တော်မသိပါ။ ကျွန်တော့်အိမ်ဝင်းထဲသို့ ဝင်ပြီး ကားရပ်သည့်နေရာတွင်ရပ်ကာ စက်သတ်လိုက်သည့် အချိန်အထိ သူ စကားမပြောဘဲ နေသည်။

ကားပေါ်ကဆင်းဖို့ မလှုပ်ရှားဘဲ သူ ငြိမ်ထိုင်နေသည်။ ကျွန်တော့်အနမ်းကို စောင့်နေသည့်ပုံမျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် ပွေ့ယူလိုက်သည်။ သူ့နှုတ်ခမ်းများ နူးညံ့နွေးထွေးနေသည်။ ခဏကြာတော့ ကျွန်တော့်လက်ထဲမှ သူ ရုန်းထွက်သွားသည်။

"တော်ပါတော့၊ ကျွန်မ အလျင်တစ်ခါလို အဖြစ်မခံနိုင်ဘူး"

"မင်း အခြေအနေအားလုံး ကောင်းနေတာပဲ ဘာအမှားမှ မရှိပါဘူး" ဟု ကျွန်တော်က နားမလည်သလို ပြောသည်။

"ရှင် ဘယ်လိုလုပ် သိမှာလဲ၊ ကျွန်မ နောက်နေတာ မဟုတ်ဘူး၊ ဟိုတုန်းက ဆန်ဖရန်စစ္စကိုမြို့ကို ကျွန်မ ဘာဖြစ်လို့ ပြန်ပြေးသွားတယ် ထင်သလဲ"

"မင်း အလုပ်ရလို့ ပြန်သွားတာလေ"

"ကျွန်မ တမင် အဲဒီလိုပြောခဲ့တာ၊ ရှင့်အဖို့တော့ ကျွန်မဟာ တခြားမိန်းကလေးတွေလိုပဲ ဘာမှ မထူးခြားဘူး၊ တစ်ခါတစ်လေကျတော့ ကျွန်မ့် နာမည်ကိုတောင် ရှင် မမှတ်မိဘူးလေ၊ ဒါပေမယ့် ကျွန်မကတော့ ဘယ်လိုမှ မအောက်မေ့ခဲ့ပါဘူး"

ကျွန်တော် ဘာမှပြန်မဖြေဘဲ ငြိမ်နေလိုက်သည်။

"အခုဆိုရင် သုံးနှစ်တောင် ကျော်လာခဲ့ပြီ၊ ကျွန်မကို ရှင် သတိရောရရဲ့လား တစ်ခါလောက်များ သတိရဖူးရဲ့လား"

"ဒီနေ့ညနေ မင်းကို သတိရတယ်လေကွာ၊ ဒါကြောင့် မင်းဆီကို ဖုန်းဆက်တယ် ကိုယ်ရောက်လာတယ်၊ ဒါလောက်ဖြေရင် မလုံလောက်သေးဘူးလား"

"မလုံလောက်ဘူး"

သူ့လက်ကို ဆောင့်ရုန်းသွားသည်။ ပြီးတော့ သူ့လက်ကို သူ ငုံ့ကြည့်နေသည်။

"ရှင်နဲ့ တွေ့ပြီးကတည်းက ကျွန်မ ဘယ်ယောက်ျားနဲ့မှ မတွဲတော့ဘူးဆိုရင် ရှင် ယုံမလား"

"မင်းအမူအရာကို ကြည့်တာနဲ့ ရှင်းပြသလို ဖြစ်နေပါပြီ၊ မင်း ဒါလောက်တင်းမာနေတာ ဘာမှအံ့ဩစရာ မရှိပါဘူး၊ ကဲ. . . အိမ်ထဲ သွားကြစို့လား"

ကျွန်တော့်ကို သူ ဒေါသတကြီး လှမ်းကြည့်သည်။ ပြီးတော့ ကားပေါ်မှ ဆင်းသည်။ တံခါးကိုလည်း ဆောင့်ပိတ်သည်။ ကားကို ပတ်လျှောက်သွားပြီး သူ့ကို ကျွန်တော် ဖက်ထားမိသည်။

"လူကို ဖက်ဖို့လောက်ပဲ ရှင် စိတ်ဝင်စားနေတာ မဟုတ်လား"

"ဖက်ကောင်းလို့ပါကွာ"

ဆောင့်ကြီးအောင့်ကြီးဖြင့် သူ ရုန်းထွက်ပြီး အိမ်ဆီသို့ လျှောက်သွားသည်။ သူ့နောက်မှ ကျွန်တော် လိုက်သွားသည်။

အိမ်တံခါး ဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း အော်ဟစ်ပြောဆိုနေသံများကို ကျွန်တော် ကြားရသည်။ အိပ်ခန်းကိုကျော်ပြီး အောက်ထပ်သို့ ကျွန်တော်တို့ ဆင်းသွားသည်။

ဧည့်ခန်းအလယ်တွင် ဆမ်နှင့် ဂျူနီယာတို့ ရပ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် အော်ဟစ်ပြောဆိုနေကြသည်။ သူတို့နောက်တွင် ရုပ်မြင်သံကြားစက်ကို သည်အတိုင်း ဖွင့်ထားသည်။ နောက်ဆုံးသတင်းများကို ထုတ်လွှင့်နေသည်။

"ဟယ်လို. . ."

သူတို့ကိုနှုတ်ဆက်ပြီး ကျွန်တော် ဝင်သွားသည်။ ပြီးတော့ ရုပ်မြင်သံကြားစက်တို

www.burmeseclassic.com

www.burmeseclassic.com



ဝိတ်ပစ်လိုက်သည်။

"မင်းဟာ အရွယ်ရောက်သေးတာ မဟုတ်ဘူး၊ ဒါကြောင့် မင်းလုပ်ချင်တာ လုပ်ခွင့်ပေးနိုင်မယ် ထင်သလား" ဟု ဆမ်က ဂျူနီယာကို အော်ပြောသည်။ ပြီးတော့ ဂျူနီယာဆီသို့ ဒေါသတကြီးဖြင့် တိုးသွားသည်။

ကျွန်တော်က သူတို့နှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်သည်။ ဂျူနီယာက ကျွန်တော့်လက်ကို ဖမ်းဆွဲသည်။

"ရဲတွေကို သူ သတင်းသွားပို့တာတဲ့၊ ကျွန်တော်တို့လူတွေကို သူဖမ်းခိုင်းလိုက်တာတဲ့၊ သူ့ကို အန်ကယ်စတီဖင် မေးကြည့်၊ အဲဒါကိုတောင် သူ မငြင်းဘူး"

"ထားလိုက်ပါကွာ" ဟု ကျွန်တော်က ခပ်ပြတ်ပြတ် ပြောသည်။

ဂျူနီယာက စိတ်ဆိုးမာန်ဆိုးဖြင့် ကျွန်တော့်ကို ခဏကြာအောင် စိုက်ကြည့်နေသည်။ ပြီးတော့ အိမ်အပြင်သို့ ထွက်သွားသည်။ စီးကရက်တစ်လိပ် ညှိသောက်ပြီး တောင်အောက်မှာ မြင်နေရသည့် လော့စ်အိန်ဂျလိစ်မြို့ကြီးကို လှမ်းငေးကြည့်နေသည်။

ဆမ်ဘက်သို့ ကျွန်တော် လှမ်းကြည့်သည်။ ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။ သူ့မျက်နှာပေါ်တွင် ဒေါသရိပ်များ ရှိနေသေးသည်။

"ငါ့သမီးကို သတ်ပစ်လိုက်တာနဲ့တင် မင်း မကျေနပ်သေးဘူးလား၊ အခု ငါ့သားကိုပါ မင်း ဖျက်ဆီးဦးမလို့လား" ဟု နာကြည်းသည့်လေသံဖြင့် ပြောသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

ဟောလီးဝုဒ်၊ (၁၉၆၀-၁၉၆၅)

စာအုပ်- သုံး

ဆမ်ဘင်ဂျမင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

သူ့မော်တော်ကား မောင်းဝင်သွားသောအခါ ထရန်စ်ဝါးရုပ်ရှင် စတူဒီယိုဂိတ်စောင့်က လှမ်းနှုတ်ဆက်သည်။

"ဂွဒ်မောနင်း မစ္စတာဘင်ဂျမင်"

"ဂွဒ်မောနင်း ဂျွန်၊ ဒီနေ့တော့ မိုးလေဝသကောင်းမယ့်ပုံမျိုးပဲ" ဟု သူကလည်း နှုတ်ဆက်သည်။

အဆောက်အအုံတစ်ခုဘေးမှာ မော်တော်ကား ရပ်သည်။ 'မစ္စတာဆမ်ဘင်ဂျမင်၏ မော်တော်ကားရပ်ရန် သီးသန့်နေရာ' ဟူသော ဆိုင်းဘုတ်ထောင်ထားသည်။

အလုပ်သမားတစ်ယောက်သည် 'ဆမာကန် ရုပ်ရှင်ထုတ်လုပ်ရေး' ဟူသော ကြေးဆိုင်းဘုတ်ကို ပိုမိုပြောင်လက်အောင် တိုက်ချွတ်နေသည်။ ထိုအလုပ်သမားကလည်း သူ့ကို လှမ်းနှုတ်ဆက်သည်။

နှစ်ထပ်အဆောက်အအုံတွင်းသို့ သူ့အတွက် သီးခြားထားသည့် ဝင်ပေါက်မှ ဝင်သွားသည်။ ရုံးခန်းတွင်း ရောက်ပြီးသည်နှင့် အတွင်းရေးမှူး ဝင်လာသည်။

"ဂွဒ်မောနင်း မစ္စတာဘင်ဂျမင်"

"ဂွဒ်မောနင်း မစ္စဂျက်ဆန်"

ဆမ်က ကုလားထိုင်မှာ ဝင်ထိုင်သည်။ အတွင်းရေးမှူးက သူ့စားပွဲပေါ်သို့ စာရွက်များ တင်ပေးသည်။

"ရိုက်လို့ပြီးသွားတဲ့ ဝါရှင်တန်ဝင်ပေါက် ရုပ်ရှင်ကားကို ပြခန်းနံပါတ်သုံးမှာ ဆယ့်တစ်နာရီမှာ ကြည့်ဖို့ရှိပါတယ်"

"ဟုတ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com


"ဒါတွေကတော့ သံမဏိကြက်ဖရုပ်ရှင်ကားရဲ့ ဝင်ငွေတွေပါပဲ၊ ညီအစ်မနှစ်... ရုပ်ရှင်ကား ဝင်ငွေထက် ရာခိုင်နှုန်း တစ်ရာ့အစိတ် ပိုသွားပါတယ်"

"ကောင်းတယ်၊ ပြီးမှ ကျုပ် သေသေချာချာ စစ်ဆေးကြည့်တော့မယ်"

"နယူးယောက်မြို့ကနေပြီး မစ္စတာရော်ဂျာကိုဟင် ဖုန်းဆက်ပါတယ်၊ ည... နာရီမှာ ဖုန်းထပ်ဆက်မယ်လို့ ပြောပါတယ်"

သူက ခေါင်းညိတ်သည်။

"ရောမမြို့က ချာလီ ဖုန်းဆက်ပါတယ်၊ မာရီလူးဘာဇီနီနဲ့ ရိုက်နေတဲ့ ဇာတ်ကား... ဟာ သတ်မှတ်ရက်ထက် တစ်ပတ်နောက်ကျသွားပါတယ်တဲ့"

"ဒီကောင်တွေလုပ်လိုက်ရင် ဒီလိုချည်းပဲ၊ ကျုပ် ဖုန်းပြန်ဆက်လိုက်မယ်"

"ထုတ်လုပ်ရေးဌာနက မစ္စတာရှင်ဒလာနဲ့ မစ္စတာဖာရာက ရှင် အဆင်ပြေ... အချိန်မှာ တွေ့ပါရစေတဲ့၊ နောက်ရိုက်မယ့်ကားအတွက် ကုန်ကျစရိတ် ခန့်မှန်းခြေတွက်ချက်... လို့ ပြောပါတယ်"

"နေ့လယ်စာမစားခင် သူတို့နဲ့ တွေ့လိုက်မယ်"

"ကောင်းပါပြီရှင်၊ မစ္စတာ ခရက်ဒေါက်ကလည်း ဖုန်းဆက်ပါတယ်၊ ဆယ့်နှစ်နာ... ဆယ့်ငါးမိနစ်ကျရင် သူ့ သီးသန့်ခန်းထဲမှာ ရှင်နဲ့အတူတူ နေ့လယ်စာ စားလိုပါတယ်တဲ့"

ဆမ်က အတွင်းရေးမှူးကို မော့ကြည့်သည်။ ခရက်ဒေါက်သည် ထရန်စ်ဝါး ရုပ်ရှင်... ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌဖြစ်သည်။

"ဘာကိစ္စ သူက နေ့လယ်စာ အတူစားချင်ရတာလဲ"

"ဒီနေ့သတင်းစာတွေ မဖတ်ရသေးဘူးထင်တယ်"

"မဖတ်ရသေးဘူး"

အတွင်းရေးမှူးက ဟောလီးဝုဒ်အထောက်တော် သတင်းစာနှင့် သတင်းဂျာနယ်... ကို ထိုးပေးသည်။

"အဲဒီမျက်နှာဖုံးတွေ ကြည့်လိုက်ပါဦး"

"ထရန်စ်ဝါး ရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌသစ် ဆမ်ဘင်ဂျမင် ဖြစ်မည်လော" ဟူသော... ခေါင်းစဉ်များ တပ်ထားကြသည်။ သတင်းစာနှစ်စောင်စလုံး၏ သတင်းမှာ တသဘောတည်း... ဖြစ်သည်။ ဆမ်ဘင်ဂျမင် လောလောဆယ် ထုတ်လုပ်သည့် ရုပ်ရှင်များ အောင်မြင်နေသည့်... တစ်ကြောင်း၊ ထရန်စ်ဝါး ရုပ်ရှင်ကုမ္ပဏီ ကျဆင်းနေသည် တစ်ကြောင်းတို့ကြောင့် ရုပ်ရှင်... ကုမ္ပဏီ သက်ဆိုးရှည်ရေးအတွက် ဆမ်ကို ဥက္ကဋ္ဌသစ်အဖြစ် ခန့်ထားနိုင်စရာ အကြောင်း... ကြောင်းများ ရေးထားသည်။

သူထုတ်လုပ်ခဲ့သည့် ဝါရှင်တန်ဝင်ပေါက်နှင့် သံမဏိကြက်ဖ ရုပ်ရှင်ကားနှစ်ကား... အလွန်အောင်မြင်ကြောင်း၊ ယခင် သူထုတ်လုပ်ခဲ့သည့် ညီအစ်မနှစ်ဖော်ထက်ပင် အဆပေါင်း... များစွာ ငွေပိုရနေကြောင်းများကိုပါ ဆက်ရေးထားသည်။

ဆမ်က အတွင်းရေးမှူးကို မော့ကြည့်သည်။

"ဒီအကြောင်း ပထမဆုံး ကြားဖူးတာပဲ၊ ကျုပ်ကို ဘယ်သူကမှ မပြောဖူးဘူး"

"အဲဒီကောလဟလသတင်း ထွက်နေတာ အတော်ကလေးတောင် ကြာသွား..."

"ကျုပ်တော့ နားမလည်ဘူး၊ ကျုပ်အလုပ်နဲ့ကျုပ်တောင် ဂျင်ခြေလည်နေရတဲ့ကြား..."

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဘယ်သူက ဒီအလုပ် လိုချင်မှာလဲ" ဟု ပြန်ပြောသည်။ သို့သော်လည်း စိတ်ထဲမှာတော့ အတော်ကျေနပ်သွားသည်။

"မစ္စတာခရက်ဒေါက်ကို ကျွန်မ ဘာပြန်ပြောလိုက်ရမလဲ"

"ဆယ့်နှစ်နာရီ ဆယ့်ငါးမိနစ်မှာ လာခဲ့မယ်လို့ပြောလိုက်"

ရုံးခန်းထဲမှ အတွင်းရေးမှူး ထွက်သွားသည့်အချိန်မှာပင် ဆမ်က ရောမမြို့ရှိ ချာလီ ကို ဖုန်းဆက်ပြီး ကြိမ်းလေတော့သည်။

"သတ်မှတ်ထားတဲ့ရက်ထက် တစ်ပတ်လုံးလုံး ပိုသွားတယ်ဆိုတာ ဘာဖြစ်တာလဲ၊ မင်းတို့ကောင်တွေ အဲဒီမှာ ဘာလုပ်နေကြတာလဲ"

□

ခရက်ဒေါက်သည် သတင်းစာ မျက်နှာဖုံးကိုကြည့်ရင်း ဗိုက်ပိုနာလာသည်။ ထို့ ကြောင့် ဆေးတစ်ပြားကို သောက်လိုက်ရသည်။ စိတ်လှုပ်ရှားသည်နှင့်အမျှ သူ့အစာအိမ် ရောဂါက ပိုဆိုးလာသည်။

ထရန်စ်ဝါး ရုပ်ရှင်ကုမ္ပဏီတွင် ဒုတိယဥက္ကဋ္ဌလုပ်လာသည်မှာ ရှစ်နှစ်ကြာပြီ။ အဆက်လူကြီးများက မခိုင်းဘဲ မည်သည့်စီမံကိန်းကိုမှ သူ ခွင့်မပြု။ ထို့ကြောင့် တစ်ခုခု မှားသွားပြီဆိုလျှင် အမြဲတမ်း သူ အပြစ်လွတ်နေတတ်သည်။

စားပွဲမှာထိုင်ရင်း သတင်းစာများကို တစ်ချက်ကြည့်လိုက်ပြန်သည်။ ဗိုက်က ပိုနာ လာသည်။ ထို့ကြောင့် ဆေးတစ်လုံး ထပ်ဝါးပြန်သည်။

ထိုသတင်းကို မနက်ကတည်းက သူ ဖတ်ပြီးဖြစ်သည်။ ယခုလည်း သူ ထပ်ဖတ် ကြည့်ပြန်သည်။ တစ်ယောက်ယောက်က ချောက်တွန်းလိုက်သဖြင့် ဆမ်ဘင်ဂျမင်ကို ဥက္ကဋ္ဌ ခန့်မည်ဆိုသော သတင်းထွက်လာခြင်းသာ ဖြစ်ရမည်ဟု တွေးကြည့်သည်။

သူတို့ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများ ကျနေသည်မှာ မှန်သည်။ အရှုံးနှင့် အောက်လျှောက် ရင်ဆိုင်ခဲ့ရသည်မှာလည်း နှစ်အတော်ကြာသွားပြီ။

ဆမ်ဘင်ဂျမင် ဥက္ကဋ္ဌဖြစ်လျှင် သူ့အဖို့ ဘာမှထိခိုက်စရာ အကြောင်းမရှိပါ။ သို့ သော်လည်း သူ့လုပ်ပိုင်ခွင့်များ လျော့နည်းသွားမည်လားဆိုသည့် အချက်ကိုသာ သူ စိုးရိမ် သည်။ ထို့ကြောင့် နေ့လည်စာဖိတ်ကျွေးပြီး အကဲခတ်ကြည့်လျှင် ကောင်းမည်ဟု သူ ဆုံးဖြတ် လိုက်ခြင်း ဖြစ်လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

"ဝင်သာသွားပါ မစ္စတာဘင်ဂျမင်၊ မစ္စတာခရက်ဒေါက် စောင့်နေပါတယ်" ဟုပြော ရင်း အတွင်းရေးမှူးက တံခါးဖွင့်ပေးသည်။

ဆမ်က ခရက်ဒေါက်၏ ရုံးခန်းတွင်းသို့ ဝင်သွားသည်။ ခရက်ဒေါက်က ကုလားထိုင် မှထ,လာပြီး လက်ဆန့်တန်းပေးရင်း ကြိုသည်။

"ဂွဒ်မောနင်း ဆမ်၊ အခုလို ဒုက္ခခံပြီးလာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူပြောပုံမှာ မိုင်ပေါင်းထောင်ချီဝေးသည့်ခရီးမှ လာရသူကို ပြောသကဲ့သို့ ဖြစ်နေ သည်။ အမှန်တော့ မျက်နှာချင်းဆိုင် အဆောက်အအုံမှ လမ်းဖြတ်ကူးလိုက်ရုံဖြင့် ခရက်ဒေါက် ၏ရုံးခန်းသို့ ရောက်လာခြင်းဖြစ်သည်။

ခရက်ဒေါက်က ကုလားထိုင်မှာ ပြန်ထိုင်သည်။ မျက်မှန်ချွတ်ပြီး ဇာတ်ညွှန်းပုံကြီး ပေါ်မှာ တင်သည်။ ဇာတ်ညွှန်းပုံကြီးကို ဆမ် သတိထားမိသွားအောင် တမင်ပြုလုပ်ခြင်း ဖြစ်သည်။ ဆမ်ကလည်း သတိထားမိသည်။

"ခင်ဗျား ဒါတွေကို အကုန်ဖတ်သလား" ဟု ဆမ်ကမေးသည်။

"ဒါဟာ ကျွန်တော့်အလုပ်တွေထဲက အစိတ်အပိုင်းတစ်ခုပဲ ရှိပါသေးတယ်၊ ဖတ်ရ တာပေါ့ဗျာ၊ ကောင်းတဲ့ဇာတ်ညွှန်းတွေကို လက်လွတ်မသွားရအောင် အကုန်ဖတ်ရတာပေါ့ တစ်ခါတလေများ နောက်ထပ်မျက်လုံးတစ်စုံလောက် အပိုရှိရင် ဘယ်လောက်ကောင်းမလဲလို့ တောင် စိတ်ကူးမိပါတယ်"

ဆမ်က အထင်ကြီးသွားသည်။

"ကျွန်တော်တော့ ဒီအလုပ်မျိုး မလုပ်နိုင်ဘူး၊ ဒါလောက် စိတ်မရှည်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



ခရက်ဒေါက်က အတွင်းရေးမှူးကို အင်တာကွန်းဖြင့် လှမ်းခေါ်ပြီး သူတို့ နေ့လယ် ...နေခိုက် မည်သည့်တယ်လီဖုန်းမှ မပေးရန်မှာသည်။ ပြီးတော့ အပေါ်ထပ်သို့ နှစ် ...တ်အတူ တက်ခဲ့ကြသည်။ အသင့်ပြင်ထားသော စားပွဲမှာ ထိုင်ကြသည်။

"ကျွန်တော်တို့ စတူဒီယိုမှာ အလုပ်လုပ်ရတာ အဆင်ပြေတယ် မဟုတ်လား၊ အား ...ည့်စုံအောင် လုပ်ပေးကြတယ် မဟုတ်လား၊ လိုတာရှိရင် ပြောပါနော်၊ အားမနာပါနဲ့"

"အဆင်ပြေပါတယ်ဗျာ"

စားပွဲထိုးက အစားအသောက်များ ထပ်ဖြည့်ပေးသဖြင့် စကားပြတ်သွားသည်။ ...ပွဲထိုး ထွက်သွားတော့မှ ခရက်ဒေါက်က ပြောသည်။

"ဒီနေ့မနက် ဘာကြောင့် ကျွန်တော် ဖုန်းဆက်တယ်ဆိုတာ ခင်ဗျားကတော့ သိ ...နေမှာပဲ"

ဆမ်က ပလုတ်ပလောင်းဖြစ်နေသဖြင့် ခေါင်းသာ ညိတ်ပြလိုက်ရသည်။

"ကျွန်တော်တို့ ထရန်စ်ဝါး ရုပ်ရှင်စတူဒီယိုမှာ ခင်ဗျား ရုပ်ရှင်လာရိုက်နေတဲ့အတွက် ...တော်တို့ အင်မတန် စိတ်ချမ်းသာပါတယ် ဆမ်၊ ဒါကြောင့် ကျွန်တော်တို့ချင်း ဒီထက်ပိုပြီး ...န်းပူးပေါင်း ဆောင်ရွက်မှုကလေးတွေ လုပ်ရရင် ကောင်းမလားလို့ ကျွန်တော်တို့ စဉ်းစား ...ကြပါတယ်"

"ခင်ဗျား ဘယ်လိုစိတ်ကူးထားလို့လဲ"

"ကျွန်တော်တို့ ဇာတ်ကားဆယ်ကားထုတ်လုပ်ဖို့ သဘောတူညီချက်လုပ်ရရင် ...င်းမလားလို့ပါ"

"ဆယ်ကားတောင်မှလား" ဟု ဆမ်က အံ့ဩသလို ပြန်မေးသည်။

"ခင်ဗျားက ကျွန်တော်တို့အတွက် ဇာတ်ကားငါးကား ထုတ်လုပ်ပေး၊ ကျွန်တော် ... ခင်ဗျားထုတ်လုပ်မယ့် ငါးကားအတွက် ငွေထုတ်ပေးမယ်၊ ကျွန်တော်တို့အတွက် ထုတ် ...ပေးတဲ့ကားကို ခင်ဗျားအခုရနေတဲ့ ထုတ်လုပ်ခရဲ့ နှစ်ဆပေးမယ်၊ အမြတ်တစ်ဝက် ခွဲပေး ... ကျွန်တော်တို့အတွက် ထုတ်လုပ်ပေးတဲ့ ကားတွေပေါ်မှာလည်း နိုင်ငံခြားက အမြတ်ငွေ ...ကို တစ်ဝက်ခွဲပေးမယ်"

"အင်း. . . စိတ်ဝင်စားစရာတော့ အကောင်းသားပဲ"

"လက်တွေ့ အကောင်အထည်ဖော်လို့ရတဲ့ အစီအစဉ်ပါ၊ နောက်ပြီးတော့ နှစ်ဦး ...တ်စလုံးလည်း အကျိုးရှိဖို့ သေချာပါတယ်"

ဆမ်က ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားနေသည်။ ထုတ်လုပ်ခ တစ်ကားလျှင် ...သိန်းခွဲဆိုသောငွေမှာ နည်းသည်မဟုတ်။ ငါးကားဆိုလျှင် တစ်သန်းနှစ်သိန်းငါးသောင်း ...သွားမည်။

နောက်ပြီးတော့ သူ့အဖို့ ဘာမှပင်ပန်းစရာမလို။ ငွေအတွက်လည်း မပူရ။ ဇာတ် ...အဆင်သင့် ရမည်။ ဇာတ်ကောင် အဆင်သင့်ရမည်။ အားလုံး လက်တင်စီးများချည်း ...နေသည်။

"ခင်ဗျားမှာ စိတ်ကူးထားတဲ့ဇာတ်လမ်း ရှိသလား" ဟု ဆမ်က ပြန်မေးသည်။

"အခုလောလောဆယ် နှစ်ခုရှိတယ်၊ စိတ်ချရတဲ့ ထုတ်လုပ်သူတစ်ယောက်ရဖို့ပဲ ...ာတယ်၊ တစ်ကားက ကောင်းဘွိုင်ကား၊ ဂယ်ရီကူးပါးနဲ့ရိုက်ဖို့ စိတ်ကူးတယ်၊ နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com


ကားကိုတော့ ဂျက်ကီဂလီဆန်နဲ့ရိုက်ဖို့ စိတ်ကူးထားတယ်၊ သူတို့နှစ်ယောက်စလုံး အောင်မြင်နေတဲ့ မင်းသားတွေမဟုတ်လား"

ဆမ်က သူ့ကို လှမ်းကြည့်လိုက်မိပြန်သည်။ ဂယ်ရီကူးပါးတို့လို မင်းသားမျိုးနှင့် ရိုက်ရမည်ဆိုလျှင် မည်သည့်နည်းနှင့်မျှ ကားညံ့များမဖြစ်နိုင်။ ထိုမင်းသားနှစ်ယောက်စလုံးက လည်း ကြေးကြီးသည့် မင်းသားများဖြစ်သည်။

"အဲဒီဇာတ်ညွှန်းနှစ်ခု ခင်ဗျားဆီ ပို့ပေးလိုက်မယ်၊ ဖတ်ကြည့်ဦးပေါ့" ဟု ခရက်ဒေါက်က ပြောသည်။

"စိတ်ကူးကောင်းပဲ" ဟု ဆမ်က ပြန်ပြောသည်။

နေ့လယ်စာစားပြီး လမ်းတစ်ဖက်ခြမ်းရှိ သူ့ရုံးသို့ ပြန်လာခဲ့သည်။ သည်တော့မှပင် မနက်က သတင်းစာမှာပါသည့် သတင်းနှင့်ပတ်သက်၍ ခရက်ဒေါက်က အရိပ်အယောင် ကလေးပင် မဟ,သည်ကို သူ သတိပြုလိုက်မိလေတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

စတီဖင်က သဲသောင်ပြင်ပေါ်မှာ ပက်လက်လှန်အိပ်ရင်း မျက်လုံးပေါ်သို့ နေရောင် [illegible]ိုက်မကျအောင် လက်ဖြင့်ကွယ်ထားသည်။ သူ့ဘေးမှာရှိနေသည့် စယ်လီနာက စကား [illegible] ဖောင်လောက်အောင် ပြောနေသည်။ သူ ကောင်းကောင်းမကြား။

"ရှင့်စိတ်တွေ တခြားရောက်နေတယ်ထင်တယ်" ဟု စယ်လီနာက ပြောသည်။

"ဒီသဘောမျိုးလည်း မဟုတ်ပါဘူးကွာ"

"ရှင် ဘာတွေစဉ်းစားနေတာလဲ"

"ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ အခုလို အေးအေးဆေးဆေးနဲ့ ရက်ပေါင်းတစ် [illegible]င်လောက်များနေရရင် ဘယ်လောက်ကောင်းမလဲ စဉ်းစားနေတာပါ၊ တယ်လီဖုန်းမရှိ [illegible] လူတွေမရှိဘူး၊ ဘာပြဿနာမှလည်း မရှိဘူး"

"ဘာမှမရှိဘဲနေရရင် ရှင်ဘယ်ပျော်မလဲ"

"ကိုယ်တော့ အဲဒီလိုမထင်ဘူး"

"ဒီနေ့ည ဧည့်ခံပွဲကို ရှင်သွားမှာလား"

စတီဖင်က မဖြေ။

"ဒီနေ့ တနင်္ဂနွေနေ့၊ မနက်ဖြန်တျရင် ရှင် နယူးယောက်မြို့ကို ပြန်တော့မယ်၊ [illegible]တော့ ဒီမှာအလုပ်ရှာရဦးတော့မှာပဲ"

သူက ငြိမ်မြဲငြိမ်နေသည်။

"မနက်က ရှင်အိပ်ပျော်နေတုန်း အားဒစ်ဖုန်းဆက်တယ်၊ သူတို့အိမ်မှာ ဒီနေ့ည [illegible]ခံပွဲလုပ်မယ်တဲ့၊ ဆမ်ဘင်ဂျမင်ကို ဧည့်ခံတဲ့ပွဲတဲ့၊ သူယောက်ျား ဘော်ဘီဂေဇင်ကို ဆမ်က [illegible]တ်လုပ်မယ့် ကောင်းဘွိုင်ကားထဲမှာ ဂယ်ရီကူးပါးနဲ့အတူတူ ဒုတိယဇာတ်လိုက်အဖြစ် [illegible]သုံးဖို့ရွေးလိုက်ပြီ၊ အဲဒီကားထဲက မင်းသမီးအခန်းကလည်း ကောင်းတယ်၊ ကျွန်မနဲ့ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



အံကိုက်ပဲ"

"ဒီလိုဆိုရင် မင်းသွားလေ၊ ကိုယ် ဘယ်လိုမှ သဘောမထားပါဘူး"

"မသွားပါဘူး၊ ရှင်နဲ့အတူတူနေမယ်လို့ ကျွန်မ ကတိပေးထားတယ် မဟုတ်လား... ရှင်မသွားရင် ကျွန်မလည်း မသွားဘူး"

စတီဖင်က ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်ပြန်သည်။

"ဘော်ဘီဂေဗင်က ပြောတယ်၊ ကျွန်မ အခွင့်အလမ်းသာနိုင်တယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ ဆမ်က ဒီကားထဲမှာ သူ့မိန်းကလေးကို ထည့်ရိုက်လို့မဖြစ်ဘူးတဲ့"

"သူ့မိန်းကလေးဆိုတာ ဘယ်သူလဲ"

"မာရီလူးဘာဇီနီလေ၊ သူ့အသံက သိပ်ဝဲလွန်းနေတယ်တဲ့၊ ညှော်ခံပွဲကို မာရီလူးနဲ့ ဆမ် အတူတူလာမယ်လို့လည်း အားဒစ်ကပြောတယ်"

"ကောင်းပြီလေ"

"ဘာကောင်းပြီလေလဲ"

"ကိုယ်တို့ ညှော်ခံပွဲသွားကြမယ်"

ဘော်ဘီဂေဗင်နှင့် အားဒစ်တို့အိမ်မှာ သိပ်အကြီးကြီးတော့မဟုတ်။ ထို့ကြောင့် ညှော်ခံပွဲလာသည့် ဧည့်သည်များနှင့် အတော်ကလေး ကျပ်နေသည်။ အားဒစ်က အိမ်ဝ... ဆီးကြိုနေသည်။

"စယ်လီနာ"

စယ်လီနာကိုနှုတ်ဆက်ပြီး စတီဖင်ကို မြင်သွားသည်။ ထို့ကြောင့် ဝမ်းသာအား... အော်ပြောသည်။

"စတီဖင်. . . ရှင်လည်း ပါလာတာကိုး၊ ကျွန်မ ဝမ်းသာလိုက်တာ"

"မင်းရဲ့ညှော်ခံပွဲကို ကိုယ် ဘယ်အလွတ်ခံနိုင်ပါ့မလဲကွယ်" ဟုပြောရင်း အားဒစ်... ပါးကို နမ်းနှုတ်ဆက်သည်။

"အထဲကိုသွား အထဲကိုသွား၊ ကြိုက်ရာမှာသောက်ပေတော့"

အားဒစ်က နောက်ထပ်ရောက်လာသည့် ဧည့်သည်များကို ဆီးကြိုသည်။ စတီ... နှင့် စယ်လီနာက အိမ်ထဲသို့ဝင်ခဲ့သည်။ ဘားဆီသို့ သူတို့တန်းသွားသည်။

အတော်ကလေးကြာမှ ဘားရှိရာသို့ ရောက်လာသည်။ စတီဖင်က ဝီစကီခွက်... အခန်းလယ်သို့ ပြန်လာသည်။ စယ်လီနာက တခြားအသိများနှင့် တစ်နေရာသို့ ရောက်... သည်။

စတီဖင်က လသာဆောင်ဘက်သို့ ဆက်လျှောက်လာခဲ့ပြီး ပင်လယ်ပြင်ဆီသို့ ... ကြည့်ရင်း စဉ်းစားနေမိသည်။

ဆမ်နှင့် သူ မတွေ့သည်မှာ ကြာပြီ။ ထရန့်စ်ဝါး ရုပ်ရှင်ကုမ္ပဏီနှင့် ဆမ်တို့ ... အလုပ်ဖြစ်ကြသည့် အချိန်မှစပြီး မတွေ့ရခြင်းဖြစ်လေရာ တစ်နှစ်လောက်ပင် ကြာမြင့်... ချေပြီ။

ဟောလီးဝုဒ် အသိုက်အဝန်းတွင် ဆမ် သိပ်ဝင်ဆံ့ပုံလည်း မရ၊ သူ့အဖို့ စိမ်းနေ... ပတ်ဝန်းကျင် ဖြစ်နေဟန်တူသည်။ သို့သော်လည်း ဘီဗာလီတောင်ကုန်းပေါ် သို့ဆို ပြောင်း... လာသည်။ ကလေးတွေကို သည်မှာပဲ ကျောင်းထားသည်။ ကြီးမားသည့် အိမ်ကြီးတစ်...

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပြီးပြီ။

ဆမ်၏ဇနီး ဒင်းနိစ် အကြောင်းကိုလည်း သူ စဉ်းစားကြည့်မိသည်။ ဆမ်နှင့် မာရီလူးတို့ ငြိနေသည်ဆိုသော သတင်းကြောင့် သူ့စိတ်ထဲမှာ မတင်မကျဖြစ်နေသည်။ ဆမ်သည် သည်လိုလူစားမျိုး မဟုတ်။ ယခုလို မာရီလူးနှင့် ငြိနေသည့်အတွက် ဒင်းနိစ် မည်သို့ခံစားနေရသည်နည်းဟုလည်း တွေးကြည့်မိသည်။

ဆမ်နှင့် မာရီလူး နောက်ကျပြီး ရောက်လာသည်။ အဝင်ပေါက်တွင် နှုတ်ဆက်သံများကို ကြားရသည်။

"ရှင် မလာနိုင်တော့ဘူးထင်ပြီး ကျွန်မ စိတ်တောင်ပူစပြုနေပြီ" ဟု အားဒစ်က ပြောသည့်အသံကို ကြားလိုက်ရသည်။

စတီဖင်က သူတို့ဘက်သို့ အကဲခတ်ကြည့်နေသည်။ လူတွေအားလုံး ဆမ်နှင့် မာရီလူးဆီသို့ အာရုံစိုက်နေကြသည်။ ဆမ်က ပြုံးနေသည်။ သူ့မျက်နှာမှာ ချွေးရွှဲနေသည်။ အနည်းငယ် နီနေသည်။ သည်ကိုရောက်မလာမီ အရက်အတော်အသင့် သောက်လာခဲ့ပုံရသည်။

မာရီလူးက သူ့ဘေးမှာ ရပ်နေသည်။ စတီဖင်က မာရီလူးကို လှမ်းကြည့်သည်။ သူ့အလှမှာ ထူးခြားသော အလှဖြစ်သည်။ အခန်းထဲသို့ သူဝင်လာသည်တွင် အခြားအမျိုးသမီးများအားလုံး အလိုလို မှေးမှိန်သွားကြတော့သည်။

ဆမ်၏ဘေးမှာရပ်နေသည့် မာရီလူးသည် သူ့အလှကို သူယုံစားထားပုံလည်း ရသည်။ သူ့လိုမိန်းမတစ်ယောက်တည်းသာလျှင် သည်လိုအလှမျိုးကို ပိုင်ဆိုင်ထားနိုင်သည်ဟူသော ယုံကြည်ချက်အပြည့် ရှိနေပုံရသည်။

တစ်စုံတစ်ယောက်က ဆမ်၏လက်ထဲသို့ အရက်ဖန်ခွက် ထည့်ပေးသည်။ သူ ရေငတ်နေသူလို အငမ်းမရ သောက်သည်။

"ရောမမြို့က ဖုန်းလှမ်းဆက်တာနဲ့ အချိန်မီ ထွက်မလာနိုင်ဘဲ ဖြစ်နေတာ"

ဆမ်က သူနောက်ကျရသည့်အကြောင်းကို ရှင်းပြနေသည်။ ထိုအခိုက် သူတို့ကို အကဲခတ်ကြည့်နေသည့် စတီဖင်ကို မြင်သွားသည်။ စကားကို ရုတ်တရက် ဖြတ်ပစ်လိုက်သည်။ ရှက်ကိုးရှက်ကန်းအမူအရာ သူ့မျက်နှာပေါ်မှာ ပေါ်သွားသည်။

ဖန်ခွက်ထဲမှအရက်ကို ကုန်အောင်သောက်ပြီး စတီဖင်ဆီလာသည်။

"စတီဖင်"

ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်ပြီး တင်းတင်းကျပ်ကျပ် ဖက်ထားသည်။ ပါးနှစ်ဖက်ကိုလည်း နမ်းသည်။ ဥရောပတိုက်သားများ၏ အလေ့အထဖြစ်သည်။

"မင်း ဒီမြို့ရောက်နေတာ ဘာဖြစ်လို့ ငါ့ကိုမပြောတာလဲ၊ တို့ တစ်ခုခုအစီအစဉ် လုပ်နိုင်တာပေါ့"

"ခဏလာတာပါဗျာ၊ အချိန်သိပ်မရလို့ပါ၊ မနက်ဖြန် ကျွန်တော် နယူးယောက်ကို ပြန်မယ်"

"ဘာပဲဖြစ်ဖြစ် တယ်လီဖုန်းလေးတော့ ဆက်ဖို့ကောင်းတာပေါ့ကွာ၊ တို့နှစ်ယောက် မတွေ့တာ ကြာပြီပဲ"

"ခင်ဗျား အလုပ်များနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက်ဆိုရင် အလုပ်မများပါဘူးကွာ၊ မိတ်ဟောင်းဆွေဟောင်းတွေအတွက် အလုပ်မများပါဘူး"

ထိုအခိုက် သူတို့အနားသို့ မာရီလူးရောက်လာသည်။ ဆမ်က ဆက်ပြောသည်။

"ဒါထက် မာရီလူးအာဇီနီကို မင်းသိတယ်မဟုတ်လား"

စတီဖင်က ခေါင်းညိတ်လိုက်သည်။

"အကယ်ဒမီဆုပေးပွဲတုန်းက ကျွန်တော်တို့ တွေ့ခဲ့ပါတယ်၊ ဒါပေမယ့် ခဏတွေ့ လိုက်ရတာပါ။ နှစ်နှစ်လောက်တောင် ကြာသွားပြီ၊ နောက်ပြီးတော့ အဲဒီတုန်းက ကျွန်တော် တို့ပတ်လည်မှာ လူတွေကလည်း တအားများတာပဲလေ"

"စတီဖင်ဂေါက်" ဟု ဆမ်က မာရီလူးကို နာမည်ပြောပြ မိတ်ဆက်ပေးသည်။

မာရီလူးက ခေါင်းညိတ်သည်။

"ကျွန်မ မှတ်မိပါတယ်၊ ရုပ်မြင်သံကြားတွေ ထုတ်လွှင့်နေတဲ့ လူငယ်တစ်ယောက် ညီအစ်မနှစ်ဖော် ရုပ်ရှင်ရိုက်ဖို့ကိစ္စတုန်းက ရောမမြို့ကနေပြီး ဆမ်က ရှင်နဲ့ ဖုန်းဆက်စကား ပြောဖူးသေးတယ်လေ"

စတီဖင်က စိုက်ကြည့်နေမိသည်။ ဆမ်နှင့် ဖုန်းဆက်ပြီး စကားပြောခဲ့သည့်အကြောင်း ကို ပြန်အမှတ်ရလာသည်။ သည်အတိုင်းဆိုလျှင် သူတို့နှစ်ယောက် ငြိနေကြသည်မှာ ထိုအချိန် ကတည်းက ဖြစ်ရမည်။ တယ်လီဖုန်းထဲမှာ အသက်ရှူသံကြားနေရသည့် မိန်းကလေးသည် သူပဲဖြစ်သည်။ ထိုအချိန်က ဆမ်၏အိပ်ခန်းထဲသို့ သူ ရောက်နေခဲ့သည်။

**"မင်းမှတ်ဉာဏ်က အံ့ဩလောက်အောင်ကို ကောင်းပါလား"**

"ကျွန်မ ဘာကိုမှ မမေ့တတ်ပါဘူးရှင်"

တစ်စုံတစ်ယောက်ကလာပြီး ဆမ်ကို ဟာစ်နေရာသို့ ဆွဲခေါ်သွားသည်။ မာရီလူးကို စတီဖင်နားတွင် ထားခဲ့သည်။

"ဒီတိုင်းပြည်မှာနေရတာ ပျော်ရဲ့လား"

မာရီလူးက ပြုံးသည်။

"အမေရိကန်ပြည်ကို ကျွန်မ သဘောကျတယ်"

"ဒီမှာ ကြာကြာနေဖို့ အစီအစဉ်ရှိသလား"

မာရီလူးက ပခုံးနှစ်ဖက်ကို တွန့်သည်။

"ကျွန်မကို သရုပ်ဆောင်စေချင်တဲ့ ဇာတ်ကားတစ်ကား ဆမ်မှာရှိနေတယ်၊ အဲဒါပြီး ရင် နောက်နှစ်ကား ဆက်ရိုက်ပေးဖို့ စာချုပ်စေချင်ကြတယ်"

"ဟန်ကျတာပေါ့၊ ဘာကားပါလိမ့်"

မာရီလူးက မျက်နှာပိုးသတ်လိုက်သည်။

"ကောင်းဘွိုင်ကားပါ၊ ရှင် ဘယ်လိုထင်သလဲ၊ ကောင်းဘွိုင်ကားမှာ ကျွန်မ ဝင်ရိုက် ဖို့လေ၊ ဇာတ်ညွှန်းသိပ်ကောင်းတာပဲလို့ ဆမ်ကပြောတယ်၊ ပြီးတော့ ဂယ်ရီကူးပါးနဲ့ တွဲရမှာ"

စတီဖင်က အခန်းတစ်နေရာသို့ လှမ်းကြည့်သည်။ စယ်လီနာက သူတို့ကို လှမ်း ကြည့်နေသည်။ စတီဖင်မှာ ချက်ချင်းပင် စိတ်ပျက်သွားတော့သည်။ သည်ရုပ်ရှင်ကားတွင် ပါဝင်ရိုက်ခွင့် မရနိုင်တော့သည့်အကြောင်း ယနေ့ည စယ်လီနာ မသိပါစေနှင့်ဟုသာ မျှော် လင့်လိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျေးဇူးတင်စကားပြောဖို့ ကျွန်မမှာ ကြွေးတင်နေတယ်"

စတီဖင် လန့်သွားသည်။ သူ့စိတ်က တခြားရောက်နေသောကြောင့် ဖြစ်သည်။

"ကျေးဇူးတင်ရမယ်. . . ဘာအတွက်ပါလိမ့်"

"ကျွန်မတို့ ရောမမြို့မှာ ရှိနေကြတုန်းကလေ၊ ဆမ်ကို ရှင်သာ မတိုက်တွန်းခဲ့ရင် အဲဒီရုပ်ရှင်ကား ကျွန်မတို့ ရိုက်ဖြစ်ကြတော့မှာ မဟုတ်ဘူး" ဟု မာရီလူးက ရှင်းပြသည်။

"ရိုက်ဖြစ်မှာပါပဲလေ"

သူတို့ဆီသို့ ဆမ် ပြန်ရောက်လာသည်။ မာရီလူး၏လက်မောင်းကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်သည်။

"တို့သွားကြမှဖြစ်မယ်၊ နောက်ထပ်ဧည့်ခံပွဲတစ်ခုကို လာဖြစ်အောင် လာခဲ့ပါ့မယ်လို့ ကတိပေးထားတယ်"

စတီဖင်က ခေါင်းညိတ်ပြသည်။ သူ့မျက်လုံးကမူ စယ်လီနာထံသို့သာ ရောက်နေသည်။ စယ်လီနာက သူ့ကိုကြည့်နေသည်။ သူက မျက်ရိပ်ပြပြီး ခေါ်လိုက်သည်။

"ခဏနေပါဦး ဆမ်၊ မင်းသမီးကလေးတစ်ယောက်နဲ့ ခင်ဗျားကို တွေ့ပေးချင်လို့" ဟု စတီဖင်က ဖမ်းတားသည်။

စယ်လီနာက သူတို့ဆီလာသည်။ ဆမ်က လှည့်ကြည့်သည်။

"စယ်လီနာ. . . ဆမ်ဘင်ဂျမင်နဲ့ မင်းကို တွေ့ပေးချင်လို့၊ ဆမ်. . သူက စယ်လီနာ စစ်ရှာ၊ ခင်ဗျားရိုက်နေတဲ့ ကောင်းဘွိုင်ကားထဲမှာ သူ့ကိုထည့်သုံးမယ်ဆိုရင် သေသေချာချာ ဖြစ်နိုင်တယ်"

ဆမ်က သူ့ကိုပြန်ကြည့်သည်။

"အဲဒီအတွက် ဇာတ်ကောင်ရွေးပြီးသွားပြီ၊ မနက်ဖြန် ကြေညာတော့မှာ၊ မာရီလူး အချုပ်ဆောင်မယ်လေ"

ဆမ်က စယ်လီနာကို လှည့်ကြည့်သည်။

"ဒါပေမယ့် ကျုပ်နဲ့တော့ မင်းလာတွေ့ပါဦး၊ ကျုပ် ရိုက်ဖို့စီစဉ်နေတဲ့ တခြားကားတွေမှာ မင်းကိုသုံးလို့ ရချင်ရနိုင်မှာပါ"

ဆမ်၏ခေါင်းကိုကျော်ပြီး မာရီလူး၏မျက်လုံးများကို စတီဖင်က ကြည့်သည်။ ထိုမျက်လုံးများသည် အေးစက်ပြီး စိမ်းလဲ့နေသည်။ ညဘက်တွင် မြင်တွေ့ရသော အသားစားသတ္တဝါရိုင်းတိရစ္ဆာန်တစ်ကောင်၏ မျက်လုံးများလို စိမ်းနေခြင်းဖြစ်သည်။

စတီဖင်က ပြုံးပြလိုက်သည်။

သို့သော် မာရီလူးက သူ့ကို ပြန်ပြုံးမပြပါ။

ထိုသို့ပြုံးမပြခြင်းသည် စစ်ကြေညာလိုက်သည့် သဘောပင် ဖြစ်လေသည်။

ဒါကို စတီဖင် သိသည်။

မာရီလူးသိသည်။

ဆမ်ကတော့ ဘာမှမသိ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ဇိမ်ခံကားကြီး၏ နောက်ခုံမှာ သူတို့နှစ်ယောက် ဝင်ထိုင်ကြသည်။ ဆမ်က ဒရိုင်ဘာကို လှမ်းပြောသည်။

"ဒေ့ဖ်ဒိုင်းမွန်းရဲ့အိမ်ကို မောင်း"

"မမောင်းနဲ့၊ ကျွန်မကို ဟိုတယ်ပြန်ပို့" ဟု မာရီလူးက ပြောသည်။

"တစ်မိနစ် နှစ်မိနစ်ပါကွယ်၊ အိမ်အပြန်မှာ ခဏဝင်လာခဲ့ပါမယ်လို့ ဒေ့ဖ်ကို ကတိပေးထားပြီး ဖြစ်နေလို့ပါ"

"မသွားဘူး၊ ရူးကြောင်ကြောင် ဧည့်ခံပွဲတွေတက်ရတာ စိတ်ကုန်လွန်းလို့" ဟု မာရီလူးက ဖွတ်ငြင်းသည်။

"ဒါပေမယ့် အခုဟာက အရေးကြီးတယ်ကွ၊ မင်းနောက်ရိုက်မယ့် ရုပ်ရှင်နှစ်ကားအတွက် ဒေ့ဖ်က ငွေထုတ်ပေးမှာ"

"အရေးကြီးတယ်ဆိုရင် ဟိုတယ်မှာ ကျွန်မကို ချထားပေးခဲ့၊ ပြီးရင် ရှင်တစ်ယောက်တည်းသွား"

မာရီလူးက ထိုင်ခုံတစ်ဖက်စွန်းသို့ ရွှေ့သွားသည်။ ပြီးတော့ သူ့ကို မျက်နှာလွှဲလိုက်ပြီး ဥဒဟိုမောင်းသွားနေသည့် ကားများကို ငေးကြည့်နေလိုက်သည်။

"ကောင်းပြီလေ၊ ဟိုတယ်ကိုသာ မောင်းပေတော့" ဟု ဆမ်က ဒရိုင်ဘာကို လှမ်းပြောသည်။

ဆန်းဆက်ဘူလဗားလမ်းမကြီး ရောက်သည်အထိ သူတို့ ငြိမ်နေကြသည်။ ကားက တောင်ပေါ်သို့စ,တက်လာသည်။ ပြီးတော့ လော့စ်အိန်ဂျလိစ်မြို့ဆီသို့ ဦးတည်ပြေးနေသည်။

"မင်းက ဘာဖြစ်သွားရတာလဲ" ဟု ဆမ်က နောက်ဆုံးတွင်မှ မေးသည်။

"ဘာမှမဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုတော့ ဖြစ်ပါတယ်ကွာ၊ ညနေတုန်းက မင်း အကောင်းကြီးပဲ"

မာရီလူးက ဘာမှပြန်မဖြေ။

ဟိုတယ်နားရောက်သည်အထိ သူတို့ စကားမပြောဖြစ်ကြပြန်။ မီးရောင်မှိန်မှိန် ဘလေးများကို မြင်နေရသည်။ မာရီလူးက သူ့ဘက်လှည့်လာသည်။

"ရှင် ဒီည ကျွန်မဆီမှာနေမှာလား"

"မနေဘူး" ဟုပြောရင်း ခေါင်းခါသည်။

"ဘာဖြစ်လို့လဲ"

"ဒုက္ခပါပဲကွာ၊ ဒီတစ်ပတ်အတွင်း အပြင်မှာ ငါ တစ်ညနေပြီးပြီလေ၊ ဒီလို တစ်ည နေရတာတောင် ဒင်းနိစ်ကို အကြောင်းအမျိုးမျိုးပြရတယ်၊ ကိုယ်ဘာလုပ်နေတယ်ဆိုတာ သိသွားရင် ကိုယ့်ကို သူသတ်လိမ့်မယ်"

"အခုအချိန်အထိ သူမသိသေးဘူးဆိုရင် တော်တော်တုံးတာပဲ" ဟု မာရီလူးက ပြောသည်။ အထင်သေးသည့် လေသံမျိုးပေါ်အောင် တမင်လုပ်ပြောသည်။

ဆမ်က ဘာမှပြန်မပြော။

"ရှင်တို့ အမေရိကန်ယောကျ်ားတွေဟာ သိပ်သူရဲဘောကြောင်တယ်၊ မကွာရှင်း ပြတ်စဲနိုင်တာကိုတော့ ကျွန်မ နားလည်နိုင်ပါတယ်၊ အကြောင်းပြစရာတွေ အများကြီး ရှိနေတာမဟုတ်လား၊ ပစ္စည်းခန်းတို့၊ အမြတ်တော်ကြေးတို့၊ ဒါပေမယ့် နစ်ကီဆိုရင် ကျွန်မက ခေါ်လို့များတော့ တစ်မိနစ်တောင် ဆိုင်းမနေဘူး၊ ကျွန်မဆီကို တစ်ချက်တည်း ရောက်လာတော့တာပဲ"

"ဒါဟာ ဥရောပနိုင်ငံ မဟုတ်ဘူးကွ၊ ဒီမှာက တစ်မျိုး၊ ဒါမျိုးကို ဒီမှာလက်မခံဘူး" ဟု ဆမ်က ခပ်တင်းတင်း ပြန်ပြောသည်။

"ဒီလိုဆိုရင် ကျွန်မက ရှင်မလာမချင်း ငုတ်တုတ်ထိုင်စောင့်နေရမှာပေါ့လေ"

ဆမ်က မာရီလူး၏ဆံပင်များကို လက်ဖြင့် အသာအယာသပ်သည်။ မာရီလူးက သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်သည်။

"ကျွန်မအသားကို မထိနဲ့"

မာရီလူး၏လက်သည်းဖြင့် ခြစ်မိသောကြောင့် သူ့လက်ခုံတွင် သွေးစို့သွားသည်။ သူက သွေးများကို ပါးစပ်ဖြင့် စုပ်ယူလိုက်သည်။

"ရှင်ပြောတဲ့စကားတွေကို ကျွန်မ ဘာဖြစ်လို့ နားထောင်နေမိမှန်းမသိဘူး၊ ရှင်ဟာ သူနဲ့မတူဘူးလို့ နစ်ကီက ကျွန်မကို ပြောဖူးတယ်၊ ကျွန်မအပေါ် သူ ဂရုစိုက်သလို ရှင် ဂရုစိုက်မှာ မဟုတ်ဘူးတဲ့၊ ရှင်က ကျွန်မကို အသုံးချချင်တာပဲရှိတယ်"

ထိုစကားကြောင့် ဆမ် ဒေါပွသွားသည်။

"ဘာအသုံးချရမှာလဲ၊ ရုပ်ရှင်တစ်ကားမှာ သရုပ်ဆောင်ခ ငါးသိန်းရအောင် ငါ လုပ်ပေးနေတာဟာ မင်းကို အသုံးချနေတာလား၊ မင်း ဒီကိုရောက်လာတာ အကြောင်းတစ်ခု ပဲရှိတယ်၊ ပိုက်ဆံရနိုင်မယ့် ဘယ်နေရာကိုမဆို မင်းသွားတယ်၊ ဒါပဲ"

မာရီလူးက ချက်ချင်း အငိုရပ်လိုက်သည်။ ဆမ်သည် သူ့ကို ဘယ်တုန်းကမှ ဒေါသ တကြီး မအော်ငေါက်ခဲ့ဖူးချေ။ ထို့ကြောင့် သူ့မျက်နှာပေါ်က အမူအရာလည်း ချက်ချင်း ပြောင်းလဲသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်သူငယ်ချင်းကြောင့် ကျွန်မ အခုလိုဖြစ်ရတာ" ဟု မာရီလူးက ရှက်တကြော် ပြောချလိုက်သည်။

"ဘယ်ကိုယ့်သူငယ်ချင်းလဲ"

"ဟုတ်တယ်၊ ရုပ်မြင်သံကြား ကုမ္ပဏီကလူ၊ ကျွန်မကို သူကြည့်တဲ့ပုံ မြင်တာနဲ့သိ တယ်၊ ကျွန်မကို သူ သဘောမကျဘူး"

"မင်းမှားနေပြီ၊ စတီဖင်ဟာ မင်းကို သိပ်သဘောကျတဲ့လူ"

"မဟုတ်ဘူး၊ ကျွန်မကို သူ သဘောမကျဘူး၊ ကျွန်မပြောရဲတယ်၊ ဒီလိုဆိုရင် ဟို မင်းသမီးကို လှမ်းခေါ်ပြီး ကျွန်မအစား သူ့ကိုသုံးပါလို့ ဘာဖြစ်လို့ပြောရတာလဲ"

"ဒီကားမှာ မင်းသရုပ်ဆောင်မယ်ဆိုတာ သူမှမသိဘဲ"

"သိတယ်၊ သူသိတယ်၊ ရှင်ပြန်မလာခင် သူ့ကို ကျွန်မကိုယ်တိုင် ပြောပြထားပြီး သား၊ ဒီကြားထဲက ဟိုမိန်းကလေးကို လှမ်းခေါ်ဖြစ်အောင် ခေါ်သေးတယ်"

ဆမ်က ငြိမ်နေသည်။

"သူဟာ ရှင့်မိန်းမရဲ့ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်လို့နေမှာပေါ့၊ ဒါကြောင့် ကျွန်မအပေါ် သူ ဒီလိုဆက်ဆံတာ"

"ဘယ်လိုဆက်ဆံတာလဲ"

"ကျွန်မကို ကြေးစားလို ဆက်ဆံတာလေ၊ သူနဲ့ နောက်ထပ်မတွေ့ချင်တော့ဘူး" ဟုပြောရင်း ကားပေါ်မှ ဆင်းသွားသည်။

ဆမ်ကလည်း ကားပေါ်မှဆင်းပြီး သူ့အနားမှာ သွားရပ်သည်။

"မင်းမှားနေတာ သေချာပါတယ်၊ စတီဖင်ဟာ ဘယ်တော့မှ ဒီလိုလူစားမျိုး မဟုတ် ဘူး"

"သူဟာ ရှင့်မိတ်ဆွေပဲ၊ ကျွန်မ နောက်ထပ် ဘာမှမပြောတော့ဘူး၊ ယောကျ်ားမိတ် ဆွေ နှစ်ယောက်ကြားမှာ မိန်းမတစ်ယောက်က ကန့်လန့်ကန့်လန့်ဝင်လုပ်စရာ ဘာအကြောင်း မှ မရှိဘူး၊

"နောက်တစ်ခေါက် သူ ဒီမြို့ကိုရောက်လာရင် မင်းနဲ့အတူတူ နေ့လယ်စာစားဖြစ် အောင် ကိုယ်စီစဉ်ပေးမယ်၊ ကိုယ်တို့ သုံးယောက်တည်းပေါ့၊ အဲဒီအခါကျရင် မင်းမှားကြောင်း သဘောပေါက်လိမ့်မယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ"

မာရီလူးက သူ့ကို ပါးထိုးပေးပြီး ဟိုတယ်ထဲသို့ ဝင်သွားသည်။ ဟိုတယ်ထဲမှာ သူ ပျောက်ကွယ်သွားသည်အထိ ဆမ်က ရပ်ကြည့်နေသည်။

ပြီးတော့ ပင်ပန်းနွမ်းနယ်စွာဖြင့် ကားထဲသို့ သူပြန်ဝင်ခဲ့သည်။ အိပ်ရာထဲမှာ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပစ်လိုက်ဖို့တစ်ခုပဲ သူစဉ်းစားမိသည်။ သူ့ကို ဒင်းနိစ် စောင့်မနေပါစေနဲ့ဟု ဆုတောင်းမိသည်။ သို့မဟုတ်လျှင် ယနေ့ညအကြောင်း လိမ်ညာပြောနေရဦးမည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ကားသံကြားသောအခါ ဒင်းနိစ် အိပ်ရာပေါ် ရောက်နေသည်။ ဖတ်လက်စ စာအုပ်ကိုချပြီး နားထောင်နေသည်။ အိမ်ရှေ့တံခါးဖွင့်သံနှင့် အပေါ်တက်လာသည့် ခြေသံကို ကြားရသည်။ ခပ်မြန်မြန်မီးပိတ်ပြီး စောင်ခြုံလိုက်သည်။

အိပ်ခန်းတံခါး ပွင့်သွားသည်။ အပြင်မှ မီးရောင်ဝင်လာသည်။ ဒင်းနိစ်က မျက်လုံးမှိတ်ထားသည်။ အသက်မှန်မှန် ရှူနေလိုက်သည်။ အခန်းထဲသို့ ခြေသံမကြားအောင် သူဝင်လာသည်။ ဒင်းနိစ်ကို ငုံ့ကြည့်နေသည်။ ဒင်းနိစ်က ငြိမ်နေသည်။

သူ ပြန်လှည့်သွားသည်။ အဝတ်လဲသံ ကြားရသည်။ ရေချိုးခန်းထဲ ဝင်သွားသည်။ ခဏကြာတော့ တစ်ဖက်ခန်းထဲမှာအိပ်ရန် ဝင်သွားသည်။

ဒင်းနိစ်က ခေါင်းအုံးနှင့် မျက်နှာအပ်ပြီး ငိုပစ်လိုက်သည်။ တိုးတိတ်သည့်ငိုသံဖြစ်ပါသည်။ ဟောလီးဝုဒ်ကို သူ အမုန်းကြီး မုန်းလိုက်မိပါသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"ဒီစတူဒီယိုမှာ ငါတစ်ယောက်တည်းပဲ အလုပ်လုပ်နေတာ၊ မနက်ဖြန်ကျရင် ဇာတ်ကားတစ်ကား စ,ရိုက်မယ်၊ ဒီနှစ်ထဲမှာ ငါထုတ်လုပ်တဲ့ ခုနှစ်ကားမြောက်ပဲ၊ ဟောလီးဝုဒ်ထဲ ရောက်တာ နှစ်နှစ်ပဲရှိသေးတယ်၊ ဒါလောက်ကားတွေ ထုတ်လုပ်နိုင်ခဲ့တယ်ဆိုတော့ မဆိုးဘူး ပေါ့နော်" ဟု ဆမ်က အားတက်သရော ပြောပြနေသည်။

"မဆိုးပါဘူး" ဟု စတီဖင်က ပြောသည်။ စားပွဲတစ်ဖက်ခြမ်းမှာထိုင်ရင်း ဆမ်ကို ကြည့်နေသည်။

"ဒါထက် သောက်စရာအရက် ဒီမှာဘာရှိသလဲ"

ဆမ် မျက်နှာပျက်သွားသည်။

"အေးကွာ. . . အဲဒါတစ်ခုတော့ ငါလိုသွားတယ်၊ ရုံးကထွက်လာကတည်းက ဒီအကြောင်း ကြိုတင်စဉ်းစားမိဖို့ ကောင်းတယ်၊ ဒီမှာတော့ ဘီယာပဲရနိုင်တယ်၊ စောစောရောက် ချင်တာနဲ့ ကတိုက်ကရိုက် ထွက်လာတာ၊ မာရီလူးလည်း နားချိန်မှာ တို့နဲ့အတူ နေ့လယ်စာ လာစားလိမ့်မယ်လေ"

"ဘီယာ ရနိုင်မလား"

ဆမ်က စားပွဲထိုးကို လှမ်းခေါ်သည်။

"မစ္စတာဂေါက်အတွက် ဘီယာပေးပါ"

ပြီးတော့ စတီဖင်ဘက်သို့ ပြန်လှည့်လာပြန်သည်။

"မင်းဖုန်းဆက်တဲ့အတွက် ငါဝမ်းသာလိုက်တာကွာ၊ မာရီလူးအကြောင်း မင်း သိစေ ချင်တယ်၊ သူဟာ သိပ်နာမည်ကြီးတဲ့ မင်းသမီးဖြစ်နေပေမယ့် အလွန်စိတ်ကောင်းရှိတယ်"

စားပွဲထိုးက ဘီယာ လာချပေးသည်။

"သူရိုက်နေတဲ့ ရုပ်ရှင်ကားက ဘယ်လိုနေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတယ်၊ တက်သုတ်နှင်ရတာတွေကတော့ မယုံကြည်နိုင်စရာပဲ၊ ဝယ်ရီကူးပါးက အဆင်မပြေတဲ့အကြောင်းကလေးတွေကြောင့် မရိုက်နိုင်ဘူးလေ၊ တို့တော့ ဒုတ္တရောက်ကုန်ပြီလို့ ငါထင်နေတာ၊ ကံအားလျော်စွာ ဂျက်ကလောနဲ့ ရိုက်ဖြစ်တယ်၊ မာရီလူး သိပ်တော်တာပဲ၊ သရုပ်ဆောင်တာ အဆင့်အတန်းသိပ်မြင့်တယ်၊ အလျင်ကားတွေနဲ့ မတူဘူး"

"ဝမ်းသာပါတယ်ဗျာ၊ ဒင်းနိစ်နဲ့ ကလေးတွေရော နေကောင်းကြရဲ့လား" ဟု စတီဖင်က လှမ်းမေးသည်။

"ဒင်းနိစ် နေကောင်းပါတယ်၊ ဒီအရပ်မှာ သူတို့ နေသားထိုင်သား ကျနေကြပြီ၊ ကလေးတွေကို ပြုစုပျိုးထောင်ပေးဖို့ကတော့ ဒီနေရာဟာ အကောင်းဆုံးနေရာပဲ၊ မင်းမြင်ပါလိမ့်မယ်"

"ဓာလေးတွေနဲ့ ကျွန်တော် တွေ့ချင်တယ်ဗျာ"

"တွေ့ရမှာပေါ့၊ တစ်ညသက်သက် ချိန်းပေးမယ်လေ၊ အိမ်ကို မင်း ညစာလာစားပေါ့၊ မင်းကြိုက်တတ်တဲ့ဂျူဟင်း ဒင်းနိစ်ကို ချက်ခိုင်းထားမယ်"

"ဟား. . ဟား. . ကြားရရုံနဲ့တောင် သွားရည်ကျလာပြီဗျာ"

အဝင်ပေါက်ဆီမှ အသံများကြားရသည်။ မာရီလူး ရောက်လာခြင်းဖြစ်ကြောင်း လှည့်မကြည့်ဘဲနှင့် စတီဖင်က သိနေသည်။ အဝင်ဝမှာ သူ ခဏဆိုင်းနေသည်။ ဧည့်သည်တို့များကို လက်မှတ်ထိုးပေးနေရသည်။ ပြီးတော့မှ သူတို့စားပွဲဆီသို့ လာသည်။ သူတို့နှစ်ယောက်က ထိုင်ရာမှ ထကြသည်။

ဆမ်က ဘေးဖယ်ပေးသည်။ သူတို့နှစ်ယောက်ကြားတွင် မာရီလူးထိုင်သာအောင် နေရာပြင်ပေးသည်။

"မင်းသိပ်လှနေတယ်" ဟုလည်း ပြောသည်။

"မိတ်ကပ်တွေ လိမ်းထားရတာ စိတ်ပျက်လွန်းလို့"

ပြီးတော့ စတီဖင်ကို လှည့်ကြည့်သည်။

"ပြန်တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာဂေါက်"

စတီဖင်က မာရီလူးနှင့် လက်ဆွဲနှုတ်ဆက်သည်။

"ဂုဏ်ယူပါတယ် မစ္စဘာဇီနီ"

"ထုံးတမ်းစဉ်လာကြီးတွေ လုပ်မနေပါနဲ့တော့လေ၊ ကျွန်မကို မာရီလူးလို့ပဲ ခေါ်ပါ"

"ကိုယ့်ကိုလည်း စတီဖင်လို့ ခေါ်မယ်ဆိုရင်ပေါ့လေ"

မာရီလူးက စတီဖင်၏ ဘီယာခွက်ကို လှမ်းကြည့်သည်။

"အဲဒါ ဘီယာတွေလား"

စတီဖင်က ခေါင်းညိတ်ပြသည်။

"ကျွန်မ ရေငတ်လိုက်တာ၊ စိတ်မဆိုးနဲ့နော်"

စတီဖင်၏ဘီယာခွက်ကို ကောက်ယူသောက်သည်။ ဘီယာခွက်ကိုပြန်ချရင်း သက်ပြင်းရှိုက်သည်။

"တစ်မနက်လုံး ရုပ်ရှင်ရိုက်နေရတာ၊ ပူလိုက်တဲ့နေကလည်း လွန်ပါရော" ဟု ညည်းညည်းညူညူကလေး ပြောသည်။

ဆမ်က စားပွဲထိုးကို လှမ်းခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘီယာနှစ်ခွက်ပေး၊ အား. . . သုံးခွက်သာပေးကွာ၊ မထူးတော့ပါဘူး၊ အစား အသောက် ရှောင်နေရတာ တယ်ဒုက္ခကြီးတာပဲ"

နေ့လယ်စာစားကြတော့ မာရီလူးက ဟုတ်တိပတ်တိမစား။

"ရှင် ဒီမြို့မှာ အနေတော်တော်များသလား" ဟု မာရီလူးက စတီဖင်ကိုမေးသည်။

"ဆိုပါတော့ ကိုယ့်အချိန်တွေ တစ်ဝက်လောက်က ဒီမှာကုန်နေတာပဲ၊ ကိုယ့်ရုံးကို ဒီမှာပြောင်းဖွင့်ရင်တောင် ကောင်းမလားလို့ စဉ်းစားနေမိတယ်"

စားပွဲထိုး ရောက်လာသည်။

"ရှင့်ရုံးက ဖုန်းလှမ်းဆက်နေပါတယ် မစ္စတာဘင်ဂျမင်၊ တယ်လီဖုန်း ဒီကိုယူလာပေး ရမလားရှင်"

ဆမ်က ခေါင်းခါသည်။

"နေပါစေ၊ ဟိုမှာပဲ လာပြောတော့မယ်၊ ဖုန်းယူလာနေရင် ကြာနေပါဦးမယ်" ဟု ပြောကာ ဆမ် ထ,လိုက်သွားသည်။

ဆမ် ထ,သွားပြီး ဖုန်းစကားပြောနေသည်ကို သူတို့နှစ်ယောက်က လှမ်းကြည့်နေ သည်။

"သူ အရမ်းအလုပ်လုပ်တာပဲ၊ ဘယ်တော့မှ မနားဘူး" ဟု မာရီလူးက ပြောသည်။

စတီဖင်က တစ်စုံတစ်ရာပြန်မဖြေဘဲ မာရီလူးကို ကြည့်နေသည်။

"ရှင်ရော အဲဒီလိုပဲ အလုပ်လုပ်သလား"

စတီဖင်က ပခုံးနှစ်ဖက်ကိုတွန့်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် မဟုတ်ဘူးလို့ ဖြေရတော့မှာပဲ"

"ဖြေပုံက ဥရောပသား ဆန်လိုက်တာ"

"ဒါလောက် အလုပ်မလုပ်ဖြစ်အောင်တော့ ကြိုးစားတာပဲ၊ ဒါပေမယ့် ရှောင်လို့မရ တာတွေ ပေါ်ပေါ်လာတတ်တယ်"

"ရှင်တို့အားလုံးဟာ သိပ်အမေရိကန်ဆန်တာပဲ၊ အလုပ်ကိုပဲ ပထမဦးစားပေးတယ်၊ အချိန်သာကုန်သွားရော ရှင်တို့ ဘယ်တော့မှ မပင်ပန်းဘူး၊ နောက်ထပ်အလုပ်ပေါ်လာရင် ထ,လုပ်ပြန်တာပဲ"

စတီဖင်က ပြုံးသည်။ သို့သော်လည်း သဘောကျသည့် အမူအရာမျိုးတော့ သူ့ မျက်လုံးထဲမှာ ပေါ်မလာပေ။

"ကိုယ်ကတော့ ဒါလောက်မဟုတ်ပါဘူး"

မာရီလူးကလည်း ပြန်ပြုံးသည်။ သူ့မျက်လုံးထဲမှာလည်း ပျော်ရွှင်သည့်အရိပ် မရှိ။

"ကျွန်မကို ရှင် သဘောမကျပါဘူး" ဟု မာရီလူးက ရုတ်တရက် ပြောသည်။ မေးခွန်းထုတ်သည့်ပုံမျိုး မဟုတ်ဘဲ သူ့စိတ်ထဲရှိသည်ကို ဖွင့်ပြောသည့်သဘောမျိုး ဖြစ်သည်။

"ကိုယ် ဒီလိုမပြောဖူးပါဘူး"

"ကျွန်မအင်္ဂလိပ်စကားက သိပ်မကောင်းဘူး၊ ဒီလိုပြောရင် ပိုမှန်မလားမသိဘူး၊ ကျွန်မကို ရှင် လက်မခံနိုင်ဘူးလို့လေ"

"ဒါလည်း အရေးမကြီးပါဘူး၊ ဒါက ကိုယ့်ကိစ္စမှမဟုတ်ဘဲ"

"ရှင်ဟာ သိပ်အမေရိကန်ဆန်တယ်၊ သိပ်မှန်တယ်၊ ဒါပေမယ့် ရှင်ဟာ သူ့မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ဆဲ နောက်ပြီးတော့ ကျွန်မဟာ သူ့အတွက် သိပ်မကောင်းလှတဲ့ မိန်းကလေးလို့ ရှင်ထင်နေတယ်"

"မင်းကရော ကောင်းလို့လား"

"ကျွန်မကတော့ ကောင်းတယ်ထင်တာပဲ၊ နေရာအတော်များများမှာပေါ့လေ၊ သူ့အလုပ်အတွက်ဆိုပါတော့၊ နောက်ပြီးတော့ ဘာခေါ်မလဲ၊ သူ့ရဲ့ အတ္တစိတ်အတွက်ရောဆိုပါတော့"

စတီဖင်က ဘာမှပြန်မဖြေ။

"တစ်ခါတစ်ရံကျတော့ ယောကျ်ားတစ်ယောက်ရဲ့ဘဝမှာ ကျွန်မလို မိန်းကလေးမျိုး ရှိနေဖို့ လိုအပ်တယ်၊ တခြားမင်းသမီး ပေါက်စကလေးတွေနဲ့စာရင် ကျွန်မဟာ သူ့အတွက် ပိုပြီးကောင်းတယ်၊ မင်းသမီး ပေါက်စကလေးတွေ၊ ဇာတ်ရုံမင်းသမီးကလေးတွေကျတော့ သူ့ဆီကပဲ ရသမျှ အကုန်ခွာယူသွားကြမှာလေ၊ ကျွန်မကတော့ သူ့ဆီကရယူသလောက် သူ့ကိုပြန်ပေးတယ်၊ ကျွန်မနဲ့ အတူတူနေတဲ့အခါမှာ သူဟာ တကယ့်ယောကျ်ားတစ်ယောက် ဖြစ်သွားတယ်"

"သူဟာ အမြဲတမ်း တကယ့်ယောကျ်ားတစ်ယောက်ပါပဲ"

ထိုအချိန်မှာပင် ဆမ် ပြန်ရောက်လာသည်။ သူ့မျက်နှာမှာ ဒေါသရောင်ကြောင့် နီရဲနေသည်။

"အလကားကောင်တွေ၊ တို့ညစာစားဖို့ အစီအစဉ်ကို ဖျက်ရတော့မယ်၊ ဒါရိုက်တာနဲ့ ဇာရေးဆရာက ဇာတ်ညွှန်းပေါ်မှာ အငြင်းပွားနေကြတယ်လေ၊ ဒါကြောင့် ဒီည သူတို့နဲ့တွေ့ပြီး ညှိနှိုင်းပေးရမယ်၊ ဇာတ်ကားက မနက်ဖြန်စရိုက်တော့မှာ" ဟု ကုလားထိုင်မှာ ဝင်ထိုင်ရင်း ပြောသည်။

"အိုး. . . ကျွန်မက အစီအစဉ်တွေအားလုံး လုပ်ထားတာ၊ အီတလီအစားအစာတွေ ဒီနေ့ ချက်မလို့" ဟု မာရီလူးက စိတ်ပျက်လက်ပျက်သံဖြင့် ပြောသည်။

ဆမ်က သူ့ကိုကြည့်သည်။ ပြီးတော့ စတီဖင်ကို ကြည့်သည်။

"ငါ တစ်ခုစိတ်ကူးမိတယ်၊ မင်း မာရီလူးနဲ့အတူတူ ညစာသွားစားပါလား၊ ငါ့ကိစ္စ ခပ်စောစောပြီးသွားရင် မင်းတို့ဆီကို တန်းလာခဲ့မယ်လေ"

"စတီဖင်မှာ တခြားအစီအစဉ်တစ်ခုခု ရှိချင်ရှိနေမှာပေါ့" ဟု မာရီလူးက ပြောသည်။ သူ့လေသံထဲတွင် စိန်ခေါ်သည့်လေသံမျိုး သိသိသာသာ ပါနေသည်။

"ဘာအစီအစဉ်မှ မရှိပါဘူး"

ဆမ်၏မျက်နှာ ပြုံးသွားသည်။

"ကောင်းတယ်၊ သူချက်တဲ့ အီတလီဟင်းတွေကို မင်းမစားရသေးဘဲနဲ့တော့ တကယ့် အီတလီအစားအစာကို စားဖူးတယ်လို့ မပြောနိုင်ဘူး"

"ကျွန်တော်ကလည်း ဒီလိုပဲ ထင်ထားပြီးသားပါဗျာ၊ ဘယ်အချိန် ဘယ်နေရာကို လာရမှာလဲ"

"ညရှစ်နာရီတိတိ၊ ဘန်ဂလိုနံပါတ်သုံး၊ ဘီဗာလီဟေးလ်ဟိုတယ်" ဟု မာရီလူးက ပြောသည်။

"ပိုလွယ်သွားတာပေါ့၊ ကိုယ်ကလည်း အဲဒီဟိုတယ်မှာပဲ တည်းနေတာ"

www.burmeseclassic.com

www.burmeseclassic.com


မာရီလူးက ထိုင်ရာမှထ,သည်။

"ရုပ်ရှင်ပြန်ရိုက်ဖို့ အချိန်စေ့သွားပြီ"

ထွက်သွားသော မာရီလူးကို သူတို့နှစ်ယောက် လှမ်းကြည့်နေကြသည်။ ပြီးတော့မှ ဆမ်က စတီဖင်ဘက်သို့ လှည့်လာသည်။

"သူ့ဖိတ်တာကို မင်းမငြင်းလိုက်တဲ့အတွက် ငါ သိပ်ဝမ်းသာသွားတယ်ကွာ၊ ကလေးမလေးက သူ့ကို မင်း သဘောမကျဘူးလို့ ထင်နေတာ မင်းသိသလား"

❑

လေအေးစက် တပ်ဆင်ထားသော အခန်းထဲမှ အပြင်သို့ သူထွက်လာသည်။ အပြင်မှာ အပူရှိန် ရှိနေသေးသည်။ ပန်းနုံ့များသင်းနေသည့် လူသွားလမ်းကလေးအတိုင်း သူ လျှောက်လာသည်။

ဘန်ဂလိုနံပါတ်သုံးသည် ရှုံးများအလွန်မှာ ရှိသည်။ လှေကားထစ်များအတိုင်း တက်လာခဲ့ပြီး တံခါးခေါင်းလောင်းကို ခေါက်သည်။

ခဏကြာတော့ တံခါးပွင့်သွားသည်။ ဆံပင်နက်နက်နှင့် အသက်လေးဆယ်ကျော် အိမ်ဖော်အမျိုးသမီးကြီး တစ်ယောက်ကို တွေ့ရသည်။ သူ့ကို တလေးတစား နှုတ်ဆက်သည်။

အတွင်းမှာ အနည်းငယ်အေးသည်။ ပြတင်းပေါက်တံခါးများကို သူလှမ်းကြည့်သည်။ အားလုံးဖွင့်ထားသည်။

ပြတင်းပေါက်နားမှ သူပြန်အလှည့်တွင် အခန်းထဲသို့ မာရီလူး ဝင်လာသည်။

"လေအေးစက်ဖွင့်ထားတဲ့ အခန်းထဲမှာ ကျွန်မချက်တဲ့ဟင်းတွေကို စားလို့မရဘူး အရသာ ပျက်သွားတတ်တယ်"

"ဟုတ်တယ်၊ အအေးမိကုန်နိုင်တာပေါ့"

မာရီလူးက သူ့ကို နားမလည်သလို ကြည့်နေသည်။ ပြီးတော့မှ "ဟုတ်ပါတယ်" ဟု တုံ့ဆိုင်းဆိုင်းပြောသည်။

"ဆောရီးပဲ၊ ကိုယ် ရယ်စရာပြောတာပါ" ဟု စတီဖင်က ခပ်မြန်မြန် ပြောလိုက်ရသည်။

မာရီလူး ပြုံးလာသည်။

"အမေရိကန်ဟာသတွေကို ကျွန်မ ကောင်းကောင်း နားမလည်သေးဘူး"

"နောက်တော့ နားလည်သွားမှာပါ၊ အချိန်တော့ယူရတယ်"

"ရှင့်ကုတ်အင်္ကျီ ကျွန်မကိုပေး"

ရိုးရိုးချည်အင်္ကျီကို မာရီလူးဝတ်ထားကြောင်း သူ သတိထားလိုက်မိသည်။ ဈေးမှာ သွားဝယ်လျှင် သုံးဒေါ်လာထက် ပိုပေးရမည်မဟုတ်သော အပေါစားဖြစ်သည်။ မိတ်ကပ်လည်း လိမ်းခြယ်ထားခြင်းမရှိ။

သူ သတ်ပြင်း မသိမသာရှိုက်လိုက်သည်။ ဘာပဲဝတ်ထားထား အကြောင်းမဟုတ်ပါ။ သူသည် မိန်းမအစစ်တစ်ယောက်ပဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကမ်းပေးသည့် ကုတ်အင်္ကျီကို မာရီလူးက ချိတ်မှာသွားချိတ်သည်။

"အဲဒီဘားမှာ ကြိုက်ရာသာ စပ်သောက်ပေတော့၊ လည်စည်းပါ ဖြုတ်လိုက်ဦးလေ၊ ကျွန်မ မီးဖိုထဲ ပြန်သွားလိုက်ဦးမယ်"

အခန်းထဲမှ ပြန်ထွက်သွားသည့် မာရီလူးကို သူကြည့်နေလိုက်သည်။ လည်စည်းကို ဖြုတ်ပြီး ဘားရှိရာသို့ လာခဲ့သည်။ စကော့ဝီစကီနှင့် ရေရောနေစဉ် မီးဖိုထဲမှအသံကို ကြားရသည်။

"မူးအောင်မသောက်နဲ့နော်၊ တော်တော်ကြာ စားလို့မဖြစ်ဘဲ နေဦးမယ်"

"မပူပါနဲ့၊ ကိုယ် အခုမှ တစ်ခွက်ပဲ ရောရပါသေးတယ်" ဟု သူကလည်း ပြန်အော်ပြောလိုက်လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

စတီဖင်က ကုလားထိုင်နောက်မှီပေါ်သို့ ကိုယ်ကို ပစ်မှီချလိုက်သည်။ သူ့ အင်္ကျီ ဗိုက်လေးသွားသည်။

"မယုံကြည်နိုင်စရာပဲ၊ ကိုယ် အများကြီး စားပစ်လိုက်တယ်"

"ကျွန်မလောက် မများပါဘူးလေ"

အိမ်ဖော်အမျိုးသမီး ဝင်လာသည်။ မာရီလူးက ထိုင်ရာမှ ထ,သည်။

"ကျွန်မတို့ ဧည့်ခန်းကို သွားကြရအောင်"

ဧည့်ခန်းထဲရောက်တော့ တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ မာရီလူးက သွား ကိုင်သည်။

"ဟယ်လို"

တစ်ဖက်ကဆက်သူမှာ ဆမ်ဖြစ်သည်။ သူနားထောင်နေသည်။

"ဟုတ်ကဲ့၊ ဒီလိုဆိုရင် မနက်ဖြန်မှပေါ့"

စတီဖင်ကို လှမ်းကြည့်သည်။

"ဆမ်က ရှင်နဲ့ စကားပြောချင်လို့တဲ့"

စတီဖင်က ဖုန်းကိုလှမ်းယူသည်။ ဆမ်၏အသံကို ကြားရသည်။

"ငါ ဒီမှာ မပြတ်နိုင်အောင် ဖြစ်နေတယ်ကွာ၊ မင်းတို့ဆီ မလာနိုင်တော့ဘူး၊ အီတလီ ဟင်းတွေ ကောင်းကြောင်း ငါပြောတာ မှန်တယ်မဟုတ်လား"

"မှန်ပါတယ်ဗျာ"

"ဒီမှာ မင်း ဘယ်လောက်ကြာဦးမလဲ၊ မင်းနဲ့ငါ ထပ်တွေ့ချင်သေးတယ်၊ စီးပွား ကလေးတွေ ရှိနေလို့"

www.burmeseclassic.com

www.burmeseclassic.com



"သုံးလေးရက် နေဦးမှာပါ"

"မနက်ဖြန်တော့ ငါအလုပ်များနေလိမ့်မယ်၊ သန်ဘက်ခါဆိုရင် ဘယ်လိုနေမလဲ" ဟု ဆမ်ကမေးသည်။

"ကျွန်တော့်ဘက်က အဆင်ပြေပါတယ်၊ ခင်ဗျားအတွင်းရေးမှူးကို ကျွန်တော့်ရုံး နံပါတ်ဆက်ခိုင်းလိုက်လေ"

"ကောင်းတယ်၊ ကျေးဇူးတင်ပါတယ်ကွာ"

စတီဖင် အံ့အားသင့်သွားသည်။

"ဘာအတွက်လဲ"

"ငါ့ကောင်မလေးအပေါ် မင်း ကောင်းကောင်းမွန်မွန် ဆက်ဆံလို့ပါ၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ်"

ဆမ်က ဖုန်းချသွားသည်။ စတီဖင်က မာရီလူးရှိရာသို့ ပြန်လာသည်။ မာရီလူးက အားနားမှာ ရပ်နေသည်။ အရက်နှစ်ခွက်ကိုင်ပြီး သူ့ဘက်လှည့်လာသည်။ သူ့ကို တစ်ခွက် ထမ်းပေးသည်။ မာရီလူး၏လက်များ တုန်နေကြောင်း သတိထားလိုက်မိသည်။

"မင်း နေကောင်းရဲ့လား"

"ကောင်းပါတယ်" ဟုပြောရင်း မာရီလူးက ခေါင်းညိတ်သည်။

"မင်း သိပ်ပင်ပန်းနေရောပေါ့၊ တစ်နေကုန် နေပူကြီးထဲမှာ အလုပ်လုပ်ခဲ့ရတယ်၊ ပြီးတော့ အိမ်ပြန်လာပြီး ချက်ရပြုတ်ရသေးတယ်၊ ကိုယ်ပြန်ရင် ကောင်းမယ်ထင်တယ်၊ ဒါမှ မင်း အနားယူလို့ရမှာ"

"မပြန်ပါနဲ့. . . မပြန်ပါနဲ့" ဟု တားသည်။

"မင်း အိပ်ရာထဲမှာ နားနေလိုက်ရင် သက်သာသွားမှာပေါ့"

"ကျွန်မ နေကောင်းပါတယ်၊ ဟင်းတွေက ကျွန်မချက်တာ မဟုတ်ပါဘူး၊ ဟိုတယ်က လူတစ်ယောက်ကို ခေါ်လာပြီး ချက်ခိုင်းတာပါ၊ သူက ကျွန်မတို့နိုင်ငံမှာချက်သလို ကောင်းကောင်း ချက်တတ်တယ်လေ"

"နောက်နေတာလားကွာ"

"ရှင် အံ့သြသွားပုံရတယ်၊ ဘာဖြစ်လို့ အံ့သြသွားရတာလဲ၊ ဒါဟာ ပေါလီးဝုဒ်လေ၊ မြင်နေရသလို ဘာတစ်ခုမှ မဟုတ်ဘူး၊ အစစ်ဆိုတာ ဘာတစ်ခုမှမရှိဘူး"

စတီဖင်က ဘာမှမပြော။

"ကျွန်မ ဘာမှမချက်တတ်ဘူး၊ တစ်ခါမှလည်း မသင်ခဲ့ဖူးဘူး၊ ကျွန်မ ဆယ့်လေးနှစ် သမီးအရွယ်တုန်းက ကျွန်မတို့ရဲ့ မာစာလာမြို့ကို ရုပ်ရှင်ဒါရိုက်တာတစ်ယောက် ရောက်လာ တယ်၊ ကျွန်မကို သူတွေ့သွားတယ်၊ ကျွန်မက ဆယ့်လေးနှစ်သမီးဆိုပေမယ့် လူကောင်ကထွား တယ်၊ နှစ်ပတ်လောက်ကြာတော့ အဲဒီဒါရိုက်တာနဲ့အတူတူ ရောမမြို့ကို ကျွန်မ လိုက်သွား တယ်၊ ကျွန်မအဖေလည်း ပျော်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအပြင် သူကျွေးရမယ့် ပါးစပ်ပေါက်တွေက ခုနှစ်ပေါက်တောင် ရှိနေတာကိုး"

သူ ရုတ်တရက် ကျွန်တော့်ကို ကျောခိုင်းသွားသည်။

"ကျွန်မတို့ အီတလီလူမျိုးတွေဟာ ရှင်တို့ထင်ထားသလို ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီး အိပ်အယူသည်းကြတာ မဟုတ်ဘူး၊ ပိုက်ဆံရမယ်ဆိုရင် လိုင်လာငွေ တစ်သောင်းလောက်

www.burmeseclassic.com

www.burmeseclassic.com



အတွက်နဲ့လည်း ဂုဏ်သိက္ခာ အပျက်ခံချင်ခံကြတာပဲ"

လိုင်လာတစ်သောင်းဆိုသည်မှာ ဒေါ်လာနှစ်ဆယ်ထက်ပင် နည်းနေသေးသည်။

"ကိုယ် စိတ်မကောင်းပါဘူး" ဟု နောက်ဆုံးတွင် သူကလှမ်းပြောသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်မအဖေပြောတဲ့ စကားတစ်ခုရှိတယ်၊ ဘယ်ပစ္စည်း ဘယ်ကိစ္စမှာမဆို သူ့တန်ဖိုးနဲ့သူ ရှိတာချည်းပဲတဲ့၊ ဂုဏ်သိက္ခာဆိုတာမှာလည်း သူ့တန်ဖိုးနဲ့သူ ရှိတာပဲတဲ့၊ အဲဒီသင်ခန်းစာကိုယူပြီး ကျွန်မဘဝခရီးကို လျှောက်နေတာ၊ အဲဒီဒါရိုက်တာနဲ့ တွေ့ပြီးတော့လည်း တခြားလူတွေနဲ့ ထပ်တွေ့ပါတယ်၊ အခုတော့ ဆမ်နဲ့ တွေ့နေရပြန်ပြီပေါ့ လေ၊ ဒါကြောင့် ကျွန်မနဲ့ပတ်သက်ပြီး ရှင်ပြောတာတွေ မှန်ပါတယ်"

မာရီလူး၏မျက်လုံးထဲမှာ မျက်ရည်များကို သူမြင်နေရသည်။

"ဒီလိုတော့လည်း မဟုတ်ပါဘူးလေ၊ သူ့ကို မင်းချစ်နေပြီလား"

မာရီလူးက စတီဖင်ကို မျက်လုံးချင်း ဆိုင်ကြည့်လိုက်သည်။

"မချစ်ပါဘူး၊ ရှင်ဆိုလိုတဲ့အချစ်မျိုးနဲ့ မချစ်ပါဘူး၊ ဒါပေမယ့် သူ့ကို ကျွန်မနည်း ကျွန်မဟန်နဲ့ ကျွန်မချစ်တယ်၊ သူ့ကိုလေးစားတယ်"

"ဒီလိုဆိုရင် ဘာဖြစ်လို့ အခုလိုနေနေတာလဲ၊ မင်း ဒီလိုဆက်နေဖို့ မလိုတော့ဘူး လေ၊ အခု မင်းဟာ သိပ်ကိုအောင်မြင်ကျော်ကြားတဲ့ မင်းသမီးဖြစ်နေပြီပဲ"

"ကျွန်မကိုယ်ကျွန်မလည်း ဒီအတိုင်း ပြောကြည့်ဖူးပါတယ်၊ ဒါပေမယ့် အဲဒါကို ကျွန်မ မယုံဘူး၊ ကျွန်မကြောက်တယ်၊ ကျွန်မအနားမှာ တစ်ယောက်ယောက်ရှိမနေရင် ကျွန်မ ကျဆုံးသွားမှာကို ကြောက်တယ်"

"ဒါ မမှန်ပါဘူးကွယ်၊ မင်းဘာတွေပဲဖြစ်ဖြစ် အဲဒါဟာ ဘယ်သူကမှ လုပ်ပေးတာ မဟုတ်ပါဘူး၊ မင်းကိုယ်တိုင်လုပ်တာပဲ၊ ကင်မရာရှေ့မှာ မင်းရပ်တယ်၊ မင်းတစ်ယောက်တည်း ရပ်တယ်၊ တခြားလူမဟုတ်ဘူး၊ တခြားလူမရှိဘူး၊ တခြားလူကြောင့် ရပ်တာမဟုတ်ဘူး၊ မင်း ဘာသာမင်း ရပ်တာ၊ မင်းတစ်ယောက်တည်း ရပ်နေတာ၊ တစ်ကမ္ဘာလုံးက မြင်နိုင်အောင် ဖိတ်ကားပေါ်မှာ မင်းရပ်နေတယ်၊ အဲဒါဟာ မင်းပဲ"

မာရီလူးက သူ့ဆီသို့ ဖန်ခွက်မြှောက်ပြလိုက်သည်။

"ရှင်ဟာ အင်မတန်စိတ်ကောင်းရှိပြီး သနားကြင်နာတတ်တဲ့ လူတစ်ယောက်ပဲ စတီဖင်ဂေါက်၊ ကျေးဇူးတင်ပါတယ်"

"မင်းဟာ အင်မတန်လှတဲ့ မိန်းကလေးပဲ အီတလီမလေး၊ နောက်ပြီးတော့ ဟင်း တွေဟာ မင်းချက်တာ ဟုတ်ဟုတ်၊မဟုတ်ဟုတ် ကိုယ်စားဖူးသမျှထဲမှာတော့ အကောင်းဆုံး အီတလီအစားအစာပဲ"

"ရှင်ပြောတာကို ကျွန်မယုံတယ်၊ ရှင့်မှာ မိန်းမရှိသလား"

"မရှိဘူး၊ ရှိခဲ့ဖူးတယ်"

"ကွာရှင်းလိုက်တာလား"

"ဆုံးသွားတာ"

"အို်း. . ."

ကြင်နာသည့်အမူအရာ သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ရှင်ချစ်သလား"

စတီဖင် တွဲဆိုင်းဆိုင်းဖြစ်သွားသည်။

"ချစ်တယ်၊ ဒါပေမယ့် အစက ကိုယ်မသိခဲ့ဘူး၊ သိပ်ကိုနောက်ကျသွားမှ သိတာ"

မာရီလူးက ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"ဒီလိုပဲဖြစ်တတ်တယ်၊ ကျွန်မတို့လက်ထဲ ရောက်နေတဲ့ အချိန်တုန်းကတော့ ဘာမှ ...ဘူး၊ လွန်သွားတော့မှသာ သိစမြဲပဲ"

စတီဖင်က နာရီကို ငုံ့ကြည့်သည်။

"ဆယ့်တစ်နာရီတောင် ထိုးသွားပြီ၊ ကိုယ်သွားတော့မှပဲ၊ မနက်ဖြန်ကျတော့ ကင်မရာ ...မှာ မင်း လှလှပပလေး ရပ်နေနိုင်ဖို့ လိုသေးတယ်လေ"

"မနက်ဖြန် ကျွန်မ အလုပ်မလုပ်ဘူး"

စတီဖင် စိတ်ဝင်စားလာသည်။

"မင်း အပြင်မထွက်ဘူးလား၊ ရုပ်ရှင်သွားကြည့်တာတို့၊ တစ်နေရာရာကို သွားတာတို့"

မာရီလူးက ခေါင်းခါသည်။

"မသွားပါဘူး၊ လူမြင်လို့ ဘယ်ကောင်းမလဲ၊ မာရီလူးဘာဇီနီဆိုတဲ့ အင်မတန် ...င်မြင့်ကျော်ကြားနေတဲ့ ရုပ်ရှင်မင်းသမီးက တစ်ယောက်တည်း အဖော်မပါ သွားလာနေ ...ဆိုတာ လူမြင်လို့ မကောင်းဘူးလေ၊ ဒါပေမယ့် ကျွန်မအဖို့တော့ ဘာမှမဖြစ်တော့ပါဘူး၊ ...ကျင့်ရနေပါပြီ၊ ဒီလိုပဲ နေခဲ့ရတာ မဟုတ်လား"

"ဒါလည်း မဟုတ်သေးဘူး၊ တစ်ယောက်တည်း အိမ်တွင်းအောင်းနေတယ်ဆိုတာ ...ကောင်းသေးဘူး"

"ဒီဘဝမျိုးနဲ့ ကြာကြာနေရတော့မှာ မဟုတ်ပါဘူး၊ ကျွန်မ ဆုံးဖြတ်လိုက်ပြီ၊ နောက် ... ဇာတ်ကားနှစ်ကားရိုက်ဖို့ ကျွန်မ စာချုပ်လက်မှတ်မထိုးတော့ဘူး၊ ကျွန်မ အီတလီကို ပြန်တော့ ...ဟိုမှာ ကျွန်မ လွတ်လွတ်လပ်လပ် နေနိုင်တယ်၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်တိုင်းပြည်မဟုတ် ..."

"ဒီအကြောင်း ဆမ်သိသလား"

"မသိဘူး၊ သူ ဘယ်လိုလုပ်သိနိုင်မှာလဲ၊ အခုနလေးက ကျွန်မ ဆုံးဖြတ်လိုက်တာ"

"မင်းတိုင်းပြည်ကိုပြန်ရင် နယူးယောက်မြို့ကို ဖြတ်သွားမှာလား"

"ရှင်က ဖြတ်သွားပါလို့ပြောရင် သွားပါ့မယ်"

"ကိုယ်ပြောနေပါတယ်"

"ဒီလိုဆိုရင် ကျွန်မလာပါ့မယ်"

စတီဖင်က သူ့ဆီသို့ တိုးသွားသည်။ မာရီလူးက သူ့ရင်ခွင်ထဲသို့ ဝင်လာသည်။ ...ခင်ဘတ်ပေါ်မှာ ခေါင်းမှေးတင်ပြီး အချိန်အကြာကြီး ရပ်နေကြသည်။ အတော်ကြာတော့မှ ...ဖင်က သူ့မျက်နှာကလေးကို အသာအယာ ဆွဲမော့ယူပြီး နမ်းသည်။

"ဂွဒ်နိုက် အီတလီမလေး"

"ဂွဒ်နိုက် စတီဖင်ဂေါက်"

ခုံပေါ်မှလည်စည်းကို သူကောက်ယူသည်။ မာရီလူးက သူ့ကုတ်အင်္ကျီကို ချိတ်မှ ...ယူပေးသည်။ ဘာစကားမှ ထပ်မပြောတော့ဘဲ သူ တိတ်ဆိတ်စွာ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မာရီလူးက အပေါက်ဝမှာရပ်ပြီး အကြာကြီး ငေးမျှော်ကြည့်နေသည်။ စတီးမ်ဘတ် ပျောက်သွားတော့မှပင် အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ သူ အလွန်စိတ်ချမ်းသာသွားလေသည်။ နှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ် စိတ်ချမ်းသာလိုက်မိခြင်း ဖြစ်လေသည်။

□

"ဒီဥစ္စာ ရှင်တွေ့ပြီးပြီလား ဆမ်"

"ဘာလဲ"

ဆမ်က ညစာကို ပလုတ်ပလောင်း စားနေရာမှ ဒင်းနိစ်ကို မော့ကြည့်သည်။

ဒင်းနိစ်က အထောက်တော်သတင်းစာကို လှမ်းပေးသည်။ မျက်နှာပေါ်ရှိ သတင်း တိုကလေးတစ်ပုဒ်ကို လက်ညှိုးထိုးပြသည်။

"မြင်းစီးသူရဲများ ကားရိုက်ပြီးလျှင် အီတလီနိုင်ငံသို့ မာရီလူးဘာဇီနီ ပြန်မည်ဆိုခြင်း" ဟူသော ခေါင်းစဉ်ကို တွေ့ရသည်။

ဆမ်က ခေါင်းညိတ်ပြပြီး စားမြဲဆက်စားနေသည်။

"နောက်နှစ်ကားဆက်ရိုက်ဖို့ ရှင် စာချုပ်ထားတယ်လို့ ကျွန်မ ထင်ထားတာ"

"မရိုက်တော့ဖို့ တို့ သဘောတူလိုက်တယ်၊ သူ ဒီမှာမပျော်ဘူး၊ ရောမမြို့မှာ အလုပ်လုပ်ချင်တယ်တဲ့"

"ဒါဆိုရင် ရှင့်အစီအစဉ်တွေ ကမောက်ကမများ ဖြစ်ကုန်ဦးမှာလားဟင်" ဟု ဒင်းနိစ် က မေးသည်။ သူ့ရင်ထဲမှာ တင်းကျပ်မှုများ လျော့ပါးသွားသည်ကို မပေါ်အောင် ထိန်းထား သည်။

"မဖြစ်ပါဘူး၊ ညဘက်ဆို ကိုယ် အိမ်စောစော ပြန်နိုင်တော့မှာပေါ့၊ သူသွားလေ့ တကောက်ကောက်လိုက်နေဖို့ မလိုတော့ဘူးလေ"

"ဒီနေ့ညလိုလား"

"ဟုတ်တယ်၊ ဒီနေ့ညလို" ဟုပြောရင်း ဒင်းနိစ်၏လက်ကို သူ ဆွဲထားလိုက်လေ သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

သန်းခေါင်ကျော် အချိန်ကလေးမှာပင် စတီဖင်က သူ့အိမ်ခန်းအတွင်းသို့ ပြန်ဝင်လာသည်။ ထိုအချိန်တွင် တယ်လီဖုန်းခေါင်းလောင်း မြည်နေသည်။ သူက ကောက်ကိုင်သည်။

"ဟယ်လို. . ."

"စတီဖင်ဂေါက်လား"ဟူသော ခပ်ဝဲဝဲအသံကို ကြားရသည်။

"ဟုတ်ပါတယ်"

"ကျွန်မ နယူးယောက်မြို့ကိုရောက်ရင် ဖုန်းဆက်ပါလို့ ရှင်မှာထားလို့လေ"

"အီတလီမလေး. . . မင်း ဘယ်တော့လာမှာလဲ"

"ကျွန်မ နယူးယောက်မြို့ကို ရောက်နေပြီလေ၊ အခု လေဆိပ်မှာ၊ ကျွန်မစီးလာတဲ့ လေယာဉ်ပျံ အခုလေးပဲ ဆင်းတယ်"

"ရုပ်ရှင်ကားက ရိုက်လို့ပြီးသွားပြီလား"

"မနေ့ကပဲ ပြီးတယ်၊ အခန်းနည်းနည်းပါးပါးမှာ ဒီနေ့မနက် အသံသွင်းပေးနေရလို့ မဟုတ်ရင် အစောကြီးကတည်းက ဒီကိုရောက်တယ်"

"မင်းထွက်လာတာ ဆမ်သိသလား"

"မသိဘူး၊ ကျွန်မ တိတ်တိတ်ကလေး ထွက်လာတာ ပိုကောင်းမယ်ထင်လို့၊ ရှင့်ဆီကို ကျွန်မ ကြိုးစားပြီး ဖုန်းဆက်ကြည့်သေးတယ်၊ တစ်ခါမှ ဆက်လို့မရဘူး"

"မင်းကို လာကြိုမယ့်ကားရှိသလား"

"မရှိဘူး၊ ဒီကိုထွက်လာဖို့ ဒီနေ့မနက်မှ ကောက်ကာငင်ကာ ဆုံးဖြတ်လိုက်တာ၊ မိဖော်အမျိုးသမီးကြီးကိုတောင် ထားပစ်ခဲ့တယ်၊ နောက်ပိုင်းကပစ္စည်းတွေ သိမ်းဆည်းပြီးတော့မှ လိုက်ခဲ့ပေတော့လို့ မှာခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နာရီဝက်အတွင်း မင်းဆီကို ကားလွှတ်လိုက်မယ်"

"ရပါတယ်၊ ကျွန်မ အငှားကားနဲ့ လာခဲ့မယ်"

"မင်းဟာ အောင်မြင်ကျော်ကြားနေတဲ့ ရုပ်ရှင်မင်းသမီးဆိုတာကို မမေ့ပါနဲ့ အီတ မလေး၊ တက္ကစီဆိုတာ သာမန်လူတွေအတွက်ပါ"

မာရီလူးက ရယ်သည်။

"ဒီလိုဆို ကျွန်မ စောင့်နေမယ်နော်၊ ယူနိုက်တက် လေကြောင်းကုမ္ပဏီ ဧည့်ခန်း မှာ ရှိမယ်"

စတီဖင်က ဖုန်းကိုပစ်ချပြီး အောက်ဆုံးထပ်သို့ ခေါ်သည့်ဖုန်းကို ကောက်ကိုင်သည်။

"ကျုပ်ဒရိုင်ဘာကို ခေါ်ပေးစမ်းပါ၊ အိုး. . . နေပေစေတော့၊ ကျုပ် အခုဆင်းလာ အသင့်စောင့်နေပါလို့ ပြောလိုက်ပါ"

□

ဓာတ်ပုံသတင်းထောက်များ ဝိုင်းအုံနေကြသည်ကို တွေ့ရသဖြင့် မာရီလူး ရပ် သည့်နေရာတွင်ရှိကြောင်း ခက်ခက်ခဲခဲ ရှာနေစရာ မလိုတော့ပါ။

သန်းခေါင်ကျော် အချိန်ကြီးပင် ဖြစ်လင့်ကစား သတင်းထောက်များသည် ဘယ်က ဘယ်လို ပေါ်လာကြသည်မသိ။ စကတ်တိုတိုကလေးဝတ်ပြီး ခုံတန်းလျားပေါ်မှာ ထိုင်နေ သည့် မာရီလူးကို သူတို့ ဓာတ်ပုံဝိုင်းရိုက်နေကြလေသည်။

စတီဖင်က ဓာတ်ပုံသတင်းထောက်များနောက်တွင် စိတ်ရှည်လက်ရှည် ရပ်စောင့် နေလိုက်သည်။

သူ့ကို မာရီလူး လှမ်းမြင်သွားသည်။ လက်ဖဝါးယမ်းပြပြီး လှမ်းအော်ခေါ်သည်။

"စတီဖင်ဂေါက်. . ."

သတင်းထောက်များက သူ့ကို လှည့်ကြည့်သည်။ လမ်းဖယ်ပေးကြသည်။ မာရီလူး ကလည်း သူ့ဆီပြေးလာသည်။ သူ့ရင်ခွင်ထဲသို့ ချက်ချင်းရောက်လာသည်။ သူတို့နမ်းကြသည်။ လျှပ်တပြက်မီးများ မရေမတွက်နိုင်အောင် ပွင့်သွားသည်။ မီးရှူးမီးပန်း ပစ်လွှတ်လိုက်သလား ထင်မှတ်ရသည်။

"တစ်ခါလောက် ထပ်လုပ်ပါဦး၊ ကျွန်တော့်ကင်မရာ ဂျမ်းဖြစ်သွားလို့" ဟု ဓာတ်ပုံ သတင်းထောက်တစ်ယောက်က အော်ပြောသည်။

မာရီလူးက မေးခွန်းထုတ်သည့်ပုံမျိုးဖြင့် စတီဖင်ကို မော့ကြည့်သည်။ သူက ပြုံးပြ ပြလိုက်သည်။

"ဘာဖြစ်လဲကွယ်"

ဓာတ်ပုံသတင်းထောက်အတွက် သူတို့နှစ်ယောက် နမ်းပြကြရပြန်သည်။ ပြီးတော့ စတီဖင်က သတင်းထောက်များဘက်သို့ လှည့်သည်။

"ကျွန်တော်ကတော့ ဒီနားမှာ တစ်ညလုံး ရပ်နေနိုင်ပါတယ်၊ ဒါပေမယ့် မစ္စ ဘာဒီ က ခရီးအဝေးကြီးက လာရတာဆိုတော့ သိပ်ကိုပင်ပန်းနေရှာပါပြီ"

သူတို့နှစ်ယောက် အပြင်သို့ ထွက်ခဲ့သည်။ သတင်းထောက်အချို့က သူတို့နောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာသည်။

"ဒါဟာ အချစ်ဇာတ်လမ်းလေး တစ်ခုများလားဗျာ" ဟု တစ်ယောက်ကမေးသည်။

"ကျွန်တော်တို့က မိတ်ဟောင်းဆွေဟောင်းတွေပါ" ဟု စတီဖင်က ပြန်ဖြေသည်။

"ခင်ဗျားတို့ချင်းသိတာ ဘယ်လောက်ကြာသွားပြီလဲ" ဟု နောက်တစ်ယောက်က မေးပြန်သည်။

"တစ်လလောက်ကြာပြီဆိုရင် ဘယ်လိုနေမလဲဗျာ"

သတင်းထောက်များ ရယ်ကြသည်။ မာရီလူး၏ အဝတ်သေတ္တာမှာ ကားထဲသို့ ရောက်နေပြီ။ ဒရိုင်ဘာက တံခါးဖွင့်ပြီး အသင့်စောင့်နေသည်။ မာရီလူးက ကားပေါ် အလျင် တက်သည်။ ပြီးတော့မှ သူတက်သည်။

"ဒီမြို့မှာ ကြာဦးမလား" ဟု သတင်းထောက်တစ်ယောက်က မေးသည်။

မာရီလူးက သူ့ကို ပြန်ပြုံးပြသည်။

"ကျွန်မ အခု မဆုံးဖြတ်ရသေးပါဘူးရှင်"

စတီဖင်က ဒရိုင်ဘာကို အချက်ပြလိုက်သည်။ ကားမောင်းထွက်လာခဲ့သည်။ နောက်ပိုင်းတွင် သတင်းထောက်များ ကျန်ခဲ့ကြသည်။ ကားအလယ်မှန်ကို စတီဖင်က တင်သည်။ ပြီးတော့ မာရီလူးဘက်သို့ လှည့်သည်။

"နယူးယောက်မြို့က လိုက်လံစွာကြိုဆိုနေပါတယ် အီတလီမလေး"

မာရီလူးက သူ့ကို စိုက်ကြည့်နေသည်။ ခဏကြာတော့မှ ပြောသည်။

"ရှင် တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့"

"ရှင့်ကို ကျွန်မယုံတယ်၊ ထူးတော့ ထူးဆန်းနေသလိုပဲ"

"ဘာထူးဆန်းနေတာလဲ"

"လူတွေပြောတာကို မယုံတဲ့အကျင့်ကြီး ပါနေပြီ၊ အခု ရှင်ပြောတော့ ရှင့်ကို ကျွန်မယုံနေတယ်၊ ဟိုညက ကျွန်မတို့နှစ်ယောက် ညစာအတူစားကြပါရောလား၊ အဲဒီညက ပြီး ရိုက်နေတဲ့ရုပ်ရှင်ကား ပြီးခဲ့လိုက်တာလို့ စိတ်ထဲမှာ ထင်နေတယ်၊ ရှင့်နောက်ကို လိုက်လာ ခဲ့ပဲ အချိန်ရှိသမျှ စဉ်းစားနေတာ"

စတီဖင်က ငြိမ်နေသည်။

"ကျွန်မပြောတာကို ရှင်ယုံသလား"

သူက ခေါင်းညိတ်ပြသည်။

"ရှင် ဘာဖြစ်လို့ စကားမပြောတာလဲ"

"မပြောတတ်တော့ပါဘူးကွယ်" ဟု သူက တုံ့ဆိုင်းဆိုင်း ပြန်ပြောသည်။

မာရီလူးက စတီဖင်၏လက်ကို ကောက်ယူလိုက်ပြီး သူ့နှုတ်ခမ်းမှာကပ်သည်။

"ကျွန်မလည်း အတူတူပါပဲ" ဟု လေသံတိုးတိုးကလေးဖြင့် ပြောသည်။

❑

မာရီလူးသည် ကလေးငယ်လေးတစ်ယောက်လို စတီဖင်ကို တင်းကျပ်စွာ ဖက်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ လှုပ်ရှားသည့်လေသံဖြင့် ပြောသည်။

"စတီဖင်ဂေါက်. . . လောကကြီးမှာ ကျွန်မ မသိတာတွေ အများကြီးရှိသေးတယ် ကျွန်မ ကြောက်တယ်ကွယ်"

"မကြောက်ပါနဲ့၊ လောကကြီးမှာ မင်းဘာမှမဖြစ်နိုင်ပါဘူး၊ ဘာအန္တရာယ်နဲ့မှ မတွေ့နိုင်ပါဘူး၊ မင်း ကိုယ့်ဆီရောက်နေပြီပဲ၊ အားလုံးကို မေ့ထားလိုက်" ဟု စတီဖင်က လေသံတိုးတိုးဖြင့် ပြောသည်။

"မဟုတ်ဘူး ကျွန်မ ကြောက်တယ်"

"ဘာမှ ကြောက်စရာ မလိုပါဘူးကွယ်၊ မင်းခြေထောက်ပေါ်မှာ မင်းမြဲမြဲရပ်ပါ၊ မင်းဘဝကို မင်း တည်ဆောက်နေတာပဲ၊ သတ္တိမွေးထား"

□

"ဆမ်လား" ဟု ဖုန်းထဲမှ အသံပေါ်လာသည်။ ရော်ဂျာကိုဟင်၏ အသံဖြစ်သည်။

"ဟုတ်တယ်" ဟု ဆမ်ကပြန်ဖြေသည်။ ရော်ဂျာနှင့် စကားမပြောလိုသဖြင့် သူ့အသံ သိပ်မှုမမှန်ဘဲ ဖြစ်နေသည်။

"ခင်ဗျားကောင်မလေး ဒီနေ့မနက် ဘယ်ရောက်နေတယ်ဆိုတာ သိသလား" ဟု သရော်တော်တော်လေသံဖြင့် မေးသည်။

"သိပ်သိတာပေါ့၊ ဘီဗာလီဟေးဟိုတယ်မှာ မာရီလူးရှိနေတာပဲ၊ ကျုပ်တို့ မနေ့မနက်ကပဲ ကားရိုက်လို့ပြီးသွားတာ" ဟု ဆမ်က စိတ်လက်မကြည်မသာဖြင့် ပြန်ပြောသည်။

"ဟုတ်လား၊ သိပ်သေချာတာပဲလား၊ ဒီလိုဆိုရင် နယူးယောက်မြို့က အိုက်ဒယ်ဝိုင်း လေဆိပ်မှာ စတီဖင်ဂေါက်နဲ့ သူ တအားဖက်နမ်းနေတဲ့ ဓာတ်ပုံတွေ ဒီနေ့သတင်းစာတွေထဲ ဘာဖြစ်လို့ ပါလာတာလဲ" ဟု ရော်ဂျာကမေးသည်။

"သူမဟုတ်ပါဘူး"

ဆမ်က မယုံကြည်သည့်လေသံဖြင့် ပြန်ပြောသည်။

"သတင်းစာဖြတ်ပိုင်းတွေ ပို့ပေးလိုက်ရမလား"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ ခင်ဗျားကိုယုံပါပြီ၊ အလကား ကောင်မစုတ်"

တယ်လီဖုန်းချပြီးသည်နှင့် ဆမ်မှာ အကြီးအကျယ် ဒေါသဖြစ်နေတော့သည်။ သူ စောစောကတည်းက သိခဲ့ဖို့ကောင်းသည်။ စတီဖင်နှင့် မာရီလူးတို့ ညစာအတူစားပြီးသည့် အချိန်မှစ၍ မာရီလူး ပြောင်းလဲသွားခဲ့သည်။ အကျိုးအကြောင်းကို မာရီလူးအနေဖြင့် သူ့ကို ပြောပြဖို့တော့ကောင်းသည်။

ခဏနေတော့ သူ စိတ်ပေါ့သွားသည်။ သူ့ဘဝထဲမှ မာရီလူး အလွယ်တကူ လွတ်ထွက်သွားသည်မှာ ကံကောင်းထောက်မ,သောကြောင့် ဖြစ်သည်။ ဘယ်လိုရှုန်းထွက်ရမည်ကို သူမသိခဲ့။ သည်လိုအဖြစ်မျိုးမှာ သူ့အတွက် သောကကြီးရလွန်းလှသည်။

အသက်ကြီးလွန်းသွားသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"ကျွန်တော်တို့ ကျားမြီးဆွဲမိသလို ဖြစ်နေပြီ၊ ကျွန်တော်တို့ ကိုယ်ပိုင်ရုပ်ရှင်ဇာတ်ကားတွေရိုက်မှ ဖြစ်တော့မယ်၊ ဒီလိုမှမလုပ်ရင် တခြားရုပ်ရှင်ကုမ္ပဏီတိုင်းကို ကျွန်တော်တို့ ခြေသလုံး ဖက်ရငတော့မယ်၊ သူတို့သနားမှ ရုပ်တည်နိုင်တဲ့ ဘဝမျိုးကို ရောက်သွားမယ်" ဟု စတီဖင်က ရှင်းပြသည်။

"ဒယ်ဒီတို့အလုပ်ဟာ ရုပ်ရှင်လုပ်ငန်းမှ မဟုတ်ဘဲ၊ အသံလွှင့်လုပ်ငန်းပဲ" ဟု စပင်ဇာစင်ကလဲယားက ပြန်ပြောသည်။

"ကျွန်တော်တို့လုပ်နေတာ ရုပ်ရှင်လုပ်ငန်းပဲ၊ သတင်းစာထုတ်နေတဲ့ လုပ်ငန်းပဲ၊ စာအုပ်ထုတ်ဝေရေး လုပ်ငန်းဆိုရင်လဲ မမှားဘူး၊ အားကစားလုပ်ငန်းတွေဆိုလည်း ဟုတ်တယ်၊ နိုင်ငံရေးလုပ်နေတာဆိုရင်လည်း မှန်တယ်၊ ကနေဒီကို သမ္မတဖြစ်အောင် ကျွန်တော်တို့ လုပ်ပေးခဲ့ကြတာပဲ"

စင်ကလဲယားက ဘာမှမပြောဘဲ စတီဖင်ကို ငေးကြည့်သည်။

"ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းဟာ လူထုဆက်သွယ်ရေး လုပ်ငန်းဖြစ်တယ်၊ လူထုကို သတင်းပေးတယ်၊ ပညာပေးတယ်၊ ဖျော်ဖြေတယ်၊ ဒါကြောင့် အရာရာတိုင်းဟာ ကျွန်တော်တို့နဲ့ ဆိုင်နေတယ်၊ နှစ်ဆယ့်တစ်လက်မပဲရှိတဲ့ ရုပ်မြင်သံကြားမြင်ကွင်းကလေးကို အခြေခံပြီး ကမ္ဘာနဲ့ ကျွန်တော်တို့ ဆက်သွယ်နေကြတယ်၊ ဒါကြောင့် ပရိသတ်ကို လုံလောက်တဲ့ အစားအစာမပေးနိုင်ရင် ကျွန်တော်တို့လုပ်ငန်း ပျက်ပြီ"

အဘိုးကြီးက သူ့စားပွဲပေါ်ရှိ စာရွက်များကို လှန်လှောကြည့်နေသည်။ အတော်ကလေးကြာမှ စတီဖင်ကို မော့ကြည့်သည်။

"ဘာလုပ်သင့်တယ်လို့ မောင်စိတ်ကူးရထားသလဲ"

www.burmeseclassic.com

www.burmeseclassic.com


"အခုချက်ချင်းကိုပဲ ကျွန်တော်တို့ ရုပ်ရှင်လုပ်ငန်းက စ,ကြရတော့မယ်၊ ကျွန်တော် တို့ကိုယ်တိုင် ဇာတ်ကားတွေ ရိုက်ထုတ်ရမယ်၊ ဒီနေရာမှာ နည်းလမ်းနှစ်ခုရှိတယ်၊ ကျွန်တော်တို့ ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီကို ထောင်မလား၊ ဒါမှမဟုတ် ရှိပြီးသား ကုမ္ပဏီတစ်ခုခုကို ဝယ်မလား ဆိုတာပဲ"

"သားမှာ စိတ်ကူးထားပြီးသားရှိနေပြီလို့ ထင်တယ်"

စတီဖင်က ခေါင်းညိတ်ပြသည်။

"ထရန်စ်ဝဲရုပ်ရှင်ကုမ္ပဏီကို ဝယ်ရင်ရနိုင်တယ်"

"မောင့်မိတ်ဆွေက အဲဒီကုမ္ပဏီမှာ ဝင်လုပ်နေပြီမဟုတ်လား"

"ဆမ်က ထုတ်လုပ်သူသက်သက်ပါ၊ ကုမ္ပဏီနဲ့ ဘာမှမဆိုင်ဘူး၊ ထရန်စ်ဝဲကုမ္ပဏီ အတွက် သူက ဇာတ်ကားတွေ ထုတ်လုပ်ပေးရုံသက်သက်ပဲ၊ တခြားလုပ်ငန်းတွေမှာ သူ မကျွမ်းကျင်ပါဘူး"

"ကုမ္ပဏီကို သူတို့ရောင်းမယ်လို့ ဘာကြောင့်ထင်တာတုံး"

"လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာကတည်းက သူတို့ကုမ္ပဏီရဲ့ နှစ်ပတ်လည် အစီရင် ခံစာတွေကို ကျွန်တော် လေ့လာနေခဲ့ပါတယ်၊ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး သူတို့ နှစ်စဉ် အရှုံးပြခဲ့တယ်၊ အခုဆိုရင် သန်းပေါင်းနှစ်ဆယ်လောက် ရှုံးသွားပြီ၊ သူတို့လက်ထဲမှာ နေတဲ့ ရုပ်ရှင်ကားတွေက သန်းတစ်ရာ့ငါးဆယ်လောက် တန်တယ်လို့ သူတို့ဈေးဖြတ်ထားပါ တယ်"

"သူတို့ထုတ်ရောင်းထားတဲ့ အစုပေါင်း ဘယ်လောက်ရှိသလဲ"

"သုံးသန်းရှိပါတယ်၊ တစ်စုကို နှစ်ဆယ့်နှစ်ဒေါ်လာနဲ့ ထုတ်ရောင်းထားတာပါ၊ တစ်စုကို ကျွန်တော်တို့က ဒေါ်လာသုံးဆယ်ပေးမယ်ဆိုရင် တစ်ပတ်အတွင်း အားလုံးကို ကျွန်တော်တို့ ချုပ်မိပြီးသား ဖြစ်သွားမယ်"

"ဒါဆိုရင် သန်းကိုးဆယ်တောင် ကျမှာပဲ" ဟု စင်ကလဲယားက ပြောသည်။

"ငွေလက်ငင်းပေးဖို့ မလိုပါဘူး၊ အစုပြန်ပေးရုံပါပဲ"

"ဒီလိုနည်းနဲ့တော့ မဝယ်ချင်ဘူး၊ ဝယ်မယ်ဆိုရင် လက်ငင်းပေးပြီးတော့ပဲ ဝယ်ချင် တယ်"

"ဒါကတော့ ဒယ်ဒီ့သဘောပဲ၊ ဒယ်ဒီက အကြီးဆုံးမဟုတ်လား"

အဘိုးကြီးက ပြုံးသည်။

"ဥပဒေဌာနကို လေ့လာခိုင်းလိုက်ဦး၊ အစုရှယ်ယာ အရှုပ်အရှင်းတို့၊ ကုမ္ပဏီအက် ဥပဒေတို့၊ ပြည်ထောင်စုအက်ဥပဒေတို့ ငြိနေတာတွေ ရှိချင်ရှိနေနိုင်တယ်"

"ကျွန်တော် ခိုင်းပြီးပါပြီ၊ သူတို့ လေ့လာနေကြပါတယ်"

"သူတို့ ဘာကြောင့်ရှုံးနေတာလဲ၊ ဒယ်ဒီတို့ရဲ့ အမြတ်ငွေကိုပါ လာထိခိုက်နိုင်သလား"

"သီးခြားလုပ်သွားရင် မထိခိုက်နိုင်ပါဘူး၊ သူတို့ကုမ္ပဏီမှာ ကျွန်တော်စိတ်ဝင်စား တာက သူတို့ပိုင်နေတဲ့ ရုပ်ရှင်ကားတွေပဲ ဖြစ်ပါတယ်၊ ဖြန့်ချိရေးကုမ္ပဏီကိုတော့ ဖယ်ထုတ် လိုက်မယ် စိတ်ကူးတယ်"

"လိုချင်တဲ့လူ ရှိပါ့မလား"

စတီဖင်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ဆမ်ဘင်ဂျမင်၊ ဆမာကန် ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီကို ထူထောင်ဖို့ သူ အကြီးအကျယ် စိတ်ကူးယဉ်နေတာ၊ ဒါပေမယ့် အဆင်သင့်ဖွဲ့စည်းပြီးသား ကုမ္ပဏီကို သူရှာလို့မရနိုင်အောင် ဖြစ်နေတယ်"

"ဖြန့်ချိရေးကုမ္ပဏီကို သူ ဘာကြောင့်လိုချင်တယ်လို့ ထင်ရတာလဲ၊ အဆီအနှစ်တွေ အားလုံး မောင်က ယူထားပြီးနေပြီ မဟုတ်လား"

"ဒီသဘောမျိုးတော့လည်း မဟုတ်ပါဘူး၊ ကျွန်တော်တို့ရိုက်တဲ့ ရုပ်ရှင်ကားတွေကို ဖြန့်ချိပေးဖို့ လူလိုနေတယ် မဟုတ်လား၊ အဲဒီလိုစီစဉ်လိုက်ရင် နှစ်ဦးနှစ်ဖက် နစ်နာစရာအကြောင်း မရှိပါဘူး၊ ရုပ်ရှင်ကားဖြန့်ချိတဲ့ လုပ်ငန်းမှာတော့ သူဟာ အတော်ဆုံးလူတစ်ယောက်ပါပဲ"

"ဒါထက် ဒီနေ့သတင်းစာမှာ သားနဲ့အတူတူပါလာတဲ့ မိန်းကလေးက တယ်ချောပါလား၊ အီတလီရုပ်ရှင်မင်းသမီးလေ၊ အခြေအနေက ဘယ်လိုရှိနေသလဲ"

စတီဖင်က ခေါင်းယမ်းသည်။

"မိတ်ဆွေအဆင့်လောက်ပါပဲခင်ဗျာ"

"ဒီမိန်းကလေးဟာ ဆမ်ဘင်ဂျမင်ရဲ့ မိတ်ဆွေလို့ ကြားဖူးတယ်"

အဘိုးကြီးမသိတာ ဘာမှမရှိပါလားဟု စတီဖင်က တွေးလိုက်မိသည်။

"ဟိုတုန်းက ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်"

"ဒီမိန်းကလေးကြောင့် သားနဲ့ ဆမ်ဘင်ဂျမင်ရဲ့ ဆက်ဆံရေး မထိခိုက်နိုင်ဘူးလို့ပဲ မျှော်လင့်ရတော့တယ်၊ အထူးသဖြင့် သူနဲ့ အလုပ်တူလုပ်ဖို့ စီစဉ်ထားတဲ့ အခုလိုအချိန်မျိုးမှာပေါ့၊ တချို့ယောကျ်ားတွေက ဒါမျိုးကို မယားထိတာထက် ပိုနာတတ်တယ်"

စင်ကလဲယားပြောသည့်စကားမှာ သိပ်မမှားလှပါ။ စတီဖင် ရုံးပြန်ရောက်သောအခါ ဆမ်က ဟောလီးဝုဒ်မှနေ၍ ဖုန်းလှမ်းဆက်သည်။

"ငတုံး. . . ငါ့ကောင်မလေးနဲ့ မင်း ရှုပ်နေပြီမဟုတ်လား" ဟု ဆမ်က ရယ်ရင်းပြောသည်။

ရယ်ပင်ရယ်သော်လည်း သူ့လေသံထဲတွင် စိတ်ဆိုးသည့်လေသံ ပါနေကြောင်း စတီဖင် အကဲခတ်မိသည်။

"ကျွန်တော်ဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ကြောင်းတော့ ခင်ဗျား ဝန်ခံရမှာပါဗျာ၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားနဲ့ ဇာတ်လမ်းပြီးသွားချိန်အထိ ကျွန်တော် သည်းခံစောင့်နေခဲ့တာပဲ" ဟု စတီဖင်က ပြန်ပြောသည်။

"စတီဖင်. . . မိန်းကလေးက လိမ္မာတယ်ကွ၊ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါကွာ၊ မင်းလိုလူမျိုးတစ်ယောက် သူလိုနေတယ်" ဟု ဆမ်ကပြောသည်။ သူ အလေးအနက်ပြောခြင်းဖြစ်ကြောင်း သိသာသည်။

"တော်ပါပြီ ဆမ်၊ မာရီလူးကိစ္စကြောင့် ခင်ဗျား ကျွန်တော့်ဆီကို ဖုန်းဆက်တာ မဖြစ်နိုင်ပါဘူး"

"ထရန်စ်ဝါး ရုပ်ရှင်ကုမ္ပဏီနဲ့ ငါနဲ့ သဘောတူညီချက် ရထားတာထဲမှာ ပြဿနာတွေ ပေါ်လာတယ်၊ သူတို့အတွက် ရိုက်ပေးရမယ့်ငါးကား ရိုက်လို့ပြီးသွားပြီ၊ အခု ငါ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ငါးကားရိုက်ရတော့မယ်၊ ဒါပေမယ့် သူတို့ ငွေပြတ်နေပြီ၊ ဇာတ်ကားသစ်ကို ဖြန့်နိုင်မှ ဖြစ်တော့မယ်တဲ့"

"ဒါတွေ ကျွန်တော့်ကို ပြောမနေပါနဲ့ဗျာ၊ ခရက်ဒေါက်က အစကတည်းက ဒီအကွက်ကို ဆင်ခဲ့တာပါ"

"သူတို့က ခုနှစ်ဆယ့်ငါးရာခိုင်နှုန်း ထည့်မယ်၊ ကျန်တဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို ငါကထည့်ရမယ်တဲ့"

"နှစ်ဆယ့်ငါးရာခိုင်နှုန်းရဲ့ တန်ဖိုးက ဘယ်လောက်ရှိသလဲ"

"ငါ့အတွက် ကားငါးကားဆိုရင် ခြောက်သန်းနှစ်သိန်းခွဲ လိုတယ်၊ ဒေ့ဖ်ဒိုင်းမွန်းက လေးသန်းချေးမယ်၊ ကျန်တဲ့နှစ်သန်းနှစ်သိန်းခွဲကို မင်းဆီက ချေးချင်တယ်"

"အဲဒီရုပ်ရှင်ကားတွေ ကျွန်တော် ဘယ်တော့ရမလဲ" ဟု စတီဖင်က ပြန်မေးသည်။

"ပြည်တွင်းမှာဖြန့်ပြီး သုံးနှစ်ကြာရင် ရမယ်"

"ကောင်းပြီ၊ ခင်ဗျားလိုတဲ့ငွေ ပေးမယ်၊ စည်းကမ်းချက်တစ်ခုပဲ သတ်မှတ်မယ်"

"ဘာစည်းကမ်းလဲ"

"နောက်ဆိုရင် သဘောတူညီချက်မူကြမ်းကို သေသေချာချာဖတ်ပါ၊ ပြီးမှ လက်မှတ်ထိုးပါ၊ ခရက်ဒေါက်က သေသေချာချာ ကြိုတင်ပြင်ဆင်ခဲ့တာ၊ အကျပ်အတည်းကနေ ထွက်ပေါက်ရှာတဲ့နေရာမှာ ဒီငတိ ဒါမျိုးအမြဲလုပ်တတ်တယ်၊ ခင်ဗျား ငွေထုပ်ပိုက်ပြီး ဆက်လုပ်နိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ သူမထင်ခဲ့ဘူး"

"ငါ့ရှေ့နေကိုတော့ အလုပ်ထုတ်ပစ်ရတော့မယ် ထင်တယ်ကွာ" ဟု ဆမ်က ပြန်ပြောသည်။

❑

အိမ်ပြန်ရောက်သောအခါ ဧည့်ခန်းထောင့်က ခရီးဆောင်သေတ္တာကို စတီဖင် ပထမဆုံး သတိထားလိုက်မိသည်။ အရက်သွားထည့်ပြီး ရုပ်မြင်သံကြားဖွင့်ကာ သတင်းနားထောင်နေလိုက်သည်။

သူ့နောက်ဘက်မှ အိပ်ခန်းတံခါး ပွင့်သံကြားသော်လည်း သူလှည့်မကြည့်။

"အိမ်ကို ရှင် ဒါလောက်စောစော ပြန်ရောက်လာမယ် မထင်ဘူး၊ ဆမ့် ဖုန်းဆက်တယ်၊ ရှင်နဲ့ စကားပြောလိုက်ရသေးသလား" ဟု မာရီလူးက ဧည့်ခန်းထဲသို့ဝင်လာရင်း မေးသည်။

"ပြောလိုက်ရတယ်"

"ကျွန်မ သွားဖို့ကောင်းပြီ၊ ဒီနေ့ညကိုးနာရီမှာ ရောမမြို့ကိုထွက်မယ့် လေယာဉ်ပျံနဲ့ လိုက်ဖို့ အဲဒီအစဉ်လုပ်ပြီးပြီ၊ ကျွန်မ စိတ်မကောင်းပါဘူး"

"ဘာအတွက် စိတ်မကောင်းရတာလဲ"

"ကျွန်မကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေမှာပေါ့" ဟုပြောရင်း သူ့အသံပျော့ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အနှောင့်အယှက်ဖြစ်စရာ ဘာအကြောင်းမှ မရှိပါဘူးကွာ၊ အံ့ဩနေတာတစ်ခုပဲ ရှိတယ်" ဟု စတီဖင်က ပြန်ပြောသည်။

"ကျွန်မ နားမလည်ဘူး"

"မင်းသိတာ ဘာရှိသလဲ၊ အချစ်အကြောင်းကိုလည်း မင်းမသိဘူး၊ အရာရာကို တွေးကြောက်နေဖို့ပဲ မင်းသိတယ်"

"ဟုတ်မှာပေါ့လေ၊ ကဲ. . . ဂွဒ်ဘိုင် စတီဖင်ဂေါက်"

မာရီလူးက လက်တစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။ စတီဖင်က ထိုလက်ကိုဆွဲယူပြီး နည်းနည်းကလေးမှ မလွှတ်။

"ထွက်မပြေးပါနဲ့"

"ထွက်ပြေးတာမဟုတ်ဘူး၊ ကိုယ့်တိုင်းပြည် ကိုယ်ပြန်တာ" ဟု မာရီလူးက ပြန်ပြောသည်။

"အတူတူပဲပေါ့၊ မင်း အခုပြန်သွားရင် မင်းသိချင်နေတဲ့ ဘဝအကြောင်း ဘယ်တော့မှ သိရတော့မှာ မဟုတ်ဘူး၊ နောက်ပြီး မင်း တစ်သက်လုံး အခုလိုပဲ ကြောက်နေတော့မယ်"

မာရီလူးက ငြိမ်နေသည်။ စတီဖင်၏မျက်နှာအမူအရာကို အကဲခတ်ကြည့်နေသည်။

"ကျွန်မကို ဒီမှာနေစေချင်တယ်လို့ ပြောနေတာလားဟင်"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

စတီဖင်က မော့ကြည့်သည်။

"ဘာကြောင့်လဲဆိုတော့ ကိုယ်တို့နှစ်ယောက် အပြန်အလှန် ချစ်ချင် ချစ်သွားနိုင်တာပဲ၊ ဒီလိုချစ်သွားနိုင်တဲ့ အခွင့်အရေးဆိုတာ ရှားတယ်၊ ဒါကြောင့် လက်လွှတ်မခံသင့်ဘူး"

မာရီလူးက သူ့ခြေထောက်နားမှာ ဒူးထောက်ထိုင်ချသည်။ ပြီးတော့ သူ့ပေါင်ပေါ်မှာ မျက်နှာအပ်ထားသည်။

"စတီဖင်ဂေါက်. . . ရှင့်ကို ကျွန်မ ချစ်နေမိပြီထင်တယ်ကွယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ရေနွေးဖြည့်ထားသည့် ရေကူးကန်ထဲမှာ ပျင်းရိငြီးငွေ့စွာ ကူးနေရာမှ ကန်ဘောင်ပေါ်သို့ မာရီလူး တက်လာသည်။ မျက်နှာသုတ်ပဝါကို လှမ်းယူပြီး ကိုယ်ပေါ်မှ ရေများကိုသုတ်နေသည်။

သူ့နောက်ကျောဘက်တွင် စကားပြောနေသံများကို ကြားနေရသည်။ သူတို့ကိုလှည့်ကြည့်သည်။ ရှေ့က စားပွဲပေါ်မှာ တင်ထားသည့် စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသည်။ စစ်ချက်ကလေး ခေါင်းမဖော်။

ပင်လယ်ပြင်ကြီးကို မာရီလူး လှမ်းကြည့်သည်။ ကမ်းခြေတွင် ကျောက်ချထားသည့် ဖိမ်ခံသင်္ဘောတစ်စီးကို တွေ့ရသည်။ စတီဖင်နှင့်အတူ နှစ်ယောက်တည်း ထိုသင်္ဘောလှော်စီးရလျှင် မည်မျှကောင်းမည်နည်းဟု တွေးကြည့်မိသည်။

သူတို့ဆီသို့ ပြန်လှည့်လာခဲ့သည်။ စတီဖင်သည် တစ်နေ့ခင်းလုံး စာရွက်များကိုရှင်းကာ စင်ကလဲယားအား ရှင်းပြနေသည်။ သူတို့အနားသို့ ရောက်သွားသောအခါ စတီဖင်၏ အသံကို သဲသဲကွဲကွဲကြားရသည်။

"ကျွန်တော်တို့အတွက် သဘောတူညီချက်ရအောင် လုပ်ပေးမယ်လို့ ပွဲစားတွေကပြောကြတယ်၊ ဒါဟာ ကျွန်တော်တို့ အုပ်လိုက်မိပြီဆိုတဲ့ သဘောပဲ၊ လက်ရှိအုပ်ချုပ်ရေးအဖွဲ့ကို အစုရှင်တွေက မကြိုက်ဘူး၊ ဒါပေမယ့် သူတို့က ငွေလက်ငင်းမလိုချင်ပါဘူး"

"သူတို့က ဘာယူမှာလဲ" ဟု စင်ကလဲယားက မေးသည်။

မာရီလူးက သူ့ကုလားထိုင်ပေါ်မှာရှိနေသည့် စီးကရက်ဘူးကို လှမ်းဆွဲသည်။ သူမီးညှိနေချိန်မှာပင် စတီဖင်က ပြန်ဖြေသည်။

"တစ်စုကို ငွေသုံးဆယ်နှုန်းနဲ့ အာမခံချက်ယူမယ်၊ နောက်ပြီးတော့ တစ်စုကို ငါးဒေါ်လာနှုန်းနဲ့ ဆုငွေထပ်တောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆိုရင် ပထမတုန်းက သားတွက်ထားတာထက် ဒေါ်လာဆယ့်ငါးသန်း ပိုပေးရမယ့်သဘောပေါ့"

"ကျွန်တော်တို့ ပြန်ရနိုင်တာတွေ ရှိပါတယ်၊ ပထမအချက်က ကျွန်တော်တို့ အတိုးရမယ်၊ ဒုတိယအချက်က သူတို့ကို ငွေသားလက်ငင်းပေးစရာ မလိုဘူး၊ တတိယအချက်က သူတို့ကို ငွေပေးရတဲ့အချိန်မှာ သန်းတစ်ရာငါးဆယ်တန်တဲ့ သူတို့ရဲ့ ရှပ်ရှင်ကားတွေကို ကျွန်တော်တို့ အသုံးပြုနေပြီ၊ ဒါကြောင့် ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တဲ့ သဘောပဲ၊ သူတို့ငွေ သူတို့ပြန်ပေးတာပဲ"

"ဖြန့်ချိရေးကုမ္ပဏီကို မောင်ခဲ့ထုတ်ပစ်လိုက်မယ်ဆိုတာ သူတို့နားလည်ရဲ့လား"

"နားလည်ပါတယ်၊ သူတို့ အရေးမလုပ်ပါဘူး၊ ဖြန့်ချိရေးလုပ်ငန်းကြောင့် သူတို့ကုမ္ပဏီ အရှုံးပေါ်နေတယ်လို့ ထင်နေကြတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ပြဿနာလေးတစ်ခု ယာတွေ့နေရတယ်"

"ဘာများလဲ" ဟု စင်ကလဲယားက မေးသည်။

"ဆမာကန် ရှပ်ရှင်ဖြန့်ချိရေးကုမ္ပဏီထဲကို ငွေထည့်ဖို့ သူတို့ စိတ်မဝင်စားဘူး"

"ဆမ်ဘင်ဂျမင်ကို ပြောတာလား"

"ဟုတ်ပါတယ်"

"သူတို့မှာ အကြောင်းပြချက်ရှိသလား"

"အကြောင်းပြချက်တွေကတော့ အများကြီးပဲ၊ ဒါပေမယ့် တစ်ခုမှ မခိုင်လုံပါဘူး၊ အဓိက သူတို့ပြောနေကြတာကတော့ ဂျူးလူမျိုးနဲ့ စီးပွားရေးလုပ်ငန်း အတူတူတွဲမလုပ်ချင်ဘူး ဆိုတာပါပဲ"

"ဖြန့်ချိရေးကုမ္ပဏီကိုပါ ယူရမယ်ဆိုရင် ဒီကုမ္ပဏီကိုဝယ်ရတာ ဘာအကျိုးကျေးဇူးမှ ရှိမှာမဟုတ်ဘူး၊ သူတို့ နှစ်စဉ်ရှုံးနေတဲ့ ငွေငါးသန်းကို ကိုယ်က ဝင်ခံရမလို ဖြစ်နေတယ်"

"ကျွန်တော့်မှာ နည်းလမ်းတစ်ခုတော့ ရှိနေတယ်လို့ ကျွန်တော်ထင်တယ်"

"သားပြောပုံက မသေချာသလိုပဲ"

"ကြိုးစားမကြည့်ဘဲနဲ့တော့ အတိအကျသိနိုင်မှာ မဟုတ်ဘူးလေ၊ ဆမ်ဘင်ဂျမင်လိုတဲ့ ငွေတစ်ဝက်ကို ကျွန်တော်တို့က စိုက်ထုတ်ပေးရင် ဖြစ်နိုင်တယ်၊ ကျန်တဲ့ငွေကို သူ ဘယ်လိုရှာမလဲဆိုတာ စောင့်ကြည့်ဖို့ပဲလိုတယ်"

"သူနဲ့ စကားပြောပြီးပြီလား"

"မပြောရသေးပါဘူး၊ ဒယ်ဒီရဲ့ သဘောတူညီချက်ကို ကျွန်တော် စောင့်နေတာပါ"

"သဘောတူပါတယ်၊ ဒါပေမယ့် သားသူငယ်ချင်းက သားစိတ်ပျက်အောင်တော့ မလုပ်တန်ကောင်းပါဘူးနော်၊ ဟိုကုမ္ပဏီနဲ့ သဘောတူညီချက် မရသေးခင် ဒီအကြောင်းတွေ သူပါးစပ်ကပွင့်သွားရင် စီစဉ်ထားတာအားလုံး ပျက်စီးသွားလိမ့်မယ်"

"ဒါကိုလည်း ကျွန်တော်သိပါတယ်၊ ဒီဘက်ပိုင်းမှာ အားလုံးစီစဉ်ပြီးတော့မှ သူနဲ့တွေ့မှာပါ၊ သူနဲ့ သဘောတူတာနဲ့ တစ်ပြိုင်တည်း လုပ်ငန်းစ,လိုက်မှာပဲ"

"အလုပ်ဖြစ်မယ်လို့ တကယ်ထင်သလား"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျွန်တော်တို့လက်ထဲမှာ အစုရှယ်ယာ ခုနှစ်ဆယ့်တစ် ရာခိုင်နှုန်းကိုင်ပြီးမှ လုပ်ငန်းစ,တာပဲ၊ နောက်ထပ် ကိုးရာခိုင်နှုန်းရရင် ကုမ္ပဏီကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


တို့ ထင်တိုင်းခြယ်လှယ်လို့ရပြီ၊ ကိုးရာခိုင်နှုန်းဆိုတာကလည်း ပထမဆုံးနေ့မှာတင် ရနိုင်တယ်"

"ကောင်းပြီလေ၊ ကိုယ့်ဘက်ကသာ ဟာကွက်မရှိစေနဲ့၊ ချောင်ပိတ်မိနေတာမျိုး တော့ မမြင်ချင်ဘူး" ဟုပြောရင်း စင်ကလဲယားက ထိုင်ရာမှ ထ,သည်။

စတီဖင်က ရုတ်တရက် ပြုံးလိုက်သည်။

စင်ကလဲယားကရယ်ပြီး မာရီလူးဆီသို့ သွားသည်။

"မာရီလူး၊ အိမ်ရှင်ဝတ္တရား မကျေပွန်သလိုဖြစ်နေတဲ့အတွက် တောင်းပန်ပါတယ် ကွယ်" ဟု အီတလီဘာသာဖြင့် တောင်းပန်သည်။ အီတလီစကားကို မှတ်နေအောင် သူပြော နိုင်သည်။

မာရီလူးကလည်း အီတလီဘာသာဖြင့်ပင် ပြန်ပြောသည်။

"ကျွန်မက ရုပ်ရှင်မင်းသမီးဆိုတော့ တစ်သက်လုံး ဒါမျိုးတွေကိုပဲ တွေ့နေတာပါ ယောက်ျားတွေဟာ အမြဲတမ်း အလုပ်အကြောင်းပဲ ပြောနေကြတာ မဟုတ်လား"

"အခုလိုဖြစ်ရတာ မင်းသူငယ်ချင်းကြောင့်လေ၊ မင်းနဲ့ အတူတူနေရမယ့်အချိန်မှာ စီးပွားရေးလုပ်ငန်းအကြောင်းကိုပဲ သူ ဆွေးနွေးချင်နေတာကတော့ နည်းနည်းရှူးတယ်ထင် တယ်" ဟုပြောရင်း စတီဖင်ကို မေးငေါ့ပြလိုက်သည်။

သူတို့ အီတလီဘာသာဖြင့်ပင် ဆက်ပြောနေကြခြင်း ဖြစ်သည်။

"သူက ဘာမဆိုဖြစ်နိုင်တယ်လေ၊ လူအများကြီးအတွက်လည်း ဘာမဆိုဖြစ်နိုင် တယ်၊ ဒါပေမယ့် ရှူးတော့မရှူးပါဘူး"

"အင်း. . . ဒီစကားက အတော်လေးနက်တာပဲ၊ အီတလီလည်းဆန်တယ်၊ မင်း ဆိုလိုတာကို နားမလည်တဲ့အတွက် အဘိုးကြီးနားလည်အောင် မင်းရှင်းပြပေးနိုင်မလား"

မာရီလူးမှာ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

"အကျပ်ကိုင်တာ မဟုတ်ပါဘူးကွယ်၊ ဖြေစရာမလိုပါဘူး" ဟု စင်ကလဲယားက ခပ်မြန်မြန်ပြောသည်။

"မဖြေချင်လို့ မဟုတ်ပါဘူးရှင်၊ ဘယ်လိုဖြေရမလဲဆိုတာ စဉ်းစားနေတာပါ"

စင်ကလဲယားက ငြိမ်နေသည်။

"ကျွန်မအဖို့ဆိုရင် သူဟာ ချစ်သူလို့ ထင်မိပါတယ်၊ ဆမ်ဘင်ဂျမင်အတွက်ဆိုရင် သူဟာ မိတ်ဆွေပဲ၊ ဒါပေမယ့် ထိုက်တန်တဲ့ မိတ်ဆွေဖြစ်ကြောင်း သူ ဘယ်တော့မှ သိမှာ မဟုတ်ဘူး၊ ရှင့်အဖို့တော့. . ."

မာရီလူးက စကားကို ဖြတ်ထားလိုက်သည်။

"ဆက်ပြောပါဦး၊ ကျုပ်အဖို့ဆိုရင်. . ."

"ရှင့်အဖို့တော့ သူဟာ ရှင်ဘယ်တုန်းကမှ မရခဲ့ဖူးတဲ့ သားတစ်ယောက်ပါပဲ"

"သူ့အတွက်ကျတော့ သူ ဘာဖြစ်နေသလဲ၊ မင်း ဘယ်လိုထင်သလဲ"

မျက်လုံးစိမ်းစိမ်းများတွင် ဝမ်းနည်းသည့် အရိပ်အယောင်များ ပေါ်လာသည်။

"သူ့ကိုယ်သူအဖို့တော့ သိပ်မကောင်းလှပါဘူး၊ ဘယ်တော့မှ အကောင်အထည် ပေါ်မလာနိုင်တဲ့ အိပ်မက်တစ်ခုနောက်ကို သူ တန်းတန်းစွဲလိုက်နေတယ်"

□

www.burmeseclassic.com

www.burmeseclassic.com



"ထုတ်လုပ်ရေးဌာနကို ဘယ်သူက ကြီးကြပ်မှာလဲ၊ ငါက အဲဒီလူနဲ့တွဲပြီး အလုပ်လုပ်သွားရမှာ" ဟု ဆမ်ကမေးသည်။

"ဂျက်ဆာဗစ်က တာဝန်ယူလိမ့်မယ်၊ သူ့အဖေဂျင်စီလုပ်ငန်းကို ရောင်းပစ်တော့မယ်" ဟု စတီဖင်က ပြန်ဖြေသည်။

"ကောင်းတယ်၊ သူ့ကို ငါ သဘောကျတယ်" ဟု ဆမ်ကပြန်ပြောသည်။

ရော်ဂျာက ဝင်မေးပြန်သည်။

"ရှင်းအောင် မေးစမ်းပါရစေဦး၊ ထရန်စ်ဝါးစင်ကလဲယားက စတူဒီယိုနဲ့ နိုင်ငံခြားဖြန့်ချိရေးကို ယူမယ်၊ ဆမ်မာကန်ထရန်စ်ဝါးက ပြည်တွင်းဖြန့်ချိရေးနဲ့ ကနေဒါနိုင်ငံ ဖြန့်ချိရေးကို ယူရမယ်၊ ကုန်ကျငွေကို တစ်ယောက်တစ်ဝက် ထည့်မယ်၊ အမြတ်ငွေကို တစ်ဝက်စီခွဲယူမယ်၊ သဘောတူညီချက်မှာမပါဘဲ တခြားကားတွေကိုလည်း ကျုပ်တို့က ရိုက်နိုင်တယ်၊ အဲဒီကားတွေကို ခင်ဗျားက ရုပ်မြင်သံကြားပြဖို့ ဝယ်မယ်၊ ဒီလိုလား"

"ခင်ဗျားသဘောပေါက်နေပြီပဲ၊ ကျွန်တော်တို့က ရုပ်မြင်သံကြားအတွက် ဇာတ်လမ်းတွေကိုပဲ စိတ်ဝင်စားပါတယ်" ဟု စတီဖင်က ပြန်ပြောသည်။

"ငါတော့ သဘောတူတယ်"

ဆမ်ကဝင်ပြောရင်း ဒေ့ဗ်ဒိုင်းမွန်းဘက်သို့ လှည့်မေးသည်။

"ခင်ဗျားရော ဘယ်လိုသဘောရသလဲ"

"ကျုပ်လည်း ကျေနပ်ပါတယ်၊ ငွေထုတ်ချေးဖို့အတွက် အားလုံးပြင်ဆင်ထားပြီးပါပြီ၊ ဆယ့်ငါးသန်းနဲ့ ခင်ဗျားစ,လုပ်နိုင်တာပဲ" ဟု ဘဏ်ဥက္ကဋ္ဌ ဒေ့ဗ်ဒိုင်းမွန်းက ပြောသည်။

"အလျင်တုန်းက ငါလုပ်ခဲ့သလိုပဲ နိုင်ငံခြားရုပ်ရှင်တွေဝယ်ပြီး ဖြန့်မယ်ဆိုရင်ကော၊ မင်းအနေနဲ့ ဘာပြောစရာရှိသလဲ" ဟု ဆမ်ကမေးသည်။

"အလျင်အတိုင်းပဲပေါ့ဗျာ၊ ချုပ်ကိုင်ထားတဲ့စည်းကမ်း ဘာမှမရှိပါဘူး၊ အလျင်ဆုံးတော့ ကျွန်တော်သိချင်တာပေါ့၊ ဒါပေမယ့် ခင်ဗျားငွေနဲ့ ခင်ဗျားလုပ်တာပဲ၊ သင့်တော်တယ်ထင်ရင် လုပ်ပေါ့" ဟု စတီဖင်က ပြောသည်။

"ဒါဆိုရင် တရားမျှတပါတယ်၊ တစ်ခုပဲ ငါတောင်းဆိုပါရစေ"

"ဘာလဲ"

"ခရက်ဒေါက်ကို ဒီအကြောင်း ငါကိုယ်တိုင် ပြောပြပါရစေ၊ ဒီခွေးသားကို ဆော်ဖို့ စောင့်နေတာ ကြာပြီ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

"အားလုံး အဆင်ပြေသွားပြီ၊ ပထမဆုံးနေ့မှာပဲ အစုရှယ်ယာ ကိုးဆယ့်နှစ်ရာခိုင်နှုန်း ကိုယ်တို့ရလိုက်တယ်" ဟု စတီဖင်ကပြောရင်း အိပ်ခန်းထဲသို့ ဝင်လာသည်။

"ဝမ်းသာပါတယ်" ဟု မာရီလူးက ပြန်ပြောသည်။

"အောင်မြင်တဲ့ အထိမ်းအမှတ်အဖြစ်နဲ့ ရှမ်ပိန်သောက်ကြရအောင်"

စတီဖင်က ရှမ်ပိန်ပုလင်း သွားယူသည်။ ဖန်ခွက်နှစ်လုံးထဲမှာ ထည့်သည်။ မာရီလူးကို တစ်လုံးပေးသည်။

"အထုပ်အပိုးပြင်ကွာ၊ လော့စ်အိန်ဂျလိစ်မြို့ကို သွားကြမယ်"

"ကျွန်မ ထုပ်ပိုးပြီးနေပါပြီ"

မာရီလူးက သူ့ဖန်ခွက်ကို ငုံ့ကြည့်သည်။ ပြီးတော့ စတီဖင့်ကို လှမ်းကြည့်သည်။

"ဒါပေမယ့် ရှင်နဲ့လိုက်ဖို့မဟုတ်ဘူး၊ ကျွန်မက ရောမမြို့ကို ပြန်တော့မှာ"

စတီဖင် အံ့အားသင့်သွားသည်။

"ဘာလို့ပြန်မှာလဲ၊ သူတို့ကမ်းလှမ်းတဲ့ ရုပ်ရှင်ကားတွေ မင်းမရိုက်ချင်ဘူးလို့ ထင်နေတာ"

"နစ်ကီက ကမ်းလှမ်းလိုက်ပြီလေ၊ ကျွန်မ သဘောကျတဲ့ ကမ်းလှမ်းချက်ပဲ၊ လက်ထပ်မယ်တဲ့"

စတီဖင်က ဘာမှမပြော။

မာရီလူးက စားပွဲပေါ်မှ ကြေးနန်းစာရွက်ကို ယူပေးသည်။

"အားလုံးစီစဉ်ပြီးပြီ၊ လက်ထပ်ဖို့ ပြန်လာတော့"

နစ်ကီ။

"ဒီလိုဖြစ်သွားပြီကိုး" ဟု စတီဖင်က လေသံပျော့လေးဖြင့် ပြောသည်။

"ဒီလိုဖြစ်သွားပြီ၊ ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့လေ"

စတီဖင်က သူ့ကိုမော့ကြည့်သည်။ လေသံတိမ်သွားသည်ကို သူ သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတစ်ခုတော့ ရှိတာလဲ"

ရုတ်တရက် လည်ချောင်းထဲမှာ တစ်ဆို့လာသည့်အလား မာရီလူးက ခေါင်းခါသည်။ ခဏကြာမှ စကားပြောနိုင်သည်။

"ဘာမှ မဟုတ်တော့ပါဘူးလေ၊ ဘယ်လိုမှ ဖြစ်နိုင်မယ် မထင်တော့ပါဘူး၊ ကျွန်မက ရှင်မင်းသမီး၊ ကျွန်မမှာ အလုပ်ရှိတယ်၊ ရှင်နဲ့ကျွန်မ အသွင်မတူနိုင်ပါဘူး"

"မင်းအလုပ်ကို စွန့်လွှတ်ပစ်လိုက်ပေါ့"

သည်တစ်ခါ အံ့အားသင့်ရသူက မာရီလူးဖြစ်သည်။

"ကျွန်မကို ရှင်နဲ့လက်ထပ်ဖို့ ပြောနေတာလားဟင်"

"ထင်တာပဲ၊ ဒီလိုသဘောမျိုးပဲ ရောက်တယ်မဟုတ်လား"

မာရီလူးမှာ ချက်ချင်း မျက်ရည်ဝိုင်းလာသည်။

"ဒါပေမယ့် ကျွန်မကို ချစ်ပါတယ်လို့ ရှင် တစ်ခါမှ မပြောဖူးဘူး"

"မင်းကို ကိုယ်ချစ်ပါတယ်"

သူ့ရင်ခွင်ထဲသို့ မာရီလူး ဝင်လာသည်။

"ဘာဖြစ်လို့ ဒါလောက်တောင် အချိန်တွေဆွဲနေရတာလဲ မောင်ရယ်"

"ကိုယ်ဟာ အင်မတန်တုံးတဲ့ အကောင်ပါ၊ ရုတ်တရက် မင်းကို လက်လွှတ်ဆုံးရှုံးလိုက်ရတော့မှာပါလားဆိုတာ သဘောမပေါက်သေးတဲ့ အချိန်အထိ မင်းကိုချစ်နေမှန်း ကိုယ့်ဘာကိုယ် မသိခဲ့ဘူး"

မာရီလူးက သူ့ကို မြန်မြန်နမ်းသည်။ ပြီးတော့ သူနှင့်ဝေးရာသို့ ဆုတ်သွားကာ ရှမ်ပိန်ခွက်ကို မြှောက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် စတီဖင်ဂေါက်၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူး"

စတီဖင်မှာ လက်ထဲကဖန်ခွက် လွတ်ကျလုနီးနီး ဖြစ်သွားသည်။

"ဒါလောက်လည်း အံ့ဩမသွားပါနဲ့လေ၊ အသွင်တူတဲ့ အကြင်လင်မယား မဖြစ်နိုင်ဘူးဆိုတာ ကျွန်မတို့နှစ်ယောက်စလုံး သိထားတာပဲ၊ ကျွန်မကလည်း မင်းသမီးအလုပ်ကို စွန့်လွှတ်နိုင်မှာမဟုတ်ဘူး"

"ဇနီးကောင်းတစ်ယောက် ဖြစ်ရတာထက်ပဲ ရုပ်ရှင်မင်းသမီးဖြစ်ရတာကို ပိုမက်မောနေသလား" ဟု စတီဖင်က မေးသည်။

"ကျွန်မက လောဘကြီးတယ်၊ အမြဲတမ်း လောဘကြီးနေတာရှင့်၊ နှစ်ခုစလုံး ဖြစ်ချင်တယ်၊ ဒါပေမယ့် ရှင်နဲ့လက်ထပ်မယ်ဆိုရင် တစ်ခုပဲ ရွေးစရာရှိတယ်"

"နှစ်ကီနဲ့ဆိုရင် . . ."

"နှစ်ခုစလုံး တစ်ပြိုင်တည်း ဖြစ်နိုင်တယ်၊ သူ့ကို ကျွန်မသိတယ်၊ ကျွန်မအကြောင်းကိုလည်း သူသိတယ်၊ ဒါပေမယ့် သူ မကန့်ကွက်ဘူး၊ ကဲ . . . ရှင် စိတ်အေးအေးထားတော့၊ ရှင့်ဘဝ လုံခြုံသွားပါပြီ"

မာရီလူးက ရှမ်ပိန်ကို တစ်ကျိုက်မော့လိုက်ရင်း ပြုံးသည်။

စတီဖင်လည်း တဖြည်းဖြည်း ပြုံးလာသည်။ ခဏကြာတော့ သူတို့နှစ်ယောက်အားပါးတရ ပြိုင်တူရယ်ကြသည်။ စတီဖင်က လက်နှစ်ဖက်ကို ကားပေးလိုက်သည်။ သူ့ရင်ခွင်

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ မာရီလူးရောက်လာသည်။

"အီတလီမလေး. . . ကိုယ်တို့ မြို့ထဲကိုသွားမယ်၊ မင်းအတွက် အကြီးကျယ်ဆုံး ညတစ်ည ဖြစ်ရစေ့မယ်"

"မသွားဘူး၊ ဒီည ဒီအိမ်ထဲမှာပဲ အချိန်ဖြုန်းမယ်"

စတီဖင်က သူ့ကိုနမ်းသည်။

"မင်းကို ကိုယ်ချစ်ပါတယ်၊ မင်း ယုံတယ်မဟုတ်လား"

မာရီလူးက ခေါင်းညိတ်သည်။

"မောင့်ကို ကျွန်မယုံပါတယ်၊ ဘာကြောင့်လဲဆိုတော့ မောင်ပြောဖူးတာကို သတိရ လို့ပါ၊ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် ချစ်ချင်ချစ်သွားနိုင်ကြတယ်ဆိုတာလေ၊ အခု ကျွန်မတို့ ချစ်သွားကြပြီ၊ ဒါပေမယ့် မောင်မသိသေးတာကို ကျွန်မ သိနေတယ်"

စတီဖင်က နားမလည်သလို လှမ်းကြည့်လိုက်သည်။

"အချစ်မှာ နှစ်မျိုးနှစ်စားရှိတယ်၊ တစ်ခုက လက်ထပ်တဲ့အချစ်မျိုး၊ နောက်တစ်ခုက တခြားအချစ်မျိုး"

❑

နောက်တစ်နေ့မနက်တွင် စတူဒီယိုဝင်းထဲသို့ ကားမောင်းဝင်သွားရင်း ထူးခြားချက် ကို ဆမ် သတိထားလိုက်မိလေသည်။

ဂိတ်စောင့်က ခါတိုင်းလို ဝတ်ကျေတမ်းကုန် နှုတ်မဆက်။ လှိုက်လှိုက်လှဲလှဲ လေး လေးစားစား နှုတ်ဆက်သည်။ အလုပ်သမားအချို့က ပြောလက်စ,စကားကို ချက်ချင်းရပ်ပစ် ကာ သူ့ကို လှမ်းကြည့်ကြသည်။ ရုံးခန်းထဲရောက်သွားတော့ စာရွက်စာတမ်းများ တောင်ပုံရာပုံ ရှိနေနှင့်သည်ကို တွေ့ရသည်။

"သတင်းစာတိုက်တွေက တယ်လီဖုန်းဆက်နေကြတယ်" ဟု သူ့အတွင်းရေးမှူး ဆီးပြောသည်။

"ညနေပိုင်းကျရင် ကြေညာချက်ထုတ်ပေးမယ်လို့ ပြောလိုက်ပါ"

ယခုအချိန်လောက်ဆိုလျှင် စတီဖင်သည် နယူးယောက်မြို့တွင် ထရန်စ်ဝါးကုမ္ပဏီ အကြီးအကဲများနှင့် အစည်းအဝေး ကျင်းပနေလောက်ပြီ ဆိုသည်ကိုလည်း သူသိနေသည်။

"မစ္စတာခရက်ဒေါက် ဖုန်းဆက်ပါတယ်၊ ခဏလောက် တွေ့ချင်ပါတယ်တဲ့"

ခွေးသားက နည်းနည်းကလေးမှ အချိန်မဖြုန်းပါလားဟု ဆမ်က တွေးလိုက်မိသည်။ လာစမ်းပေစေ။ သူဒုက္ခရောက်သွားပြီဆိုတာကို သိရသောအခါတွင် သူ့မျက်နှာ ဘယ်လို ဖြစ်သွားမည်ကို မြိန်မြိန်ကြီး ထိုင်ကြည့်နေလိုက်ဦးမည်။

"ကျုပ် အခုအားနေပြီလို့ ပြောလိုက်"

အတွင်းရေးမှူးက ခရက်ဒေါက်ကို ဖုန်းလှမ်းဆက်သည်။

"အခုလာပြီတဲ့" ဟု ဖုန်းပြန်ချရင်း ပြောသည်။

ခရက်ဒေါက် ခပ်ပြုံးပြုံး ဝင်လာသည်။ သူက လက်ဆန့်တန်းပေးသည်။ ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးသားသည့် လေသံမျိုးဖြင့် ပြောသည်။

"ဝမ်းသာပါတယ်ဆမ်၊ အခုလိုဖြစ်သွားတာဟာ ထရန်စ်ဝါး ရုပ်ရှင်ကုမ္ပဏီအတွက် အကောင်းဆုံးပဲလို့ ကျွန်တော်ထင်တယ်"

ဆမ်က သူ့ကို မသက်သာသလို ကြည့်နေမိသည်။

ခရက်ဒေါက်က စီးကရက် ထုတ်သောက်သည်။

"ခင်ဗျား အင်မတန်မိုက်မဲတဲ့ သတ္တဝါပဲ၊ ခင်ဗျားကို အလုပ်ထုတ်ပစ်လိုက်ပြီ၊ ဒါကို ရော ခင်ဗျားသိရဲ့လား" ဟု ဆမ်က အသံကုန်အော်သည်။

ခရက်ဒေါက်က ပြုံးသည်။

"သေသေချာချာ သိတာပေါ့ဗျာ"

"အဲဒါတောင် ခင်ဗျားက ဂရုမစိုက်ဘူးလား၊ ဘာမှမဖြစ်ဘူးလား"

"ဂရုစိုက်တာပေါ့၊ ဒါပေမယ့် ဆမ် . . . ကျုပ်ကို ကြည့်လိုက်စမ်းပါ၊ အခု ကျုပ် စီးကရက်သောက်နေတယ်၊ ရှိုက်တောင်ဖွာနေသေးတယ်၊ ဆေးလိပ်သောက်လို့ ကျုပ်အစာ အိမ်ရောဂါ ဘာမှမဖြစ်တာ ဆယ်နှစ်အတွင်း ဒါပထမဆုံးအကြိမ်ပဲ၊ ဒါနဲ့ စကားမစပ် မေး ဦးမယ်၊ ကျုပ်နေရာကို ဘယ်သူနဲ့ အစားထိုးဖို့ သူတို့ စဉ်းစားထားကြသလဲ"

ခရက်ဒေါက်ကမူ အေးအေးဆေးဆေးမေးရင်း စီးကရက်ကိုလည်း အားပါးတရ ရှိုက်နေသည်။

"ဂျက်ဆာဗစ်"

ဆမ်ကပြန်ဖြေရင်း တည်ငြိမ်နေသည့် ခရက်ဒေါက်ကိုကြည့်၍ မယုံကြည်နိုင် အောင် ဖြစ်နေမိသည်။

"ဂျက်ဆာဗစ် . . . အရွေးကောင်းပဲ၊ အင်မတန် အရည်အချင်းရှိတဲ့လူ၊ အခု သောက်ဆိုရင် သူလည်း အစာအိမ်ရောဂါ ဖြစ်နှင့်နေရောပေါ့၊ ဒါမှ သူအလုပ်မြဲမယ်လေ"

ဆမ်က သူ့ကို မယုံကြည်နိုင်သလို ငေးကြည့်နေမိပြန်သည်။ ချိုးနှိမ်၍မရနိုင်သော သူတစ်ယောက်အဖြစ် မြင်လာသည်။ ဟောလီးဝုဒ်တွင် ထုတ်လုပ်ရေးဌာန အကြီးအကဲအဖြစ် သူလောက်အလုပ်မြဲသူ တစ်ယောက်မှမရှိသေး။ သည်အတိုင်းဆိုလျှင် ထရန်စ်ဝါးကုမ္ပဏီအ တွက် ငွေရအောင် သူလုပ်ပေးခဲ့သောကြောင့်သာ ဖြစ်ရမည်။ သူပိုင်ကုမ္ပဏီကဲ့သို့ သဘော ထားပြီး တာဝန်ထမ်းဆောင်ခဲ့သောကြောင့်သာ ဖြစ်ရမည်။

သည်လိုလူမျိုးတစ်ယောက်ကို ထုတ်လုပ်ရေးဌာနတွင် တာဝန်ပေးထားမည်ဆိုပါက အခက်အခဲ မပေါ်နိုင်ကြောင်း ဆမ်တွေးမိလာသည်။

ဆမ်က ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ အမှန်ကန်ဆုံးလည်း ဖြစ်နိုင်သည်ဟု သူ ယုံကြည်လိုက်သည်။

"ဒီမှာ ခရက်ဒေါက်၊ ဖြန့်ချိရေးကုမ္ပဏီကို ကျွန်တော် ယူလိုက်တဲ့အတွက် အပြင်မှာ သာ ကျွန်တော် အချိန်ကုန်ဖို့ရှိတယ်၊ ဒီမှာ သိပ်ထိုင်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော့် ကိုယ်စား ထုတ်လုပ်ရေးဌာနကို ကွပ်ကဲသွားဖို့ လူတစ်ယောက်လိုတယ်၊ အဲဒီလူကတော့ ခင်ဗျားပဲ၊ စီမံကိန်းတွေကို ခင်ဗျားသိတယ်၊ အစီအစဉ်တွေကို ခင်ဗျားသိတယ်၊ ထုတ်လုပ်ပုံ ထုတ်လုပ်နည်းတွေကို ခင်ဗျားသိတယ်၊ စတူဒီယိုအကြောင်းကို ခင်ဗျားသိတယ်၊ ခင်ဗျား ကိုယ်စားရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ဇာတ်ကားတွေ ထုတ်လုပ်ပေးစေချင်တာလား"

"ဟုတ်တယ်၊ ထရန်စ်ဝဲးကုမ္ပဏီအတွက် ခင်ဗျားလုပ်ပေးနေတဲ့အတိုင်း ကျွန်တော် အတွက် တစ်သဝေမတိမ်း လုပ်ပေးဖို့ပဲ" ဟု ဆမ်က ပြန်ပြောသည်။

"ကျွန်တော် စိတ်ဝင်စားပါတယ်"

"ကောင်းပြီ၊ ခင်ဗျား စိတ်ဝင်စားတယ်ဆိုရင် အခုအချိန်ကစပြီး ကျွန်တော် အတွက် ဇာတ်ညွှန်းကောင်းတွေရှာပေတော့၊ ကျွန်တော်တို့မှာ ဖြန့်ချိရေးကုမ္ပဏီရှိနေပြီ ဖြစ် ကြောင့် ကိုယ်ပိုင်ဇာတ်ကားတွေ ထုတ်လုပ်ရတော့မယ်"

"ကျွန်တော် ချက်ချင်းစပြီး အကောင်အထည် ဖော်ပါ့မယ်"

ခရက်ဒေါက်က စီးကရက်ကို တစ်ချက်ဖွာလိုက်သည်။ သူ့မျက်နှာ ရှုံ့မဲ့သွားသည်။ စီးကရက်က သူ့ကို ချက်ချင်း သစ္စာဖောက်သွားသည့် အမူအရာမျိုး ပေါ်လာသည်။ ပြာခွက် ထဲမှာ ထိုးခြေလိုက်သည်။

"ဘာဖြစ်သွားတာလဲ" ဟု ဆမ်က မေးသည်။

"စီးကရက်လေ၊ ကျွန်တော့်အစာအိမ်ရောဂါကို လောင်ကျွမ်းသွားပြန်ပြီလေ အလုပ်ပြန်လုပ်ရဦးမယ်ဆိုတော့ ရောဂါပြန်ထ,လာတာပေါ့ဗျာ"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

"ရှင်မပြုချင်ဘူးလို့ပြောတာ ဘာအဓိပ္ပာယ်လဲကွ၊ မင်းအဘိုးနဲ့ အဘွားက ဖလော်ရီဒါ နေပြီးတော့တောင် ဒီကိစ္စအတွက် တမင်လာရတာ" ဟု ဆမ်က အသံကုန်အော်မေးသည်။

ဂျူနီယာ၏ အမူအရာကတော့ ခေါင်းအလွန်မာသည့် ပုံမျိုးပင်။

"ထားလိုက်စမ်းပါ အဖေရာ၊ ဒါလောက်တိုးတက်နေတဲ့ ခေတ်ကြီးမှာ အပိုတွေလုပ် နေလို့ ဘာအဓိပ္ပာယ်ရှိမှာလဲ"

"ဘာကိစ္စ အဓိပ္ပာယ်မရှိရမှာလဲကွ၊ မင်းဟာ ဂျူးလူမျိုး၊ ဂျူးလူမျိုးဟာ အရွယ်ရောက် ရင် သာသနာ့ဝန်ကို ကိုယ်နိုင်သလောက် ထမ်းဆောင်ရမယ်၊ ငါခိုင်းတဲ့အတိုင်း မင်းရှင်ပြု မယ်၊ မပြုရင် မင်းကိုယ်ထဲမှာရှိနေတဲ့ အရိုးတွေအကုန်လုံးကို ရိုက်ချိုးပစ်မယ်"

ဒင်းနိစ်က သူ့သားကို လှမ်းကြည့်သည်။

"အဲ. . . သား သွားတော့၊ မင်း အဖေကို အမေ ကြည့်ပြောထားပေးမယ်"

ဂျူနီယာက ဘာစကားမှမပြောဘဲ အခန်းထဲမှ ထွက်သွားသည်။ တံခါးပိတ်သွား သည်အထိ သူတို့ ငြိမ်နေကြသည်။ ပြီးတော့မှ ဆမ်က ဒင်းနိစ်ကို လှမ်းကြည့်သည်။

"ဒီကလေးတွေ ပျက်စီးအောင် မင်း ဖျက်ဆီးထားတာ၊ ငါကျောခိုင်းလိုက်တာနဲ့ တစ်ပြိုင်တည်း ကလေးတွေ စည်းကမ်းမဲ့ချင်တိုင်းမဲ့အောင် မင်း အလိုလိုက်တော့တာပဲ၊ ဝမ်းနဲ့လွယ်ပြီး မွေးထားရတဲ့ သားကိုတောင် ရှင်ပြုအောင် မင်းနားမချနိုင်ဘူး၊ မင်း ဘာ အသုံးကျတဲ့ မအေလဲ"

ဆမ်မှာ စကားကို တစ်ပိုင်းတန်းလန်း ရပ်ပစ်လိုက်သည်။ ပြီးတော့ ဒင်းနိစ်ကို စိုက်ကြည့်နေသည်။ သူ့လေသံ ချက်ချင်းပြောင်းသွားသည်။

"အမေကြီး. . . ဘာဖြစ်လို့ တို့ဒီစကားမျိုးတွေ ပြောနေကြရတာလဲ"

ဒင်းနိစ်က ခေါင်းယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက စ,ပြောတာမဟုတ်ဘူးလေ၊ ဒါပေမယ့် လွန်ခဲ့တဲ့တစ်နှစ်လုံး ရှင် ... လောကထဲကို ရောက်နေတာမဟုတ်လား၊ ရှင့်ကိုတောင် ကျွန်မတို့ ဘယ်လောက်တွေ့ရ...

"အလုပ်တွေက များလွန်းလို့ပါကွာ၊ ကုမ္ပဏီကြီးတစ်ခုလုံးကို အသားကုန်... ပြန်ဖွဲ့စည်းနေရတာ မဟုတ်လား၊ ဒီလိုမှမလုပ်ရင် အလျှင်တုန်းက သူတို့ တစ်နှစ်ငွေငါး... ရှုံးခဲ့သလို တို့လည်းရှုံးမယ်၊ ဒါပေမယ့် ရောမမြို့မှာရှိတဲ့ ချာလီကိုခေါ်ပြီး ငါ့လက်ထော... အဖြစ် ခန့်လိုက်တော့ အခြေအနေတွေ ကောင်းလာပါတယ်"

"ဒီအတိုင်းသာ ရှင်ဆက်လုပ်နေရင် ဒုက္ခဖြစ်မယ်၊ ခရက်ဒေါက်ကို ထုတ်လု... ဌာနမှာ တာဝန်ပေးထားပြီးပြီ၊ ရော်ဂျာကို အုပ်ချုပ်ရေးတာဝန်တွေ ပေးထားပြီးပြီ၊ နှင်း... ရာစုကုမ္ပဏီက လူတစ်ယောက်ကို အရောင်းမန်နေဂျာ ခန့်ထားပြီးပြီ၊ ဒါတောင် ရှင်... လောက် ခေါင်းရှုပ်နေတုန်းပဲလား"

"ငါက တာဝန်အကြီးဆုံးကိုးကွ၊ မျက်စိဒေါက်ထောက် ကြည့်မနေရင် ငါ့... ကျောမှာ အားလုံးဖြောင်ကုန်ကြမှာပေါ့"

"ဒီလိုဆိုရင် အဲဒီလူတွေကို ဘာဖြစ်လို့ ဒါလောက်လခကြီးတွေ ပေးထားဦးမှာ..."

"ဒီတော့မှ ပိုအရေးကြီးတဲ့ကိစ္စတွေမှာ ငါ အေးအေးဆေးဆေး အာရုံစိုက်နိုင်မှာ..."

"ဒါထက် အားလုံးအဆင်ပြေနေတယ်ဆို၊ ဘာပြဿနာတွေ ရှိသေးလို့လဲ"

"စင်ကလဲယားကုမ္ပဏီနဲ့ ဆက်ဆံရေးကို ပြန်သုံးသပ်ကြည့်ရဦးမယ်ကွာ၊ လွန်ခဲ့... နှစ်ထဲမှာ သူတို့အတွက် ငါ ပိုက်ဆံဘယ်လောက် ရှာပေးခဲ့တယ်ထင်သလဲ၊ ခုနှစ်သန်းလော... ရှာပေးခဲ့တယ်၊ တို့ရတာထက် ပိုပြီးရှာပေးခဲ့တယ်"

ဒင်းနိစ်က ဘာမှပြန်မပြောဘဲ ဆမ်ကိုကြည့်နေသည်။

"မာရီလူးရဲ့ ကားတစ်ကားတည်းနဲ့တင် သူတို့ ငွေလေးသန်းကျော် မြတ်သွားတ..."

"မာရီလူး အဲဒီကားရိုက်ဖြစ်တာက စတီဖင်ကြောင့်မဟုတ်လား၊ ဟောလီး... သူ ပြန်မလာချင်တော့ပါဘူးလို့ ပြောသွားတယ်မဟုတ်လား၊ ဒါပေမယ့် အခု စတီဖ... ပြန်ခေါ်တော့ သူပြန်ရောက်လာတယ်လေ"

"မလာဘဲနေမလားကွ၊ သူတို့လင်မယား ငွေသုံးသန်းပိုက်ပြီး အခုပြန်သွားပြီ... ငါတို့ကရတော့ တစ်သန်းခွဲပဲရတယ်၊ ယူနိုက်တက်အားတစ်ကုမ္ပဏီက ငါတို့ရိုက်တဲ့ကားတွေ... နိုင်ငံခြား ဖြန့်ချိခွင့်လိုချင်တယ်လို့ စကားကမ်းလှမ်းနေတယ်၊ ကြေးလဲပိုရမယ်"

ဒင်းနိစ်က သူ့ကိုအကဲခတ်ကြည့်နေသည်။

"ကျွန်မသာဆိုရင်တော့ ဒီကိစ္စကို ဒါလောက်အလျှင်စလိုလုပ်မှာ မဟုတ်ဘူး၊ ဒီ... ငန်းကို လုပ်ဖြစ်အောင် ဖန်တီးပေးတာ စတီဖင်မဟုတ်လား"

"သူ့အကျိုးအတွက် သူလုပ်နေတာပါကွာ၊ ဖြန့်ချိရေးကုမ္ပဏီကို ငါသာမယူ... ထရန်စ်ဝါး ရုပ်ရှင်ကုမ္ပဏီကို သူဝယ်မှာမဟုတ်ပါဘူး၊ ရှုံးနေတဲ့ကုမ္ပဏီကို ဘယ်သူကဝယ်မှာ... အခုတော့ ငါက သူတို့မရှုံးအောင် ဝင်လုပ်ပေးရတယ်၊ ငါ့အတွက်တော့ ဘာအကျိုးကျေးဇူး... ပြန်မပြုဘူး"

"ဒီအကြောင်း စတီဖင်ကို ပြောပြပါလား၊ သူ့ကိုသာပြောပြလိုက်ရင် အဆ... အောင် လုပ်ပေးမယ်ဆိုတာ ကျွန်မ သေသေချာချာ ယုံကြည်တယ်"

"တစ်ခါတစ်ခါကျတော့ အဲဒီကောင်ဟာ သိပ်ခေါင်းမာတယ်၊ စာချုပ်ကြီးအတိ...

www.burmeseclassic.com

www.burmeseclassic.com



...တန်လုပ်တယ်၊ စာချုပ်ဟာ စာချုပ်ပဲလို့ သဘောထားတဲ့အကောင်"

❑

"အဘိုးကြီးတော့ မိုးမီးလောင်နေပြန်ပြီ" ဟုပြောရင်း ဂျူနီယာက ရေကူးကန်ဘေး ...ဆိုင်နေသည့် သူ့အစ်မ မီရီယမ်နားမှာ ဝင်ထိုင်ချသည်။

မီရီယမ်က သူ့ကိုလှည့်ကြည့်သည်။ ဖတ်နေဆဲ ဇာတ်ညွှန်းစာအုပ်ကို ပိတ်လိုက်သည်။

"ရှင်ပြဖို့ကိစ္စပဲလား"

"ဟုတ်တယ်၊ အဘိုးနဲ့အဘွားလည်း ဖလော်ရီဒါကနေ လာကြလိမ့်မယ်တဲ့"

"မင်းကလည်း အဖေပြောတာကို နားထောင်လိုက်ရောပေါ့ကွာ၊ ဒီအတွက် သူ ...လောက် အားခဲနေတယ်ဆိုတာ သိသားနဲ့"

ဂျူနီယာက အက်ဳီချွတ်သည်။

"ငါ့ကိစ္စရော အမေက ပြောမှပြပါ့မလား"

"ကျွန်တော်တော့ မထင်ဘူး၊ ကျွန်တော့်ကို အဘိုးကြီး အကြီးအကျယ် ဒေါသဖြစ် ...တယ်၊ ဒါကြောင့် သူ့စိတ်ငြိမ်အောင် အမေလုပ်ရဦးမယ်လေ၊ သူစိတ်ကောင်းလေးဝင်နေမှ ...လို့ဖြစ်မှာပေါ့"

"ဒုက္ခပါပဲဟယ်၊ ငါကလည်း ကြာကြာမစောင့်နိုင်တော့ဘူး၊ ဒီတစ်ပတ်အတွင်းမှာ ...ပြပြန်မပေးရင် နေရာမရှိတော့ဘူး၊ သူတို့ သရုပ်ဆောင်သင်တန်းက လျှောက်တဲ့လူတွေ ...သတ်လို့ ကုန်နိုင်တာမဟုတ်ဘူး"

❑

ဒင်းနီစ်က ပြတင်းပေါက်ကို ကျော်ကြည့်သည်။ ရေကူးကန်ထဲတွင် သားနှင့်သမီး ...ကူးနေကြသည်ကို မြင်ရသည်။

"ဆမ်. . . ဒီမှာလာကြည့်စမ်းပါဦး" ဟု ခေါ်သည်။

ဆမ်က ဖတ်လက်စ,သတင်းစာကို ချခဲ့ပြီး ထ,လာသည်။ ပြတင်းပေါက်မှာ လင် ...သားနှစ်ယောက် အတူရပ်ကြည့်သည်။

"ကျွန်မတို့ကလေးတွေက လိမ္မာပါတယ်၊ တခြားကလေးတွေအကြောင်းများ ကြား ...တာ စိတ်မချမ်းသာစရာပဲ၊ ဒီခေတ်ကလေးတွေ မလွယ်ဘူးနော်၊ ယုံကြည်နိုင်စရာတောင် ...ဘူး"

"ဟုတ်တယ်၊ ငါသိပါတယ်၊ ဒါပေမယ့် သူ ရှင်တော့ပြုမှဖြစ်မယ်"

ဆမ်က စောစောကနေရာသို့ ပြန်သွားပြီး သတင်းစာကို ပြန်ကောက်သည်။

"ပြုမှာပါ၊ မပူပါနဲ့"

ဆမ် စိတ်ကောင်းလေးဝင်နေပြီဟု ဒင်းနီစ်ထင်သည်။ ယခုအချိန်ကလေးတွင်

www.burmeseclassic.com

www.burmeseclassic.com



မီရီယမ်ကိစ္စကို ပြောမှဖြစ်တော့မည်ဟုလည်း တွက်ကြည့်သည်။

"မီရီယမ်ရဲ့ ရှေ့ရေးနဲ့ ပတ်သက်လို့လည်း ကျွန်မ မေးကြည့်တယ်ဆမ်၊ သူ ဘာလုပ်ချင်သလဲ ဆိုတာပေါ့လေ"

ဆမ်က သတင်းစာကိုဖတ်ပြီး မော့ကြည့်သည်။

"ဘာလုပ်ချင်သတဲ့လဲ"

"သမီးလေးက သိပ်ချောတာမဟုတ်လား၊ သူ နယူးယောက်ကိုသွားပြီး ကျောင်းတက်ချင်တယ်တဲ့"

"ဒီကကျောင်းက ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ သူတက်ချင်တဲ့သင်တန်းမျိုး ဒီမှာ ကောင်းကောင်းမရှိဘူးလို့ ပြောတယ်"

"ဘာသင်တန်းမျိုးမို့လို့လဲ"

"သရုပ်ဆောင်သင်တန်း"

"သရုပ်ဆောင်သင်တန်းလား၊ ဘာလဲ. . . သူက မင်းသမီးလုပ်ချင်လို့တဲ့လား"

ဆမ်၏အသံ ကျယ်လာပြန်သည်။

"အဲဒါ ဘာဖြစ်သလဲ၊ ကျောင်းကပွဲမှာ သူ သရုပ်ပါပါကနိုင်ခဲ့တုန်းက ရှင်ပဲ ဂုဏ်ယူလို့မဆုံးနိုင်အောင် ဖြစ်နေခဲ့သေးတယ်လေ"

"မတူဘူးကွ၊ ဟိုဟာကကျောင်း၊ ကျောင်းမှာကတဲ့ပွဲ၊ ရုပ်ရှင်မင်းသမီးတွေနဲ့ ပတ်သက်ပြီး ငါ ဘယ်လိုသဘောထားတယ်ဆိုတာ မင်းအသိသားနဲ့၊ အလကား ကောင်မတွေ တစ်ကောင်မှ အသုံးကျတာမဟုတ်ဘူး၊ အားလုံး ပျက်စီးနေကြတာ၊ ရုပ်ရှင်ကုမ္ပဏီပေါင်းစုံနေမှာ မိန်းမပျက်တစ်ယောက်လို ငါ့သမီးသွားနေတာကို မမြင်ချင်ဘူး"

"မီရီယမ်က ဒီလိုအစားထဲက မဟုတ်ပါဘူးလေ၊ သူက ယုံကြည်ချက်ကြီးပါတယ်"

"အိုး. . . နယူးယောက်မြို့မှာ သူတစ်ယောက်တည်း သွားနေမှာကိုတော့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူးကွ"

"သူတစ်ယောက်တည်း ဒီအတိုင်းလွှတ်ထားမှာ မဟုတ်ပါဘူး၊ ရော်ဂျာကလည်း သူစောင့်ရှောက်ပါ့မယ်လို့ ပြောတယ်"

ဆမ်မှာ တိတ်တိတ်ကလေးကျိတ်ပြီး ဂုဏ်ယူလိုက်မိသည်။ သို့သော် မျက်နှာထားကိုတော့ တင်းထားသည်။

"သမီးလေးကို သူလုပ်ချင်တာ လုပ်ခွင့်ပြုလိုက်ပါ ဆမ်၊ ခွင့်မပြုရင် သူ့အသည်းကွဲသွားလိမ့်မယ်" ဟု ဒင်းနီစ်က လေပျော့ကလေးနှင့် ဆက်ပြောနေလေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

"မောင်ရင့်သူငယ်ချင်း ဖတ်တီးတော့ ပွဲဖောက်လာပြန်ပြီ" ဟု ရုံးခန်းထဲသို့ စတီဖင် ဝင်သွားသောအခါ ဂျက်က ဆီးပြောသည်။

စတီဖင်က မျက်နှာချင်းဆိုင်မှာ ထိုင်သည်။ ဂျက်၏ အတွင်းရေးမှူးက သူ့အတွက် ကော်ဖီလာချပေးသည်။

"အခု ဘာဖြစ်နေပြန်ပြီလဲ" ဟု စတီဖင်က မေးသည်။

"သူ့အတွက် ကျုပ်တို့ရှာပေးထားတဲ့ အကောင်းဆုံး ဇာတ်ညွှန်းသုံးခုကိုရိုက်ပြီး အခြားကုမ္ပဏီနဲ့ဖြန့်ဖို့ လုပ်နေပြန်ပြီ၊ ဒါဟာ ကျုပ်တို့ သဘောတူညီချက်ထဲမှာ မပါဘူး"

"အဲဒီတော့. . ."

စတီဖင်က ကော်ဖီပန်းကန်ကို ကောက်ကိုင်ရင်း လေအေးကလေးဖြင့် ဘာမှမဖြစ်သလို ပြန်မေးသည်။

"လုပ်မနေနဲ့ စတီဖင်၊ ဒါဟာ တရားသဖြင့်မဟုတ်ကြောင်း မောင်ရင်သိတယ်၊ အခြားကုမ္ပဏီအတွက်ကျတော့ ကုန်ကျစရိတ်အနည်းဆုံးနဲ့ သူလုပ်ပေးနေတယ်၊ ဒီအတိုင်း လုပ်နေရင် ကျုပ်တို့စတူဒီယို အရှုံးမပေါ်အောင် ကျုပ် ဘယ်နည်းနဲ့မှ ထိန်းထားနိုင်တော့မှာ မဟုတ်ဘူး"

"ဘယ်သူကဖြန့်မယ်ဆိုတာ ကြေညာပြီလား"

"ယူနိုက်တက်အားတစ်က ဖြန့်မှာ၊ ဒီကိစ္စကို မောင်ရင် ဘယ်လိုလုပ်မလဲ"

"ဘာမှမလုပ်ပါဘူး၊ ကျုပ်တို့နဲ့ စာချုပ်ထားတာပဲ၊ သူ့ပိုက်ဆံနဲ့ သူရိုက်တာ၊ ရိုက်ချင်တဲ့ကား ရိုက်ပေါ့၊ ဖြန့်ချိရေးကိုလည်း သူ ကြိုက်ရာရွေးနိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မောင်ရင် ဘာမှ အရေးမယူတော့ဘူးပေါ့" ဟု ဂျက်က စိတ်ဆိုးမာန်ဆိုး မေးသည်။

"မလိုပါဘူးဗျာ"

"ဒီလိုဆိုကောင်းပြီ၊ ကျုပ် အလုပ်ထွက်တယ်၊ သူ့အတွက် ကျုပ်က ဇာတ်ညွှန်းကောင်းတွေရှာပေးတယ်၊ သူက အများအတွက် ရိုက်ပေးတယ်၊ ကျုပ် နွားလုံးလုံးဖြစ်မနေဘူးလား"

"အဲဒီလိုဆိုရင် ဇာတ်ညွှန်းကောင်းကောင်းတွေ ရှာမပေးနဲ့တော့ပေါ့ဗျာ၊ ခင်ဗျားမှာ လုပ်စရာတွေ ပြည့်နေတာပဲ၊ သူ့ဇာတ်လမ်း သူ့ဘာသာသူ ရှာပေစေ၊ သူ့ဇာတ်ကားကို သူ့ငွေနဲ့ သူ ရိုက်ပေစေ"

"မောင်ရင် တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပေါ့ဗျ၊ ကျွန်တော်တို့ ဝယ်လို့ရတဲ့ဇာတ်ညွှန်း သူ့ကိုပေးရမယ်လို့ သဘောတူစာချုပ်ထဲမှာ မပါဘူးလေဗျာ၊ အခုပေးနေတယ်ဆိုတာကလည်း ကျွန်တော်တို့ချင်း အစုစပ်တွေမို့လို့ ကူညီတဲ့သဘောနဲ့ ပေးနေတာမဟုတ်လား"

"ဒါဆိုရင်ကောင်းတယ်၊ ဇာတ်ညွှန်းကောင်းကောင်းတွေ ကျုပ်တွေ့မယ်ဆိုရင် ဘာလုပ်ရမလဲ" ဂျက်က ဆက်မေးသည်။

"ဝယ်ပေါ့ဗျ၊ ထုတ်လုပ်သူကို နောက်မှရှာတာပေါ့၊ ကျွန်တော်တို့ကြိုက်တာ မဝယ်ရဘူးဆိုတဲ့ စည်းကမ်းချက်လည်း စာချုပ်ထဲမှာ ပါတာမှမဟုတ်ဘဲ"

စတီဖင်က ကော်ဖီပန်းကန်ကိုချပြီး ပြတင်းပေါက်ဆီသို့ သွားသည်။ အပြင်သို့ လှမ်းကြည့်သည်။ စတူဒီယိုလမ်းများပေါ်တွင် လူတွေ ဥဒဟိုသွားလာနေကြသည်။

"သူတို့ အလုပ်များနေကြပါလား"

"ကားတိုတွေရိုက်ဖို့ စီစဉ်နေကြပြီလေ၊ နောက်လဆိုရင် ပြနိုင်ပြီ" ဟု ဂျက်ကပြောသည်။

"ခင်ဗျား ဆမ်နဲ့ရော အခုတလော စကားပြောဖြစ်သလား"

"သူလည်း ဒီဘက်ကို ခြေဦးတောင် လှည့်မလာပါဘူး၊ ခရက်ဒေါက်နဲ့ပဲ ကျွန်အလုပ်လုပ်နေရတယ်"

"သူလာတာတွေ့ရင် ပြောစမ်းပါဗျာ၊ သူနဲ့ကျွန်တော် စကားလေးဘာလေး ပြောချင်တာပေါ့"

စတီဖင်က စောစောက ကုလားထိုင်သို့ ပြန်သွားပြီး ထိုင်သည်။ မျက်လုံးများကိုသူ မှိတ်ထားသည်။

"မောင်ရင် နေကောင်းရဲ့လား" ဟု ဂျက်ကမေးသည်။

"ကောင်းပါတယ်၊ ပင်ပန်းလွန်းလို့ဗျာ၊ တစ်လလုံး အလုပ်တွေနဲ့ နပမ်းလုံးနေရတာ"

"မောင်ရင် နားလိုက်ဖို့ကောင်းတယ်"

"အချိန်မရှိပါဘူးဗျာ၊ မနက်ဖြန် မွန်ထရီယယ်ကို သွားရမယ်၊ ဘောလုံးသင်းနဲ့ ချယ်တဲ့ကိစ္စ လုပ်ရမယ်၊ နောက်နေ့ကျတော့ ဝါရှင်တန်ကို သွားရမယ်၊ ရုပ်မြင်သံကြားရေးနဲ့ ပတ်သက်ပြီး ကွန်ဂရက်လွှတ်တော်မှာ ဆွေးနွေးကြတာ နားထောင်ရမယ်၊ အဲဒီနောက်ရှိကာဂိုကို သွားရမယ်၊ သတင်းစာဆရာများ ကွန်ဖရင့် တက်ရမယ်၊ ပြီးရင် လန်ဒန်ကို သွားရမယ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နဲ့ ရုပ်မြင်သံကြား ပူးတွဲထုတ်လွှင့်နေတာ ဘာတွေလိုသလဲဆိုတာ ကြည့်ရမယ်"

ဂျက်က ခေါင်းကိုယမ်းနေသည်။

❑

"ယူနိုက်တက်အားတစ်နဲ့ ကျုပ်တို့ ရုပ်ရှင်သုံးကားဖြန့်မယ့်အကြောင်း သူတို့ကို ခင်ဗျားပြောပြတော့ ဘယ်လိုတုံ့ပြန်တာများ ရှိသလဲ" ဟု ဆမ်ကမေးသည်။

"ဘာမှမတုံ့ပြန်ဘူး၊ ဂျက်က တစ်ခုခုတော့ပြောမယ်လို့ ထင်တာ၊ ဒါပေမယ့် ဘာမှ မပြောဘူး။ အခုဆိုရင် တစ်လတောင်ကြာသွားပြီ၊ သူတို့ပြဿနာနဲ့ သူတို့ ရှုပ်နေကြတယ်နဲ့ တူတယ်" ဟု ခရက်ဒေါက်က ပြန်ပြောသည်။

"သူတို့ကားတွေရော ဘယ်လိုနေသလဲ"

"အဆင်ပြေပုံရပါတယ်၊ ပြီးခဲ့တဲ့တစ်ပတ်ကစပြီး သူတို့ကားတွေ စရိုက်နေကြတယ်"

"နိုပ်ပုံရရဲ့လား"

ခရက်ဒေါက်က ပခုံးတွန့်ပြသည်။

"ဘယ်သူပြောနိုင်မှာလဲဗျာ၊ ဒါပေမယ့် သိပ်ကောင်းမယ်တော့ မထင်ပါဘူး၊ ဒီခေတ်မှာ ခြောက်သိန်းတန်ကားရိုက်လို့ ဘာဖြစ်မှာလဲ၊ ဇာတ်ညွှန်းကောင်းကောင်း လိုချင်ရင်တောင် အဲဒီလောက်ငွေပေးရတာ"

"ဟုတ်တာပေါ့လေ"

ဆမ်မှာ မနေတတ်မထိုင်တတ် ဖြစ်နေသည်။ သူကားသုံးကားကို ယူနိုက်တက်အားတစ်ကုမ္ပဏီနှင့်ဖြန့်ဖို့ စာချုပ်လိုက်သည့်ကိစ္စနှင့် ပတ်သက်၍ စတီဖင်က ဘာများပြောမလဲ ဆိုသည်ကို သူ သိချင်နေသည်။ သူတို့ဘက်က လှုပ်ရှားလာမှသာလျှင် မူလသဘောတူညီချက်များကို ပြန်လည်ပြင်ဆင်ဖို့ ပြောနိုင်မည်။

"ကျွန်တော်တို့ ဝယ်ဖို့လိုက်နေတဲ့ ဇာတ်ညွှန်းတွေ အခြေအနေရော ဘယ်လိုရှိသလဲ" ဟု ဆမ်ကမေးပြန်သည်။

"မရတော့ဘူး၊ အားလုံး လက်လွတ်ကုန်ပြီ" ဟု ခရက်ဒေါက်က ပြန်ပြောသည်။

"လက်လွတ်ကုန်ပြီ. . . တစ်ယောက်ယောက်က ဝယ်သွားတယ်လို့ ဆိုလိုတာလား"

ခရက်ဒေါက်က ခေါင်းညိတ်ပြသည်။

"ဘယ်လိုဖြစ်တာလဲ၊ ဝယ်လိုက်လို့ ကျွန်တော်ပြောထားတယ် မဟုတ်လား" ဟု ဆမ်က မေးသည်။ သူ့အသံ အနည်းငယ်မာလာသည်။

"ခင်ဗျားပြောတာကို ကျွန်တော် နားလည်ပါတယ် ဆမ်၊ ဒါပေမယ့် ဝယ်ဖို့မေးကြည့်လိုက်တဲ့အချိန်မှာ ရောင်းပြီးသွားပြီ"

"ဘယ်သူဝယ်သွားတာတဲ့လဲ"

"မသိဘူး၊ ဇာတ်ညွှန်းနှစ်ခုစလုံးကို ဝယ်သွားသူဟာ တစ်ဦးတည်းဖြစ်တယ် ဆိုတာလောက်ပဲ သိရတယ်"

"တစ်ဦးတည်းတဲ့လား၊ လီဗိုင်းလား" ဟု ဆမ်က စဉ်းစားရင်း ပြန်မေးသည်။

www.burmeseclassic.com

"ကျွန်တော်တော့ မထင်ဘူး၊ လီဗိုင်းဝယ်သွားတာဆိုရင် သတင်းစာတွေထဲမှာ ပါမှာပေါ့၊ အခုဟာက ဆင်ဒီကိတ်အသစ်နဲ့တူတယ်၊ သူတို့စာချုပ်ပြီးမှ ကြေညာမယ့်သဘော မျိုး ရှိတယ်"

"ဘယ်သူလဲဆိုတာ ရ,အောင်စုံစမ်းစမ်းဗျာ၊ သူတို့စာချုပ်ပြီဆိုရင် ကျွန်တော်တို့ တစ်ခုခုတော့ ကြံနိုင်တာပေါ့"

"စုံစမ်းကြည့်ပါ့မယ်၊ ဂျင်းဘောင်းဘီပြာဆိုတဲ့ စာအုပ်တစ်အုပ် ရှိသေးတယ်၊ နောက် တစ်ပတ်ဖြန့်မယ်၊ ရောင်းအကောင်းဆုံး နံပါတ်တစ်စာအုပ်ဖြစ်မယ်လို့ နယူးယောက်တိုင်း သတင်းစာက ဟောကိန်းထုတ်ထားတယ်၊ ငါးသိန်းပေးဖို့ ကျွန်တော် ကမ်းလှမ်းထားတယ်"

"ကောင်းတယ်၊ ဘယ်တော့ အကြောင်းပြန်မတဲ့လဲ"

"အခုချက်ချင်းကို သိနိုင်လောက်ပါတယ်၊ ပွဲစားက အခုနပဲ ဖုန်းဆက်တယ်၊ မကြာ ခင် အကြောင်းပြန်မယ်တဲ့"

ထိုသို့ပြောနေခိုက်မှာပင် စားပွဲပေါ်မှ တယ်လီဖုန်းခေါင်းလောင်း မြည်သည်။

"ဟောဒီတယ်လီဖုန်း ဖြစ်နိုင်တယ်" ဟုပြောရင်း ခရက်ဒေါက်က ကောက်ကိုင် သည်။

သူ ခဏ နားထောင်နေသည်။ စောစောက သူ့မျက်နှာပေါ်မှအပြုံး ပျောက်သွား သည်။ တယ်လီဖုန်းကို ပြန်ချသည်။ မယုံကြည်နိုင်သည့် လေသံမျိုးဖြင့် ပြောသည်။

"အဲဒီစာအုပ်လည်း ပါသွားပြန်ပြီ၊ ခုနစ်သိန်းခွဲ ပေးဝယ်သွားတယ်တဲ့"

ဆမ်က သူ့ကိုစိုက်ကြည့်နေသည်။

"ဘယ်သူဝယ်သွားတာတဲ့လဲ"

ခရက်ဒေါက်က ခေါင်းယမ်းသည်။

"သူတို့ပြောမှာမဟုတ်ဘူး၊ စောစောက ဇာတ်လမ်းနှစ်ခုကို ဝယ်သွားတဲ့လူပဲ ဖြစ်နိုင် တယ်"

ဆမ်က ထိုင်ရာမှထ,သည်။

"ကျွန်တော် နားမလည်တော့ဘူး၊ တခြားဇာတ်လမ်းတွေကိုပါ သူတို့ဝယ်နေတယ်လို့ ကြားမိသလား"

"မကြားဘူး၊ ကျွန်တော်တို့ဝယ်ဖို့ ကမ်းလှမ်းထားတဲ့ အဲဒီသုံးခုကိုပဲ ရွေးဝယ်တာ"

"ကျွန်တော် အနံ့တစ်ခုရပြီ၊ ခင်ဗျားရောရသလား" ဟု ဆမ်ကမေးသည်။

"ဘယ်လိုဟာမျိုးလဲ" ဟု ခရက်ဒေါက်က ပြန်မေးသည်။

"ယူနိုက်တက်အားတစ်ကုမ္ပဏီကတစ်ဆင့် ကျွန်တော်တို့ကားတွေ ဖြန့်မယ်ဆိုတာနဲ့ ပတ်သက်ပြီး စင်ကလဲယားကုမ္ပဏီက တုံ့ပြန်မှုမလာဘူးလို့ အခုအချိန်အထိ ခင်ဗျားထင်နေ တုန်းလား" ဟု ဆမ်ကမေးသည်။

ခရက်ဒေါက်၏ အစာအိမ်ရောဂါမှာ ချက်ချင်းဆိုးလာပြန်သည်။ ထို့ကြောင့် ဆေး တစ်လုံး ကမန်းကတန်း ကောက်ဝါးလိုက်ရသည်။

"ဒီအတိုင်းဆိုရင် ခင်ဗျားကိုယ်ခင်ဗျား တော်တယ်ထင်ထားတာတွေအားလုံး မှား ကုန်ပြီ၊ ဒါမှမဟုတ် စတီဖင်ဂေါက်အကြောင်း ခင်ဗျားထက် ကျွန်တော်က ပိုသိထား ရင်လည်း ဖြစ်ရမယ်၊ ဒါဟာ ကျွန်တော်တို့လုပ်နေတာကို မကြိုက်ကြောင်း ပြလိုက်တဲ့ သူ့နည်းပဲ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဇာတ်ညွှန်းတွေကို လက်နက်အဖြစ်နဲ့ အသုံးပြုပြီး သူ့စိတ်ကြိုက် ကျွန်တော်တို့ လိုက်နာအောင် သူလုပ်တော့မယ်"

"ဒါဆိုရင် ခင်ဗျား ဘာလုပ်မလဲ"

"စတီဖင်ထင်ထားသလို ကျွန်တော်ဟာ ငတုံးမဟုတ်ကြောင်း လုပ်ပြရမယ်၊ ကျွန်တော်တို့ ကမ်းလှမ်းချက်အားလုံး သူတို့သိအောင်လုပ်၊ ကိုယ်မလိုချင်တဲ့ ဇာတ်လမ်းအပေါ်စားတွေကိုပါ ဝယ်ဖို့ကမ်းလှမ်း၊ ကျွန်တော်တို့ထက်ဦးအောင် စတီဖင် အကုန်လိုက်ဝယ်လိမ့်မယ်၊ နောက်ဆုံးတစ်နေ့ကျတော့မှ ဇာတ်လမ်းအစုတ်အပဲ့တွေပိုက်ပြီး ကျွန်တော့်ရှေ့မှာ သူလာပြီး ဒူးထောက်ရစေ့မယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

မိန့်ခွန်းပြောရန် ဆမ်ဘင်ဂျမင် ထိုင်ရာမှထ,လိုက်သည့် အချိန်မှာပင် အခမ်းအနား အတွင်းသို့ စတီဖင်ဂေါက် ဝင်သွားသည်။ နီးရာစားပွဲမှာ လွတ်နေသည့် ကုလားထိုင်တစ်လုံး တွင် ကမန်းကတန်း ဝင်ထိုင်လိုက်ရသည်။ ပြီးတော့ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ နံရံမှာ ဆိုင်းဘုတ်ကြီးတစ်ခု ချိတ်ထားသည်။

'ဆမ်ဘင်ဂျမင်၏ ရှင်ပြုမင်္ဂလာနှင့် မွေးနေ့အခမ်းအနား"

ပရိသတ်ငြိမ်သွားအောင် ဆမ်က ပန်းကန်ကို ဇွန်းနှင့်ခေါက်သည်။ အခန်းထဲမှာ ငြိမ်ကျသွားသည်။ သူ့မျက်နှာပြုံးနေသည်။ အနည်းငယ်လည်း ယိမ်းထိုးနေသည်။

"မိတ်ဆွေများခင်ဗျား၊ ကျွန်တော့်သားရဲ့ ရှင်ပြုမင်္ဂလာအခမ်းအနားကို ကြွရောက် လာကြတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်၊ ခင်ဗျားတို့ ဒီကိုဝင်လာကြတုန်းက သတိမထားခဲ့မိ တာ တစ်ခုရှိပါတယ်၊ ဘာလဲဆိုတာ အပြင်မှာ ရိုးလ်စ်ရွိုက်စ်ကားဖြူကြီး အစီးငါးဆယ် အဆင်သင့်ရပ်ထားပါတယ်၊ ဒီအခမ်းအနားပြီးရင် အဲဒီကားတွေက ခင်ဗျားတို့ကို လေဆိပ်ပို့ ပေးပါလိမ့်မယ်၊ လေဆိပ်မှာ ဒီစီရှစ်အမျိုးအစား လေယာဉ်ပျံအစီးငါးဆယ် အဆင်သင့် စောင့်နေပါတယ်၊ ခင်ဗျားတို့ကို အာဖရိကတိုက် ကင်ညာနိုင်ငံကို မနားတမ်းပျံသန်းပြီး ပို့ပေး ပါလိမ့်မယ်၊ ဟိုရောက်တဲ့အခါကျတော့ မျက်နှာဖြူ အမဲလိုက်မုဆိုးငါးဆယ် စောင့်နေပါလိမ့် မယ်၊ သူတို့နဲ့အတူ ဆင်ဖြူအစီးငါးဆယ်လည်း ရှိနေပါလိမ့်မယ်၊ အဲဒီဆင်ဖြူတွေစီးပြီး ခင်ဗျား တို့ အမဲလိုက်ကြရပါမယ်၊ ခင်ဗျားတို့ကို သေနတ်ဖြူတစ်လက်စီ ပေးပါ့မယ်၊ တောထဲမှာ ကျားဖြူအကောင်ငါးဆယ်ကို ပစ်ကြရပါ့မယ်"

ရယ်မောသံများသည် အခန်းထဲမှာ မိုးချုန်းသလို ပေါ်ထွက်နေသည်။ ဆမ်ဆက် ပြောနေသည်များကို မည်သူမှ မကြားတော့။

www.burmeseclassic.com

www.burmeseclassic.com



ဆမ်က သူ့ဘေးမှာထိုင်နေသည့် သူ့သားဂျူနီယာကို ငုံ့နမ်းသည်။ ပြီးတော့ ဘေးမှာ ထိုင်ချသည်။

စတီဖင်က လူအုပ်ကိုတိုးပြီး သူတို့ဆီသို့သွားနေသည်။ ဆမ်က တခြားဧည့်သည် များနှင့် စကားပြောနေသည်။ ဒင်းနိစ်က စတီဖင်ကို အလျင်တွေ့သွားသည်။

"စတီဖင်" သူက ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်သည်။ စတီဖင်ကလည်း သူ့ပါးကိုနမ်းပြီး နှုတ်ဆက်သည်။

"ဝမ်းသာပါတယ်၊ သိပ်ကိုပျော်စရာကောင်းတဲ့ အခမ်းအနားကလေးပဲ"

"ရှင်အခုလိုလာတာ ဝမ်းသာလိုက်တာနော်၊ ကျွန်မတို့ မတွေ့တာကြာပြီ၊ ရှင့်ကို သတင်းတွေ ချက်ကျွေးရဦးမယ်"

"အလုပ်ကလေး နည်းနည်းပါးသွားတဲ့အခါကျရင်တော့ လာစားပါ့မယ်"

"အသားတွေ ရေခဲသေတ္တာထဲ ထည့်ထားရင်တောင် ပုပ်ကုန်နိုင်ပြီ၊ မတွေ့တာ လေးနှစ်တောင် ရှိသွားပြီမဟုတ်လား" ဟု ဒင်းနိစ်က ပြောသည်။

"အဲဒီလောက်တောင် ကြာသွားပြီလား"

"ဟုတ်တယ်၊ ကလေးတွေနဲ့ ရှင် နောက်ဆုံးတွေ့ခဲ့တာ အကယ်ဒမီဆုတွေရလို့ ညစာစားပွဲလုပ်တုန်းကလေ"

"ဒီတစ်ခါတော့ ဒါလောက်မကြာစေရပါဘူးဗျာ၊ ကျွန်တော် ကတိပေးပါတယ်၊ ဂျူနီယာ ငါ့ကိုမှတ်မိသေးသလား"

စတီဖင်က ဂျူနီယာကို လှည့်နှုတ်ဆက်သည်။

"မှတ်မိပါတယ် အန်ကယ်စတီဖင်"

စတီဖင်က ပြုံးသည်။ အိတ်ထဲမှ ငွေငါးရာပါ စာအိတ်တစ်လုံးကို ထုတ်ပေးသည်။

"မီရီယမ်ရော ဘယ်မှာလဲ၊ သူ့ကို နှုတ်ဆက်သွားချင်လို့" ဟု စတီဖင်က ဒင်းနိစ်ကို မေးမေးသည်။

"အခုလေးပဲ ဒီနားမှာရှိသေးတယ်" ဟုပြောရင်း ဒင်းနိစ်က ပတ်လည်သို့ လှည့်ကြည့်သည်။

"အိမ်ပြန်သွားပြီ မေမေ၊ အထုပ်အပိုးတွေ ပြင်စရာရှိလို့တဲ့" ဟု ဂျူနီယာက ဝင်ပြောသည်။

"ဟုတ်တာပေါ့၊ မနက်ဖြန်မနက် နယူးယောက်ကကျောင်းကို သူပြန်ရမှာလေ" ဟု ဒင်းနိစ်က ပြောသည်။

"သူနဲ့မတွေ့လိုက်ရတာ စိတ်မကောင်းလိုက်တာဗျာ၊ ကျွန်တော်နှုတ်ဆက်ကြောင်း ပြောပြလိုက်ပါ"

"ပြောလိုက်ပါ့မယ်၊ သူ့ကိုမြင်ရင် ရှင် မှတ်မိမှာတောင် မဟုတ်ဘူး၊ အရမ်းကိုလှလာတာ"

"သူ့နှာခေါင်းကို ခွဲစိတ်ပြီးမှ ပိုလှလာတယ်" ဟု ဂျူနီယာက ပြောသည်။

"ဂျူနီယာ. . ."

ဒင်းနိစ်က လှမ်းငေါက်သည်။ စတီဖင်က ရယ်သည်။

"ရပါတယ် ဒင်းနိစ်၊ ဒါ မိသားစုကိစ္စပဲ၊ ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သူတို့အနားသို့ ဆမ်ရောက်လာသည်။

ဆမ်က ဝမ်းသာအားရ အော်ဟစ်သည်။ သူတို့ချင်း လက်ဆွဲနှုတ်ဆက်ကြသည်။

"ငါ့သားကို ကြည့်စမ်းပါဦးကွ၊ ဒီကောင် အရပ်ခြောက်ပေမြင့်မယ်" ဟု ဆမ်က ပြောရင်း သူ့သားကို သဘောကျစွာ လှည့်ကြည့်သည်။

"အခုကိုပဲ အရပ်က အတော်ကြီးမြင့်နေပါပြီ" ဟု စတီဖင်က ပြောသည်။

"လာ. . . အရက်သောက်ကြမယ်" ဟုပြောပြီး ဆမ်က စတီဖင်ကို အရက်ကောင်တာဆီသို့ ဆွဲခေါ်သွားသည်။ စကော့ဝီစကီနှစ်ခွက် တောင်းသည်။ နှစ်ယောက်အတူ သောက်ကြသည်။

"အခြေအနေတွေ ဘယ်လိုနေသလဲ" ဟု ဆမ်ကမေးသည်။

"ထုံးစံအတိုင်းပါပဲဗျာ၊ နည်းနည်းပါးပါး မြတ်လိုက်၊ နည်းနည်းပါးပါး ရှုံးလိုက်ပေါ့" ဟု စတီဖင်က ပြန်ဖြေသည်။

"ပြီးခဲ့တဲ့လထဲက ငါ ဇာတ်လမ်းတွေ တော်တော်ဝယ်ပစ်လိုက်တယ်"

"ကျွန်တော် သတိထားမိပါတယ်" ဟု စတီဖင်က ပြန်ပြောသည်။ သူ့လေသံထဲတွင် စိတ်ဝင်စားသည့် အရိပ်အယောင်မပြ။

ဆမ်က စတီဖင်၏မျက်နှာကို ကြည့်သည်။ ဟန်ဆောင်ထားသည့် အမူအရာကို ရှာကြည့်သည်။ သို့သော်လည်း ဘာတစ်ခုကိုမှ အကဲခတ်၍မရ။ ဘာအမူအရာကိုမှ ထူးထူးခြားခြားရှာမရ။

"တို့နှစ်ယောက်တွေ့ကြရင် ကောင်းမယ်ထင်တယ်"

"စတူဒီယိုမှာ မနက်ဖြန် ကျွန်တော်ရှိနေမယ်" ဟု စတီဖင်က ပြန်ပြောသည်။

"မနက်ကျရင် မင်းကို ငါလာတွေ့မယ်" ဟုပြောပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ သူ့မျက်နှာ ပြုံးသွားသည်။ "ဒီနေ့ အခမ်းအနားကတော့ သိပ်ကိုပျော်စရာကောင်းတာပဲကွာ၊ ဂျူးရှင်ပြုပွဲမှာ ဒါလောက်စည်တာ တစ်ခါမှမရှိဖူးဘူး" ဟု ဆက်ပြောသည်။

❑

မီရီယမ်သည် နောက်ဆုံးသေတ္တာကို ဆောင့်ကြီးအောင့်ကြီး ပိတ်ပစ်လိုက်ပြီး ထိုသေတ္တာကိုပင် ငေးကြည့်နေမိသည်။ ထိုအခိုက် အိမ်ရှေ့မှ ကားမောင်းဝင်လာသံ ကြားသည်။ ကမန်းကတန်း မီးထပိတ်လိုက်သည်။ မိသားစုနှင့် တစ်နေကုန် အချိန်ဖြုန်းခဲ့ရသည်မှာ စိတ်ပင်ပန်းလှချေပြီ။

အမှောင်ထဲမှာ အဝတ်အစားချွတ်သည်။ သူ့ရင်ထဲမှာ တင်းကျပ်နေသည်။ သူ့ဖြစ်ချင်တာတွေ ဘာတစ်ခုမှ ဖြစ်မလာသေး။ ဂျူနီယာ၏ ရှင်ပြုကိစ္စရှိမနေလျှင် လွန်ခဲ့သည့် အပတ်ကတည်းက နယူးယောက်မြို့သို့ သူပြန်ရောက်နေပြီ ဖြစ်သည်။ ယခုတော့ သည်ကိစ္စကြောင့် မပြန်နိုင်ဘဲ အချိန်တွေ ကြန့်ကြာနေရသည်။

ရှင်ပြုပွဲတုန်းက မြင်ကွင်းများကို ပြန်လည်မြင်ယောင်မိသည်။ သူ့အဖေက မိန့်ခွန်းပြောရန် ထိုင်ရာမှထ,သည်။

"ဘာကိုကြည့်နေတာလဲဟင်" ဟု ဂျူနီယာက သူ့နားနားကပ်ပြီး တိုးတိုးမေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ပြန်မဖြေ။ သူကြည့်နေသည့်ဘက်သို့ ဂျူနီယာက လှမ်းကြည့်သည်။

"အဲဒါ အန်ကယ်စတီဖင်လေ" ဟု ဂျူနီယာက ပြောသည်။

မီရီယမ်က ဘာမှပြန်မဖြေဘဲ စတီဖင်ကိုသာ မျက်တောင်မခတ် လှမ်းကြည့်မြဲကြည့်နေသည်။

"သူ့ကို မမ စိတ်ဝင်စားနေပြီထင်တယ်" ဟု ဂျူနီယာက ပြောပြန်သည်။

"သွားစမ်းဟာ"

ဒေါသတကြီးဖြင့် သူ ခပ်တိုးတိုးပြန်ပြောသည်။ စတီဖင်ကို မျက်နှာလွှဲဖို့ ကြိုးစားသည်။ သို့သော်လည်း မအောင်မြင်။ သူ့အဖေက မိန့်ခွန်းပြောနေပြီ။ ထို့ကြောင့် ဂျူနီယာလည်း အဖေ့ဘက်သို့ အာရုံရောက်သွားသည်။

ဂျူနီယာပြောသည်မှာ မှန်သည်။ စတီဖင်ကို သူတစ်သက်လုံး စိတ်ဝင်စားခဲ့သည်။ သူ့အဖေရိုက်သည့် ကားတစ်ကား အကယ်ဒမီဆုများရသဖြင့် ဧည့်ခံပွဲလုပ်သည့်ညတုန်းကဖြစ်သည်။ နှစ်ပေါင်းများစွာတော့ ကြာခဲ့ပါပြီ။

ထိုဧည့်ခံပွဲသို့ မင်းသမီးတစ်ယောက်နှင့်တွဲပြီး စတီဖင်ရောက်လာသည်။ ထိုမင်းသမီးကို သတ်ခွင့်သာရမည်ဆိုလျှင် မီရီယမ် ပျော်ပျော်ရွှင်ရွှင်ကြီးကို သတ်ပါမည်။

ထိုအချိန်မှစပြီး စတီဖင်အကြောင်းကို တွေးမိတိုင်း စိတ်များလှုပ်ရှားခဲ့ရသည်။ စတီဖင်နှင့် ရွှေလည်တွဲရသည့်အကြောင်း မကြာခဏ အိပ်မက်မက်သည်။ သူ့အကြောင်း သတင်းစာထဲမှာ မကြာခဏပါသည်။ ဘယ်တော့မှ သူတစ်ယောက်တည်းမဟုတ်။ သူနှင့်တွဲလျက် အမျိုးသမီးတစ်ယောက်ကတော့ အမြဲပါလေ့ရှိသည်။ ရုပ်ရှင်မင်းသမီးသော်လည်းကောင်း၊ စံပြမယ်သော်လည်းကောင်း တစ်ယောက်ယောက်တော့ ပါနေတတ်သည်။

ထို့ကြောင့်လည်း သူ ရုပ်ရှင်မင်းသမီးဖြစ်လိုစိတ် ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။

အဖေ မိန့်ခွန်းပြောပြီးသောအခါ စတီဖင်က သူတို့စားပွဲဆီသို့ ထလာသည်။ မီရီယမ်မှာ ထွက်ပြေးချင်စိတ် ချက်ချင်းပေါ်လာသည်။ ထို့ကြောင့် သူ့မောင်ဘက်သို့လှည့်ပြီး လေသံဖြင့်ပြောသည်။

"ငါ အိမ်ပြန်နှင့်ပြီး အထုပ်အပိုးတွေ ပြင်လိုက်ဦးမယ်၊ အမေမေးရင်ပြောလိုက်"

ပြီးတော့ သူထွက်လာခဲ့သည်။ စတီဖင်နှင့် မျက်နှာချင်းဆိုင်တိုးသည်။ စတီဖင်က သူ့ကို လုံးလုံးမမှတ်မိ။ သူ့စိတ်ထဲမှာတော့ ထူးဆန်းသည့် ခံစားချက်တစ်မျိုးကို ခံစားနေရသည်။

ယခု ထိုအကြောင်းများကို ပြန်စဉ်းစားကြည့်ရင်း ပိုဒေါသဖြစ်လာသည်။ ဘာကို ဒေါသဖြစ်နေမှန်း မသိ။

ကုတင်စွန်းမှာ ပြန်လာထိုင်သည်။ စီးကရက်ကို တစ်ဝကြီးရှိုက်သည်။ နေ့ခင်းတုန်းက စတီဖင်တစ်ယောက်တည်း လာသည်။ အမျိုးသမီးအတွဲ ပါမလာ။ သို့သော်လည်း ယခုအချိန်လောက်ဆိုလျှင် တစ်ယောက်ယောက်နှင့်တွဲနေဖို့ သေချာသလောက်ရှိသည်။

စီးကရက်ကို တစ်ဝကြီး ရှိုက်လိုက်ပြန်သည်။

ပြီးတော့ စတီဖင်၏နာမည်ကို အသံထွက်ပြီး ခေါ်မိသည်။ ထူးဆန်းသော ခံစားချက်များ ပေါ်လာပြန်သည်။ စီးကရက်ကို ပြာခွက်ထဲမှာ ထိုးခြေပစ်လိုက်သည်။

မျက်ရည်များကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ သူအိပ်ပျော်သွားသည်။

□

"ဒီကောင် ငါ့ကို ကောင်းကောင်းဒုက္ခပေးနေပြီ၊ သူ့ကုလားထိုင်မှာထိုင်ပြီး မြွေဟောက်လို ပြုံးနေတယ်၊ 'ကျွန်တော်ဟာ ခင်ဗျားသူငယ်ချင်းပါပဲဗျာ' တဲ့၊ ပြီးတော့ ငါ့ကို ဆော်တော့တာပဲ"

ဆမ်က အိမ်ထဲသို့ဝင်လာရင်း ဒေါသတကြီး ပြောနေသည်။ ဒင်းနိစ်က ဘာမှနားမလည်ဘဲ အထိတ်တလန့် ပြန်ကြည့်နေသည်။

"ရှင် ဘယ်သူ့အကြောင်း ပြောနေတာလဲ"

"စတီဖင်ဂေါက်အကြောင်း ပြောနေတာပေါ့ကွ၊ ဘယ်သူ့အကြောင်း ပြောရဦးမှာလဲ၊ မင်းရဲ့မိတ်ဆွေကြီးလေ၊ မနေ့တုန်းက ဂျူနီယာရဲ့ ရှင်ပြုကိုလာပြီး တို့ကျွေးတာတွေ မျိုဆို့သွားတဲ့ မခွေးသားလေ"

"ကျွန်မတော့ မယုံဘူး၊ စတီဖင် ဒါမျိုးလုပ်မှာမဟုတ်ဘူး"

"သိပ်လုပ်တာပေါ့ကွ၊ ငါက သူနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်၊ စာချုပ်ထဲမှာ မှားနေတာလေးတွေကို ပြန်ပြင်ချင်တယ်"

"အဲဒီတော့ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ၊ သူက တရားသူကြီးတစ်ယောက်လို သူ့ကုလားထိုင်မှာ မြိန့်မြိန့်ကြီး ထိုင်နေတယ်၊ 'ယူနိုက်တက်အားတစ်'နဲ့ စာမချုပ်ခင် ကျွန်တော်နဲ့ လာတွေ့သင့်တာပေါ့' လို့ သူကပြောတယ်၊

ငါ့ကိုယ်ငါ ကာကွယ်တဲ့အနေနဲ့ မလုပ်မဖြစ်လို့ လုပ်ရကြောင်း ငါက ရှင်းပြတယ်၊ ငါ တစ်ကျပ်ရတိုင်း စင်ကလဲယားကုမ္ပဏီက နှစ်ကျပ်ရနေတဲ့အကြောင်းကို ငါက ပြောပြတယ်၊ ဒီတော့ သူက 'စာချုပ်ကို ခင်ဗျား သေသေချာချာဖတ်ပြီးမှ လက်မှတ်ထိုးခဲ့တာပဲ၊ ခင်ဗျားကို ဘယ်သူကမှ အတင်းအကျပ် သဘောတူခိုင်းတာ မဟုတ်ဘူး' လို့ ပြန်ပြောတယ်၊

ဒါပေမယ့် ငါက မင်းအကျိုးအတွက် သဘောတူခဲ့တာ၊ မင်းလုပ်ချင်နေတဲ့အလုပ် ဖြစ်ပါစေတော့ဆိုပြီး လက်မှတ်ထိုးခဲ့တာလို့ ပြန်ပြောတယ်၊

သူက 'ခင်ဗျား ငွေခုနှစ်သန်းခွဲတောင် ရခဲ့ပြီပဲ၊ ဘယ်မှာအကျိုးမဲ့ဖြစ်လို့တုန်း၊ ဒါပေမယ့် ကျွန်တော်ဟာ ခင်ဗျားမိတ်ဆွေပါ၊ ဒါကြောင့် စာချုပ်သက်တမ်းပြည့်ဖို့ ငါးနှစ်လိုသေးပေမယ့် ခင်ဗျားစိတ်မချမ်းသာဘူးဆိုရင် သဘောတူညီချက်စာချုပ်ကို ဖျက်ပေးပါ့မယ်'တဲ့၊ သူ ပြောပုံက"

"ဒီတော့ ရှင်က ဘာပြန်ပြောလိုက်သလဲ" ဟု ဒင်းနိစ်က မေးသည်။

"ငါဝယ်ထားတဲ့ လေးသန်းခွဲတန်ဖိုးရှိတဲ့ ဇာတ်လမ်းတွေ ဘယ်လိုလုပ်ရမလဲလို့ ငါကမေးတယ်၊

'အဲဒါတွေက ခင်ဗျားဝယ်တာပဲ၊ ကျွန်တော်တို့ဝယ်တာ မဟုတ်ဘူးလေ၊ ကန်ထရိုက် စာချုပ်ထဲမှာ ကျွန်တော်တို့ကို အသိပေးရမယ်ဆိုတာပါပေမယ့် ခင်ဗျား ကျွန်တော်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



အသိမပေးဘူး' လို့ ပြောတယ်၊ သူပြောနေပုံက မိုးလေဝသအကြောင်းပြောသလို တည်တည်ငြိမ်ငြိမ် ဖြစ်နေတယ်"

အရက်ကို မော့လိုက်ပြန်သည်။

"သူ့မျက်နှာကို ငါစိုက်ကြည့်နေတယ်၊ သူ့စိတ်ထဲမှာ ဘာရှိသလဲလို့ အကဲခတ်ကြည့်တယ်၊ ဒါပေမယ့် ဘာမှအကဲခတ်လို့ မရဘူး၊ သူ့အတွက် ငါရှိမှဖြစ်မယ်လို့ ငါ့စိတ်ထဲမှာ ခံစားလာရတယ်၊ အမှန်ကတော့ ငါ့ကို သူလိမ်နေတာ"

ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်သည်။ ထိုဖန်ခွက်ကို တွေတွေကြီး စိုက်ကြည့်နေသည်။

"အဲဒီနောက် ဘာဖြစ်သလဲ"

"ဘာမှမဖြစ်ဘူး၊ တို့အကျိုးဆောင်တွေ မနက်ဖြန် တိုင်ပင်ကြလိမ့်မယ်"

ဒင်းနိစ်ကို သူမော့ကြည့်ပြန်သည်။ သူ့ စိတ်ထိခိုက်နေကြောင်း မျက်လုံးများက ဖော်ပြနေကြသည်။

"ငါလုပ်မိတာတွေ မှားသွားပြီထင်တယ်ကွာ" ဟု ပြောသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

ဟောလီးဝုဒ်၊ (၁၉၆၀-၁၉၆၅)

စာအုပ်- လေး

စတီဖင်ဂေါက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

အမှောင်ထဲမှာ ပေါ်ထွက်လာသည့် တယ်လီဖုန်းခေါင်းလောင်းသံက ကျွန်တော့် ားထဲသို့ တိုးဝင်လာသည်။ ထို့ကြောင့် အိပ်ချင်မူးတူးဖြင့်ပင် ဖုန်းကိုလှမ်းဆွဲလိုက်ရသည်။

"စတီဖင်လား"

"ဟုတ်ပါတယ်" ဟုသာ ပြန်ပြောလိုက်ရသော်လည်း အိပ်ချင်မပြေသေးသဖြင့် ည်သူမှန်းမသိပါ။

"ကျွန်တော်အိန်ဂျယ်ပါ"

သည်တော့မှပဲ ကျွန်တော် အိပ်ချင်ပြေသွားတော့သည်။ အိန်ဂျယ်သည် ကျွန်တော် ို့ ရုပ်မြင်သံကြားဌာန နေ့ပိုင်းအစီအစဉ်ကဏ္ဍ၏ ဒုတိယဥက္ကဋ္ဌဖြစ်သည်။ တစ်ချိန်တုန်းက သူ ရုပ်ရှင်မင်းသား ဖြစ်ခဲ့သေးသည်။ သို့သော် မအောင်မြင်။ ကင်မရာရှေ့မှာ သရုပ်ဆောင် ခြင်းထက် ကင်မရာနောက်မှာ အလုပ်လုပ်ခြင်းက သူ့ကို ပိုမိုအောင်မြင်စေသည်။

လွန်ခဲ့သောနှစ်မှစ၍ သူ့ကို ကျွန်တော်၏ တရားမဝင်သော လက်ထောက်အဖြစ် အသုံးချခဲ့သည်။ ယခုအခါတွင် ကျွန်တော်သည် ဟောလီးဝုဒ်မှာသာ အနေများနေသည်။ ထို့ကြောင့် နယူးယောက်မြို့ရုံးချုပ်တွင် ကျွန်တော်ခိုင်းသည်များကို ဆောင်ရွက်ပေးဖို့ လူတစ် ယောက်လိုသဖြင့် သူ့ကို ထိုတာဝန်ပေးခဲ့ခြင်း ဖြစ်သည်။

"ပြော. . အိန်ဂျယ်၊ ဘာကိစ္စလဲ"

"ဒီမှာတော့ အားလုံးမီးလောင်ကုန်ပြီ၊ ခင်ဗျားလာရင် ကောင်းမယ်ထင်တယ်"

ခြေထောက်ကို ကုတင်အောက်သို့ ကျွန်တော်ချလိုက်သည်။

"ဘာတွေဖြစ်ကုန်တာလဲ"

"အဘိုးကြီးက ဘုတ်အဖွဲ့ အထူးအစည်းအဝေး ခေါ်ထားတယ်"

"ကျွန်တော်သိတယ်၊ ဖိတ်စာရတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုဆိုရင် ခင်ဗျားလာဖို့ကောင်းတယ်၊ ရုပ်မြင်သံကြား အထူးအစီအစဉ်နဲ့ ... သက်ပြီး ခင်ဗျားကို ဝိုင်းအုပ်မယ်ဆိုတဲ့ သတင်းတွေ ကြားနေရတယ်" ဟု အိန်ဂျယ်က... သည်။

သူဘာဆိုလိုကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော်တို့ ထုတ်လွှင့်ပြသနေ... ရုပ်မြင်သံကြားများမှာ ကောင်းပါသည်။ သို့သော်လည်း အစီအစဉ် ညံ့နေသည်။ အစုရှယ်... ဈေးနှုန်းများ တက်မလာ။ ထိုအကြောင်းကိုလည်း ကျွန်တော်ကြားပြီး ဖြစ်သည်။ ဒါရိုက်... ဘုတ်အဖွဲ့ဝင်များက သိပ်မကျေနပ်။

"သူတို့ကို ကျွန်တော် ပြောပြထားပြီးသားပဲ၊ ဒီအလုပ်ကို မလုပ်လို့မရဘူး၊ အစီအ... တော့ ညံ့တာပေါ့၊ ဒါပေမယ့် အစားမထိုးနိုင်သေးခင် ဒီအတိုင်းပဲ မေးနေရဦးမှာ မဟုတ်လား" ဟု ကျွန်တော်က ပြန်ပြောသည်။

"သူတို့သဘောမတူတာကို ခင်ဗျားက ဇွတ်လုပ်နေတယ်တဲ့၊ ခင်ဗျားမိတ်... ဟောင်းကြီး တစ်ယောက်လည်း ကန့်လန့်ကန့်လန့် ဝင်ပါနေတယ်"

"ကျုပ်မှာ မိတ်ဆွေဟောင်းတွေ အများကြီးပဲ"

"အခုလူနဲ့တော့ တူမှာမဟုတ်ဘူး၊ ဒင်ရစ်ချီလေ. . . ခင်ဗျားမိတ်ဆွေဟောင်း... ဆမ်ဘင်ဂျမင်နဲ့ သူပေါင်းနေတယ်၊ သူတို့ကားတွေကို ခင်ဗျားက ရုပ်မြင်သံကြားမှာမပြ... သူတို့ကို ဘေးဖယ်ထုတ်ပစ်နေတယ်တဲ့၊ ကနေဒီသမ္မတဖြစ်ရေးကိစ္စတွေ ခင်ဗျားလုံးပန်းနေ... အလုပ်ကို ဖိဖိစီးစီးမအုပ်ချုပ်တော့ဘူးလို့ ပြောနေကြတယ်"

"ခင်ဗျား သတင်းတော့စုံသားပဲ" ဟု ကျွန်တော်က ပြန်ပြောသည်။

"စာတွေ ကျွန်တော်ဖတ်နေရတယ်၊ အမှာစာတွေ"

"ဘယ်ကရတာလဲ"

"အဘိုးကြီးဆီက၊ ကျွန်တော့်ကို သူခေါ်တယ်၊ ကော်မတီတစ်ခု ဖွဲ့ခိုင်းတယ်၊ အခြေ... အနေတွေကို လေ့လာခိုင်းတယ်၊ သူ့ကို အစီရင်ခံရမယ်၊ ခင်ဗျားနဲ့ကျွန်တော် ဘယ်လော... ရင်းနှီးတယ်ဆိုတာ သူသိတယ်မဟုတ်လား၊ ဒါကြောင့် ခင်ဗျားကို သွယ်ဝိုက်ပြီးသတိပေး... လည်း ဖြစ်နိုင်တယ်"

"သူက တခြားဘာပြောသေးသလဲ"

"ဘာမှမပြောပါဘူး၊ သူ့အကြောင်း ခင်ဗျားသိသားပဲ၊ အေးတိအေးစက်ကြီး" မှန်ပါသည်။ စင်ကလဲယား၏ စစ်မှန်သော စရိုက်အတိုင်း ဖြစ်ပါသည်။

"အခု ဘယ်အချိန်ရှိနေပြီလဲ" ဟု ကျွန်တော်က ပြန်မေးသည်။

"ကျွန်တော်တို့ဆီမှာ ဆယ်နာရီ၊ ခင်ဗျားတို့ဆီမှာ ခုနစ်နာရီ"

"ဒီညနေ ကျုပ်ရောက်မယ်၊ ရှစ်နာရီတိတိ ကျုပ်အခန်းမှာ လာတွေ့ပါ"

"ကောင်းပါပြီခင်ဗျာ"

စိတ်လက်ပေါ့ပါးသွားကြောင်း သူ့လေသံက သိသာနေသည်။ ပြီးတော့မှ တိုးတိုး... ဆိုင်းလေသံဖြင့် သူဆက်ပြောပြန်သည်။

"ခင်ဗျားနဲ့တွေ့ပေးချင်တဲ့ မိန်းကလေးတစ်ယောက် ရှိနေတယ်၊ ရုပ်ရှင်မင်းသ... ဘာကားမှတော့ မရိုက်ရသေးဘူး၊ မာရီယန်းဒါလင်တဲ့၊ သူက ခင်ဗျားနဲ့ တွေ့ချင်လို့တဲ့"

"ကျုပ်ကိုလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ခင်ဗျားနဲ့ကျွန်တော် ရင်းနှီးမှန်းသိတဲ့အချိန်ကစပြီး ခင်ဗျားနဲ့တွေ့ပေးဖို့ နားပူနေတော့တာပဲ၊ နောက်တစ်ခါ ခင်ဗျား နယူးယောက်မြို့ကိုရောက်လာရင် တွေ့ပေးပါ့မယ်လို့ ကတိပေးလိုက်ရတယ်၊ သတင်းစာထဲမှာပါသမျှ ခင်ဗျားအကြောင်းတွေ သူ အကုန်သိတယ်၊ ခင်ဗျားကိုယ်ခင်ဗျား သိတာထက်တောင် သူက ပိုသိနေပုံပဲ"

ကျွန်တော် စိတ်ဝင်စားသွားသည်။

"ကောင်းပြီလေ၊ ခေါ်ခဲ့ပါ"

"ဖိတ်ကိုပါ ကျွန်တော် ခေါ်ခဲ့မယ်နော်"

ဖိတ်ဆိုသည်မှာ သူ့အမျိုးသမီးဖြစ်သည်။

"ကောင်းပြီ၊ ဒီနေ့ညတွေ့မယ်"

တယ်လီဖုန်းဘားကို ဖိလိုက်ပြီး ပြန်လွှတ်သည်။ အော်ပရေတာက ထူးသည်။

"အခုမနက် နယူးယောက်မြို့ကိုထွက်မယ့် လေယာဉ်ပျံမှာ တစ်နေရာ စီစဉ်လိုက်ပါ" ဟုပြောပြီး ဖုန်းကို ပြန်ချထားသည်။

ကုတင်ပေါ်မှ ကျွန်တော် ဆင်းခဲ့သည်။ ထိုသို့ဆင်းလာရင်း စိတ်ကူးတစ်ခု ပေါ်လာသည်။ ထို့ကြောင့် ဂျက်ဆာဗစ်၏အိမ်သို့ ဖုန်းလှမ်းဆက်သည်။ သူ အိပ်ရာမှ မထသေးချေ။

"ဒီနေ့မနက် ကျွန်တော် နယူးယောက်ကိုသွားမလို့" ဟု ကျွန်တော်ကပြောသည်။

"တစ်ခုခု ပြဿနာပေါ်လို့လား" ဟု သူက မြန်မြန်မေးသည်။

"ကျွန်တော်မရှင်းနိုင်တဲ့ ပြဿနာဆိုတာ မရှိပါဘူးဗျာ"

"လေဆိပ်ကို မော်တော်ကား မောင်းပို့ပေးရမလား"

"ကိစ္စမရှိပါဘူး၊ ကျွန်တော့်အတွက် တစ်ခုလောက် လုပ်ပေးစမ်းပါ"

"ပြော"

"ဆမ်ဘင်ဂျမင်အကြောင်း နောက်ဆုံးအခြေအနေအထိ သိချင်တယ်၊ သူ ဘာတွေလုပ်နေသလဲ၊ ဘယ်လိုလုပ်နေသလဲ"

"မနှစ်တုန်းက နယူးယောက်မြို့ကို သူပြန်ပြောင်းသွားကတည်းက သူ့အကြောင်း အများကြီး သိပ်မကြားရတော့ဘူး၊ မကြာခဏ ဒုက္ခတွေ့နေရတယ်ဆိုတာရယ်၊ အကြွေးတွေကို ခပ်ဖြည်းဖြည်းပဲ ပြန်ဆပ်နေနိုင်တယ်ဆိုတာရယ်ပဲ ကြားတယ်၊ သူ ကံဆိုးနေတယ်၊ သူ့နောက်ဆုံးကားတွေ မအောင်မြင်ဘူး၊ ဆယ့်တစ်သန်းလောက် ရှုံးသွားတယ်"

"အဲဒါကို ကျွန်တော်သိတယ်၊ ကျွန်တော်သိချင်တာက အခုလောလောဆယ် ဘာတွေထဲမှာ သူဝင်ပြီး ပတ်သက်သလဲဆိုတာပဲ"

"ချက်ချင်းစုံစမ်းပေးမယ်"

"ညကျရင် နယူးယောက်မှာရှိတဲ့ ကျွန်တော့်အခန်းကို ဖုန်းဆက်ပါ"

ရေချိုးခန်းထဲသို့ ကျွန်တော်ဝင်ခဲ့သည်။ ရေအေးတစ်လှည့် ရေပူတစ်လှည့်စိမ်ပြီး ချိုးလိုက်သဖြင့် လန်းသွားသည်။

❑

နယူးယောက်မြို့ ကနေဒီလေဆိပ်သို့ ကျွန်တော်ရောက်သောအခါ ညနေခြောက်

www.burmeseclassic.com

www.burmeseclassic.com



နာရီ ထိုးနေပြီ။ ဆီးနှင်းတွေ သဲသဲလှုပ်အောင် ကျနေသည်။ သည်တော့မှပင် နာတာ
တော်ချိန် ကျရောက်နေပြီဖြစ်ကြောင်း သတိထားမိတော့သည်။

ကျွန်တော့်အခန်းသို့ ရောက်သောအခါ မီးများဖွင့်လိုက်သည်။ လွန်ခဲ့သည့်သုံး
ကျွန်တော်ထားခဲ့သည့်အတိုင်း အားလုံး ခြေရာမပျက် လက်ရာမပျက် ရှိနေသည်။
သေတ္တာထဲက ရေခဲသည်ပင်လျှင် ဟိုတုန်းကအတိုင်း ဖြစ်သည်။

အရက်တစ်ခွက် ထည့်ပြီးချိန်မှာပင် ဖုန်းခေါင်းလောင်းမြည်သည်။ ဆက်သူ
ကျွန်တော်၏ အတွင်းရေးမှူး ဖော်ဂါတီဖြစ်သည်။

"ကြိုဆိုပါတယ် ဆရာကြီး၊ ကျွန်မ အောက်ကလော်ဘီထဲကို ရောက်နေပြီ၊ စာ
စာတမ်းတွေလည်း ပါလာတယ်"

"တက်ခဲ့လေ"

နောက်ထပ်အရက်တစ်ခွက် ထပ်စပ်သည်။ စပ်ပြီးချိန်တွင် တံခါးခေါင်းလော
ကြားရသည်။

အဝမှာ သူရပ်နေသည်။ သူ့ကုတ်အကျီပေါ်တွင် ဆီးနှင်းပွင့်များ တင်နေသည်
သူ့မျက်နှာ ပြုံးနေသည်။

"ဟယ်လို. . . စတီဖင်"

သူ့ပါးကို ကျွန်တော်နမ်းသည်။ ပြီးတော့ ကုတ်အကျီကို ချွတ်ပေးသည်။

"ဒီပြန်ရောက်ရင် မင်းကိုတွေ့ရတာလေးတစ်ခုပဲ ကိုယ့်အိမ်ကိုယ်ရာ ပြန်ရော
သလို ခံစားရတယ်ကွာ၊ မင်းအတွက် ဟောဟိုမှာ ဝီစကီ အဆင်သင့်စပ်ထားတယ်"

ဘားဆီသို့ သူထွက်သွားသည်။ အရက်ခွက်ကို ကောက်သောက်သည်။

"အောင်မယ်လေး. . . ကောင်းလိုက်တာ၊ နွေးသွားတာပဲ"

ကျွန်တော်က ဘာမှမပြော။ သူက အရက်ကိုကုန်အောင်သောက်ပြီးမှ ကျွန်တော
ဆီ ပြန်လာသည်။

"ရှင်ပြန်လာတဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်၊ အခြေအနေအားလုံး သိပ်မကော
လှဘူး"

"ပြောစမ်းပါဦး"

"ရေမျက်နှာပြင်အောက်က ရေစီးကြောင်းတွေလို ပြောရမလိုဖြစ်နေပြီ၊ အပေါ
ကနေကြည့်လို့ မမြင်ရဘူး၊ ဒါပေမယ့် အတွင်းမှာတော့ အတော်ရှုပ်နေပုံပဲ၊ လူတိုင်း စိတ်
ရှားနေကြတယ်၊ အဲဒါတွေကိုကိုင်တွယ်ဖို့ ရှင်ကလည်း ဒီမှာမရှိ၊ အဘိုးကြီးကိုယ်တိုင် ထိ
ရှင်းနေတယ်၊ ဆင်းလာလိုက်တဲ့ စာတွေကလည်း တစ်နေ့တစ်နေ့ မနည်းပါဘူး၊ လူ
လန့်နေကြတယ်၊ ကျွန်မ နောက်တစ်ခွက်လောက် သောက်လိုက်ရရင် ကောင်းမယ်ထင်တ

ကျွန်တော်က သူ့အတွက် အရက်ထပ်စပ်ပေးလိုက်သည်။

နယူးယောက်မြို့သည် ကျွန်တော်နေရမည့်နေရာ ဖြစ်သည်။ ကျွန်တော်
စင်ကလဲယားကုမ္ပဏီကြီး တစ်ခုလုံး၏ ဥက္ကဋ္ဌဖြစ်သည်။ ထို့ကြောင့် ဒီမြို့မှာပဲ ကျွန်တော
မည်။

အလုပ်လုပ်ဖို့ထက် ကျွန်တော့်ရာထူး တည်မြဲရေးအတွက် နယူးယော
နေရမည်။ အကယ်၍ ကျွန်တော်က ရာထူးတည်မြဲနေချင်သေးသပ, ဆိုလျှင်ပါလေ

www.burmeseclassic.com

www.burmeseclassic.com


ယခုရာထူးမှာ ဆက်လက်တည်မြဲနေချင်သေးသလား၊ မနေချင်တော့ဘူးလားဆိုသည်ကို ကျွန်တော်ကိုယ်တိုင်ပင် ရေရေရာရာ မသိပါ။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ကောင်းသည့်နှစ်များရှိသလို မကောင်းသည့်နှစ်များလည်း ရှိသည်။ ကျွန်တော်
တော့ နှစ်မျိုးစလုံးကို ကြုံတွေ့နေရသည်။

ကျွန်တော်သည် တောင်ပေါ်သို့ ပြေးတက်နေရသူနှင့် တူသည်။ ပြေးတက်သည့်
အကျင့်လည်း ပါနေပြီ။ အရှိန်နည်းနည်းကလေး နှေးသွားလျှင် ကျွန်တော်လဲပြိုကျတော့မည်
ဟု လူတိုင်းက ထင်ကြသည်။ ထို့ကြောင့် ဘယ်တော့မှ အရှိန်ကိုမနှေးရဲဘဲ အပြေး
တက်နေခဲ့ရသည်။

စင်ကလဲယားကို ကျွန်တော် အပြစ်မဆိုပါ။ သူ့အလုပ်ကို သူလုပ်ရပါမည်။ လုပ်
ကြီး မှန်မှန်လည်ပတ်နေစေရန် အမြဲတမ်း သူ စောင့်ကြည့်နေရပေမည်။ အရှိန်နှေးသွား
ဟုထင်လျှင် ကြိမ်တို့ပေးရမည်။ တစ်ခုခုမှားယွင်းလျှင် သူ ပြုပြင်ရမည်။ အရေးယူစရာရှိ
အရေးယူရမည်။

တစ်ခုခုမှားလျှင် သူအရေးယူရမည့်သူမှာ ကျွန်တော်ပဲဖြစ်သည်။ ကျွန်တော်သည်
ကုမ္ပဏီကြီးတစ်ခုလုံး ကြိုးကြပ်ကွပ်ကဲနေရသူ မဟုတ်ပါလား။

"ကိုယ်ရောက်လာတာ ဘယ်သူတွေ သိသလဲ"

"အခုလောလောဆိုရင် တစ်ရုံးလုံး သိကုန်ကြရောပေါ့၊ ကျွန်မ ဒီကိုထွက်လာတော့
တစ်ရုံးလုံး မီးတထိန်ထိန်နဲ့ မနက်ဖြန်မှာ ရှင့်အတွက် အားလုံးအဆင်သင့်ဖြစ်အောင် ပြင်ဆင်
နေကြတယ်" ဟု ဖော်ဂါတီက ပြောသည်။

"မနက်ဖြန် ကိုယ်မလာဘူး၊ ဒီကနေပြီးတော့ တယ်လီဖုန်းနဲ့ပဲ အလုပ်လုပ်မယ်
အိပ်ချိန်းမှာ သီးခြားခလုတ်တပ်ဖို့ စီစဉ်ပေးပါ"

ကျွန်တော်ဆိုလိုသည်ကို ဖော်ဂါတီ သဘောပေါက်ပါသည်။ အိပ်ချိန်းတွင် သီး
ခလုတ် တပ်ခြင်းအားဖြင့် ကျွန်တော့်အိမ်ခန်းမှာ ကျွန်တော်ရှိနေသည်ဟု မည်သူကမှ
မည်မဟုတ်။ ရုံးမှာထိုင်ပြီး အလုပ်လုပ်နေသည်ဟုသာ ထင်ကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"တခြားထွေထွေထူးထူး ရှိသေးသလား" ဟု ဖော်ဂါတီက မေးသည်။

"တစ်ခုရှိသေးတယ်၊ စင်ကလဲယားကို ကိုယ်နဲ့ဆက်မပေးနဲ့၊ သူနဲ့စကားမပြောချင်ဘူး"

"သူက အတင်းဆက်ခိုင်းရင် ဘယ်လိုလုပ်မလဲ"

"ကိုယ် အခုပြောတဲ့အတိုင်း တစ်လုံးမကျန် ပြောပြလိုက်၊ ဒီလိုကစားရတာမျိုးတွေ ကိုယ်စိတ်ကုန်ပြီ၊ သူလည်း စိတ်ကုန်နေမှာပါပဲ"

တခြားပြောစရာရှိသည်များကို ဖော်ဂါတီက ဆက်ပြောပြသည်။ အားလုံးစုံတော့ သူ့တ်စုစာအုပ်ကိုပိတ်ပြီး တံခါးဆီသို့သွားသည်။ ကျွန်တော်လည်း သူနှင့်အတူတူ လိုက်သွားသည်၊ သူ့ကုတ်အင်္ကျီကို ပြန်ဝတ်ပေးသည်။

သူထားသွားသည့် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရင်း ကျွန်တော် အလုပ်ရှုပ်နေသည်။ အချိန်ဘယ်လောက် ကြာသွားသည်မသိ။ နောက်ဆုံးစာရွက်တစ်ခုကို စစ်ဆေးနေမှာပင် တံခါးခေါင်းလောင်း မြည်သည်။

စိတ်တွေပျံ့လွင့်နေရင်းဖြင့်ပင် တံခါးဖွင့်ပေးလိုက်မိသည်။

မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ သည်တော့မှပင် ကျွန်တော့်စိတ်များ ပစ္စုပ္ပန်ကာလသို့ ပြန်ရောက်လာသည်။

သူ၏ကျောပေါ်သို့ ကျနေသော ရွှေရောင်ဆံပင်များက ရှည်လျားလွန်းလှသည်။ မျက်နှာက ခပ်မျောမျော၊ မျက်လုံးများက မရမ်းနှင့်အပြာရောင် ရောစပ်ထားသည်။ မျက်တောင်တုများ တပ်ထားသည်။ သားမွေးအင်္ကျီပွကြီးပေါ်တွင် ဆီးနှင်းပွင့်တွေ တင်နေသည်။

နှာခေါင်းက ပေါ်လွင်လွန်းလှသည်။ ပြုံးလိုက်သောအခါ ဖြူဖွေးညီညာသည့်သွားများ ပေါ်သွားသည်။

"ဟယ်လို. . ." ကျွန်တော်က နှုတ်ဆက်မိသည်။

"ကျွန်မ မာရီယန်းဒါလင်ပါ" ဟု သူကပြောသည်။

ကျွန်တော် ပြုံးလိုက်မိသည်။

"အထဲကိုဝင်ပါ ဒါလင်. . ."

တံခါးပိတ်ပြီး သူ့သားမွေးအင်္ကျီပွကြီးကို ကူချွတ်ပေးသည်။ ဧည့်ခန်းထဲသို့ ကျွန်တော့်ရှေ့မှကြိုပြီး သူဝင်သွားသည်။ အခန်းကို မျက်လုံးကစားကြည့်သည်။ ကျွန်တော်က သူ့ကိုရပ်ကြည့်ပြီး အကဲခတ်နေမိသည်။

"ဘယ်လိုသဘောရသလဲ" ဟု ကျွန်တော်ကမေးသည်။

ကျွန်တော့်ဘက်သို့ သူလှည့်လာသည်။

"ကြိုက်ပါတယ်၊ ယောကျ်ားတစ်ယောက်တည်းနေတဲ့ နေရာမှန်း သိသာပါတယ်"

"ဘာသောက်မလဲ" ဟုမေးရင်း ဘားရှိရာသို့ သူ့ကို ဦးဆောင်ခေါ်သွားသည်။

"ရှင် ဘာသောက်နေသလဲ"

"စကော့ဝီစကီ"

"ကျွန်မလည်း အဲဒါပဲသောက်မယ်၊ လွယ်သွားတာပေါ့"

ကျွန်တော်က သူ့အတွက် အရက်ထည့်ပေးသည်။ စောစောက ဖော်ဂါတီသောက်သွားသည့် ဖန်ခွက်ပေါ်မှ နှုတ်ခမ်းနီအစကို သူမြင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလာတာ စောသွားတယ်နော်၊ အနှောင့်အယှက်ပေးမိသလို ဖြစ်သွားပြီ"

"အနှောင့်အယှက် မဖြစ်ပါဘူး။ ကိုယ့်အတွင်းရေးမှူးလာပြီး လုပ်ငန်းနဲ့ပတ်သက်ပြီး ပြောစရာရှိတာတွေ ပြောသွားတာပါ"

"အို..."

သူ ဒါပဲပြောသည်။ ကျွန်တော်က စာရွက်စာတမ်းများကို သိမ်းဆည်းပြီး ပြတင်းပေါက်နားက စားပွဲပေါ်မှာ သွားတင်သည်။ ကျွန်တော့်နောက်သို့ သူလိုက်လာပြီး ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်သည်။

"ဒီအပေါ်ကနေကြည့်ရတာ မြင်ကွင်းလှတယ်နော်" ဟု ပြောသည်။

"ဟုတ်တယ်"

ကျွန်တော်လည်း အပြင်သို့ လှမ်းကြည့်သည်။ သည်နေရာမှကြည့်လျှင် မြင်ကွင်း ဘယ်လောက်လှပကြောင်း ကျွန်တော် မေ့သလောက်ပင် ဖြစ်နေပါပြီ။

"မင်း နေတတ်သလိုနေနော်၊ ကိုယ် ရေချိုးလိုက်ဦးမယ်၊ ချွေးစေးတွေနဲ့ တစ်ကိုယ်လုံး ကပ်စေးစေးဖြစ်နေတယ်"

ဘားဆီသို့ သူပြန်သွားသည်။ ရေချိုးခန်းထဲ ကျွန်တော် ဝင်ခဲ့သည်။

ရေပန်းအောက်မှာ ဘယ်လောက်ကြာအောင် ကျွန်တော် ရပ်နေမိသည်မသိ။ မာရီယန်းဒါလင်၏ ခေါ်သံကိုကြားတော့မှ သတိရသည်။

"တယ်လီဖုန်းလာနေတယ်၊ ကျွန်မ နားထောင်လိုက်ရမလား"

"နားထောင်လိုက်ပါကွာ"

ခဏကြာတော့ သူပြန်လာပြီး အပြင်က အော်ပြောသည်။

"လော့စ်အိန်ဂျလိစ်မြို့က လှမ်းဆက်နေတာ၊ ဂျက်ဆာဗစ်တဲ့"

ရေပန်းခလုတ်ကို ပိတ်လိုက်ပြီး တံခါးအပေါ်မှ သူ့ကို ကျော်ကြည့်သည်။

"အဲဒီနံရံမှာ ချိတ်ထားတဲ့ဖုန်း ဒီကိုကမ်းလိုက်စမ်းပါကွာ"

သူကမ်းပေးသောဖုန်းကို ကျွန်တော် လှမ်းယူသည်။

"ဂျက်..."

"မိန်းကလေးက ဘယ်သူလဲ၊ အသံကလေးက တယ်သာယာပါလား"

"ခင်ဗျားမသိပါဘူး၊ ကျွန်တော် စုံစမ်းခိုင်းထားတာတွေ ရပြီမဟုတ်လား"

"ကျုပ်တို့ထင်ထားတဲ့ အတိုင်းပါပဲ၊ သူတော်တော် ချောက်ကျနေတယ်၊ ဘဏ်တွေကလည်း ပွက်လောရိုက်နေပြီ၊ သူပိုင်ပစ္စည်းတွေကိုသိမ်းဖို့ စီစဉ်ပြီးနေကြပြီ၊ ဒင်ဆိုရင် သူချဉ်းကပ်တယ်၊ ရုပ်မြင်သံကြားကုမ္ပဏီတွေကို သူပိုင်တဲ့ရုပ်ရှင်ကားတွေရောင်းဖို့ စဉ်းစားတယ်"

"ကျွန်တော်တို့နဲ့ ဘယ်လိုပတ်သက်နေသလဲ၊ ဘယ်လောက်အထိ ပတ်သက်နေသလဲ"

"ကျုပ်တို့ရုံးမှာ ဒင်ရစ်ချီရဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေ ရှိနေသေးတယ်လေ မဟုတ်လား၊ ရုပ်မြင်သံကြားအစီအစဉ်နဲ့ ပတ်သက်ပြီး ကျုပ်တို့အကျပ်တွေ့နေတာ သူသိသွားတယ်၊ ဒါကြောင့် အဲဒီကားတွေကို ကျုပ်တို့ကုမ္ပဏီကိုရောင်းဖို့ ကြိုးစားနေတယ်"

"ကောင်းပြီလေ" ဟု ကျွန်တော်က ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တခြားဘာရှိသေးသလဲ"

"အခုအချိန်အထိတော့ ဘာမှမရှိသေးပါဘူး။ မနက်ဖြန် ကျွန်တော် ပြန်လာခဲ့မယ်"

မာရီယန်းဒါလင်ကို ဖုန်းပြန်ပေးလိုက်ပြီး မျက်နှာသုတ်ပဝါပတ်ကာ အပြင်သို့ ကျွန်တော် ပြန်ထွက်လာခဲ့သည်။ နောက်ထပ် မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် ရေသုတ်သည်။

"နောက်ကျောကို ကျွန်မ သုတ်ပေးမယ်လေ" ဟု သူကပြောသည်။

ထို့ကြောင့် ကျောခိုင်းပေးလိုက်သည်။ ကျွန်တော့်ကျောကို နှိပ်ပေးနေသလို ဖြစ်နေသည်။ အကြောအခြင်များ လျော့သွားသည်။ ထိုအခိုက် အခန်းတံခါး ပွင့်သွားသည်။ အိန်ဂျယ်နှင့် သူ့အမျိုးသမီးဖိတ်တို့ ဝင်လာသည်။

"ဩ. . . ခင်ဗျားတို့က တွေ့နှင့်နေကြမှကိုး"

"အရက်သောက်နှင့်ကြ၊ ကျုပ် အဝတ်လဲပြီးရင် ထွက်ခဲ့မယ်"

အိန်ဂျယ်တို့ ထွက်သွားသည်။ မာရီယန်းဒါလင်က ကျွန်တော့်အနားမှာ ရပ်နေသည်။

"မင်းလည်းသွားလေ"

"ရှင့်ကို အဝတ်လဲပေးရမလားလို့"

"ဟား. . . ဟား. . . ကိုယ် ကလေးလေး မဟုတ်တော့ဘူးလေ၊ လူကြီးဖြစ်နေတာကြာပြီ၊ သွား. . . ခဏနေရင် ထွက်ခဲ့မယ်"

ကျွန်တော် အဝတ်အစားလဲပြီး အပြင်ထွက်လာတော့ ဘားနားမှာ သူတို့ ဝိုင်းထိုင်နေကြသည်။ ဖိတ်ကို လှမ်းနှုတ်ဆက်ပြီး ကျွန်တော့်အတွက် အရက်တစ်ခွက်ထည့်သည်။

ကျွန်တော်က အောက်ထပ်သို့ ဖုန်းဆက်ပြီး ညစာပို့ပေးဖို့ မှာလိုက်သည်။

ညစာစားပြီးသောအခါ အိန်ဂျယ်က အလုပ်ကိစ္စများအကြောင်းပြောဖို့ စကားစ,သည်။ ကျွန်တော်က တားလိုက်သည်။

"မနက်ဖြန်မှပြောပါ၊ အချိန်တွေ ရှိပါသေးတယ်"

စားပွဲထိုးများက ပန်းကန်များကို သိမ်းသွားသည်။ ကျွန်တော်တို့ စကားမပြောမိကြဘဲ ငြိမ်နေသည်။ အိန်ဂျယ်က ထိုင်ရာမှထ,သည်။

"ဖိတ်. . . ကိုယ်တို့ သွားကြရအောင်လေ"

ကျွန်တော် သူတို့ကို မတားပါ။ နေရာမှလည်း မရွေ့ပါ။ အိန်ဂျယ်နှင့်ဖိတ် ထွက်သွားပြီးသည့်နောက်တွင် မာရီယန်းဒါလင်နှင့် ကျွန်တော်သည် တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေမိကြသည်။

"ဘာတွေစဉ်းစားနေတာလဲဟင်" ဟု သူကမေးသည်။

"ကိုယ် နားမလည်နိုင်လို့ပါ၊ ဘာဖြစ်လို့ မင်းက ကိုယ်နဲ့တွေ့ချင်ရတာလဲ"

သူကပြုံးသည်။

"ရှင့်ကိုသဘောကျလို့ ဖြစ်မယ်ထင်တယ်"

"ထပ်ပြောစမ်းပါဦး၊ ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"ပြောရမယ်ဆိုရင် အရှည်ကြီးပဲ၊ တစ်နေ့ကျမှ ကျွန်မ ပြောပြပါ့မယ်"

ထိုင်ရာမှထပြီး အိပ်ခန်းထဲသို့ သူ ဝင်သွားသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ဘားမှာထိုင်ရင်း ကျွန်တော် ဝီစကီ ဆက်သောက်နေသည်။ ဘာမှလည်း ကျွန်တော် မလုပ်ချင်တော့။ နာရီဝက်လောက်ကြာတော့ မာရီယန်းဒါလင် ပြန်ထွက်လာသည်။

"ရှင် တစ်ညလုံး ဒီမှာထိုင်ပြီး အရက်သောက်နေတော့မှာလားဟင်" ဟု မေးသည်။

ကျွန်တော်က ဘာမှပြန်မပြောဘဲ သူ့ကိုလှည့်ကြည့်သည်။

"ကျွန်မကို ပြန်စေချင်ပြီလား" ဟု မေးသည်။

"မပြန်စေချင်ပါဘူး"

"ကျွန်မကို တစ်ညလုံး ထိုင်ကြည့်နေမှာလား"

"ကြည့်နေဖြစ်လိမ့်မယ်ထင်တယ်"

"ကောင်းပြီလေ၊ ကျွန်မ သီချင်းဖွင့် နားထောင်လိုက်ဦးမယ်နော်"

ပြောပြောဆိုဆိုဖြင့် ဓာတ်စက်ရှိရာသို့သွားပြီး ဖွင့်သည်။ အခန်းထဲမှာ တေးသံ ပျံ့လွင့်လာသည်။ ထိုတေးသံနှင့် သူ လိုက်ကနေသည်။ သူ့ကို သည်အတိုင်း ကျွန်တော် ကြည့်နေမိသည်။

အတော်ကလေးကြာတော့ သူ ဒူးထောက်ထိုင်ချလိုက်သည်။

"စတီဖင်" ဟုလည်း ကျွန်တော့်ကို လှမ်းခေါ်သည်။

သူ့ကို ကျွန်တော် လှမ်းကြည့်သည်။

"ကျွန်မ ရူးမျှားနေသလား မသိဘူးနော်"

ကျွန်တော် ခေါင်းခါပြလိုက်သည်။

သူ ရေချိုးခန်းထဲ ဝင်သွားသည်။ ခဏကြာတော့ ပြန်ထွက်လာသည်။

"အရက်တစ်ခွက်လောက် ပေးပါဦး" ဟု တောင်းသဖြင့် တစ်ခွက်စပ်ပြီး ပေး လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်ကို တစ်ကျိုက်တည်း အကုန်မော့ပြီး အခန်းတံခါးဆီသို့ လျှောက်သွားသည်။ စောစောက ချွတ်ထားခဲ့သည့် သားမွေးအကျႌကို ကောက်ဝတ်သည်။ တံခါးဝမှာရပ်ပြီး ကျွန်တော့်ကို လှည့်ကြည့်သည်။

"ဂွဒ်နိုက်"

"ဂွဒ်နိုက်" ဟု ကျွန်တော် ပြန်နှုတ်ဆက်သည်။

တံခါးဖွင့်ပြီး ထွက်သွားသည်။ မိနစ်အနည်းငယ်ကြာတော့ ဖုန်းမြည်လာသည်။ ကျွန်တော် ကောက်ကိုင်သည်။ အောက်ထပ်မှနေ၍ မာရီယန်းဒါလင် ဆက်ခြင်းဖြစ်သည်။

"ရှင့်ကို ပြောစရာတစ်ခု မေ့သွားလို့"

"ဘာများလဲ ဒါလင်"

"ရှင့်ကို ကျွန်မ ချစ်တယ်"

ပြီးတော့ ဖုန်းပြန်ချသွားလေသည်။

❑

ထိုညက အိပ်မက်ဆိုးများ ကျွန်တော်မက်နေသည်။ သည်အိမ်ခန်းသို့ ပြန်ရောက်လာတိုင်း အိပ်မက်ဆိုးများကို မက်စမြဲဖြစ်သည်။ သည်အိမ်ထဲမှာ ဘာဘရာရှိနေသည်ဟု ထင်မှတ်နေမိသည်။

တခြားကို ပြောင်းသင့်ပြီဟု ဆမ်ပြောသောစကား မှန်ကောင်း မှန်ပါလိမ့်မည်။

ကျွန်တော် မျက်စိမှိတ်ထားသည်။ ဘာဘရာကို မြင်နေရသည်။ မှောက်လျက်အိပ်သည်။ ဘာဘရာကို တွေ့နေရသည်။

တဖြည်းဖြည်းနှင့် မာရီယန်းဒါလင် ကနေသည်ကို မြင်ယောင်နေသည်။ ကြည့်နေရင်းမှာပင် မာရီယန်းဒါလင်၏ မျက်နှာမဟုတ်တော့ဘဲ ဘာဘရာ၏မျက်နှာ ဖြစ်လာသည်။

မတတ်နိုင်တော့သည့်အဆုံးတွင် အိပ်ဆေးထုသောက်လိုက်ရတော့သည်။

❑

တယ်လီဖုန်းခေါင်းလောင်း မြည်နေသည်။ ကျွန်တော် အိပ်ရာမှ လန့်နိုးလာပြီး အိပ်ချင်မူးတူးဖြင့် ကောက်နားထောင်သည်။ ဆက်သူမှာ အိန်ဂျယ်ဖြစ်သည်။

"ကျွန်တော် အခန်းတံခါး လာခေါက်သေးတယ်၊ မရတာနဲ့ အောက်ပြန်ဆင်းလာပြီး ဖုန်းဆက်တာ" ဟု ပြောသည်။

"အပေါ် ပြန်တက်ခဲ့လေ"

တစ်ဆက်တည်း ကျွန်တော့်အတွက် နံနက်စာကိုပါ ဖုန်းဆက်မှာသည်။ ပြီးတော့ ရေချိုးခန်းထဲ ဝင်ခဲ့သည်။

အိန်ဂျယ်က မာရီယန်းဒါလင်အကြောင်း သိချင်နေသည်။ သို့သော် မမေး။ ကျွန်တော်ကလည်း အချိန်ကုန်ခံပြီး ရှင်းပြမနေတော့။ ကော်ဖီသောက်ရင်း သူပြောပြသည့် လဝ်

www.burmeseclassic.com

www.burmeseclassic.com


ငန်းနှင့်ပတ်သက်သည်များကို နားထောင်နေသည်။

သူ အလွန်တော်ပါသည်။ ဖြတ်ထိုးဉာဏ်လည်း ရှိသည်။ ရည်မှန်းချက်ကြီးသည်။ သို့သော် စင်ကလဲယားကိုတော့ သူမမီပါ။

စင်ကလဲယားက ရေကို နှောက်ထားသည်။ ရေအောက်တွင် ဘာရှိသည်ကို သူ မမြင်ရ။ စင်ကလဲယား မြင်စေချင်သလောက်သာ သူမြင်ရသည်။ စင်ကလဲယား သိစေချင် သလောက်သာ သူသိရသည်။

ကျွန်တော်တို့ ရုပ်မြင်သံကြားမှ တင်ဆက်နေသည့် အစီအစဉ်ညံ့သည်။ ဖျော်ဖြေ များ ကောင်းသည်တော့ မှန်သည်။ သို့သော်လည်း အစီအစဉ်ညံ့သဖြင့် ကြော်ငြာများ ကျ သွားသည်။ ဝင်ငွေလျော့သွားသည်။

သည်လိုဖြစ်မည်ကို အစကတည်းက ကျွန်တော်သိထားပြီး ဖြစ်သည်။ စင်ကလဲ ယားလည်း သိထားပြီးဖြစ်သည်။ သို့သော်လည်း အခိုက်အတန့်ကာလတွင် ကျွန်တော် အစားထိုးစရာမရှိ။ သည်အတိုင်းပဲ လုပ်သွားရမည်။

နောက်ဆုံးတစ်နေ့တွင် ပိုမိုကောင်းသည့် ရုပ်ရှင်ဇာတ်ကားများဖြင့် အစားထိုး အစီအစဉ်ပိုကောင်းအောင် ပြုပြင်ယူရမည်။

သည်အတိုင်းဖြစ်လာသည်ကို ကျွန်တော်တို့ ဘာတတ်နိုင်မည်နည်း။ လုပ်သ မဖြစ်သောကြောင့် ဖြစ်သလိုလုပ်ခဲ့ရသည်။

ယခုတော့ စင်ကလဲယားက အိန်ဂျယ်ကို အသုံးချသည်။ သူလိုချင်သည်များ အိန်ဂျ ကိုခိုင်းသည်။ အိန်ဂျယ်ကို သူဆုံးရှုံးရတော့မည်ဖြစ်ကြောင်း သူမသိ။

"ကောင်းတယ်၊ ခင်ဗျားချဉ်းကပ်ပုံ ချဉ်းကပ်နည်းနဲ့ လုပ်ပုံကိုင်ပုံ ကောင်းတ ဟု ကျွန်တော်က အိန်ဂျယ်ရှင်းပြပြီးသောအခါ ပြောသည်။

"ကျေးဇူးတင်ပါတယ် စတီဖင်"

ခဏကြာအောင် ကျွန်တော် စဉ်းစားနေသည်။

"ခင်ဗျားကို အထူးအစီအစဉ်ဌာန ပြောင်းပေးမယ်၊ ခင်ဗျား ရာထူးတစ်ဆင့် တ သွားပြီ၊ တစ်နှစ်ကို လခတစ်သောင်းခွဲ ပိုရမယ်၊ ခင်ဗျား အားလုံးကို တာဝန်ယူရမယ်၊ အဆ ပြေအောင် ခင်ဗျားလုပ်နိုင်လိမ့်မယ်လို့ ကျုပ်အကြွင်းမဲ့ ယုံကြည်တယ်"

ထိုစကားကြားတော့ ကျွန်တော့်ကို သူပြန်ငေးကြည့်နေသည်။

"လော့စ်အိန်ဂျလိစ်ကို ခင်ဗျား ချက်ချင်းသွားတော့၊ ဟိုကအခြေအနေတွေ ထိန်း၊ ရုပ်မြင်သံကြား ဖျော်ဖြေခန်းတွေပိုကောင်းလာအောင်လုပ်၊ ခင်ဗျားရဲ့သဘောထာ ထင်မြင်ချက်တွေ ကျုပ်သိချင်တယ်"

"ကျွန်တော် ဒီညပဲ လေယာဉ်ပျံနဲ့ လိုက်သွားပါ့မယ်၊ ဒါထက်... စင်ကလဲယား ပေးဖို့ အစီရင်ခံစာ ကျွန်တော့်ဆီမှာ အဆင်သင့်ရှိနေပါတယ်၊ အဲဒါတွေကို ကျွန်တေ ဘာလုပ်ရမလဲ" ဟု ထိုင်ရာမှထရင်း မေးသည်။

"သူတောင်းထားတာပဲ၊ သူ့ကိုပေးလိုက်ပေါ့"

"လက်နှိပ်စက်ရိုက်ပြီးတာနဲ့ တစ်ပြိုင်တည်း ခင်ဗျားအတွက် မိတ္တူတစ်ခုပို့ပေး

"ကျေးဇူးတင်ပါတယ်"

အခန်းထဲမှ သူထွက်သွားသည်ကို ကျွန်တော် လှမ်းကြည့်နေသည်။ သူအ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်နှင့် ဖုန်းကောက်ကိုင်သည်။ သူ့အစီရင်ခံစာသည် စင်ကလဲယားဆီသို့ ကြိုတင်ရောက်နှင့်နေပြီဖြစ်ကြောင်း ကျွန်တော် စုံစမ်းကြည့်နေစရာ မလိုပါ။ လက်နှိပ်စက် ရိုက်ခိုင်းထားသည်းက စင်ကလဲယား သိပြီးဖြစ်နေလောက်ပြီ။

အိပ်နေသော ဂျက်ဆာဗစ်ကို ဖုန်းဆက်ပြီး ကျွန်တော် နှိုးလိုက်သည်။

"အဲဒီကို အိန်ဂျယ်လာနေပြီ၊ အလုပ်တွေနဲ့ ဖိထားလိုက်" ဟု ကျွန်တော်က ဂျက်ကို ပြောသည်။

"စိတ်ချ၊ ပထမတန်းစား ပြုစုမှုမျိုး သူ ရရပါစေ့မယ်"

"အဲဒါတွေစီစဉ်ပြီးရင် မီရာလေယာဉ်ပျံနဲ့ ဒီကို ချက်ချင်းလိုက်လာခဲ့"

"ဘာအတွက်လဲ"

"ဒင်ရစ်ချီနဲ့ ဆမ်ဘင်ဂျမင်နဲ့ သဘောတူညီချက်ကို ခင်ဗျားကို ကိုင်တွယ်ခိုင်းချင်လို့"

"ခဏနေပါဦး၊ အဲဒီကိစ္စက ထိပ်ဆုံးအဆင့်က လုပ်ရမှာမဟုတ်လား၊ မောင်ရင်က စင်ကလဲယားရုပ်မြင်သံကြားဌာနရဲ့ ဥက္ကဋ္ဌတာဝန်ပါ ယူထားတာမဟုတ်လား၊ ဒီကိစ္စကို ကျုပ်က ဝင်ရှင်းရင် မစ္စတာစင်ကလဲယားက ဘာပြောမလဲ"

"လာသာလာခဲ့စမ်းပါလေ၊ စင်ကလဲယားကိစ္စ ကျုပ်တာဝန်ထား"

တယ်လီဖုန်းပြန်ချပြီး စီးကရက်တစ်လိပ်ကို ကျွန်တော်ညှိသည်။ စင်ကလဲယားက ကစားချင်သည်။ သူ့မှာ ကစားပိုင်ခွင့်လည်း ရှိပါသည်။

သို့သော်လည်း သူ အံ့အားသင့်စရာကလေးများနှင့် ကြုံတွေ့ရအောင်တော့ ကျွန်တော် လုပ်ရပေတော့မည်။ နောင်တွင် သည်လိုမကစားသင့်ကြောင်း သူသင်ခန်းစာရသွားအောင် လုပ်ရပေတော့မည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

နောက်နေ့ ရုံးသို့ ကျွန်တော်ရောက်သွားတော့ အိန်ဂျယ်၏အစီရင်ခံစာ ကျွန်တော့် စားပွဲပေါ်သို့ ရောက်နေသည်။ ကောက်ယူပြီး တောင်လှန်မြောက်လှန် လုပ်မိသည်။ ကိန်း ဂဏန်းတွေ များလွန်းလှသည်။

စင်ကလဲယားနှင့် ကျွန်တော့်ကိုတော့ ချောက်ချဖို့မကြိုးစား။

အိန်ဂျယ်ကို နယူးယောက်မှာထားလျှင် ကျွန်တော်နှင့် ကင်းကွာလွန်းသည်။ ထို့ ကြောင့် လော့စ်အိန်ဂျလိစ်မြို့သို့ရွှေ့ပြီး ကျွန်တော့်မျက်စိအောက်မှာ ထားရမည်။ သို့မှသာ သူ့ကို ကျွန်တော့်စိတ်တိုင်းကျ ကိုင်တွယ်နိုင်မည်။

ယခု သူတင်ပြသည့် အစီရင်ခံစာထဲမှာ ဘာအသစ်အဆန်းမှ မပါ။ လွန်ခဲ့သည့် နှစ်နှစ်လောက်တုန်းကလည်း သည်လိုအစီရင်ခံစာမျိုး စင်ကလဲယားထံသို့ ကျွန်တော် တင်ပြ ဖူးသည်။ စင်ကလဲယားက စိတ်မဝင်စားခဲ့။

အစီရင်ခံစာကို အမှိုက်ခြင်းတောင်းထဲသို့ ကျွန်တော် ပစ်ထည့်လိုက်သည်။ အင် တာကွမ်းခလုတ်ကို နှိပ်သည်။

"စင်ကလဲယားရောက်လာရင် သိချင်တယ်" ဟု ကျွန်တော်က ပြောသည်။

"သူ အခုပဲရောက်နေပါပြီ" ဟူသော စင်ကလဲယား၏အသံက ကျွန်တော့်ရုံးခန်း ပေါက်ဝမှ ပေါ်ထွက်လာသည်။

ကျွန်တော်မော့ကြည့်ပြီး ပြုံးလိုက်မိသည်။ ထိုင်ရာမှထပြီး သူ့ဆီသို့ လက်ကမ်းပေး လိုက်သည်။

"မစ္စတာစင်ကလဲယား"

ကျွန်တော့်လက်ကိုဆွဲယူရင်း သူ့မျက်နှာမှာ စိတ်ပျက်သည့်ပုံ ပေါ်သွားသည်။

"ဒီလေသံမျိုးကို ကောင်းကောင်းမှတ်မိပါတယ်၊ မိသားစုပုံသဏ္ဌာန်မဟုတ်တဲ့ လုပ် ငန်းသဘောအရ တွေ့မယ်ဆိုတဲ့သဘာမျိုးလား" ဟု သူက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု အချိန်ကျနေပြီလေ" ဟု ကျွန်တော်က ပြန်ပြောသည်။

သူ ခေါင်းညိတ်ပြပြီး ကျွန်တော့်စားပွဲရှေ့မှာ ဝင်ထိုင်သည်။

"အိန်ဂျယ်ကို ဘာဖြစ်လို့ လော့စ်အိန်ဂျလိစ် ပို့လိုက်ရတာလဲ" ဟု သူက စတင်ပစ်ခတ်သည်။

"သူ့ကို အသေသတ်မလို့ ပို့လိုက်တာလေ၊ ဒီလိုညစ်ပတ်တာမျိုး ကျွန်တော် မကြိုက်ဘူး" ဟု ကျွန်တော်ကလည်း တည့်တည့်ပင် ပြန်ပြောသည်။

"ဒီအလုပ်လုပ်ဖို့ သူ့ကို ဒယ်ဒီကိုယ်တိုင် ခိုင်းတာ"

"အဲဒီလိုခိုင်းတာတော့ ဒယ်ဒီမှားတာပေါ့၊ သူဟာ ကျွန်တော့်လက်အောက်က လူပဲ၊ ဒယ်ဒီခိုင်းချင်ရင် ကျွန်တော့်ကိုပဲ ခိုင်းရမယ်"

"သူ့အစီရင်ခံစာက မဆိုးပါဘူး"

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဒါမျိုး ကျွန်တော် တင်ပြဖူးသေးတယ်လေ၊ အဲဒီတုန်းကတော့ ဒယ်ဒီမကြိုက်ဘူး၊ ပြဿနာတွေနဲ့ ရင်ဆိုင်ရမယ်လို့ ကျွန်တော် ကြိုတင်ဟောကိန်း ထုတ်ခဲ့တယ်၊ ကျွန်တော် ဟောကိန်းထုတ်ခဲ့တဲ့အတိုင်းပဲ အခု ပြဿနာတွေနဲ့ ကြုံရပြီ၊ ဒယ်ဒီက အစီအစဉ်ဟောင်းကြီးကို ပြန်လုပ်ချင်နေတယ်၊ ဟိုတုန်းကတော့ မလုပ်ချင်ခဲ့ဘူး"

"ဒယ်ဒီဟာ အုပ်ချုပ်ရေးဘုတ်အဖွဲ့ရဲ့ သဘာပတိဖြစ်တယ်၊ ဒါကြောင့် ကုမ္ပဏီမှာ ငွေရေးကြေးရေး အခက်အခဲ ပေါ်လာပြီဆိုရင် ဝင်ဖြေရှင်းပေးဖို့ တာဝန်ရှိတယ်၊ ဒီနှစ်တိုးတက်မှုဟာ အားရစရာကောင်းတယ်လို့ သားကိုယ်တိုင်ကလည်း မပြောနိုင်ဘူး မဟုတ်လား"

"ဒယ်ဒီ တစ်ခုမေ့နေပြီ"

"ဘာကိုလဲ"

"ကျွန်တော့်ကို ကုမ္ပဏီကြီးတစ်ခုလုံးရဲ့ ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်တဲ့ အချိန်ကစပြီး ကျွန်တော်ဟာ အရာရာကို လုပ်ပိုင်ခွင့်ရှိတဲ့ အမှုဆောင်အရာရှိချုပ် ဖြစ်တယ်၊ ကျွန်တော့် အခွင့်အာဏာကို ဘယ်သူဝင်သုံးတာမှ ကျွန်တော် လက်မခံနိုင်ဘူး၊ ဒယ်ဒီဝင်ရှုပ်တာကိုတောင်မှ ကျွန်တော် လက်မခံနိုင်ဘူး"

"ဒါလောက် ဆတ်ဆတ်ထိမခံနိုင်တာမျိုး မဖြစ်နဲ့လေ၊ ဒယ်ဒီက သားကို ဝင်ပြီး ကူညီတာပါ"

"ဒါကို ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ဒယ်ဒီစည်းကမ်း ဖောက်ဖျက်တာပဲ၊ နောက် ဒါမျိုး ဘယ်တော့မှ မလုပ်ပါနဲ့၊ ဒါ နောက်ဆုံးအကြိမ်ပဲ ဖြစ်ပါစေ"

"တစ်ခုခုမှားနေပြီလို့ မြင်တဲ့အခါမှာတောင် ဝင်ပြင်ဆင်ခွင့်မရှိဘူးလို့ ဆိုလိုတာလား"

သူ့အသံ အနည်းငယ်မာလာသည်။ ဒေါသဖြစ်လာကြောင်း ကျွန်တော် သတိထားလိုက်မိသည်။

"ဒယ်ဒီလုပ်နိုင်တာ တစ်ခုပဲရှိတယ်၊ ကျွန်တော့်ကို ပြောဖို့ပဲ"

သူ့စိတ်ကို သူပြန်ထိန်းသည်။

"အခု မောင်ဘာလုပ်မှာလဲ၊ ဒါရိုက်တာအဖွဲ့က သိချင်နေပြီ၊ ဒီနှစ် ဝင်ငွေဆယ့်တစ်သန်းတောင် လျော့သွားတယ်"

"ကျသွားတဲ့ဝင်ငွေတွေကို ခလုတ်ကလေးနှိပ်လိုက်ရုံနဲ့ ပြန်မရနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဟာ လော့စ်အိန်ဂျလိစ်မြို့မှာ အနေများလွန်းတယ်၊ ဒါကြောင့် နယူးယော်က်မှာ အရောင်းကျကုန်တာ"

"ကျွန်တော်တို့ အစီအစဉ်သစ်စမယ့် နောက်စက်တင်ဘာလဆိုရင် ဒီလိုမထိုင်နိုင်တော့ပါဘူး"

"အဲဒါက အဝေးကြီးလိုသေးတာပဲ၊ နှစ်သစ်ကူးဖို့တောင် တစ်ပတ်လောက် လိုသေးတယ်၊ အခုလာမယ့် ဆောင်းနဲ့နွေအတွက် စိတ်ပူရမယ်၊ ဒါကိုရင်ဆိုင်ကြရအောင် စတီဗင်အေဂျင်စီတွေအကြောင်း သားလောက်သိတဲ့လူ တစ်ယောက်မှမရှိဘူး၊ ဒါကြောင့် ဒီကို သားပြန်လာပါ၊ နှစ်နေရာမှာ တစ်ချိန်တည်း ရှိမနေနိုင်ဘူး"

"အင်း. . . အခုမှပဲ ဒယ်ဒီ သဘောပေါက်တော့တယ်၊ တစ်ချိန်တည်း တစ်ပြိုင်တည်း နှစ်နေရာစလုံးမှာ ကျွန်တော်ရှိမနေနိုင်ဘူး၊ မှန်တယ်၊ ဒါပေမယ့် တစ်ခုတော့ ဒယ်ဒီမှားနေ တယ် အေဂျင်စီတွေအကြောင်း ကျွန်တော့်လိုပဲ သေသေချာချာသိတဲ့ တခြားတစ်ယောက် ရှိနေသေးတယ်"

သူက ကျွန်တော့်ကို မေးခွန်းထုတ်သည့် အကြည့်မျိုးဖြင့် စိုက်ကြည့်နေသည်။

"ဂျက်ဆာဗစ်လေ၊ သူတစ်သက်လုံး အေဂျင်စီလုပ်ငန်းတွေပဲ လုပ်လာတာ ဒယ်ဒီ မေ့နေပြီ"

"ဒါပေမယ့် စတူဒီယိုက ဘယ်လိုလုပ်မလဲ"

"သူ့အလုပ်ကို သူလုပ်နေတာပဲ၊ စတူဒီယိုလုပ်ငန်းကို ဦးဆောင်သွားဖို့ လူတွေလည်း သူ့မှာရှိတယ်၊ ဒါကြောင့် သူ့ကို အပေါ်တင်ပေးဖို့ အချိန်ကျပြီလို့ ကျွန်တော်ထင်တယ်"

ခဏကြာအောင် သူ ငြိမ်ပြီးစဉ်းစားနေသည်။

"သူ့ကို ဘာခိုင်းမယ်လို့ စိတ်ကူးထားသလဲ"

"ဒီကိုလိုက်လာဖို့ ကျွန်တော် ခေါ်ထားပြီးပြီ၊ ဆမ်ဘင်ဂျမင်ရဲ့ ပြဿနာကို သူလက်ပဲထိုးအပ်ပြီး ဖြေရှင်းခိုင်းရမယ်"

"နေပါဦး၊ ဒီအလုပ်က မောင့်အလုပ်ပဲ"

"အဲဒီအလုပ်ဟာ စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီဥက္ကဋ္ဌရဲ့ အလုပ်လေ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ဒါပေမယ့် သားဟာ အခုအချိန်အထိ စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီရဲ့ ဥက္ကဋ္ဌပဲမဟုတ်လား"

"အဲဒါ ကျွန်တော် မှားသွားတာပေါ့၊ စင်ကလဲယားကုမ္ပဏီကြီး တစ်ခုလုံးရဲ့ ဥက္ကဋ္ဌအဖြစ်နဲ့ ဒယ်ဒီ့ရာထူးကို ကျွန်တော် ယူလိုက်တဲ့အခါမှာ စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီခွဲရဲ့ ဥက္ကဋ္ဌရာထူးကို ကျွန်တော် လက်လွှတ်သင့်တယ်၊ တခြားတစ်ယောက်ယောက်ကို ပြောင်းပေးသင့်တယ်၊ ဒါကြောင့် အခုအချိန်ဟာ စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီခွဲမှာ ဥက္ကဋ္ဌသစ်ရှိသင့်ပြီလို့ ကျွန်တော်ထင်တယ်"

"အဲဒီတော့ မောင်က ဘာလုပ်မှာလဲ"

"ကုမ္ပဏီကြီးတစ်ခုလုံးရဲ့ ဥက္ကဋ္ဌအဖြစ်နဲ့တုန်းက ဒယ်ဒီလုပ်ခဲ့သလိုပဲ လုပ်မယ်၊ လူတွေအားလုံး အရှုံးမီးဝိုင်းဖြစ်နေအောင် လုပ်ထားရမယ်"

သူ အားပါးတရရယ်ရင်း ထိုင်ရာမှ ထ,သည်။ တံခါးပေါက်ဆီသို့ လှမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝရောက်တော့ လှည့်ကြည့်သည်။

"တစ်ခုလောက် မေးချင်သေးတယ်"

"ဘာများပါလိမ့်"

"ဒယ်ဒီ ဘယ်တော့လောက် အနားယူလို့ရမလဲဆိုတာများ ခန့်မှန်းလို့ရပြီလား"

ကျွန်တော်က မဆိုင်းမတွ ပြန်ဖြေလိုက်သည်။

"ဒယ်ဒီအသက် ခြောက်ဆယ့်ငါးနှစ် ပြည့်တဲ့အချိန်မှာ အနားယူနိုင်ပါတယ်"

သူ ရယ်မောပြီး အပြင်ထွက်သွားသည်။ ပိတ်သွားသည့်တံခါးကို လှမ်းကြည့်ရင်း ကျွန်တော်လည်း တစ်ကိုယ်တည်း ပြုံးမိသည်။

တိုက်ပွဲတစ်ခုကိုတော့ သူ ရှုံးသွားသည်။ သို့သော်လည်း စစ်ပွဲကြီးတစ်ခုလုံးကိုတော့ သူ အနိုင်ရရှိသွားလေသည်။ ယခုအချိန်အထိ ကျွန်တော့်ထက် သူတော်နေသေးသည်။ သူလိုချင်သည့် အရာများအားလုံးကို ရအောင်ယူနိုင်စွမ်းရှိသူဖြစ်ကြောင်း ကျွန်တော် ချက်ချင်း သဘောပေါက်သွားမိပါတော့သည်။

❑

ရုံးထဲမှ ကျွန်တော်ထွက်လာတော့ မှောင်နေပြီ။ မော်တော်ကားရပ်ထားသည့် နေရာသို့ ကျွန်တော် တောက်လျှောက်သွားသည်။ ထိုအချိန်မှာပင် တစ်စုံတစ်ယောက်က ကျွန်တော့်ပခုံးကို လှမ်းတို့သည်။

"မိုးချုပ်တဲ့အထိကို အလုပ်လုပ်နေပါလား မစ္စတာဂေါက်"

ကျွန်တော် လှည့်ကြည့်သောအခါ မာရီယန်းဒါလင်ကို တွေ့ရသည်။ သားမွေးအင်္ကျီတစ်မျိုးကို ဝတ်ထားပြန်သည်။ မွေးပွကော်လာများကို ဆွဲထောင်ကာ မျက်နှာဖုံးမတတ် ကွယ်ထားသည်။ တောက်ပြောင်နေသည့် သူ့မျက်လုံးများကိုသာ မြင်ရသည်။

"ညနေငါးနာရီကတည်းက ဒီနေရာက လာစောင့်နေတာ" ဟု သူကပြောသည်။

"မိုက်တာပေါ့ကွ၊ ကိုယ့်ကိုတွေ့ချင်တယ်ဆိုရင် ဘာဖြစ်လို့ အပေါ်ထပ်ကို တက်မလာတာလဲ"

"ရှင်ယုံမလားမသိဘူး၊ ကျွန်မ ကြောက်လို့"

"ဘာကိုကြောက်တာလဲ"

"ရှင်က ကျွန်မကို မတွေ့ချင်ဘူးလို့ပြောပစ်မှာ ကြောက်လို့"

"တစ်ညနေလုံး ဒီဆီးနှင်းတွေထဲမှာ သွေးခဲမတတ် ရပ်စောင့်နေတာနဲ့စာရင် အဲဒါက တော်သေးတာပေါ့"

"ဒါလောက်တော့လည်း မအေးပါဘူး"

"ကဲ. . . ကားထဲဝင်" ဟုပြောရင်း ကျွန်တော်က သူ့လက်ကို ဆွဲခေါ်သည်။ သူ မလှုပ်ဘဲ ငြိမ်နေသည်။

"မဝင်ချင်ဘူး၊ ကျွန်မ ရှင့်ကို လာစောင့်နေတာမဟုတ်ဘူး၊ ကျွန်မကို ရှင်နဲ့အတူတူ လိုက်ဖို့ ခေါ်စရာမလိုဘူး၊ ညတုန်းက ကျွန်မ ရူးကြောင်ကြောင်လုပ်ခဲ့မိတာ ဝမ်းနည်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြဖို့ လာစောင့်နေတာ"

ကျွန်တော်က ဘာမှပြန်မပြော။

"ညတုန်းက ကျွန်မ ဘာဖြစ်သွားမှန်းကို မသိလိုက်ဘူး၊ ရုတ်တရက်ဖြစ်သွားတာ ဒါကြောင့် ရှုပေါပေါတွေ လျှောက်လုပ်မိတယ်"

ထိုသို့ ပြောနေရင်းမှာပင် သူ့မျက်နှာကလေးသည် အလွန်နုနယ်သွားသည်ဟု ထင်လိုက်မိသည်။ ကျွန်တော်က သူ့လက်မောင်းကိုဆွဲပြီး ကားထဲသို့သွင်းသည်။

"ကားပေါ်တက်စမ်း"

သူ ဘာမှမပြောတော့ဘဲ ကားပေါ်တက်သည်။ သူ့နောက်မှ ကျွန်တော်လိုက်တက်ပြီး တံခါးပိတ်လိုက်သည်။ ဒရိုင်ဘာက ဘယ်မောင်းရမလဲဟု လှည့်မေးသည်။

"မင်း ဘယ်မှာနေသလဲ" ဟု ကျွန်တော်က မာရီယန်းဒါလင်ကို မေးသည်။

"ကမ်းနားလမ်းနဲ့ (၇၈) လမ်းထောင့်"

ပြီးတော့ ကားထောင့်ထဲမှာ ကုပ်ကုပ်ကလေး ထိုင်နေသည်။ သူ့ကို သေးသေးကလေး ဖြစ်သွားသလားဟု ထင်ရသည်။

မော်တော်ကား မောင်းထွက်လာသည်။ ကျွန်တော်က အပူငွေ့ပေးစက်ခလုတ်ကို ဖွင့်လိုက်သည်။ ဗဟိုပန်းခြံနားသို့ ရောက်သောအခါ ကောင်းစွာနွေးသွားသည်။

"အချမ်းပြေသွားပြီလား" ဟု ကျွန်တော်ကမေးသည်။

"ဟုတ်. . . ဟုတ်ကဲ့၊ စီးကရက်ရှိသလားဟင်"

ကျွန်တော်က တစ်လိပ် မီးညှိပေးလိုက်သည်။ သူ အားပါးတရ ဖွာနေသည်။ ခဏကြာတော့ ချမ်းသဖြင့် တုန်နေသည့် သူ့ကိုယ်လုံး ငြိမ်သွားသည်။ ပန်းခြံထဲမှာရှိနေသည့် ဆီးနှင်းများကို သူ လှမ်းငေးကြည့်နေသည်။

"ကျွန်မတို့ ဘယ်ကိုသွားနေတာလဲဟင်" ဟု ပြန်မေးသည်။

"ကမ်းနားလမ်းနဲ့ (၇၈) လမ်းထောင့်ဆို၊ မင်းပဲပြောတာပဲ"

"ကျွန်မ အဲဒီကိုမသွားချင်ဘူး"

"ကောင်းပြီ၊ ဒါဖြင့် ဘယ်ကိုသွားချင်သလဲ"

ကျွန်တော့်ကို သူပြန်ကြည့်သည်။ သူ့မျက်နှာရှေ့တွင် စီးကရက်မီးခိုးများ တွန့်လိမ်ကောက်ကွေးနေသည်။

"ရှင့်နောက်လိုက်မယ်"

"ကိုယ်က အိမ်ပြန်အိပ်တော့မှာကွ၊ သိပ်ပင်ပန်းလာလို့"

ကျွန်တော့်မျက်နှာကို သူစိုက်ကြည့်နေသည်။ အတော်ကလေးကြာတော့မှ ပြောသည်။

"ကောင်းပြီ၊ ဒါဆိုရင်လည်း အရေးမကြီးပါဘူး၊ ဒီနားမှာ ချထားပေးခဲ့"

ကျွန်တော်တို့သည် ဗဟိုပန်းခြံအလယ်လောက်သို့ ရောက်နေကြပြီ။ ဆီးနှင်းများက တသောသောကျနေသည်။ ကားလမ်းဘေး ပလက်ဖောင်းပေါ်မှာ ဆီးနှင်းများဖုံးနေသည်။

"မင်းရူးနေသလား၊ ဒီနေရာကနေပြီး မင်းအိမ်ကိုရောက်အောင် တစ်နာရီလောက် လျှောက်ရမယ်"

"ဆီးနှင်းခဲတွေထဲမှာ လမ်းလျှောက်ရတာ ကျွန်မ သဘောကျတယ်၊ အဲဒီနားမှာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်တော့”

တစ်ဆက်တည်း ဒရိုင်ဘာ၏ပခုံးကို လက်နှင့်တို့ကာ ရပ်ခိုင်းသည်။

ဒရိုင်ဘာက လမ်းဘေးမှာ မော်တော်ကား ထိုးရပ်သည်။ မာရီယန်းဒါလင်က တံခါးဖွင့်ပြီးဆင်းသည်။ အပြင်မှအအေးဓာတ်များ ကားထဲ ထောင်းခနဲဝင်လာသည်။

“ဒီနေရာအထိ လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်”

တံခါးကို သူပြန်ပိတ်လိုက်သည်။ ဆီးနှင်းခဲများ ဖုံးလွှမ်းနေသည့် ပလက်ဖောင်းပေါ်သို့ သူတက်သွားသည်။ မော်တော်ကားစထွက်စ,တွင် သူ့ကို ကျွန်တော် ကြည့်နေမိသေးသည်။ ပလက်ဖောင်းပေါ်မှာ သူလမ်းလျှောက်နေသည်။ ကော်လာများကိုထောင်ပြီး သူ့မျက်နှာပေါ်သို့ ဆွဲအုပ်လိုက်သည်။ ခေါင်းငုံ့ထားသည်။ သူ့နှာခေါင်းလှလှကလေးကိုသာ ကျွန်တော် မြင်ရတော့သည်။

ကျွန်တော်တို့ကား သူ့ကို ကျော်လာသည်။ နောက်မှာ သူကျန်ခဲ့သည်။ ကူရှင်ပေါ်သို့ ကျွန်တော် မှီချလိုက်သည်။ ထိုအချိန်ကလေးမှာပင် ကားနောက်မှန်ကို တစ်စုံတစ်ရာ လာထိသံ ကြားလိုက်ရသည်။

ကျွန်တော် နောက်ပြန်လှည့်ကြည့်သည်။ ပြတင်းပေါက်ကို နောက်ထပ် ဆီးနှင်းခဲ တစ်ခု လာထိပြန်သည်။ တတိယဆီးနှင်းခဲတစ်လုံးကို သူကောက်လုံးနေကြောင်း မြင်တွေ့လိုက်ရသည်။

“ကားရပ်စမ်း”

ကားရပ်သွားသည်။ အောက်သို့ ကျွန်တော်ဆင်းသည်။ တတိယမြောက်ဆီးနှင်းခဲက ကျွန်တော့်အနားမှ ဝှီခနဲ ဖြတ်သွားသည်။

ကျွန်တော်က လမ်းပေါ်မှ ဆီးနှင်းများကို ကောက်ယူပြီး အလုံးလုံးသည်။ သူ့ကို လှမ်းပေါက်သည်။ သူ့ပခုံးကိုသွားမှန်ပြီး တစ်စစီ ကြေမွလွင့်စဉ်သွားသည်။

“မင်းကို ထိပြီကွ” ဟု ကျွန်တော်ကအော်သည်။

ကျွန်တော်ကုန်းပြီး နောက်ထပ်ဆီးနှင်းများကို ကောက်ယူမိသည်။ ထိုအချိန်မှာပင် သူပစ်လိုက်သည့် ဆီးနှင်းခဲက ကျွန်တော့်ကုပ်ကိုထိပြီး ကျောတွင်းသို့ အေးစက်လွန်းသည့် နှင်းခဲများ ပျော်ဝင်သွားသည်။ ဆီးနှင်းများကို တစ်လုံးပြီးတစ်လုံး လုံးကာ သူ့ကို ကျွန်တော် အဆက်မပြတ် ပေါက်သည်။

သစ်ပင်တစ်ပင်၏နောက်ကွယ်သို့ သူပြေးဝင်သွားသည်။ ပြီးတော့ သစ်ပင်ကွယ်မှနေ၍ ကျွန်တော့်ကို အဆက်မပြတ် ပစ်ပေါက်တော့သည်။ သူ၏ ပျော်ရွှင်စွာ အော်ဟစ်နေသံများကို ကျွန်တော် ကြားနေရသည်။ သူပေါက်သည့် နှင်းခဲများ ကျွန်တော်နှင့် လွဲနေသည်။

သစ်ပင်နားသို့ ကျွန်တော်ပြေးကပ်သွားသည်။ ကျွန်တော်ကလည်း အဆက်မပြတ် ပေါက်သည်။ သစ်ပင်နောက်ကွယ်မှ သူပြေးထွက်သွားသည်။ သူ့ကို ကျွန်တော်ခုန်ဆွဲသည်။ နောက်ကျောကို ဖမ်းမိသည်။

အရှိန်လွန်ပြီး ကျွန်တော်တို့နှစ်ယောက်စလုံး ဆီးနှင်းခဲများပေါ်သို့ လဲကျသွားသည်။ ပြီးတော့ နိမ့်လျှောဘက်ဆီသို့ နှစ်ယောက်လုံးပူးလျက် လိမ့်ဆင်းသွားသည်။ အလိမ့်ရပ်သွားသောအခါ သူ့မျက်နှာကို ဆီးနှင်းများဖြင့် ကျွန်တော် ပွတ်သည်။

“ဒီလို မလုပ်ရဘူးဆိုတာ နားလည်ပြီလား၊ ဟား. . . ဟား. . . ဟား. . .”

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် အတောမသတ်အောင် ရယ်မိသည်။

အသက်ကင်းမဲ့သူလို ချက်ချင်း သူငြိမ်သွားသည်။ ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေသည်။

"ရှင်ရယ်နေတာကိုး၊ ရှင် တကယ်ရယ်တတ်တာကိုး" ဟု ပြောသည်။

"ဘာရှုးကြောင်ကြောင်စကားတွေ ပြောနေတာလဲ"

"မရှူးဘူး၊ ရှင် တကယ်ရယ်တတ်တယ်၊ ရှင်ရယ်တာ တစ်ခါမှ ကျွန်မ မမြင်ခဲ့ဖူးဘူး"

ကျွန်တော့်လည်ပင်းကို သူသိမ်းဖက်သည်။ သူ့နှာခေါင်းမှာ အေးစက်နေသည်။ သို့သော်လည်း သူ့နှုတ်ခမ်းနှင့် လျှာကတော့ ပူနွေးနေပါသည်။

အတော်ကြီးကြာတော့မှ ကျွန်တော်တို့ အသက်ရှူနိုင်ကြတော့သည်။

"ဟုတ်တယ်၊ တကယ်ပဲ ဟုတ်တယ်" ဟု ကျွန်တော့်မျက်လုံးများကို စိုက်ကြည့်ရင်း သူပြောနေပြန်သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

လော့စ်အိန်ဂျလိစ်မြို့မှ ဂျက်ဆာဗစ် ရောက်လာသည်။ သူ့မျက်လုံးများ နီရဲနေသည်။ နယူးယောက်မြို့ ကနေဒီလေဆိပ်သို့ မနက်ခုနှစ်နာရီ ရောက်သည်။ ကျွန်တော့်အခန်းသို့ ရှစ်နာရီ ဆယ့်ငါးမိနစ်တွင် ရောက်လာသည်။

တံခါးခေါင်းလောင်းသံကြားတော့ မာရီယန်းဒါလင် လန့်သွားသည်။ သူ့မျက်လုံးများ ပြူးကျယ်သွားသည်။ ကမန်းကတန်း စောင်ဆွဲခြုံသည်။

"ဘယ်သူလဲဟင်" ဟု မေးသည်။

"မကြောက်ပါနဲ့ကွ၊ ကိုယ်ချိန်းထားတဲ့လူတွေထဲက ပထမဆုံး ရောက်လာတဲ့လူပဲ"

"ကြာမှာလား"

"နှစ်နာရီလောက်ကြာမယ်"

"အိုး. . ."

"မင်း အပြင်ထွက်ချင်တဲ့အခါမှာ ထွက်လာနိုင်ပါတယ်၊ ပုန်းနေဖို့ မလိုပါဘူး"

"ကျွန်မ ပြန်အိပ်လိုက်ဦးမယ်၊ နေ့လယ်မတိုင်ခင် သူပြန်သွားရင် ကျွန်မကိုပြောနော်"

"မပြန်ရင်ကော"

"သူ့ကို ကျွန်မသတ်ပြီး ရှင့်ကို ဒီအိပ်ခန်းထဲဆွဲခေါ်မယ်"

ကျွန်တော် အပြင်ထွက်လာခိုက် သူ စောင်ခေါင်းမြီးခြုံပြီး အိပ်ပျော်သွားတော့သည်။

ဂျက်မှာ ချမ်းလွန်းသဖြင့် ခုန်ဆွခုန်ဆွလုပ်နေသည်။

"အဘိုးကြီးက တစ်ချက်ကလေးတောင် မကန့်ကွက်ဘူးလား၊ မကြိုက်တဲ့အရိပ်အယောင်ကလေးတောင် မပြဘူးလား" ဟု သူကမေးသည်။

"တစ်ခွန်းတောင် မပြောပါဘူး၊ မကြိုက်တဲ့ အရိပ်အယောင်လည်း မပြပါဘူး။ သူ သဘောတောင် ကျသွားပုံရပါတယ်" ဟု ကျွန်တော်က ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်အပျက်တွေက မြန်လွန်းလို့ မနေ့တုန်းက မောင်ရင် ဖုန်းဆက်ပြောတော့ ကျုပ် မယုံကြည်နိုင်အောင် ဖြစ်နေမိတယ်"

"အခု ခင်ဗျား ယုံပြီမဟုတ်လား"

ကျွန်တော့်ကိုကြည့်ပြီး သူ ခေါင်းညိတ်ပြသည်။

"ဒီနေ့မနက်ပဲ သတင်းစာတွေကို ကြေညာချက် ထုတ်ပေးမယ်၊ (၂၁) ဟိုတယ်မှာ ဆယ့်နှစ်နာရီခွဲ မစ္စတာစင်ကလဲယားနဲ့အတူ နေ့လယ်စာ စားရမယ်၊ နှစ်နာရီခွဲရင် စည်းဝေးခန်းမထဲမှာ ဌာနအကြီးအကဲတွေနဲ့ မိတ်ဆက်ပေးမယ်"

"မောင်ရင် အဲဒီမှာရှိနေမလား"

"နေ့လယ်စာ စားတဲ့နေရာမှာ မရှိဘူး၊ အစည်းအဝေးမှာ ရှိမယ်"

"ကိစ္စတိုင်းမှာ မောင်ရင့်သဘောတူညီချက်ယူပြီး လုပ်ပါ့မယ်"

"မလိုဘူး"

ကျွန်တော့်စကားကြောင့် သူနားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဒီလိုဆိုရင် ဘယ်သူ့ဆီကို တင်ပြရမှာလဲ"

"ဘယ်သူ့ကိုမှ တင်ပြဖို့မလိုဘူး၊ ခင်ဗျားဟာ အခုအချိန်ကစပြီး ရုပ်မြင်သံကြား ကုမ္ပဏီတစ်ခုရဲ့ ဥက္ကဋ္ဌဖြစ်သွားပြီ၊ ဆုံးဖြတ်ချက်တွေ ခင်ဗျားဘာသာချမှတ်၊ ခင်ဗျားကြိုက်တာ လုပ်၊ ကျွန်တော့်ကို အမြဲတမ်း အသိပေးနေဖို့တစ်ခုပဲ လိုတယ်"

"တကယ်လို့ ကျုပ်မှားကုန်ရင်ရော"

"ခင်ဗျား အလုပ်ပြုတ်ပေါ့၊ ဒါပေမယ့် ခင်ဗျား မမှားနိုင်ပါဘူး၊ အနည်းအကျဉ်း လွဲမှားသွားတာတွေတော့ ရှိနိုင်တာပေါ့ဗျာ၊ ဒါပေမယ့် အမှားထက် အမှန်တွေကိုပဲ ခင်ဗျား ပိုလုပ်ဖြစ်မယ်ဆိုတာ ကျွန်တော် လောင်းရဲတယ်"

"ကောင်းပါပြီလေ"

သူ၏လက်ကိုင်အိတ်ကို ဖွင့်သည်။ စာရွက်စာတမ်းများ ဆွဲထုတ်သည်။

"လမ်းလာရင်း အစီအစဉ်တွေကို လေ့လာကြည့်ခဲ့တယ်၊ ကျုပ် စိတ်ကူးတချို့ ရလာတယ်၊ နားထောင်ကြည့်မလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်ပြောပြမယ့် ပထမနှစ်ချက်ကိုတော့ မောင်ရင် သဘောကျမှာမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ပြောမှာသာပြောပါ"

"အခုထုတ်လွှင့်နေတဲ့ အထူးအစီအစဉ်တွေကို ကျုပ် ပယ်ဖျက်လိုက်တယ်၊ အဲ နေရာတွေမှာ ရုပ်ရှင်နဲ့ အစားထိုးမယ်၊ စိတ်ကြိုက်ဖြေဖျော်ခန်း မရမချင်း ရုပ်ရှင်တွေနဲ့ အစားထိုးထားတယ်၊ ရုပ်ရှင်ကားကောင်းတွေ ဝယ်မယ်"

သူက စကားဖြတ်ပြီး ကျွန်တော့်ကို မော့ကြည့်သည်။

"နောက်တစ်ခုက ဘာလဲ"

"အိန်ဂျယ်. . .သူ့ကို မောင်ရင်သဘောမကျတာ ကျုပ်သိပါတယ်၊ သူဟာ တော် တယ်၊ ခက်ခက်ခဲခဲအလုပ်ကို လုပ်နိုင်တယ်၊ ရည်မှန်းချက်ကြီးတယ်၊ ဒါကြောင့် ကျုပ်ရဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် သူ့ကိုခန့်ချင်တယ်"

ဘာမှမပြောဘဲ ကျွန်တော် ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို မောင်ရင်ကြိုက်မှာ မဟုတ်ဘူးလို့ ကျုပ် ကြိုပြောထားတယ် မဟုတ်လား"

"ကျွန်တော်နဲ့ မဆိုင်ဘူးလေဗျာ၊ သူနဲ့ အလုပ်အတူတူလုပ်ရမှာက ခင်ဗျားပဲ၊ ခင်ဗျား နောက်ကျောကို အမြဲတမ်း ပြန်ကြည့်နေရလိမ့်မယ်"

"ဒါလောက်မှ ကျုပ်မှာ သတိမရှိဘူးဆိုရင် ဒီအလုပ်ဟာ ကျုပ်နဲ့မတန်တော့ဘူး"

"ကောင်းပြီလေ၊ တခြားဘာရှိသေးသလဲ"

သူဆက်ပြောသည်။ ကျွန်တော်အကြိုက်ဆုံး မူလအစီအစဉ်များကို သူ ဖယ်ထုတ်ထားသည်။

"ဒီအစီအစဉ်တွေဟာ သိပ်ကြာနေပြီ၊ သုံးနှစ်ကနေ ငါးနှစ်အထိ ကြာနေပြီ၊ ဒါကြောင့် အဲဒါတွေအကုန်လုံးကို လုံးလုံးမလွှင့်တော့ဘဲ ရပ်ပစ်လိုက်ချင်တယ်၊ ဒါပေမယ့် လောလောဆယ် အစားထိုးစရာ အလုံအလောက် မရှိသေးဘူး၊ ဒါကြောင့် ဆယ်ကျော်သက် အရွယ် မိန်းကလေးတွေကို ယိမ်းသဘောမျိုးရိုက်ပြီး အစားထိုး ထုတ်လွှင့်ချင်တယ်၊ ဘယ်လို သဘောရသလဲ"

ကျွန်တော် သူ့ကို ပြုံးကြည့်လိုက်သည်။

"ဆုံးဖြတ်ချက်တွေကို ခင်ဗျားချမှတ်ရမယ်လို့ ကျွန်တော်ပြောပြီးပြီ မဟုတ်လား"

"အိုကေ. . . ဒါဖြင့်ရင် ဆမ်ဘင်ဂျမင်ကိစ္စက ဘယ်လိုလဲ"

"ခင်ဗျား ရုံးကိုရောက်ရင် အကြံပြုထားချက်ကို ခင်ဗျားစားပွဲပေါ်မှာ တွေ့ရလိမ့်မယ်၊ နဂိုက သဘောတူထားတဲ့ စာချုပ်မိတ္တူကိုလည်း တွေ့ရလိမ့်မယ်၊ ခင်ဗျား အဲဒါကို အလျင်လေ့လာကြည့်ဦး၊ ပြီးမှ ခင်ဗျားနဲ့ကျွန်တော် စကားပြောမယ်"

သူ့ကို အခန်းဝသို့ ကျွန်တော် လိုက်ပို့သည်။

ထိုနေရာမှာ ကျွန်တော် ခဏရပ်နေသေးသည်။ ပြီးတော့မှ ညှော်ခန်းထဲသို့ ပြန်ဝင်လာသည်။ ကော်ဖီထည့်သောက်သည်။ ချက်ချင်းပင် ကျွန်တော် အသက်သိပ်ကြီးသွားသလို ခံစားလိုက်ရလေသည်။ ယခု ဂျက်ယူသည့်တာဝန်ကို နှစ်ပေါင်းဒါလောက်ကြာအောင် ကျွန်တော် လုပ်သင့်။ စောစောကတည်းက တစ်ယောက်ယောက်ကို လွှဲပေးခဲ့ဖို့ကောင်းသည်။

ယခုတော့ မည်သူ့ကိုမှ စိတ်မချနိုင်ဘဲ ကျွန်တော်တစ်ယောက်တည်း ကျုံးရုန်းလုပ်ခဲ့သည်။ အမှန်တော့ စင်ကလဲယားလိုပဲ ကျွန်တော် လုပ်သင့်သည်။ တာဝန်များကို သူ့နေရာနှင့်သူ ခွဲဝေပေးသင့်သည်။ ကိုယ်က ပေါ်လစီကိုင်ပြီး ထိန်းပေးရုံသာ ထိန်းပေးသင့်သည်။

ယခုမူ ပေါ်လစီကိုင်သူလည်း ကျွန်တော်၊ လုပ်ငန်းအားလုံးကို အကောင်အထည် ဖော်သူမှာလည်း ကျွန်တော်။ နေရာတကာမှာ ကျွန်တော်ဖြစ်နေသည်။

"ပြန်သွားပြီလား" ဟု အိပ်ခန်းဆီမှ မေးသံကြားရသည်။

ကျွန်တော် လှည့်ကြည့်သည်။ မာရီယန်းဒါလင်သည် အိပ်ခန်းတံခါးကို ဟ,ရုံကလေး ဟ,ကာ အပြင်သို့ ချောင်းကြည့်နေသည်။

"ပြန်သွားပြီ"

"ကောင်းတယ်၊ ကျွန်မက ဒီတစ်သက်တော့ သူ လုံးလုံးမပြန်တော့ဘူး ထင်နေတာ" ဟုပြောရင်း အပြင်သို့ ထွက်လာသည်။

"ကော်ဖီသောက်မလား" ဟု ကျွန်တော်ကမေးသည်။

"မဖျော်ရည်တစ်ခုခုများ ရှိမလား"

www.burmeseclassic.com

www.burmeseclassic.com


"နာနတ်သီးဖျော်ရည် ရှိတယ်၊ ရေခဲသေတ္တာထဲမှာ"

ရေခဲသေတ္တာသွားဖွင့်ပြီး နာနတ်သီးဖျော်ရည်ကို ဖန်ခွက်တစ်လုံးထဲထည့်သည်။ ပြီးတော့ ဗော့ဒ်ကာအရက် ထပ်ရောသည်။ မြည်းကြည့်ပြီး "ကောင်းတယ်" ဟုပြောသည်။ ကျွန်တော့်ကိုလည်း "သောက်ကြည့်ပါလား" ဟု လှမ်းပြောသည်။

ကျွန်တော်က ခေါင်းခါပြလိုက်သည်။

"ဘယ်နှစ်နာရီလောက် ရှိသွားပြီလဲဟင်"

"ဆယ်နာရီထိုးတော့မယ်"

"သေတော့မှာပဲ၊ ဒီနေ့မနက် အသံအစစ်ခံဖို့ ချိန်းထားတာ မေ့သွားတယ်၊ ကျွန်မ တယ်လီဖုန်း ခဏသုံးမယ်နော်"

"သုံးလေ၊ ကိုယ် ရေချိုးလိုက်ဦးမယ်"

ကျွန်တော် ရေချိုးခန်းထဲမှ ပြန်ထွက်လာတော့ မာရီယန်းဒါလင်သည် နောက်ထပ် နာနတ်သီးဖျော်ရည်နှင့် ဗော့ဒ်ကာရောထားသော ဖန်ခွက်တစ်လုံးနှင့် ဖြစ်နေပြန်သည်။

"အသံစစ်ဖို့ ကျွန်မ ရောက်မလာတဲ့အတွက် ကျွန်မကိုယ်စားလှယ်က စာရင်းဖျက် လိုက်တယ်" ဟု မာရီယန်းဒါလင်က ဆီးပြောသည်။

"အလုပ်က ကောင်းရဲ့လား" ဟု ကျွန်တော်က မေးသည်။

"ကြော်ငြာဇာတ်ကားတိုကလေးပါ။ ကျွန်မ အချိန်မီရောက်သွားရင်လည်း မရနိုင်ပါ ဘူး၊ သူတို့က စန္ဒရာဒီးလိုပုံစံမျိုး လိုချင်တာ၊ ကျွန်မက အဲဒါမျိုးတော့ မရဘူး"

ကျွန်တော် ဘာမှ ဆက်မပြောတော့ပေ။

"ရှင် အလုပ်သွားတော့မလား"

"နေ့လယ်စာစားပြီးမှ သွားမယ်"

"ကောင်းတယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

"သူတို့ရုပ်ရှင်ကားတွေ အားလုံးအတွက် ခြောက်သန်းလိုချင်တယ်လို့ တောင်းတယ်၊ ကျုပ်က လက်လှန်ပစ်မလို့" ဟု ဂျက်က ပြောသည်။

"လုပ်လေ"

ဂျက်က ကျွန်တော့်ကို လှမ်းကြည့်နေသည်။

"ဆမ်ဘင်ဂျမင်ကတော့ သဘောကျမှာမဟုတ်ဘူး၊ မောင်ရင်ဆိုရင် အဲဒါတွေကို ထိန်းသေဝယ်မှာပဲလို့ သူတွက်ထားတယ်"

"ဘာကြောင့် ဒီလိုတွက်ထားတယ်ဆိုတာ ကျွန်တော်တော့ မသိဘူး၊ ဒီကိစ္စနဲ့ပတ်သက်လို့ သူနဲ့တစ်ခါမှ ကျွန်တော် စကားမပြောဖူးဘူး"

"စတူဒီယိုမှာ မောင်ရင်တို့နှစ်ယောက် တွေ့ကြတုန်းက မောင်ရင်က ယူမလိုလို ပြောခဲ့တယ်တဲ့၊ အခုတော့ သူ့အနေနဲ့ ငွေကို အသေရရ အရှင်ရရ ရဖို့ပဲ အရေးကြီးနေပြီ" ဟု ဂျက်က စီးကရက်မီးညှိရင်း ပြောသည်။

"ဒါက သူ့ပြဿနာပဲဗျာ"

"ဒင်ရစ်ချ်က ကျုပ်ကိုပြောတယ်၊ သူ့ရှေ့နေတွေက အားလုံးကို လေ့လာနေတယ်တဲ့၊ ကျုပ်တို့က ဆမ်ရဲ့ရုပ်ရှင်ကားတွေကို မဝယ်ရင် ကျုပ်တို့ကို သူတို့က တရားစွဲမယ်တဲ့"

"မစွဲပါဘူးဗျာ"

"မောင်ရင်က ဘာဖြစ်လို့ သေချာပေါက် ပြောနိုင်တာလဲ"

"စဉ်းစားကြည့်လေဗျာ၊ ဆမ်အနေနဲ့ သူ့မှာ ငွေကြေးသိပ်ကျပ်တည်းနေကြောင်း ဆက်ဖော်ဝန်ခံလို့ မဖြစ်ဘူးလေ၊ သူ့အခြေအနေ သိပ်ဆိုးနေမှန်းသိရင် ကြွေးရှင်တွေက ဆော်မှာမဟုတ်လား" ဟုပြောရင်း ကျွန်တော်က ထိုင်ရာမှထ,သည်။

"တချို့ကားတွေကတော့ ဒါလောက်မဆိုးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ဒီလုပ်ငန်းကြီးရဲ့ ဥက္ကဋ္ဌနော်၊ ခင်ဗျားဝယ်ချင်ဝယ် မဝယ်ချင်... ခင်ဗျားကြိုက်တာလုပ်၊ ဒါပေမယ့် ခင်ဗျားစိတ်ကိုတော့ ခိုင်မာပြတ်သားအောင် ဆုံးဖြတ်... ဒါဟာ ခင်ဗျားအလုပ်ပဲ"

သူ ခဏစဉ်းစားနေပြီးမှ "ကောင်းပြီလေ" ဟုပြောကာ တံခါးပေါက်ဆီသို့ ... သွားသည်။

အင်တာကွမ်း မြည်လာသည်။

"မစ္စဒါလင် လိုင်းနံပါတ်လေးကနေ ဖုန်းဆက်နေပါတယ်ရှင်"

ကျွန်တော် ဖုန်းကောက်ကိုင်လိုက်သည်။

"ဟယ်လို. . . ဒါလင်"

"နေ့လယ်စာ ဘယ်လိုစားမှာလဲ၊ ကျွန်မ အရမ်းဆာနေပြီ"

"ဆောရီးကွာ၊ ကိုယ့်မှာ ချိန်းထားတာရှိနေလို့"

"လုပ်ငန်းကိစ္စလား၊ အပျော်ကိစ္စလား"

"အပျော်ကိစ္စ"

"တခြားကောင်မတစ်ကောင်နဲ့ အတူသွားလို့များတော့ ရှင့်ကို ကျွန်မသတ်... ဟု ဒေါသသံနှင့် ပြောသည်။

"ကိပ်အန်းက ကိုယ့်အဒေါ် လာလို့ပါကွာ"

"ဟုတ်လား၊ သူ့ကို လေးရာသီဟိုတယ် ခေါ်သွားမှာမဟုတ်လား" ဟု မာရီ... ဒါလင်က ငေါ့တော့တော့မေးသည်။

"သိပ်မှန်တာပေါ့၊ မင်း ဘယ်လိုလုပ်သိသလဲ"

"တော့်ကိုမုန်းတယ်" ဟုပြောပြီး ဖုန်းပစ်ချသွားသည်။

❑

လေးရာသီဟိုတယ်ရှိ ရေကူးကန်ဘေးမှ စားပွဲမှာ ကျွန်တော်ထိုင်နေသည်။ အ... ပရွးဒင့် နောက်ကျနေသည်။ သည်မြို့ကိုရောက်တိုင်း သူ့အလုပ်များတတ်ကြောင်း ကျွန်တော်... ကြိုတင်သတိရဖို့ ကောင်းသည်။

ကျွန်တော်တစ်ယောက်တည်း အရက်ထိုင်သောက်ရင်း အဒေါ်ရောက်လာ... အချိန်ကို စောင့်နေရသည်။ စတုတ္ထမြောက်ခွက်မှာ မျက်လုံးပြလိုက်သလို ရောက်လာသည်... သည်နှုန်းနှင့် သောက်နေလို့ကတော့ အဒေါ်ရောက်လာသည့် အချိန်တွင် ဇက်ကျိုးနေ... တော့မည်။

အဒေါ်ဝင်လာမည့် အပေါက်ဝဆီသို့သာ ကျွန်တော် ငေးမျှော်ကြည့်နေမိသည်... ထိုအခိုက် တစ်စုံတစ်ယောက်က ကျွန်တော့်ပခုံးကို လာတို့သည်။ ကျွန်တော် လှည့်ကြည့်... သည်။

"တော့်ကို တော့်ကောင်မက ဒုက္ခပေးထားပြီမဟုတ်လား" ဟု မာရီယန်းဒါလင်က... မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာမှပြန်မဖြေနိုင်မီမှာပင် သုတ်ခနဲ ထွက်သွားသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းမှ စားပွဲတစ်လုံးမှာ သူဝင်ထိုင်သည်။ စားပွဲထိုးကို သူအရက်မှာနေသည်။

ကျွန်တော်က သူ့ကိုပြုံးပြသည်။ သူက ကျွန်တော့်ကို လှျာပြန်ထုတ်ပြသည်။

"အဲဒီကလေးမလေးက မင်းအသိလား"

ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော အဒေါ်ပရှူးဒင့်က မေးသည်။ ကျွန်တော် ဖြုန်းခနဲ ထရပ်လိုက်မိသည်။

"အသိပဲဆိုပါတော့" ဟုပြောရင်း အဒေါ့်ပါးကိုနမ်းပြီး နှုတ်ဆက်လိုက်ရသည်။

စားပွဲထိုးကလေးက အဒေါ့်အတွက် ကုလားထိုင်ထိုးပေးသည်။ အဲဒေါ်က မာတီနီမှာသည်။ ပြီးတော့မှ ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"အဲဒီကလေးမလေး သိပ်ချောတာပဲ၊ ဒါပေမယ့် သူ့ဆံပင်ကို ဆေးဆိုးထားတယ်၊ နှာခေါင်းကိုလည်း ပြင်ထားတယ်" ဟု ပြောသည်။

"အဒေါ် ဘယ်လိုလုပ် ပြောနိုင်သလဲ" ဟု ကျွန်တော်က အဒေါ့်ကိုပြန်ကြည့်ရင်း မေးသည်။

"ဆံပင်ဆိုးထားတာကတော့ ပြောရတာ လွယ်ပါတယ်၊ လောကကြီးမှာ သဘာဝအတိုင်း ဒါလောက်နှာတံလှတဲ့လူ ဘယ်ရှိနိုင်မှာလဲ"

ကျွန်တော် ပြုံးမိသည်။ အဒေါ်ပရှူးဒင့်ကတော့ လောကကြီးတွင် သူမသိတာ ဘာမှမရှိဟု ထင်ရသည်။ သူ့အသက် ခုနှစ်ဆယ်နား ကပ်နေပြီ။ သို့သော် အရာရာကို မြင်တတ်တုန်းပင် ဖြစ်သည်။

"မင်းအတွက် အစစအရာရာ အဆင်ပြေရဲ့လား" ဟု မေးသည်။

"ပြေပါတယ်၊ ဘာဖြစ်လို့မေးတာလဲ"

"စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီမှာ ဥက္ကဋ္ဌသစ်ခန့်လိုက်တဲ့အကြောင်း သတင်းစာတွေထဲမှာ ဖတ်လိုက်ရလို့ မင်းများ အလုပ်ပြုတ်သွားပြီလားလို့"

"ဟား. . . ဟား. . . အဲဒီလိုမဟုတ်ပါဘူး။ ကျွန်တော်က ကုမ္ပဏီကြီးတစ်ခုလုံးရဲ့ ဥက္ကဋ္ဌဆိုတော့ အလုပ်တွေက သိပ်များတယ်၊ ဒါကြောင့် ရုပ်မြင်သံကြားဌာနခွဲရဲ့ ဥက္ကဋ္ဌသစ်တစ်ယောက်ခန့်ပြီး သူ့ကို တာဝန်တွေ ခွဲဝေပေးလိုက်တာပါ"

"ဒီလိုဆိုရင်တော့ ကောင်းပါလေ့ကွယ်၊ မင်း ထိပ်ကိုရောက်လာတဲ့အတွက် ဝမ်းသာပါတယ်၊ မင်း အလုပ်တွေ သိပ်လုပ်နေတယ်ထင်တယ်"

"ဒါလောက်လည်း မဟုတ်ပါဘူး အဒေါ်"

"မင်း သိပ်ပိန်တယ်"

"အဒေါ့်ကို စောင့်နေရတာနဲ့ ပိန်သွားတာပါ အဒေါ်၊ ဟား. . . ဟား. . ."

ကျွန်တော်ရယ်လိုက်သော်လည်း အဒေါ်ကမရယ်။ မာတီနီကို တစ်ကျိုက်သောက်လိုက်ပြီး ကျွန်တော့်ကို မော့ကြည့်ပြန်သည်။

"မင်း အိမ်ထောင်ပြုဖို့ကောင်းတယ်၊ ဘာကြောင့် အချိန်ဆွဲနေတာလဲ၊ မင်းအသက် ငယ်တော့ဘူး၊ သိတယ်မဟုတ်လား"

"ကျွန်တော်က စစ်မှန်တဲ့ဇနီးလောင်းရဖို့ စောင့်နေတာပါ၊ အဒေါ့်လို အရည်အချင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ မိန်းကလေးမျိုးကိုမှ လိုချင်တာ"

"ခေါက်ထားစမ်း"

အဒေါ်ပဍ္ဍုဒင့်က ခပ်ဆတ်ဆတ် ပြန်ပြောသည်။

စားပွဲထိုး ရောက်လာသည်။ ကျွန်တော့်ကို စာရွက်ခေါက်ကလေးတစ်ခု ပေးသည်။

"ဟိုအမျိုးသမီးက ပေးခိုင်းလိုက်တာပါခင်ဗျာ" ဟု ပြောသည်။

စာတိုကလေးကို ကျွန်တော် ဖတ်ကြည့်သည်။

"ဒီနေ့ညစာ အတူစားမလား၊ စိတ်မဆိုးရင်ပေါ့လေ" ဟု ရေးထားသည်။ ကျွန်တော်က ပြန်စာတိုကလေးရေးပြီး စားပွဲထိုးနှင့် ပြန်ပေးလိုက်သည်။

"ဟိုသူငယ်မလေးကို နေ့လယ်စာအတူတူစားဖို့ ဖိတ်လိုက်ရင် မကောင်းဘူးလား" ဟု အဒေါ်ကမေးသည်။

"ကျွန်တော်သာဖိတ်ချင်ရင် အဒေါ် ဒီကိုရောက်တဲ့အချိန်ကတည်းက ဒီစားပွဲမှာ သူရောက်နေရောပေါ့ အဒေါ်ရယ်"

"ငါ့အတွက် နောက်ထပ်မာတီနီတစ်ခွက် ထပ်မှာစမ်း။ မင်း ငါ့ကို ဒီလိုမပြောနဲ့ ဘူး" ဟု မျက်နှာထားကြီးနှင့် ပြောသည်။

"ကောင်းပါပြီအဒေါ်၊ ကျွန်တော် သွားဖိတ်လိုက်ပါ့မယ်"

ကျွန်တော် ထိုင်ရာမှထသည်။ သို့သော်လည်း မာရီယန်းဒါလင်သည် သူ့စားပွဲမှာ မရှိတော့ချေ။

"တွေ့တယ်မဟုတ်လား၊ မင်း ဘာလုပ်လိုက်တယ်ဆိုတာ နားလည်တယ် မဟုတ်လား။ သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နေ့လယ်စာစားပွဲကို မင်း ဖျက်ဆီးလိုက်ပြီ၊ သူ့ကို မင်းမောင်းထုတ်လိုက်ပြီ၊ ဘယ်လောက် သနားစရာကောင်းသလဲ"

အဒေါ်ပဍ္ဍုဒင့်ကို ကျွန်တော် ငေးကြည့်နေမိသည်။

"စတီဖင် . . . မင်းဟာ ငယ်ငယ်က အကျင့်တွေ အခုအထိ မဖျောက်သေးဘူး ဟိုတုန်းကလို ရိုင်းစိုင်းတုန်းပဲ"

ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်မှာ ပြန်ထိုင်ချသည်။ စားပွဲထိုးကို လှမ်းခေါ်သည်။

"ဝီစကီထပ်ပေးကွာ၊ ဒီတစ်ခါတော့ နှစ်ခွက်ပူးသာ ယူခဲ့ပေတော့" ဟု ပြောလိုက်ရတော့သည်။ အရက်မူးအောင်သောက်ဖို့မှတစ်ပါး အခြားနည်းလမ်း မရှိတော့ပါ။

"သူနဲ့ မင်း ချစ်နေကြသလား" ဟု အဒေါ်ကမေးသည်။

"ဘယ်သူလဲ"

"မင်း မောင်းထုတ်ပစ်လိုက်တဲ့ သူငယ်မလေးလေ"

"ကျွန်တော်နဲ့ စကားပြောတဲ့ မိန်းကလေးတိုင်းဟာ ကျွန်တော့်ရည်းစားပဲလို့ အဒေါ်က ထင်နေတော့တာပဲနော်၊ ပြီးတော့ သူ့ကို ကျွန်တော် မောင်းထုတ်ပစ်လိုက်တာလည်း မဟုတ်ပါဘူး အဒေါ်"

"မင်းအကြောင်းတွေ ငါသိနေပါတယ် စတီဖင်ရယ်၊ သတင်းစာတွေထဲမှာ အမြဲတမ်း ဖတ်နေရတာပါ"

ကျွန်တော် ဘာမှပြန်မပြောမိ။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်မလေးကို မင်း သဘောကျနေတယ်"

ကျွန်တော်က ဖန်ခွက်နှင့် မျက်နှာကို ကွယ်ထားမိသည်။

"စတီဖင်"

"ဟုတ်ကဲ့"

"မင်း သူ့ကို သဘောကျတယ်ဆိုရင်. . . တကယ် သဘောကျတယ်ဆိုရင် ဖြစ်ပြီးခဲ့တာတွေကို ပြန်စဉ်းစားမနေနဲ့၊ ကြောက်လည်း ကြောက်မနေနဲ့" ဟုပြောသည်။ သူ့လေသံမှာ အလွန်တရာ နူးညံ့နေသည်။

❑

ကျွန်တော့်ရုံးမှ ဂျက်ပြန်သွားသောအချိန်မှာ ညဆယ့်တစ်နာရီ ထိုးနေလေပြီ။ အစ်နေ့ခင်းလုံး သူအလုပ်များနေသည်။ ကျွန်တော့်ဆီရောက်လာတော့ စာရွက်စာတမ်း တစ်ဆပ်ကြီးနှင့် ဖြစ်သည်။

"တစ်ညနေလုံး အိန်ဂျယ်နဲ့ဖုန်းဆက်ပြီး အစီအစဉ်တွေ လုပ်နေတယ်၊ ဒီသူငယ်က ဂီတအကြောင်း သေသေချာချာသိတယ်၊ ဒါကြောင့် သင့်လျော်မယ့် တေးဂီတအစီအစဉ်တွေ လုပ်ဖို့ ပြောလိုက်တယ်"

"ကောင်းပါတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

သူက စာရွက်စာတမ်းများကို စုသိမ်းသည်။

"ဓာတ်ပြားကုမ္ပဏီတစ်ခုခုနဲ့ အဆက်အသွယ်ရဖို့လည်း ကြိုးစားနေတယ်၊ ဒါမှပဲ ဆိုယ့်စိတ်တိုင်းကျ လုပ်နိုင်မှာမဟုတ်လား"

"ဒီအကြောင်းလည်း ကျုပ် စဉ်းစားမိပါတယ်၊ ဒါပေမယ့် လူရှာလို့မရသေးဘူး"

"ဘော့အင်ဒရူးဆိုရင် ဘယ်လိုနေမလဲ"

သူ အံ့အားသင့်သွားသည်။

"ဒီလူဆိုရင်တော့ အကောင်းဆုံးပေါ့၊ ဒါပေမယ့် ရနိုင်ပါ့မလား"

"ခင်ဗျား ဆွေးနွေးကြည့်လေ၊ မနက်ဖြန်မနက် ခင်ဗျားဆီကို ဖုန်းဆက်ခိုင်းလိုက်မယ်"

"သူ စိတ်ဝင်စားပါ့မလား၊ သူဟာ အအောင်မြင်ဆုံး လူတစ်ယောက်ပဲ"

"စိတ်ဝင်စားပါလိမ့်မယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ကျွန်တော့်ကို သူ ချဉ်းကပ်ဖူးတယ်၊ ဓာတ်ပြားကုမ္ပဏီတစ်ခုပါ တွဲလုပ်ဖို့ပေါ့လေ၊ သူ အားလုံးတာဝန်ယူမယ်လို့ ပြောဖူးတယ်"

"ဒါဆိုရင် ကောင်းတာပေါ့၊ ကဲ. . . ကျုပ် သိပ်ပင်ပန်းနေပြီ၊ ဟိုတယ်ပြန်ပြီး အိပ်တော့မယ်"

သူထွက်သွားသည့် အချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ ကျွန်တော် မကိုင်မိ။ ဆက်မြည်နေသည်။ သည်တော့မှပင် ဖော်ဂါတီ ပြန်သွားပြီဖြစ်ကြောင်း သတိရကာကောက်ကိုင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"စတီဖင်. . ." ဟု ခေါ်သံကြားရသည်။ သီချင်းသံများကိုလည်း ဆူညံစွာ ကြားနေရသည်။

"ပြော ဒါလင်"

"ကျွန်မကို ဘာဖြစ်လို့ ညစာလိုက်မကျွေးတာလဲ"

"ကိုယ် အလုပ်တွေ များနေလို့ပါကွာ"

"ရှင့်ကို ကျွန်မ စောင့်နေတယ်၊ တစ်ယောက်တည်း ဒုက္ခရောက်လိုက်တာ အရမ်းပဲ၊ ကျွန်မ တစ်ညနေလုံး ငိုနေတယ်၊ မတတ်သာလို့ အပြင်ထွက်ခဲ့ရတာ"

"ဖုန်းထဲမှာ သီချင်းသံတွေ ကြားနေရတယ်၊ မင်းတို့ ဟန်ကျနေပုံရသားပဲ"

"ကျွန်မကို လာခေါ်မလား စတီဖင်"

ကျွန်တော် တွံ့ဆိုင်းဆိုင်း လုပ်နေသေးသည်။ ပြီးမှ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ လိပ်စာပေး"

□

(၂၈) လမ်းမှာရှိသော အဆောက်အအုံတစ်ခုပေါ်သို့ ကျွန်တော် တက်ခဲ့သည်။ လှေကားများက ရှေးဟောင်းပစ္စည်းများလားဟု ထင်ရလောက်အောင် ဟောင်းနွမ်းလှသည်။

ဆူညံသည့် သီချင်းသံများကို ကြားနေရသည်။ လူငယ်ပေါင်းများစွာတို့သည် တစ်လိုက်ဆင်းလိုက်နှင့် ခြေချင်းလိမ်နေကြသည်။ အခန်းတစ်ခု၏ အပေါက်ဝရောက်တော့ လူငယ်တစ်ယောက် ရပ်နေသည်။

"ခင်ဗျားနောက်ကျနေပြီ၊ ဝင်ခ ငါးဒေါ်လာပေးရမယ်" ဟု ပြောသည်။

ကျွန်တော်က ငါးဒေါ်လာထုတ်ပေးသည်၊ သူက ကောက်ကွေးနေသော တုတ်ချောင်းကလေးတစ်ချောင်း ပေးသည်။ အခန်းထဲသို့ ကျွန်တော် ဝင်လိုက်သည်။

အခန်းထဲမှာ မြည်ဟည်းနေသည့် သီချင်းသံများသည် နားကွဲမတတ် ဖြစ်နေသည်။ လူငယ်ပေါင်းများစွာ ကျပ်ကျပ်ခဲနေသည်။ အားလုံး ရှုးရှူးမှူးမှူး ဖြစ်နေကြသည်။ သံသေးသံကြောင်မျိုးစုံဖြင့် အော်ဟစ်နေကြသည်။

အခန်းလယ်တွင် စားပွဲတစ်လုံးရှိသည်။ ထိုစားပွဲပေါ်တွင် အမျိုးသမီးတစ်ယောက် တွန့်လိမ်ပြီး က,နေသည်။

ကျွန်တော်ရှိနေသည့်ဘက်သို့ သူ မျက်နှာမူလာသည်။

ကျွန်တော် နှလုံးသွေးရပ်မတတ် ဖြစ်သွားသည်။

မာရီယန်းဒါလင် ဖြစ်နေသည်။

ကျွန်တော် နောက်ကြောင်းပြန်လှည့်ပြီး တစ်ချိုးတည်း ပြေးဆင်းလာခဲ့မိလေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"မစ္စတာ ဆမ်ဘင်ဂျမင် တယ်လီဖုန်းဆက်နေပါတယ်ရှင်" ဟု ဖော်ဂါတီက ပြောသည်။

ခလုတ်ကို ကျွန်တော် နှိပ်လိုက်သည်။

"ဟယ်လို. . . ဆမ်"

"မင်း ငါ့ကို ဘာဖြစ်လို့ မုန်းနေတာလဲ စတီဖင်" ဟု သူက တန်းမေးသည်။ အပြစ်တင်သည့်လေသံ ပါနေသည်။

"ဟား. . . ဟား. . . ဘာဖြစ်လို့ အဲဒီလိုထင်တာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။

"ဂျက်ဆာဗစ်ကို ငါနဲ့ မင်းဆိုင်ပေးတယ်၊ ဒီကောင်နဲ့ ငါ ဘယ်လိုမှ အပေါက်အလမ်း မတည့်ဘူးဆိုတာ မင်းအသိသားနဲ့"

"ကျွန်တော်က ဆိုင်ပေးတာ မဟုတ်ရပါဘူးဗျာ၊ ဒါက သူ့အလုပ်ပဲ၊ စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီမှာ သူ ဥက္ကဋ္ဌဖြစ်သွားပြီလေဗျာ"

"ဒီလိုဆိုရင် မင်းနဲ့ငါ မိတ်ဆွေရင်းချာတွေ ဖြစ်တယ်ဆိုတာ ဘယ်သွားထားမလဲ၊ အမြဲတမ်း မင်းနဲ့ငါ တိုက်ရိုက်အလုပ်လုပ်ခဲ့ကြတာပဲ၊ မျက်နှာချင်းဆိုင် အလုပ်လုပ်ခဲ့ကြတာပဲ၊ အခုမှ ဘာဖြစ်လို့ မလုပ်နိုင်ရတော့တာလဲ"

"ဒီအလုပ်ဟာ ကျွန်တော့်အလုပ် မဟုတ်တော့ဘူး ဆမ်၊ သူ့ကိုကျော်ပြီး လုပ်စေချင်လို့လား" ဟု ကျွန်တော်က ပြန်မေးသည်။

"မိတ်ဆွေအရင်းတွေပဲကွ၊ လုပ်ရမှာပေါ့" ဟု သူက လေသံပြတ်ပြတ်ဖြင့် ပြောသည်။

"ကျွန်တော် ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး ဆမ်၊ ဒီလိုစည်းကျော်တာမျိုး ကျွန်တော် ဘယ်တော့မှမလုပ်ဘူး"

သူ ခဏကြာအောင် တိတ်သွားသည်။

"ကောင်းပြီလေ၊ ဒါဟာ မင်းကို ညစာလာစားပါလို့ဖိတ်ရင် ငြင်းမယ်ဆိုတဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com


မျိုးလား"

"သိချင်ရင် ဖိတ်ကြည့်လေဗျာ"

"ဒါဖြင့် ဒီညလာစားကွာ၊ ဟိုတုန်းကလိုပဲ ပျော်ပျော်ပါးပါး စားကြတာပေါ့၊ ဂျူနီယာလည်း ကျောင်းပိတ်လို့ ပြန်ရောက်နေတယ်၊ မီရီယမ်ကပါ တို့ဂုဏ်ရှိသွားအောင် ညစာ လာစားပေးမယ်တဲ့၊ မင်းကြိုက်တတ်တဲ့ ဂျူးဟင်းတွေပါ ဒင်းနိစ်ကို ချက်ခိုင်းထားလိုက်မယ်"

"သိပ်ဒုက္ခရှာမနေပါနဲ့ဗျာ၊ ကြုံတာနဲ့စားတာပေါ့၊ လိပ်စာသာပေး"

"ပဥ္စမရိပ်သာ၊ အမှတ်ခုနှစ်ရာ"

ဆမ်ဘင်ဂျင်မင်သည် ထိပ်ဆုံးသို့ ရောက်နေပေပြီ။ သူမွေးဖွားကြီးပြင်းခဲ့သည့် အရှေ့ဘရွန့်ဇ်ရပ်ကွက်နှင့် နှိုင်းယှဉ်လျှင် ပဥ္စမရိပ်သာသည် နတ်ဘုံနတ်နန်းဖြစ်ပါသည်။ သည်အတိုင်းဆိုလျှင်တော့ သူ အကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေရသည်ဆိုခြင်းမှာ ဟုတ်မှန်ချင်မှ ဟုတ်မှန်ပေလိမ့်မည်။

သူ့ဘဝဟောင်းသို့သာ သူပြန်ရောက်သွားမည်ဆိုလျှင် သူ့ခမျာ အသည်းကွဲရှာပေလိမ့်မည်။

အင်တာတွမ်းမှ အသံမြည်လာသည်။

"မစ္စတာ ဂျက်ဆာဗစ်နဲ့ မစ္စတာ ဘော့အင်ဒရူးတို့ ရောက်နေကြပါတယ်ရှင်"

"အထဲလွှတ်လိုက်ပါ"

ဇော်ဂါတီက အခန်းတံခါး ဖွင့်ပေးသည်။ သူတို့နှစ်ယောက် ဝင်လာသည်။ ကျွန်တော်တို့ချင်း လက်ဆွဲနှုတ်ဆက်ပြီးသည့် အချိန်မှာပင် ဇော်ဂါတီက ကော်ဖီများ ယူလာပေးသည်။

"ခင်ဗျားနဲ့ ဂျက်နဲ့ တွေ့မိသွားကြပြီကိုး၊ ကျုပ်တို့စီတ်ကူးကို ဘယ်လိုသဘောရသလဲ" ဟု ကျွန်တော်က မေးသည်။

"ဒီလိုအခွင့်အရေးမျိုးရဖို့ ကျွန်တော်စောင့်နေတာ ကြာပြီဗျာ" ဟု အင်ဒရူးက ပြောသည်။

"ဝမ်းသာပါတယ်ဗျာ၊ ခါတ်ပြားလုပ်ငန်းနဲ့ ပတ်သက်ပြီး ဂျက်က ခင်ဗျားကို ရှင်းပြပြီးပြီမဟုတ်လား"

"သဘောလောက်ပဲ ပြောပါတယ်၊ အသေးစိတ်ကိုတော့ ခင်ဗျား ရှင်းပြလိမ့်မယ်လို့ ပြောပါတယ်"

"ရိုးရိုးလေးပါဗျာ၊ ကျွန်တော်တို့မှာ အသံလွှင့်ရုံရှိတယ်၊ ရုပ်မြင်သံကြားရှိတယ်၊ ခါတ်ပြားကုမ္ပဏီ အခုလုပ်မယ်၊ အားလုံး သီးခြားဌာနတွေဖြစ်တယ်၊ ခင်ဗျားက ခါတ်ပြားကုမ္ပဏီရဲ့ အကြီးအကဲအဖြစ် တာဝန်ယူဖို့ပါပဲ၊ ကိုယ်တာဝန်ယူရတဲ့ဌာန အောင်မြင်အောင် အကြီးအကဲတိုင်းမှာ တာဝန်ရှိတယ်၊ ကိုယ့်လုပ်ငန်းကို ကိုယ်လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိတယ်"

"မယုံနိုင်လောက်အောင်ပါပဲဗျာ၊ တစ်ထိုင်တည်းနဲ့ ကျွန်တော် အာဏာတွေ အများကြီး ရသွားတော့တာကိုး"

"လွန်ခဲ့တဲ့ သုံးလေးလတုန်းက ဆင်ဘောလစ် ခါတ်ပြားကုမ္ပဏီက ဂျိုးရီဂင်က ကျွန်တော်နဲ့ အဆက်အသွယ်လုပ်တယ်၊ သူတို့ကုမ္ပဏီကို ရောင်းချင်ကြောင်း ပြောတယ်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာအောင် သူ စဉ်းစားနေသည်။

"ကုမ္ပဏီကတော့ မဆိုးပါဘူး။ သူတို့ဓာတ်ပြားတွေ ရောင်းခဲ့ရဖူးတယ်၊ နာမည်ကြီးတယ်၊ ဓာတ်ပြားဟောင်း အတော်များများလည်း သူတို့မှာရှိနေတယ်"

"ဒီလိုဆိုရင် မကောင်းတာက ဘာလဲ" ဟု ကျွန်တော်က မေးသည်။

"အုပ်ချုပ်ရေးအဖွဲ့ပဲ၊ သူတို့ အုပ်ချုပ်ရေးအဖွဲ့ သိပ်ညံ့တယ်၊ ဒါကြောင့် သူတို့ကုမ္ပဏီ အရှုံးပေါ်နေတာ၊ အခုတော့ အကြွေးတွေလည်း ပတ်လည်ဝိုင်းနေပြီလေ"

"ကြွေးဘယ်လောက်ရှိတယ်လို့ ကြားဖူးသလဲ"

"နှစ်သန်းနဲ့ သုံးသန်းကြားလောက်မှာ ရှိတယ်လို့ကြားတယ်၊ ဒါကြောင့် သူတို့ မလှုပ်နိုင်အောင် ဖြစ်နေတာ"

"အဲဒီလောက်ပေးပြီး ဝယ်ဖို့ရော တန်ပါ့မလား"

"တန်ပါတယ်၊ နာမည်ကြီး ကုမ္ပဏီပဲ၊ အုပ်ချုပ်ရေးအဖွဲ့ကိုပြင်လိုက်ရင် အားလုံး ကောင်းသွားမှာပါ"

လော့စ်အိန်ဂျလိစ်မြို့တွင် ရှိနေသည့် ဆင်ဘောလစ် ဓာတ်ပြားကုမ္ပဏီမှ ဂျိုးရိုင်ကို ဖုန်းဆက်ပေးရန် ဖော်ဂါတီအား ကျွန်တော်ပြောလိုက်သည်။

အစီအစဉ်များကို ကျွန်တော်တို့ ဆက်ပြောနေကြသည်။ အတော်ကလေးကြာသွားတော့ ဂျိုးရိုင်နှင့် အဆက်အသွယ် ရပြီဖြစ်ကြောင်း ဖော်ဂါတီက ပြောသည်။ တယ်လီဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်သည်။

"နေကောင်းရဲ့လား ဂျိုး"

"ကောင်းတယ်လည်း မဟုတ်ပါဘူး စတီဗင်၊ ခင်ဗျားရော"

သူ့ရုံးခန်းထဲတွင် လူတွေများသဖြင့် အများပြောဖုန်းခုံထဲမှ ပြန်ဆက်နေဟန်တူသည်။ ပွဲတင်သံကို ကျွန်တော် ကြားနေရသည်။

"ကောင်းပါတယ်၊ ခင်ဗျားတို့ကုမ္ပဏီ ရောင်းဖို့ကိစ္စ အလျင်သုံးလေးလလောက်က ကျွန်တော့်ကို ခင်ဗျားပြောဖူးတယ် မဟုတ်လား၊ အခြေအနေ ဘာများ ထပ်ထူးသေးသလဲ သိချင်လို့"

"သိပ်မထူးပါဘူး စတီဗင်၊ နှစ်ဦးလောက်သာ ကမ်းလှမ်းတာရှိတယ်၊ ဒါပေမယ့် ကျွန်တော်တို့နဲ့ တွဲလုပ်လို့ရနိုင်တဲ့ လူမျိုးတွေမဟုတ်ဘူး ဒီတော့ ဖြစ်သလိုပဲ ဆက်လုပ်နေရတုန်းပဲ"

"ကျွန်တော်နဲ့ ဆွေးနွေးဖို့ စိတ်ဝင်စားတုန်းပဲလား"

"မဆိုးပါဘူး၊ ဘယ်တော့လောက် ဆွေးနွေးချင်သလဲ" ဟု သူက ခပ်ဆာဆာလုပ်နေပြီးမှ မေးသည်။

"မနက်ဖြန် ကျွန်တော် လော့စ်အိန်ဂျလိစ်ကို ပြန်လာခဲ့မယ်၊ ကျွန်တော့်စတူဒီယိုကို လာပြီး နေ့လယ်စာစားပါလား"

"ဆယ့်နှစ်နာရီခွဲဆိုရင် အဆင်ပြေမလား"

"ကောင်းတယ်" ဟုပြောပြီး ကျွန်တော် ဖုန်းပြန်ချလိုက်သည်။ ပြီးတော့မှ ဂျတ်နှင့် အင်ဒရူးဘက်သို့ လှည့်သည်။

"ခင်ဗျားတို့ ကြားတဲ့အတိုင်းပဲ၊ မနက်ဖြန် သူနဲ့ တွေ့မယ်၊ ထူးခြားရင်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားမယ်" ဟုပြောရင်း ကျွန်တော် ထိုင်ရာမှ ထ,လိုက်သည်။

ရုံးခန်းထဲမှ သူတို့နှစ်ယောက်ထွက်သွားပြီး ဖော်ဂါတီဝင်လာသည်။

"ရှင်တို့ ဒီမှာစကားပြောနေတုန်း မစ္စဒါလင် ဖုန်းဆက်တာ နှစ်ခါရှိသွားပြီ၊ ဒီတစ်ခါ ဆက်ရင် ကျွန်မ လိုင်းပြောင်းပေးလိုက်ရမလား"

"မပေးနဲ့"

ထိုသို့ပြောပြီးမှ သူ့ကို ကျွန်တော်ပြန်ခေါ်သည်။

"ဟုတ်ကဲ့မစ္စတာဂေါက်"

"မစ္စဒါလင် ဖုန်းထပ်ဆက်ဦးမှာပဲ၊ ဆက်ရင် ကိုယ်က သူနဲ့ စကားမပြောချင်ဘူးလို့ ပြောလိုက်ပါ"

ဖော်ဂါတီ ငြိမ်သွားသည်။

"အဲဒီလိုကြီး ပြောရမှာလား"

"အဲဒီလိုကြီးကို ပြောလိုက်"

□

"စတီဖင် မတွေ့ကြရတာ ကြာလှပြီ" ဟု ဒင်းနီစ်က ကျွန်တော့်ကို တံခါးဖွင့်ပေးရင်း ပြောသည်။

ကျွန်တော်ယူလာသည့် နှင်းဆီပန်းများကို သူ့ကိုပေးလိုက်သည်။ ပြီးတော့ သူ့ပါးကို နမ်းပြီး နှုတ်ဆက်သည်။

"ဟုတ်တယ်၊ ကြာလှပြီ၊ ဒါပေမယ့် ခင်ဗျား အလျှင်တုန်းကထက် အသက်ပိုငယ် သွားတယ်လို့ ထင်ရတယ်"

"ကျေးဇူးတင်ပါတယ်၊ ရှင်နဲ့ ဘာကြောင့် အမြဲတမ်း တွေ့ချင်နေတယ်ဆိုတာ အခုမှပဲ ကျွန်မ သဘောပေါက်တော့တယ်၊ ကျွန်မ စိတ်ကြီးဝင်အောင် ရှင် တတ်နိုင်လို့ပဲ ဟဲ. . . ဟဲ" ဟု ပြောရင်းရယ်သည်။

ဧည့်ခန်းတွင်းသို့ သူ့နောက်မှ ကျွန်တော် လိုက်ဝင်သွားသည်။ အပြင်ကပန်းခြံမှာ ဆီးနှင်းများ ဖုံးအုပ်နေကြောင်း ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသည်။ ခပ်ဝေးဝေးမှ မော်တော်ကားသံများကို ခပ်သဲ့သဲ့ကြားရသည်။

"ကြိုက်တာသာ ထည့်သောက်နော်၊ ဆမ် ရေချိုးနေတယ်၊ အခု ပြီးတော့မှာပါ"

အိမ်ဖော်က ကျွန်တော့်အတွက် အရက်လာထည့်ပေးသည်။ အိမ်ကို ကျွန်တော် မျက်စိကစားကြည့်သည်။

အခန်းထဲသို့ ဂျူနီယာ ဝင်လာသည်။ သူ့အရပ်ကြီး မြင့်လှသည်။ ရှည်လျားသည့် ဆံပင်များဖြင့် သူ့ကိုကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်။ ကျွန်တော့်ဆီတန်းလာပြီး နှုတ်ဆက် သည်။

"အန်ကယ်စတီဖင်"

လက်ဆွဲနှုတ်ဆက်ရင်း ကျွန်တော်က သူ့ကို ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂျူနီယာ. . . ငါကပဲ အရပ်နိမ့်သွားတာလား၊ မင်းကပဲ အရပ်မြင့်လာတာလား မပြောတတ်တော့ပါဘူးကွာ၊ တို့ မတွေ့ဖြစ်ကြတာ သုံးနှစ်တောင်ရှိသွားပြီ"

"ဟုတ်ပါတယ်၊ ကျွန်တော့်ရှင်ပြုပွဲတုန်းက နောက်ဆုံးတွေ့လိုက်ရတာပါပဲ"

ထိုသို့ပြောနေခိုက်မှာပင် ဆမ် ဝင်လာသည်။

"မင်း သဘောကျရဲ့လားဟေ့" ဟုပြောရင်း အခန်းကို လက်ဝှေ့ယမ်းပြသည်။

"ကောင်းပါ့ဗျာ"

"မီရီယမ်ဘယ်မှာလဲ" ဟု ဆမ်က ဒင်းနိစ်ဘက်သို့ လှည့်မေးသည်။

"အခု ရောက်လာတော့မှာပါ"

"ရှစ်နာရီတောင် ကျော်နေပြီ၊ ငါ့သမီးကတော့ အချိန်ကို နည်းနည်းကလေးမှ မလေးစားဘူးကွာ၊ သူနဲ့ချိန်းလိုက်ရင် အမြဲတမ်း နောက်ကျတာချည်းပဲ" ဟုလည်း ကျွန်တော့်ဘက်သို့ လှည့်ပြောသည်။

"ရပါတယ်ဗျာ၊ ကျွန်တော် ဆယ့်တစ်နာရီထိုးမှ ပြန်မှာပါ၊ သန်းခေါင်မှာထွက်တဲ့ လေယာဉ်ပျံနဲ့ ကျွန်တော် ပြန်လိုက်သွားမလို့"

ထိုအခိုက် တံခါးခေါင်းလောင်း မြည်သည်။

"မီရီယမ်ပဲ ဖြစ်ရမယ်၊ ငါ သွားဖွင့်ပေးလိုက်မယ်" ဟုပြောပြီး ဆမ်က တံခါးဆီသို့ ထွက်သွားသည်။

ကျွန်တော်က ဒင်းနိစ်ဘက်သို့ ပြန်လှည့်သည်။ တံခါးပေါက်ဆီမှ စကားပြောသံများကို ကြားနေရသည်။

"ဘယ်လိုအဝတ်အစားကို ဝတ်လာတာလဲ၊ လူမြင်ကောင်းအောင်လည်း ကြည့်ပြီး ဝတ်ဦးမှပေါ့" ဟူသော ဆမ်၏ ဒေါသတကြီးပြောသံကို ကြားရသည်။

သို့သော် ပြန်ဖြေသံကိုတော့ မကြားရ။

"အဖေကတော့ လုပ်ပြန်ပြီ" ဟုပြောရင်း ဂျူနီယာက ပြုံးသည်။

သူတို့ ဝင်လာကြသည့် အချိန်မှာပင် တံခါးဘက်သို့ ကျွန်တော် လှည့်လိုက်သည်။ ဆမ်က အခန်းထဲသို့ ဝင်လာသည်။ သို့သော်လည်း မီရီယမ်က ဝင်မလာဘဲ အပေါက်ဝမှာ ရပ်နေသည်။ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ကျွန်တော်ကလည်း သူ့ကို ပြန်စိုက်ကြည့်နေမိသည်။

ဆမ်က နောက်သို့ ပြန်လှည့်ကြည့်သည်။

"မီရီယမ်. . . အန်ကယ်စတီဖင်လေ. . . မမှတ်မိဘူးလား"

မီရီယမ်မှာ ခဏကြာအောင် တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ပြီးတော့မှ ကျွန်တော့်ဆီသို့ လာပြီး လက်ကမ်းပေးသည်။

"ဟုတ်ကဲ့၊ ကျွန်မ မှတ်မိပါတယ်" ဟု ပြောသည်။

သူ့လက်ကို ကျွန်တော် ဆွဲကိုင်လိုက်သည်။ သူ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ မျက်လုံးထဲတွင်လည်း ကြောက်ရွံ့ထိတ်လန့်သည့် အမူအရာများကို မြင်တွေ့နေရသည်။

"မီရီယမ်. . ." ဟု ကျွန်တော်က ခေါ်သည်။

ကျွန်တော်တို့နှစ်ယောက်အား အကဲခတ်ကြည့်နေသော ဂျူနီယာကို သူ့ပခုံးပေါ်မှ ကျော်၍ ကျွန်တော် မြင်လိုက်သည်။ သူ့အမူအရာကလည်း တစ်မျိုးဖြစ်နေသည်၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်သည့် အမူအရာမျိုးလည်း ပါဝင်နေသည်။

ဘာတွေဆက်ဖြစ်တော့မည်ကို သိသောသူသည် ယခုအခန်းထဲတွင် ဂျူနီယာတ ယောက်သာရှိကြောင်း ကျွန်တော် ချက်ချင်း သဘောပေါက်လိုက်မိလေတော့သည်။

"ဒါပေမယ့် ကျွန်မဟာ အန်ကယ်လို့ခေါ်ဖို့ အသက်နည်းနည်း ပိုကြီးသွားပြီ ထင် တယ်" ဟု မီရီယမ်က ပြောသည်။

မီရီယမ်ဆိုသည်မှာ မာရီယန်းဒါလင် ဖြစ်နေလေတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ကျွန်တော်ယူလာပေးသည့် နှင်းဆီပန်းများကို ပန်းအိုးထိုးပြီး အိမ်ဖော်အမျိုးသမီးက ယူလာသည်။ ခင်းနီစ်ကို လှမ်းကြည့်သည်။

"စန္ဒရားပေါ်မှာ တင်ထားလိုက်ပါ" ဟု ခင်းနီစ်က ပြောသည်။

ပန်းအိုးတင်ပြီးသောအခါ ညစာပြင်ဆင်ပြီးကြောင်း ပြောသည်။

မီရီယမ်ဘေးမှာ ကျွန်တော်ထိုင်သည်။ စကားတွေကို သူ ဖောင်လောက်အောင် ပြောနေသည်။

"ဒီမြို့မှာ နေဦးမှာလားဟင်" ဟု ကျွန်တော့်ကိုမေးသည်။

"ဒီနေ့ည ဆယ့်နှစ်နာရီထွက်မယ့် လေယာဉ်ပျံနဲ့ လော့စ်အိန်ဂျလိစ်ကို ပြန်တော့မယ်" ဟု ကျွန်တော်က ပြောသည်။ မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့် ဂျူနီယာက သူ့အစ်မကို ကြည့်ပြီးပြုံးသည်။

"မီရီယမ်ကလည်း လော့စ်အိန်ဂျလိစ်ကို သွားချင်နေတာ၊ ဟိုမှာက အလုပ်ပိုပေါတယ်လို့ ပြောနေတယ်" ဟု ဂျူနီယာက ဝင်ပြောသည်။

"ငါ့ကိုသတ်ပြီးမှ သူသွားလို့ရမယ်ကွ၊ ဒီတစ်မြို့တည်း ငါ့မျက်စိအောက်မှာ ထားတာတောင် ငါ ဘယ်လောက်ဒုက္ခရောက်နေပြီလဲ" ဟု ဆမ်ကပြောသည်။

အိမ်ဖော်အမျိုးသမီးက အစားအသောက်များ လာချပေးသည်။ ကုန်သွားသည့် ပန်းကန်များကို သိမ်းသွားသည်။

"ဘယ်လိုသဘောရသလဲ စတီဖင်၊ ဟိုမှာက အလုပ်ပိုပေါတယ် မဟုတ်လား" ဟု မီရီယမ်က ချိုမြသည့်လေသံကလေးဖြင့် မေးသည်။

"မပြောတတ်ဘူးလေ၊ မင်းမှာ အနုပညာစိတ် အမှန်တကယ်ရှိရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် အလုပ်ကပေါတယ်လို့ ထင်တာပဲ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"မင်း ဟိုမှာ အလုပ်သေသေချာချာရမယ်ဆိုမှ သွားခွင့်ပေးမယ်" ဟု ဆမ်က လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မိရီယမ်က ကျွန်တော့်ကို ရှုတ်နောက်နောက် အမူအရာဖြင့် လှည့်ကြည့်သည်။

"ကျွန်မကို အလုပ်တစ်ခုလောက် မပေးနိုင်ဘူးလား အန်ကယ်စတီဖင်"

"တော်ပြီ၊ ဒီကို စတီဖင်လာတာ ညစာစားဖို့လာတာ၊ မင်းတို့ဒုက္ခပေးတာခံဖို့ လာတာမဟုတ်ဘူး" ဟု ဒင်းနီစ်က လှမ်းဟန့်သည်။

"ကိစ္စမရှိပါဘူး ဒင်းနီစ်၊ ဒါမျိုးတွေ အမြဲတမ်းကြုံနေကျပါ၊ ကျွန်တော့်မှာ အမြဲ လည်း အမြဲတမ်း အဆင်သင့်ရှိနေပါတယ်"

"ဘယ်လို အဖြေမျိုးလဲဟင်. . . " ဟု မိရီယမ်က မေးသည်။

"မင်းခါတ်ပုံတွေ ပို့လိုက်ပါ၊ သရုပ်ဆောင်များ ရွေးချယ်ရေးဌာနကို ပို့ပေးလိုက်ပါ့ မယ်"

"အဲဒီနောက် ဘာဖြစ်လာမလဲ"

"သူတို့ ဖိုင်တွဲမယ်၊ ပြီးရင် မေ့ထားလိုက်တော့ဆိုတဲ့ ဗီရိုထဲထည့်ပြီး အမြဲတမ်း သော့ခတ်သိမ်းထားလိမ့်မယ်"

စားပွဲအောက်မှနေ၍ ကျွန်တော့်ပေါင်ကို သူ ဆွဲဆိတ်လိုက်သည်။ ကျွန်တော် လန့်ပြီး မတ်တတ်ရပ်လိုက်မိတော့မလို ဖြစ်သွားသည်။

"ကျွန်မမေးမိတာ ဝမ်းနည်းပါတယ်" ဟူ၍လည်း အေးစက်သည့်လေသံဖြင့် ပြော လိုက်လေသည်။

❑

"ကျွန်တော် သွားတော့မှပဲ၊ ညစာကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဒင်းနီစ်" ဟု ကျွန်တော်က နာရီကြည့်ရင်း ပြောသည်။

"ရှင်နဲ့တွေ့ရတဲ့အတွက် ကျွန်မတို့က ဝမ်းသာနေတာ"

"ကျွန်မကိုမြို့တစ်နေရာ ပို့ပေးခဲ့နိုင်မလား၊ ဆယ့်ကိုးလမ်းကို သွားမလို့၊ လမ်းကြုံ တယ်" ဟု မိရီယမ်က ပြောသည်။

"လိုက်ခဲ့လေ" ဟု ကျွန်တော် ပြန်ပြောလိုက်သည်။

"နောက်ကြုံတော့မှ တွေ့ဦးမယ် အန်ကယ်စတီဖင်" ဟု ဂျူနီယာက ပြောသည်။ ပြီးတော့ ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ အနားတွင် တစ်ယောက်မှမရှိသည်ကို မြင်သော အခါ ကျွန်တော့်နားကပ်ပြီး တိုးတိုးပြောသည်။

"မိရီယမ်က အန်ကယ့်ကို ကြိုက်နေတာဗျ၊ သူ ကလေးဘဝကတည်းက ကြိုက်နေ တာ၊ ဒါကြောင့် အန်ကယ့်ကို ရုတ်တရက် မြင်လိုက်ရတော့ သူ တုန်လှုပ်သွားတာလေ"

ကျွန်တော် စိတ်သက်သာရာ ရသွားသည်။ သည်အတိုင်းဆိုလျှင်တော့ မာရီယန်း ဒါလင်အဖြစ်နှင့် ကျွန်တော်တို့ တွေ့နေကြသည့် အကြောင်းများကို သူ မသိသည်မှာ သေချာ သွားပြီ။

သူ့ကိုနှုတ်ဆက်ပြီး ကျွန်တော်တို့ ထွက်လာကြသည်။ ဓာတ်လှေကားထဲရောက် တော့ ဆမ်က ကျွန်တော့်ကိုလှမ်းကြည့်ပြီး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဟိုရုပ်ရှင်ကားတွေကို တို့ ဘယ်လိုလုပ်ကြမလဲ"

မီရီယမ်က ကျွန်တော်တို့ကို ကြည့်နေသည်။ သူ့အမူအရာ တစ်မျိုးဖြစ်နေသည်။ ကျွန်တော်က ဘာမှပြန်မဖြေဘဲ နေလိုက်သည်။

အောက်ထပ်ရောက်တော့. . .

"မင်း ကားထဲမှာ သွားထိုင်နေ၊ စတီဖင်နဲ့ စကားနည်းနည်း ပြောလိုက်ဦးမယ်" ဟု ဆမ်က မီရီယမ်ကို ပြောသည်။

မီရီယမ်က သူ့အဖေ၏ပါးကိုနမ်းပြီး ကားဆီသို့သွားသည်။ ဒရိုင်ဘာက သူ့အတွက် တံခါးအဆင်သင့် ဖွင့်ပေးထားသည်။ ကားတံခါးပိတ်သွားတော့မှ ဆမ်က ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"အဲဒီသမီးတစ်ယောက်ကလည်း ပြဿနာပဲ၊ ဒီမြို့မှာရှိတဲ့ ကောင်လေးတွေနဲ့ ရှုပ်ချင်တိုင်း ရှုပ်နေတာ၊ သူ့အမေကို အသိမပေးရဲဘူးကွာ"

"သူ့အသက် ငယ်ပါသေးတယ်လေ"

"လူကောင်းသူကောင်းလေး တစ်ယောက်လောက်နဲ့တွေ့ပြီး သူ့ဘဝ အခြေတကျ ဖြစ်သွားစေချင်တယ်"

"ဖြစ်သွားမှာပါ၊ အချိန်တော့ စောင့်ရမှာပေါ့ဗျာ"

ခပ်ဆဆလုပ်နေပြီးမှ သူ စကားဆက်ပြောသည်။

"တို့နှစ်ယောက်ဟာ အမြတမ်း ရင်းနှီးတဲ့ မိတ်ဆွေတွေအဖြစ် ပေါင်းသင်းလာကြတာပါ၊ ဒါကြောင့် မင်းကို မှန်တဲ့အတိုင်းပဲ ပြောပါ့မယ်၊ မင်းသာမကယ်ရင်တော့ ငါ အကြီးအကျယ် ချောက်ကျတော့မယ်"

မီရီယမ်က ကားထဲမှနေ၍ ကျွန်တော်တို့ကို လှမ်းကြည့်နေသည်။

"ခင်ဗျား ဘယ်လောက်လိုသလဲ"

"လေးသန်း"

"ဒေ့ဗ်ဗိုင်းမွန်းဆီမှာ ချေးလို့မရတော့ဘူးလား"

"သူ့ဆီ မသွားရဲတော့ဘူး၊ သူ့ကိုလည်း ဆယ်သန်းဆပ်စရာ ရှိနေတယ်၊ သူ့ အကြီးအကျယ် ဒေါကန်နေတယ်၊ ငါ ကံသိပ်ဆိုးနေတယ်ကွာ၊ ရိုက်လက်စ ကားနှစ်ကားကလည်း ရှိနေတယ်၊ ပြီးလုပြီးခါနီးမှ တစ်နေတယ်၊ အဲဒီနှစ်ကားစလုံး အကြီးအကျယ် အောင်မြင်မှာ"

ရုပ်ရှင်သမားပါးစပ်က ထွက်လေ့ရှိသော စကားမျိုးပင်ဖြစ်သည်။ သူတို့ရိုက်သည့် ကားတိုင်း အကြီးအကျယ် အောင်မြင်ရမည်ချည်း ဖြစ်သည်။ မီရီယမ်ကို ကျွန်တော် လှမ်းကြည့်သည်။ ကျွန်တော်တို့ကို ကြည့်နေဆဲပင်ဖြစ်သည်။

"အဲဒီကားအတွက် ဘာအချုပ်အနှောင်တွေ ရှိသလဲ"

"ဘာမှမရှိပါဘူး၊ နှစ်ကားစလုံး ငါ့ကုမ္ပဏီက ပိုင်တာပါ၊ ဒါကြောင့် ငါ့ကုမ္ပဏီရဲ့ အစုရှယ်ယာနဲ့ တန်ဖိုးဖြတ်နိုင်တယ်"

"အဲဒီကားတွေအတွက် ခင်ဗျား ဘယ်လောက်ရနိုင်သလဲ"

သည်တစ်ခါတော့ သူ နည်းနည်းကလေးမှ မဆိုင်းတော့ဘဲ ဖြေသည်။

"အခုလား. . . အခုတော့ တစ်ပြားမှ မရနိုင်ဘူး၊ ဒါပေမယ့် ငါ့ငွေလေးသန်းရရင် ဒီနှစ်ကား ပြီးအောင်ရိုက်မယ်၊ ပြီးသွားရင် တစ်နှစ်အတွင်းမှာကို နှစ်ဆယ့်ငါးသန်း တန်သွား

www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ကောင်းပြီ၊ ခင်ဗျားကို ငွေလေးသိန်း ကျွန်တော်ပေးမယ်၊ ခင်ဗျားကုမ္ပဏီက ရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်း ကျွန်တော့်ကိုပေးပါ၊ တစ်နှစ်အတွင်းမှာ ခင်ဗျားပြန်ဝယ်ပါ၊ အဲဒီအချိန်မှာ ပေါက်ဈေး ဘယ်လောက်ပဲရှိနေနေ အခု ကျွန်တော်ပေးမယ့် လေးသိန်းနဲ့ပဲ ပြန်ဝယ်ပါ"

"ငါ့ကုမ္ပဏီရဲ့ အစုရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို စင်ကလဲယားကုမ္ပဏီက ဝယ်မယ်ဆိုတဲ့ သဘောလား"

"မဟုတ်ဘူး၊ စင်ကလဲယားအနေနဲ့ ဝယ်မှာမဟုတ်ဘူး၊ ကျွန်တော်ဝယ်မှာ" ဟု ပြန်ဖြေလိုက်သည်။

ကျွန်တော့်လက်ကိုဆွဲပြီး တင်းတင်းကြီး ဆုပ်ထားသည်။ သူ ဘာစကားမှ မပြောနိုင်တော့။ သည်လို စကားမပြောနိုင်ဘဲ ဖြစ်သွားသည်ကို ကျွန်တော် ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်ပါသည်။

"မနက်ဖြန်ကျရင် ခင်ဗျားရှေ့နေတွေကို ကျွန်တော့်ဆီ ဖုန်းဆက်ခိုင်းလိုက်၊ စတူဒီယိုမှာ ကျွန်တော်ရှိနေတယ်" ဟုပြောပြီး မော်တော်ကားဆီသို့ ကျွန်တော် ထွက်လာခဲ့တော့သည်။

သူ့သမီးနှင့် ရည်ငံရသည့်အတွက် ပေးရသောငွေကြေးပမာဏက များပြားလွန်းလှချေသည်။

ကျွန်တော် ကားပေါ်တက်တော့ မီရီယမ်က တစ်ဖက်စွန်းသို့ ရွှေ့သွားသည်။

"ဆယ့်ကိုးလမ်းကိုမောင်း၊ ပြီးရင် ကနေဒီလေဆိပ်ကို ဆက်မောင်း"

"မမောင်းနဲ့၊ ကျွန်မ အိမ်ကထွက်လို့ကောင်းအောင် ပြောခဲ့တာ၊ ရှင်နဲ့အတူတူ လေဆိပ်ကိုလိုက်မယ်"

"ဘာအတွက်လဲ"

"ရှင်နဲ့ စကားပြောချင်လို့"

ကျွန်တော် တိတ်နေလိုက်သည်။

"ကျွန်မပြောတာကိုတော့ ရှင် အနည်းဆုံး နားထောင်သင့်ပါတယ်" ဟု မီရီယမ်က ဆက်ပြောသည်။

"ဆယ့်ကိုးလမ်းကို မဝင်နဲ့တော့၊ လေဆိပ်ကိုသာ တန်းမောင်း" ဟု ကျွန်တော်က ဒရိုင်ဘာကို လှမ်းပြောသည်။

မီရီယမ်က ဒရိုင်ဘာနှင့် ကျွန်တော်တို့ကြားတွင် ခြားထားသည့်မှန်ကို ခလုတ်နှိပ်ပြီး တင်သည်။ ကျွန်တော် စီးကရက်ထုတ်ပြီး မီးညှိသည်။ သူက ကျွန်တော့်ကို လှမ်းကြည့်နေသည်။ ဘူးကို သူ့ဘက်သို့ ကမ်းပေးလိုက်သည်။

စီးကရက်ကို အားပါးတရဖွာရင်း ကူရှင်နောက်ကို သူမှီထားသည်။ ကျွန်တော့်ကို မကြည့်။ ဒရိုင်ဘာ၏ခေါင်းကို ကြည့်နေသည်။

"ရှင့်ကို ကျွန်မချစ်တယ်"

မော်တော်ကားက နှစ်ပြလောက်အထိ ရောက်လာသည်။

"ကျွန်မပြောတာကို မယုံဘူးမဟုတ်လား" ဟု မေးသည်။ ယခုအချိန်အထိ ကျွန်-

www.burmeseclassic.com

www.burmeseclassic.com


တော့်ကို မကြည့်သေး။

ကျွန်တော်က ဘာမှမဖြေဘဲ ငြိမ်မြဲငြိမ်နေသည်။

"ကျွန်မ ကလေးမဟုတ်ဘူး၊ အရူးလည်းမဟုတ်ဘူး၊ ကျွန်မ ငယ်ငယ်ကလေးကတည်းက ရှင့်ကို စိတ်ဝင်စားခဲ့မိတယ်၊ အဲဒီအချိန်ကစပြီး အခုအချိန်အထိ စိတ်ဝင်စားခဲ့ရတာ၊ ချစ်ခဲ့ရတာ"

"မင်း ဘယ်သူဖြစ်ကြောင်း ငါ့ဆီကိုရောက်လာတဲ့ ပထမဆုံးညတုန်းက ဘာဖြစ်လို့ မပြောတာလဲ"

"အစကတော့ နောက်ချင်ပြောင်ချင်တဲ့စိတ်နဲ့ လုပ်ခဲ့မိတာပါ၊ ဒါပေမယ့် နောက်တော့ ကျွန်မကြောက်လာတယ်၊ ကျွန်မကို ရှင့် အတွေ့မခံတော့မှာကို ကြောက်လာတယ်"

ကျွန်တော် ချက်ချင်း ပင်ပန်းနွမ်းနယ်သွားတော့သည်။ ထို့ကြောင့် နောက်မှီပေါ်မှာ ခေါင်းမှီပြီး မျက်လုံးမှိတ်ထားလိုက်မိသည်။

"အခုတော့ အကြောင်းမထူးတော့ပါဘူးလေ၊ အားလုံး ခြေလွန်လက်လွန်ဖြစ်ကုန်ပြီ မဟုတ်လား" ဟု စိတ်ပျက်သည့် လေသံဖြင့် ကျွန်တော်ပြောမိသည်။

သူ နေရာရွှေ့သံ ကြားရသည်။ ထို့ကြောင့် မျက်လုံးဖွင့်လိုက်သည်။

"မနေ့ညတုန်းက ကျွန်မဖြစ်နေတာကြောင့် ဖြစ်တာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

"စိတ်ကစားလွယ်တဲ့ ကလေးလေးတစ်ယောက်ကို သင်ပြပေးဖို့ ငါဟာ သိပ်ကို အသက်ကြီးသွားပြီ"

"ကျွန်မကို ရှင် ဒီလိုပဲထင်သလား"

"မင်းကိုယ်မင်းရော ဘယ်လိုထင်နေလို့တုံး"

သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။ သို့သော်လည်း ကျွန်တော့်ကို စိုက်ကြည့်မြဲ ကြည့်နေသည်။

"ကျွန်မလည်း တခြားမိန်းကလေးတွေလိုပါပဲ၊ ချစ်တတ်တယ်၊ ကြောက်တတ်တယ်၊ ရလာတဲ့အခွင့်အရေးကို လိုချင်တယ်၊ ကျွန်မဟာ ရှင်ရှုပ်နေတဲ့ တခြားအမျိုးသမီးတွေနဲ့ ဘာများခြားနားနေလို့လဲ"

"အဲဒါကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ၊ တခြားမိန်းကလေးတွေနဲ့ မင်းနဲ့ ဘာမှ မထူးခြားလို့ ဖြစ်ချင်ဖြစ်မှာပေါ့"

"အို . . ."

သူ့ခန္ဓာကိုယ်တွင် ဒဏ်ရာအနာတရ ဖြစ်သွားသကဲ့သို့ အလန့်တကြား ထအော်သည်။ သူ့မျက်လုံးများကို မှိတ်ထားသည်။ လေဆိပ်သို့ ရောက်သည်အထိ ကျွန်တော်တို့ စကားမပြောဖြစ်ကြတော့။

"စတီဖင်"

သူ့ကို ကျွန်တော် လှည့်ကြည့်သည်။

"ကျွန်မကို ရှင်နဲ့အတူတူ ခေါ်သွားပေးပါ"

"မခေါ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်၏ အေးစက်မာကျောသော လေသံကြောင့် သူ့ကိုယ်လုံးကလေး ရှုံ့သွားသည်ဟု ထင်လိုက်ရလေသည်။ သူ့အသံကလေးလည်း ကလေးသံပေါက်သွားသည်။

"ကျွန်မကို ကန်မထုတ်လိုက်ပါနဲ့ စတီဖင်၊ ကျွန်မ သွားစရာ ဘယ်မှမရှိတော့ဘူး"

မော်တော်ကား ရပ်သွားသည်။ ကျွန်တော် ကားပေါ်မှဆင်းသည်။ ပြီးတော့ တစ်ဘက်သို့ ကိုယ်ကိုင်းလိုက်သည်။

"မီရီယမ်. . . မင်းအတွက် ကောင်းသွားနိုင်တာလေး တစ်ခုကို လုပ်နိုင်မလား"

မျက်လုံးဝိုင်းကြီးများဖြင့် ကျွန်တော့်ကို ပြန်ကြည့်နေသည်။

"မင်းအဖေပြောသလို လုပ်ပါ၊ သင့်လျော်မယ့် သက်တူရွယ်တူ ယောကျ်ားတစ်ယောက် ရှာပါ၊ မင်းဘဝ အခြေတကျဖြစ်သွားအောင် ကြိုးစားပါ"

ကျွန်တော် တံခါးပိတ်ရန် ဟန်ပြင်သည်။ သူက တံခါးကိုတွန်းထားသည်။

"စတီဖင်. . . ကျွန်မလိုက်ပါရစေ"

"တော်ပြီ မီရီယမ်၊ မင်းဟာ ကလေးမဟုတ်တော့ဘူး၊ အရွယ်ရောက်နေတဲ့ မိန်းကလေး ဖြစ်နေပြီ၊ မဖြစ်နိုင်ဘူးဆိုတာ မင်းသဘောမပေါက်ဘူးလား"

ကျွန်တော်သည် ပင်ပန်းနွမ်းနယ်စွာ၊ စိတ်ပျက်ငြီးငွေ့စွာပြောရင်း ကားတံခါးကို ပိတ်လိုက်သည်။ ပြီးတော့ လေဆိပ်ထဲသို့ တန်းဝင်လာခဲ့သည်။ နောက်ဘက်သို့ လုံးဝပြန်မကြည့်တော့ပါ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

လေဆိပ်မှ လော့စ်အိန်ဂျလိစ်မြို့ထဲသို့အသွား ကျွန်တော် ပထမဦးဆုံးဝင်သည့်နေရာသည် ဘဏ်တိုက်မှာရှိနေသော ဒေ့ဖ်ဒိုင်းမွန်း၏ ရုံးခန်းဖြစ်သည်။ စားပွဲနောက်မှ သူထလာပြီး နှုတ်ဆက်သည်။

"မလာစဖူးပါလား" ဟု ပြောသည်။

အခန်းထောင့်တွင် ရုပ်မြင်သံကြားဖွင့်ထားသည်။ နောက်ဆုံး အစုရှယ်ယာဈေးနှုန်းများ လွှင့်နေသည်။ ပိုက်ဆံကို လူတိုင်း စိတ်ဝင်စားကြလေသည်။

"ခင်ဗျားအတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ"

သူ့အတွင်းရေးမှူးက ကော်ဖီလာချပေးသည့်အချိန်တွင် မေးသည်။

"နှစ်ခုတည်းပါ၊ ပထမတစ်ခုက ဂျိုးရီဂင်ရဲ့ ဆင်ဘောလစ် ဓာတ်ပြားကုမ္ပဏီအကြောင်း နောက်ဆုံးအခြေအနေအထိ အပြည့်အစုံသိချင်ပါတယ်"

"ဆယ်မိနစ်အတွင်း သိရစေ့မယ်၊ ကျွန်တော်တို့ဘဏ်ရဲ့ စီးပွားလုပ်ဖက် ကုမ္ပဏီတိုင်းရဲ့အကြောင်း အပြည့်အစုံရှိပါတယ်"

သူ့အတွင်းရေးမှူးကို ဖုန်းဆက်ပြီး ကျွန်တော်လိုသည်များကို ပြောပြနေသည်။

"ဒုတိယတစ်ခုက ဘာလဲ"

"ကျွန်တော် ငွေလေးသန်းချေးချင်တယ်"

"ခင်ဗျားအတွက်လား"

"ကျွန်တော့်အတွက်ပါ"

"အင်း. . . ငွေတွင်းက သိပ်နက်တယ်ဗျာ" ဟု ဒေ့ဖ်ဒိုင်းမွန်းက ညည်းညည်းညူညူပြောသည်။

"ကျွန်တော်သိပါတယ်၊ ဒါကြောင့် ခင်ဗျားဆီကိုလာတာပေါ့၊ ငွေတွင်းနက်တဲ့အခါမှာ ခင်ဗျားဆီကိုပဲ အားလုံးလာကြရတာ မဟုတ်လား"

www.burmeseclassic.com

"ဟား. . . ဟား. . . ငွေစက္ကူတွေကို ကျွန်တော်ရိုက်ထုတ်နေတယ်လို့ ခင်ဗျားတို့ ထင်နေကြတာကိုး"

"မဟုတ်လို့လား"

သူ ထပ်ရယ်ပြန်သည်။ ပြီးတော့မှ မျက်နှာတည်သွားသည်။

"အာမခံချက် ခင်ဗျားဘာပေးမလဲ" ဟု မေးသည်။

"စင်ကလဲယားကုမ္ပဏီရဲ့ အစုရှယ်ယာ"

"ကောင်းပြီလေ၊ ငွေ ဘယ်တော့လိုချင်သလဲ"

"အမြန်ဆုံး လိုချင်တယ်၊ အခုရရင် အခုလိုချင်တယ်"

"အခု ခိုင်းလိုက်မယ်လေ"

ဖုန်းကောက်ကိုင်သည်။ ငွေချေးဌာနကို ဆက်သည်။ ခဏကြာအောင် လိုအပ်သည့် အမိန့်များ ပေးနေသည်။ ဖုန်းချပြီး ကျွန်တော့်ကို မော့ကြည့်သည်။

"ဘယ်လောက်လွယ်တယ်ဆိုတာ တွေ့ပြီမဟုတ်လား၊ ခင်ဗျားရဲ့ အိမ်နီးချင်း ဘဏ် တိုက်ဥက္ကဋ္ဌဆီကို အလည်လာလိုက်ရုံပါပဲဗျာ"

ကျွန်တော်က ပြုံးသည်။

"တကယ်လို့ လျှို့ဝှက်ကိစ္စ မဟုတ်ဘူးဆိုရင် ဒီငွေ ဘာသုံးဖို့လဲဆိုတာ မသိရဘူး လား" ဟု နူးညံ့သည့်လေသံဖြင့် မေးသည်။

"ဆမာကန်ကုမ္ပဏီက အစုရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်း ဝယ်မလို့"

မယုံကြည်နိုင်သလို ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"ဆမ်ဘင်ဂျမင်ရဲ့ ကုမ္ပဏီလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် နားမလည်ဘူး၊ ခင်ဗျား ဒီလောက်တော့ ဓအဘူးထင်တယ်၊ ကျွန်တော် တို့အကြွေး သူ့ဆီမှာ ဘယ်လောက်တင်နေတယ်ဆိုတာ ခင်ဗျားသိသလား"

ကျွန်တော် ဘာမှဖြေဖို့မလိုပါ။

"ရှစ်သန်းတောင် ရှိနေတယ်၊ သူ့ကို ငွေချေးလိုက်မိတဲ့အတွက် ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ အတုံးဆုံးလူတစ်ယောက် ဖြစ်သွားပြီ"

ကျွန်တော်က ပြုံးသည်။ ဆမ်ကပြောတော့ ဆယ်သန်းဟုပြောသည်။ သူ ဘယ် လောက် ဒုက္ခရောက်နေကြောင်း သိစေလိုသဖြင့် ချဲ့ကားပြောလိုက်ခြင်းသာ ဖြစ်ရပေမည်။

"အခုဆိုရင် ဒါလောက်စိတ်ဆင်းရဲဖို့အကြောင်း မရှိတော့ပါဘူးဗျာ၊ ခင်ဗျားနဲ့အတူ တူ တုံးဖော်တုံးဖက်လူတစ်ယောက် တိုးလာပြီပဲ"

"ခင်ဗျား စိတ်မှမှန်သေးရဲ့လားဗျာ၊ ကျွန်တော့်လုပ်ငန်းကို ကျွန်တော်ကိုယ်တိုင် ဆန့်ကျင်ပြီး ပြောရသလိုတော့ ဖြစ်နေတယ်၊ ခင်ဗျားကို ငွေချေးတဲ့အတွက် မဆုံးဘူးဆိုတာ ကျွန်တော်သိပါတယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ဘဏ်ဟာ အတိုးနှုန်းအများဆုံးယူတဲ့ ဘဏ်ပါ၊ ဒါကြောင့် အတိုးရတဲ့အတွက် ကျွန်တော်တို့မှာ အကျိုးရှိပါတယ်၊ ဒါပေမယ့် ခင်ဗျား ကို ကျွန်တော် တစ်ခုတော့ ပြောပါရစေ"

သူ စကားဖြတ်ထားပြီး အသက်ကို ဝ,အောင်ရှူနေသည်။ ပြီးမှ ဆက်ပြောသည်။

"ဒီအလုပ်ကို မလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com


သူ့အတွင်းရေးမှူး ဝင်လာသည်။ စာရွက်အချို့ စားပွဲပေါ်မှာ ချပေးသည်။

"အခုနတောင်းထားတဲ့ ဆင်ဘောလစ် မတ်ပြားကုမ္ပဏီနဲ့ ပတ်သက်တဲ့ အစီရင်ခံစာပါ မစ္စတာဒိုင်းမွန်း"

သူ ခေါင်းညိတ်ပြသည်။ အတွင်းရေးမှူး ပြန်ထွက်သွားသည်။ စာရွက်များကို သူ ငုံ့ကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို လှမ်းကြည့်သည်။

"ဒီကုမ္ပဏီကို ခင်ဗျားဝယ်ချင်တယ်ဆိုရင် သိပ်မှန်တဲ့အလုပ်လို့ ကျွန်တော် ပြောရလိမ့်မယ်၊ ကုမ္ပဏီကောင်းတယ်၊ လုပ်ငန်းကောင်းတယ်၊ အသုံးမကျတဲ့ သူတို့အုပ်ချုပ်ရေးအဖွဲ့ကို ခင်ဗျားပြင်ဖွဲ့လိုက်နိုင်ရင် ဘာမဆိုဖြစ်ပြီ၊ ဒါပေမယ့် အခုနကိစ္စကတော့ ပိုက်ဆံတွေ အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တာနဲ့ အတူတူပဲ"

"ခင်ဗျားရဲ့ရိုးသားမှုကို ကျွန်တော် ချီးကျူးပါတယ်ဒေ့ဖ်၊ ဒါပေမယ့် ကျွန်တော် စကားလွန်ခဲ့ပြီဗျာ"

"ငွေမပေးရသေးသမျှ ကာလပတ်လုံး စကားလွန်တယ်ဆိုတာ မရှိပါဘူး"

ကျွန်တော့်ကို သူစောင့်ကြည့်သည်။ ဘာမှပြန်မဖြေတော့မည်ကို သိသဖြင့် ဆက်မေးသည်။

"ကောင်းပြီလေ၊ ဒါပေမယ့် ကျွန်တော်ဟာ ခင်ဗျားရဲ့မိတ်ဆွေပါ၊ ဘာကြောင့်လဲဆိုတာလောက်တော့ ကျွန်တော့်ကို ပြောပြသင့်ပါတယ်"

"ဒီလိုပြောကြစို့လား၊ လူတိုင်းလူတိုင်းမှာ သူ့နည်းသူ့ဟန်နဲ့ ကျေးဇူးဆပ်စရာတွေ ရှိနေတတ်ကြပါတယ်၊ ကျွန်တော်လည်း ဆမ့်ကို ကျေးဇူးဆပ်တာပါ"

□

ဘဏ်တိုက်တွင် စီစဉ်စရာရှိသည်များကို စီစဉ်သည်။ လက်မှတ်ထိုးစရာရှိသည်များကို ထိုးသည်။ အစရှယ်ယာလက်မှတ်များကို အာမခံသေတ္တာထဲမှထုတ်ပြီး ဒေ့ဖ်ဒိုင်းမွန်းကို အပ်သည်။ နာရီကြည့်လိုက်တော့ ဆယ့်နှစ်နာရီ ထိုးလုပေပြီ။

"ဒီဘက်ကတော့ အားလုံးရှင်းသွားပြီ၊ ခင်ဗျားဆီက အကြောင်းကြားချက်ရတာနဲ့ တစ်ပြိုင်တည်း ဆမ်ရဲ့ငွေစာရင်းထဲကို လေးသန်း ပြောင်းထည့်ပေးလိုက်မယ်" ဟု ဒေ့ဖ်က ပြောသည်။

"ကျွန်တော် စတူဒီယိုကနေ ဖုန်းလှမ်းဆက်ပါ့မယ်"

စတူဒီယိုမှာရှိသည့် ကျွန်တော့်ရုံးသို့ ရောက်သွားသောအခါ ဂျိုးရိုဂင် ရောက်နှင့်နေသည်ကို တွေ့ရသည်။

"ကျွန်တော့်ကို ဆယ်မိနစ်လောက် အချိန်ပေးပါလား၊ ပြီးရင် တစ်ခါတည်းတန်းပြီး ဆွေးနွေးကြတာပေါ့" ဟု ကျွန်တော်က ဂျိုးကိုပြောသည်။

"လုပ်စရာရှိတာလုပ်ပါ စတီဖင်၊ အေးအေးဆေးဆေးလုပ်ပါ"

ရုံးခန်းထဲသို့ ကျွန်တော်ဝင်ခဲ့သည်။ နယူးယောက်မှာရှိသည့် ကျွန်တော့်အကျိုးဆောင် ပေါလ်ဂျစ်တလင်နှင့် ဆမ်တို့ဆီသို့ ဖုန်းလှမ်းခေါ်သည်။ ပေါလ်ထံမှ ဖုန်းအလှည့်ရ

www.burmeseclassic.com

www.burmeseclassic.com


သည်။ သူ့ကို အကျိုးအကြောင်း အကျဉ်းချုပ် ရှင်းပြလိုက်သည်။

"ငွေ ရှီးရှီးလွှဲပြောင်းလိုက်တဲ့ သဘောပါပဲ ပေါလ်" ဟု ကျွန်တော်က နောက်ဆုံး တွင် ပြောပြသည်။

"ကျွန်တော် နားလည်ပါတယ်"

"ဆမ်နဲ့ သူ့အကျိုးဆောင်တွေ ခင်ဗျားကို အဆက်အသွယ်လုပ်ဖို့ ကျွန်တော် စီစဉ် ပေးမယ်၊ ခင်ဗျားလက်ကို အစုရှယ်ယာလက်မှတ်တွေ သူတို့အပ်ပြီလို့ ခင်ဗျားအကြောင်းကြား တာနဲ့ တစ်ပြိုင်တည်း ဆမ်ရဲ့ငွေစာရင်းထဲကို ကျွန်တော် ငွေပြောင်းထည့်ခိုင်းလိုက်မယ်"

ပေါလ်နှင့် စကားပြောပြီးသွားသောအခါ ဆမ်ကို ဖုန်းဆက်၍ရသည်။

"ပိုက်ဆံ အဆင်သင့်ဖြစ်နေပြီ၊ ခင်ဗျားအကျိုးဆောင်ကို ပေါလ်ဂျစ်တလင်နဲ့ ဆက် သွယ်ခိုင်းလိုက်ပါ၊ သူ အားလုံးစီစဉ်ပေးလိမ့်မယ်"

"ဘာဖြစ်လို့ ပေါလ်ဂျစ်တလင်နဲ့ လုပ်ခိုင်းရတာလဲ၊ သူနဲ့ငါ အလုပ်လုပ်ခဲ့ဖူးတယ် တော်တော်အသုံးမကျတဲ့ အကောင်ကြီး" ဟု ဆမ်ကပြောသည်။

"ငွေလေးသန်းတောင်ရဖို့အတွက်တော့ သူ့ကို ခင်ဗျားချစ်ရတော့မှာပေါ့ဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ငါ ပိုက်ဆံ ဒီနေ့ရနိုင်မလား"

"အစုရှယ်ယာလက်မှတ်တွေ သူ့ကိုပေးပါလို့ ပြောတယ်၊ ခင်ဗျားပေးပြီးလို့ သဘော တူညီချက်မှာ လက်မှတ်ထိုးပြီးရင် ခင်ဗျား ငွေလေးသန်းရပြီ"

"သူ့ကို ငါချစ်သွားပြီကွာ"

ကျွန်တော် ဖုန်းချလိုက်သည်။ ကျွန်တော့်အတွင်းရေးမှူးက ဂျိုးရီဂင်ကို အခန်းထဲသို့ လိုက်ပို့ပေးသည်။

"ကျွန်တော်တို့ နေ့လယ်စာမစားခင် ဘာသောက်ချင်သလဲ၊ အရက်ပြင်းတော့ ဒီမှာမရှိဘူး" ဟု ကျွန်တော်ကမေးသည်။

"ဘော်ဘွန်းနဲ့ ရေခဲပေးပါ" ဟု ဂျိုးက ခပ်မြန်မြန်ပြောသည်။

အတွင်းရေးမှူးက ခေါင်းညိတ်ပြပြီး အရက်သွားစပ်သည်။ ပြီးတော့ စားပွဲပေါ် ချပေးပြီး အပြင်ပြန်ထွက်သွားသည်။

ဂျိုးက အရက်သောက်ပြီး "အား. . . အခုမှ နေသာထိုင်သာ ရှိသွားတယ်" ဟု ပြောသည်။

"ကျွန်တော့်မှာ အကျပ်အတည်းတွေ တွေ့နေခဲ့တယ်၊ ဒါကြောင့် ညဘက်ဆိုရင် အိပ်မပျော်တာကြာပြီ၊ ကျွန်တော် နောက်ထပ်တစ်ခွက်လောက် ရနိုင်ဦးမလား"

ကုန်သွားသည့် သူ့ဖန်ခွက်ကိုယူပြီး ဘားမှာ အရက်သွားဖြည့်ပေးသည်။ ကျွန်တော် ကုလားထိုင်တွင် ဝင်ထိုင်ချိန်မှာပင် သူ တစ်ကျိုက်မော့သည်။

"သူတို့လက်မှာပဲ ကုမ္ပဏီကို ထိုးအပ်ထားခဲ့ပြီး ထွက်သွားရတော့မလားလို့တောင် စဉ်းစားမိတယ်၊ ဆယ့်ငါးနှစ်လုံးလုံး လုပ်ခဲ့ရတာဆိုတော့ မလွယ်ဘူး၊ ပင်လည်းပင်ပန်းလှပြီ"

"သူတို့ကို ဘယ်လိုမောင်းထုတ်ရမှာလဲ" ဟု ကျွန်တော်က မေးသည်။

"ကျွန်တော်ပေးစရာရှိတာတွေ ပေးလိုက်ရုံပါပဲ"

"သူတို့ကို ဘယ်လောက်ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"တစ်သန်းနဲ့ ခုနှစ်သိန်းလောက် ရှိတယ်"

"သိပ်မဆိုးပါဘူး"

"ခင်ဗျားအဖို့တော့ ဟုတ်တာပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့်အဖို့ အသက်မရှူနိုင်လောဘူး"

"ကဲ. . . စိတ်အေးအေးထား၊ ကျွန်တော်တို့ တိုင်တိုင်ပင်ပင် လုပ်သွားကြတာပေါ့။ အားလုံး အဆင်ပြေသွားမှာပါ"

ကျွန်တော် ထိုင်ရာမှ ထ,မည်အပြုတွင် တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ ကောက်ကိုင်သောအခါ နယူးယောက်မှ ကျွန်တော့်အကျိုးဆောင် ပေါလ်ဂျစ်တလင်ဆက်ခြင်း ဖြစ်ကြောင်း သိရသည်။

"အခုပဲ ဆမ် ဖုန်းဆက်တယ်၊ သူတို့ ဒီကိုလာကြလိမ့်မယ်" ဟု ပေါလ်က ပြောသည်။

"ကောင်းပါတယ်"

"စတီဖင်"

"ပြောပါ"

"ဒီကိစ္စဟာ ကျွန်တော့်အလုပ်မဟုတ်ကြောင်းတော့ သိတယ်၊ ဒါပေမယ့် ခင်ဗျား သေသေချာချာရော စဉ်းစားရဲ့လား"

"ဘာကိုဆိုလိုတာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။

"အကျိုးဆောင် တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ခင်ဗျားအလုပ်နဲ့ပတ်သက်တဲ့ ကန်ထရိုက်စာချုပ်ထဲမှာ ဘာပါတယ်ဆိုတာကိုတော့ ကျွန်တော်မသိဘူး၊ ဒါပေမယ့် အခုလိုအလုပ်မျိုး မလုပ်ဖို့ တားမြစ်ထားတဲ့ အပိုဒ်တစ်ပိုဒ်တော့ ပါနေလိမ့်မယ် ထင်တယ်"

"မပါပါဘူး"

"ထိန်းသိမ်းရမယ့် စည်းကမ်းတွေတော့ ရှိတယ်နော်၊ ဆမ်ာကန်ကုမ္ပဏီဟာ ခင်ဗျားနဲ့ စင်ကလဲယားကုမ္ပဏီနဲ့ အလုပ်အတူတူလုပ်နေတဲ့ ကုမ္ပဏီ၊ ငွေရင်းမြှုပ်နှံလိုက်တဲ့ကိစ္စမှာ ပြဿနာပေါ်လာနိုင်တယ်"

"မပေါ်နိုင်ပါဘူး၊ အမှန်ကတော့ သူ့ကို ကျွန်တော် ငွေချေးတာ သက်သက်ပါပဲ၊ သူ့ရဲ့အစုရှယ်ယာလက်မှတ်တွေ ယူတာကတော့ အပေါင်ပစ္စည်းသဘောမျိုးပါ၊ ဒါကြောင့် အဲဒီအစုတွေကို သူပြန်ဝယ်ဖို့ သဘောတူစာချုပ်ကိုပါ တစ်ပါတည်း ကျွန်တော် လုပ်ခိုင်းတာပေါ့"

"ဒီလိုဆိုရင် စာချုပ်ထဲမှာ စည်းကမ်းချက်ကလေးတစ်ခုတော့ ထည့်လိုက်ချင်တယ်၊ ပြဿနာပေါ်လာရင်တော့ အထောက်အကူ များများစားစား ပြုနိုင်မယ်မထင်ဘူး၊ ဘာပဲဖြစ်ဖြစ် ဘေးဆီးရန်ကာသဘောပေါ့၊ ဒါကလေးလောက်တော့ လုပ်ထားလိုက်သင့်တယ်လို့ ကျွန်တော်ထင်တယ်"

"ခင်ဗျားက ဥပဒေအကျိုးဆောင်ပဲလေ၊ ကောင်းမယ်ထင်သလို လုပ်ပါ၊ အရေးကြီးတာက သူ့လက်ထဲကို ဒီနေ့ ငွေရောက်ဖို့ပဲ"

ကျွန်တော် တယ်လီဖုန်း ပြန်ချလိုက်သည်။ ဂျိုးကိုလှမ်းကြည့်ရင်း ထိုင်ရာမှထ,သည်။

"ဂျိုး. . . နေ့လယ်စာ သွားစားစို့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲထိုင်ပြီး ကျွန်တော် အရက်သောက်လို့ ဖြစ်မလား"

"ဖြစ်ပါတယ်၊ ကျွန်တော် စီစဉ်ပေးမယ်"

ကျွန်တော့်ရုံးခန်းထဲက သူ ပြန်ထွက်သွားသည့်အချိန်တွင် သူ အတော်ကလေး မူးနေပြီ။ အတော်ကလေးလည်း စိတ်ချမ်းသာနေသည်။ အရက်ကြောင့်တော့ မဟုတ်ကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော့်ထံမှ ငွေနှစ်သိန်းခွဲရလိုက်ပြီး သူ့အကြွေးများ ရှင်းနိုင်တော့မည်ဖြစ်သဖြင့် သူ ပိုစိတ်ချမ်းသာသွားခြင်းသာ ဖြစ်ပါသည်။

ခဏကြာတော့ နယူးယောက်မှ ဖုန်းလာသည်။ ဆက်သူမှာ ဆမ်ဖြစ်သည်။ သဘောတူစာချုပ်များအားလုံး ပြုလုပ်ပြီးစီးသွားကြောင်း ပြောသည်။

"မင်းကို ကျေးဇူးတင်ကြောင်း ပြောပါရစေကွာ"

"မလိုပါဘူးဗျာ၊ ခင်ဗျားအဆင်ပြေအောင် လုပ်ပါ၊ ပြီးရင် ခင်ဗျားအစုတွေ ပြန်ယူပါ"

"အခုအချိန်ကစပြီး အားလုံးအဆင်ပြေသွားပါပြီကွာ၊ အခုမှပဲ နှစ်သစ်မှာ ငါ တကယ် ပျော်နိုင်တော့မယ်"

သူပြောတော့မှပင် နှစ်သစ်ကူးတော့မည်ဖြစ်ကြောင်း ကျွန်တော် ပထမဆုံးအကြိမ် သတိထားလိုက်မိလေတော့သည်။

❑

နှစ်သစ်ကူးပွဲအတွက် အစီအစဉ်များလုပ်ဖို့ အချိန်မရှိတော့ပါ။ သိပ်ကို နောက်ကျ သွားပါပြီ။ ထို့ကြောင့် ဟိုတယ်ပြန်ပြီး ရေဝဝချိုးကာ ညစာစားမည်။ ပြီးတော့ ရုပ်မြင်သံကြား ရှေ့မှာထိုင်ကာ နှစ်သစ်ကူးပွဲတွင် ပျော်ကြရွှင်ကြသည်များကို ကြည့်ရန်သာရှိတော့သည်။

ရုပ်မြင်သံကြားရှေ့တွင်ထိုင်ရင်း ဝီစကီသောက်သည်။ လမ်းပေါ်မှာ ပျော်မြူးနေကြ သူတို့၏ အသံများကို ကြားနေရသည်။ ရုပ်မြင်သံကြားကလည်း နှစ်သစ်ကူးပွဲတော် မြင်ကွင်း များကို ထုတ်လွှင့်ပြနေသည်။

ညသန်းခေါင် ဆယ့်နှစ်နာရီထိုးဖို့ ငါးမိနစ်အလိုတွင် ကျွန်တော့်အခန်းတံခါး ခေါင်း လောင်းသံ မြည်လာသည်။ ခဏစောင့်နေသည်။ အခန်းမှားမှန်းသိလျှင် ပြန်သွားမည်ဟု ထင်သည်။

သို့သော်လည်း ထွက်မသွားပါ။ ခေါင်းလောင်းကို အဆက်မပြတ် နှိပ်မြည်နေ သည်။

ခေါင်းလောင်းသံ မရပ်တော့သည့်အဆုံးတွင် ကုတင်ပေါ်မှ ကျွန်တော် ဆင်းသွား သည်။ တံခါးကို ဒေါသတကြီးဖြင့် ဆောင့်ဖွင့်လိုက်သည်။ လာရောက်နှောင့်ယှက်သူကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားလိုက်သည်။

အပေါက်ဝမှာ မီရီယမ် ရပ်နေသည်။ မျက်လုံးဝိုင်းကြီးများဖြင့် ကျွန်တော့်ကို ထိတ် လန့်တကြား မော့ကြည့်နေသည်။

"ကျွန်မ. . . ကျွန်မ အချိန်မီ ဒီကိုရောက်မလာနိုင်မှာ စိတ်ပူလိုက်ရတာ" ဟု ဆိုသည်

www.burmeseclassic.com

www.burmeseclassic.com



သည့် လေသံကလေးဖြင့် ပြောသည်။ ပြီးတော့မှ . . .

"ဟက်ပီး နယူးယီးယား" ဟု ဆက်ပြောသည်။

လက်နှစ်ဖက်ကို ကျွန်တော် ဖြန့်ကားပေးလိုက်သည်။

ကျွန်တော့်ရင်ခွင်ထဲသို့ သူဝင်လာသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ဘေးတစ်ဖက်စောင်းပြီး သူ့ကို ကျွန်တော်ကြည့်သည်။ သူ့မျက်လုံးများ ဖြည်းဖြည်းချင်း ပွင့်လာသည်။

"ဂွဒ်မောနင်း" ဟု ကျွန်တော်က နှုတ်ဆက်သည်။

"(၁၉၆၅) ခုနှစ် နှစ်သစ်ကူးနေ့မှာ ပျော်ရွှင်နိုင်ပါစေ" ဟု သူက ပြုံးရင်းပြောသည်။

(၁၉၆၅) ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ဖြစ်ကြောင်း ကျွန်တော် သတိပြုလိုက်မိပြန်သည်။ သူ့ကိုနမ်းပြီး နှုတ်ဆက်လိုက်ရသည်။

"နံနက်စာ ဘာစားမလဲ"

"ကော်ဖီပဲ သောက်တော့မယ်"

"ကိုယ်ကတော့ အရမ်းဆာနေပြီကွာ" ဟုပြောရင်း အောက်ထပ်သို့ အစားအစာမှာ လှမ်းမှာသည်။

"အဲဒါတွေကုန်အောင် စားနိုင်ပါ့မလား" ဟု သူကမေးသည်။

"စောင့်ကြည့်လေ"

"ကျွန်မသာ လိုက်မလာရင် ရှင်ဘာလုပ်မလဲ"

"ဘာမှလုပ်စရာမရှိဘူး၊ တစ်ယောက်တည်း နေရုံပေါ့"

သူ့နှုတ်ခမ်းကလေးကို နမ်းလိုက်သည့်အချိန်မှာပင် တံခါးခေါက်သံ ကြားရသည်။ နံနက်စာလာပို့ခြင်း ဖြစ်သည်။ မီရီယမ်က ရေချိုးခန်းဆီ သွားသည်။ ကျွန်တော်က လှမ်းခေါ်သည်။ သူပြန်လှည့်ကြည့်သည်။

"မင်း သိပ်လှတယ်၊ သိတယ်မဟုတ်လား" ဟု ကျွန်တော်က ပြောသည်။

"နံနက်စာ သွားစားတော့လေ၊ တော်တော်ကြာ အဆာလွန်ပြီး သေသွားရင် ကျွန်မ တာဝန် ဖြစ်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နံနက်စာစား၍ စာစ်ဝက်လောက်အရောက်တွင် မီရီယမ် ထွက်လာသည်။ သူ့ဆံပင်များ ရေအနည်းငယ်စိုနေဆဲဖြစ်သည်။ ကုလားထိုင်တစ်လုံးမှာ သူဝင်ထိုင်ပြီး ကော်ဖီထည့်သည်။ ကျွန်တော် စားပြီးသွားသည့် ပန်းကန်လွတ်များကို မယုံကြည်နိုင်သလို ကြည့်သည်။

ပြတင်းပေါက်ဆီသို့ ကျွန်တော် ထ,လာခဲ့သည်။ ခန်းဆီးများကို ဆွဲဖယ်လိုက်သည်။ အခန်းထဲသို့ နေရောင်ဝင်လာသည်။

"အပြင်မှာ သိပ်လှတာပဲ၊ ရုံးပိတ်ရက်ကလည်း သုံးရက်တောင် ဆက်နေတာ၊ ကိုယ်တို့ အပြင်ထွက်ကြရရင် ကောင်းမလား" ဟု ကျွန်တော်က မီရီယမ်ကို ပြန်မေးသည်။

"ဘယ်ကိုသွားမလဲ" ဟု မီရီယမ်က မေးသည်။

"ပမ်းစပရိန်းကို သွားမလား"

"ပျင်းစရာကြီး"

"ဒီလိုဆို လတ်စ်ဗီဂတ်စ်ကို သွားမလား"

"လူရှုပ်တယ်"

"ဒီလိုဆိုရင် လာဂျိုလာကို သွားမယ်ကွာ၊ ဇိမ်ခံသင်္ဘောတစ်စီး ငှားမယ်"

"လှိုင်းကိုမြင်ရုံနဲ့ ကျွန်မ လှိုင်းမူးတတ်တယ်"

"ဒါဖြင့် မင်း ဘာလုပ်မှာလဲ"

"ဘာလုပ်စရာရှိသလဲ၊ အိမ်ထဲမှာပဲနေရုံပေါ့" ဟု ကျွန်တော့်ကိုမော့ကြည့်ရင်း ပြုံးသည်။

"ကောင်းပြီလေ၊ ဒီလိုဆိုရင် အဝတ်အစားလဲတော့"

မီရီယမ် အံ့သြတကြီး ကျွန်တော့်ကို မော့ကြည့်သည်။

"ဘာလုပ်ဖို့လဲ"

"အပြင်မထွက်ချင်ဘူးဆိုရင် သိပ်ကောင်းတဲ့နေရာကလေးတစ်ခု ရှိတယ်၊ ကိုယ် လိုက်ပို့ပေးမယ်"

□

ခြံဝင်းထဲက ကားလမ်းအတိုင်း မောင်းဝင်လာခဲ့ပြီး ကားရပ်သည့်နေရာတွင် ရပ်လိုက်သည်။

"ကဲ. . . လာ"

အိမ်ဆီသို့ ကျွန်တော့်နောက်မှ သူလိုက်လာသည်။ ကျွန်တော်က သော့ထုတ်ပြီး တံခါးဖွင့်သည်။ အထဲသို့ ဝင်ခဲ့သည်။ အိပ်ခန်းတံခါးဖွင့်ပြီး သေတ္တာထည့်သည်။ သေတ္တာထဲမှာ သုံးရက်စာ အဝတ်အစားများ ကျွန်တော်ထည့်ယူလာခဲ့သည်။ ခလုတ်တစ်ခုကို ကျွန်တော် နှိပ်လိုက်သည်။ အမိုးက တစ်ဖက်သို့ရွေ့ပြီး ပွင့်သွားသည်။ နောက် ခလုတ်များကို ကျွန်တော် နှိပ်ပြန်သည်။ နံရံများတွင် ရုပ်မြင်သံကြားမြင်ကွင်းများ ပေါ်လာသည်။

သူ အံ့သြတကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မျက်စိတောင် ကိုယ်မယုံဘူး" ဟု ပြောသည်။

"ဒါ အစ,ပဲရှိသေးတယ်" ဟုပြောရင်း ကျွန်တော်က ခလုတ်များကို ပြန်ပိတ်သည်။ အားလုံး နေသားတကျ ပြန်ဖြစ်သွားသည်။

ကျွန်တော်တို့ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ မှန်တံခါးများအားလုံးကို အလို အလျောက် လျှပ်စစ်ခလုတ်ဖြင့် ထိန်းသည့်အကြောင်း ကျွန်တော်က ပြသည်။ ဧည့်ခန်း ဘားခန်း၊ ထမင်းစားခန်းများကို ပြသည်။ ပြီးတော့ အပြင်သို့ ထွက်ခဲ့ကြသည်။

ရေကူးကန်ကလေးသည် နေရောင်အောက်မှာ အရောင်တောက်နေသည်။

"လှလိုက်တာ" ဟု မီရီယမ်က ဝမ်းသာအားရ အော်သည်။ ပြီးတော့ ဖိနပ်ချွတ်ကာ ရေကန်ထဲသို့ ခုန်ချသွားသည်။ ခဏနေတော့ ကျွန်တော့်ဘက်သို့ ပြန်ကူးလာသည်။

"ဒါတွေကို ဘယ်သူပိုင်တာလဲဟင်"

"ကိုယ်ပိုင်တာ"

"ဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်လောက်ရှိပြီ"

"ဒီမှာ ဘယ်သူတွေနေသလဲ"

"ဘယ်သူမှ မနေဘူး"

မီရီယမ်မှာ တွေတွေကလေး စဉ်းစားနေသည်။

"ကျွန်မဖြင့် နားမလည်တော့ဘူး၊ ဒီလိုနေရာမျိုး ရှိနေလျက်သားနဲ့ ဘာဖြစ်လို့ ဟိုတယ်မှာ သွားနေတာလဲ"

"ဒီမှာနေဖို့ ကိုယ် အဆင်သင့်မဖြစ်သေးဘူး ထင်တယ်၊ နောက်ပြီးတော့ ဟိုတယ် မှာက လုပ်ကိုင်ပေးမယ့်လူတွေ အဆင်သင့်ရှိတယ်၊ တစ်ညတော့ ဒီမှာလာနေကြည့်ဖူးတယ်"

"အဲဒီတော့. . ."

"ဒီမှာ ဘာမှမရှိသလို စိတ်ထဲမှာ ခံစားရတယ်"

ကျွန်တော်ကလည်း ရေကူးကန်ထဲသို့ ခုန်ချလိုက်မိတော့သည်။ ရေက နွေးနွေးက လေး ရှိနေသည်။ ရေထဲမှ ကျွန်တော်ပြန်ပေါ်လာပြီး ရှာကြည့်ရာ မီရီယမ်ကို မတွေ့ရတော့ ပေ။ ထိုအချိန်မှာပဲ ရေထဲမှနေ၍ ကျွန်တော့်ကို သိမ်းဖက်သည်။ ကျွန်တော်ပါ ရေအောက်သို့ ပြန်မြုပ်သွားသည်။

ခဏကြာမှ ပြန်ပေါ်လာကြသည်။ ကျွန်တော့်ကို တအားဖက်ထားဆဲ ဖြစ်သည်။

"ဟေး. . . အဲဒီလို အတင်းဖက်ထားရင် ရေနစ်သေသွားနိုင်တယ်ဆိုတာ မင်းမသိ ဘူးလား" ဟု ကျွန်တော်က အော်ပြောသည်။

"အဲဒီလိုသေရတာထက် ပိုကောင်းတဲ့နည်း မရှိတော့ဘူးဆိုတာရော ရှင်မသိဘူး လား" ဟု သူက ပြန်မေးသည်။

❑

ညနေဘက်တွင် ဈေးသို့သွားပြီး ဟင်းချက်စရာများ ဝယ်သည်။ ညကျတော့ ...

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ကိုယ်တိုင် ချက်စားကြသည်။ ညစာစားပြီးသောအခါ မီးလင်းဖိုရှေ့မှာထိုင်ရင်း ဓာတ်စက်နားထောင်ကြသည်။

"ဘယ်လိုနေသလဲ" ဟု ကျွန်တော်ကမေးသည်။

"သိပ်စိတ်ချမ်းသာစရာ ကောင်းတာပဲ၊ ဒါထက် ကျွန်မဟာ ရှင့်မိန်းမနဲ့တူသလား" ဟု မေးသည်။

ထိုမေးခွန်းကြောင့် ကျွန်တော် လန့်သွားသည်။

"ဘာဖြစ်လို့မေးတာလဲ"

"ညတုန်းက ဘာဘရာဆိုပြီး ရှင်ယောင်နေတယ်၊ ဘာဘရာဆိုတာ ရှင့်မိန်းမလားဟင်"

"ဟုတ်တယ်၊ ဘာဘရာ"

"ကျွန်မကြောင့် သူ့ကို သတိပြန်ရသလား"

သူ့ကို ကျွန်တော် လှမ်းကြည့်သည်။

"တစ်နည်းဆိုရရင်လည်း သတိရစရာပေါ့လေ"

"ဘယ်လိုနည်းမျိုးလဲ"

"ဘဝကို မြင်ပုံမြင်နည်းချင်း တူတယ်၊ ခံစားပုံချင်းတူတယ်၊ လက်တွေ့ဆန်တာချင်း တူတယ်"

ရုံးပိတ်ရက် သုံးရက်စလုံး သည်အိမ်မှာပဲ ကျွန်တော်တို့ နေကြသည်။ ဈေးထွက်ဝယ်သည်မှအပ အပြင်သို့ လုံးဝမထွက်။

တနင်္လာနေ့တွင် ဟိုတယ်မှာရှိသည့် ကျွန်တော့်ပစ္စည်းများ အားလုံးကိုယူကာ သည်အိမ်ကလေးသို့ အပြီးပြောင်းရွှေ့လာခဲ့ကြတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

"ကျွန်မ အိပ်ခန်းတစ်ခုတော့ ရှာမှဖြစ်မယ်" ဟု မီရီယမ်က ပြောသည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတာ ရှင်သိပါတယ်၊ အဖေနဲ့အမေ ဖုန်းလှမ်းဆက်ရင် ဘယ်လိုလုပ်မလဲ၊ စုံစမ်းရေးဌာနက ကျွန်မ ဒီမှာ ရှင်နဲ့အတူတူနေနေကြောင်း ပြောလိုက်ရင် အကုန်ရှုပ်ကုန်မှာပေါ့"

"ဒါအတွက်တော့ လွယ်ပါတယ်ကွာ၊ တယ်လီဖုန်းလိုင်းခွဲတစ်ခု ထပ်တပ်ခိုင်းလိုက်တာပေါ့၊ သူတို့ ဖုန်းဆက်ရင် အဲဒီဖုန်းကို ဆက်လိမ့်မယ်"

"တယ်လီဖုန်းကုမ္ပဏီကိုရော လိပ်စာ ဘယ်လိုပေးမလဲ"

"ဒီနေရာကို ဘယ်သူမှမသိပါဘူးကွ၊ ဘာမှမထူးပါဘူး"

မီရီယမ်က ခေါင်းကိုသာ တွင်တွင်ယမ်းနေသည်။

"မဖြစ်ဘူး၊ သူတို့က ဒီကိုလိုက်လာပြီး ကျွန်မ ဘယ်လိုနေနေသလဲဆိုတာ ကြည့်မှာသေချာတယ်၊ ကျွန်မ အခန်းကောင်းကောင်း ငှားနေမနေ သေချာအောင် လာကြည့်မှာ"

"ဒီလိုဆိုလဲ သဘောပဲလေ" ဟု ကျွန်တော်က ပြောလိုက်သည်။

"ဟီး. . . ဟီး. . . အဲဒီလို မျက်နှာကြီး ပုပ်မသွားစမ်းပါနဲ့၊ ရှင်နဲ့ခွဲပြီး တကယ်သွားနေမှာ မဟုတ်ပါဘူး၊ ဟန်ပြအဖြစ်နဲ့ ငှားထားမှာပါ"

"ဒီလိုဆိုရင်လည်း ဒီအနီးတစ်ဝိုက်မှာပဲ ရှာပါကွာ"

"ကျွန်မ မော်တော်ကားတစ်စီးလည်း လိုချင်တယ်"

"ကိုယ် စီစဉ်ထားပြီးပါပြီ၊ မတ်စတန်း အမျိုးအစားကား မှာထားတယ်၊ မနက်ဖြန်ကျရင် ဒီကိုလာပို့ပေးလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကားရောင်က အဖြူ၊ ကူရှင်က အနီလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သူ ဝမ်းသာအားရဖြင့် ကလေးငယ်လေး တစ်ယောက်လို ကျွန်တော့်ကို ပြေးဖက်သည်။

ထိုနေ့က တနင်္လာနေ့ ဖြစ်သည်။ အင်္ဂါနေ့ညနေ ကျွန်တော် စတူဒီယိုမှ ပြန်လာသောအခါ မီရီယမ်သည် ဂနာမငြိမ်ဖြင့် ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"အခုထက်ထိ မော်တော်ကားလည်း လာမပို့ကြသေးဘူး" ဟုလည်း ကျွန်တော့်ကို မကျေမနပ် ပြောသည်။

"မနက်ဖြန်ကျတော့ မေးကြည့်လိုက်ပါ့မယ်၊ ကိုယ် အဝတ်ကလေး လဲလိုက်ဦးမယ်၊ ပြီးရင် အပြင်မှာ ညစာသွားစားကြမယ်" ဟု ကျွန်တော်က ပြောရိုးပြောစဉ်ပုံစံဖြင့် ပြောသည်။

"ကျွန်မ မဆာဘူး"

ခပ်ဆတ်ဆတ်ပြောပြီး အပေါ်ထပ်သို့ တက်သွားသည်။ အိပ်ခန်းတံခါး ဆောင့်ပိတ်သံကိုပါ ကြားရသည်။

ဘားကောင်တာသို့သွားပြီး ကျွန်တော် အရက်ထည့်သောက်သည်။ သူ့စိတ်မတည်ငြိမ်အောင် ကျွန်တော် ဘာများလုပ်မိပါလိမ့်ဟု စဉ်းစားကြည့်သည်။ ဘားကောင်တာပေါ်မှ စီးကရက်ပြာခွက်ကို ငုံ့ကြည့်သည်။ စီးကရက်တိုပေါင်းများစွာ ထိုးခြေထားသည်။

ခြေသံကြားသဖြင့် လှည့်ကြည့်သောအခါ အဝတ်အစားလဲပြီး သူဆင်းလာသည်ကို တွေ့ရသည်။ ကျွန်တော့်ဆီသို့လာပြီး စီးကရက်တစ်လိပ် ယူသည်။ ကျွန်တော်က မီးညှိပေးသည်။ သူ့မျက်လုံးအောက်တွင် အနည်းငယ်ညိုနေပြီး နဖူးပေါ်တွင်လည်း ချွေးသီးချွေးပေါက်များကို မြင်ရသည်။

"မင်း နေကောင်းရဲ့လား"

"မကောင်းဘူး" ဟု တိုတိုတုတ်တုတ်ဖြေရင်း စီးကရက်ကို နင်းဖွာနေသည်။

"ဘာဖြစ်တာလဲ"

"ရှင် နားလည်မှာ မဟုတ်ပါဘူး"

"ကိုယ်နားလည်မှာပါ၊ အမျိုးသမီးတွေနဲ့ ပတ်သက်တာမျိုးလား"

သူ ခဏငြိမ်နေသည်။ သူ့မျက်လုံးများထဲတွင် စိတ်သက်သာရာရသွားသည့် ပုံမျိုးကို ကျွန်တော် မြင်တွေ့လိုက်ရသည် ထင်သည်။

"ဟုတ်တယ် အဲဒါမျိုးဆိုပါတော့" နောက်ဆုံးမှ သူ ဝန်ခံသည်။

ကျွန်တော်က ဘာမှပြန်မပြော။

"ကျွန်မကို မော်တော်ကား ခဏပေးမလား၊ ဆေးခန်းကို ပြေးလိုက်ချင်တယ်၊ ဆေးဆိုင်ကိုဖြစ်ဖြစ်ပေါ့၊ သင့်မယ့်ဆေး ရှာဝယ်လိုက်ချင်လို့"

"ကိုယ် လိုက်မောင်းပို့ပေးမယ်လေ"

"နေပါစေ၊ ဒုက္ခမခံပါနဲ့၊ ရှင် ရေချိုးလိုက်၊ ကျွန်မ အခုချက်ချင်း ပြန်လာမှာပါ"

"ဒီလိုဆိုလည်း သွားလေ၊ ကားထဲမှာ သော့တန်းလန်းရှိတယ်"

"ကျေးဇူးပါပဲ"

ကျွန်တော့်ပါးကိုနမ်းပြီး အပေါ်ထပ်သို့ သူပြေးတက်သွားသည်။ ခဏကြာတော့ မော်တော်ကားမောင်းထွက်သံ ကြားရသည်။ ခွက်ထဲက အရက်ကို ကုန်အောင်သောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးရန် အပေါ်ထပ်သို့ ကျွန်တော်တက်ခဲ့သည်။

ရေချိုးပြီး ဘားကောင်တာမှာ ကျွန်တော် ထိုင်အရက်သောက်နေသည်။ တစ်နာရီ ကျော်ကျော်ကြာတော့မှ သူပြန်ရောက်လာသည်။ အိပ်ခန်းဆီမှ ခြေသံကြားရသည်။ ခဏကြာ တော့ ရေချိုးခန်း တံခါးပိတ်သံ ကြားရသည်။ ကျွန်တော် အရက်သောက်ရင်း ထိုင်စောင့်နေ သည်။ နောက်ဆယ့်ငါးမိနစ်ခန့်ကြာမှ သူဆင်းလာသည်။

"ဘယ်လိုနေသလဲ"

"သက်သာသွားပြီ" ဟု သူကပြောသည်။

"ဟုတ်တယ်၊ မင်း နေကောင်းသွားပုံပဲ"

ကျွန်တော်ပြောသည့်စကား မှန်ပါသည်။ သူ့မျက်နှာမှာ သွေးရောင်ပြန်မြင်လာ သည်။ ပိုပြီးတော့လည်း ရွှင်လန်းလာသည်။

"ဘာဆေးတွေ ပေးလိုက်သလဲ"

"ကျွန်မလည်း မသိဘူး၊ ဆေးစားပြီး ခဏထိုင်စောင့်နေရသေးတယ်၊ ဒါကြောင့် နည်းနည်းကြာသွားတာ"

"မင်း အရက်သောက်ဦးမလား"

"မသောက်တော့ဘူး၊ ရှင် သိပ်ဆာနေရောပေါ့၊ ညစာသွားစားကြမယ်လေ" ဟုပြော ရင်း ကျွန်တော့်လက်မောင်းကို လာဆွဲကာ ပြုံးပြသည်။

❑

ကျွန်တော့်အိမ်အောက်နားက တောင်စောင်းတွင် သူ့အတွက် အိမ်တစ်ခန်းရသည်။ ထိုအိမ်ခန်းမှာ ဖုန်းဆက်သွယ်သည်။ ကျွန်တော့်အိမ်သို့ လိုင်းတစ်လိုင်း ပိုဆွဲထားလိုက်သည်။ ထိုနည်းဖြင့် သူ့အိမ်ခန်းတွင် ဖုန်းမြည်လျှင် ကျွန်တော့်အိမ်က လိုင်းခွဲတွင်လည်း လာမြည် သည်။ ထိုနည်းဖြင့် အားလုံးအဆင်ပြေသွားသည်။

ကျွန်တော် မနက်ပိုင်း ရုံးသွားသည့်အချိန်များတွင် ဖုန်းတစ်လုံးဖြင့် မီရီယမ် အလုပ် ရှုပ်နေတတ်သည်။ သူ့ကိုယ်စားလှယ်ကို ဖုန်းဆက်ပြီး အစီအစဉ်များ ပြုလုပ်နေခြင်းဖြစ်သည်။

နေ့ဘက်ပိုင်း မြို့ထဲသို့သွားကာ စတူဒီယိုအချို့မှာ အစစ်ဆေးခံသည်။ တစ်နေ့တွင် တော့ သူ့အလုပ်အခြေအနေနှင့် ပတ်သက်ပြီး ကျွန်တော်မေးကြည့်မိသည်။

"သိပ်မနိုပ်ပါဘူး၊ အလုပ်ပေးဖို့ထက် လူကို ခြေတော်တင်ဖို့လောက်ပဲ စဉ်းစားနေ ကြတာ" ဟုပြန်ပြောသည်။

တစ်ညနေ ကျွန်တော် ရုံးမှပြန်လာတော့ ဧည့်ခန်းတွင် မီးရောင်မှိန်မှိန်ဖြင့် စီးကရက် ထိုင်သောက်နေသော မီရီယမ်ကို တွေ့ရသည်။

"ဒီနေ့ မင်း စောစောပြန်ရောက်နေသကိုး"

သူ ဘာမှပြန်မဖြေ။

ကျွန်တော်က သူ့အနားသွားပြီး သူ့ခေါင်းကိုနမ်းသည်။

"ကိုယ့်ကိုတော့ စကားပြောဖို့ ကောင်းတာပေါ့ကွာ၊ ကိုယ်ဟာ မင်းသူငယ်ချင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အလုပ်ရမှဖြစ်မယ်၊ မရလို့မဖြစ်တော့ဘူး"

"ဘာဖြစ်လို့ အလျင်လိုနေရတာလဲ၊ မင်း ဒီကိုရောက်လာတာ နှစ်ပတ်သုံးပတ် ရှိသေးတာပဲ၊ နေသားတကျ ဖြစ်သွားတဲ့အထိတော့ အချိန်ယူရဦးမှာပေါ့"

"အဖေ အကြီးအကျယ် ဒေါကန်နေပြီ၊ တစ်လအတွင်း အလုပ်ရရင်ရ မရရင် ဟိုကို ပြန်လာရမယ်လို့ ပြောနေတယ်"

"မင်း သူနဲ့ စကားပြောရလို့လား"

"အခု ရှင်ပြန်ရောက်မလာခင်ကလေးပဲ ပြောရတယ်၊ အမေနဲ့ အဖေက ဖုန်းလှမ်း ဆက်တာ"

"ကြိုးစားပြီး ရှာဦးပေါ့ကွာ၊ တစ်ခုခုတော့ ရလာမှာပါ။ နောက်ရာသီအတွက် ဇာတ်ကားတိုတွေ ရိုက်နေကြပြီပဲ"

"အသိအကျွမ်းမှ မရှိတာ၊ ဘယ်လိုလုပ် ရနိုင်မှာလဲ"

"မဟုတ်သေးပါဘူးလေ၊ စင်ကလဲယားကုမ္ပဏီမှာ မင်းသူငယ်ချင်းတစ်ယောက် ရှိနေတာပဲ" ဟု ကျွန်တော်က ပြုံးရင်းပြောသည်။

ကျွန်တော့်ကို သူမော့ကြည့်သည်။ သူ့မျက်လုံးထဲမှာ မျှော်လင့်ချက်အရောင်က လေး ပေါ်လာသည်။

"ကျွန်မကို အကူအညီပေးမယ်လို့ ပြောနေတာလားဟင်" ဟု အားတက်သရော မေးသည်။

"ကူညီရမှာပေါ့ကွာ၊ ကိုယ့်ကိုတော့ ထုံးစံအတိုင်း ကျေးဇူးဆပ်ရမယ်နော်"

"ဟီး. . . ဟီး. . . အခုလား. . . အခုလား" ဟုပြောရင်း ကျွန်တော့်ဆီသို့ ပြေးချ လာသည်။

နောက်တစ်နေ့မနက်တွင် သရုပ်ဆောင်ဌာနသို့ ကျွန်တော် လွှတ်လိုက်သည်။ ကောင်းဘွိုင်ကားတစ်ခုထဲမှာ သူ့ကို ထည့်သုံးပေးဖို့ ရွေးလိုက်သည်။ အခန်းကတော့ ကြီးကြီး ကျယ်ကျယ် မဟုတ်ပါ။ သို့သော်လည်း သူ့မှာ အလုပ်နှင့်အကိုင်နှင့် ဖြစ်သွားသောကြောင့် နယူးယောက်မြို့သို့ပြန်ရန် မလိုတော့ပါ။

❑

လကုန်ရက်တွင် ဒါရိုက်တာဘုတ်အဖွဲ့ အစည်းအဝေးရှိသဖြင့် နယူးယောက်မြို့သို့ ကျွန်တော်သွားရသည်။ နောက်ထပ်အစီအစဉ်သစ်များပါ အတည်ပြုပေးစရာ ရှိသောကြောင့် ကျွန်တော် မတက်၍မဖြစ်။

မီရီယမ်က ကျွန်တော့်ကို လေဆိပ်သို့ ကားမောင်းပို့ပေးသည်။

"မြန်မြန်ပြန်လာနော်" ဟု သူကမှာသည်။

"ပြန်လာမှာပါ" ဟု ကျွန်တော်က ကတိပေးလိုက်သည်။

"နောက်ပြီးတော့ နယူးယောက်က ကောင်မတွေနဲ့ ဝေးဝေးနေ၊ ကျွန်မတာ သိပ် အူတိုတတ်တဲ့ မိန်းမ၊ သိတယ်မဟုတ်လား"

"သိပါတယ်ဗျာ၊ ဟား. . . ဟား"

www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးကိုနမ်းပြီး ကျွန်တော် လေဆိပ်ထဲသို့ ဝင်ခဲ့သည်။ သို့သော်လည်း ဆီးနှင်းများ ပိတ်နေသောကြောင့် ထိုညထွက်မည့် လေယာဉ်ခရီးစဉ်အားလုံးကို ဖျက်သိမ်းပစ်လိုက်ကြောင်း ကြေညာသည်။

တက္ကစီကားတစ်စီးဖြင့် ကျွန်တော် ပြန်လာခဲ့ရတော့သည်။

အိပ်ရာပေါ်မှာ မီရီယမ် ခွေခွေကလေး အိပ်ပျော်နေသည်။ စောင်က ခြေရင်းမှာ ကွာကျနေသည်။ သူ အကြီးအကျယ် အိပ်မောကျနေသည်။ သူ့နိုးတစ်ထောင်လောက် အိမ် ကိုဝင်ဖောက်လျှင်တောင် သူနိုးမည်မဟုတ်။

သူ့ကိုယ်ပေါ်သို့ စောင်ကလေးခြုံပေးပြီး ရေချိုးခန်းထဲသို့ ကျွန်တော်ဝင်ခဲ့သည်။ ရေချိုးခန်းထဲမှမီးရောင် သူ့အပေါ်ထိုးလျှင် နိုးသွားမည်စိုးသဖြင့် တံခါးပိတ်ပြီးမှ အတွင်းမီး ဖွင့်သည်။

ရေချိုးခန်းထဲတွင် မျက်နှာသစ်သည့် ကြွေခွက်နှစ်ခုရှိသည်။ ကျွန်တော်က တစ်ခု သုံးပြီး သူက တစ်ခုသုံးသည် သူ့ကြွေခွက်အပေါ်ရှိ စင်ပေါ်တွင် သူက အလှပြင်ပစ္စည်းများ ရှိသည်။

ယနေ့ညတော့ သူ့အလှပြင်ပစ္စည်းများထဲမှာ ကျွန်တော် ယခင်တုန်းက မမြင်ဖူးခဲ့ သည့် ပစ္စည်းအချို့ရှိနေသည်ကို တွေ့ရသည်။ လက်ဖက်ရည်ဇွန်း တစ်ချောင်း၊ မီးကျွမ်းထား သည့် သစ်သားမီးခြစ်ဆံတချို့နှင့် ဆေးထိုးအပ်တစ်ချောင်း တွေ့ရသည်။

ဆေးထိုးအပ်ဘေးမှာ စက္ကူအိတ်တစ်လုံးရှိသည်။ အိတ်ကိုယူပြီး ဖွင့်ကြည့်သည်။ အတွင်းမှာ အိတ်သေးသေးကလေး အတော်များများကို တွေ့ရသည်။ တစ်အိတ်ထုတ်ပြီး ဖွင့်ကြည့်သည်။ ဖြူဖြူအမှုန့်များ ထွက်လာသည်။ နည်းနည်းယူပြီး လျှာနှင့်တို့ကြည့်သောအခါ ခါးသက်သက်အရသာကို ခံစားလိုက်ရသည်။

ကျွန်တော် ချက်ချင်း နားလည်သွားပါပြီ။ မော်တော်ကားအသစ် လာမပို့သည့်နေ့ တုန်းက သူ ဂနာမငြိမ်ဖြစ်နေပုံများကို ပြန်လည်မြင်ယောင်လာသည်။

သို့သော်လည်း ကျွန်တော် မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

အဝတ်တစ်ထည်ယူပြီး ရေနွေးဆွတ်သည်။ အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့ပြီး မီးအားလုံးကို ဖွင့်လိုက်သည်။ မီရီယမ် အိပ်ရာမှ နိုးလာသည်။

"စတီဖင် . . ."

သူ့လက်တစ်ဖက်ကို ကျွန်တော် ဆွဲယူလိုက်သည်။ ရေနွေးဆွတ်ထားသည့် အဝတ် ဖြင့် သူ့လက်မောင်းကို ခပ်ကြမ်းကြမ်း ပွတ်သည်။

"စတီဖင် ရှင် ဘာတွေလုပ်နေတာလဲ" ဟုအော်ရင်း ရုန်းသည်။

ကျွန်တော်က ဘာမှပြန်မပြောဘဲ လက်မောင်းကို တင်းတင်းကိုင်ကာ အဝတ်နှင့် တအားပွတ်သည်။ လက်မောင်းပေါ်မှ မိတ်ကပ်များ အရည်ပျော်ပြီး ပျောက်ကုန်သည်။

ဖြူဖွေးသော သူ့လက်မောင်းပေါ်တွင် ဆေးထိုးအပ်ရာများကို တွေ့ရသည်။

ဒေါသတကြီးဖြင့် အဝတ်ကို ကျွန်တော် လွှင့်ပစ်လိုက်သည်။

"အလကားကောင်မ၊ အင်မတန်မိုက်မဲတဲ့ ခွေးသူခိုးမ၊ နည်းနည်းမှ သောက်သုံးမကျ တဲ့ ကောင်မစုတ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)၂

ဧည့်ခန်းက ဘားကောင်တာမှာ ကျွန်တော်ထိုင်ပြီး ဝီစကီသောက်နေသည်။ နောက်ကျောဘက်ရှိ လှေကားမှ ခြေသံကြားရသည်။ ကျွန်တော် လှည့်မကြည့်ပါ။

ဧည့်ခန်းကို မီရီယမ် ဖြတ်လျှောက်လာသည်။ ကျွန်တော့်ဘေးက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။

"စတီဖင်"

"ဘာလဲ" ဟုထူးသော်လည်း ကျွန်တော်လှည့်မကြည့်ပါ။

"ကျွန်မ ဆေးစွဲနေတာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ ကျွန်မတစ်ယောက်တည်း နေနေရလို့ ဒီလိုဖြစ်တာပါ၊ ရှင်မရှိတော့ ကျွန်မတစ်ယောက်တည်း အိပ်လို့မရဘူး"

ကျွန်တော် သူ့ကို လှည့်ကြည့်သည်။

"ငါကိုလိမ်မနေနဲ့ မီရီယမ်၊ မင်းရဲ့ဘယ်ဘက်လက်မောင်း တစ်ဖက်တည်းမှာကို အပ်ရာခြောက်ခုတွေ့တယ်၊ ညာဘက်မှာ ဘယ်လောက်ရှိနေတယ်ဆိုတာ မသိရသေးဘူး"

"ဖြတ်ချင်ရင် အချိန်မရွေး ကျွန်မ ဖြတ်ပစ်နိုင်ပါတယ်"

"မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ၊ ဘယ်သူ့ကို အကြောင်ရိုက်နေတာလဲ မီရီယမ်၊ မင်း ကြိုးစားဖူးလို့လား"

"ကျွန်မ လက်တွေ့ပြမယ်၊ ဟောဒီမှာကြည့်"

သူ့လက်ကိုဖြန့်ပြီး အထုပ်သေးသေးကလေးများကို ပြသည်။ ခုံပေါ်မှဆင်းပြီး ဘားကောင်တာနောက်သို့ သွားသည်။ လက်ဆေးကြွေဇလုံမှ ရေပိုက်ခေါင်းဖွင့်သည်။ အထုပ်ကလေးများကို ဖွင့်ချသည်။

ကျွန်တော်က သူ့လက်ထဲမှ တစ်ထုပ်ကို ဖမ်းဆွဲယူသည်။ ဖွင့်ပြီး လျှာနှင့်တို့ကြည့်သည်။ ဆော်ဒါမှုန့်များ ဖြစ်နေသည်။ သူ့ကို ထိုအထုပ် ပြန်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုဟာမျိုးတွေ ဖျက်ဆီးပစ်နိုင်တဲ့ အရှူးမျိုးရှိသေးတယ်ဆိုတာ ငါ အခုမှပဲ သိရတော့တယ်"

ကျွန်တော့်ကို သူ လှည့်ကြည့်သည်။ ရေပိုက်ခေါင်းကို ပြန်ပိတ်သည်။

"ရှင့်ကို ကျွန်မချစ်တယ်၊ ရှင် သိတယ်မဟုတ်လား" ဟု မေးသည်။

"သိပ်သိတာပေါ့၊ ဒါပေမယ့် မင်းလိုရောဂါသည်မျိုးကိုတော့ ငါက မချစ်နိုင်ဘူးကွ အဲဒါကိုရော မင်းသိရဲ့လား"

ဖန်ခွက်ကိုချထားခဲ့ပြီး ပြတင်းပေါက်ဆီသို့ ကျွန်တော်ကသွားသည်။ ခုံတန်းပေါ်မှာ ထိုင်သည်။ လော့စ်အိန်ဂျလိစ်မြို့မှ မီးရောင်များကို ကျွန်တော့်အောက်မှာ မြင်နေရသည်။ မြင်ကွင်းသည် အလွန်လှသောမြင်ကွင်း ဖြစ်ပါ၏။ သို့သော်လည်း ယနေ့ညတော့ သည်မြင်ကွင်းက ကျွန်တော့်အဖို့ မလှပနိုင်တော့ပါ။

ကျွန်တော့်ရှေ့မှာ သူလာရပ်သည်။

"ရှင် ဘာလုပ်မှာလဲဟင်" ဟု မေးသည်။

သူ့ကို ကျွန်တော် မော့ကြည့်သည်။

"ဘာမှလုပ်စရာမလိုဘူး၊ ဒါ မင်းပြဿနာပဲ၊ ငါ့ပြဿနာမဟုတ်ဘူး"

သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။

"ကျွန်မကို ဒီလို မပထုတ်လိုက်ပါနဲ့ရှင်" ဟုပြောရင်း ကျွန်တော့်ရှေ့မှာ ဒူးထောက်ထိုင်ချသည်။ ကျွန်တော့်ခြေထောက်နှစ်ဖက်ကို သိမ်းဖက်ထားသည်။ ပြီးတော့ သူ့တစ်ကိုယ်လုံး တုန်ယင်လာသည်။

"ကျွန်မကိုကယ်ပါ စတီဖင်၊ ကျွန်မကို ကယ်ပါတော့" ဟု ငိုရင်းပြောသည်။

ကျွန်တော့်လက်တစ်ဖက်ကိုဆွဲကာ အထပ်ထပ်အခါခါ နမ်းသည်။ သူ့မျက်ရည်ပူများ ကျွန်တော့်လက်မှာ လာစိုသည်။

"ကျွန်မကို ကယ်ပါရှင် . . . ကယ်ပါ . . . ကယ်ပါ . . . "ဟူသော စကားများကို ထပ်တလဲလဲ ပြောနေသည်။

သူ့ကို ကျွန်တော် ငုံ့ကြည့်သည်။ ကျွန်တော် ငိုချင်သွားသည်။ သူ့ကို ကလေးငယ်လေးတစ်ယောက် အဖြစ်နှင့်သာ ကျွန်တော်မြင်လာသည်။ သူ့ဆံပင်များကို လက်ဖြင့်အသာအယာ ပွတ်သပ်ပေးမိသည်။

ကျွန်တော့်လက်ကိုဆွဲယူပြီး သူ့ပါးမှာ အပ်ထားပြန်သည်။

"ကျွန်မ ဘာလုပ်ရမလဲဟင်" ဟု မေးသည်။ သူ့အသံသည် တုန်လှုပ်ချောက်ချားနေသည်။

ကျွန်တော်က ပြန်မဖြေ။ သူ့ကိုသာ ငုံ့ကြည့်နေမိသည်။

"ပြောပါဦး စတီဖင်၊ ကျွန်မ ဘာလုပ်ရမလဲ" ဟု ထပ်တလဲလဲမေးနေသည်။

"မင်းလုပ်နိုင်တာ သုံးခုရှိတယ်လို့ ငါစဉ်းစားလို့ရတယ်၊ ဒါပေမယ့် ဘာတစ်ခုကိုမှ မင်းလုပ်မယ်မထင်ဘူး"

"ပြောပါဦး" ဟု မေးပြန်သည်။

"ပထမအချက်၊ မင်း နယူးယောက်ကိုပြန်ပါ၊ မင်းမိဘတွေကို အကျိုးအကြောင်း ပြောပြပါ၊ သူတို့ရဲ့အကူအညီကို ရယူပါ"

www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်ဘူး၊ ဒီအကြောင်းသိရင် အမေ သေသွားလိမ့်မယ်"

"ဒုတိယအချက်၊ အင်္ဂလန်ကိုသွားပါ၊ ဟိုကဆေးရုံမှာ တက်ပြီးဖြစ်ပါ"

"ဒါလည်း မဖြစ်နိုင်ဘူး၊ ကျွန်မ ရှင်နဲ့ခွဲမနေနိုင်ဘူး၊ ဟိုမှာပဲ နေနေရလိမ့်မယ်၊ ရှင့်ကိုတွေ့ချင်ရင် ပြန်လာလို့ရမှာ မဟုတ်ဘူး"

"တတိယနည်းကတော့ ကြမ်းတမ်းတယ်" ဟု ကျွန်တော်က ပြောသည်။

သူက ဘာမှပြန်မပြော။

"မနက်ကျရင် ဗစ္စတာကာလာမှာ မင်းတက်ပါ"

ဗစ္စတာကာလာသည် အမေရိကန်နိုင်ငံတွင် အကောင်းဆုံး မူးယစ်ဆေးဝါးဖြတ်သည့် ကိုယ်ပိုင်ဆေးရုံဖြစ်သည်။ စျေးအလွန်ကြီးသည်။ နောက်ဆုံးပေါ် နည်းများနှင့် ကုသပေးသည်။ စိတ်ရောဂါအထူးကု ပါရဂူများနှင့်ပါ ကြပ်မတ်ပေးသည်။

သူတစ်ကိုယ်လုံး အေးစက်သွားကြောင်း ကျွန်တော် သတိထားလိုက်မိသည်။ သူ တကယ်ကြောက်သွားခြင်း ဖြစ်သည်။

"တခြားနည်းလမ်း မရှိတော့ဘူးလားဟင်"

"သိပ်ရှိတာပေါ့၊ မင်း ဘာမှမလုပ်နဲ့၊ အခုအတိုင်း ဆက်နေသွား၊ ပြီးရင် လမ်းဘေးမှာ ခွေးသေဝက်သေ သေပေတော့"

သူ အကြာကြီး တိတ်နေသည်။ ကျွန်တော် စီးကရက်တစ်လိပ် မီးညှိပြီး သူ့ကိုပေးသည်။ ကျွန်တော့်ဘာသာ ကျွန်တော် တစ်လိပ်မီးညှိသောက်သည်။ သူ့ကို ကျွန်တော် စောင့်ကြည့်နေသည်။ သူ့မျက်နှာပေါ်တွင် ယခင်ကအတိုင်း အရေးအကြောင်းများ ပြန်ပေါ်လာပြန်သည်။

"ဗစ္စတာကာလာမှာ ကျွန်မတက်မယ်ဆိုရင် ကျွန်မကို ခွဲမသွားဘူးနော်" ဟု နောက်ဆုံးတွင်မှ သူ မေးသည်။

"မခွဲပါဘူး"

"ကျွန်မဆီကို မှန်မှန်လာကြည့်မလား"

"ကြည့်မယ်"

"တကယ်ပြောတာနော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ရှင် မလာဘူးဆိုရင်တော့ ကျွန်မ မလုပ်ဘူး"

သူ့ကို ကျွန်တော် ဆွဲယူပွေ့လိုက်သည်။

"မင်း လုပ်ရမှာပါကွယ်၊ မင်းကို ကိုယ် ကူညီပါ့မယ်"

❑

ဗစ္စတာကာလာသည် တောင်ကုန်းများပေါ်တွင် တည်ရှိသည်။ နေ့ခင်းပိုင်းတွင် ကျွန်တော်တို့ ရောက်သွားကြသည်။ ဆယ်ပေမြင့်သော သံဇကာဝင်းထရံများနှင့် ယူနီဖောင်းဝတ်များ စောင့်နေသည့် ကြီးမားသော သံဝင်းတံခါးကြီး ရှိမနေလျှင် လူချမ်းသာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ တောပိုင်းအိမ်ကြီးဟု အထင်မှားနိုင်သည်။

ပိတ်ထားသည့် ဂိတ်ဝအပြင်တွင် ကျွန်တော် ကားရပ်လိုက်သည်။ ယူနီဖောင်းဝတ် တစ်ယောက် ထွက်လာသည်။ ကျွန်တော့်နာမည် ပြောပြလိုက်သည်။ ကင်းတဲတွင်းသို့ သူပြန် ဝင်သွားသည်။ ခဏကြာတော့ စာအုပ်တစ်အုပ်နှင့် ပြန်ထွက်လာသည်။

"ခင်ဗျားနဲ့အတူပါလာတာ လူနာလား" ဟု မေးသည်။

"ဟုတ်ပါတယ်၊ မစ္စဒါလင်" ဟု ကျွန်တော်က ဖြေသည်။

ငုံ့ပြီး ကားတွင်းသို့ ခဏကြာအောင် ကြည့်သည်။ မီရီယမ်က သူ့ကို လုံးဝမကြည့်ပါ။ ခေါင်းငုံ့ပြီး လက်ချောင်းကလေးတွေကို လိမ်နေသည်။ အစောင့်က ခေါင်းညိတ်ပြီး နောက်သို့ ဆုတ်သည်။

"ဒီလမ်းအတိုင်း ဆက်မောင်းသွားပါခင်ဗျာ၊ တောင်ကုန်းပေါ် ရောက်တော့ ဘယ် ဘက်ကိုကွေ့ပါ။ ပင်မအဆောက်အအုံကို တွေ့ပါလိမ့်မယ်၊ အဲဒီရှေ့မှာရပ်ပါ။ ကားရပ်စရာ နေရာရှိပါတယ်၊ ဒေါက်တာဒေးဗစ် စောင့်နေပါလိမ့်မယ်"

ကင်းတဲကလေးအတွင်းသို့ သူပြန်ဝင်သွားသည်။ ခလုတ်တစ်ခုနှိပ်သည်ကို မြင်လိုက် ရသည်။ ဧရာမဂိတ်တံခါးမကြီး ပွင့်သွားသည်။ ကျွန်တော်တို့ မောင်းဝင်သွားသည့် အခါ၌ တွင် သူ ဖုန်းကောက်ကိုင်လိုက်သည်ကို တွေ့ရသည်။ အတွင်းသို့ ကားရောက်သောအခါ တံခါးကြီး ပြန်ပိတ်သွားသည်။

အဆောက်အအုံ၏ အဝင်ဝ လှေကားထစ်များပေါ်တွင် အမျိုးသမီး ငယ်ငယ်ချော ချောတစ်ယောက် ရပ်စောင့်နေသည်။ ဂျူတီကုတ်အဖြူကို ဝတ်ထားသည်။ ကျွန်တော့်ကား ရပ်လိုက်သည်နှင့် တစ်ပြိုင်တည်း သူဆင်းလာသည်။

"မစ္စတာဂေါက် ဟုတ်ပါသလားရှင်" ဟုပြောရင်း လက်ဆန့်တန်းပေးသည်။ သူက ခပ်တင်းတင်း ဆုပ်ယူနှုတ်ဆက်သည်။

"ကျွန်မ ဒေါက်တာရှယ်လီဒေးဗစ်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

ကားတစ်ဖက်မှ မီရီယမ်ဆင်းပြီး ကျွန်တော်တို့ဘက်သို့ ပတ်လျှောက်လာသောအခါ သူက မီရီယမ်ကို ဆီးနှုတ်ဆက်သည်။

"မစ္စဒါလင် . . . ကျွန်မ ဒေါက်တာရှယ်လီဒေးဗစ်ပါ၊ ရှင့်ရဲ့ ဆရာဝန်ပါပဲ"

မီရီယမ်က ခေါင်းညိတ်ပြသည်။ ပြီးတော့ ကျွန်တော့်ကို နားမလည်သလို မော့ ကြည့်သည်။

ဒေါက်တာရှယ်လီဒေးဗစ်က ရယ်သည်။ ရွှင်ရွှင်ကလေး ရယ်လိုက်ခြင်းဖြစ်သည်။

"ရှင် မယုံတော့ဘူးထင်တယ်၊ ကျွန်မ ဆရာဝန်အစစ်ပါ၊ ရုံးခန်းထဲရောက်ရင် ကျွန်မ ရဲ့ဘွဲ့လက်မှတ်တွေ ပြပါ့မယ်" ဟု ပြောသည်။

သည်တော့မှ မီရီယမ်ကလည်း ရယ်သည်။ သူ့လက်တစ်ဖက်ကို ဆန့်တန်းပေးသည်။

"တွေ့ရတာ ပျော်ပါတယ် ဒေါက်တာဒေးဗစ်"

ဆရာဝန်မကလေးကို သဘောကျစွာ ကျွန်တော် ကြည့်လိုက်မိသည်။ မီရီယမ်သည် သူ့ကို ချက်ချင်း သဘောကျသွားပုံရသည်။

လှေကားများအတိုင်း ကျွန်တော်တို့ တက်လာခဲ့ကြသည်။ ဆရာဝန်မကလေး

www.burmeseclassic.com

www.burmeseclassic.com



သော့ထုတ်ပြီး တံခါးဖွင့်သည်။ ကျွန်တော်တို့ အတွင်းသို့ ရောက်သောအခါ တံခါးက ကျွန်တော်တို့နောက်တွင် အလိုလို ပြန်ပိတ်သွားသည်။

"ဒီမှာရှိနေတဲ့ ပစ္စည်းတွေဟာ ရှေးဟောင်းပစ္စည်းတွေချည်းပါပဲ၊ ဖောင်ဒေးရှင်းတစ်ခုက လှူထားတာပါ"

သူရုံးခန်းရှိရာသို့ လျှောက်လာရင်း လမ်းမှာတွေ့ရသည့် ပစ္စည်းများအကြောင်းကို သူရှင်းပြလာသည်။ နောက် အခန်းတစ်ခုသို့ရောက်တော့ သော့ထုတ်ပြီး ဖွင့်ပြန်သည်။ စောစောကအတိုင်း ကျွန်တော်တို့ ဝင်ပြီးသောအခါ တံခါး အလိုလို ပြန်ပိတ်သွားသည်။

အခန်းထဲတွင် သက်တောင့်သက်သာနေနိုင်အောင် ပြင်ဆင်ထားသည်။ ဆရာဝန်မလေး၏ စားပွဲနောက်တွင် ဆေးဗီရိုတစ်လုံးရှိသည်။

"အဲဒီခုံတန်းကလေးပေါ်မှာ ထိုင်ပါ မစ္စတာဂေါက်၊ မစ္စဒါလင်နဲ့ ကျွန်မ ထုံးစံအတိုင်း မေးစရာရှိတာလေးတွေ မေးလိုက်ပါရစေဦး၊ အဲဒီမှာ မဂ္ဂဇင်းတွေ ရှိပါတယ်" ဟု ဒေါက်တာဒေးဗစ်က ပြောသည်။

ကျွန်တော် ထိုင်သည့်အချိန်မှာပင် သူတို့နှစ်ယောက် အခန်းတစ်ဖက်စွန်းသို့ သွားသည်။ ဆရာဝန်မလေးက ပုံစံစာရွက်များကိုဆွဲထုတ်ပြီး လေသံတိုးတိုးဖြင့် မီရီယမ်ကို စတင်မေးခွန်းထုတ်နေသည်။

မဂ္ဂဇင်းများကို ကျွန်တော် ကောက်ယူသည်။ ဆေးမဂ္ဂဇင်းများ ဖြစ်သည်။ အလွန်ဟောင်းသော မဂ္ဂဇင်းများလည်း ဖြစ်နေသည်။ ထို့ကြောင့် ပြန်ချထားပြီး ပြတင်းပေါက်မှ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

တစ်ခါတစ်ရံ ဖြတ်သန်းသွားလာနေကြသည့် လူနာများကို တွေ့ရသည်။ လူနာတိုင်းတွင် သူနာပြုဆရာမ အစောင့်များပါသည်။ မြက်ခင်းများနှင့် ပန်းခြံများလည်း လှပသည်။

"ဒါလောက်ဆိုရင် ပြည့်စုံသွားပါပြီ" ဟူသော ဆရာဝန်မလေး၏အသံကို ကြားရသဖြင့် အခန်းထဲသို့ ကျွန်တော် ပြန်လှည့်လာခဲ့သည်။

မနီလာစာအိတ် ခပ်ကြီးကြီးတစ်လုံးကိုကိုင်ပြီး ဆရာဝန်မလေး ရပ်နေသည်။

"ရှင့်မှာပါလာတဲ့ အဖိုးတန်ပစ္စည်းတွေ ဒီအိတ်ထဲကို ထည့်နော်၊ အာမခံသေတ္တာထဲမှာ သိမ်းပေးထားမယ်၊ ဒီကပြန်တော့မှ ယူပေါ့"

မီရီယမ်သည် ဘာမှမပြောဘဲ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်များကိုချွတ်ပြီး စက္ကူအိတ်ထဲသို့ ထည့်သည်။

"လက်ပတ်နာရီပါ ချွတ်လိုက်ပါ" ဟု ဒေါက်တာဒေးဗစ်က ပြောသည်။

မီရီယမ်က နာရီချွတ်ပြီး အိတ်ထဲထည့်သည်။ ဆရာဝန်မက အိတ်ကိုချိပ်ပိတ်ပြီး စားပွဲပေါ်မှာ တင်ထားသည်။ ပြီးတော့ ခလုတ်တစ်ခုကို နှိပ်သည်။

ဆံပင်ဖြူဖြူနှင့် အသက်ကြီးကြီး သူနာပြုဆရာမကြီးတစ်ယောက် ဝင်လာသည်။ စားပွဲရှေ့မှာရပ်ပြီး စောင့်နေသည်။

"မစ္စက်ဂရေဟမ်က ရှင့်အခန်းကို လိုက်ပို့ပေးလိမ့်မယ်နော်၊ ဆေးရုံအဝတ်အစားတွေနဲ့ လဲဝတ်ရမယ်၊ ပြီးရင် ဆေးစစ်ကြတာပေါ့" ဟု ဒေါက်တာဒေးဗစ်က ပြောသည်။

"ဒီဘက်ကသွားမယ် သမီး"

သူနာပြုဆရာမကြီး၏ လေသံမှာ ကြင်နာမှုအပြည့် ပါရှိလေသည်။ တံခါးတစ်ခုဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အသင့်ဖွင့်ထားသည်။

မီရီယမ်က ထိုင်ရာမှထသည်။ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။

"မပူပါနဲ့၊ အခန်းထဲမှာ ရှင် နေသားတကျဖြစ်အောင် ကျွန်မတို့ စီစဉ်ပေးပြီးတာနဲ့ မစ္စတာဂေါက် ရှင့်ကို လာတွေ့ပါလိမ့်မယ်" ဟု ဒေါက်တာဒေးဗစ်က ပြောသည်။

ကျွန်တော်က မီရီယမ်ကို အားပေးသည့်အပြုံးမျိုး လှမ်းပြုံးပြသည်။ သူ ပြန်ပြုံးပြသည်။ သို့သော်လည်း ဟက်ဟက်ပက်ပက် မပြုံးနိုင်ရှာပါ။ သူနာပြုဆရာမကြီးနောက်သို့ သူ လိုက်သွားသည်။ ကျွန်တော်လည်း ဒေါက်တာဒေးဗစ်ဆီသို့ သွားသည်။

ဒေါက်တာက ကုလားထိုင်မှာ ထိုင်သည်။ ကျွန်တော့်ကိုလည်း စောစောက မီရီယမ် ထိုင်သွားသည့် ကုလားထိုင်မှာ ထိုင်စေသည်။ ကုလားထိုင်မှာ ယခုအချိန်အထိ နွေးနေတုန်း ဖြစ်သည်။

"နောက်ဆုံးမူးယစ်ဆေးဝါးကို ဘယ်အချိန်က ထိုးခဲ့တယ်ဆိုတာများ သိပါသလား" ဟု ဒေါက်တာကမေးသည်။ အလုပ်သဘော အလွန်ဆန်သည့် လေသံဖြစ်သည်။

"ကျွန်တော် သိသလောက်ကတော့ မနေ့ညကပဲ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"သူ ဆေးစွဲနေတာ ဘယ်လောက်ကြာပြီလဲ"

"မသိဘူး"

"ဘယ်နှစ်နာရီတစ်ကြိမ်လောက် သူ သုံးစွဲလေ့ရှိသလဲ"

"မသိဘူး"

ကျွန်တော့်ကို မေးခွန်းများ ထုတ်နေဆဲမှာပင် စောစောက မီရီယမ်ထံမှ သိရှိထားခဲ့သည့် အချက်အလက်များကို သူ လေ့လာကြည့်နေသည်။

"လူနာဟာ ဒီကို သူ့သဘောနဲ့သူ လာတာလား၊ ဒါမှမဟုတ် အတင်းအကျပ်ဖိအားနဲ့ ရောက်လာရတာလား"

"သူ့သဘောနဲ့သူ လာတာပါ"

"သူကိုယ်တိုင် ပျောက်ကင်းချင်တဲ့ဆန္ဒ ရှိတယ်လို့ ထင်ပါသလား"

"ထင်ပါတယ်"

"အလွန်လှတဲ့ မိန်းကလေးပါပဲ၊ သူ့ကို ကျွန်မ အကူအညီပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

ကျွန်တော်က ဘာမှပြန်မပြော။

"ဒီလိုရောဂါမျိုးဟာ ရောဂါရှင်အပေါ်မှာ အများကြီးတည်တယ်ဆိုတာတော့ ရှင် သိမှာပေါ့နော်"

"ကျွန်တော် နားလည်ပါတယ်"

သူက ပုံစံစာရွက်တစ်ခုကို ထုတ်သည်။

"အထူးပြဿနာတစ်ခုခုများ ပေါ်လာတယ်ဆိုရင် ရှင့်ကို ဘယ်လိုအဆက်အသွယ် လုပ်ရမယ်ဆိုတာ သိပါရစေ"

ကျွန်တော့်တယ်လီဖုန်းနံပါတ်များ အားလုံးကို ပြောပြသည်။ နယူးယောက်မှာ ရှိသည့် ကျွန်တော့်အခန်းလိပ်စာနှင့် ဖုန်းနံပါတ်ကိုပါ ပြောပြလိုက်သည်။

"ရှင့်ကို အနှောင့်အယှက် ပေးရလိမ့်မယ်တော့ မထင်ပါဘူး၊ ဒါပေမယ့် ဒါမျိုးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com


အတိအကျပြောနိုင်တာ မဟုတ်ဘူးလေ၊ ကျွန်မတို့ရဲ့ လုံခြုံရေးအစီအမံတွေ အင်မတန်ကောင်းတာလည်း ရှင် သတိပြုမိမှာပေါ့၊ ဒါဟာ ဆေးရုံပါ၊ ထောင်မဟုတ်ပါဘူး၊ ဒါကြောင့် တစ်ခါတစ်ရံကျတော့ လူနာဟာ နည်းမျိုးစုံနဲ့ ထွက်ပြေးသွားတတ်ပါတယ်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် ဘယ်တော့ လာတွေ့နိုင်မယ်လို့ ထင်ပါသလဲ"

"ကံကောင်းမယ်ဆိုရင်တော့ တစ်ပတ်အတွင်း တွေ့နိုင်ပါလိမ့်မယ်၊ ပိုဖြစ်နိုင်စရာရှိတာကတော့ ဒုတိယပတ်ကုန်လောက်မှာ တွေ့နိုင်လိမ့်မယ်ထင်တယ်၊ ပထမနှစ်ပတ်ကတော့ လူနာနည်းနည်း ပင်ပန်းမယ်၊ သူ့ကိုလာတွေ့လို့ ရတဲ့အခါမှာ ကျွန်မ ဖုန်းဆက်အကြောင်းကြားပါ့မယ်" ဟုပြောရင်း ထိုင်ရာမှ သူထသည်။

ကျွန်တော်လည်း သူနှင့်အတူ ထ,သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ကျွန်မနောက်ကို လိုက်ခဲ့ပါနော်၊ သူ့အခန်းကို လိုက်ပို့ပေးပါ့မယ်၊ အခုလောက်ဆိုရင် သူ အဆင်သင့်ဖြစ်နေပါပြီ"

စောစောက မီရီယမ်ထွက်သွားသည့် တံခါးပေါက်အတိုင်း သူ့နောက်မှ ကျွန်တော်လိုက်သွားသည်။ ပိုးသတ်ဆေးနံ့များရနေသဖြင့် ဆေးရုံဖြစ်ကြောင်း အသိစိတ်က ပြန်ဝင်လာသည်။ အခန်းတစ်ခန်းရှေ့မှာရပ်ပြီး သူ တံခါးခေါက်သည်။

"ဝင်ခဲ့ပါ" ဟူသော အသံနှင့်အတူ သူနာပြုဆရာမ မစ္စက်ဂရေဟမ်က တံခါးဖွင့်ပေးသည်။

"ခဏနေရင် ပြန်လာခဲ့မယ်နော် သမီး" ဟု မီရီယမ်ကို လှည့်ပြောရင်း အခန်းထဲမှ သူထွက်သွားသည်။ တံခါးက အလိုလိုပိတ်ကာ သော့ခတ်ပြီး ဖြစ်သွားသည်။

အဖြူရောင် ဆေးရုံအဝတ်အစားနှင့် မီရီယမ်မှာ ကလေးငယ်လေးတစ်ယောက်နှင့် ပိုတူနေသည်။ ကုတင်ပေါ်မှာ ထိုင်နေသည်။ ကျွန်တော်က အခန်းကို လှည့်ကြည့်သည်။ ပြတင်းပေါက် အလွန်မြင့်သည်မှအပ နေပျော်သော အခန်းတစ်ခန်းဖြစ်သည်။

"မင်းစိတ်ထဲမှာ ဘယ်လိုနေသလဲ" ဟု ကျွန်တော်က မေးသည်။

သူ့အောက်နှုတ်ခမ်းများ တဆတ်ဆတ်တုန်နေသည်။

"ကြောက်တယ်"

သူ့ဘေးမှာ ကျွန်တော်ဝင်ထိုင်ပြီး သူ့လက်ကလေးကို ကိုင်ထားမိသည်။

"အမှန်ဆုံးအလုပ်ကို မင်းလုပ်လိုက်တာပါ၊ အားလုံး အဆင်ပြေသွားပါလိမ့်မယ်"

တံခါးပွင့်သွားပြီး သူနာပြုဆရာမကြီးက ဘီးတပ်စားပွဲတစ်လုံးကို တွန်းဝင်လာသည်။ ဆေးရုံသုံးပစ္စည်းမျိုးစုံ စားပွဲပေါ်တွင် ပါလာသည်။

"လိုအပ်တဲ့ ဆေးစစ်တာလေးတွေ လုပ်လိုက်ရအောင်နော် သမီး" ဟု ကြင်နာသည့် လေသံဖြင့် ပြောသည်။

မီရီယမ်က ကျွန်တော့်ကို လှမ်းကြည့်သည်။

"ရှင်နဲ့ကျွန်မ ဘယ်တော့တွေ့ရမလဲ"

"ရှေ့အပတ်ဆိုရင် လာတွေ့နိုင်မယ်လို့ ဆရာဝန်က ပြောတယ်"

"ကြာလိုက်တာ၊ အဲဒီထက်စောပြီး မလာနိုင်ဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com


"ကြိုးစားမယ်လေ"

မီရီယမ်က ကျွန်တော့်ဆီသို့ လက်ကမ်းပေးသည်။

"ကျွန်မကိုနမ်းပါဦး စတီဖင်"

သူ့ကို ကျွန်တော် နမ်းသည်။ ခဏကြာအောင် ဖက်ထားမိသည်။ ပြီးတော့ အခန်းထဲမှ ထွက်ခဲ့သည်။ စကြံထဲတွင် ဒေါက်တာဒေးဗစ် စောင့်နေသည်။ သူနှင့်အတူတူ ကျွန်တော် လိုက်လာခဲ့သည်။

"ဘယ်လိုနေသလဲ"

"အဆင်ပြေပါတယ်၊ သူ နည်းနည်းကြောက်နေတယ်"

"ဒါကတော့ ထုံးစံအတိုင်းပါပဲ၊ အစပိုင်းတော့ ဒီလိုပဲပေါ့"

အောက်ထပ်သို့ ကျွန်တော်တို့ ဆင်းခဲ့ကြသည်။ ဒေါက်တာက ကျွန်တော့်ကို လက်ဝါးတစ်ဖက် ဖြန့်ပြသည်။ ကျွန်တော်က ငုံ့ကြည့်သည်။

"သူ့အဝတ်အစားအိတ် နှုတ်ခမ်းသားထဲမှာ ဒါတွေဝှက်ယူလာတယ်လေ"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

သူ့ကို ကျေးဇူးတင်စကားပြောပြီး ကားဆီသို့ ကျွန်တော်သွားသည်။ လော့စ်အိန်ဂျလိစ် နိုင်ငံတကာလေဆိပ်သို့ မောင်းခဲ့သည်။ ထိုမှတစ်ဆင့် နယူးယောက်မြို့သို့ လေယာဉ်ဖြင့် လိုက်လာခဲ့သည်။

အခက်ခဲဆုံးအပိုင်းသို့ ဆိုက်ရောက်လာပေပြီ။ ဆမ်နှင့် ဒင်းနီစ်ကို သူတို့သမီးအကြောင်း ပြောပြရပေတော့မည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ကျွန်တော့်ရုံးသို့ စောစောပင် ရောက်သွားသည်။ ဖော်ဂါတီက ကော်ဖီအိုးနှင့် ပန်းကန်ကိုင်ပြီး ကျွန်တော်နှင့်အတူ ရုံးခန်းထဲသို့ လိုက်လာသည်။ ကျွန်တော် ကော်ဖီတစ်ကျိုက်သောက်ပြီးသည်အထိ သူစောင့်နေသည်။

"မနေ့တုန်းကဆိုရင် အားလုံး အကြီးအကျယ် လန့်နေကြတာ၊ ဒီနေ့အစည်းအဝေး ရှင်တက်နိုင်မလား မတက်နိုင်ဘူးလားဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်ဘူး၊ ရှင်ဘယ်ရောက်နေတယ်ဆိုတာလည်း ဘယ်သူမှမသိကြဘူး"

ကျွန်တော်က နောက်ထပ်ကော်ဖီထည့်သည်။ ဘာမှတော့ ပြန်မပြောဖြစ်။

"မစ္စတာစင်ကလဲယားကို ဖုန်းဆက်ခေါ်ရကောင်းမလားလို့တောင် ကျွန်မတို့ စဉ်းစားမိကြတယ်၊ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှာက ရှင်တို့နှစ်ယောက် တစ်ယောက်မဟုတ်တစ်ယောက် ရှိရမှာမဟုတ်လား"

စင်ကလဲယားသည် ကာရီဘီယန်သို့ သွားရောက်အနားယူနေသည်။ သူအနားယူနေသည်မှာ တစ်လလောက်ပင် ကြာမြင့်သွားချေပြီ။ ကျွန်တော်က ဖော်ဂါတီကို မော့ကြည့်သည်။

"ကိုယ် အခု ဒီမှာရောက်နေပြီလေ"

မနေ့တုန်းက ကျွန်တော် ဘယ်ရောက်နေသည်ကို သူ အလွန်သိချင်နေကြောင်း အကဲခတ်မိသည်။ သို့သော်လည်း ကျွန်တော်က ပြောမပြေ။ သူကလည်း မမေး။ အလုပ်ကိစ္စကိုသာ တန်းပြောတော့သည်။

"အစည်းမဝေးမစ,ခင် မစ္စတာဂျက်ဆာဗစ်က ရှင်နဲ့တွေ့ချင်ပါတယ်တဲ့၊ သူတင်ပြမယ့် အစီအစဉ်တွေကို ကြိုပြောထားချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောစရာရှိတာ ပြောပြီးရင် သူ့ကို ချက်ချင်းလွှတ်လိုက်ပါ"

"လော့စ်အိန်ဂျလိစ်က မစ္စတာဂျိုးရိဂင် ဖုန်းဆက်ပါတယ်၊ ဆင်ဘောလစ် မော်တ်ပြား ကုမ္ပဏီ ရောင်းဖို့ကိစ္စ သူတို့အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုပြီးပါပြီတဲ့၊ ဒီကအတည်ပြုပြီးတာ တစ်ပြိုင်တည်း သူ့ကို ဖုန်းပြန်ဆက်ပါတဲ့၊ ဟိုမှာနဲ့ ဒီမှာ တစ်ပြိုင်တည်း သတင်းထုတ်ပြန် ချင်လို့ပါတဲ့"

ကျွန်တော်က ခေါင်းညိတ်သည်။

"မစ္စတာ ဆမ်ဘင်ဂျမင် ဖုန်းဆက်ပါတယ်၊ နောက်ထပ် သဘောတူညီချက် အသ တစ်ခု အောင်မြင်အောင် လုပ်လိုက်နိုင်တဲ့အတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်တဲ့၊ သူ့ ပြန်ဆက်ဖို့မလိုဘူး ပြောပါတယ်"

"ဘာသဘောတူညီချက်လဲ"

ဖော်ဂါတီက သူ့မှတ်စုစာအုပ်ကို ပြန်ကြည့်သည်။

"မစ္စတာဆာဗစ်က ရှင်နဲ့တွေ့ချင်တဲ့အထဲမှာ အဲဒီကိစ္စပြောပြဖို့လည်း ပါပါတယ် မနေ့တုန်းက ရှင့်ကို သူရှာနေသေးတယ်၊ ဆမ်ဘင်ဂျမင်ဆီက ရုပ်ရှင်ကားတွေ သူဝယ်လိုက်ပါ တယ်၊ အဲဒီအကြောင်း ရှင်းပြချင်လို့"

"တခြား ဘယ်သူတွေ ဆက်သေးသလဲ"

"ထူးထူးခြားခြား မရှိပါဘူး၊ ပုံမှန်ဆက်တဲ့ လူတွေပါပဲ"

"ကောင်းပြီ၊ မစ္စတာဆာဗစ်ကို လွှတ်လိုက်တော့"

"ကောင်းပါပြီရှင်၊ ဒါက ဒီနေ့ အစည်းအဝေး အစီအစဉ်ပါ" ဟုပြောပြီး စာရွ တစ်ရွက် တင်ပေးသွားသည်။

သူ့ကို ကျေးဇူးတင်စကားပြောပြီး အစည်းအဝေး အစီအစဉ်စာရွက်ကို ကျွန်တေ ငုံ့ကြည့်သည်။ စာလုံးတွေ အားလုံးဝါးနေသည်။ မီရီယမ်၏ မျက်နှာကလေးကိုသာ မြင်ယော နေသည်။ သူ့မျက်နှာကလေး ကြောက်ရွံ့ထိတ်လန့်နေပုံကို ယခုတိုင် မျက်စိထဲမှ ဖျောက်၍ မရ။

ဂျက် ဝင်လာသည်။ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။ ဖော်ဂါတီ သူ့အတွက် ကော်ဖီချပေးပြီး ပြန်ထွက်သွားသည်။

"မောင်ရင့်ကိုကြည့်ရတာ နေမကောင်းသလိုပဲ"

"ကောင်းပါတယ်၊ ပင်ပန်းနေလို့ပါ၊ ဆမ်ဘင်ဂျမင်ကိစ္စ နောက်ဆုံးအခြေအနေအ ပြောပြစမ်းပါ" ဟု ကျွန်တော်က အလုပ်ဘက်သို့ တောက်လျှောက် စကားပြောင်းလိုက်သည်

"လွန်ခဲ့တဲ့အပတ်က ဒင်ရစ်ချီမပါဘဲ ဆမ်တစ်ယောက်တည်း ကျုပ်ဆီကို ရော လာတယ်၊ သူ့ရုပ်ရှင်ကားတွေ ရောင်းဖို့ပဲ၊ ကျုပ်တို့ ကြိုက်ရာအတွဲတစ်တွဲကို သုံးသ ရောင်းမယ်တဲ့၊ အကောင်းဆုံးကား ဆယ့်နှစ်ကားကို ရွေးယူလိုက်တယ်၊ နှစ်သန်းခွဲနဲ့ ဈေးတ သွားတယ်၊ စောစောတုန်းက သူ လေးသန်းဈေးခေါ်နေတာ"

ကျွန်တော် ဘာမှပြန်မပြောမိ။ ဆမ်သည် အလကားလူမဟုတ်။ ကျွန်တော့်ဆီ ငွေလေးသန်းရအောင် ယူသွားပြီးပြီ။ ယခု ကျွန်တော့်ကုမ္ပဏီမှ နှစ်သန်းခွဲရအောင် ထ သွားပြန်သည်။ စုစုပေါင်း ခြောက်သန်းခွဲ သူ ရိတ်သွားပြီ။

ကျွန်တော် ငြိမ်နေသည်ကိုကြည့်ပြီး သဘောမတူသောကြောင့် ငြိမ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ဂျက်က ထင်သွားသည်။

"မောင်ရင် သဘောမတူဘူးလား" ဟု မေးသည်။

"တူပါတယ်၊ ဒင်ရစ်ချီက ဘာဖြစ်တာလဲ"

"အတိအကျတော့ ကျုပ်မသိဘူး၊ သူတို့နှစ်ယောက် စကားများကြတယ်လို့ သတင်းကြားတယ်၊ ဒင်ရစ်ချီက ပွဲခတောင်းတယ်၊ ဆမ်ကမပေးဘဲ တခြားတစ်နေရာမှာ ရင်းနှီးထားတယ်လို့ ကြားရတယ်၊ ဒင်ရစ်ချီက သူ့ကို တရားစွဲမယ်လို့ ခြိမ်းခြောက်နေတယ်၊ ကျုပ်သိသလောက်တော့ ဒါလောက်ပါပဲ"

"နယူးယောက်မြို့ဟာ တော်တော် ရယ်စရာကောင်းတယ်နော်"

"ဟုတ်တယ်၊ ရယ်စရာကောင်းတယ်၊ အစီအစဉ်တွေ ပြောပြနိုင်ပြီလား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သူ ရေးဆွဲထားသည့် နောက်ရာသီအတွက် ဖျော်ဖြေရေး အစီအစဉ်များကို တစ်ခုချင်း ရှင်းပြနေသည်။

□

ညနေငါးနာရီထိုးပြီးမှ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ပြီးသွားသည်။ ကျွန်တော့်ရုံးသို့ပြန်လာပြီး ဆမ်ကို ဖုန်းလှမ်းဆက်သည်။

"မင်းဆီကရတဲ့ ပိုက်ဆံတွေနဲ့တင် ငါ သူဌေးဖြစ်တော့မယ်၊ ဟား. . .ဟား. . . မင်းဆီက ငါ့အစုရှယ်ယာတွေ ပြန်ယူလိုက်ရင် အခုနေအခါမှာ တန်ဖိုးက နှစ်ဆလောက်တောင် ဖြစ်နေပြီ"

ကျွန်တော်လည်း ရယ်မိပါသည်။ ထိုနေ့အဖို့ ပထမဆုံးအကြိမ် ကျွန်တော်ရယ်ခြင်း ဖြစ်သည်။

"ကျွန်တော် ခင်ဗျားနဲ့တွေ့ချင်တယ်" ဟု ကျွန်တော်က အရေးကြီးသည့်လေသံဖြင့် ပြောသည်။

"ငါ့အိမ်မှာ မင်း ညစာလာစားပါလား၊ အိမ်မှာ ဒင်းနီစ်နဲ့ ဂျူနီယာပဲရှိတယ်"

"ဂျူနီယာက ကျောင်းမှာလို့ ကျွန်တော်ထင်နေတာ"

"ကျောင်းထုတ်ခံလိုက်ရပြီလေကွာ၊ ကျောင်းစည်းကမ်းဖောက်လို့တဲ့၊ ဒီခေတ်ကလေးတွေအကြောင်း မင်းသိတယ်မဟုတ်လား"

"သိပါတယ်ဗျာ"

ကျွန်တော် စကားမဆက်သေးဘဲ ခဏငြိမ်နေမိသည်။ သူ့ကိုပြောပြဖို့ အစီအစဉ်ဖျက်လိုက်ရလျှင် ကောင်းမည်လားဟု စဉ်းစားကြည့်သည်။ သို့သော်လည်း မီရီယမ်သည် သူ့သမီးဖြစ်သည်။ ထို့ကြောင့် သူ့မှာ သိပိုင်ခွင့် အပြည့်အဝရှိပါသည်။

"ကျွန်တော် ညစာတော့ မစားနိုင်ပါဘူးဗျာ၊ ကိုးနာရီလေယာဉ်ပျံနဲ့ လော့စ်အိန်ဂျလိစ်ကို ပြန်မလို့"

"ငါ့ကို ဘယ်မှာတွေ့ချင်တာလဲ" ဟု သူကမေးသည်။

"ခင်ဗျားအဆင်ပြေမယ်ဆိုရင် ခင်ဗျားအိမ်မှာပဲ ခြောက်နာရီခွဲ လာတွေ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ အဲဒီတော့မှ တွေ့တာပေါ့"

□

"တခြားလျှောက်သွားမနေနဲ့နော်၊ ကျွန်တော် ဘယ်လောက်ကြာမယ်ဆိုတာ မပြောနိုင်ဘူး" ဟု ဒရိုင်ဘာကိုမှာရင်း ဆမ်တို့အိမ်ရှေ့တွင် ကားပေါ်မှဆင်းခဲ့သည်။

အဆောက်အအုံတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။ ခါတ်လှေကားထဲရောက်တော့ စီးကရက်တစ်လိပ် ထုတ်သောက်သည်။ သူ့ကို ဖွင့်ပြောပြဖို့အလုပ်မှာ မလွယ်ပါ။ အခြားခက်ခဲသည့် အလုပ်တစ်သန်းလောက်ကို ကျွန်တော် လုပ်လိုက်ချင်သေးသည်။

အိမ်ဖော်အမျိုးသမီးက တံခါးဖွင့်ပေးသည်။ စာကြည့်ခန်းထဲတွင် ဆမ်နှင့် ဒင်းနိစ်တို့ ရှိနေကြသည်။ အိမ်ဖော်က ကျွန်တော့်အတွက် ဝီစကီ ယူလာပေးသည်။

"မင်းကိုကြည့်ရတာ တော်တော်အရေးကြီးနေတယ် ထင်တယ်" ဟု ဆမ်ကပြောသည်။

ကျွန်တော်က ကြိုးစားပြုံးရင်း အရက်သောက်သည်။ ထိုအချိန်မှာပင် အခန်းထဲသို့ ဂျူနီယာ ဝင်လာသည်။

"ဟယ်လို. . . အန်ကယ်စတီဗင်"

"နေကောင်းရဲ့လားကွ" ဟု ကျွန်တော့်က ပြန်နှုတ်ဆက်သည်။

"ဒီကောင့်ကို ဘာမှသွားမေးမနေနဲ့၊ အလကားကောင်၊ ကျောင်းထုတ်ခံရတယ်ဆိုကတည်းက လူကြားလို့ ကောင်းသေးရဲ့လား" ဟု ဆမ်က ဒေါသတကြီးပြောသည်။

ကျွန်တော် ဘာမှပြန်မပြော။

ဒင်းနိစ်က အပြင်ထွက်ဖို့ ထိုင်ရာမှထသည်။

"လာ. . . ဂျူနီယာ၊ သူတို့အလုပ်အကြောင်း စကားပြောစရာရှိတယ်"

"မသွားပါနဲ့" ဟု ကျွန်တော်က လှမ်းပြောသည်။

ဒင်းနိစ်ကရပ်ပြီး ကျွန်တော့်ကို ပြန်ကြည့်သည်။ သူ့မျက်လုံးထဲက အရိပ်အယောင်များကိုကြည့်ပြီး 'မီရီယမ်ရဲ့ အမေပါလား' ဟူသောအသိ ပထမဆုံး ဝင်လာသည်။

"အခုပြောမယ့်ကိစ္စက ခင်ဗျားနဲ့လည်းဆိုင်တယ်"

ကျွန်တော့်ဆီသို့ သူပြန်လှည့်လာသည်။

"မီရီယမ်နဲ့ ပတ်သက်နေတာလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ဒင်းနိစ်မှာ ဆမ်ဘက်သို့ တိုးကပ်သွားသည်။ ဆမ်၏လက်ကို လှမ်းဆွဲနေသည်။ သူ ဘာစကားမှ မပြောပါ။ မျက်နှာဖြူဖတ်ဖြူရော်နှင့် ကျွန်တော့်ကိုသာ ထိတ်လန့်တကြားငေးကြည့်နေသည်။

ကျွန်တော် အသက်ကို ပြင်းပြင်းရှူလိုက်သည်။

"မနေ့မနက်တုန်းက ဗစ္စတာကာလာဆေးရုံကို မီရီယမ်သွားတက်တယ်"

အဓိပ္ပာယ်ကို ဆမ် နားလည်ပုံမရပါ။

www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းလို့လား" ဟု မေးသည်။

"ဟုတ်တယ်"

"ဘာဖြစ်လို့ သူက တို့ကို အသိမပေးတာလဲ၊ တို့ဟာ သူ့မိဘတွေပဲ"

ဆမ် ပေါက်ကွဲသွားသည်။ သို့သော်လည်း ချက်ချင်းရပ်ပစ်လိုက်ပြီး ကျွန်တော့်ကို ကြည့်သည်။ ပြီးမှ မေးသည်။

"ဘာဖြစ်တာလဲ၊ ကိုယ်ဝန်ရှိတာလား"

ကျွန်တော့်ဘဝသက်တမ်း တစ်လျှောက်တွင် အခက်ခဲဆုံး စကားများကို ပြောရလေတော့သည်။

"မဟုတ်ဘူး၊ မူးယစ်ဆေးဝါးစွဲနေလို့ ဗစ္စတာကာလာဆေးရုံမှာ တက်ဖြစ်တာ"

"မိုက်ရိုင်းလိုက်တာကွာ၊ ဟော့ကောင်. . . ဂျူနီယာ. . . မင်းအခန်း မင်းပြန်တော့" ဟုလည်း အသံကုန်အော်သည်။

"မသွားနဲ့၊ မီရီယမ်ဟာ သူ့အစ်မပဲ၊ သူ့ကို ဒီမှာပဲနေပေစေ" ဟု ဒင်းနီစ်က ပြောသည်။

"မင်းဖျက်ဆီးတာ. . . မင်းဖျက်ဆီးတာ. . . သူ့ကို ရုပ်ရှင်မင်းသမီး ဖြစ်စေချင်တာမင်း၊ ငါ အကြိမ်ကြိမ် ကန့်ကွက်ခဲ့တယ်၊ ရုပ်ရှင်မင်းသမီးတွေအကြောင်း ငါသိလွန်းလို့ အကြိမ်ကြိမ် ကန့်ကွက်ခဲ့တယ်၊ အခုတော့ ဒီလိုဖြစ်ရပြီ၊ ဒီလိုဖြစ်ရတော့ မင်းကျေနပ်သွားပြီ မဟုတ်လား" ဟု ဒင်းနီစ်ကို ဒေါသတကြီး ကြိမ်းမောင်းတော့သည်။

ဒင်းနီစ်က ဘာမှပြန်မပြောဘဲ ရပ်မြဲရပ်နေသည်။ မျက်ရည်များ စီးကျလာသည်။ သူ့ကိုယ်သူ ကြိုးစားထိန်းနေသည်။ ခဏကြာတော့ ဆမ်ကိုလှည့်ကြည့်ပြီး အခန်းထဲမှ ထွက်သွားသည်။ ဆမ်က ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"ဒီအကြောင်း မင်း ဘယ်လိုလုပ်သိတာလဲ"

"တစ်နေ့ညတုန်းက ကျွန်တော့်အိမ်မှာ သူရှိတယ်၊ ရေချိုးခန်းထဲ ကျွန်တော်ဝင်သွားတော့ ဆေးထိုးအပ်တွေ့တာက စ,သိတာ"

သူ့မျက်နှာ ရဲခနဲဖြစ်သွားသည်ကို မြင်လိုက်ရသည်။ သူ့မျက်လုံးများမှာလည်း မသင်္ကာသည့် အမူအရာဖြင့် အရောင်တောက်လာသည်။

"သူက မင်းအိမ်မှာ ဘာလုပ်နေတာလဲ"

ကျွန်တော်က ဘာမှပြန်မဖြေ။

ကျွန်တော့်အင်္ကျီရင်ဘတ်ကို သူ စုဆွဲကိုင်လိုက်သည်။

"ငါမေးတာဖြေစမ်း ခွေးသား၊ မင်းအိမ်မှာ သူဘာလုပ်နေတာလဲ"

သူ့မျက်လုံးထဲမှ ဒေါသရောင်များကို ကျွန်တော် စိုက်ကြည့်သည်။ ပြီးတော့ သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်သည်။

"သူ ကျွန်တော်နဲ့ အတူတူနေနေတာ"

စည်ပိုင်းလောက်ဝ,သော သူလိုလူတစ်ယောက် ဒါလောက်လျင်မြန်လိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်တော် ထင်မထားခဲ့။ ယခုမူ သိပ်နောက်ကျသွားပြီ။ သူ့လက်သီးတစ်လုံး ကျွန်တော့်ဗိုက်ထဲသို့ ဝင်လာသည်။ ကျွန်တော် ရှေ့သို့ ညွတ်ကျသွားသည်။ တစ်ဆက်တည်း ဖက်ပိုးပေါ်သို့ သူ့လက်များ ကျလာသည်။ ကြမ်းပြင်ပေါ်သို့ မှောက်လျက်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း ကျွန်တော့်ဘေးကို ဖိနပ်ဦးဖြင့် ကန်ထည့်လိုက်သည်။

"ပါပါ. . . ပါပါ. . ."

ဂျူနီယာကအော်ပြီး သူ့လက်ကိုဝင်ဆွဲသည်။

"ဖယ်စမ်း၊ ဒီခွေးသားကို အသေသတ်ရမယ်" ဟုပြောရင်း ဂျူနီယာကို တွန်းထုတ်လိုက်သည်။

ထိုင်ခုံအစွန်းကို တင်းတင်းကိုင်ပြီး ကျွန်တော် ထ,ရပ်သည်။ ဆမ်က ကျွန်တော့်ဆီသို့ တိုးလာသည်။ သူ့ကို ကျွန်တော် မော့်ကြည့်သည်။ ကျွန်တော့်တွင် လှုပ်ရှားနိုင်စွမ်း မရှိတော့ပါ။

ဂျူနီယာက သူ့အဖေကို ပြေးဆွဲပြန်သည်။

"အန်ကယ်စတီဖင်ကို မီရီယမ် တစ်သက်လုံး ချစ်လာတာ ပါပါ"

ဆမ်က ဂျူနီယာကို ထိုးလွှတ်လိုက်သည်။ စာအုပ်စင်များဘက်သို့ ဂျူနီယာ လွင့်သွားသည်။ သူ့ကိုယ်ပေါ်သို့ စာအုပ်များ ပြိုကျလာသည်။

"ဖယ်စမ်းလို့ မင်းကို ငါပြောထားတယ် မဟုတ်လား"

ဂျူနီယာက ကြောက်ရွံ့စွာ လှမ်းကြည့်နေသည်။ ပြီးတော့ ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော် မတ်တတ်ရပ်မိပြီ။ သို့သော်လည်း လဲကျမသွားအောင် ခုံကိုထိန်းကိုင်ထားရဆဲ ဖြစ်သည်။

"ခွေးသား. . . ငါ့သမီးကိုတောင် ချမ်းသာမပေးဘူး၊ တစ်ကမ္ဘာလုံးမှာရှိနေတဲ့ မိန်းမတွေနဲ့ မင်း မတင်းတိမ်နိုင်သေးဘူးလား" ဟု ကျွန်တော့်မျက်နှာကိုစိုက်ကြည့်ရင်း အော်ပြန်သည်။

သူ့လက်သီးတစ်ဖက် နောက်သို့ဆုတ်သွားသည်ကို ခပ်ဝါးဝါးမြင်ရသည်။ သို့သော်လည်း ထိုလက်သီးကို ကာကွယ်နိုင်စွမ်း ကျွန်တော့်မှာ လုံးဝမရှိတော့ပါ။ ခွန်အားများ လုံးဝမရှိတော့ပါ။

ထိုအချိန်မှာပင် ကျွန်တော်တို့နှစ်ယောက်ကြားသို့ ဒင်းနိစ် ရုတ်တရက် ရောက်လာသည်။

"ဆမ်. . ."

ထိုနေရာမှာ ဆမ် ရပ်မြဲရပ်နေသည်။ သူ ငြိမ်နေသည်။ လက်သီးကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲဖြစ်သည်။

"မီရီယမ် အသက်နှစ်ဆယ့်နှစ်နှစ်ရှိပြီ ဆမ်၊ အရွယ်ရောက်နေပြီ၊ ကလေး မဟုတ်တော့ဘူး၊ စတီဖင်အနေနဲ့ ကျွန်မတို့အပေါ် စေတနာမထားရင် လာပြောနေစရာ ဘာအကြောင်းမှ မရှိဘူး" ဟု ဒင်းနိစ်က ပြောသည်။

ဆမ်က ဒင်းနိစ်ကို စိုက်ကြည့်နေသည်။

"နင် ဖယ်စမ်း" ဟုလည်း ဒေါသတကြီးအော်သည်။

"သူဟာ ကျွန်မသမီး၊ ရှင့်သမီးမဟုတ်ဘူး ဆမ်၊ စတီဖင်ကို ရှင် လုံးဝရန်မရှာပါနဲ့" ဟု တည်ငြိမ်သည့်လေသံဖြင့် ပြောသည်။

ဆမ်မှာ ပြင်းထန်စွာ အထိုးအနှက်ခံလိုက်ရသူလို မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်နေသည်။ သူ့လက် တဖြည်းဖြည်း အောက်သို့ကျသွားသည်။ သူ့လက်ချက်ပြင် နာနေ

www.burmeseclassic.com

www.burmeseclassic.com



သည့်ကြားမှပင် သူ့ကို ကျွန်တော် အသနားကြီး သနားသွားမိပါသည်။ ကျွန်တော့်မျက်စိရှေ့မှာပင် သူ သေးသေးကလေး ဖြစ်သွားသည်ဟု ထင်လိုက်ရသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ဒေါက်တာဒေးဗစ်၏နောက်မှ သူ့ရုံးခန်းအတွင်းသို့ ကျွန်တော် ဝင်လိုက်သွားသည်။

"လူနာက သိပ်တော့မလွယ်ဘူး၊ အခုအချိန်ဟာ သူ့အဖို့ အခံစားရဆုံးအချိန်ပဲလေ" ဟု ပြောသည်။

ကျွန်တော်က ဘာမှပြန်မပြော။

"သူ့ကို ရှင် တွေ့လို့တောင် ဖြစ်ပါ့မလားမသိဘူး"

"သူ ဒီကိုရောက်တာ အခု နှစ်ပတ်ရှိသွားပြီလေ" ဟု ကျွန်တော်က ပြောသည်။

"ဒီရောဂါမျိုးက ယူပစ်သလိုပျောက်အောင် လုပ်လို့မရဘူးလေ၊ ကျွန်မတို့က ကြိုးစားကုရုံပဲ ကုလို့ရတယ်၊ နောက်ပြီး သူစွဲနေတာက သုံးနှစ်တောင် ကျော်သွားပြီဆိုတော့ ချက်ချင်းဘယ်ပျောက်နိုင်မလဲ"

"အဲဒီလောက်တောင် ကြာသွားပြီလား"

"ဟုတ်တယ်၊ အဲဒီလောက်တောင် ကြာသွားပြီ၊ သူ့ကို ကိုယ်ခံကောင်းအောင်၊ စိတ်ဓာတ်ရေးရာ ကြံ့ခိုင်အောင် လုပ်နေရတယ်၊ နောက်ပြီး သူ့ကို ဒီကခေါ် ထုတ်ပေးသွားဖို့ ရှင့်ကို အယုံသွင်းလို့ ရလိမ့်မယ်ထင်နေတယ်"

ကျွန်တော်က နားထောင်နေသည်။

"ဒီအကြောင်းကို ရှင်နားလည်ဖို့ လိုပါလိမ့်မယ်၊ သူဟာ ရှင် ဒီကိုခေါ် လာတုန်းက မိန်းကလေးမဟုတ်တော့ဘူး၊ ဆေးကို အရမ်းတောင့်တနေတယ်၊ ဒီထဲကထွက်ပြေးဖို့ နှစ်ခါတောင် ကြိုးစားတယ်"

"ကျွန်တော့်ကို ဒီအကြောင်း ပြောမပြဖူးပါလား"

"ရှင့်ကို စိတ်အနှောင့်အယှက် မပေးချင်လို့ပါ၊ ဒါမျိုးက ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ သူနဲ့ ရှင့်ကို တွေ့ပေးလိုက်ရင် ရှင်သနားလာအောင် နည်းမျိုးစုံနဲ့ သူကြိုးစားလိမ့်မယ်၊ ရှင့်ဆီက အခုအချိန်မှာ သူ အလိုအပ်ဆုံးကတော့ သူ့ကိုချစ်ဖို့နဲ့ သူ့ကို နားလည်ဖို့ပါ၊ သူ့ကို ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်တတ်ဖို့ အရေးကြီးတယ်၊ သိပ်သနားသွားကြောင်း မပြနဲ့၊ အဲဒီလိုလုပ်လိုက်ရင် သူ့မျှော်လင့်ချက်တွေ အားပေးအားမြှောက်လုပ်ရာပဲ ကျမယ်၊ သိပ်တော့ မလွယ်ဘူးလေ၊ ရှင် ကိုင်တွယ်နိုင်မယ်လို့ ထင်သလား"

"ကျွန်တော် ကြိုးစားကြည့်မယ်လေ" ဟုပြောရင်း စီးကရက်တိုကို ပြာခွက်ထဲမှာ ထိုးခြေကာ ထိုင်ရာမှထ,သည်။

ဒေါက်တာဒေးဗစ်နောက်သို့ ကျွန်တော် လိုက်သွားသည်။

"သူ့ကိုမြင်လိုက်ရရင် အံ့ဩသွားတဲ့ဟန် မပြပါနဲ့၊ သူ နည်းနည်းပိန်သွားတယ်၊ သူ့ကို အားပေးစကားပြောပါ၊ သူ ချောကြောင်းလှကြောင်း ပြောပါ၊ အဲဒါတွေဟာ အများကြီး အထောက်အကူ ပြုနိုင်ပါတယ်"

မီရီယမ်၏ အခန်းတံခါးကို ခေါက်သည်။ မစ္စက်ဂရေဟမ်ပင် တံခါးဖွင့်ပေးသည်။ ကျွန်တော်တို့ကိုတွေ့တော့ အခန်းထဲကို ပြန်လှည့်ပြောသည်။

"သမီးရေ. . . ဟောဒီမှာ ဧည့်သည်လာပြီလေ၊ သမီးတွေ့ချင်နေတဲ့ ဧည့်သည်"

"စတီဖင်. . ."

မီရီယမ်၏အသံကို ကျွန်တော် ကြားလိုက်ရသည်။ ကျွန်တော့်ဆီသို့ ပြေးလာသည်။ ရင်ခွင်ထဲသို့ တန်းဝင်သည်။ မစ္စက်ဂရေဟမ်က အခန်းတံခါးပိတ်ပြီး ထွက်သွားသည်။

"စတီဖင်. . . စတီဖင်. . . စတီဖင်. . ."

ကျွန်တော့်နာမည်ကို အထပ်ထပ်ခေါ်ရင်း ငိုတော့သည်။ သူ့ကို ကျွန်တော် တင်းတင်းဖက်ထားသည်။ သူ့ဆံပင်များကိုလည်း ယုယစွာ ပွတ်သပ်ပေးသည်။

"ကျွန်မ အရုပ်ဆိုးနေမှာပေါ့နော်၊ သူတို့က မိတ်ကပ်ကလေးတောင် လိမ်းခွင့်မပေးဘူး" ဟု ကျွန်တော့်ကို မော့်ကြည့်ရင်း ပြောသည်။

"မင်း သိပ်လှပါတယ်ကွယ်"

"ကျွန်မ သိပါတယ်၊ ကျွန်မမှာ မှန်မရှိပေမယ့် ကျွန်မ ဘယ်လိုရုပ်မျိုး ပေါက်နေတယ်ဆိုတာ ကောင်းကောင်းသိပါတယ်"

"အလျှင်လိုပဲ ချောမြဲလှမြဲပါဝဲ"

ကျွန်တော့်ရင်ခွင်ထဲမှထွက်ပြီး ကုတင်စွန်းမှာ သူ သွားထိုင်သည်။

"ကျွန်မဘေးမှာ လာထိုင်ပါ" ဟုလည်း ခေါ်သည်။

သူ့ဘေးမှာ ကျွန်တော် သွားထိုင်သည်။ ကျွန်တော့်လက်တစ်ဖက်ကို သူ ဆုပ်ကိုင်ထားသည်။ ကျွန်တော် စကားမပြောနိုင်ပါ။ မငိုမိအောင် အထူးကြိုးစားပြီး ထိန်းထားရသည်။

"ကျွန်မ အခု ဆေးပြတ်သွားပြီ၊ ဒါကြောင့် ကျွန်မကို ဒီက ပြန်ခေါ်သွားပါတော့နော်"

ကျွန်တော်က ခေါင်းယမ်းပြသည်။

"မင်း အားမရှိသေးဘူးလို့ ဆရာဝန်ကပြောတယ်၊ ဒါကြောင့် အားရှိအောင် ဆက်နေရဦးမယ်တဲ့"

သူ ချက်ချင်း ဒေါသပေါက်ကွဲသွားတော့သည်။

"အဲဒီကောင်မကတော့ ဒီစကားမျိုးပဲ ပြောမှာပေါ့၊ ကျွန်မကို ဒီမှာဆက်ထားမှ သူတို့ ပိုက်ဆံပိုရမှာ မဟုတ်လား၊ ကျွန်မဆေးပြတ်ပြီး အရမ်းကျန်းမာနေတောင် အဲဒီဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



မစုတ်က ရှင့်ကိုပြောပြမှာ မဟုတ်ဘူးဆိုတာ ကျွန်မသိပါတယ်"

"မင်းရဲ့ကျန်းမာရေး အများကြီးတိုးတက်လာပြီလို့ ကိုယ့်ကိုပြောပါတယ်" ဟု ကျွန်တော် သတိနှင့် ပြန်ပြောရသည်။

"အလကားအရှုးတွေ၊ ဒီမှာရှိတဲ့ လူနာတွေကို သူတို့ ဘယ်လိုဆက်ဆံတယ်ဆိုတာ ကျွန်မပြောပြရင် ရှင် ယုံမှာတောင်မဟုတ်ဘူး၊ မစ္စက်ဂရေဟမ်ဆိုတဲ့ သူနာပြုဆရာမကို သိတယ်မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"အရမ်းဆိုးတယ်၊ မိန်းမကြမ်းကြီး၊ ကျွန်မကို ရိုက်နှက်ထားတာကြည့်စမ်း၊ အရှိုးတွေ ချည်းပဲ"

မီရီယမ်က သူ့နောက်ကျောကို လှန်ပြသည်။ ဘာမှမရှိပါ။ အနည်းငယ်ပိန်သွားသောကြောင့် နံရိုးများပေါ်နေသည်ကိုသာ တွေ့ရသည်။

"ကဲပါ. . . အအေးမိနေဦးမယ်၊ လာ. . . ဒီနားမှာပြန်လာထိုင်"

"သူတို့က လူတိုင်းကို အရူးလုပ်နေကြတာ၊ ကျွန်မကိုတော့ ဘယ်လိုလုပ်လို့ရမလဲ ကျွန်မက သူတို့ထက် ပိုလည်တာပဲ"

သူ့ကို ကျွန်တော်ကြည့်သည်။ သူ ငိုပြန်သည်။

"ကျွန်မကို ပြန်ခေါ်သွားပါတော့ စတီဖင်၊ ကျွန်မ ဒီမှာဆက်နေရင် ရူးတော့မှာ သေချာတယ်"

သူ့ကို ကျွန်တော် ပွေ့ထားသည်။ သူတစ်ကိုယ်လုံး တုန်နေသည်။ ကျွန်တော့်ကို သူမော့ကြည့်ပြန်သည်။

"ကျွန်မကို ပြန်ခေါ်သွားပါတော့နော်၊ တကယ်ပါ၊ ကျွန်မ တကယ်နေကောင်းသွားပါပြီ၊ ဆေးလည်းဖြတ်ပါပြီ"

"ခဏတော့ နေပါဦးကွယ်၊ မင်းအားရှိလာအောင် ခဏတော့ စောင့်လိုက်ပါဦး"

သူ့ကိုယ်ကို ကုတင်ပေါ်သို့ ပစ်လှဲချလိုက်ပြီး ရှိုက်ကြီးတငင် ငိုတော့သည်။ သူ့ပခုံးကလေးကို ကျွန်တော် သွားကိုင်သည်။ ကျွန်တော့်လက်ကို ကြမ်းကြမ်းတမ်းတမ်း ပုတ်ထုတ်ပစ်လိုက်သည်။

"ငါ့ကို လာမထိနဲ့၊ သွားသေလိုက်" ဟုလည်း ဒေါသတကြီး အော်သည်။

ထိုနေရာမှာ ခဏကြာအောင်ရပ်ပြီး သူ့ကို ငုံ့ကြည့်နေမိသည်။ ပြီးတော့ အပေါက်ဆီသို့ ကျွန်တော် ပြန်လှည့်ခဲ့သည်။

"စတီဖင်. . ."

သူ့အော်သံကို ကြားရသည်။ လှည့်ကြည့်သောအခါ ကြမ်းပေါ်သို့ သူရောက်နေပြီး ကျွန်တော့်ခြေထောက်နှစ်ဖက်ကိုလည်း သိမ်းဖက်ထားသည်။

"ကျွန်မကို ပြန်ခေါ်သွားပါ၊ ကျွန်မ လိမ်လိမ်မာမာနေပါ့မယ်၊ ရှင့်ပြောစကားအားလုံးကို နားထောင်ပါ့မယ်"

သူ့ကို ကျွန်တော်ဆွဲထူပေးပြီး ဖက်ထားမိသည်။

"အကြာကြီးနေရတော့မှာ မဟုတ်ပါဘူးကွယ်"

ကျွန်တော့်အိတ်ထဲသို့ သူ လက်နှိုက်လိုက်သည်။ ကျွန်တော် သတိမထားမိလိုက်မီ

www.burmeseclassic.com

www.burmeseclassic.com



မှာပင် အိတ်ထဲကဖောင်တိန်ကို သူဆွဲယူလိုက်သည်။ ပြီးတော့ ကျွန်တော့်မျက်နှာကို ချိန်ထား သည်။

"ကျွန်မကို ပြန်ခေါ်ရင်ခေါ်၊ မခေါ်ရင် ရှင့်မျက်လုံးကို ထိုးဖောက်ပစ်မယ်" ဟု အသံကုန်အော်သည်။

သူ့မျက်လုံးများကို ကြည့်ခြင်းအားဖြင့် တကယ်လုပ်တော့မည်ဖြစ်ကြောင်း ကျွန်- တော် သိလိုက်ပါသည်။

"ကောင်းပြီလေ၊ ဒါပေမယ့် တံခါးဖွင့်လို့ ဘယ်ရမလဲ၊ သော့ခတ်ထားတာပဲ၊ ကိုယ့် မှာလည်း သော့မရှိဘူး၊ သူနာပြုဆရာမကြီးကို ခေါ်ဦးမှဖြစ်မှာပေါ့" ဟု ကျွန်တော်က တည် ငြိမ်စွာပြောသည်။

ကုတင်ဘေးမှာရှိသည့် လူခေါ်ခေါင်းလောင်းဆီသို့ သူ့မျက်လုံးများ ရောက်သွား သည်။ ဒါလောက်အချိန်ဆိုလျှင် လုံလောက်သွားပါပြီ။ သူ့လက်ထဲမှ ဖောင်တိန်ကို ကျွန်တော် ပြန်ဆွဲယူလိုက်သည်။ ကျွန်တော့်ကိုပြန်ကြည့်သည့် သူ့မျက်လုံးများမှာ မယုံကြည်နိုင်သလို ဖြစ်နေသည်။

"ကျွန်မကို လိမ်တယ်၊ ရှင် ကျွန်မကိုလိမ်တယ်" ဟု ကလေးသံကလေးဖြင့် ပြောရင်း သူ့မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုတော့သည်။

သူ့ကို ကျွန်တော် ပွေ့ထားရပြန်သည်။

"မင်း ဒုက္ခခံစားနေရတယ်ဆိုတာ ကိုယ် သိပါတယ်ကွယ်၊ ဒါပေမယ့် ကြိုးစားသည်း ခံလိုက်ပါဦး၊ မင်း အမြန်ဆုံးနေကောင်းရင် အိမ်ကို အမြန်ဆုံး ပြန်ရောက်မှာပါ"

"ကျွန်မ ကောင်းနေပြီ. . . ကျွန်မ ကောင်းနေပြီ"

ထိုအချိန်မှာပင် တံခါးပွင့်သွားသည်။ သူနာပြုဆရာမကြီး ဝင်လာသည်။ လူနာတွေ့ ချိန် ကုန်ဆုံးသွားပါပြီ။

❑

ဆရာဝန်က ကျွန်တော့်ကို စောင့်နေသည်။ သူ့ရုံးခန်းထဲ လိုက်ခဲ့ပါဦးဆိုသဖြင့် လိုက်သွားရသည်။ ရုံးခန်းရောက်တော့ ဝီစကီလက်နှစ်လုံးခန့် ထည့်လိုက်သည်။

"ဒါလေး သောက်လိုက်ပါ"

ရေသောက်သလို ကျွန်တော် သောက်ချလိုက်သည်။ မီးစနှင့် ထိုးသွင်းလိုက်သလို ဖြစ်သွားသည်။ နေသာထိုင်သာ ရှိသွားသည်။

"မလွယ်ဘူးနော်" ဟု ကျွန်တော်က ပြောသည်။

"ကျွန်မ သိပါတယ်၊ ရှင်တို့ စကားပြောနေကြတာတွေကို ကျွန်မတို့ နားထောင်နေ တယ်၊ လူနာတွေရဲ့ အခန်းတိုင်းမှာ မိုက်ကရိုဖုန်း တပ်ထားပါတယ်၊ ဒါမှ သူတို့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ကျွန်မတို့ အမြဲသိနေနိုင်မှာပေါ့၊ ရှင် သူနဲ့ဆက်ဆံတာ သိပ်ကောင်းပါ တယ်"

"ကျွန်တော်လည်း ဒီလိုပဲထင်ပါတယ်" ဟု ကျွန်တော် ပြန်ပြောသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော် စိတ်ချမ်းသာအောင် သူပြောခြင်းဖြစ်သည်ဟု စိတ်ထဲမှာ ထင်နေမိသည်။

ကျွန်တော်နှင့်အတူတူ မော်တော်ကားဆီသို့ သူလိုက်လာသည်။

"တစ်ခုလောက် မေးပါရစေဦး မစ္စတာဂေါက်၊ သူ့ကို ရှင် ချစ်နေပါသလား"

ကျွန်တော် အကြာကြီး စဉ်းစားနေမိသည်။ နောက်ဆုံးတွင်မှ အဖြေပေးလိုက်နိုင်တော့သည်။

"ကျွန်တော်မသိဘူး"

ကျွန်တော့်မျက်လုံးများကို ခဏကြာအောင် သူ စိုက်ကြည့်နေသည်။ ပြီးတော့မှ မျက်လွှာချသွားသည်။

"ကျေးဇူးတင်ပါတယ် မစ္စတာဂေါက်" ဟု ခပ်တိုးတိုး ပြောသည်။

ကားထဲဝင်ပြီး ကျွန်တော် စက်နှိုးသည်။ မော့်ကြည့်လိုက်သောအခါ အဆောက်အအုံဘက်သို့ ပြန်သွားနေသော ဒေါက်တာရှယ်လီဒေးဗစ်ကို တွေ့လိုက်ရလေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

နောက်တစ်ကြိမ် ကျွန်တော်သွားသောအခါ မီရီယမ်က ကျွန်တော်နှင့် မတွေ့လို ကြောင်း ပြောသည်ဟု သိရသည်။

"မနက်တုန်းကအထိ ကျွန်မကို ဘာမှမပြောသေးဘူး၊ သူက မတွေ့ချင်ဘူးဆိုတော့ ရှင့်ဆီ ဖုန်းဆက်သေးတယ်၊ ဒါပေမယ့် ရှင် အိမ်ကထွက်သွားနှင့်နေပြီ" ဟု ဒေါက်တာရှယ်လီ ဒေးဗစ်က ပြောသည်။

"ကျွန်တော် နားမလည်ဘူး"

"နည်းမျိုးစုံနဲ့ သူ ပညာပြနေတာလေ၊ သူ့ကို ခေါ်မသွားရကောင်းလားဆိုပြီး ရှင့်ကို သူ ဒေါက်ခတ်နေတဲ့ သဘောပေါ့၊ ဒါမှ သူ့ကို ပြန်ခေါ်မယ်လို့ သူတွက်နေတယ်"

ကျွန်တော်က ငြိမ်နေသည်။

"ဘာပဲဖြစ်ဖြစ် တိုးတက်မှုတော့ ရှိတန်သလောက် ရှိပါတယ်၊ သူ ဒီကိုရောက်တာ တစ်လရှိသွားပြီပဲ၊ သူ့ခန္ဓာကိုယ်က ဆေးတောင်းမှုတော့ အထိုက်အလျောက် လျော့ပါးစ ပြုလာပါပြီ၊ ခက်နေတာက စိတ်ရောဂါအထူးကု ဆရာဝန်နဲ့တွေ့ဖို့ ငြင်းနေတယ်၊ တွေ့ပြန်ရင်လည်း စကားမပြောဘူး"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ"

"စိတ်ရှည်ရှည်နဲ့ ကြိုးစားရမှာပဲ၊ အခုအချိန်အထိတော့ ကျွန်မတို့အားလုံးကို ရန်လုပ်နေတယ်"

မစ္စက်ဂရေဟာမ် ဝင်လာသည်။ ဆရာဝန်ကို စာတစ်စောင် ပေးသည်။

"စာတိုက်က ထည့်ပေးပါလို့ ပြောတယ်"

ပြီးတော့ ကျွန်တော့်ကို မြင်သွားသည်။

"အိုး ... နေကောင်းပါသလား မစ္စတာဂေါက်၊ ကျွန်မတို့လူနာ ဒီကနေ့ အတော် ကလေး ခေါင်းမာနေတယ်၊ ဒါပေမယ့် မကြာခင် အဆင်ပြေသွားမှာပါ" ဟု ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com


နှုတ်ဆက်ရင်း ရှင်းပြသည်။ ပြီးတော့ အခန်းထဲမှ သူထွက်သွားသည်။

ဒေါက်တာဒေးဗစ်က စာအိတ်ကို ငုံ့ကြည့်သည်။ ဘာမှမပြောဘဲ ကျွန်တော့်ဆီသို့ လှမ်းပေးသည်။

ကျွန်တော့်လိပ်စာ တပ်ထားသည်။ ဖွင့်လိုက်သောအခါ ခဲတံဖြင့် ကလေးလေးလို ရေးထားသည့် စာတစ်စောင်ကို တွေ့ရသည်။

ချစ်သောစတီဖင်

ကျွန်မနဲ့တွေ့ဖို့ မနေ့က ရှင်လာတုန်းက ကျွန်မက မတွေ့ချင်ဘူးလို့ သူတို့က ရှင့်ကို ပြောလိုက်ကြတယ်။ သူတို့ညာတာ။ ကျွန်မကို ဒီမှာ အကျဉ်းသားလိုထားပြီး နေ့တိုင်းရိုက်တယ်။ အမှန်တော့ ပိုက်ဆံလိုချင်လို့ လုပ်နေတာ။ ကျွန်မ နေကောင်းပါပြီ။ ကျွန်မ အရမ်းတွေ့ချင်တယ်။ ကျွန်မကို လာခေါ်ပါနော်။

မီရီယမ်

"ဖတ်ကြည့်ပါဦး၊ ခင်ဗျားပြောတာတွေ မှန်ပါတယ်" ဟုပြောရင်း စာကို ဒေါက်တာဒေးဗစ်အား လှမ်းပေးလိုက်သည်။

သူက ဘာမှပြန်မပြောဘဲ ငုံ့ကြည့်နေသည်။ ကျွန်တော်က ထိုင်ရာမှ ထ,သည်။

"ရှေ့အပတ် ဒါရိုက်တာအဖွဲ့ အစည်းအဝေးအတွက် နယူးယောက်မြို့ကို ကျွန်တော် သွားစရာရှိနေတယ်၊ ဟိုမှာ ကျွန်တော် ဆယ်ရက်လောက်ကြာမယ်"

"စိတ်ချလက်ချသွားပါ မစ္စတာဂေါက်၊ ပြဿနာတစ်ခုခုရှိရင် ကျွန်မ ဖုန်းဆက်ပါ့မယ်၊ ဒါပေမယ့် ဘာပြဿနာမှ မပေါ်နိုင်ဘူးလို့ ကျွန်မ ထင်ပါတယ်"

သို့သော်လည်း သည်တစ်ချီတော့ ဆရာဝန်၏အထင် မှားသွားလေတော့သည်။

❑

ဒါရိုက်တာဘုတ်အဖွဲ့ အစည်းအဝေးမတိုင်မီ တစ်ရက်တွင် ဒင်ရစ်ချီက ဆမ်ဘင်ဂျမင်ကို တရားစွဲလိုက်သည်။

ကျွန်တော်တို့ကုမ္ပဏီသို့ ဆမ်ရောင်းသည့် ရုပ်ရှင်ကား ဆယ့်နှစ်ကားအတွက် ရ(?)သော ငွေနှစ်သန်းခွဲပေါ်မှ ပွဲခ ဆယ်ရာခိုင်နှုန်း ငွေနှစ်သိန်းခွဲရလိုမှုနှင့် တရားစွဲခြင်းဖြစ်လေသည်။ ငွေနှစ်သိန်းခွဲအပြင် သူ့ဂုဏ်သိက္ခာထိခိုက်မှုအတွက် လျော်ကြေး၊ တရားစရိတ်များပါ ဆမ်ထံမှရလိုကြောင်း တောင်းဆိုသည်။

ဆမ်နှင့် တစ်ပါတည်း စင်ကလဲယား အသံလွှင့်ကုမ္ပဏီ၊ စင်ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီနှင့် ကျွန်တော့်ကိုပါ ကြံရာပါများအဖြစ် ထည့်သွင်းတရားစွဲဆိုလိုက်လေသည်။ သူ ရသင့်ရထိုက်သော ပွဲခ,မရအောင် ကျွန်တော်တို့က ဆမ်နှင့် တိတ်တဆိတ် ကျိတ်ကြံစည်သည်ဟု စွပ်စွဲသည်။

တရားစွဲဆိုသည်နှင့် တစ်ပြိုင်တည်း သတင်းစာတိုက်များသို့ ကြေညာချက် တစ်(?)စောင်လည်း ထုတ်ပြန်လိုက်သေးသည်။ အကယ်၍ သူ၏တောင်းဆိုချက်များကို မလိုက်(?)

www.burmeseclassic.com

www.burmeseclassic.com



ပါက စင်ကလဲယားကုမ္ပဏီနှင့် ဆမာကန်ကုမ္ပဏီတို့ ပူးပေါင်းပြီး ဥပဒေကိုဆန့်ကျင်ကာ ငွေကြေးအမြတ်အစွန်းရှာသည့် အကြောင်းပါ ဖွင့်ချမည်ဟု ခြိမ်းခြောက်လိုက်သော ကြေညာချက်ဖြစ်သည်။

အစည်းအဝေးကျင်းပမည့် နေ့မှာပင် နယူးယောက်မြို့သို့ ကျွန်တော် ရောက်သွားသည်။ ဂျက်က ကျွန်တော့်ရုံးခန်းထဲမှာ စောင့်နေသည်။

"မောင်ရင်ပြောတာ မှန်တယ်၊ ကျုပ် တစ်ခါမှ မစဉ်းစားခဲ့မိဘူး၊ ဆမ်နဲ့ ဒင်ရစ်ခ်ျိဟာ ဘာမှမထူးဘူး၊ နှစ်ကောင်စလုံး လောဘကြီးတဲ့ ခွေးသူခိုးတွေချည်းပဲ"

"ဒီစကား လူမကြားစေနဲ့နော်၊ ဟား. . . ဟား၊ ကျွန်တော်တို့ရဲ့ အမှုတွဲအပေါ် ဒီလိုပြောဖို့ မကောင်းဘူး" ဟု ကျွန်တော်က ရယ်ရင်း ပြန်ပြောသည်။

"မောင်ရင်က ဘာဖြစ်လို့ အူမြူးနေရတာလဲ"

ဖော်ဂါတီက ကော်ဖီယူလာပေးသည်။

"ရှင် အဆင်ပြေတဲ့အချိန်မှာ မစ္စတာစင်ကလဲယားက တွေ့ချင်ပါတယ်တဲ့"

"သူ ရောက်နေပြီလား"

"မနက်ရှစ်နာရီကတည်းက ရောက်နေပါတယ်" ဟု ဖော်ဂါတီက ပြန်ပြောသည်။ သူမသိတာ ဘာမှမရှိ။

ဖော်ဂါတီ ပြန်ထွက်သွားသည်အထိ ဂျက် စောင့်နေသည်။

"အဲဒီလိုဆိုရင် အစီအစဉ်ကလေးတွေ ပြောပြရမလား"

"ပြော"

"အခုထုတ်လွှင့်နေတဲ့ ရော့ခ်ဖျော်ဖြေခန်းက လူသိပ်ကြိုက်နေတယ်၊ ဒါကြောင့် တစ်ပတ်မှာ နှစ်ခါလွှင့်ဖို့ စိတ်ကူးတယ်"

"မလုပ်နဲ့"

"မလုပ်လို့မရဘူး၊ တခြားအစားထိုးစရာလည်း မရှိဘူး"

"ဆမ်ဆီက ရုပ်ရှင်ကား ဆယ့်နှစ်ကားတောင် ခင်ဗျားဝယ်ထားတယ် မဟုတ်လား၊ အဲဒါတွေလွှင့်"

"နောက်နှစ်အတွက် သိမ်းထားတာ"

"နောက်နှစ်အတွက် နောက်မှရှာစမ်းပါဗျာ၊ အခု လက်ထဲရှိနေတာကို အလျင်သုံး၊ အချိန်တွေ အများကြီး ကျန်သေးတယ်၊ ဒီလုပ်ငန်းကို ကျွန်တော်လေ့လာခဲ့တာ ကြာပါပြီ၊ အခုအစီအစဉ်တွေကောင်းရင် ကျွန်တော်တို့ ရုပ်မြင်သံကြားကို လူပိုကြည့်မယ်၊ လူပိုကြည့်ရင် ကြော်ငြာရှင်တွေ ဝိုင်းလိုက်လာမယ်၊ ကြော်ငြာရှင်တွေ ဝိုင်းလိုက်လာရင် ကျွန်တော်တို့ အစုရှယ်ယာဈေးနှုန်းတွေ တိုးတက်လာမယ်၊ ဝင်ငွေပိုကောင်းလာရင် ပိုကောင်းတဲ့ ဖျော်ဖြေရေး အစီအစဉ်တွေကို စိတ်တိုင်းကျရှာနိုင်မယ်"

စကားဖြတ်ပြီး သူ့ကို ကျွန်တော်ထားခဲ့သည်။ စင်ကလဲယား၏ ရုံးခန်းသို့ သီးသန့် ဓာတ်လှေကားဖြင့် တက်ခဲ့သည်။ စားပွဲနောက်က ကုလားထိုင်မှာ သူ ထိုင်နေသည်။

ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"လေယာဉ်ပျံစီးလာရတာ ဘယ်လိုနေသလဲ၊ အဆင်ပြေရဲ့လား" ဟု သူက ထုံးစံအတိုင်း ယဉ်ကျေးစွာမေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုပါပါခဲင်ဗျား၊ အနားယူရတာရော အဆင်ပြေရဲ့လား" ဟု ကျွန်တော်က ပြန်မေးသည်။

"သိပ်ကောင်းတယ်၊ ဆောင်းရာသီမှာ အနားယူဖို့ ကာရီဘီယန်မှာ အိမ်တစ်လုံးလောက် ဝယ်မလားလို့တောင် စိတ်ကူးနေတယ်၊ ပမ်းဘီချ်မှာနားရတာ နည်းနည်းငြီးငွေ့လာပြီ"

"ဒီစိတ်ကူးမဆိုးပါဘူး" ဟုပြောရင်း သူနှင့် မျက်နှာချင်းဆိုင်မှာ ကျွန်တော် ဝင်ထိုင်သည်။

"ဒင်ရစ်ချီ တရားစွဲတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဒါရိုက်တာအဖွဲ့ဝင်တွေက တစ်မနက်လုံး ထယ်လီဖုန်းဆက်နေကြတယ်"

"ကျွန်တော့်ဆီကိုလည်း ဆက်နေကြတာပါပဲခင်ဗျာ"

"ဆမ်ဘင်ဂျမင်နဲ့ကိစ္စကို ဒယ်ဒီ သေသေချာချာ မသိဘူး၊ ဒါကြောင့် ဟာလေကို မေးကြည့်ရတယ်၊ ဟာလေကတော့ တရားစွဲစရာ ဘာအကြောင်းမှမရှိဘူးလို့ ပြောတယ်"

ဟာလေသည် ကျွန်တော်တို့ကုမ္ပဏီ၏ ဥပဒေအကျိုးဆောင်ချုပ် ဖြစ်သည်။

"ဒင်ရစ်ချီ စွပ်စွဲထားသလို ဒယ်ဒီတို့ ပတ်သက်မနေဘူးလို့ ထင်တယ်၊ ဒယ်ဒီ မသိတာတွေထဲက မောင်သိထားတာတွေများ ရှိနေသေးသလား"

"ရှိတယ်ထင်တယ်"

ဆမ်ကို ငွေလေးသန်းချေးလိုက်သည့်အကြောင်း ကျွန်တော် ပြောပြသည်။ ထိုသို့ ငွေချေးလိုက်သည့်အတွက် သူ၏ ဆမာကန်ကုမ္ပဏီမှ အစုရှယ်ယာလက်မှတ် နှစ်ဆယ့်ငါး ရာခိုင်နှုန်းကို အပေါင်ပစ္စည်းအဖြစ် ယူထားကြောင်းပါ ရှင်းပြလိုက်သည်။

ကျွန်တော်ရှင်းပြသည်များကို ပြီးဆုံးသည်အထိ စိတ်ရှည်လက်ရှည် သူနားထောင် နေသည်။ ပြီးတော့မှ စဉ်းစားရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"ဒီလိုလုပ်လိုက်တာဟာ သိပ်တော့ ပညာရှိမဆန်ဘူး" ဟု ပြောသည်။

"ဆမာကန်ကုမ္ပဏီထဲမှာ ကျွန်တော့်အစု နှစ်ဆယ့်ငါးရာခိုင်နှုန်း ပါနေပေမယ့် သူ့ရုပ်ရှင် ဆယ့်နှစ်ကားကို စင်ကလဲယားကုမ္ပဏီအတွက် ဝယ်ပါ့မယ်ဆိုတဲ့ သဘောတူညီချက် မျိုး လုံးဝမပါဘူး၊ အဲဒီရုပ်ရှင်ကားတွေကို ဂျက်ဝယ်လိုက်တာ ကျွန်တော် သိတောင်မသိဘူး သူတို့နှစ်ယောက် သဘောတူစာချုပ် ချုပ်ပြီးတော့မှ ကျွန်တော်သိရတာ"

"ဒီအကြောင်းတွေ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှာ ရှင်းပြလိုက်ပါ" ဟု သူက ပြောသည်။

"ကျွန်တော်လည်း ရည်စူးထားပါတယ်" ဟုပြောရင်း ကျွန်တော်က ပြန်ထွက်လာခဲ့ သည်။

အစည်းအဝေးမှာ ထိုအကြောင်းများကို ကျွန်တော်ရှင်းပြသည်။ သို့သော်လည်း အဖွဲ့ဝင်များသည် စင်ကလဲယားလို တည်ငြိမ်မှုမရှိကြပါ။

စင်ကလဲယားကုမ္ပဏီနှင့် ဆမာကန်ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းကို အတူ တွဲ လုပ်ကိုင်နေကြောင်း၊ ထို့ကြောင့် ကျွန်တော့်အနေဖြင့် ဆမာကန်ကုမ္ပဏီမှ အစုရှယ်ယာ မဝယ်သင့်ကြောင်း၊ နောက်တစ်ဖန် စင်ကလဲယား ရုပ်မြင်သံကြားအတွက် ဆမာကန်ကုမ္ပဏီ ရုပ်ရှင်ဆယ့်နှစ်ကား ဝယ်ယူခြင်းသည်လည်း မှားယွင်းကြောင်း၊ ကျွန်တော့်အနေဖြင့် နစ်နာ ကွမ်း အမြတ်ရအောင်လုပ်သည်နှင့် တူနေကြောင်း၊ တည်ဆဲဥပဒေများဖြင့် အရေးယူနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ပွက်လောညံအောင် ဆွေးနွေးကြလေတော့သည်။

"ဒီကိစ္စကို တရားရုံးအပြင်မှာ ညှိနှိုင်းဖြေရှင်းလိုက်ရင် ကောင်းမယ်ထင်တယ်၊ တရားတပေါင် ဖြစ်ရတယ်ဆိုရင် ကျွန်တော်တို့ကုမ္ပဏီ နာတယ်" ဟု ဟာလေက ပြောသည်။

"အပြင်မှာဖြေရှင်းဖို့နည်းကို ကျွန်တော် ကန့်ကွက်ပါတယ်" ဟု ကျွန်တော်က ပြောသည်။

"ရုပ်ရှင်ဆယ့်နှစ်ကား ဆမ်ဆီကဝယ်တာကို ခင်ဗျားကိုယ်တိုင် ခွင့်ပြုတယ်လို့ပဲ စွပ်စွဲကြမှာပဲ၊ ငြင်းလို့မရနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဆမာကန်ကုမ္ပဏီမှာ ခင်ဗျားအစုနှစ်ဆယ့်ငါးရာခိုင်နှုန်း ရှိနေတယ်၊ ဒါကြောင့် အဲဒီကုမ္ပဏီက ငွေမြတ်ရင် ခင်ဗျားအမြတ်ရမယ်၊ အမြတ်ရအောင် ဝယ်ခွင့်ကို ခင်ဗျားပေးခဲ့တယ်ဆိုတဲ့ သဘောဖြစ်နေပြီ"

"ဆမာကန်ကုမ္ပဏီထဲမှာ ကျွန်တော့်အစုရှိတာ မဟုတ်ဘူး၊ ကျွန်တော်ချေးလိုက်တဲ့အကြွေး လေချာပေါက် ပြန်ရအောင် အပေါင်ပစ္စည်းအဖြစ် အစုရှယ်ယာလက်မှတ်တွေကို စာချုပ်စာတမ်းနဲ့ သိမ်းထားတာ"

"ခင်ဗျားအကြွေးကို ဆမ် ပြန်ဆပ်နိုင်လိမ့်မယ်လို့ ထင်သလား" ဟု ဟာလေက မေးပြန်သည်။

"နည်းနည်းကလေးမှ သံသယမရှိပါဘူးဗျာ"

"အကြွေးပြန်ဆပ်တယ်ဆိုရင်လည်း စင်ကလဲယားကုမ္ပဏီက ရုပ်ရှင်ဆယ့်နှစ်ကား ဝယ်လိုက်တဲ့အတွက် ပြန်ဆပ်နိုင်တာဆိုတဲ့ သဘောမျိုး ဖြစ်နေပြန်တယ်၊ ဒါကြောင့် ဆမ်ဆီတ ဒင်ရစ်ချီ ရ,ရမယ့်ပွဲခကို ကျွန်တော်တို့ကစိုက်ပေးပြီး တရားမစွဲဖို့ ညှိနှိုင်းမှဖြစ်တော့မယ်၊ ဒီလိုမှမလုပ်ရင် ပိုရှုပ်ကုန်တော့မယ်"

"ကျွန်တော် လက်မခံနိုင်ဘူး၊ ဒါဟာ လာဘ်ထိုးတဲ့သဘောမျိုး ဖြစ်နေတယ်၊ လာဘ်ထိုးရင် နောက်ဆက်တွဲအနေနဲ့ ဖြေရှင်းလို့မရနိုင်တဲ့ အမှုပေါင်းထောင်ချီပြီး ပေါ်လာလိမ့်မယ်၊ ကျွန်တော့်ဘက်က ရိုးတယ်၊ ရှင်းတယ်၊ စာချုပ်စာတမ်း အပြည့်အစုံရှိတယ်၊ ဒါကြောင့် တရားရုံးမှာပဲ ရင်ဆိုင်ပါ"

စည်းဝေးခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။ စင်ကလဲယားကို ကျွန်တော် လှမ်းကြည့်သည်။ သူ့မျက်နှာတွင် ဘာအမူအရာမှ မရှိ။ ကျွန်တော့်ဘေးနားက တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။

"ခွင့်ပြုပါနော်" ဟု အားလုံးကိုတောင်းပန်ပြီး ဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်သည်။

ဖော်ဂါတီ၏အသံကို ကြားရသည်။

"ကျွန်မ အနှောင့်အယှက်ပေးဖို့ မကောင်းပါဘူး မစ္စတာဂေါက်၊ ဒါပေမယ့် ကာလီဖိုးနီးယားပြည်နယ်တနေ ဒေါက်တာရှယ်လီဒေးဗစ် ဖုန်းဆက်ပါတယ်၊ သိပ်အရေးကြီးတယ်လို့ ပြောပါတယ်"

"ကိုယ့်လိုင်းနဲ့ ဆက်ပေးလိုက်"

လိုင်းဆက်သံ ကြားရသည်။

"ဒေါက်တာဒေးဗစ်"

www.burmeseclassic.com

www.burmeseclassic.com



"သတင်းဆိုးပြောရမှာမို့ စိတ်မကောင်းပါဘူး မစ္စတာဝေါက်၊ ဒီနေ့မနက်ပဲ လူနာ ထွက်ပြေးသွားပြီ"

"ဘယ်လိုပြေးတာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။

"ကျွန်မတို့လည်း မသိပါဘူး၊ ဒီနေ့မနက် သူ့အခန်းကို မစ္စက်ဂရေဟမ်သွားတော့ လူနာမရှိတော့ပါဘူး၊ တစ်ဝင်းလုံး နေရာအနှံ့အပြား ကျွန်မတို့ ရှာကြပါတယ်၊ လုံးဝ မတွေ့ တော့ပါဘူး၊ ရဲကို အကြောင်းကြားပေးစေချင်ပါသလား"

ကျွန်တော် ခဏစဉ်းစားသည်။ ရဲကို အကြောင်းကြားခြင်းက အကောင်းဆုံးဖြစ်နိုင် သည်။ သို့သော်လည်း သတင်းစာများမှ ခေါင်းစည်းစာလုံး အမည်းကြီးများကို ကျွန်တော် မြင်ယောင်လိုက်မိသည်။

"မလုပ်နဲ့၊ ဘာဆိုဘာမှ မလုပ်နဲ့၊ နောက်ထွက်မယ့် လေယာဉ်ပျံနဲ့ ကျွန်တော် လိုက်လာခဲ့မယ်"

စားပွဲပတ်လည်ကို ကျွန်တော် ကြည့်သည်။ ကျွန်တော် ဖုန်းစကားပြောနေခိုက် သူတို့ချင်း အပြင်းအထန် ဆွေးနွေးနေကြသည်။

"ဒီကိစ္စကို ကျွန်တော်တို့ မဲခွဲဆုံးဖြတ်မယ်၊ စင်ကလဲယားအသံလွှင့်ကုမ္ပဏီ၊ စင် ကလဲယား ရုပ်မြင်သံကြားကုမ္ပဏီနဲ့ မစ္စတာစတီဖင်ဝေါက်အပေါ် ဒင်ရစ်ချ် တရားစွဲဆိုထားတဲ့ အမှုကို တရားရုံးပြင်ပမှာ ညှိနှိုင်းဖြေရှင်းဖို့အဆိုကို ကျွန်တော် တင်သွင်းပါတယ်" ဟု ဟာလေ က ပြောသည်။

ကျွန်တော်က ထိုင်ရာမှထပြီး ခြေလှမ်းကျဲကျဲဖြင့် အပေါက်ဝဆီသို့ ထွက်လာခဲ့ သည်။

"စတီဖင် . . . ခဏနေဦးလေ၊ ကျွန်တော် အခုပဲ အဆိုတင်နေတယ်၊ ခင်ဗျား မဲ ပေးသွားဦးမှပေါ့" ဟု ဟာလေက အလန့်တကြား လှမ်းအော်ပြောသည်။

သူ့ကို ကျွန်တော် စိုက်ကြည့်လိုက်သည်။

"ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ မဲပေး၊ ကျုပ် ဘာကိုမှ သောက်ဂရုမစိုက်ဘူး" ဟု ပက်ပက်စက်စက်ပြောပစ်ပြီး ထွက်လာခဲ့တော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

လေယာဉ်ပျံပေါ်မှ ကျွန်တော် ဆင်းသွားသောအခါ အဝင်ဝတွင် ဒေါက်တာရှယ်လီ ဒေးဗစ် စောင့်နေသည်ကို တွေ့ရသည်။ ကျွန်တော့်ဆီသို့ ဦးတည်လာနေသည်။

"ဒီလေယာဉ်ပျံနဲ့ ပါလာမယ်လို့ ရှင့်အတွင်းရေးမှူးက ဖုန်းဆက်လို့ လာစောင့်နေတာ" ဟု ပြောသည်။

"အပင်ပန်းခံပြီး လာစောင့်နေတာ အားနာစရာကြီးဗျာ၊ ကျွန်တော် ဒီကနေ တောက်လျှောက် တန်းလာခဲ့မှာပေါ့"

"ကျွန်မ သာကြိုချင်စိတ်လည်း ပေါ်နေလို့ပါ။ နောက်ပြီး သူ့ကိုပြန်တွေ့အောင် ဘယ်လိုရှာကြမလဲဆိုတာပါ တိုင်ပင်ချင်လို့" ဟုပြောရင်း ကျွန်တော့်မျက်နှာကို တည့်တည့် စိုက်ကြည့်သည်။

"သူ ဘယ်လို ထွက်ပြေးသွားတယ်ဆိုတာ သိရပြီလား"

သူက ခေါင်းယမ်းသည်။

"မသိရသေးဘူး၊ ဒါပေမယ့် လော့စ်အိန်ဂျလိစ်မြို့ထဲမှာပဲ သူရှိနေတယ်ဆိုတာ ကျွန်မတို့သိရပြီ"

"ဘယ်လိုလုပ် သိသလဲ"

"အလွတ်စုံထောက်ကို အကူအညီတောင်းပါတယ်၊ အလျင်တုန်းက ဒါမျိုးကြုံတိုင်း ကျွန်မတို့ အကူအညီတောင်းခဲ့တဲ့ အလွတ်စုံထောက်ပါ၊ အားကိုးရပါတယ်"

အရက်ဆိုင်အတွင်းရှိ ထောင့်တစ်နေရာမှ စားပွဲဆီသို့ ကျွန်တော့်ကို ဦးဆောင်ခေါ်သွားသည်။ ထိုစားပွဲတွင် လူငယ်တစ်ယောက် ဘီယာ ထိုင်သောက်နေသည်။ သူက ထိုင်ရာမှ ထသည်။

"နစ်ဂျွန်း . . စတီဖင်ဂေါက်ပါ၊ နစ်က အလွတ်စုံထောက်ပါပဲ" ဟု ရှယ်လီဒေးဗစ်က မိတ်ဆက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


သူ့အရပ်က ခြောက်ပေလေးလက်မလောက် မြင့်သည်။ ခပ်နွမ်းနွမ်း အဝတ်အစား များကို ဝတ်ဆင်ထားသည်။ သူလိုကိုယ်လို လူတစ်ယောက်ဟုပင် ထင်မှတ်ရနိုင်သည်။

ကျွန်တော်တို့ ကုလားထိုင်များမှာ ဝင်ထိုင်ကြသည်။ ဒေါက်တာဒေးဗစ်က အရေး များ မှာသည်။

"ရှင် စုံစမ်းလို့ရသမျှ မစ္စတာဂေါက်ကို ပြောပြလိုက်ပါ"

"လူနာဟာ ကမ်းခြေအဝေးပြေး လမ်းမကြီးပေါ်ကနေပြီး ထရပ်ကားတစ်စီး ဒီနေ့မနက် ဆယ့်တစ်နာရီလောက်မှာ တားစီးသွားပါတယ်၊ စန်တာမော်နီကာရောက်တော့ အဲဒီကား ဓာတ်ဆီဝင်ထည့်နေတုန်း ဆန်းဆက်ဘူလဗား လမ်းမပေါ်ကနေတစ်ဆင့် တခြား ထရပ်ကားတစ်စီးနဲ့ လော့စ်အိန်ဂျလိစ်မြို့ကို လိုက်သွားပါတယ်၊ အခုအချိန်အထိတော့ ဒီ လောက်ပဲ စုံစမ်းလို့ ရပါသေးတယ်၊ ဘယ်နေရာ ရောက်နေတယ်ဆိုတာ စုံစမ်းနေဆဲပါ"

"ပထမကားနဲ့ လိုက်သွားတယ်ဆိုတာကို ဘယ်လိုလုပ် သိသလဲ" ဟု ကျွန်တော်က မေးသည်။

"ပြည်တွင်းမှာ ပြေးနေကြတဲ့ ထရပ်ကားကြီးတွေမှာ ကြေးနန်းတပ်ထားကြပါတယ် ဒရိုင်ဘာနဲ့ ကျွန်တော်တို့ တိုက်ရိုက်စကားပြောရတာပေါ့"

"သူ့မှာ ပိုက်ဆံရှိသလား"

"ကျွန်မတို့ဆေးရုံက ထွက်သွားတဲ့အချိန်အထိတော့ မရှိပါဘူး၊ သူ့ပစ္စည်းတွေအားလုံး အာမခံသေတ္တာထဲမှာပဲ ကျန်ရစ်ခဲ့ပါတယ်" ဟု ဒေါက်တာဒေးဗစ်က ဝင်ပြောသည်။

"သူ ပိုက်ဆံလိုမှာပေါ့၊ ကားသမားက သူ့ကို ဘယ် အလကားတင်သွားပါ့မလဲ"

"သူ့မှာ ပိုက်ဆံရှိပါတယ်" ဟု နစ်က ပြောသည်။

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ထရပ်ကားဒရိုင်ဘာဆီက ရတာပါ"

"ဒရိုင်ဘာက ဘာကိစ္စ သူ့ကိုပိုက်ဆံပေးရမှာလဲ" ဟု ကျွန်တော်က နားမလည် သလို မေးပြန်သည်။

သူက ကျွန်တော့်ကို ဘာမှပြန်မဖြေဘဲ စိုက်ကြည့်နေသည်။

"ရှင် သဘောပေါက်ဖို့ လိုတယ်လေ၊ သူဟာ စိတ်အခြေအနေမမှန်တော့တဲ့ မိန်း ကလေးမဟုတ်လား" ဟု ဒေါက်တာဒေးဗစ်က ဝင်ပြောသည်။

ကျွန်တော် ဘာမှမပြောတော့ပါ။

"အခုည ဆယ်နာရီခွဲပြီ၊ သူတို့လိုလူမျိုးတွေ ဆယ့်တစ်နာရီမှာ ဆုံတတ်တဲ့နေရာ ကျွန်တော်သိတယ်၊ သောကြာနေ့တိုင်း ဆုံတယ်၊ ဒီနေ့ဟာ သောကြာနေ့လည်းဖြစ်တယ် အခုအချိန်အထိ ကျွန်တော်တို့ကို သူ အဆက်အသွယ် မလုပ်သေးဘူးဆိုရင် အဲဒီနေရာ ရောက်နေလောက်ပြီ၊ ရဲတွေကိုလည်း အလွတ်သဘောနဲ့ စောင့်ကြည့်ပေးပါလို့ ကျွန်တော် အကြောင်းကြားထားတယ်"

"ကောင်းတယ်" ဟု ကျွန်တော်က ထောက်ခံစကား ပြောသည်။

"ဒါကြောင့် အခုအချိန်မှာ ကျွန်တော်တို့ကိုယ်တိုင်ပဲ အဲဒီနေရာကို သွားရှာ ကြရင် ကောင်းမယ်ထင်တယ်"

ကျွန်တော်က အရက်ကို အကုန်သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ အဆင်သင့်ဖြစ်နေပြီ၊ ခင်ဗျား ကြိုက်တဲ့အချိန်သွား၊ ဒီလေဆိပ်မှာပဲ ကျွန်တော့်ကားလည်း ရှိနေတယ်"

"ကောင်းတယ်၊ ဆန်းဆက်နဲ့ ကလပ်လမ်းထောင့်မှာ ကျွန်တော်စောင့်နေမယ်" ဟု အလွတ်စုံထောက်က ပြောသည်။

"ကျွန်မ ရှင့်ကားနဲ့ အတူတူလိုက်ခဲ့မယ် မစ္စတာဂေါက်" ဟု ဒေါက်တာဒေးဗစ်က ပြောသည်။

ကျွန်တော်တို့ အပြင်ထွက်လာကြသည်။

❑

ဆန်းဆက်ဘူလဗား လမ်းကျယ်ကြီးနှင့် ကလပ်လမ်းထောင့်တွင် နေ့ဘက်၌ သာမန်ဖြစ်သော်လည်း ညဘက်တွင် လူငယ်များဖြင့် ပြည့်နေတတ်သည်။ ဆိုင်မျိုးစုံတို့လည်း ဖွင့်ပေးသည်။ ရဲအဖွဲ့ဝင်များကလည်း မျက်စိဒေါက်ထောက်ကြည့်ရင်း စောင့်နေတတ်ကြသည်။

လူငယ်ပေါင်းစုံဆိုသည်မှာ အသက်အရွယ်မျိုးစုံ၊ အသားအရောင်မျိုးစုံ၊ ယောကျ်ားမိန်းမမျိုးစုံတို့ ဖြစ်ကြသည်။

ကျွန်တော်တို့ ရောက်သွားသောအခါ အလွတ်စုံထောက်ကို ခက်ခက်ခဲခဲ ရှာဖို့မလိုပါ။ အားလုံးထက် ခေါင်းတစ်လုံးလောက်မြင့်နေသော သူ့ကို အလွယ်တကူပင် လှမ်းမြင်ရပါသည်။ ကျွန်တော်တို့က သူနှင့် ခပ်လှမ်းလှမ်းမှခွာပြီး အမှတ်မထင် လိုက်သွားသည်။ သူက လူငယ်များကြားသို့ တိုးဝင်သွားသည်။ လူငယ်အားလုံးလိုလိုကို သူ သိပုံရသည်။

ခြေသြောင်းအောင် လျှောက်မိသော်လည်း မီရီယမ်နှင့် ဆင်ဆင်တူသူကိုပင် မမြင်ရပါ။ ထို့ကြောင့် အလွတ်စုံထောက်က ကျွန်တော်တို့ကို မျက်ရိပ်ပြပြီး မှောင်ရိပ်သို့ ခေါ်သွားသည်။

"ဒီနေရာမှာတော့ ရှိပုံမပေါ်ဘူး" ဟု သူကပြောသည်။

"ဒီလိုဆိုရင် ဘာဆက်လုပ်ကြမလဲ" ဟု ကျွန်တော်က မေးသည်။

"တခြားတစ်နေရာ ရှိသေးတယ်၊ ဒါပေမယ့် အဲဒီနေရာကိုတော့ ခင်ဗျားတို့ လိုက်လို့မဖြစ်ဘူး၊ ထူးရင် ကျွန်တော် ဘယ်ကို အကြောင်းကြားရမယ် ဆိုတာကိုသာ ပြောပါ"

ကျွန်တော်က ဒေါက်တာဒေးဗစ်ကို ငဲ့ကြည့်သည်။

"ကျွန်တော့်အိမ်က သွားစောင့်နေရင် ကောင်းမလား"

သူက ခေါင်းညိတ်ပြသည်။

ကျွန်တော့်အိမ် ဖုန်းနံပါတ်ကို အလွတ်စုံထောက်အား ပေးပြီး အမှောင်ထဲမှ မသိမသာ ထွက်ခဲ့ကြသည်။

❑

"ဒီအိမ်က တကယ့်ကို ချစ်စရာကောင်းတယ်နော်" ဟု လေ့ကားမှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com


အောက်ထပ်ရှိ ဧည့်ခန်းသို့ဆင်းလာရင်း ဒေါက်တာဒေးဗစ်က ပြောသည်။

"ကျွန်တော် အရက်စပ်လိုက်ဦးမယ်"

"ကျေးဇူးပါပဲ၊ ကျွန်မ သောက်နိုင်ပါသေးတယ်"

အရက်နှစ်ခွက်စပ်ပြီး သူ့ကို တစ်ခွက်ပေးလိုက်သည်။ ကျွန်တော်တို့ တိတ်ဆိတ်စွာ ထိုင်သောက်နေပြီး တအောင့်ကြာတော့ ကြီးမားသော မှန်တံခါးကြီးဆီသို့ သူ ထသွားသည်။

"ကျွန်မတို့ ခဏလောက် အပြင်ထွက်လို့ရမလားဟင်"

ကျွန်တော်က ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ကြီးမားသည့်မှန်ချပ်ကြီး ဘေးသို့ ရွေ့သွားသည်။ အိမ်အပြင် မြက်ခင်းပေါ်သို့ ထွက်ခဲ့ကြသည်။ လော့စ်အိန်ဂျလိစ်မြို့ကြီးကို အပေါ်မှ စီးမြင်နေရသည်။

"ဒီနေရာလေးက သိပ်အေးချမ်းတာပဲနော်၊ အရမ်းတိတ်ဆိတ်တာပဲ" ဟု ဒေါက်တာ ဒေးဗစ်က ပြောသည်။

"ဒါကြောင့် ဒီနေရာမှာ အိမ်လာဆောက်ထားတာ၊ မြို့လယ်ကို သွားချင်ရင်လည်း ချက်ချင်း ရောက်သွားနိုင်တယ်၊ တိတ်ဆိတ်တဲ့နေရာမှာ နေချင်ရင်လည်း ချက်ချင်း ရောက် သွားနိုင်တယ်"

"အဲဒီလို အပြောင်းအလဲမြန်ဖို့ဟာ ရှင့်အတွက် အရေးကြီးသလား"

"အရေးကြီးတယ်လို့ ထင်တာပဲ၊ ဒါပေမယ့် အခုတော့ နားမလည်နိုင်တော့ပါဘူးဗျာ"

"ဟုတ်တယ်နော်၊ ကျွန်မလည်း ဆရာဝန်ဖြစ်စ,တုန်းက အရာရာကိုသိတယ်လို့ ထင်ခဲ့တာ၊ နောက်တော့မှ ကျွန်မသိတာ ဘာမှမရှိပါလားဆိုတာ သဘောပေါက်တော့တယ်"

"ခင်ဗျား ပိုရင့်ကျက်လာလို့ ဖြစ်ပါလိမ့်မယ် ဒေါက်တာ"

"အဲဒီဘွဲ့ထူးကြီးနဲ့ အခေါ်ခံရတာကိုလည်း အတော်ငြီးငွေ့လာပြီ"

"ဆရာဝန်မကလေးလို့ ခေါ်ရင်ရော ဘယ်လိုနေမလဲ"

"တကယ်ဆိုတော့ ကျွန်မဟာ ကလေးပဲ ရှိပါသေးတယ်ရှင်"

ဘာဖြစ်သွားသည်ကို ကျွန်တော် မသိပါ။ ကျွန်တော့်ရင်ခွင်ထဲသို့ သူ ရောက်လာ သည်။ ကျွန်တော်တို့ အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြသည်။

BURMESE CLASSIC .com

❑

"ကျွန်မ ရေချိုးခန်း ဝင်လို့ရမလားဟင်" ဟု ဒေါက်တာရှယ်လီဒေးဗစ်က ကုတင် ပေါ်မှဆင်းရင်း မေးသည်။

ကျွန်တော်က ကုတင်ပေါ်မှာလှဲနေရင်း ခေါင်းညိတ်ပြလိုက်သည်။

ရေချိုးခန်းအတွင်းသို့ သူ ဝင်သွားသည်။ ချက်ချင်းဆိုသလိုပင် သူ ပြန်ထွက်လာ သည်။ တံခါးဘောင်ကို အားပြုကိုင်ပြီး သူ ရပ်နေသည်။ သူ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေ သည်။

သူ့ကို ကျွန်တော် စိုက်ကြည့်နေမိသည်။

"တခြားရေချိုးခန်း ရှိသေးသလားဟင်၊ ကျွန်မ မှားသွားပြီထင်တယ်" ဟု တုန်ယင် သည့် လေသံတိုးတိုးဖြင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အောက်ထပ်မှာရှိတယ်၊ ဘားကောင်တာဘေးမှာ"

အောက်ထပ်သို့ သူ ဒရောသောပါး ပြေးဆင်းသွားသည်။

ကုတင်ပေါ်မှဆင်းပြီး ရေချိုးခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။

ရေချိုးခန်းထဲမှာ မီရီယမ်ရှိနေသည်။

အိမ်သာကမုတ်နှင့် ရေချိုးကြွေကန်နားမှာ သူ ခွေခွေကလေး လဲနေသည်။ လက်မောင်းတွင် ဆေးထိုးအပ်တန်းလန်း ရှိနေသည်။

တစ်မြို့လုံး ကျွန်တော်တို့ ပိုက်စိပ်တိုက်ရှာနေသည့် တစ်ချိန်လုံး၊ ဒေါက်တာရှယ်လီဒေးဗစ်နှင့် ကျွန်တော် တစ်ဖက်ခန်းထဲမှာ အကြည်ဆိုက်နေသည့် တစ်ချိန်လုံး မီရီယမ်ကသည်အခန်းထဲမှာ ရှိနေခြင်းပင် ဖြစ်သည်။

ယခုမှပဲ ကျွန်တော် သဘောပေါက်ပါတော့သည်။ သူ သည်အိမ်ကိုပြန်မလာဘဲအခြားဘယ်နေရာသို့ သွားရမည်နည်း။

အောက်ထပ် ရေချိုးခန်းထဲမှ ရေဆွဲချသံ ကြားရသည်။ အိပ်ခန်းထဲသို့ ကျွန်တော်ပြန်ဝင်လာခဲ့သည်။ တယ်လီဖုန်း ကောက်ကိုင်ပြီး ရဲကို ဖုန်းဆက်သည်။ သတင်းအပြည့်အစုံပြောပြလိုက်သည်။

ပြီးတော့ တယ်လီဖုန်းကို တအားဆောင့်ချလိုက်သည်။ တယ်လီဖုန်းလက်ကိုင်နှင့်စကားပြောခွက်မှာ အစိတ်စိတ် အမြွှာမြွှာ ကွဲကြေသွားသည်။

ကျွန်တော် မျက်လုံးမှိတ်လိုက်သည်။

မျက်လုံးထဲမှ မျက်ရည်များ ပြည့်လာသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# "လွန်ခဲ့သည့် နွေဦးရာသီတစ်နေ့"

## ညပိုင်း

လူတစ်ယောက်သည် ထောင်ပေါင်းများစွာသော အစိတ်အပိုင်းဖြစ်သည်။ ထိုအစိတ်အပိုင်းများသည် လူပေါင်းများစွာနှင့် သက်ဆိုင်သည်။ ဆိုင်သည့်လူများတွင် ချစ်သူများလည်း ပါမည်။ မချစ်သူများလည်း ပါမည်။ ဘာပဲဖြစ်ဖြစ် ဘဝသက်တမ်းတစ်လျှောက်တွင်တော့ ထိုသူများနှင့် ကြုံတွေ့ပတ်သက်ခဲ့ရမည်ပင် ဖြစ်သည်။

အခန်းထဲသို့ ကျွန်တော် မျက်စိကစားကြည့်လိုက်သည်။ သည်နေရာမှာ ကျွန်တော်ရောက်နေသည်။

စင်ကလဲယားနှင့် ဂျွန်စတန်သည် အခန်းထောင့်တစ်နေရာမှာ တိုးတိုးစကားပြောနေကြသည်။

ဆမ်ဘင်ဂျမင်နှင့် ဒေ့ဖ်ဒိုင်းမွန်းသည်လည်း အခြားထောင့်တစ်နေရာမှာ တိုးတိုးစကားပြောနေကြသည်။

အိမ်အပြင်ခြံထဲမှာတော့ ဂျိန်းကာဒင်းသည် လော့စ်အိန်ဂျလိစ်မြို့ကြီးကို ငုံ့ကြည့်နေသည်။

အပေါ်ထပ်အိပ်ခန်းထဲမှာမူ ဒင်းနိစ်နှင့် ဂျူနီယာတို့သားအမိရှိနေပြီး လောကကြီးနှင့် အဆက်ဖြတ်ထားသလို တံခါးပိတ်ထားကြသည်။

ဂျိန်းကာဒင်းအနားသို့ ကျွန်တော်သွားသည်။

"မင်း ဘယ်လိုသဘောရသလဲ" ဟု ကျွန်တော်ကမေးသည်။

"ကျွန်မအဖို့တော့ ရှင်ဟာ သိပ်မြင့်လွန်းနေတယ်၊ ရှင်က ဂျက်လေယာဉ်ပျံကြီးနဲ့ အမြင့်ကြီးမှာ ပျံသန်းနေတယ်၊ အဲဒီအချိန်မှာ ကျွန်မက ရိုးရိုးပန်ကာတပ် လေယာဉ်ပျံလေးနဲ့ မြေပြင်ကကြွနိုင်အောင် ကြိုးစားရတုန်းလို ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကလွယ်ပါတယ်ကွာ၊ သူတို့အကြောင်း သူတို့ ပြန်မစဉ်းစားကြတာ ကိုယ် သိပ် အံ့ဩတယ်၊ သူတို့ ဘာလိုချင်တယ်ဆိုတာကို ပြန်ဆန်းစစ်ဖို့လိုတယ်၊ မိုးမိုးလေး"

"ဒါလောက်လည်း မလွယ်ဘူးလေ၊ သူတို့လိုချင်ရင် ဘာမဆို အကုန်ရတယ်၊ ဒါပေမယ့် သူတို့အလိုချင်ဆုံးဖြစ်တဲ့ ရှင့်ကိုတော့ မရနိုင်ဘူး"

ကျွန်တော်က ဂျိန်းကာဒင်းကိုကြည့်သည်။

"သူတို့ တကယ်လိုချင်တာ ကိုယ်မဟုတ်ပါဘူး၊ ကိုယ့်ကို လိုချင်တာပဲလို့ သူတို့ခေါင်းထဲမှာ အတွေးရောက်နေကြတာသာ ဖြစ်တယ်၊ သူတို့ကိုယ်သူတို့ ပြန်ဆန်းစစ်ကြည့်ရင် သူတို့ တကယ်လိုချင်တဲ့ အစစ်အမှန်ဟာ ဘာလဲဆိုတာ သိသွားကြမှာပါ"

"ကျွန်မခေါင်းထဲမှာ ရောက်နေတဲ့ အတွေးဟာလည်း ရှင်ဖြစ်နေတယ် စတီဖင်၊ ရှင့်ကိုပဲ ကျွန်မတွေးနေမိတယ်"

ကျွန်တော်က ဘာမှပြန်မပြော။

"ကျွန်မ ဆန်ဖရန်စစ္စကိုကို ပြန်သွားပြီးတဲ့နောက် ဟိုကလေးမလေးဆုံးသွားတာ သတင်းစာထဲမှာ ဖတ်ရတယ်၊ ရှင့်အတွက် ကျွန်မ ငိုခဲ့ရတယ်စတီဖင်၊ သူ့ကို ရှင် အရမ်းချစ်မှာပဲ"

ဘာမှမပြောဘဲ သူ့ကိုသာ ကျွန်တော် ငေးကြည့်နေမိသည်။ ချစ်သလား၊ မချစ်သလားဆိုသည်ကို ပြောနေစရာအကြောင်း မရှိပါ။ ရေချိုးခန်းထဲတွင် မီရီယမ် အသက်ပျောက်နေသည့်အချိန်က တစ်ဖက်ခန်းတွင် ဒေါက်တာရှယ်ယီဒေးဗစ်နှင့် ကျွန်တော် အကြည်ဆိုက်ချင်တိုင်း ဆိုက်နေခဲ့ကြသည်။

အသုဘကိစ္စ ပြီးသည့်နောက် ဆမ်တို့အိမ်သို့ ကျွန်တော် ရောက်သွားသည့် ညနေပိုင်းကို သတိရနေသေးသည်။

❑

အိမ်ဖော်အမျိုးသမီးက ကျွန်တော့်ကို တံခါးဖွင့်ပေးသည်။ သူ့မျက်လုံးများနီရဲကာ မျက်နှာလည်း အန်းနေသည်။

"သူတို့ ဧည့်ခန်းထဲမှာ ရှိနေကြပါတယ်" ဟု ပြောသည်။

ဧည့်ခန်းဆီသို့ ကျွန်တော်သွားသည်။ ဓာတ်ပုံများကို ပြောင်းပြန်မှောက်ထားပြီး မှန်များကို အဝတ်ဖုံးထားကြောင်း သတိပြုမိသည်။ ဧည့်ခန်းတံခါး ဖွင့်ထားသည်။ အခန်းဝမှာ ကျွန်တော်ရပ်သည်။

အခန်းထဲမှာ လူတွေပြည့်နေသည်။ ကုလားထိုင်မလောက်သဖြင့် အချို့က သေတ္တာများပေါ်တွင် ထိုင်နေကြသည်။ ကျွန်တော့်ကိုမြင်လိုက်တော့ အသံတွေ အားလုံးတိတ်သွားသည်။

ကျွန်တော်လည်း အခန်းဝမှာ ခပ်ကြောင်ကြောင် ရပ်နေမိသည်။ ဘာဆက်လုပ်ရမည်ကို မသိပါ။ အသုဘနှင့်ပတ်သက်သော ဂျူးတို့၏ ထုံးတမ်းစဉ်လာကို ကျွန်တော်မသိပါ။

ထိုအခက်အခဲမှ လာရောက်ကယ်တင်သူသည် ဒင်းနိစ်ဖြစ်သည်။ ကျွန်တော့်ပါးကို နမ်းပြီး အခန်းထဲသို့ လက်ဆွဲခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်လာတာ ဝမ်းသာလိုက်တာ၊ ရှင့်ကို ကျေးဇူးတင်စကား ပြောခွင့်ကို မရနိုင်ဘူး" ဟု ပြောသည်။

ခပ်တိုးတိုး စကားပြောသံများ ပြန်လည်ပေါ်ထွက်လာသည်။ ဆမ်က ကျွန်တော့်ဆီ ထ,လာသည်။

"ကျွန်တော် မဖော်ပြနိုင်လောက်အောင် ဝမ်းနည်းကြောင်း ပြောပါရစေဆမ်" ဟု သူ့လက်ကိုဆွဲကိုင်ရင်း ကျွန်တော်ပြောသည်။

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်"

ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။ မျက်မှန်ချွတ်ပြီး လက်ကိုင်ပဝါဖြင့် မျက်ရည်သုတ်သည်။

"သူဟာ သိပ်လိမ္မာတဲ့ မိန်းကလေး၊ ဒီဆေးစွဲသွားလို့"

"ဟုတ်ပါတယ် ဆမ်" ဟုပြောရင်း ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ဒီဆေးကြောင့် ဖြစ်ရတာပါကွာ၊ သိပ်လိမ္မာတဲ့သမီးလေး"

သည်စကားကိုပဲ သူ ထပ်ခါတလဲလဲ ပြောနေသည်။ အခန်းထောင့် တစ်နေရာတွင် ဂျူနီယာကို တွေ့ရသည်။ သူက ကျွန်တော့်ကို ခေါင်းညိတ်နှုတ်ဆက်သဖြင့် ကျွန်တော်ကလည်း ခေါင်းပြန်ညိတ်ပြလိုက်ရသည်။

"မင်းနဲ့ငါ နှစ်ယောက်တည်း စကားပြောချင်တယ်ကွာ၊ စာကြည့်ခန်းထဲ သွားရအောင်"

သူ့နောက်မှ ကျွန်တော်လိုက်သွားသည်။ အခန်းထဲရောက်တော့ အိမ်ဖော်အမျိုးသမီးအား အရက်ယူလာပေးရန် လှမ်းမှာသည်။ အရက်နှစ်ခွက် ရောက်လာသည်။ သူ စကားစ,ဖို့ ခက်နေပုံရသည်။

"ငါ ဘာပြောရမှန်း မသိတော့ဘူးကွာ၊ ငါ အကြီးအကျယ် မှားခဲ့တယ်၊ မင်းကို ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံသင့်ဘူး"

ကျွန်တော် ဘာမှမပြောဘဲ သူ့ကို ပြန်ကြည့်နေသည်။

"ဒေါက်တာဒေးဗစ်နဲ့ ငါ စကားပြောပြီးပြီ၊ မီရီယမ်အတွက် မင်း ဘယ်လောက် အပင်ပန်းခံ ကြိုးစားတယ်ဆိုတာတွေ သူပြောပြတယ်"

BURMESE CLASSIC .com

ကျွန်တော် ငြိမ်မြဲငြိမ်နေသည်။

"ငါပြောချင်တာကကွာ. . . ငါ. . . သိပ်ဝမ်းနည်းပါတယ်၊ ငါ့စိတ်တွေ ဘယ်လို ဖောက်ပြန်သွားမှန်း မသိဘူး၊ မင်း နားလည်စေချင်ပါတယ်"

ကျွန်တော် သက်ပြင်းရှိုက်လိုက်သည်။

"ဒါတွေအားလုံး ပြီးသွားပါပြီ ဆမ်၊ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ဒါပေမယ့် စိတ်မကောင်းတာပဲရှိတယ်၊ ကျွန်တော်တို့ ဘာမှ မတတ်နိုင်ကြတော့ဘူးလေ၊ ဒါတွေကို မေ့ပစ်လိုက်ကြဖို့ပဲ ရှိတော့တယ်၊ မီရီယမ် အသက်ပြန်ရှင်လာနိုင်တော့မှာမှ မဟုတ်ဘဲ"

"ငါ့မှာ နောက်ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရပြန်တယ်၊ ဂျူနီယာပေါ့ကွာ၊ မင်းတို့ ငါ အကြွမ်းကိုင်မိတဲ့ နေ့ကစ,ပြီး ငါ့ကို လုံးဝ စကားမပြောတော့ဘူး၊ အခုအချိန်ထိပဲ၊ မျက်နှာချင်းလည်း မဆိုင်ဘူး"

"နောက်တော့လည်း ပြီးသွားမှာပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မထင်ဘူး၊ ငါတော့ မထင်ပါဘူးကွာ၊ ထားလိုက်ပါလေ၊ ဒါက ငါ့ပြဿနာပါ။ လာကွာ. . . ဧည့်ခန်းထဲ ပြန်သွားကြရအောင်"

အပေါက်ဝရောက်တော့ သူ ခဏရပ်သည်။

"မင်းကျေးဇူးတွေ ငါ့အပေါ်မှာ များလှပြီ စတီဖင်၊ ဆပ်လို့ကုန်နိုင်တော့မှာ မဟုတ်ဘူး၊ ငါ ကျေးဇူးမေ့တတ်တဲ့ကောင် မဟုတ်ပါဘူးကွာ၊ တစ်သက်လုံး မင်းကျေးဇူးတွေကို ငါဆပ်ပါ့မယ်၊ ငါ့အပေါ်မှာ မင်း တစ်သက်လုံး ကောင်းလာခဲ့တာပါ၊ မင်းက တကယ့်မိတ်ဆွေစစ် မိတ်ဆွေမှန်ပါပဲ" ဟု ပြောသည်။

□

"မင်းဟာ တကယ့်မိတ်ဆွေစစ် မိတ်ဆွေမှန်ပါပဲ" ဟု သူပြောခဲ့သော စကားများကို ကျွန်တော် အမှတ်ရနေပါသည်။ ကျွန်တော့်ကျေးဇူးများကို တစ်သက်လုံး ပြန်ဆပ်နေပါမည်ဟု ပြောခဲ့သည့် စကားလုံးများကိုလည်း ပြန်လည်ကြားယောင်နေပါသည်။

သို့သော်လည်း သုံးနှစ်သုံးမိုးသာ ကြာမြင့်သွားသည်။ သူ့အသံကို လုံးဝ မကြားရတော့။ ယနေ့မနက်ကျမှပဲ သူ့အသံကို ကြားရသည်။

နောက်ပြီးတော့ 'မိတ်ဆွေစစ် မိတ်ဆွေမှန်ဖြစ်ကြောင်းနှင့် တစ်သက်လုံး ကျေးဇူးဆပ်မည်ဖြစ်ကြောင်း' ပြောပြီး ရက်သတ္တနှစ်ပတ်အကြာ စင်ကလဲယား၏ရုံးခန်းထဲမှာ ကျွန်တော် ထိုင်နေတုန်းကလည်း ထိုစကားလုံးများကိုပင် ကျွန်တော် ပြန်လည်ကြားယောင်နေမိပြန်ပါသည်။

□

စင်ကလဲယားက ကျွန်တော်၏နှုတ်ထွက်စာကို ငုံ့ကြည့်ပြီးနောက် ကျွန်တော့်ကို မော့ကြည့်သည်။

"သား အလုပ်ထွက်စရာ မလိုပါဘူး"

"အခုပေါ်ပေါက်နေတဲ့ အခြေအနေတွေအရဆိုရင် ဒါဟာ အကောင်းဆုံးပဲလို့ ကျွန်တော်ထင်ပါတယ်"

"သားလုပ်ရမယ့်အလုပ်က ဒင်ရစ်ချီနဲ့ တရားမဆိုင်ဘဲ သူရသင့်တဲ့ ပွဲခငွေနှစ်သိန်းခွဲ ပေးလိုက်ဖို့ သားရဲ့မိတ်ဆွေ ဆမ်ဘင်ဂျမင်ကို တိုက်တွန်းဖို့ပဲရှိတယ်"

"ကျွန်တော့်ပြောစကားကိုမှ သူနားမထောင်တာ၊ ကျွန်တော် ဘယ်လိုလုပ် တိုက်တွန်းမလဲခင်ဗျာ၊ နောက်ပြီး အစည်းအဝေးမှာလဲ ကျွန်တော် ပြောခဲ့ပြီပဲ၊ ဒီအလုပ်ကို ကျွန်တော် မယုံကြည်ပါဘူးလို့"

"ဒါပေမယ့် ဒါရိုက်တာအဖွဲ့လည်း ညှိနှိုင်းဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ခက်နေတာက ဆမ်ဘင်ဂျမင်က ခေါင်းမာနေတာပဲ၊ ဒါတွေအားလုံးကို ဒယ်ဒီတို့က စိုက်ပေးလိုက်ချင်တယ်၊ ပြီးရင် အားလုံးကို မေ့ထားလိုက်ကြရုံပဲ၊ သားလည်း မေ့ပစ်လိုက်နိုင်ပြီပေါ့"

"မဖြစ်နိုင်တော့ပါဘူးခင်ဗျာ၊ ရုံးမှာရင်ဆိုင်ရင် ကျွန်တော်တို့ နိုင်မှာပါပဲ၊ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ကျွန်တော့်ဘဝမှာ စွန်းထင်းသွားတဲ့ အမည်းစက်ကြီးကတော့ ပျောက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တော့မှာ မဟုတ်ပါဘူး"

ထိုင်ရာမှထပြီး ပြတင်းပေါက်ဆီသို့ သူသွားသည်။ အပြင်သို့ ငေးမျှော်ကြည့်နေသည်။ ကျွန်တော့်ကို လှည့်မကြည့်ဘဲ ပြောသည်။

"ဒယ်ဒီ အခုအနားယူလိုက်ပြီး ဒယ်ဒီ့နေရာကို သားက အစားထိုးတာဝန်ယူမယ်ဆိုရင် သားအတွက် ထူးခြားသွားနိုင်သလား"

ထိုစကားကြားတော့ ကျွန်တော့်ရင်ထဲမှာ ဆို့သွားသည်။ သူဘာဆိုလိုကြောင်း ကျွန်တော် ချက်ချင်း သဘောပေါက်လိုက်ပါသည်။ အလုပ်မှ အနားယူလိုက်ခြင်းအားဖြင့် ကျွန်တော့်ပခုံးပေါ် ပုံကျနေသည့် အပြစ်များအားလုံးကို သူ လွှဲပြောင်းယူလိုက်မည်ဆိုသည့် သဘောပင် ဖြစ်ပါသည်။

"မထူးခြားတော့ပါဘူးခင်ဗျာ" ဟု ကျွန်တော်က ဖြေသည်။

ကျွန်တော်ထိုင်နေသည့် နေရာကို သူ ပြန်လှည့်လာသည်။ ပြီးတော့ ကျွန်တော့်ကို ငုံ့ကြည့်သည်။

"ဘာဖြစ်လို့များလဲ သားရယ်" ဟု နူးညံ့သည့်လေသံဖြင့် မေးသည်။

ရုတ်တရက် ကျွန်တော် စကားပြန်မပြောနိုင်ပါ။ ကျွန်တော့်လည်ပင်းထဲမှာ တစ်ဆို့နေသည်။ ကျွန်တော့်ရင်ထဲမှာ တင်းကျပ်နေသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဒီအလုပ်တွေကို ကျွန်တော် ငြီးငွေ့သွားပြီ ဒယ်ဒီ၊ နည်းနည်းလေးမှ မပျော်တော့ဘူး"

"ဒီလိုဆိုရင် သား ဘာလုပ်မှာလဲ၊ သား အငယ်လေးရှိသေးတယ်၊ အသက်လေး ဆယ်တောင် မပြည့်သေးဘူး"

ကျွန်တော် ထိုင်ရာမှ ထ,သည်။

"တောင်ကုန်းပေါ်ကအိမ်မှာပဲ ကျွန်တော် ပြန်နေတော့မယ်၊ ကျွန်တော့်ခြေထောက်ပေါ်မှာ ကျွန်တော်ရပ်နိုင်လို့ရတဲ့ နည်းလမ်းကို တွေ့အောင်ရှာမယ်"

❑

BURMESE CLASSIC .com

ကျွန်တော့်ခြေထောက်ပေါ်တွင် ကျွန်တော် ရပ်နိုင်သည့်ဘဝ။ ထိုအချက်သည် အခရာပဲ ဖြစ်ဟန်တူသည်။ ဘာမှမရှိသော ဟာလာဟင်းလင်း ဘဝကြီးထဲတွင် နေရသည်မှာ မလွယ်ပါ။

ကျွန်တော် သုံးနှစ်လုံးလုံး ဘာမှမလုပ်ဘဲ သည်အိမ်ထဲမှာနေခဲ့သည်။ တစ်စုံတစ်ရာကို ကျွန်တော် စောင့်နေခဲ့သည်။ ဘာကိုစောင့်နေမိမှန်း ကျွန်တော်ကိုယ်တိုင်လည်း မသိ။ ရည်မှန်းချက်တစ်ခုခု ပေးနိုင်သည့် တစ်စုံတစ်ရာကို စောင့်နေခြင်းလည်း ဖြစ်နိုင်သည်။

အိမ်ထဲသို့ ကျွန်တော် ပြန်လှည့်ကြည့်သည်။ ဒင်းနိစ် အပေါ်ထပ်မှ ဆင်းလာသည်။ ဧည့်ခန်းထဲ ဝင်သွားသည်။ ဆမ်ကို တစ်စုံတစ်ရာ ပြောသည်။ ဆမ်က ခေါင်းညိတ်ပြပြီး အပေါ်ထပ်သို့ တက်သွားသည်။

အပြင်သို့ ဒင်းနိစ် ထွက်လာသည်။ ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့မျက်လုံးထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် မျက်ရည်များကို ကျွန်တော်တွေ့ရသည်။ ကျွန်တော့်ပါးကို သူနမ်းသည်။

"အားလုံး အဆင်ပြေသွားပြီလို့ ကျွန်မထင်တယ်"

"ဝမ်းသာပါတယ်ဗျာ" ဟုပြောရင်း သူ့ကို ပြုံးပြမိသည်။

"ဂျူနီယာက ကျွန်မနဲ့အတူတူ အိမ်ပြန်လိုက်ခဲ့တော့မယ်တဲ့" ဟုပြောပြီး အိမ်ထဲသို့ ပြန်ဝင်ကာ အပေါ်ထပ်သို့ တက်သွားသည်။

ခဏကြာတော့ ဂျူနီယာ ဆင်းလာသည်။ မြဲထဲမှာရှိနေသည့် ကျွန်တော့်ဆီ လျှောက်လာသည်။ သူ့ကို အံ့ဩစွာ ကျွန်တော် ငေးနေမိသည်။

"ရုတ်တရက် မင်းကို ငါ မမှတ်မိလိုက်ဘူးကွာ" ဟု ကျွန်တော်က ပြောသည်။

သူ ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။ ရိတ်ပြီးစ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကို စမ်းကြည့်နေသည်။ ဆံပင်လည်း တိုသွားသည်။ ဘီးနှင့် သပ်ရပ်စွာ ဖြီးထားသည်။

"မနေတတ် မထိုင်တတ်နဲ့ တစ်မျိုးကြီးပဲဗျာ၊ အခု ကျွန်တော် လိမ္မာသွားပါပြီ" ဟု မြန်မြန်ပြောသည်။

"ငါ သိပါတယ်"

"ကျွန်တော် ကောလိပ်ကျောင်း ပြန်တက်မယ်၊ ဒီအချိန်မှာ ဒါပဲ လုပ်စရာရှိတော့တယ်၊ ရုပ်မြင်သံကြားက ဇာတ်ကားတွေ ကြည့်ပါလား၊ အကျိုးရှိတဲ့အလုပ် လုပ်ချင်ရင် လှုပ်ရှားနေရတယ်၊ စိတ်ဓာတ်ကျပြီး ငြိမ်နေတဲ့လူအဖို့ ဒီလောကမှာ နေရာမရှိဘူး"

"မှန်တာပေါ့ကွာ"

"ကျွန်တော့်အမေနဲ့ ဟိုတယ် ပြန်လိုက်သွားတော့မယ်၊ အစစအရာရာ အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် စတီဖင်"

သူက ကျွန်တော့်ဆီသို့ လက်ကမ်းပေးသည်။ 'အန်ကယ်စတီဖင်' ဟု မခေါ်တော့သည်ကို ကျွန်တော် သတိထားမိသည်။

"ရပါတယ်ကွာ"

"ကျေးဇူးတင်ပါတယ် ဂျိန်း"

ဂျိန်းကာဒင်းက ပြုံးပြီး ခေါင်းညိတ်ပြသည်။ အိမ်ထဲသို့ ဂျူနီယာ ပြန်ဝင်သွားသည်။ အပေါ်ထပ် တက်သွားသည်။ မိနစ်အနည်းငယ်ကြာတော့ ကားမောင်းထွက်သွားသံ ကြားလိုက်ရလေသည်။

ညည့်ခန်းထဲသို့ ဆမ် ပြန်ဝင်လာသည်။ လေးယောက်သား ခေါင်းချင်းရိုက်ကြပြန်သည်။ မိနစ်အနည်းငယ်ကြာတော့ ဒွေ့ဖ်ဒိုင်းမွန်း အပြင်ထွက်လာသည်။

ကျွန်တော့်ကို သူ ပြုံးပြသည်။

"ခင်ဗျားရဲ့စိတ်ကူးကို သူတို့အားလုံး သဘောကျတယ်" ဟု သူက ပြောသည်။

"ကောင်းတာပေါ့ဗျာ"

"ခင်ဗျားစိတ်ကူးအတိုင်းဆိုရင် အလုပ်ဖြစ်မယ်၊ သူတို့အားလုံး ပူးပေါင်းကြမယ်၊ စင်ကလဲယားက စင်ကလဲယားကုမ္ပဏီနဲ့ ဓာတ်ပြားကုမ္ပဏီကိုထည့်မယ်၊ ဆမ်က သူ့ရဲ့ ဆဓာ-ကန် ရုပ်ရှင်ကုမ္ပဏီကို ထည့်မယ်၊ ဂျွန်စတန်က သူ့ရဲ့ ထုတ်ဝေရေးကုမ္ပဏီနဲ့ တိပ်ခွေထုတ်လုပ်ရေးစက်ရုံကို ထည့်မယ်၊ လိုအပ်တဲ့ငွေကြေးနဲ့ ကုမ္ပဏီ အဆောက်အအုံတွေပါ သူက ထည့်မယ်၊ ကုမ္ပဏီတွေအားလုံး ပူးပေါင်းပြီးတဲ့အခါ သူတို့လက်ထဲမှာ အစုရှယ်ယာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ငါးရာခိုင်နှုန်းပဲ ချန်ထားပြီး ကျန်တာတွေကို အများပြည်သူဝယ်နိုင်အောင် ထုတ်ရောင်းမယ်၊ ခင်ဗျားပေးတဲ့ '**အမေရိကန် ဆက်သွယ်ရေး ကော်ပိုရေးရှင်း**' ဆိုတဲ့နာမည်ကိုလည်း သူတို့အားလုံး သဘောကျကြတယ်၊ ဖွဲ့စည်းကုမ္ပဏီပြီးရင် ဒီကုမ္ပဏီဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးကုမ္ပဏီဖြစ်မယ်"

"မဆိုးပါဘူး" ဟု ကျွန်တော်က ပြောသည်။

"တစ်ခုကျန်သေးတယ်" ဟု ဒေဖ်ဒိုင်းမွန်းက ပြောသည်။

"ဘာများပါလိမ့်"

"ဒါတွေအားလုံးဟာ ခင်ဗျားရဲ့ စိတ်ကူးတွေချည်းပဲ၊ ဒါကြောင့် ဒီကုမ္ပဏီကြီးတစ်ခုလုံးကို ဦးဆောင်ပြီး အလုပ်လုပ်နိုင်မယ့် သူတာလည်း ခင်ဗျား တစ်ယောက်တည်းပဲရှိတယ်လို့ သူတို့အားလုံးက ယုံကြည်ကြတယ်"

ကျွန်တော်က သူ့ကို ကြည့်နေလိုက်သည်။

"သူတို့လွှတ်လိုက်လို့ ခင်ဗျားဆီကို ကျွန်တော်လာတာပါ၊ ဘာကြောင့်လဲဆိုတော့ ဒီလုပ်ငန်းထဲမှာ မပတ်သက်တဲ့အပြင်လူဆိုလို့ ကျွန်တော်တစ်ယောက်တည်း ရှိတာကိုး"

ကျွန်တော် ပြုံးလိုက်မိသည်။ သည်လုပ်ငန်းထဲမှာ သူ မပတ်သက်သဖြင့် သူက ဂျူရီလူကြီးတာဝန် ယူနေရသည်ဟု ဆိုလိုသည်။ အမှန်တော့ သည်လုပ်ငန်းကြီး အကောင်အထည်ပေါ်လျှင် သူ့ဘဏ်တိုက်မှာ ငွေပေါင်းများစွာ အပ်နှံတော့မည်ကိုတော့ သူ ထည့်မပြော။

"ဒီအလုပ်ကို ခင်ဗျားလုပ်သင့်တယ်လို့ ကျွန်တော်ထင်တယ်၊ ဘာကြောင့်လဲဆိုရင် ဒီကုမ္ပဏီမှာ ခင်ဗျားရဲ့ အစုရှယ်ယာတွေဟာ အများကြီးဖြစ်သွားနိုင်တယ်၊ ဆမာကန်ကုမ္ပဏီမှာ ခင်ဗျားရဲ့အစုရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်းရှိတယ်၊ စင်ကလဲယားကုမ္ပဏီထဲမှာ ခင်ဗျားရဲ့ အစုရှယ်ယာ ဆယ့်ငါးရာခိုင်နှုန်း ရှိတယ်၊ အဲဒါတွေကို အခု အမေရိကန် ဆက်သွယ်ရေး ကော်ပိုရေးရှင်းထဲ ပြောင်းထည့်လိုက်ရုံပဲ၊ ခင်ဗျားရဲ့ အစုရှယ်ယာတွေ အသက်ဝင်နေဖို့ လိုတယ်မဟုတ်လား"

ယခုအချိန်အထိ ကျွန်တော် ဘာမှ ပြန်မပြောသေးပါ။ စေ့စပ်ရေးသမားကြီးအဖြစ် သူ ဆောင်ရွက်နေသည်ကိုသာ ကျွန်တော် ရယ်ချင်နေသည်။

"စိတ်ချမ်းသာစရာကောင်းတဲ့အလုပ် လုပ်ချင်တယ်လို့ ခင်ဗျားပြောတယ်မဟုတ်လား၊ အခုလုပ်ငန်းဟာ အသစ်ပဲ၊ စိတ်ချမ်းသာစရာ ကောင်းတာတွေအားလုံး ဒီမှာ ခင်ဗျားရမယ်၊ တခြားဘယ်မှာမှ မရနိုင်တော့ဘူး၊ သူတို့က ခင်ဗျားကို စဉ်းစားစေချင်တယ်၊ အလျင်စလို ဆုံးဖြတ်ဖို့ မလိုပါဘူး၊ ခင်ဗျားပေးမယ့်အဖြေကို အိမ်ထဲကနေ သူတို့ စောင့်နေကြပါလိမ့်မယ်"

အိမ်ထဲသို့ ပြန်ဝင်သွားသည့် ဘဏ်တိုက်ပိုင်ရှင်ကြီး ဒေဖ်ဒိုင်းမွန်းကို ကျွန်တော် လှမ်းကြည့်နေမိသည်။ ပြီးတော့ ဂိုန်းကာဒင်းဘက်သို့ လှည့်ခဲ့သည်။ ဘာမှမပြောဘဲ ကျွန်တော် စီးကရက်တစ်လိပ် မီးညှိသည်။

အိမ်ထဲသို့ ကျွန်တော် တစ်ချက် မျက်လုံးဝေ့ကြည့်လိုက်မိပြန်သည်။ စင်ကလဲယား၊ ဝှန်စတာန်၊ ဆမ်ဘင်ဂျမင်နှင့် ဒေဖ်ဒိုင်းမွန်းတို့လေးယောက်မှာ ခေါင်းချင်းရိုက်နေကြပြန်သည်။

"သူတို့ကိုကြည့်စမ်း၊ ကမ္ဘာကြီးကို လက်ဝါးကြီးအုပ်ဖို့ အကွက်ရိုက်နေကြတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဟာ အနည်းဆုံး ပျင်းရိငြီးငွေ့နေကြတဲ့ လူတွေမဟုတ်တာတော့ သေချာတယ်" ဟု ဂိုန်းကာဒင်းက ပြောသည်။

"သူတို့ဟာ အသည်းမာတယ်၊ ရက်စက်တယ်၊ ပြင်းထန်တယ်၊ ကြမ်းတမ်းတယ်၊ ကိုယ်ကျိုးကြည့်တယ်၊ ဒါကိုတော့ မင်းသိပါတယ်လေ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့ထဲက နှစ်ယောက်. . ဒါမှမဟုတ် သုံးယောက်ကတော့ ရှင့်ကိုချစ်တာ ကျွန်မ သေသေချာချာ သိတယ်"

သူ့ကို ကျွန်တော် ပြန်ကြည့်လိုက်သည်။

"နောက်ပြီးတော့ ရှင်ကလည်း သူတို့ကိုချစ်ပါတယ်၊ ရှင့်ကိုယ်ရှင် ဝန်မခံပေမယ့် ရှင် ချစ်နေတာတော့ အမှန်ပဲ"

"ကိုယ့်ကို အရှင်လတ်လတ် ဝါးစားနိုင်ဖို့အတွက် သူတို့အချင်းချင်း ကုတ်ကြဲခဲ့ကြ သတ်ကြဖြတ်ကြဦးမယ်လေ၊ သူတို့ဟာ သားစားသတ္တဝါတွေ" ဟု ကျွန်တော် ပြောမိသည်။

"ရှင့်ကိုယ်ရှင် သတိထားရင် ပြီးတာပဲ၊ စောစောတုန်းက ဂျူနီယာ ပြောသွားသလိုပေါ့၊ 'အကျိုးရှိတဲ့အလုပ် လုပ်ချင်ရင် လှုပ်ရှားနေရတယ်၊ စိတ်ဓာတ်ကျပြီး ငြိမ်နေတဲ့လူအဖို့ ဒီလောကမှာ နေရာမရှိဘူး' ဆိုတာလေ"

"ဒီလိုဆိုရင် သူတို့ရဲ့ကမ်းလှမ်းချက်ကို ကိုယ် လက်ခံသင့်တယ်လို့ မင်းထင်တယ်ပေါ့"

ဂိုန်းကာဒင်းက ဘာမှပြန်မဖြေ။ ကျွန်တော့်ကိုသာ ပြန်ကြည့်နေသည်။

လော့စ်အိန်ဂျလိစ်မြို့ကြီးကို ကျွန်တော် လှမ်းမျှော်ကြည့်လိုက်သည်။ အလွန့်ကို ညဉ့်နက်နေပါပြီ။ သို့တည်းမဟုတ် မိုးလင်းခါနီးအချိန်လည်း ဖြစ်သည်ဟု ဆိုရမည်။ အရှေ့ဘက် မိုးကောင်းကင်တွင် ရောင်နီပင် ပျိုးစပြုလေပြီ။

"မင်းရော ဘာလုပ်မှာလဲ" ဟု ကျွန်တော်က မေးသည်။

"ဆန်ဖရန်စစ္စကိုမြို့ကို ပြန်မယ်၊ ပြီးတော့ ရှင့်အကြောင်းကို သတင်းစာတွေထဲမှာ ရှာဖတ်နေတော့မယ်"

BURMESE CLASSIC .com

သူ့ဘက်သို့ ကျွန်တော် ပြန်လှည့်လိုက်သည်။

"တကယ်လို့ မင်း ဒီမှာနေပါလို့ ကိုယ်က ပြောမယ်ဆိုရင်ကော. . ."

ကျွန်တော့်မျက်လုံးများကို သူ စိုက်ကြည့်သည်။

"နှစ်ရက်သုံးရက်လောက် နေဖို့လား"

"အဲဒီထက် ပိုမှာပေါ့လေ"

"ကျွန်မ စိတ်တွေ အရမ်းလှုပ်ရှားလာပြီ"

ကျွန်တော် ဘာစကားမှမပြောဘဲ သူ့ကို အကြာကြီး စိုက်ကြည့်နေမိသည်။

"ထွက်ပြေးမသွားနဲ့နော်၊ သူတို့ကို အခုချက်ချင်း ကိုယ် မောင်းထုတ်ပစ်လိုက်မယ်"

စကားဆုံးသည်နှင့် သူတို့ကြိုက်သလို ကြိုးအချည်ခံဖို့ အိမ်ထဲသို့ ကျွန်တော် ဝင်သွားမိလေတော့သည်။

□□□

အထောက်တော်လှအောင်

www.burmeseclassic.com